# တက္ကသိုလ် ဘုန်းနိုင်

# ညီမလေးရယ် စိုးရိမ်မိတယ်

**အမှာ**

စင်စစ်ဆိုသော် ဤ တတိယနိုပ်ခြင်းဖြစ်သည့် "ညီမလေးရယ် စိုးရိမ်မိတယ်" ဝတ္ထုရှည်ကြီးအတွက် ကျွန်တော့်အနေနှင့် အမှာစာ ထပ်မံရေးသားရန် လိုအပ်ပါသေး၏လောမသိ။ စကားပြောလို၍ စာရေးခဲ့ရသူ ကျွန်တော့်အတွက်မူ ပြည်သူနှင့် စာဖတ်ပရိသတ်တို့ကို "ညီမလေးရယ် စိုးရိမ်မိတယ်" ဝတ္ထုဖြင့်ပင် ပြောပြချင်သမျှကို တင်ပြထားပြီးသားမို့၊ မှာဘွယ်တို့ကုန်၍ ရေးဘွယ်တို့ စုံနေပြီထင်ပါ၏။

အမှာဝယ် အထူးရေးရမည်ဆိုလျှင် "ညီမလေးရယ် စိုးရိမ်မိတယ်" ဝတ္ထုကြီး၏ လှိုင်းဂယက်တို့ တုန့်ပြန် ရိုက်ခတ်လာသဖြင့် ခံစားအပ်ရသော ကျွန်တော့်ရင်နှလုံးမှ မဆုံးနိုင်သော ဝေဒနာတေးကိုသာ ဖွဲ့နွဲ့ပြရမည်ကဲ့သို့ ရှိနေသည်။

လူ့ဘဝကို သမုဒယချီတိုင်နှောင်၍ မဟီဘောင်ရှည်သမျှ နွဲ့လိုရသူတဦးအနေနှင့် "ကမ္ဘာကုန် ကျယ်သရွေ့ဝယ်" သာယာစိုပြေ ငြိမ်းချမ်းလေသော လူနေမှုစံနစ်တရပ် ဖွားသစ်ခိုင်တည်လာမည့် အရေးကို မျှော်တွေးပါသည်။ ဤမျှော်မှန်းချက် ပန်းမာလာသည် ပွင့်လန်းလာရန်မှာ၊ ပမာဆိုလျှင် မိုးကူ၍ ရေအောင်ပါမှ ပျိုးညွှန့်တို့ ထူထောင်လာမည်ကို တွက်ဆ၍ ကြိုးပမ်းရသည့် လယ်သူလုပ်သား၏ စေတနာနှင့် လုပ်ငန်းမျိုး လိုပေသည်။

ယနေ့ မြန်မာပြည်ဖြစ်နေပုံမှာ "ဒီမင်းဒီစိုး ဒီသူခိုးနှင့် ဒီမိုးဒီလေ ဒီလူတွေ" ဟု ငြီးရမည့်ပုံ ပေါက်နေသည်။ သို့ကြောင့်ပင်၊ ယနေ့ထက် နက်ဖြန်။ ပစ္စုပ္ပန်ထက် အနာဂါတ်ကိုသာ မျှော်ကိုးမိသည်။ မျက်မှောက်ခေတ်၏ တိုင်းဖျက်ပြည်ဖျက် "လူကြီး လူမိုက်" များထက် လာမည့်ခေတ်ဝယ် တိုင်းပြုပြည်ပြုမည့် "လူငယ် လူကောင်းလေး" များကိုသာ ယုံကြည်အားထားမိသည်။ သင်းကလေးတို့ကိုပင် ပျိုးပင်ပျိုအဖြစ် ရည်ညွှန်းသည်။ "ညီမလေးရယ် စိုးရိမ်မိတယ်" ဝတ္ထုကြီးမှာ လယ်သူလုပ်သား ကျွန်တော်၏ ရေအောင်ရန်သာ ကူလေသော မိုးပမာသာ ဖြစ်ပါ၏။

ဤဝတ္ထုကြီးကို ရေးမိ၍ အချို့သောအဖွဲ့အစည်း လူနည်းစုတသိုက်က ကျွန်တော့်အား ပုဂ္ဂိုလ်အရ အရှက်တကွဲ အကျိုးနည်းစေရန်၄င်း၊ မသိနားမလည်သူတို့ အထင်လွဲ မုန်းတီးလာရန်၄င်း၊ စွပ်စွဲလုပ်ကြံလာကြရုံနှင့် အားမရ၊ အသက်ကိုပင် ချိမ်းချောက်သော လျှို့ဝှက်စာပစ်ခြင်း အမှုတို့ပါ

လုပ်လာကြသည်၊ ရိုးသားသောယုံကြည်မှု စေတနာတရပ်ကြောင့် ကျွန်တော့်ရင်၌ အသဲနင့်ဘွယ် ဝေဒနာတို့ကို ခံစားခဲ့ရသည်။

မည်သို့ရှိစေ....။ ဆိုရေးရှိက ဆိုရမည်မှာ ကိုယ့်ဝန်ကိုယ်ကျေလိုသော စာပေဝန်ထမ်းတို့၏ ဓမ္မတာ သာတည်း။ ဆိုသမျှ ရေးသမျှတို့၏ မြစ်ဖျားခံယူရ ယုံကြည်မှုသစ္စာအဟုန်ကိုလည်း မည်သည့် "လူနည်းစု အာဏာရှင်" နှင့် "လူများစု အာဏာရှင်" တို့မှ ဟန့်တားနိုင်ရိုးမရှိပါ။

မေတ္တာခြံသော သစ္စာတရား၏ အစွမ်းဟုန်မှာ ယခု တတိယနိုပ်ခြင်းအထိ အောင်မြင်ခဲ့၍ လုံးချင်း ဝတ္ထု သမိုင်းတွင် စံချိန်သစ်စတင်ထူခဲ့သည့် "ညီမလေးရယ် စိုးရိမ်မိတယ်" ဝတ္ထုကြီးက သက်သေ ပြခဲ့ပေပြီ။ စာတတန်လူတတန် ဆက်သွယ်ဆွေးနွေး အားပေးကြသော လူကြီးလူငယ်၊ ကျောင်းသား မိဘ၊ လူတန်းစားအသီးသီးမှ ပြည်သူအပေါင်းအား ဤအမှာစာဖြင့် ဂုဏ်ပြုတုန့်ပြန် ကျေးဇူးစကား ဆိုပါသည်။

နှစ်ဆယ်ရာစုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လူငယ်အပေါင်းတို့ ခေတ်ဟောင်းအမှောင်စင်ကာ အမြင်သစ်နှင့် မိမိတို့၏ ကိုယ်ပိုင်ခေတ်ကောင်းကို ပြောင်းလဲထူထောင်နိုင်ကြ ပါစေသတည်း။

ဘုန်းနိုင်

(၈-၈-၆၁)

**အခန်း (၁)**

ပုလဲရည်မိုးပေါက်တို့ လောကမြေပြင်ကို ချီးမြှောက်သည့် ပျိုးပေါက်သစ်ပင် မြသစ်လွင်ရာ နယုန်ကြွေမှုး ဝါဆိုဦးတွင် မုတ်သုန်လေရူးနှင့်အတူ မေရီတယောက် တက္ကသိုလ်သို့ ရောက်ခဲ့လေသည်။

လေရူးပမာ လူးလွန့်စ မေရီ၏စိတ်ကလေးက ထွေပြားပျံ့လွင့်နေသည်။ မြေကိုမှီ၍ လေဆီမြှော်မှန်းသော ပျိုးနုပင်၏ပမာ မေရီ၏စိတ်မာန်မှာ ကြွချီပျံတက်နေပါ၏။ လေလာတိုင်းရွေ့လျား၍ ခဏချင်းမှာပင် သဏ္ဍာန်သစ်ဆက်ကာ ဖွဲ့ဆန်းသော တိမ်ဆိုင်ပမာလည်း မေရီ၏ စိတ်ကူးစိတ်သမ်းတို့မှာ အံ့ဘနန်း အပြောင်းအလဲ မြန်တတ်ပါသေး၏။

တချက်သာလျှင် မေရီ၌ ထူးပါ၏။ မုတ်သုန်နှင့်အတူ တက္ကသိုလ်မြေဆီ ရောက်ခဲ့သော မေရီမှာ သည်တောင်ပင်လယ်မှ ခရီးသည်ကဲ့သို့မူ အပြုတေးကိုမသီ၊ မေရီ၏ ရင်တွင်း၌ကား အသဲဖျက်တေးတပုဒ်မှာ သဲ့သဲ့မြည်ကျူးနေပါ၏။

လှသော မေရီ၏ သန့်စင်ဖြူဖွေးသော မျက်နှာဝန်း ပြည့်ပြည့်လေးမှာ နုနယ်သဖြင့် ပို၍ တင့်တယ်နေသည်။ အပြည်ရည်လျှမ်းသော မျက်လုံးကြည်နှစ်စုံ၏ ကျက်သရေမှာ စာ၌ဆိုသော သမင်မငယ်၏ မျက်လုံးအလှထက် အပြစ်ကင်းသည့် ကလေးငယ်၏ မျက်လုံးမှ သန့်စင်မှုသဘောက ပို၍ များနေသည်။

မေရီ၏ လှုပ်ရှားမှုကလေးများမှာ ညှင်းလေနုပမာ သိမ်မွေ့ပေါ့ပါး၍ မေရီ၏ ကြငှန်းဆံသောဟန်မှာ ပျိုးပင်ပျို၏ ယိမ်းနွဲ့ခြင်းကဲ့သို့ နွဲ့နှောင်းပြေပြစ်သည်ဟု ဆိုကြပါ၏။ မေရီ၏ နက်မှောင်သော မျက်ခုံးနှစ်သွယ်၏ အနားရေးမှ မြရောင်ရှိမ်းရှိမ်းနှင့် ပါးပြင်နုနုမှ ကွန်ယက်ရက်ဖြာလျက်ရှိသည့် အကြောစိမ်းကလေးတို့မှာ မိုးဖျန်းစပင်ပျို၏ ရွက်သစ်သစ်တို့ပင် မယှဉ်သာအောင် ပိုမို၍ လန်းဆန်းတင့်ရှုန်းသည်ဟု အလှအပဆို အလွန်လျှင် ကိုးကွယ်တတ်ကြသော တက္ကသိုလ်ကျောင်းတော်ကြီးသားများက ဆိုစမှတ်ပြုကြသည်။ ဝိဇ္ဇာတန်းမှ ကျောင်းသားကြီးများကမူ မေရီကို ရှုကြည့်ရခြင်းသည် အလှအပ၏ အဘိဓမ္မာတရပ်ကို လက်တွေ့နားလည်ခြင်းပင် ဖြစ်သဖြင့် ခေါမတိုင်းပညာရှင် ပလေတို၏ ပုရာဏ်ကျမ်းကြီးမှ လှပခြင်းသဘာဝကို ဆွေးနွေးခန်းအား ဖတ်ကြည့်ရန်မလိုဟု နက်နဲစွာ မှတ်ချက်ချကြကုန်သည်။

ဤသို့ဖြင့် မေရီသည် ညှင်းလေပမာ သိမ်မွေ့ပေါ့ပါးသော လှုပ်ရှားမှု၊ ပျိုးပင်ပျို၏ ယိမ်းနွဲ့ခြင်းကဲ့သို့ နွဲ့နှောင်းပြေပြစ်သည့် ကြငှန်းဆံသောဟန်တို့ဖြင့် ပိတုန်းရောင်တောက်ရှုန်းသော ကော့မျက်တောင်

ရှည်တို့ ဝန်းရံအပ်သည့် မျက်လုံးပြာကြီးများကို လှည့်ကစားရင်း တက္ကသိုလ်၏ စင်္ကြန်များတလျှောက် လုပ်လဲ့လုပ်လီ သီကရီနှင့် တည်တဖုံကြည်တလှည့်ဖြင့် လျှောက်လျက်ရှိခဲ့သည်။

ခက်သည်မှာ မေရီသည် သူ့ကိုယ်သူ လှမှန်းသိခြင်းပေတည်း၊ ပိုခက်သည်မှာ မိမိအလှ၏ စူးရှထက်မြက်ခြင်းကို ရိပ်စားမိခြင်းပေတည်း၊ အခက်ဆုံးမှာ မိမိယုံကြည်စိတ်ချရသော အလှအားကိုး နှင့် တက္ကသိုလ်ဝယ် မှတ်တမ်းတင်စရာ ဇာတ်လမ်းပမာ စွန့်စားခန်းတရပ်ကို ဖွင့်လှစ်ခြင်းပေတည်း။

"တက္ကသိုလ်မှာနေနေ ဘယ်ဆီရောက်ရောက် ကုန်ကုန်ပြောမယ်၊ ယောကျ်ားရပြီးတဲ့အထိ မိန်းကလေး တဦးဟာ မိမိကိုယ်ကို သဘင်အနုပညာရှင်တဦးလို အမှတ်ထားရမယ်၊ တလောကလုံးမှာ ဟန်ဆောင်မှု ကလွဲပြီး ဘာမှမရှိဘူး။ ဟန်ဆောင်သူတွေ အားလုံးထဲမှာ အပီရိဆုံးလူကို သဘာဝအကျဆုံးအဖြစ်နဲ့ လောကဇာတ်ခုံက သရုပ်ဆောင်းပေးလိမ့်မယ်...."

ဤစကားရပ်များကား မေရီ တက္ကသိုလ်မရောက်မီကတည်းက ယခုအခါ နိုင်ငံခြားရှိ သံရုံးတခု၏ စစ်တွဲဘက် အတွင်းဝန်ကတော် ဖြစ်နေသော အမဖြစ်သူ မေဘယ်လ်လွင်၏ နှုတ်မှ မကြာခဏ ကြားခဲ့ရသော အံ့ဘနန်းသည့် ဩဝါဒထူးပင်တည်း။

သို့ကြောင့်ပင် မေရီသည် အရည်လည်ကျွမ်းကျင်ပြီးသား ကျောင်းတော်သားကြီးများ၏ ရှေ့တွင် မျက်လုံးဝိုင်းဝိုင်း အလည်လည်နှင့် နုသောမျက်နှာလေးအား ကြည်နိုင်သမျှ ကြည်ကြည်လင်လင် ထားကာ ကလေးငယ်သဖွယ် ချစ်စရာအမူ လုပ်တတ်လေ့ရှိသလောက် အချစ်ကျေးကျွန် ဖြစ်ချင် ဇောဖြင့် ဘဝသခင်မကို အမောသား ရှာနေသော လူကြီးလူကောင်းပေါက်စလေးများနှင့် ရင်ဆိုင်လျှင်မူ မျက်နှာပေးကို အလှမပျက်ရုံ တည်နိုင်သမျှ တည်ထားလျက် ထိမထင်ဟန် ပြုံစွမ်းသကဲ့သို့ပင် အူတူတူ အတတ၊ မနှင့်ရင်ဆိုင်လျှင် ပါမောက္ခချုပ်နှင့် တွေ့ရသည်ထက် အနေခက်သော စာကြမ်းပိုး သနားစရာ ဂွအိုးများကို တွေ့လျှင်ကား မျက်နှာကို ပြုံးချိုချိုထားလျက် ရယ်မောခြင်းကို လွတ်လပ်စွာ ပြုပြီး ကပြားမလေးများအဟန် သွက်သွက်နှင့် ရိုးအေးသူအား ကလေးသဖွယ် စကစားချင်သေးသည်။

သို့နှင့် တလခန့် ကျောင်းတက်မိလျှင်ပင် နှစ်အဆုံး၌ စာမေးပွဲအောင်မည် မအောင်မည် မသေချာ သော်လည်း သူ့အမပြောသကဲ့သို့ လောကဇာတ်ခုံဝယ် သရုပ်ဖော် မဆောင်းနိုင်သည့်တိုင်အောင် တက္ကသိုလ်နန်းမှ တပါးသော 'ထား' သခင်မ ဖြစ်ရတော့မည်ကို မေရီသည် စိတ်ချမိခဲ့သည်။

တခုသော ဆန္ဒသည်သာ မေရီ၏ရင်၌ ခိုတွဲမနေဟုဆိုလျှင် ယခုအချိန်အထိ သူထင်သကဲ့သို့ ဖြစ် နေသော တက္ကသိုလ်၌ သူမြှော်မှန်းခဲ့သည်တို့ကို မျက်ဝါးထင်ထင် တွေ့ခဲ့ရပြီဖြစ်သော မေရီမှာ သူ့ဘဝအားသူ အကျေနပ်ကြီး ကျေနပ်မိနေမည်မှာ အမှန်ဖြစ်ပေသည်။

ဤဆန္ဒကိုမူ မေရီသည် ဘယ်သူ့အားမျှ ဖွင့်မပြောမိခဲ့။ ဖွင့်ပြော၍လည်း မဖြစ်ဟုထင်သည်။ ဤဆန္ဒ ရှိနေမိသည့်အတွက်ပင် မေရီမှာ သူ့ကိုယ်သူ ရှူးမိုက်နေမိသလောဟုပင် တခါတရံ အသိဉာဏ်လေး ဝင်တိုင်း အံ့သြမိသည်။

အမှန်တော့လည်း မိမိမမြင်ဘူးသူ၊ မိမိအားလည်း ကမ္ဘာမြေဝယ် ရှိလေသလားဟုမှ အမှတ်ပြု လိမ့်မည် မဟုတ်သူတဦးအား ရှာဖွေနေခဲ့မိခြင်းအတွက် မေရီမှာ ရက်စိတ်ကလေးတော့ ပေါက်မိ သည်။

ကိုမြင့်သူ။ ဤနာမည်က မေရီ့ရင်တွင် အမှတ်ထင်ထင် ပဲ့တင်ထပ်နေတတ်သည်။ နာမည်ကပင် ကဗျာဆံနေသည်ထင်၏။ ကဗျာဆရာမို့ နာမည်ကို ကဗျာဆံဆံပင် မှည့်ထားလေသည်လားမသိ။

စကြေ်များတွင်လျှောက်ခိုက် ပရိသတ်အကြိုက်ကို သိုက်မြိုက်စွာ အသုံးတော်ခံရင်း ကချေသည်မလေး မေရီမှာ သူ့အား ဖူးတွေ့လိုသူအများကြားမှ သူမြင်တွေ့လိုသူအား တွေ့နိုးနိုးဖြင့် ရှာကြည့်နေမိ ခဲ့သည်။ တခါတရံတွင် အကြောင်းမဲ့ စိတ်ပေါက်ကာ အပြစ်မဲ့သူ တယောက်လူအား ကရုဏာ ဒေါသောနှင့် ကျိန်ဆဲမိခဲ့သည်လည်း ရှိသည်။

"ဘယ်မှာလဲတဲ့.... ကဗျာဆရာဆိုတဲ့ ကိုမြင့်သူ ကောင်ရယ်....."

အခန်းတံခါးပိတ်ပြီး၍ သူ့ပါတနာ ပဂ္ဂိဝမ်းတယောက် အိပ်ပြီဆိုလျှင် မေရီသည် ထူထဲသော စာရွက်ပြာအထပ်များကို သေတ္တာတွင်းမှ အသာအယာထုတ်ကာ တိတ်တဆိတ် ခိုးဖတ်မိသည်။

မီးမှတ်ပြီးလျှင်ကား မေရီသည် တဒိတ်ဒိတ်ခုန်သော မိမိရင်မှအသံကို နာခံမိရင်း ရက်ရွံ့ရွံ့နှင့်ပင် သူငယ်စဉ်ကထဲက အလွတ်ရခဲ့သော ကဗျာဆရာမ ကြည်အေး၏ ကဗျာလေးတပုဒ်ကို တီးတိုး ရွတ်နေမိတတ်သည်။

*"မမြင်ဘူးခင်က*

*မေ့မှဖြင့် ရှူးပြီမောင်...*

*ဖွေသည်မှာ ရွှေရင်ထိတ်နှင့်*

*တိတ်တိတ်လေးပျော်ရအောင်"*

**အခန်း (၂)**

သူတွေ့ချင်သော ကိုမြင့်သူအား သူမမြော်လင့်သောနည်းဖြင့် မေရီသည် တနေ့မှာ တွေ့ခဲ့ရပါ၏။

နံနက်ကိုးနာရီ အတန်းတက်ပြီးနောက် နေ့လယ်ပိုင်းတွင်သာ ကြူတိုးရီးရဲတချိန် ရှိသဖြင့် မေရီသည် အင်းလျားကျောင်းဆောင်သို့ မပြန်တော့ဘဲ အားလပ်ချိန်အတွင်း ကျက်မှတ်စရာရှိသည်များကို ကျက်မှတ်ရန် တက္ကသိုလ်စာကြည့်တိုက်ဆီသို့ ထွက်လာခဲ့သည်။

မေရီ၌ တခုတော့ ချစ်ဘွယ်ရှိသည်မှာ ဘာတွေးတွေး ဘာကြံကြံ ကျောင်းစာကိုမူ လျစ်လျူမရှု ခြင်းပင် ဖြစ်သည်။ တက္ကသိုလ်သင်တန်းများမှာ တနေကုန် ဆက်တိုက်တက်ရသည်မဟုတ်ဘဲ ကြား၌ အားလပ်ချိန်များရှိရာ ဤအချိန်များအတွင်း၌ပင် ကြိုးစားကြည့်မည်ဆိုက တနေ့ပေးသည့် သင်ခန်းစာကို တနေ့အတွင်း ပြီးအောင်ကြည့်နိုင်သည်။ ဤကဲ့သို့ ကြည့်ချင်သူများအတွက် တက္ကသိုလ်စာကြည့်တိုက်သည် ဆူညံ၍စည်ကားသော ကျောင်းဆောင်အခန်းများနှင့် အပန်းဖြေအခန်းများထက် ပိုမို၍ သင့်လျော်သည်။ သင်ခန်းစာကို မကြည့်ချင်သူများအတွက်လည်း အခြား အထွေထွေဗဟုသုတ ဖြစ်ဖွယ် စာပေများကို စာကြည့်တိုက်တွင် လေ့လာနိုင်သည်။

စာကြည့်တိုက်အတွင်းသို့ မေရီရောက်လာသောအခါ စာအုပ်ငှားရာ ကောင်တာမှ ထုထဲလှသော စာအုပ်ကြီးတအုပ်ကို ထုတ်ယူပိုက်ထွက်လာသော ကျောင်းသူတဦးနှင့် ရင်ဆိုင်တိုးနေသည်။ ထို ကျောင်းသူနှင့် မကျွမ်းသေးသော်လည်း တဆောင်တည်းနေဘက်ဖြစ်၍ အခန်းချင်းလည်း မဝေးသဖြင့် သူ့နာမည်အား မေရီသည် သိပြီးဖြစ်သည်။ ငြိမ်း ဟူသတည်း။

ငြိမ်းမှာ အရပ်သွယ်သွယ် ပိန်ပိန်ပါးပါး ဖြစ်သည်၊ အနည်းငယ်ရှည်သယောင်ရှိသော မျက်နှာတွင် ထုထဲလှသော ကျွဲကော်ကိုင်းမျက်မှန်ကြီးကို တပ်ထားရာ အသွင်မှာ အတန်ရင့်ပုံပေါက်သည်။ လမ်းလျှောက်လျှင် မျက်လွှာကို ချထားတတ်၍ မျက်နှာပေးမှာ ထာဝစဉ် ရှက်ကိုးရှက်ကန်းနိုင်သော သဏ္ဍာန် ပေါ်နေသည်။ မလွဲသာ၍ မျက်နှာချင်းဆိုင်မိစဉ် ငြိမ်း၏ မျက်မှန်နောက်ကွယ်မှ မျက်လုံး ရှည်ရှည်များကို တွေ့မိလျှင်ကား ငြိမ်းမှာ နာမည်သာငြိမ်းအေးသော်လည်း အတွင်းစိတ်မှာ မတည်ငြိမ်ကြောင်းကို ရိပ်မိနိုင်သည်။ ငြိမ်း၏ မျက်လုံးရှည်ရှည်များမှာ ချားရဟတ်လည်နေတတ်၍ အတွင်းစိတ်ကိုမီကာ မျက်လုံးရောင်မှာ ခဏချင်းပင် မိုန်ချည်ဝင်းချည် ရှိနေတတ်သည်။ သို့ရာတွင် ပိတ်အင်္ကျီ အဖြူလက်ရှည်၊ အသွေးရင့်သော ချည်လုံချည်ပိန်းများကိုသာ အမြဲဝတ်တတ်သဖြင့် ငြိမ်းအား ဟန်ဆောင်မှုနည်း၍ ရိုးအသော မိန်းကလေးတဦးဖြစ်သည်ဟု မေရီက နားလည်ထားသည်။

မေငြိမ်းနှင့် ရင်ဆိုင်တိုးမိသောအခါ မေရီကပင်စ၍ ပြုံးနှုတ်ဆက်လိုက်သည်။

"စာအုပ်လာထုတ်သလား....."

စာကြည့်ခန်းတွင် စကားကျယ်ကျယ်မပြောရဲသဖြင့် မေရီက လေသံဖြင့် မေးလိုက်သည်။ ငြိမ်းက ရှော့ရဲစွာပြန်ပြုံးရင်း ခေါင်းညိတ်ပြသည်။

"မေရီကတော့ စာဖတ်ချင်လို့လာတာ....."

"လာလေ ဒါဖြင့် အပေါ်ထပ်ကိုသွားရအောင်၊ ငြိမ်းလဲ စာဖတ်မလို့ဘဲ........"

၂ဦးသား လှေကားဆီမှ တက်လာစဉ် မေရီက ငြိမ်း၏လက်တွင်းမှ စာအုပ်ကြီးကို တစေ့တစောင်း ကြည့်မိသည်။ ဂျွန်ဒရင့်ဝါးတား တည်းဖြတ်သည့် ကမ္ဘာ့စာပေသမိုင်းအတိုချုပ် ဖြစ်လေသည်။

မေရီက ငြိမ်းအား အံ့သြသွားသည်။ ဤမျှငယ်ငယ်ရွယ်ရွယ်နှင့် ဤမျှကျယ်ဝန်းသော ပညာကို လေ့လာကာ အဘယ်ကြောင့်ငြိမ်းသည် မိမိကိုယ်ကို ညှဉ်းဆဲချင်ရသနည်းဟုလည်း သနားသွားသည်။

အပေါ်ထပ်တွင် စာကြည့်ရန် စားပွဲကလေးများရှိသည်။ ပေါ်လစ်အရောင်ဖြင့် တောက်ပြောင်နေသော စားပွဲကလေးတခုစီအား အလယ်တွင် အတန်မြင့်သော သစ်သားပြားအကာတခုက ၂ ပိုင်း ခွဲခြားထား သည်။ သစ်သားအကာ၏ တဖက်တွင် တယောက်စီ ကုလားထိုင်နှင့် ထိုင်၍ စာကြည့်နိုင်သည်။

မေရီနှင့်ငြိမ်းတို့ အပေါ်ထပ်သို့ ရောက်ကြသောအခါတွင် ၂ နေရာသာ လစ်လပ်တော့သည်ကို တွေ့ရ သည်။ စားပွဲ ၂ လုံးမှာ တပိုင်းစီသာ လွတ်နေသည်။ ကျန်အပိုင်းများတွင် ယောကျ်ားကလေး ၂ ဦးက နေရာယူထားသည်။

ဘာကြောင့်မသိ၊ ငြိမ်း၏ ဖြူရော်သောမျက်နှာကလေးမှာ အနည်းငယ်နီရဲသွားသည်ကို မေရီသည် သတိပြုလိုက်မိသည်။ ငြိမ်းသည် ရှက်ကိုးရှက်ကန်းနှင့် အဓိပ္ပာယ်မဲ့ မေရီအား တချက်ပြုံးပြလိုက်၍ နေရာရှာသည့်ပမာ ခေတ္တ ယောင်ချာချာဖြစ်နေပြီးနောက် လက်ျာဘက်စားပွဲ၏ လွတ်သောနေရာတွင် ဝင်ထိုင်လိုက်သည်။

ငြိမ်းဝင်ထိုင်သော စားပွဲ၏ အခြားတပိုင်းတွင် ထိုင်နေသူမှာ ငြိမ်းကဲ့သို့ပင် ကျွဲကော်ကိုင်း မျက်မှန် ကြီးကို တပ်ထားလျက် မဖြီးဘဲထားဟန်ရှိသော ဆံပင်များမှာ ထိုးထောင်ပွယောင်းလျက်နေသည်။ အသားမှာ ညိုကာ နှာခေါင်းအနည်းငယ်ပြား၍ အသွင်မှာ လူကြောက်တတ်သော စာဂျပိုးတယောက် ဂိုက်ပေါ်နေသည်။ သူသည် မေရီတို့ဝင်လာသောအခါ တချက်မော်ကြည့်လိုက်ပြီး၊ ငြိမ်းအား တွေ့ သောအခါ ညိုသောမျက်နှာမှာ ပြာသွားပြီး ခေါင်းပြန်ငုံ့သွားလျက် စာအုပ်ကိုသာ သဲသဲမဲမဲပြန်ဖတ် နေသည်။ သူဖတ်နေသော စာအုပ်ကြီးမှာလည်း ၃လက်မခန့် ထူသတည်း။

မေရီက မသိမသာပြုံးလိုက်ပြီး လက်ဝဲဘက်စာပွဲ၏ လစ်လပ်သောအပိုင်းတွင် ဝင်ထိုင်လိုက်သည်။ တဖက်ပိုင်းတွင် ထိုင်နေသူမှာ မုတ်ဆိတ်မွေးထူထူ ဖောင်းထုပ်ကြီးနှင့် ပန်ချာပီ ကျောင်းသားတဦး မှန်း မေရီက သတိပြုလိုက်မိသည်။

မေရီ၏ မျက်လုံးအစုံမှာ ငြိမ်းနှင့် သူ့လူထံ မျက်စိက ရောက်သွားပြန်သည်။ မျက်မှန် ၂ ခုကား စာအုပ်များကိုသာ စားတော့ဝါးတော့မည့်အတိုင်း သဲသဲမဲမဲ ငုံ့ကြည့်နေကြသည်။ မေရီသည် တချီ ထပ်ပြုံးလိုက်ကာ မှတ်စုစာအုပ်ကိုဖွင့်လျက် ကြူတိုးရီးရဲအတွက် ဆိုင်သော အချက်အလက်များကို ထုတ်ယူနေသည်။

ခဏအကြာတွင်မူ ပန်ချာပီကျောင်းသားသည် နေရာမှထကာ မေရီအား တချက်စွေကြည့်လျက် ခြေလှမ်းကျဲကြီးများဖြင့် အောက်ထပ်သို့ဆင်းသွားသည်။ သူ့ခြေသံမပျောက်မီပင် ရှူးဘိနပ် တဂေါက် ဂေါက် ကြားရပြီး ကျောင်းသားတဦးသည် လွတ်နေရာသို့ ဝင်ထိုင်သည်။

မေရီနှင့်တကွ မျက်မှန် ၂ စုံမှာ လူသစ်အား တပြိုင်နက် မော်ကြည့်လိုက်မိကြသည်။ ပိုးဟာဝေယံရှတ် ဖြူ မီးခိုးရောင် သက္ကလက်ဘောင်းဘီနှင့် အသားလတ်လတ်အား မြင်လိုက်သည်နှင့်တပြိုင်နက် မေရီ၏ မျက်နှာလေးမှာ ချက်ခြင်းတည်သွားကာ ထီမထင်မျက်နှာပေးခြင်းအလုပ်ကို ဆက်လုပ်နေ လိုက်သည်။

လူငယ်၏နာမည်ကို မေရီမသိသော်လည်း မျက်နှာကိုမူ တန်းမိနေသည်။ မေရီသည် သူ့အား မိမိနှင့်တူသော ဘာသာတွဲကို ယူသည်မယူသည် မသေချာသော်လည်း မိမိတက်သမျှ အတန်းတိုင်း၌ နောက်တည့်တည့်မှ အစဉ်ရှိနေမှန်းကိုမူ သတိပြုမိခဲ့သည်။ စကြံများတလျှောက် မေရီလျှောက်သွား သော အခါများ၌လည်း မကြာခဏနောက်မှ တကောက်ကောက်လိုက်တတ်သည်။

ယခုလည်း သူ့အမူအရာမှာ ဂဏာမငြိမ်၊ မျက်မှန်ထူစုံတွဲအားကြည့်ချည်၊ ပတ်ဝန်းကျင်ကို အကဲခတ် ချည်နှင့် လှုပ်ရှားနေသည်။ ဒါတွေအားလုံးကို သတိပြုမိသော်လည်း မေရီသည် ရေးမှတ်စရာရှိသည် ကိုသာ ဆက်လက်ရေးမှတ်နေသည်။

တအောင့်အကြာတွင်မူ လူငယ်မှာ ငြိမ်သက်သွားကာ စာအုပ်တအုပ်ကို ခပ်ကွယ်ကွယ်ဖွင့်လျက် မှင်သေသေဖြင့် ဖတ်ရှုနေသည်။

မိနစ် ၄၀ခန့်ရှိသော် မေရီသည် နာရီအားငုံ့ကြည့်လိုက်၍ စာအုပ်များကိုပိုက်လိုက်ကာ နေရာမှထပြီး ငြိမ်းထံသို့ ချဉ်းကပ်လိုက်သည်။

“မေရီသွားတော့မယ်..... ငြိမ်းနေရစ်ဦးမလား....”

ငြိမ်းက ခေါင်းညိတ်လိုက်သဖြင့် မေရီသည်ငြိမ်းအား ပြုံးနှုတ်ဆက်ခဲ့၍ လှေကားဆီသို့ ထွက်ခဲ့သည်။ စားပွဲမှ ဟာဝေယံရှုတ်နှင့် လူငယ်မှာလည်း နေရာမှပျာရီးပျာရာထကာ မေရီ့နောက်မှ ကပ်လိုက်လာသည်။

လှေကားတွင် သူက မေရီအား ကျော်ဆင်းသည်၊ မေရီ့အား ဖြတ်မိစဉ်တွင် သူက ပိုက်ထားသော မေရီ၏စာအုပ်ကြားသို့ စာတစောင်ကို ဖျက်ကနဲ ပစ်ထည့်သွားသည်။

မေရီ၏မျက်နှာလေးမှာ နီရဲသွားကာ စာရွက်ခေါက်အပြာလေးအား လှေကားထက်မှ အောက်သို့ ပစ်ပေါက်ချလိုက်၏။ ထိုအချိန်တွင် လှေကားခြေရင်းသို့ ရောက်ရှိနေပြီဖြစ်သော လူငယ်မှာ ခြေလှမ်းတုံ့သွားလျက် စာရွက်ခေါက်လေးအား ပြန်ကောက်ယူလိုက်သည်။ မေရီသည် သူ့အား အမှတ်မထင်ပြုသည့်ဟန် မျက်နှာလေးကို အသာပင့်လျက် စာကြည့်တိုက်အပေါက်ဝမှ ကြော့ကြော့မော့မော့ပင် မှန်မှန် လမ်းလျှောက်ထွက်လာခဲ့သည်။

ခဏချင်းမှာပင် လူငယ်မှာ အမှီလိုက်လာကာ နောက်တကြိမ် စာရွက်ခေါက်လေးအား ရင်၌ပိုက်ထားသော မေရီ၏စာအုပ်ကြားထဲသို့ ထည့်လိုက်ပြန်သည်။

မေရီသည် ပတ်ဝန်းကျင်အား လှည့်ကြည့်လိုက်သည်။

လူပုပု ဆံပင်စုတ်ဖွားနှင့် မျက်နှာတွင် ဝက်ခြံများထူလပြစ်ရှိသော ကျောင်းသားတဦးသည် ကချင်လွယ်အိတ် အနီကြီးတခုကို လွယ်လျက် မော်တော်ဆိုင်ကယ်တစီးအား အဓိပတိလမ်းတလျှောက် မြောက်မှတောင်သို့ အချိုးမကျစွာ အပြင်းမောင်းစီးလာရာ မေရီတို့စုံတွဲအား မြင်သောအခါ မှေးသော ပွေးမျက်လုံးကို ပြူးလျက် ကျယ်သောပါးစပ်ကို ဖြဲလျက် သမင်လည်ပြန် လှည့်ကြည့်သွားသည်။

ဂျပ်ဆင်ကျောင်းဝင်းဘက်မှ အဓိပတိလမ်းကို ဖြတ်ကျော်လာသော ကတုံးဆံတောက် ရွှေမျက်မှန်ဝင်းဝင်းနှင့် အရပ်ရှည်ရှည်ပိန်ပိန် လူငယ်တဦးက မော်တော်ဆိုင်ကယ်ပေါ်မှ ကျောင်းသားအား လှမ်းနောက်လိုက်သည်။

"ဟကောင်ကြီး.... သုဘရာဇဩနန့်၊ ပစပ်ကသရေတွေ ခါတ်ဆီအိုးထဲ ဝင်တော့မယ်......"

မော်တော်ဆိုင်ကယ် လွန်သွားသောအခါ သူက မေရီတို့ဘက် လှမ်းကြည့်လိုက်ပြီး သူကိုယ်တိုင် ပါးစပ်ကြီးဖြဲကာ ငေးကြည့်နေ၏။

တော်ပါသေး၏၊ စနေနေ့လည်းဖြစ်၊ နောက်ဆုံးအချိန်လည်းဖြစ်သဖြင့် ပတ်ဝန်းကျင်၌ ကျောင်းသားကျောင်းသူများ မရှိ၊ ခပ်လှမ်းလှမ်း မိန်းကလေးများနားနေရာ ရိပ်သာအခန်းအနီး ဟေလ်မင်း အမျိုး

အစား ကားစိမ်းလေးတစီးဘေး၌သာ ကျောင်းသား ၅ ဦးခန့်ရှိသည်၊ အတန်ဝေးသော ဘွဲ့နှင်းသဘင် အဆောက်အဦကြီးဘက်မှာမူ ချည်ကုတ်အင်္ကျီ ချည်ဘောင်းဘီအရှည် ပွပွကြီးများနှင့် ဖဲထီးချိုင်းကြား ညှပ်ထားသော ကုလားဆရာတဦးမှာ ခေါင်းငိုက်ဆိုက်နှင့် အတွေးလွန်လာဟန် မေရီတို့ဘက်သို့ ဖြည်းညှင်းစွာ လျှောက်လာနေသည်။

မေရီ၏ခေါင်းထဲတွင် အသိဉာဏ်လေးတခုက ဝင်းကနဲလက်ကနဲပေါ်လာသည်။ ထို့ကြောင့်ပင် စာရွက်ခေါက်အား စာအုပ်ကြားမှယူလိုက်၍ လက်ကလေးကိုအားကုန်ယမ်းကာ လမ်းကိုကျော်လျက် တဖက်မြက်ခင်းပြင်အရောက် လွှင့်ပစ်လိုက်သည်။

ပလက်ဖေါင်းဘေး၌ ရပ်နေသော ရွှေမျက်မှန်နှင့်ကျောင်းသားဆီမှငှင်း၊ ကားစိမ်းနားမှ ကျောင်းသားများဆီမှငှင်း၊ ရယ်မောသံသည် ထွက်ပေါ်လာသည်။ ဟာဝေယံရှုပ်ကျောင်းသား ကျောင်းရပ်နေခိုက် မေရီသည် အတန်းတက်ရန်ရှိသည့် အဓိပတိလမ်း၏ အနောက်ဘက်မှ စာသင်ခန်းများရှိရာသို့ ခပ်သွက်သွက်ကလေး လှမ်းထွက်လာခဲ့သည်။

သို့ရာတွင် စိတ်ပညာဌာန၏ ကြွက်ဖြူလှောင်အိမ်များရှိရာ လှေကားရင်းသို့ မေရီ ရောက်သော အခါတွင်မူ ဟာဝေယံရှုပ်နှင့်လူငယ်မှာ မှီလိုက်လာပြီး ရှေ့မှကာဆီးလိုက်သည်။ အာဂဇွဲပင်တည်း။

လူပြတ်သည့်နေရာဖြစ်သဖြင့် မေရီမှာ အနည်းငယ်ထိတ်လန့်သွားသည်။ ဒေါသလည်း အတော် ထွက်ခဲ့ပြီဖြစ်သဖြင့် မျက်နှာလေးမှာ နီနေကာ ကိုယ်လေးမှာလည်း ဆတ်ဆတ်တုန်နေ၏။

ကံအားလျော်စွာပင် အနီးရှိ စင်္ကြံဘေး အုတ်လက်ရမ်းပေါ်တွင် အေးအေးလူလူထိုင်နေသော လူရွယ် တဦးအား မြင်လိုက်သဖြင့် မေရီမှာ တအားတက်သွားသည်။ လူရွယ်မှာ အသက် ၂၀ ကျော်ခန့်ရှိပေပြီ၊ ရှပ်နက်ပြာလက်တို ဘောင်းဘီဖြူနှင့် အဝတ်အစားကို ပြီးစလွယ်ဝတ်ထားသော်လည်း အတော်ပင် ချောမော သိက္ခာရှိသူတဦး ဖြစ်ကြောင်းကိုမူ မေရီသည် အရေးထဲတွင် သတိပြုလိုက်မိသည်။

မေရီသည် သူ့ရှေ့မှလူငယ်အား မျက်နှာထားတင်းတင်းနှင့် ရင်ဆိုင်လိုက်သည်။

“ဒါတော့.... ရှင်တရားလွန်ဘီထင်တယ်” မေရီ၏အသံမှာ ဒေါသဖြင့် တုန်ယင်နေသည်။

“စိတ်ဆိုးအရင်မလိုပါနဲ့ဗျာ......၊ ဒီစာလေးယူသွားဘို့ကလဲ ဝန်လေးတာမှတ်လို့”

လူငယ်မူ အပြုံးမပျက်၊ အသံမှာလည်း အေးအေးပင်။

မေရီက အင်္ကျီပြာနှင့်လူရွယ်အား အားကိုးဟန်နှင့် လှည့်ကြည့်လိုက်မိသည်။ ထိုလူတယောက်ကမူ အေးအေးပင် မစိန်ညွှန့်ဆေးပေါလိပ်ကိုဖွာကာ သူတို့နှစ်ဦးအား ကမ္ဘာ့ဌာန်းပုဂ္ဂိုလ်၏ တည်ငြိမ်ခြင်းဖြင့် ကြည့်ရှုနေသည်။

"ရှင် ကျမလမ်းကို ဖယ်ပေးပါ"

"ဒါလေးသာ..... တဆိတ်...."

သူ၏လက်မှာ ဆန့်တန်းလာသော စာရွက်ခေါက်ကလေးကို မေရီ့စာအုပ်တွင်းသို့ လှည့်ထည့်လိုက်သည်။ သို့ရာတွင် စာရွက်ခေါက်လေးမှာ မေရီ၏ရင်ခွင်သို့ မရောက်။ လူငယ်၏လက်အား တစုံတယောက်က နောက်မှနေ၍ ခပ်ပြင်းပြင်း ပုတ်ရိုက်လိုက်သဖြင့် စာရွက်ခေါက်လေးမှာ လေထဲသို့ လွင့်မြောက်ထွက်သွားသည်။

"မိန်းကလေးတယောက်ကို ဒီလောက်နှောက်ယှက်ရရင် တော်ရောပေါ့....."

မာကျောပြတ်သားသော အသံကလည်း ထွက်ပေါ်လာသည်။

၂ ဦးသား လှည့်ကြည့်လိုက်သောအခါ လှေကားရင်းတွင် မျက်နှာထားတင်းတင်းနှင့် ရပ်နေသော ကျောင်းသားတဦးအား တွေ့ရသည်။

ခါးနွဲ့နွဲ့နှင့် သွယ်သွယ်ပါးပါး လူဗလံလေးတဦးပင်တည်း။ နှုတ်ခမ်းမွေးရေးရေးရှိကာ မေးရိုးများမှာ လေးဒေါင့်မကျတကျ ခိုင်မာနေသည်။ ဒေါသကြောင့်လားမသိ၊ မျက်လုံးများမှာ ဝင်းဝင်းတောက်နေသည်။

"ကျုပ်..... ခင်ဗျားလုပ်ပုံကို စောင့်ကြည့်နေတာကြာလှဘီ။ ခင်ဗျား နှမချင်း မစာတတ်တာက အရေးမကြီးဘူး၊ ကျောင်းကြီးဂုဏ်ကို ထိခိုက်လှတယ်...."

သည်တော့မှ ဟာဝေယံရုပ်နှင့်လူငယ်က လှုပ်ရှားလာသည်၊ ရှက်ဒေါသကြောင့် သူ့မျက်နှာမှာလည်း မဲပြာသွားသည်။

"နေပါအုံး.... ခင်ဗျားနှင့် ဘာဆိုင်လို့တုံး...."

လူမှာလည်း လှေကားရင်းသို့ဆင်းသွားကာ တဖက်လူအား ရင်ဆိုင်လိုက်သည်။

“ဒီမှာမိတ်ဆွေ၊ မိန်းကလေးတယောက်ရှေ့မှာတော့ သူရဲကောင်းလုပ်ပြီး ရန်မဖြစ်ချင်နဲ့၊ သတ္တိရှိရင် လာ ဟိုကန်စောင်းမှာ လူရှင်းတယ်၊ သွားကြမယ်”

လူဗလံလေး၏ အသံမှာလည်း မောက်မှာလှသည်။

ဟာဝေယံရုပ်နှင့်လူငယ်သည် ဘာမျှပြန်မဖြေ။ သူ့လက်တဖက်သည်သာ မြောက်တက်သွားပြီး လူဗလံလေး၏ မေးဆီသို့ ကျလာသည်။

“အို…”

မေရီက ကြောက်အားလန့်အား အော်လိုက်ကာ မျက်စိကိုမှိတ်လိုက်သည်၊ မေရီ မျက်စိဖွင့်ကြည့်လိုက်သောအခါတွင်ကား လှေကားရင်းတွင် သဲသဲမဲမဲ သတ်ပုတ်နေကြလေပြီ။ ကြောက်အားကြောင့် မေရီမှာ ထွက်မပြေးမိ။

လှေကာလက်ရမ်းကိုမှီကာ အကျီဖြူပြာနှင့်လူရွယ်ကိုသာ တချက်လှမ်းကြည့်လိုက်မိသည်၊ ထိုလူမှာလည်း အေးအေးပင်ရှိသေးသည်၊ ဆေးလိပ်အဖွာမပျက်။ လူ ၂ ယောက် ရန်ဖြစ်နေသည်ကို ခွေးကိုက်ပွဲ ကြည့်သကဲ့သို့ ဟန်မပျက်ကြည့်နေသည်။

ထိုအခိုက်တွင်ပင် မေရီက သူတွေ့ချင်သူအား ပထမဦးအကြိမ် မြင်လိုက်ရခြင်းဖြစ်ပေသည်။

အနီးရှိ ဖီလိုဆိုဖီဌာန စာကြည့်တိုက်တံခါးသည် ပွင့်လာပြီး သက္ကလတ်တိုက်ပုံမီးခိုးရောင် ဘန်ကောက်လုံချည်အစိမ်းနှင့် လူရွယ်တယောက်သည် ရန်ဖြစ်နေသူ ၂ ဦးဆီသို့ ခပ်သွက်သွက် ချဉ်းကပ်လာသည်။ သူ့နောက်မှလည်း စာရေးနှင့်တူသူတဦးမှာ လိုက်ပါလာသည်။

“ဟေ့……ဟေ့….. တော်ကြလေ…”

ပါးစပ်မှလည်းပြောရင်း လူမှာ ပူးသတ်နေသူ ၂ဦး ကြားသို့ တိုးဝင်ကာ ဟန့်တားလိုက်သည်။

သည်တော့မှ လက်ရမ်းပေါ်က အကျီဖြူပြာနှင့်လူရွယ်မှာလည်း ဆင်းကာ ရန်ပွဲကိုဝင်ဖျဉ်သည်၊ ခဏအကြာတွင်မူ ဟာဝေယံရုပ်နှင့်လူငယ်မှာ အကျီဖြူပြာနှင့်လူရွယ်၏ သန်မာသောလက်ထဲတွင်၄င်း၊ လူဗလံလေးမှာ စာရေးနှင့်တူသူ၏ မြဲမြံသောချုပ်တည်းမှုတွင်၄င်း၊ မလှုပ်နိုင်အောင် မိနေပြီဖြစ်လေသည်။

တိုက်ပုံအကျီနှင့် လူရွယ်၏ ပါးစပ်မှမူ သွေးများစီးကျနေသည်၊ ရန်ဖျဉ်စဉ် တဦးဦး၏ လက်သီးချက်က မတော်တဆ မိသွားဟန်တူသည်။

"ဟာ.... ဆရာ့ပါးစပ်မှာလဲ သွေးတွေနဲ့၊ ခိုက်မိသွားတယ် ထင်တယ်....."

စာရေးနှင့်တူသူက အော်လိုက်သည်၊ ခပ်စောင်စောင်ဖြစ်နေသော လူငယ် ၂ ဦးမှာလည်း 'ဆရာ' ဟု ခေါ်သံကြားလိုက်ရသဖြင့် တုန်လှုပ်ချောက်ချားသွားကြသည်။ သွေးစများ ပါးစပ်၌ပေကျံနေသူ ဆရာအား လှမ်းကြည့်လိုက်သော ၂ဦးလုံး၏ မျက်လုံးများတွင် စိုးရိမ်မှုနှင့် အားနာထိခိုက်မှုများ ပေါ်လွင်နေ၏။

ဆရာကမူ ဘာမှမဖြစ်သကဲ့သို့ သွေးစများကို လက်ကိုက်ပုဝါဖြူနှင့် သုတ်ပစ်လိုက်သည်။

"နေပါစေကိုလွင် လွှတ်လိုက်ပါ၊ ကိုလှဝေကလဲ လွှတ်လိုက်ပါလေ၊ သူတို့ကို ကျွန်တော် စကားပြောစရာ ရှိပါတယ်...."

သူ့အသံမှာ သူ့အမူကဲ့သို့ပင် အေးချမ်းနေသည်၊ ရန်ဖြစ်သူ ၂ ဦးအား ကြည့်၍ ပြုံးလိုက်ပုံမှာ မြဲမြံသော်လည်း ကျင်နာမှုပြည့်သော အကိုတဦး၏ အပြုံးပင်တည်း။

"ဘယ်လိုဖြစ်ကြသလဲ....."

ရန်ဖြစ်သူ ၂ ဦးက ဆရာ၏ ထိုးထွင်းသောအကြည့်အား ရင်မဆိုင်ရဲသယောင် မျက်နှာလွှဲပစ်လိုက်ကာ ခေါင်းငုံ့ထားကြသည်။

"ကျောင်းသားချင်းဟာ ညီအကိုလို ချစ်ကြတာဘဲ ဆရာမြင်ချင်တယ်၊ အခုလို ရန်ဖြစ်ကြတာဟာ တက္ကသိုလ်ကျောင်းသားဆိုတဲ့ မင်းတို့ရဲ့ဂုဏ်သိက္ခာနဲ့ မလိုက်ဘက်ဖူးလို့ ဆရာထင်တယ်......."

သူ့အသံမှာ အပြစ်တင်သံထက် ဖျောင်းဖျသံက ပိုထင်ရှားနေသည်။

လူ့ဗလံလေးက စ၍ဖြေသည်။

"ထိခိုက်မိသွားတာဟာ ကျွန်တော့်ကြောင့်ဆိုရင် ဆရာ့ကိုကန်တော့ပါတယ်၊ ပေးတဲ့အပြစ်ကိုလဲ ခံပါ့မယ်...."

ဟာဝေယံရုပ်နှင့်လူငယ်က လူ့ဗလံလေးအား ငဲ့ကြည့်လိုက်ပြီး "ကျွန်တော်လဲ တောင်းပန်ပါတယ် ဆရာကြိုက်တဲ့အပြစ်ပေးပါ...." ဟု ဆိုသည်။ ဆရာက သူတို့နှစ်ဦးအား စူးစိုက်ကြည့်နေရာမှ ကျေနစ်စွာ ပြုံးလိုက်သည်။

"မင်းတို့ ထပ်ရန်မဖြစ်ဘူးဆိုတဲ့ ကတိတလုံးဘဲ ဆရာ့ကိုပေးပါ.."

ဟာဝေယံရုပ်နှင့်လူငယ်က စတင်၍ လူဗလံလေး၏လက်ကို ဆွဲလှုပ်ယမ်းရင်း တည်ငြိမ်စွာပင် တောင်းပန်သည်။

"ခင်ဗျားကို ကျွန်တော်တောင်းပန်ပါတယ်၊ ကျွန်တော်က စမှားတာပါ၊ ဆရာလဲကျွန်တော့်ကို ခွင့်လွှတ်ပါ.....၊"

သူသည် မေရီရှိရာဘက်သို့ ရက်သွေးဝင်သောမျက်နှာဖြင့် တချက်လှည့်ကြည့်လိုက်ကာ နေရမှ ဖြည်းညှည်းစွာ ထွက်ခွာသွားသည်။ သည်တော့မှ မေရီကလည်း လှုပ်ရှားလာကာ လှေကားရင်းသို့ ဆင်းခဲ့၏။

"ဟုတ်ပါတယ်ဆရာ၊ ဟိုလူကစမှားတာပါ။ သူက မေရီအတွက် ကြားကဝင် ရန်ဖြစ်ပေးရတာပါ"

မေရီ့အား မြင်လိုက်သည်နှင့်တပြိုင်နက် ဆရာ၏မျက်နှာမှာ ဘာကြောင့်မသိ၊ သွေးဆုတ်သကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ အတန်ကြာကြောင်ငေးနေပြီးမှ သတိရဟန် မျက်လုံးကို လွှဲဖယ်လိုက်၏။

"ဟုတ်တယ်.... ဟုတ်တယ်၊ ကျွန်တော်လဲ ဟိုဒေါင့်က ကြည့်ကောင်းလို့ကြည့်နေတာ၊ ဟိုလူက တော်တော်လွန်တာဘဲ...."

နောက်ပေါ်လာသောအသံမှာ ဗမာသံပီပီသသကြီးဖြစ်သော်လည်း အနားရောက်လာသူမှာ စောစောက မေရီသတိပြုမိခဲ့သော ဖောင်းထုပ်နှင့် ပန်ချာပီကျောင်းသားဖြစ်၏။

ထိုစဉ် ကျောင်းခေါင်းလောင်းထိုးသံ ထွက်ပေါ်လာသည်။

မေရီက လူဗလံလေးဘက်သို့လှည့်ကာ ပြုံးပြနှုတ်ဆက်ပြီး အပေါ်ထပ်သို့တက်ခဲ့သည်။

ကျန်ရစ်သူများအနက် အင်္ကျီပြာနှင့် ကိုလုဝေခေါ်သော ကျောင်းသားက စောစောကချထားသော ဆေးပေါ့လိပ်ကို ပြန်ကောက်ယူကာ ဖွာနေသည်။

"ခင်ဗျားကတော့ စံဘဲဗျို့ ကိုသက်တင်.....၊ သော်တာဆွေရေးသလို ခင်ဗျားတို့ ပေါင်းတည်သား တွေဟာ မိုက်မဲချည့်ထင်ပါရဲ့ ........"

ပန်ချာပီကျောင်းသားက ဖြူဖွေးသောသွားများ ပေါ်အောင်ပြုံးရင်း လူဗလံလေး၏ ပခုံးကိုပုတ်၍ ရင်းနှီးစွာဆို၏။

"ဆိုးတာက ဟောဒီလူကိုလှဝေ၊ မောင်မင်းကြီးသားက ကြည့်နေလိုက်တာ ဆေးလိပ်သောက်တောင် မပျက်ဖူးဆရာ...."

ဆရာက ကိုလှဝေအား ပြုံးရင်း မော်ကြည့်လိုက်သည်။ ကိုလှဝေကမူ ဆေးလိပ်ငွေ့များကို မော့်မှုတ် ထုတ်ရင်း ငေးနေရာမှ ဆရာ့အား တချက်ကြည့်လိုက်ရင်း မပြုံးတပြုံးနှင့် ဆိုသည်။

"ကျွန်တော်က တက္ကသိုလ်ကျောင်းကြီး ပျက်စီးနေတာ ကြည့်ကောင်းကောင်းရှိလို့ ကြည့်နေတာ...."

"လုပ်ပြီ ခင်ဗျားကြီးက...."

"မဟုတ်ဖူးလားဆရာ၊ ပျက်ချင်တဲ့ဟာပျက်မှာဘဲ၊ ကျွန်တော်ကိုယ်တိုက်ကလဲ ကောင်းတာမှ မဟုတ် ဘဲ၊ အားလုံးဟာ သူ့အရှိန်နဲ့သူ လိမ့်နေကြတာ၊ လိမ့်ကြပစေပေါ့၊ မဟုတ်ဖူးလားဆင်း...."

ဆင်းဟု အခေါ်ခံရသော ပန်ချာပီသည် အားရပါးရ အော်ရယ်လိုက်သည်။

"ဒါဘာမှမဟုတ်ဖူး၊ ဒီမေရီဆိုတဲ့ ကောင်မလေးကိုက မကောင်းတာဆရာ၊ သူကိုယ်တိုင်က တကယ့် အဲ့စတယ်လာဘဲ...."

မောင်သက်တင်က လူကြီးလေးဦးနှင့် ပြောသည်။ ချားလ်စ်ဒစ်ကင်း၏ မြော်တလင့်လင့်ဝတ္ထုမှ အလှအားကိုးဖြင့် ယောကျ်ားများအား အရူးလုပ်ချင်သော ဇာတ်လိုက်မင်းသမီး အဲ့စတယ်လာနှင့် မေရီအား သူက နှိုင်းလိုက်သည်။

"ဖြစ်မှာဘဲ ဖြစ်ကိုဖြစ်ရမှာဘဲ၊ ဒီခေတ်က ကက်နက်ဆိုတဲ့ကောင်ရော၊ ဒီမေရီဆိုတာရော လူတန်းစား မှန်တဲ့ ဟာတွေမှ မဟုတ်ဘဲ..."

မောင်သက်တင်ကသာ ဆက်လက်ဝေဖန်နေသည်။ သူ့နှင့်ဘက်ပြိုင်ငြင်းသူမှာ ဆင်းဖြစ်သည်။

"လူတန်းစားတွေ ဘာတွေနဲ့ စာအုပ်ကြီးထဲကဟာတွေ ရွတ်မနေစမ်းပါနဲ့၊ ခုလိုဖြစ်တာ လူငယ်တွေမှာ ဟိရီဩတ္တပ္ပတရား နဲပါးလာတာပြတာ၊ ဆုပ်ကပ်ဆိုတော့ ဗြဟ္မစိုရ်တရားတွေ ဘာတွေ ခေါင်းပါး လာတော့...."

ကိုလှဝေမှာ ခွီး…ကနဲရယ်ကာ ဆေးလိပ်များပင် သီးနေသည်။

ဆရာမှာပင် ဣန္ဒြေမဆည်နိုင်အောင် ပြုံးမိသွားသည်။

“တော်စမ်းပါ ကိုကိုပန်ချာရာ၊ ကမ္ဘဝါလာရွတ်မနေစမ်းပါနဲ့၊ မောင်ရင် အလွတ်ကျက်ထားတဲ့ အဘိဓမ္မာတွေကို မောင်ရင့်စကားရည်လုပွဲ စင်မြင့်ပေါ်ကြမှ ရွတ်ပြ”

မောင်သက်တင်သည် ပြောပြောဆိုဆို အားလုံးကိုနှုတ်ဆက်ကာ ထွက်ခွာသွားသည်။ သူ့နောက်ကျောကို ကြည့်ကြာ ဆင်းက ဆက်ဝေဖန်လိုက်ပါ၏။

“ဒီသတ္တဝါလေးက သူသာ စကားလုံးကြီးကြီးသုံးချင်တာ၊ လူများကျရင် မကြိုက်ဖူး….”

“နေပါအုံး ကိုကိုပန်ချာ…..၊ ဒီဖက်က ဘာလာလုပ်တာလဲ”

“ကိုလှဝေက ဖြတ်မေးလိုက်သည်”

“ခင်ဗျားကကော မိုးတွေဘာတွေခေါင်အောင် ကျောင်းလာတက်သလား…..”

“ဆရာဦးမြင့်သူနဲ့ တွေ့စရာရှိလို့ပါ”

“ဟာ အတော်ဘဲ ကျွန်တော်လဲ ဆရာနဲ့ တိုင်ပင်စရာရှိလို့….”

“ကဲကဲ လာကြ လာကြ၊ အခန်းထဲကျမှ စကားပြောကြရအောင်”

ယခုအချိန်ထိ ငြိမ်နေသော ကိုမြင့်သူက သူတို့ ၂ ဦးအား အခန်းဆီသို့ ဆွဲခေါ်လာသည်။

“ဘာလဲ ….. ဆင်း၊ ဒီဗိတ်ပြောစရာ ရှိပြန်ပြီလား….”

“မဟုတ်ဖူး၊ ဒီနှစ် ကျွန်တော်တို့ အိန္ဒိယမဂ္ဂဇင်းမှာ ကျွန်တော် မေတ္တာတေးရှင်ဆိုတဲ့ ဝတ္ထုတပုဒ်ရေးမလို့ လာတိုင်ပင်တာ…”

ကိုလှဝေမှာ ဒုတိယအကြိမ် တခွီးခွီးနှင့် ဆေးလိပ်သီးသွားရပြန်ပါ၏။

# အခန်း(၃)

မေရီသည် ကျောင်းဆောင်သို့ပြန်ရန် အဓိပတိလမ်းအား ဖြတ်ကျော်လိုက်သည်။

လမ်းကိုဖြတ်ကျော်စဉ် နံနက်ပိုင်းက လမ်းပေါ်၌ ဖြစ်ပျက်ခဲ့သည်ကို သတိရသဖြင့် ရှက်သွေးလေး ဖြာသွားမိသည်။

မေရီ့အနေနှင့် စာပေးခံရသည်မှာ အဆန်းမဟုတ်တော့ချေ။ သို့ရာတွင် မနက်ကကျောင်းသား ပြုမူပုံမှာ လွန်လွန်းသည်ဟုထင်သည်။ နံနက်က ဖြစ်ခဲ့ပုံမှာ အရုပ်ဆိုးလှ၍ မတော်တဆ တက္ကသိုလ် အကြောင်းဆိုလျှင် ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ၊ တိုင်းပြည်အား ပုံကြီးချဲ့တင်ပြချင်သည့် အချို့သော သတင်းစာများသာ သိသွားလျှင် ကျော်မကောင်းကြားမကောင်း မိမိမှာ အချောင် နာမည် ပျက်သွားနိုင်သည်။

ရန်ပွဲကိုသတိရမိရာမှ ရန်ဖြစ်သူများအား အမှတ်ရမိပြန်သည်။ ရန်ကို ဆေးလိပ်သောက်မပျက် ကမ္ဘဋ္ဌာန်းပုဂ္ဂိုလ်၏ တည်ငြိမ်ခြင်းနှင့် ကြည့်နေနိုင်သော အကျီပြာနှင့် လူချောချောကို အရင် အမှတ် ရသည်။ တက္ကသိုလ်၌ အလွန်ထူးဆန်းသောလူမျိုးများ ရှိတတ်ရာ သူသည်လည်း ဤအမျိုးအစားမှ တယောက်ဟု မေရီက မှတ်ချက်ချမိသည်။ သူကျေးဇူးတင်စကားပြောခဲ့သည့် လူဗလံလေးကိုမူ မေရီသည် လေးစားခြင်းတဝက် မခံချင်ခြင်းတဝက်နှင့် သတိရသည်။ မိန်းကလေးတဦးအား နှောက်ယှက်သည်ကို အမုန်းခံ ဝင်တားသည်မှာ သူရဲကောင်းဆန်သော်လည်း လေးစားထိုက်သည်မှာ အမှန်ဖြစ်သည်။ သို့ရာတွင် ကျေးဇူးတင်စကားပြောသော မိမိအား အဖက်မပြု ခပ်တည်တည် ဆက်ဆံ လိုက်သည့်အတွက်မူ မေရီသည် မခံချင်ဖြစ်မိသည်။ အစမှအဆုံး ဤသူငယ်၏ဟန်မှာ မောက်ကြွား ကြွား နိုင်လွန်းလှ၍ မိမိအားကြည့်သော သူ့မျက်လုံးများတွင် စက်ဆုပ်မုန်းတီးရောင်များ ပေါ်နေသည် ဟု မေရီထင်သည်။

နောက်ဆုံးတွင်မူ မေရီ၏အတွေးသည် လက်သီးဒဏ်ကြောင့် ပါးစပ်မှသွေးများကို အေးချမ်းစွာ သုတ်ရင်း အကို၏ ကြင်နာသောအပြုံးကို ပြုံးနိုင်သည့် ဆရာဆိုသူထံရောက်လာသည်။ သူ့အသံမှာ သူ့အမူအရာလိုပင် အေးချမ်း၍ ထူးခြားသော ဆွဲငင်မှုတရပ်ရှိသည်ဟု မေရီသတိပြုမိခဲ့သည်။ မေရီ အား လှမ်းကြည့်လိုက်သော သူမျက်လုံးများမှာ ကြည်လင်တောက်ရွှန်းလှသော်လည်း မိမိအား မြင်ချိန် တခဏ၌ ဘာကြောင့်မသိ၊ မှေးမှိန်ရီဝေသွားကာ မျက်နှာမှာလည်း သွေးဆုတ်သည့်အသွင် ဖြူယော် သွားသည်။

သူ့သဏ္ဌာန်မှာ တခါမြင်ဘူးလျှင် မမေ့ပျောက်နိုင်သော သဏ္ဌာန်ဖြစ်သည်၊ အရပ်မှာ အတော်သွယ်ကာ ပိန်ပိန်ပါးပါးဖြစ်သဖြင့် ရှည်သည်ထက်ပိုရှည်သည် ထင်ရ၏။ အကျီပြာနှင့်လူလောက် မချောသော်လည်း မေးရိုးနှင့်နှာတံကျပုံမှာ ပိရိသပ်ယပ်လျက် ခံ့ညားမွန်ရည်ခြင်း၌ သူကပိုသည်၊ အသားမှာ တော်တော်ပင်ဖြူရာ သူဝတ်ထားသော မီးခိုးရောင်သက္ကလက်တိုက်ပုံ၊ ဘန်ကောက်လုံချည် အစိမ်းတို့နှင့်ဆို လိုက်ဖက်သည်ဟု မေရီက သဘောရသည်။

အတွေးလွန်လာသော မေရီသည် အင်းဝကျောင်းဆောင်ဘက်မှ ကျောင်းအဆောက်အဦးကြီး ရှိရာသို့ သွယ်တန်းလာသော စင်္ကြံပေါ်အရောက်၌ လက်ဝဲဘက်သို့ ချိုးဝင်မည်အပြုတွင် အဆောက်အဦးတွင်း လူဆုံရာထောင့်၌ နံနက်က ဟာဝေယံရုပ်နှင့်လူငယ်ကို အခြားအဖေါ်ကျောင်းသားများအလယ်တွင် ရပ်ရင်း မိမိအား မမိုတ်မသုန် ရပ်ကြည့်နေသည်ကို တွေ့ရသဖြင့် ရင်လေးမှာ ခုန်သွားကာ ခြေလှမ်းမှာလည်း တုံ့ရပ်သွားသည်။ ကျောင်းဆင်းလူစည်သောအချိန်တွင် နံနက်ကအဖြစ်မျိုး ထပ်မဖြစ်ဟု မည်သူ ဆိုနိုင်ပါမည်နည်း။

မေရီ ချီတုံချတုံဖြစ်နေခိုက် ထောင့်ချိုးအကွယ်တခုမှ ပေါ်လာကာ မိမိရှိရာဘက်သို့ ဦးခေါင်းကို ငိုက်စိုက်ချလျက် ဖြည်းညှင်းညင်သာစွာ လျှောက်လာသူတဦးအား တွေ့လိုက်ရသဖြင့် အတိုင်းမသိ ဝမ်းမြောက်သွားသည်။

"ဆရာ....."

အနားရောက်လာသော သူ့အား မေရီက ဦးအောင် ပြုံးပြုံးလေး နှုတ်ဆက်လိုက်သည်။

"ဩော်...."

သူ့နှုတ်မှလည်း စကားတလုံးက လွတ်ထွက်လာသည်။ မေရီအနား၌ ရပ်လိုက်စဉ် သူ့မျက်နှာမှာ နံနက်ကကဲ့သို့ပင် ဖြူဖပ်ဖြူယော် ဖြစ်သွားပြန်သည်။

"မနက်ကတဲက ဆရာ့ကို မေရီ ကျေးဇူးတင်စကား သေသေချာချာ ပြောချင်ပါတယ်၊ ဒါပေမယ့် ကျောင်းသားတွေ များနေလို့...."

သူက ခုမှ တချက်ပြုံးလိုက်သည်။

"မေရီကသာ ကျေးဇူးတင်နေတာပါ၊ ဆရာက မေရီ ကျေးဇူးတင်လောက်အောင် ဘာမှလဲ မဆောင်ရွက်ရသေးပါလား..."

"အို...... ကျေးဇူးတင်ရမှာပေါ့ဆရာရယ်၊ မေရီစဉ်းစားကြည့်တယ် ဆရာသာ အချိန်မှီပေါ်မလာရင် ဘယ်အထိဆက်လို့ ဘာတွေဖြစ်ကျမလဲမသိဘူး......"

ထိုစဉ် စကြံ့တလျှောက် ကျောင်းသားများလျှောက်လာကြသဖြင့် ကိုမြင့်သူက လမ်းဖယ်ပေးရန် အောက်မြေပြင်သို့ ဆင်းလိုက်သောကြောင့် မေရီကပါ ရောဆင်းလိုက်သည်။

"ဆရာ အခု အိမ်ပြန်မလို့လား၊ ကျောင်းဝင်းထဲတွင် နေတယ် ထင်ပါတယ်...."

"ဟုတ်ပါတယ်၊ အင်းယားလမ်းပေါ်မှာတင်ပါဘဲ။ မေရီရော......"

"မေရီလဲ စေဟောလ်ကို ပြန်မလို့၊ အတော်ပါဘဲ၊ ဆရာနဲ့ ရောက်လိုက်ခဲ့မယ်...."

၂ ဦးသား စကားဆက်မဆိုတော့ဘဲ မြေလမ်းလေးတလျှောက် အင်းဝကျောင်းဆောင်ရှေ့ ဖြတ်သွားသော ကတ္တရာလမ်းဆီသို့ လျှောက်လာခဲ့ကြသည်။

လျှောက်လာစဉ် ကိုမြင့်သူက နံနက်ဝယ် မောင်သက်တင် ကြီးကြီးကျယ်ကျယ် လူကြီးပမာ ရွတ်သွားသော စကားရပ်များကို တွေးနေမိသည်။

"ဒီမေရီဆိုတဲ့ ကောင်မလေးကိုက မကောင်းတာဆရာ၊ သူကိုယ်တိုင်က တကယ့် အဲ့စတယ်လာဘဲ...."

သူက ဘေးမှ မေရီ၏ ကလေးငယ်ပမာ နုနယ်သော မျက်နှာဖွေးဖွေးလေးအား စောင့်ငဲ့ ကြည့်ရှုလိုက်သည်။ မောင်သက်တင်စွပ်စွဲသကဲ့သို့ အဲ့စတယ်လာ ဟုတ်မဟုတ် မသိရသော်လည်း ယောကျ်ားများ ရူးလောက်သော ရုပ်ရည်ရှိကြောင်းကိုမူ သတိပြုမိသည်။

မေရီ၏ မျက်နှာလေးက သူ့ရင်ဝယ် ဖျောက်ဖျက်ထားသဖြင့် မေ့လောက်ပြီဟု ထင်နေသော စိတ်ဝေဒနာတရပ်ကို လှုံ့ဆွဖေါ်ပေးနေသည်။ သို့ကြောင့်ပင် မေရီနှင့်ရင်ဆိုင်တိုင်း သူ့မျက်နှာက ဖြူဖပ် ဖြူရော် ဖြစ်သွားသည်။

မေရိက သူ့ထံမှ သက်ပြင်းချသံတိုးတိုး ကြားလိုက်ရသည်ထင်သည်။

"ဆရာ မနက်က ထိခိုက်မိသွားတာ တော်တော်နာလား။ မေရီ တွေးပြီး စိတ်မကောင်း ဖြစ်နေမိပါတယ်..."

"အို...... ကိစ္စမရှိပါဘူးကွယ်....."

“ကျောင်းသားတွေကို စိတ်မဆိုးဘူးလားဟင်.... ဆရာ....”

“အို ဘာလို့စိတ်ဆိုးရမှာလဲ မေရီရယ်...”

“မေရီတော့ သူတို့ကို တခါတခါ သိပ်မုန်းတယ်ဆရာ၊ မနက်ကဟာမျိုးကတော့ မဆိုးလွန်းဘူးလား....”

သူက အေးဆေးစွာပင် ပြုံးလိုက်ပြန်သည်။

“ကျောင်းသားလေးတွေဟာ လူငယ်တွေပါ မေရီ၊ လူငယ်တွေမှာ မိုက်တာလေးတွေ မုန်းစရာလေးတွေ ရှိသလို အလိမ္မာလေးတွေ ချစ်စရာလေးတွေလဲ ရှိပါတယ်...”

သူ့အသံမှာ နံနက်တုံးကလိုပင် ခွင့်လွှတ်ခြင်းနှင့် ပြည့်နေသည်။

“လူငယ်တွေမှာ ဘယ်ခေတ်မဆို ရှူးကြတာလေးတွေ အပြစ်တင်စရာလေးတွေ ရှိစမြဲပေါ့၊ ဆရာတို့ခေတ်တုန်းကလဲ ဒီလိုပါဘဲ၊ ဒါပေမယ့် လိမ်မာတယ်ဆိုတဲ့ လူကြီးလူမိုက်တွေနဲ့ အနီးကပ်ပေါင်းရလေ ရှူးကြမိုက်ကြတဲ့ လူငယ်လူကောင်းကလေးတွေဟာ ပိုကြည်ညိုစရာကောင်းလေပါဘဲ.....”

သူက သဲ့သဲ့ရယ်မောရင်း ပြောသဖြင့် မေရီကပါ ရောရယ်လိုက်ရသည်။

မေရီ လောဂျစ်ယူပါတယ်ဆရာ၊ ဆရာ ဖီလိုဆိုဖီဌာနကဘဲ မဟုတ်လား။ ဆရာ့ကို မေရီ မမြင်ဘူးသေးဘူး....”

“ဆရာက စိတ်ပညာဌာနကပါ...”

ထိုစဉ်က ဖီလိုဆိုဖီဌာနနှင့် စိတ်ပညာဌာနမှာ ပူးတွဲထားသည်။ စိတ်ပညာမှာ ဝိဇ္ဇာ၊ သို့မဟုတ် သိပ္ပံတန်းကျမှာသာ စတင်သင်ကြားသောကြောင့် ဥပစာတန်းမှာသာရှိသေးသော မေရီက သူ့အား မမြင်ဘူးသေးခြင်း ဖြစ်လေသည်။

“အို..... ဆရာက စိတ်ပညာဌာနက....”

မေရီသည် သွားလေးများ ပေါ်အောင်ပြုံးရင်း မေးသည်။

“ဘာပြုလို့လဲမေရီ.....”

"သြော်.... မေရီက စိတ်ပညာဆရာဆိုရင် အကျီကြီးဖိုးရိုးဖားရားဝတ် မုတ်ဆိတ်မွေးရှေရှေ၊ ဆံပင်စုတ်ဖွားဖွားနဲ့ လူနားမလယ်တဲ့စကား ပြောတတ်တဲ့လူမျိုးထင်တာ နို့ပြီး စိတ်ပညာယူရင် ရူးတတ်တယ်ဆို" မေရီက ကလေးငယ်ပမာ သူ့ထင်မြင်ချက်အား လက်ဟန်ခြေဟန်နှင့် အားရပါးရကလေး ပြောနေသဖြင့် သူက လိုက်လှဲစွာ ရယ်မောမိသည်။

"မေရီပြောတဲ့ စိတ်ပညာဆရာမျိုးက စာရေးဆရာတွေရဲ့ ဝတ္ထုတွေမှာသာ ပါတာပါ၊ စိတ်ပညာယူရင် ရူးတတ်တယ်ဆိုတာကလဲ စိတ်ပညာကို စံနစ်တကျမလေ့လာတဲ့လူတွေ စိတ်ပညာမဟုတ်တာကို စိတ်ပညာထင်ပြီး၊ လိုက်စားနေတဲ့ အဲ.... ဆရာ့သူငယ်ချင်း ကိုလှဝေခေါ်သလို လွတ်နေသော ပညာရှင်မျိုးတွေသာ ရူးတတ်တာပါ၊ များသောအားဖြင့်တော့ စိတ်ပညာကြောင့်မဟုတ်ဖူး။ နဂိုရ်ကထဲက ရူးမယ့်သူမို့ ရူးတာပါ၊ တကယ့်စိတ်ပညာဆိုတာမျိုးက ရူပဗေဒတို့ ပါဏဗေဒတို့ လိုဘဲ ဘာမှ အန္တရယ်ရှိတာမဟုတ်ဖူး။ ရူးတဲ့လူကိုတောင် ပျောက်အောင်ကုနိုင်သေးတယ်....."

"ဆရာ ဘွဲ့ဘယ်မှာယူခဲ့သလဲ...." ရိုင်းရာကျသော်လည်း သိချင်ဇောဖြင့် မေရီက အရဲစွန့် မေးလိုက်သည်။

"အမေရိကားမှာပါ...."

"ပီအိချ်ဒီပေါ့၊ ဟုတ်လားဆရာ..."

သူက ခေါင်းညိတ်ဖြေရင်း စပ်စုလှသောမေရီအား ပြုံး၍ လှည့်ကြည့်သည်။

"ဆရာအခု ကထိကလားဆရာ...."

"မဟုတ်ပါဘူး၊ လက်ထောက်ကထိကပါ....."

"အို ဒေါက်တိုရိတ်တောင်ရပြီးမှ လက်ထောက်ကထိကဘဲရတယ်"

"ဒေါက်တာဘွဲ့ရပြီးတာနဲ့ ကထိကခန့်ရမယ်လို့ ဥပဒေမရှိပါဘူး မေရီ၊ တခြားနိုင်ငံမှာ ဒေါက်တာဘွဲ့ ရယူရင်း ဓတ်ခွဲခန်းစောင့်တို့ဘာတို့ ဝင်လုပ်နေတဲ့လူတွေ တပုံကြီးဘဲ...."

မေရီက စကားဆက်မပြောတော့ဘဲ လမ်းဘေးတွင် စိမ်းစိုစွာပေါက်နေသော သစ်ပင်ပုဝိုင်းဝိုင်းများအား တချက် ငေးကြည့်လိုက်သည်။

"ဒါတွေဟာ ဂန့်ဂေါ်ပင်တွေလားဆရာ......"

"ဟုတ်တယ်မေရီ..."

"ဂန့်ဂေါ်တွေပွင့်ရင် သိပ်လှမှာဘဲနော် ဆရာ...."

ဘာကြောင့်မသိ၊ သူ့မျက်နှာက မသိမသာ ညှိုးကျသွားသည်။

"မေရီ... ဂန့်ဂေါ်ပန်းကို ချစ်သလား...."

"အို သိပ်ချစ်တာပေါ့ဆရာ၊ ပြီးတော့ ဟိုသီချင်းလေးဟာ ဘာတဲ့ဆရာ၊ သြော် 'ပတ္တမြားပလ္လင် ဂန့်ဂေါ်ပန်းတွေနဲ့၊ မြတ်ဘုရားထံတော်တွင်' ဆိုတဲ့ 'နှစ်ကိုယ်သစ္စာ' ဆိုတာ မေရီ သိပ်ကြိုက်တာဘဲ။ နောက်ပွင့်မယ့်ဘုရားရှင်ဟာ ဂန့်ဂေါ်ပင်အောက်မှာ ပွင့်မှာဆိုတော့ ဂန့်ဂေါ်ပန်းဟာ သိပ်မြတ်တာပေါ့နော်.... ဆရာ...."

သူ၏မျက်နှာမှာ မဲသည်ထက်မဲလာသည်။ အလိုက်မသိသော မေရီကသာ ကလေးငယ်ပမာ ပြောချင်တာကို တတွတ်တွတ် ပြောလိုက်လာသည်။

နှစ်ဦးသား အင်းလျားလမ်းပေါ်သို့ ရောက်လာကြသည်။ လမ်းခွဲရမည့်နေရာဖြစ်သဖြင့် သူက အရင် ရပ်လိုက်သည်။

"သြော် ဒါထက်ဆရာ၊ စစ်ပြီးကထဲက ကောလိပ်ကို ရောက်တာပေါ့နော်...."

"ဟုတ်ပါတယ် မေရီ...."

"ဒါဖြင့်ဆရာ၊ မေ့ရီမမကို သိမလားမသိဘူး၊ မေဘယ်လ် ခေါ်တယ်၊ မေဘယ်လ်လွင်ပေါ့..."

ဤအကြိမ်တွင်မူ ကိုမြင့်သူ၏ မျက်နှာမှာ ယခင်အခါများကထက် ဖြူဖပ်ဖြူယော် ဖြစ်သွားသည်။ တည်ငြိမ်သော ဟန်အမူအရာမှာလည်း သိသိသာသာပျက်သွား၍ မျက်လုံးများမှာ မှိုင်းရီသွားပြီး ခေတ္တ မေရီကိုသာ ငေးစိုက်ကြည့်လိုက်ပါ၏။ သို့ရာတွင် ချက်ချင်းပင် သတိရဟန်နှင့် မျက်နှာကို လွှဲဖယ် လိုက်ကာ ခပ်မှိုင်းမှိုင်း စိမ်းလျက်ရှိသော ကံ့ကော်ပင်များအား ငေးကြည့်လိုက်ပြီး တလုံးချင်း ဖြည်းလေးစွာ ဖြေလိုက်သည်။

"သိပါတယ်မေရီ၊ မေရီ့မမ မေဘယ်လ်တယောက်ကို ဆရာကောင်းကောင်းသိပါတယ်..."

မေရီအားဖြေဟန်မတူ၊ သူ့ဖာသာသူ တစုံတခုအား လေးလေးနက်နက် အမှတ်ရရင်း ရေရွတ်နေဟန်သာ ပေါ်နေ၏။

နားမလည်သော မေရီကသာ ရုတ်တရက် အမူပျက်သွားသော သူ့အား ငေးငေးလေး စိုက်ကြည့်နေမိသည်။ ထိုစဉ် သူက တချက်ပြုံးလိုက်ပြီး မေရီ့အား နှုတ်ဆက်သည်။

"ကဲ.... ဆရာသွားမယ်မေရီ၊ နောက်တော့ တွေ့ကြသေးတာပေါ့"

"ဟုတ်ကဲ့ဆရာ.....၊ သြော်.... ဒါထက်"

ကိုယ်တဝက်ပင် လှည့်ပြီးလျက် ထွက်ခွာတော့မည် ဟန်ပြင်နေသောသူက ခြေလှမ်းတုံ့သွားသည်။

"ဘာလဲမေရီ...."

မေရီက ချစ်စဖွယ်ပင် ပြုံးလိုက်သည်။

"အိတ်စ်ကျူးမီ ဆရာ.....၊ ဆရာ့နံမယ်လဲ မေရီ မသိရသေးဘူး"

သူက တုန်လှုပ်သွားဟန်နှင့် မေရီ့အား စိုက်ကြည့်နေသည်။ သူ့အကြည့်မှာ မိမိရင်တွင်းမှ တစုံတခုအား ရှာဖွေနေဟန်ရှိသည်ဟု မေရီက ခံစားမိသည်။ ရုတ်တရက်အဖြေမရသဖြင့် မေရီမှာလည်း တွေ့စရှိသေးသူဖြစ်လျက် ဆရာသမားလည်းဖြစ်သူတဦးအား မဆင်မခြင် နာမည်မေးမိသဖြင့် ရိုင်းရာကျသွားပြီလားဟု ထင်ကာ မျက်နှာလေးပျက်သွားရှာသည်။

ထိုစဉ်သူက ဖြည်းလေးစွာ ဆိုသည်။

"ဆရာမှန်းမသိပေမယ့် ဆရာ့နံမယ်ကို မေရီ သိပြီးနေလောက်ပီလို့ ဆရာထင်တယ်..."

"ရှင်....."

"မေဘယ်လ်လွင်ရဲ့ညီမ မေရီဟာ ဆရာ့နံမယ်ကို သိနှင့်နေပါလိမ့်မယ်...."

မေရီ၏နှလုံးမှာ ဒိတ်ကနဲခုန်သွားသည်။ ရင်မှာလည်း တလှပ်လှပ်ခုန်လာ၏။ ထိုခဏတွင်ပင် အဝေးသို့ငေးနေရာမှ သူက မေရီ့အား ပြန်၍ မျက်နှာချင်းဆိုင်လိုက်သည်။ ဤအကြိမ်တွင်မူ မေရီ တွေ့ခဲ့ရသော အကိုတဦး၏ မေတ္တာငွေ့ပြည့်သည့် ကြင်နာမှုအပြုံးမှာ ပေါ်လွင်အေးချမ်းနေ၏။

“ဆရာ့နံမယ်.... မြင့်သူ....”

“အို.....”

မေရီ၏နှလုံးမှာ ရပ်သွားသည်ထင်ရ၏။ ထူးဆန်းသော စိတ်ဝေဒနာတမျိုးက မေရီ့တကိုယ်လုံးအား လွှမ်းခြုံလိုက်သဖြင့် လူမှာ တုန်တုန်ယင်ယင် ဖြစ်လာသည်။

“မြင့်သူ....၊ ဆရာ့နံမယ် မြင့်သူ.....”

မေရီ့ရင်မှာ ပဲ့တင်ထပ်နေ၏။ မျက်လုံးများမှာလည်း ရီပြာပြာဖြစ်သွားကာ မျက်နှာလေးမှာလည်း ရှက်သွေးဖြင့် ရဲသွားသည်။ အေးချမ်းစွာရပ်နေသူအား အမျိုးအမည်မသဲကွဲသော အပြုံးဖြင့် နှုတ်ဆက်လျက် မပြေးရုံတမယ် သွက်သွက်ကလေး ခွဲထွက်ခဲ့သူ မေရီ့မှာ တသက်နှင့်တကိုယ် မိမိကိုယ်ကို မိမိထင်သကဲ့သို့ ထိန်းချုပ်မဟန်ဆောင်နိုင်သေးကြောင်း ရေးရေးသိထင်လာသည်။

**အခန်း(၄)**

မောင်သက်တင်သည် တက္ကသိုလ်အမှုထမ်းများရိပ်သာကို ဖြတ်ဖေါက်ထားသော လမ်းတလျှောက်မှ သူနေသော တကောင်းကျောင်းဆောင်ရှိရာသို့ တယောက်တည်း လမ်းလျှောက်ပြန်လာစဉ် တလောက လုံးအား စိတ်မကျေမနပ် ဖြစ်နေသည်။

မောင်သက်တင်လို ကောင်လေးမျိုးမှာ လောကအား မကျေနပ်သည့်စိတ် ထာဝစဉ်ရင်၌ ခိုတွဲ နေတတ် သည်။ အရွယ်ရောက်လာ၍ မိမိ၏ လူလားမြောက်သောအဖြစ်ကို သိသည်မှစ၍ မှန်ကန်ခြင်း၊ တရား မျှတခြင်း၊ ဖြူစင်ခြင်း၊ တိုးတက်ခြင်းစသော လူတိုင်းမြတ်နိုးမှန်းသိလျက်၊ လူတိုင်းနှင့် လူလောကတွင် ဘယ်သောအခါကမျှ အပြည့်အဝမရှိခဲ့သော၊ ဘယ်သောအခါတွင်မျှ၊ အပြည့်အဝရှိရန် မလွယ်သော၊ စံပြသဘောများကိုသာ ကိုးကွယ်မိ၍ မရှိသေးသော ဤအရာများကို ရှိလာအောင် လုပ်ချင်သောဆန္ဒမှာ တက်ကြွလာသော အင်အားနှင့်အတူ မိမိတို့ရင်တွင် ပြင်းပြလာသည်။ တနည်းအားဖြင့် လူ့ဘောင် အား ရှိနေသည့်အတိုင်း လက်မခံချင်ဘဲ မိမိတို့ရှိစေလိုသည့်အတိုင်းသာ ဖြစ်စေချင်သည်။ အဟောင်း မှန်သမျှကို ပစ်ပယ်ဘွယ်ထင်လာ၍ အသစ်မှန်သမျှကို လက်တည့်စမ်းကြည့်လိုသော မြတ်နိုးဘွယ်ရာ အဖြစ် မြင်လာသည်။ မိမိနှင့်အမြင်မတူသူကိုတွေ့ လျှင် ရန်သူအဖြစ်ထက် လွဲ၍မကြည့်တတ်ဘဲ ယုံကြည်မှုသည် ယုံကြည်မှုသာဖြစ်လျက် အမှန်တရားမဟုတ်ကြောင်း ခွဲခြားမသိသေးချေ။ မိမိ ယုံကြည်သည်သာ အမှန်ဖြစ်၍ မိမိမှန်သည်ထင်ရာပင် မိမိ၏ယုံကြည်ဘွယ် ဖြစ်နေသည်။ သည် ကြားတွင် မိမိ၏အစွဲနှင့်ကိုက်သော လောကပြုပြင်ရေး ဆေးနည်းတို အလွယ်လမ်းများကိုတွေ့လျှင် မိုက်မိုက်ကန်းကန်း စွတ်လိုက်တတ်သည်။

သို့ကြောင့်ပင်လည်း မိမိရနေသည်ကို ဆန်းစစ်မကြည့်မိဘဲ မိမိလိုချင်သည်ကိုသာ ရလိုသော မောင်သက်တင်မှာ ထာဝစဉ် လောကအား မကျေနပ်ဖြစ်နေသည်။ မကြာခဏလည်း ရန်ဖြစ်တတ် သည်။ တခါတရံ ဗိုလ်ရှုးကြီးဒွန်ကီရှောတေး အရူးထသကဲ့သို့ အလယ်ခေတ်သံချပ်ဝတ် သူရဲကောင်း ကြီးများပမာ မြင်းတစီး၊ လှံတချောင်း၊ ဒိုင်းတခုနှင့် ရေဆုံးမြေဆုံး တလောကလုံးအား လက်ရုံး အားကိုးဖြင့် လိုက်ပြုပြင်ချင်စိတ်များလည်း ပေါ်လာတတ်သည်။ မိမိမှန်သည်ထင်သဖြင့် မိမိ ယုံကြည်ကာ ဝင်ရောက်ဆောင်ရွက်နေသော၊ မိမိ၏အဖွဲ့အစည်းမှ ခေါင်းဆောင်ဆိုသူများနှင့် သူတို့ အလွတ်ရွတ်ဆိုပြတတ်သော၊ မိမိကောင်းကောင်းနားမလည်သော်လည်း မိမိအထင်ကြီးသည့် ခံ့ညား ထယ်ဝါသော စကားလုံးကြီးများဖြင့် သီကုံးထားသော သဘောတရားရေးများကြောင့်သာ မဟုတ်ဟု ဆိုလျှင် မောင်သက်တင်မှာ အကယ်ပင် ခေတ်သစ်ဒွန်ကီရှောတေး ဖြစ်နေမည်လားမသိ။ မှားသည် ဖြစ်စေ၊ မှန်သည်ဖြစ်စေ၊ တက္ကသိုလ်ရောက်ခဲ့ပြီးမှ မောင်သက်တင်သည် ဘာလုပ်လုပ်၊ ဘာကြံကြံ သဘောတရားရေးလေးများ ထည့်စဉ်းစားတတ်လာ၍ ဤကဲ့သို့ စဉ်းစားရသည်ကိုပင် အရသာ တွေ့လာသည်။

ယခုလည်း နံနက်က ရန်ဖြစ်လာခဲ့သည့် ကိစ္စကိုသာ စဉ်းစားလာသည်၊ သူလုပ်ခဲ့သည်ကို သူ လက်ခံယုံကြည်ထားသော သဘောတရားရေးနှင့် နှိုင်းယှဉ်သုံးသပ်ကာ သူ့ကိုယ်သူ မကျေမနပ် ဖြစ်လာသည်။ ခဏမှာပင် ထုံးစံအတိုင်း မိမိကိုယ်ကိုမူ ခွင့်လွှတ်လိုက်ပြီး လုပ်တိုင်းခံလောကအားသာ စိတ်ရှိလက်ရှိ အစွမ်းကုန် မကျေမနပ်ဖြစ်ပစ်လိုက်သည်။

လျှောက်လာရာမှ မောင်သက်တင်သည် လမ်းပေါ်မှ ကျောက်ခဲ ၃ လုံးလောက်ကို ကောက်ပြီး ခပ် လှမ်းလှမ်းရှိ ပိတောက်ပင်များအား တပင်စီ လွှဲပစ်ပေါက်လိုက်၏။

ပြည်ကျောင်းဆောင် အနောက်ပေါက်မှ ဝင်မည်ပြုစဉ် မနီးမဝေးရှိ ရေဘုံဘိုင်မှ ရေခံနေသော မိန်းမအိုတဦးအား မောင်သက်တင်သည် လှမ်းမြင်မိသည်။ မိန်းမအိုမှာ လေးလံသော ရေပုံးကြီးအား ခေါင်းပေါ်တင်ရန် မနိုင်သဖြင့် ဘေးဘီကို လှမ်းမျှော်ကြည့်နေသည်။ မောင်သက်တင်က အပြေး ကလေး ချဉ်းကပ်သွားကာ ရေပုံးကို အမယ်အိုခေါင်းပေါ်သို့ ကူညီ၍ မတင်ပေးလိုက်သည်။

“ဒီလောက်နေပူကြီးထဲမှာ အိုကြီးအိုမနဲ့ ရေလာသယ်ရသလား...”

“သြော်.... လူကလေးရယ်....၊ အမေမသယ်လို့ ဘယ်သူသယ်မလဲ...”

“သားတွေ သမီးတွေ မရှိဘူးလား...”

“သမီးတော့ မရှိပါဘူးကွယ်....၊ သားမုဆိုးဖိုနဲ့ မြေးလေးတွေတော့ရှိတယ်။ သားကလဲ ထမင်းချက်ရုံ ကို အလုပ်ဆင်းနေတယ်”

မောင်သက်တင်သည် ဘာမျှဆက်မပြောတော့ဘဲ ထွက်လာခဲ့သည်။ စိတ်ထဲတွင်မူ မကျေမချမ်း ရေရွတ်လာသည်။

“တောက်...၊ တစက်မှအသုံးကျတဲ့ လူနေမှုစံနစ်ကြီးမဟုတ်ဖူး၊ ဒီစံနစ်ဆိုးကြီးကို ဖျက်ရမယ်၊ ဖျက်ကို ဖျက်ပစ်ရမယ်”

သူသည် နောက်ထပ်ခဲ ၃ လုံးကို ကောက်ကာ ပိတောက်ပင်များအား လွှဲပစ်ပေါက်လိုက်ပြန်ပါ၏။

မောင်သက်တင်သည် တကောင်းဟောအောက်ထပ် ထမင်းစားခန်း၌ ကော်ဖီတခွက်ကို ဝင်မှာခဲ့ပြီး အရှေ့ဘက်အစွယ်၏ အပေါ်ထပ်သို့ တက်ခဲ့စဉ် တယောသံတခုကို ကြားလိုက်ရသည်။

အခန်းနံပါတ် ၁၉၄ ရှေ့တွင် ပက်လက်ကုလားထိုင် ကိုယ်စီဖြင့် ထိုင်နေကြသော ကျောင်းသားကြီးကြီး ၂ ဦးအား တွေ့ရသည်။ တဦးမှာ အသားလတ်လတ် မျက်ပေါက်ကျဉ်းကျဉ်းနှင့် တရုပ်ကပြားနှင့် တူသည်။ သူသည် ကျဉ်းသောမျက်ပေါက်အား မှေးရင်း တယောကို ချွဲချွဲနွဲ့နွဲ့ထိုးနေသည်။ သူနှင့် ယှဉ်ထိုင်လျက်ရှိသော ကျောင်းသားမှာ ကတုံးဆံထောက် ရွှေမျက်မှန်ဝင်းဝင်းနှင့် ပိန်ပိန်ပါးပါးဖြစ်ကာ ကြီးမားသောလည်စလုတ် ရှိသည်။

သူ့မျက်နှာမှာ ဒါရိုက်တာရွှေညာမောင်နှင့် အနည်းငယ် ဆင်သယောင်ရှိသော်လည်း သူ၏ အနုပညာ အဆင့်အတန်းကိုမူ တယောတီးသူက ခြေထောက်နှင့် အချက်ပြနေလျက်က စည်းကို တလွဲတချော် လိုက်နေခြင်းဖြင့် ခန့်မှန်းအကဲခတ် ကြည့်နိုင်၏။

"ဟာ..... ကိုကြက်ဥ၊ အာ.... ယောင်လို့ ကိုတင်ဦးမောင်၊ သီချင်းလေးဘာလေး ဆိုအုံးမှပေါ့"

"မင်း....အမေ"

ရွှေညာမောင်နှင့်တူသော ကျောင်းသား၏ပါးစပ်မှ ပြောင်မြောက်သော ဂီတတလုံးက ထွက်လာသည်။

တင်ဦးမောင်မှာ လူပိန်သလောက် ထွားကျိုင်းသောမိန်းမပျိုများအား ကြိုက်တတ်ရာ တခါက သူ့ ခန္ဓာကိုယ်လေးအား ကျိန်ဆဲ၍ သူငယ်ချင်းများမသိအောင် တက္ကသိုလ်အလေးမရုံ၌ တိတ်တိတ်ကျိတ် လေ့ကျင့်ဘူးသည်။ ညအခါများတွင်လည်း လူခြေတိတ်ချိန်တွင် သေတ္တာတွင်း၌ ဝှက်ထားသော ကြက်ဥများကို ခိုးသောက်လေ့ရှိရာမှ တချီတွင် လူမိသွားသဖြင့် သူငယ်ချင်းအောင်ခင်မြင့် ကြွက်သားမောင်ဘွဲ့ရသကဲ့သို့ သူလည်း ကျော်မကောင်းကြားမကောင်း ကြက်ဥမောင်ဘွဲ့ ရခဲ့ခြင်း ဖြစ်သည်။ ပင်ကိုယ်အားဖြင့် သဘောကောင်းသော ကျောင်းသားတဦး ဖြစ်သော်လည်း သူ့အား ကြက်ဥမောင်ဟု ခေါ်သူအား လူရှေ့သူရှေ့ရှမရှောင် မအေနှင့်ကိုင်တုတ်တတ်သည်။

တကြိမ်တွင်လည်း ထမင်းစားမည်ပြုစဉ် စားပွဲထိုးကိုဉာဏ်အား ဘာဟင်းချက်သည်ကို မေးမိသဖြင့် ကိုဉာဏ်က ဘဲဥဟင်းချက်ကြောင်း ဖြေမိရာ ဥဆိုလျှင် ဘာဥမှမကြားချင်သော တင်ဦးမောင်သည် ယောင်၍ မအေနှင့်တုတ်ဖူးသည်။ ဘုမသိဘမသိနှင့် ခံလိုက်ရရှာသော ကိုဉာဏ်မှာ နောင်မှ ကျောင်းသားများထံမှ အကြောင်းသိလျက် သူတို့ထံမှပင် ဘဲဥကြက်ဥအား တင်ဦးမောင်ရှေ့ ခေါ်နည်း ကို ရခဲ့လေသည်။ နောက်တကြိမ်လည်း ဘဲဥဟင်းချက်ပြန်ရာ ပါးစပ်အငြိမ်မနေနိုင်သော တင်ဦးမောင်သည် မေးပြန်သည်။

"ကိုဉာဏ် ဘာဟင်းလဲဗျို့"

"ဟိုဆရာ... အာ.... ဘဲ...... ဘဲ..... ဘဲလုံးဟင်း ဆရာ"

"မအေ...."

ကျောင်းသားများ တခွီးခွီးရယ်နေစဉ် တင်ဦးမောင်မှာ ထိုနေ့က ထမင်းမစားတော့ဘဲ အခန်းတွင်းမှ ထွက်သွားဘူးသည်။

သီချင်းလည်း အလွန်ဆိုချင်သမျှ အသံမှာ ပြာ၍ကြောင်သည်။ အသံကြောင်သူများ သီချင်းများများ အော်ဆိုပေးလျှင် အသံကောင်းတတ်သည် ဆိုသဖြင့် ရေချိုးရင်း ရေချိုးခန်းမင်းသား ဘွဲ့ရအောင် အော်ဟစ် သီချင်းဆိုနေတတ်သူလည်း ဖြစ်သည်။ မည်မျှလေ့ကျင့်စေကာမူ ခြောက်ပေါက်ဖြင့် ထိုးနေသော တယောကို သူဝင်ဆိုလျှင် သူ့အသံမှာ ခုနစ်သံတွင်ရောက်နေ၍ တယောထိုးသူက ခုနစ်သံပြောင်း၍ ထိုးပေးလျှင် သူ့အသံက ခြောက်ပေါက်သို့ ပြန်ကျလာတတ်သည်အထိ ဆက်လက်ကြောင်မြဲကြောင်နေသည်။

ဤနှစ်ချက်မှာ တင်ဦးမောင်မခံနိုင်သော ပြောချက် ၂ ချက်ဖြစ်ရာ ၄င်းတို့ကိုမှ ဖက်၍ နောက်ပြောင် နှုတ်ဆက်လိုက်သော မောင်သက်တင်အား တင်ဦးမောင်က တုံ့ပြန်လိုက်ခြင်းဖြစ်သည်။

တယောထိုးနေသော ကျောင်းသားမှာ ဣန္ဒြေမဆည်နိုင်အောင် ရယ်မောမိသဖြင့် တယောဆက်မထိုးနိုင်ဘဲ ရပ်လိုက်ရသည်။

"တင်ဦးမောင်ရာ မင်းဆဲသံကြားလိုက်ရတာ စိတ်ကူးယဉ်တာတောင် ပျောက်သွားတာဘဲ"

တင်ဦးမောင်မှာလည်း သည်တော့မှ ပိန်ကပ်လှသောရင်မှ မချိမဆံ့ထွက်လာသော ရှိုက်သံနှင့် တူသည့် သူ့သဘာဝ ရယ်ခြင်းကိုပြုသည်။

မောင်သက်တင်သည် ဘေးတွင် လွတ်နေသော ကုလားထိုင်တခုပေါ်တွင် ဝင်ထိုင်လိုက်သည်။

တယောဆရာကျောင်းသားက သူ့အား မော်ကြည့်ပြီး ပြောလိုက်သည်၊

"ဆို....၊ ဘယ်သူနဲ့ ရန်ဖြစ်ခဲ့သေးလဲ..."

"ဟာ..... မပြောပါနဲ့တော့ဗျာ...."

"မပြောတော့ပါဘူး....."

မောင်သက်တင်မှာ ကြောင်သွားခိုက် တင်ဦးမောင်က မချိမဆံ့ရယ်သံလေးနှင့် ဝင်နောက်ပြန်သည်။

“အင်း.... ဟင်း....ဟင့်..... မပြောပါနဲ့တော့”

“ဟာ.... ကိုရှိန်.....၊ ခင်ဗျားကြီး သိပ်ဆိုးတဲ့လူ.... ကျွန်တော်က အကောင်းပြောတာမှတ်လို့...."

တကောင်းကျောင်းဆောင်သားများနှင့် အဖွဲ့ကျသော မောင်ခိုင်လမ်း တက္ကစီစတင်းမှ ကားဒရိုင်ဘာ ၂ဦး ရှိသည်။ ကိုအကောင်းနှင့် ကိုစိန်ဟန်ဖြစ်သည်။ ၎င်းတို့ ၂ဦးအား ရယ်၍ ကိုရှိန်က နောက်နေခြင်း ဖြစ်သည်။

“နေဗျာ....၊ ကျုပ်မပြောတော့ဘူး၊ သွားမယ်...."

“သြော်.... နေပါအုံး၊ လူလေးကငယ်ပြီး၊ ဒေါသက ကြီးလှချည့်လား”

ကိုရှိန်က ချော့မော့ပြီး ပြန်ဆွဲမှ မောင်သက်တင်က ပြန်ထိုင်သည်။

“ကဲ ပြောရန်အသင့်ပြင် စ.....ပြော....."

ကိုရှိန်မှာ စကားကောင်းပြော၍မရ၊ အားလျှင် မျက်နှာ ပြောင်ရွှတ်နေရမှ ကျေနပ်သူဖြစ်သည်။ သူ့ဓာတ်ကိုသိပြီးသား မောင်သက်တင်မှာ ဆက်စိတ်မဆိုးနိုင်တော့ဘဲ ရယ်မော၍သာ နေလိုက်ရသည်။

“ဟိုကောင်မလေးပေါ့ဗျာ....၊ သူ့ကိုယ်က အနေမတတ်ဖူး....။ ယောကျ်ားမြင် မြူသလို ကျူသလိုနဲ့ နရင်းချည်း အုပ်ပစ်ဖို့ကောင်းတယ်”

“အား.... သြော်..... သြော်..... ဟိုကောင်မလေးကိုး၊ အင်းအင်း.... အဲဒီလို ရှင်းရှင်းလေး ပြောအုံးမှပေါ့...."

“ခင်ဗျားကြီးက နောက်ဖို့ဘဲစောင့်နေ၊ ဆုံးအောင်ဖြင့် နားမထောင်ဘူး၊ ဘယ်ကောင်မလေးရမလဲ၊ ခင်ဗျားဘဲ အဲ့စတယ်လာလို့ နံနယ်ပေးထားတာလေးပေါ့..."

“သြော်.... မေရီလား၊ ဘာလဲ.... မင်း ဒီကောင်မလေးနဲ့ နဘမ်းလုံးသတ်ခဲ့လို့လား”

“လုပ်ပြီ၊ ကျွန်တော်က ဘာလို့သူနဲ့ နဘမ်းလုံးသတ်ရမှာလဲ...."

"မသိဘူးလေ... မောင်ရင်က ရန်ဖြစ်လာသေးလဲဆိုရဲ့၊ မေရီဆိုတော့ ငါက သူနဲ့ဖြစ်လာတယ် ထင်လို့ပါ...."

"သူနဲ့မဟုတ်ဖူးဗျ...၊ ဟို ကက်နက်ဆိုတဲ့ လူစင်စစ်က မျောက်ဖြစ်နေတဲ့ ငနဲနဲ့၊ သူက မေရီကို စာလိုက်ပေးတယ်လေ..."

"ဘာဘာ... မေရီကို စာလိုက်ပေးတယ်...။ ဟဟ... နေပါအုံး စာပေးရုံဘဲလား..."

တင်ဦးမောင်က စိတ်ဝင်စားလာဟန်နှင့် ကိုယ်ကိုရှေ့ညွတ်ရင်း မေးသည်။

"အင်း အင်း... လူက ပိန်ကပိန်သနဲ့၊ ဒါမျိုးများကျ တယ်ဝါသနာကြီးတယ်...."

တင်ဦးမောင်မှာ ဘယ်မိန်းကလေးကိုမှ စာပေးရဲသူမဟုတ်ရာ လူများစာပေးသည့် အကြောင်းဆိုလျှင် သွားရည်တမြားမြားနှင့် နားထောင်တတ်သည်။ ထိုစဉ် အနီးရှိ အခန်းတခုမှ ဝုန်းဒိုင်းနှင့် အသံကြား လိုက်ရပြီး မဟာနဖူးပြောင်ပြောင် ပါးစပ်ဖြဲဖြဲ ဂင်တိုတိုနှင့် ကျောင်းသားတဦးမှာလည်း ခုန်ပေါက် ပြေးထွက်လာသည်။

"ဟ...ဟ....နေကြပါအုံး၊ ငါလဲနားထောင်ပါရစေ..."

"အံမာ... သောက်ပင်းက ဒါမျိုးကျတော့ အဝေးကြီးကကြားတယ်...."

နဖူးပြောင်နှင့် ကျောင်းသားမှာ တဟဲဟဲရယ်ရင်း အနား၌ဝင်ထိုင်လိုက်သည်။ နောက် နားကို လက်ဝါးနှင့်ကာလျက် မောင်သက်တင်ပြောသမျှကို စိတ်ဝင်စားစွာဖြင့် နားထောင်နေသည်။ နောက် ထွက်လာသောကျောင်းသားမှာ နားပင်းခေါ် ရွှေနားပေခေါ် ကြွက်သားမောင်ဘွဲ့ရ အောင်ခင်မြင့် ဖြစ်သည်။

၃ ဦးသားမှာ မောင်သက်တင် ပြန်လည်ပြောပြသော ဇာတ်လမ်းအား မှတ်ချက်မှ ဝင်မချမိအောင်ပင် အာရုံစိုက် နားထောင်နေကြသည်။ တခါတရံသာ ရွှေနားပေက သူမသဲကွဲသောနေရာများ၌ ထပ် ပြောခိုင်းသဖြင့် နားအရသာပျက်သွားမှုရှိသည်။

မောင်သက်တင် စကားဆုံးသွားသောအခါ ၃ဦးသားသည် မျက်လုံးများကိုပြူးလျက် တယောက်မျက်နှာ ကို တယောက် မေးခွန်းထုတ်သကဲ့သို့ ကြည့်မိကြသည်။

“ဒါဘာမှမဟုတ်ဖူးဗျ…..၊ အရင်းစစ်အမြစ်မြေကဆိုတာလို အမျိုးသားယဉ်ကျေးမှု ပျက်လို့ဖြစ်ရတာ၊ ဝေါစတရိက သွေးစုတ်ကောင်ကြီးတွေ အလိုကျ ထုတ်လိုက်တဲ့ အရင်းရှင်နိုင်ငံက ရုပ်ရှင်တွေကြည့်၊ အရင်းရှင်နိုင်ငံက မိမစစ်၊ ဖမစစ် ယဉ်ကျေးမှုတွေ အတုခိုး၊ ဒါတွေကြောင့် ဒီတက္ကသိုလ်ကြီး ပျက်စီးနေတာ….”

မောင်သက်တင်က ၅၅၀ ဇာတ်တော်အဆုံး၌ သစ္စာလေးပါးနှင့် ချုပ်သကဲ့သို့ သူ့စကားအား ထုံးစံအတိုင်းပင် စာအုပ်ကြီးအရ အရင်းရှင်နိုင်ငံများကို ပုတ်ခတ်လျက် အဆုံးသတ်လိုက်သည်။

“သာဓု…သာဓု…..သာဓု….”

မောင်ရှိန်က ရွှတ်ပျက်ပျက်နှင့် သူ့ဒေသနာအား ကောင်းချီးပေးလိုက်သည်။ တင်ဦးမောင်ကမူ…. “ပြေးကြဟေ့….. ရှောင်ကြဟေ့…. လေကြီးမိုးကြီး ဝုန်းဒိုင်း” ဟု ဝင်နောက်လိုက်၏။

သူတို့ ၃ဦးစလုံးမှာ ကျောင်းဆွေးဆွေး၊ လူဆွေးဆွေး ဟူသောဖွဲ့ဖြင့် တက္ကသိုလ်ဝယ် စစ်ပြီးစ ရောက်ကတည်းမှ ပျော်ပျော်ကြီး နေလာကြသူများ ဖြစ်သည်။

ယခုတွင် တင်ဦးမောင်တယောက်သာ ဘွဲ့ရပြီး စာပေဗိမာန်၌ ခေတ္တဝင်လုပ်လျက် ဥပဒေတန်း တက်ရင်း နိုင်ငံတော်ဝန်ထမ်း စာမေးပွဲအောင်စာရင်းကို စောင့်နေသူဖြစ်သည်။ ကိုရှိန်မှာ ဘီအက်စီ အင်ဂျင်နီယာ နောက်ဆုံးနှစ်မှဖြစ်၍ ဘီအေအောင်ပြီးသား အောင်ခင်မြင့်မှာ ဘီအီးဒီ တက်နေသူ ဖြစ်သည်။ ဝါရင့်ခဲ့ပြီဖြစ်သော သူတို့ကဲ့သို့ ကျောင်းသားကြီးများအတွက် တက္ကသိုလ်ရောက်စ မောင်သက်တင်တို့ကဲ့သို့ အလွတ်ကျက်ထားသော နိုင်ငံရေးစကားလုံးကြီးများကို သုံးချင်သူ လူသစ်ကလေးများအား နှစ်စဉ်တွေ့ခဲ့ရသဖြင့် အထူးအဆန်းမဟုတ်တော့ဘဲ ပြက်လုံးရှင်ကလေးများ အဖြစ်သာ မှတ်ယူထားကြသည်။

“နေပါအုံး သက်တင်ရာ၊ မောင်ရင်ပြောသလို တက္ကသိုလ်ကြီး ပျက်ဆီးနေဘီ ဆိုရအောင်က မေရီကကော ဘယ်လောက်ကြီးတဲ့ အပြစ်များ လုပ်နေလို့လဲ၊ လုပ်တယ်ထားပါအုံး၊ မေရီလို ကောင်မလေးတွေဟာ တက္ကသိုလ်မှာ နှစ်ရာခိုင်နှုန်းတောင် မရှိပါဘူး။ ကျောင်းသူအများစုဟာ မင်း ဟို ငြိမ်းဆိုတဲ့ ကောင်မလေးမသိဘူးလား၊ သူ့လို စာပေကိုသာလိုက်စားတဲ့ အသိုက်ရှိတယ်။ ပဂ္ဂိဝမ်းတို့လို ရီစရာရှိရီ၊ ပျော်စရာရှိပျော်နဲ့ ခလေးလိုပျော်ပျော်နေတတ်တဲ့ အသိုက်ရှိတယ်။ အများဆုံးကတော့ ကိုယ့်ကိုယ်လဲ အလုပြင်၊ ကျောင်းလဲမှန်မှန်တက် ချစ်တဲ့လူတွေ့ရင်လဲ အိမ်ထောင်ဘက်ပြုဘို့ ရွေးသင့်ရွေးပြီး ဗုဒ္ဓဘာသာ မြန်မာအမျိုးသမီးဂုဏ်ကို ထိန်းနေကြတာပါဘဲ၊ ကက်နက်လို မျိုးမစစ်တဲ့ သတ္တဝါတွေကကော ကျောင်းကြီးတခုလုံးမပြောနဲ့၊ ဒို့ကျောင်းဆောင်မှာတောင် ဘယ်နှစ်ယောက်ရှိလို့လဲ၊ မင်းတို့ဟာက မဟုတ်သေးပါဘူး။ ငခုံးမတောင်ကြောင့် တလှေလုံးပုပ်အောင် ဝါးလုံး

ချီးသုတ် ယမ်းတာကိုး....။ ဟို စတုတ္ထမဏ္ဍိုင်ဆိုပြီး မဟုတ်ကမဏ္ဍိုင်ဖြစ်ကြတဲ့ တချို့သတင်းစာတွေက သတင်းထောက်တချို့နဲ့ တယ်တူတာဘဲ"

ဆရာလောင်းလည်းဖြစ်၍ ကာယဗလသမားလည်းဖြစ်သော အောင်ခင်မြင့်ကသာ မခံချင်သဖြင့် သမာသမတ် ဝင်ပြောသည်။

"စိတ်တော့မရှိပါနဲ့ မောင်သက်တင်၊ ငါသာ ချန်စလာဆိုရင် မင်းတို့လို ပြုတ်မနူး စိတ်ကူးယဉ် အောက်ခြေလွတ် ကြက်တူရွေး ဆန်ကုန်မြေလေး နိုင်ငံရေးသမားတွေကို ကျောတရာရင်တရာ ဒဏ်နှစ်ရာခတ်ပြီး မြိုင်ရပ်ကို နှင်ပစ်လိုက်မှာဘဲ....."

မောင်ရှိန်ကလည်း နောက်သလိုပြောင်သလိုနှင့် မျက်နှာကိုစပ်ဖြဲဖြဲထားရင်း နာနာလေး ဝင်နက်လိုက်သည်။

မောင်သက်တင်၏ မျက်နှာလေးမှာ နီရဲသွားသည်။ သူသည် အောင်ခင်မြင့်နှင့် မောင်ရှိန်တို့ကို ထထိုးလိုက်ချင်သည်။ သို့ရာတွင် သူတို့မှာ ထထိုးထိုး၊ ထဆဲဆဲ နာတတ်သူများမဟုတ်၍ ခက်သည်။

"ခင်ဗျားတို့ အဲဒီလိုသာ ကျောင်းသားအရေးကို ဆောင်ရွက်မယ့်လူတွေမရှိရင် အကုန် ဒုက္ခရောက်ကုန်မှာပေါ့......"

"ဘုရားရေ... ကလူ ကလူ...."

ကိုရှိန်က မျက်ဖြူဆိုက်သွားသည့်ဟန် လုပ်လိုက်သဖြင့် ကျန် ၂ယောက်က ဝိုင်းရယ်လိုက်ကြသည်။

"အင်း... ဒီပုဂ္ဂိုလ်ကြီးတွေမရှိရင် ဒို့စာမတတ်တော့ဘူး ထင်ပါရဲ့"

"ကျွန်တော်ပြောတာက ကျောင်းသားအခွင့်အရေးတွေ ကာကွယ်ဘို့ပြောတာ"

"ဟ ကောင်ရ.... ကျောင်းသားအခွင့်အရေး ကာကွယ်ပေးဘို့ဆိုတာက ဒို့အထက်လူတွေက ဒို့ရန်သူတွေမို့ ဒို့ကို တမင်ချုပ်ချယ်နေတာမို့လား၊ ဒို့အထက်က ဆိုတာဟာ ဒို့ဆရာတွေဘဲမဟုတ်လား အစိုးရက ချုပ်ချယ်ရအောင် ဆိုတာကလဲ နိုင်ငံခြားအစိုးရလဲမဟုတ်။ တော်ပါကွာ....၊ မင်းတို့ဟာ တော်တော်ကြာ သားသမီးအခွင့်အရေး ကာကွယ်ရေး၊ မိဘဆန့်ကျင်ရေးအဖွဲ့များ ဖွဲ့အုံးမလား မသိဘူး"

ကိုရှိန်၏ နောက်ဆုံးစကားကြောင့် ကျန် ၂ ယောက်က အားရပါးရ ဝင်ရယ်လိုက်ကြသည်။ မောင်သက်တင် ဘာမျှပြန်မဖြေနိုင်မီ တင်ဦးမောင်က ဆက်ပြန်သည်။

“မင်းတို့က ဘာဘဲပြောပြော...၊ ဒို့ကတော့ ဒို့တက္ကသိုလ်ဒို့ သိပ်လွတ်လပ်တယ် ထင်တယ်၊ လွတ်လပ်လွန်းလို့တောင် ခက်နေသေးတယ်၊ ကျောင်းတက်ချင်တက် မတက်ချင်နေ၊ ဟောက ထွက်ချင်တဲ့အချိန်ထွက် ဝင်ချင်တဲ့အချိန်ဝင်၊ ဖတ်ချင်တဲ့ စာအုပ်ဖတ်၊ မဖတ်ချင်တဲ့စာအုပ်လွှင့်ပစ်၊ ကျောင်းကမှန်တံခါးတွေ ရိုက်ခွဲခြင်ခွဲ မခွဲချင်နေ။ စာမေးပွဲဖြေချင်ဖြေ မဖြေချင်နေ။ ကျောင်းသူတွေ အဆောင်ရှေ့ သီချင်းအော်ဆိုချင်ဆို ကချင်က။ ပျင်းသေးလို့ ပေါ်ပြူလာဖြစ်ချင်သေးလျှင် အစိုးရကို ကော်ဆဲချင်ဆဲ၊ ကော်ဆဲရင်းက ဒီတိုင်းပြည်မှာ လွတ်လပ်စွာဟောပြောခွင့်မရှိပါဘူးလို့ ပြက်လုံး ထုတ်ချင်ထုတ်။ အေး...... အဲဒီလွတ်လပ်ခွင့်တွေကို ကျပ်ပြည့်တင်းပြည့် ခံစားနေကြတာကလဲ မင်းတို့ နိုင်ငံရေးကျောင်းသားတွေပါ၊ အဲဒီလို လုပ်ချင်တာလုပ်ပြီး အချိန်တန်ဘွဲ့မရဘဲ ထမင်းငတ်တော့ မင်းအဘ ဘယ်နိုင်ငံရေးသမားကမှ ထမင်းလာမကျွေးဘူး....”

“အင်း.... အင်း..... သိပ်ချီးမွမ်းနေ၊ အခု ၃ခါကျ စံနစ်တွေ ဘာတွေ ထွင်တော့မတဲ့..”

မောင်သက်တင်က ရွဲ့ကာမဲ့ကာ ပြောလိုက်သည်။ ကိုရှိန်နှင့်အောင်ခင်မြင့်က ဝမ်းသာအားရ ထခုန် လိုက်သည်။

“နိုပ်ဟ......၊ အဲဒီစံနစ်သာ စောစောကရှိရင် ဒို့ကြာလှဘီ၊ ဘွဲ့တွေဘာတွေယူပြီး အလုပ်အကိုင်နဲ့ မိန်းမရလို့ ခလေးတဒါဇင်ကျော်နေပြီ။ လွတ်လွတ်လပ်လပ်ကြီးနေနိုင်တာမို့ ဒို့ ကျောင်းဆွေးဆွေး၊ လူဆွေးဆွေး နေလာလိုက်ကြတာ အခု ဘယ်နှစ်နှစ်ရှိဘီလဲ၊ ဟေ့....နေပါအုံးဟ၊ ဒို့ ကျောင်းရောက် တာ ဘယ်နှစ်ကလဲ.....”

ကိုရှိန်က ကိုယ်ကျောင်းရောက်သောနှစ်ကို မေ့နေသဖြင့် ၂ယောက်ကပါ ခက်ခက်ခဲခဲ ဝင်တွက်ပေး နေရသည်။ အောင်ခင်မြင့်က အရင်သတိရသည်။

“ဟိုကွာ...ဗိုလ်ချုပ်တို့ မကျဆုံးခင် တနှစ်က”

“အား.... ၄၆ ခုနှစ်ပေါ့၊ အခု ၅၃ ခုနှစ်တောင် ရှိဘီမဟုတ်လား၊ ဘယ်လောက်တောင် ကြာဘီလဲ ဒို့ ကျောင်းရောက်စက မောင်သက်တင်တို့ဆို နှပ်ချီးတွဲလောင်း ငွေးတွဲလောင်းနဲ့ ကစားတုန်းရှိအုံးမယ် အက်စကလပ်စ်ရလို့ ဒို့ထက် တတန်းဘဲပိုကြီးတဲ့ ဒို့သူငယ်ချင်း ကိုမြင့်သူတို့ဆို ခု အမေရိကားက ပြန်လာလို့ ဒေါက်တာဘွဲ့တွေ ဘာတွေရပြီး ကထိကတောင် ဖြစ်နေဘီ”

“တော်စမ်းပါဗျာ.... ဒီ သုံးခါကျစံနစ်ကြီးက မတရားလုပ်တာပါ၊ ပညာရေးဘတ်ဂျက်မှာ ငွေမသုံးနိုင်လို့ ကျောင်းသားတွေကို ကျောင်းက ကန်ထုတ်ချင်လို့ ထွင်တာပါ။ ကျောင်းဆရာ မလုံလောက်၊ ကျောင်းစာအုပ် မလုံလောက်နဲ့ ကျောင်းသားတွေ စာမေးပွဲကျမှာပေါ့....”

“မင်းပြောသလိုဘဲ တန်စမ်းပါမောင်ရင်ရာ.....၊ မင့်ဆင်ခြေတွေကို ကျောင်းအကြောင်း ဘာမှမသိတဲ့ လူကို သွားပေးစမ်းပါ။ မင်းလဲ အသိသားဘဲ။ ဒို့လဲ ကျခဲ့တာဘဲ။ ကျတဲ့ကျောင်းသား တော်တော်များများဟာ တနှစ်လုံးပျော်၊ ဟေးလေးဝါးလားလုပ်၊ မတ်လ စာမေးပွဲဖြေတော့မယ်ဆို ဇန်နဝါရီလ လောက်ရှိမှ စာကျက်၊ မကျခံနိုင်ပါ့မလား မင်းသွားကြည့်စမ်း.... လိုင်ဘရေရီပေါ်မှာ စာမှန်မှန်ကျက်နေတဲ့ အဲဒီလူတွေထဲက ကျတဲ့လူ ဘယ်နှစ်ယောက်ရှိလဲ။ အေး.... ချွင်းချက်တော့ ရှိသပေါ့လေ၊ အင်မတန်ထိုင်းတဲ့ လူတွေ၊ အခြေခံသိပ်ညံ့ခဲ့တဲ့ လူတွေ၊ သူတို့တော့ ကြိုးစားပေမယ့် ကျချင်ကျမပေါ့....”

“တော်ပါဗျာ၊ ခင်ဗျားတို့နဲ့ စကားပြောလို့ မဖြစ်ပါဘူး.....”

အောင်ခင်မြင့်က မောင်သက်တင်အား ကလေးငယ်ကဲ့သို့ ပခုံးပုတ်ကာ ချော့လိုက်သည်။

“ဖြစ်ပါတယ်ကွာ.....၊ မင်း တခြားစကားသာပြောပါ၊ နိုင်ငံရေးတော့ လာမဟောနဲ့ ဒို့က နှောဇကနှောနေဘီ၊ အခု မင်းတို့ခေါင်းဆောင်ဆိုတဲ့ ဖိုးတိတွေ မင်းတို့အဖွဲ့ကကော၊ မင်းတို့ အတိုက်အခံကကော အားလုံး ဒို့သိတယ်၊ ဘယ်သူဘယ်လောက်တော်တယ်၊ ရော်တယ်၊ ညာတယ်၊ တတ်တယ်၊ ဘာတွေလုပ်ခဲ့တယ် ဒို့အကုန်သိတယ် ဟာ..... အတော်ဘဲ မင်းနဲ့စကားပြောလို့ရမယ့် ပုဂ္ဂိုလ်ကြီးတွေ လာဘီသွားတော့...”

အားလုံးသည် လှေခါးဦးဆီသို့ ကြည့်လိုက်ကြရာ ဆံပင်စုတ်ဖွား၊ ဝက်ခြံထူ ရှမ်းလွယ်အိတ်နှင့် ကျောင်းသားပုပုတဦးအား တွေ့ရသည်။ သူ့အနားတွင်ကပ်လျက် အသားဖြူဖြူ အရပ်မြင့်မြင့်နှင့် ပြဇာတ်မင်းသားဂိုက် ဖမ်းနေသူတဦးကိုပါ မြင်ရသည်။

မောင်သက်တင်သည် ကိုရှိန်တို့အား နှုတ်မဆက်တော့ဘဲ ထိုကျောင်းသား ၂ ဦး ဆီသို့ ထွက်ခွာသွားသည်။

“သုဘရာဇာညွန့်နဲ့ တွဲလာတာ ဘယ်သူလဲ....”

ကျောင်းဆောင်တွင်မနေတော့ဘဲ ခေတ္တလာလည်သူသာဖြစ်သည့် တင်ဦးမောင်က မေးသည်။

“ညွန့်တင်ကြီးလိုဘဲ၊ ပြည်သူ့စာရေးဆရာဆို ထင်ပါရဲ့၊ နာမည်က ကြည်ဖြူတဲ့...”

"သူတို့ကို ဘယ်သူက ပြည်သူ့စာရေးဆရာဘွဲ့ ပေးလဲ....."

"သူတို့ဖာသာ သူတို့ ခေါ်ကြတာဘဲလေ"

၃ဦးသား ပြိုင်တူ ရယ်လိုက်မိကြသည်။

"အေးဟေ့.... ကိုလှဝေကြီး ပြောသလိုဘဲ၊ ဒို့ဗမာပြည်မှာ အခုအလွတ်ပညာရှိတွေ သိပ်ပေါနေတယ်"

ကိုရှိန်က မှတ်ချက်ချသည်။

"ဟောဟိုမှာ လွတ်နေသော ပြည်သူ့သမက်ကြီး ၂ ယောက် လာဘီ...."

အောင်ခင်မြင့်က ပြောလိုက်သဖြင့် သူတို့သည် အောက်သို့ ငုံ့ကြည့်လိုက်ကြသည်။

အကျီပြာနှင့် ကိုလှဝေသည် မုတ်ဆိတ်မွေး ဆင်းနှင့်အတူ ကျောင်းဆောင်ရှေ့လမ်းမှ လျှောက်လာကြသည်။

ဆင်းသည် အောင်ခင်မြင့်အား မြင်သောအခါ ညာလက်ကို ထမင်းလုပ်ယူဟန် ပါးစပ်ဆီပို့ပြီး "ရေချိုးပြီးပလား" ဟု မေးလိုက်သည်။ ရွှေနားပေ အောင်ခင်မြင့်က "ထမင်းလား စားပြီးဘီ"ဟု ပြန်ဖြေသည်။

"သောက်ပင်း.... ဒါမျိုးတော့မကြားဘူး။ ဒီလောက်ပင်းတဲ့နားနဲ့ ဘီအီးအောင်ရင် ကလေးတွေ ဘယ်လိုလုပ်များ စာသင်မလဲမသိဘူး"

မောင်ရှိန်က နောက်မှနေ ပြောလိုက်၏။ အောင်ခင်မြင့်က ပြုံးချိုစွာလှည့်ကြည့်လိုက်ရင်း မေးသည်။

"ဘယ်သူလဲ၊ ကိုလှဝေလား..."

သြော် ပင်းပါတယ်ဆိုမှ ကန်းပြနေပြန်ပါဘီ၊ နင့်ကိုပြောတာ နင့်ကို....."

နှစ်ဦးသားမှာ အူတက်မတတ် ရယ်မိကြသည်။

"ဟော့ မောင်ရှိန် မန္တလေးပန်ချာက သိပ် ပေါ်ပြူလာဖြစ်နေပါလား...."

ဆင်း ဥပစာသိပ္ပံတန်းအောင်၍ တကောင်းကျောင်းဆောင်သို့ ပြောင်းလာသောနှစ်က ဖြစ်သည်။ ကျောင်းဆောင်မှ ထမင်းမကျွေးသဖြင့် ဆိုင်မှပို့သောထမင်းကို အခန်းထဲတွင် ကိုရှိန်နှင့် တင်ဦးမောင် မှာစားနေကြစဉ် လူသစ်ဖြစ်သူ ဆင်းက ဖြတ်လျှောက်လာသည်။ ပါးစပ် အငြိမ်မနေနိုင်သော မောင်ရှိန်က လှမ်းနောက်လိုက်၏။

"အီး…ဆရာကီး…. စားပါဦးလား…."

"သြော်…. သုံးဆောင်တော်မူကြပါခင်ဗျာ။ ကျေးဇူးတင်လှပါတယ်။ ဘာဟင်းတွေနဲ့များ သုံးဆောင် နေကြပါသလဲ၊ သွားလိုက်အုံးမယ် ခွင့်ပြုပါနော်"

ဦးခေါင်းညိတ်ကာ ခါးညွတ်ကာနှင့် ဆင်းက ပြန်ပြောသွားသဖြင့် ၂ဦးသား ဟန်မဆောင်ရဲဘဲ ရယ်မိကြရာ ထမင်းလုပ် မမျိုမသေးသော တင်ဦးမောင်ပါးစပ်မှ ထမင်းစေ့များ ကိုရှိန်၏မျက်နှာသို့ စဉ်ကုန်သည်။

"ရီး…… ဒီလောက်ပဲ ရီရသလား၊ ပေကုန်ဘီ…."

"မင်းအဘကို သွားစတာကို၊ အာဂဟေ့….. လက်စသတ်တော့ မန္တလေးပန်ချာကို……"

ထိုနေ့မှစ၍ ဆင်းမှာ မန္တလေးပန်ချာဟု တွင်ခဲ့ခြင်းဖြစ်သည်။

တင်ဦးမောင်သည် ကိုလှဝေ သူတို့ရှေ့တည့်တည့် ရောက်သောအခါ လှမ်း၍ သီချင်းဆို နောက်လိုက် သည်။

"သြော်…. မမနွဲ့ရယ်…. မမနွဲ့ရယ် မျိုးချစ်ကို….. မျိုးချစ်ကို…."

"ဟေ့ကောင် မရရင်လဲ မဟုတ်တာတွေ ဆိုမနေစမ်းပါနဲ့….."

ကိုလှဝေကမူ မချိလှသော အပြုံးကိုသာ ပြုံးရင်း ပြည်လမ်းဘက်သို့ ဆက်ထွက်သွားသည်။

"နွဲ့လိုမိန်းကလေးကို ရောင်ပြေးနေတဲ့ ကိုလှဝေကဘဲ ရူးသလား ကိုလှဝေလို ရောင်ပြေးနေတဲ့လူကိုမှ မမုန်းနိုင်တဲ့ နွဲ့ကဘဲ ရူးသလား"

အောင်ခင်မြင့်က လေးလေးပင်ပင် ညည်းလိုက်သည်၊ ကိုရှိန်ကလည်း တစုံတခုကို သတိရဟန်နှင့် ငြိမ် တွေးနေသည်။

"ဒီမှာဟေ့ ခုနင်က မောင်သက်တင်ပြောတဲ့အထဲမှာ ရန်ပွဲဖျဉ်ပေးတာ ဆရာတယောက်ဆို....."

"အေး ဒီကောင်လေးကတော့ နံမယ်သိပုံမရဘူး။ ဘာပြုလို့လဲ"

"ဒို့ ကိုမြင့်သူကြီးများ ဖြစ်နေမလားလို့"

"အေးဟေ့....၊ သူဆိုရင်တော့ မေရီနဲ့...."

နှစ်ဦးသား တယောက်မျက်နှာ တယောက်ကြည့်နေခိုက် ဆင်းသည် အနားရောက်လာသည်။

"ကို....ကို....ပန်ချာ၊ ဘယ်သွားနေတာလဲ...."

"ဒေါက်တာဦးမြင့်သူဆီပါ၊ ဟေ.... အဲဒါထက် ဟိုချာတိတ်ရန်ဖြစ်လို့ ဝင်ဖျဉ်တာ ဆရာ့တောင် နဲနဲ ထိသွားသေးတယ်...."

"ဟေ... ဆရာမြင့်သူ၊ နေအုံးဆရာ၊ မေရီနဲ့ ဆုံမိကြရောလား...."

"ဆိုင်မိကြတာပေါ့။ နေပါအုံး.... ခင်ဗျားတို့က ကြားပီးဘီလား"

ကိုရှိန်၊ တင်ဦးမောင်နှင့် အောင်ခင်မြင့်တို့က ဆင်း၏အမေးကိုမဖြေ၊ တဦးမျက်နှာသာတဦး အဓိပ္ပယ် ပါပါ ကြည့်နေမိကြသည်။ ရှေးဦးစွာ အောင်ခင်မြင့်က လှုပ်ရှားလာ၍ ပါးစပ်ကိုဖြဲကာ အော်ဆို လိုက်သည်။

"ညီမလေးရယ်... စိုရိမ်မိတယ်."

"နေပါအုံး....၊ ဒါဘာအဓိပ္ပာယ်လဲ"

ဆင်းက ဝင်မေးသည်။

"မသိချင်ပါနဲ့လေ....."

မောင်ရှိန်သည် မြက်ခင်းပြင်၏တဖက်ရှိ ပြည်ကျောင်းဆောင်၏ အရှေ့ဘက်ထိပ်မှ ကံ့ကော်ပင်ကြီး အား မျှော်ကြည့်ရင်း ဆိုလိုက်သည်။

သူ၏အာရုံတွင်မူ အင်းလျားကျောင်းဆောင်ရှေ့၌ ရွှေဝါနှင့်ငွေဖြူဝင်းသော ပန်းစည်းကြီးကို ပိုက်လျက် ရပ်နေသော နုထွားပျိုလွင်သည့် လူငယ်တဦး၏ သဏ္ဍာန်ကို မြင်နေမိသည်။

ခဏချင်းမှာပင် သူ့စိတ်သည် မှိုင်းညို့လေးပင်လာသည်။ ထို့ကြောင့်ပင် တယောကို ကောက်ကိုင် လိုက်ကာ အသံစဉ်တခုအား ဖွဲ့စမ်းတောယူနေမိသည်။ မရှေးမနှောင်းပင် လေးနွဲ့သောတယောသံနှင့် အတူ တေးတပိုဒ်ကို လှစ်ဟညည်းညူနေမိသည်။

"ဒီဘဝရဲ့ဘုံအလယ်...၊ ညီမတွက်ပုံတသွယ်....၊ သြော်....ရီပျပျမှုန်ခြယ်...."

သူ့အသံမှာ လေးလေးနှင့် ဆွေးမြည့်မြည့်ဖြစ်နေ၏။

"မဟီနန်းမြိုင် သဲဆိုင်ဦးဝယ်၊ ပွင့်ဖူးခဲ့တဲ့ မာလာခိုင်စပယ်...."

အဆိုနှင့်လိုက်ဖက်စွာ တယောသံလေးမှာလည်း နွဲ့နွဲ့ထွက်ပေါ်နေသည်။

"လှိုင်ကြူတင့်ဆန်း.... ပိုင်ပိုင်သူ မဆင်မြန်းသာ၊ ဘုံအနှမ်းဝယ် ယုံစတမ်းကွယ် တင့်ပန်းနွယ်...."

အဆိုမှာ ကြာလေ လှိုက်လှဲလာသည်။

"ချစ်လွမ်းရိပ်သံသရာမှာကွယ်၊ သမုဒယအရေး... သြော်...တခုကမှမအေးမှာမို့၊ ညီမလေးရယ် စိုးရိမ် မိတယ်"

တင်ဦးမောင်နှင့် မောင်ခင်မြင့်တို့မှာလည်း ငြိမ်သက်နေကြသည်။

"လောကဓံ မာယာဥာဏ်ကြွယ် နှောင်းတပွင့်နှယ်....၊ ပြောင်းလွင့်ကွယ်....၊ လောင်းမဆင့်သင့်တဲ့ ဟောင်းရင့် ဇာတ်ကြောင်းနှယ်"

နားမလည်ရှာသူ ဆင်းကသာ သူတို့ ၃ ဦး၏ မျက်နှာများအား လှည့်ကာကြည့်နေမိပါ၏။

**အခန်း(၅)**

ခါတိုင်းဆိုလျှင် အားလပ်သောစနေနေ့ နေ့လယ်ပိုင်း၌ ပဂ္ဂိဝမ်းခေါင်းဆောင်သော စကားဝိုင်းတွင် ပျော်ပျော်ရွှင်ရွှင် ဝင်နွှဲနေလေ့ရှိသော မေရီသည် ယနေ့ တဦးတည်း အခန်းရှေ့ထွက်ကာ အတွေးနယ် လွန်နေမိသည်။

ယနေ့ကြုံခဲ့ရသမျှမှာ နုနယ်သော မေရီ၏ နုလုံးသားဝယ် လက်ခံနိုင်သည်ထက် ထွေပြားရှုပ်ထွေး လှသဖြင့် မေရီမှာ တကိုယ်လုံးတုန်ယင်လျက် အားလျော့နွမ်းနယ်မှုတရပ်ကို ခံစားနေရသည်။

“မေရီ ဘာဖြစ်သလဲ...၊ နေမကောင်းဘူးလား”

ပြန်ရောက်စတွင် သွက်လက်သမျှ တဖက်သားပေါ်တွင် ကြင်နာတတ်သော ပဂ္ဂိဝမ်းက မေးသည်။

“မေရီ နေကောင်းပါတယ်”

“မေရီ နေကောင်းတယ်သာဆိုတယ်... မေရီမျက်နှာကလဲ မကောင်းပါလား”

“မေရီ မျက်နှာမကောင်းရအောင် မေရီနူနေလို့လား....”

မေရီက ဟန်ဆောင်ပြုံးရယ်ရင်း ပြန်နောက်လိုက်သည်။

“မျက်နှာကတော့ မနူပါဘူး၊ အသဲကများ ပုပ်နေသလားလို့ပါ”

“အို.... ပဂ္ဂီစကားက ဘာစကားလဲ”

“ဟော.... အိုးမလုံဘူးထင်တယ်၊ ပဂ္ဂီရှင်းပြမယ်။ တက္ကသိုလ်မှာ မေရီ့လိုလှတဲ့ မိန်းကလေးတွေ၊ ပြီးတော့ အမေပေးတဲ့အသဲလွှာကို သူ့သမီး ငါ့သခင်အတွက် မငြိုငြင်ရက်ရှာ အဟောသိကံ မင်းဝေသန်လုပ်ချင်တဲ့ ကျောင်းသားလေးတွေဟာ ရောဂါဆန်းတခု ရတတ်တယ်။ အဲဒီရောဂါဟာ အတွင်းထဲကလှိုက်စားတာ၊ ဆရာဝန်တွေက အဲဒီရောဂါကို အသဲတခြမ်းပုပ်တဲ့ရောဂါလို့ ခေါ်တယ်”

ပဂ္ဂိဝမ်းက ကြဲကြဲဖန်ဖန် စီကာပတ်ကုံး ပြောနေသဖြင့် မေရီမှာ လှိုက်လှိုက်လှဲလှဲလေး ရယ်မောမိသည်။

“မင်း တော်တော် ကြုံကြုံဖန်ဖန်ပြောတတ်တယ် ပဂ္ဂီ၊ ဒါကြောင့်လဲ ဒီဗိတ်တာ ဖြစ်နေတာ”

ပဂ္ဂီဝမ်းမှာ အသားဝါဝါ ဖိုင့်ဖိုင့်နှင့် ချစ်ဖွယ်ကောင်းသော တရုပ်ကပြားမလေး ဖြစ်သည်။ မျက်ပေါက်ကလေး အတန်ငယ်ကျဉ်းသော်လည်း မပြားလွန်းသောနှာခေါင်း၊ မို့ဖေါင်းဖေါင်းလေးနေသော ပါးစုန့်ကလေးများဖြင့် ဘော့ဟဲယားလေးနှင့် ဖြစ်ပြန်ရာ ကလေးမလေးသဖွယ် ခင်မင်ချစ်စဖွယ်ရှိသည်။ အပြောကောင်းအဟောကောင်း ဖြစ်သဖြင့် ကျောင်းရောက်သည်မှာ မကြာသေးသော်လည်း တက္ကသိုလ်စကားရည်လုပွဲများတွင် အင်းလျားကျောင်းဆောင်ကိုယ်စား ၂ချီခန့် အောင်အောင်မြင်မြင် ဝင်နွဲပြီးပြီ ဖြစ်လေသည်။

“ကဲပါလေ....မေရီ စကားတွေလွဲချမနေနဲ့၊ မေရီ ဒီနေ့ဘာဖြစ်ခဲ့သလဲ ပြော”

မေရီကမူ လူကဲခတ်ကောင်းလှသော ပဂ္ဂီအား အံ့သြသရောင်စိုက်ကြည့်နေသည်။

“မေရီ မပြောချင်လဲနေလေ၊ ပဂ္ဂီမှာ ယောကျ်ားလေးသူငယ်ချင်းတွေ အများကြီးရှိတယ်။ ကိုလှမြင့်၊ ကိုအေးထွန်းတို့၊ ကိုခင်မောင်အေးတို့၊ နောက် ဟို တကောင်းဟောက ကိုကိုပန်ချာတို့ တက္ကသိုလ်ဘယ်နေရာမှာ ဘယ်တုန်းက ဘယ်သူဘာဖြစ်တယ်ဆိုတာ သူတို့အကုန်သိတယ်။ သူတို့သိရင် ပဂ္ဂီသိတာဘဲ၊ အဲဒီတော့မှ မေရီ့အကြောင်း ပဂ္ဂီသိရင် တခန်းဝင်တခန်းထွက် ရှောက် မောင်းခတ်လိုက်မယ်”

မေရီမှာ မျက်လုံးလေးပြူးသွားသည်။ ပဂ္ဂီမှာ သူပြောသကဲ့သို့ပင် ယောကျ်ားလေးသူငယ်ချင်း များစွာရှိသည်။ အခြားမိန်းကလေးများကဲ့သို့ အရှက်အကြောက်လည်း နေရာတကာမကြီးလွန်း၊ ဟန်လည်းမများလွန်း၊ သူ့ကိုနောက်လျှင် ပြန်နောက်တတ်၍ သူ့ကိုစလျှင် ပြန်တွယ်တတ်သော ပဂ္ဂီအား ယောကျ်ားလေးအချို့က လန့်ကြသော်လည်း တော်တော်များများမှာ လေးစားခင်မင်ကြသည်။

မေရီမှာ ဤသို့ သွက်လက်သမျှ ဉာဏ်ထက်မျက်လှသော တရုပ်ပုပ်မလေးအား ဆက်လက်ဖုံးကွယ်၍ မဖြစ်တော့မှန်း သိသဖြင့် နံနက်မှဖြစ်ခဲ့သမျှကို ပြန်ပြောရသည်။

ပဂ္ဂီသည် မျက်တောင်ပုပ်ခတ်လုပ်ရင်း နားထောင်နေရာမှ မေရီစကား ဆုံးသွား သောအခါ မှတ်ချက်ပေးသည်။

“ဒီ ကက်နက်ဆိုတဲ့သတ္တဝါ စာမပေးဘူးတဲ့မိန်းခလေး တက္ကသိုလ်မှာ အရှားသားဘဲ၊ သူက အိပ်ထဲအမြဲတမ်း စာ ၃ စောင်လောက် ထဲ့ထားတတ်တယ်၊ အလကားလူပါ၊ မေရီပြောတဲ့ ဟိုဘုကောင်လေး နံမယ်က မောင်သက်တင်လို့ခေါ် တယ်၊ ဘုကျပေမယ့် စိတ်ရင်းကောင်းပါတယ်။ ပဂ္ဂီနဲ့ ခင်သားဘဲ.....”

မေရီသည် ပက္ဂီအား ဒုတိယအကြိမ် အံ့သြစွာ ငေးကြည့်လိုက်မိသည်။

“ပက္ဂီ မင်း.... ရီပို့တာ လုပ်စားဘို့ကောင်းတယ်၊ မင်းမသိတာ မရှိဘူး....”

“ပက္ဂီသာ ရီပို့တာလုပ်ရရင် ဟို နိုင်ငံရေးမမတွေ အရင်ထိုင်ငိုမှာ....”

ပက္ဂီသည် ခပ်လှမ်းလှမ်းရှိ အခန်းတခုကို မေးငေါ့ပြရင်း ပြောလိုက်သည်။

ဟို အင်္ကျီပြာနဲ့လူက ကိုလှဝေကြီးဘဲ ဖြစ်ရမှာဘဲ၊ သူက အမြဲအင်္ကျီပြာဝတ်တတ်တယ်၊ လဲမှလဲရဲ့လား မသိဘူး၊ သူ့ကို ကျောင်းထိုင်ပုဂ္ဂိုလ်လို့လဲ ခေါ်တယ်။ ကျောင်းရောက်တာ ကြာလှဘီ၊ သူကလဲ တိတ်တိတ်ပုန်း အဆွေးသမားကြီးပါ။

“သူက ဘာပြုလို့ ဆွေးရတာလဲ....”

“မမန္တဲ့ကြောင့်ပေါ့......”

“ဟ စုံလှချည်လား ပက္ဂီရ၊ ဒါတွေ မင်းဘယ်ကကြားလဲ....”

“သိတာပေါ့ တကောင်းဟောမှာ ဘီအီးဒီတက်နေတဲ့ ပက္ဂီ့အကိုသူငယ်ချင်း ရွှေနပေကိုအောင်ခင်မြင့် ရှိတယ်၊ သူ့ဆီကပေါ့....”

မေ့ရီသည် မမန္တဲ့နှင့် ကိုလှဝေတို့အကြောင်း မေးမည်ပြုစဉ် ပက္ဂီက ဦးအောင် မေးခွန်းတခု ထုတ်လိုက်သည်။

“နေအုံး ခုနက မေရီပြောတဲ့ ဆရာဦးမြင့်သူက တော်တော်ချောလား.....”

မေရီ၏ မျက်နှာလေးမှာ ပျက်သွားသည်။

“ဘာပြုလို့တုံး.....”

“ပက္ဂီမေးတာ ဖြေစမ်းပါ....”

“မွန်မွန်ရည်ရည်ပါ၊ ဘာဖြစ်လို့လဲ....”

"သြော်....ခုနက မေရီပြောတုန်းက သူ့အကြောင်းကို မေရီအများဆုံးပြောတယ်၊ စုံစမ်းအုံးနော်၊ လူပျို ဟုတ်ကဲ့လား....."

"အို..... ပဂ္ဂီကလဲ ဘာဆိုင်လို့တုန်း...."

"ဟော ပြောရင်းဆိုရင်း မျက်နှာတွေနီလာဘီ၊ ဒါဘဲနော် ခလေးမ ကိုယ့်ဆရာသမားကို မပစ်မှားနဲ့ ငရဲကြီးနေအုံးမယ်...."

"ပဂ္ဂီနော် ရှက်စရာကြီး ဘာတွေရှောက်ပြောနေတာလဲ...."

မေရီ၏ အမူအရာမှာ အတန်ပင် ပျက်နေပြီဖြစ်သည်။ ရှေ့ဆက်လျှင် ပိုဆိုးတော့မည်ဖြစ်ရာ ဗျစ်တောက်မြည်သံနှင့်အတူ အဆောင်မှူးပေါ်လာသဖြင့်သာ တော်တော့သည်။

"တယ်ခက်ကြတာဘဲ၊ ခလေးတွေဆိုယင်လဲ ဒုတ်နဲ့ရိုက်ရရဲ့..."

ခေါင်းလျှော်တတ်ကြသော စနေနေ့လည်းဖြစ်၍ ကြားနေကြ မြည်တွန်သံလည်းဖြစ်သဖြင့် အဆောင်မှူး မည်သည့် အမြင်မတော်ရာကို တွေ့ခဲ့ပြီဆိုခြင်းကို မေရီနှင့်ပဂ္ဂီမှာ ရိပ်မိပြီးဖြစ်သည်။

အချို့သော ကျောင်းသူများမှာ ခေါင်းလျှော်လျှင် သီးသန့်ခွက်ကို အသုံးမပြုဘဲ မျက်နှာသစ် လက်ဆေးခြင်းတို့သာ ပြုထိုက်သော ကြွေခွက်ကြီးများကိုသာ သုံးတတ်ကြသည်။ စင်ကြယ်အောင် လည်း မဆေးခဲ့ကြသဖြင့် ကြွေခွက်ကြီးများမှာ ချွဲကျန်ရစ်ကာ ၄င်းတို့ဆီမှ ရေသွယ်ထွက်ရာဖြစ်သော ပြွန်ပေါက်များမှာလည်း တရော်ကင်ပွန်းသီးများနှင့် ပိတ်ဆို့နေတတ်သည်။

မေရီနှင့်ပဂ္ဂီမှာ တယောက်မျက်နှာ တယောက်ကြည့်၍ တိတ်တိတ်ပြုံးနေကြစဉ် အဆောင်မှူးသည် ဟောကြူတာ ဆရာမတဦးနှင့် ရပ်စကာပြောရင်း ဆက်လက်ဆိုမြည်နေ၏။

"အဝတ်လျှော်ရင်လဲ ပေးထားတဲ့ သစ်သားခုံပေါ်မှာ လျှော်ရမှာ ဘယ်လောက်ဝန်လေးလို့လဲ ဒီ ကြွေခွက်ထဲမှာဘဲ၊ အင်္ဂတေတွေကွာပြီး ပျက်ကုန်ဘီ။ ဟိုနေ့ကဘဲ တလုံးပြင်ရပီးဘီမဟုတ်လား ဆရာမတို့ကလဲ နဲနဲ တင်းတင်းကြပ်ကြပ် လုပ်ပေးမှပေါ့....."

သမီးတကောင်နွားတထောင်ဟု ဆိုရိုးရှိရာ တကောင်မကသော ဝမ်းမလွယ်သမီးတို့အား ထိန်းကျောင်း ရရှာသူ အဆောင်မှူးဆရာမကြီးအတွက်မှာ မလွယ်လှချေ။ ကျောထောက်နောက်ခံ ထိန်းသိမ်းမှု၊ ပတ်ဝန်းကျင် အခြေအနေပေါင်းစုံမှ လာကြသော ကျောင်းသူများအနက် စည်းကမ်းမဲ့သူအချို့ ပါလာ တတ်ရာ တာဝန်ခံဆရာမများအတွက် တခါတရံ ခေါင်းကိုက်ဖွယ်ဖြစ်နေသည်။

များသောအားဖြင့် ကျောင်းသူကလေးများမှာ တက္ကသိုလ်ရောက်မှ ပဌမဦးဆုံးအကြိမ်အဖြစ် လွတ်လပ်စွာ နေခွင့်ရခဲ့ကြသည်ဖြစ်ရာ အစစအရာရာ မိမိတို့ကိုယ်ကို မိမိတို့ မထိန်းသိမ်းတတ်သေး၊ ရုတ်တရက် ရရှိခံစားရသော လွတ်လပ်ရေးကြောင့် စိတ်မထိန်းနိုင်ဖြစ်ကာ စောင့်ရှောက်အပ်သည့် အချို့စည်းကမ်းများကိုပင် ဖောက်ဖျက်မိတတ်ကြသည်၊ ဤအခါများတွင် ဆရာမများနှင့် စိတ်ကောင်းစေတနာကောင်းရှိ၍ တာဝန်သိတတ်ကြသော ကျောင်းသူကြီးများက ဖျောင်းဖျလမ်းညွှန် ပေးကြရသည်။ ကျောင်းသူအများစုမှာ ဤသို့ ဖျောင်းဖျညွှန်ကြားပေးမှုကို လိုက်နာကျင့်သုံးကြ၍ တစတစ သိတတ်လိမ္မာလာကြသော်လည်း တယောက်ကောင်း နှစ်ယောက်ကောင်း ဟူ၍မူ မနှစ်သက်သူ မနာခံသူများလည်း ရှိသေးသည်။ သူတို့အတွက်မူ ဆရာမကြီးပြောသကဲ့သို့ အရွယ်ရောက်ပြီးသူများဖြစ်ကြသဖြင့် ရိုက်ဆုံးမ၍လည်းမဖြစ်၊ ဆရာမကြီးကဲ့သို့သော အုပ်ထိန်းသူများ၏ အခက်အခဲကို သားသမီးများသူ မိဘများသာလျှင် ကိုယ်ချင်းစာ နားလည်နိုင်ပေမည်။

ဟောကြိုတာ ဆရာမလေးနှင့် ရပ်စကားပြောပြီး၍ ဆက်လျှောက်လာခဲ့သော အဆောင်မှူးသည် မေရီနှင့် ပဂ္ဂိတို့အား တွေ့လိုက်သောအခါ ပြုံး၍ နှုတ်ဆက်လိုက်သည်။

"ပဂ္ဂိ ဒီနေ့ အိမ်ပြန်မလို့ဆို၊ မသွားသေးဘူးလား"

"ဟုတ်ကဲ့မမ၊ ပြန်ပါ့မယ်၊ အိမ်ကကားမလာသေးလို့ စောင့်နေတာပါ...."

"အေးအေး... အိမ်ရောက်ရင် လျှောက်ပြီးလယ်မနေနဲ့၊ စာကျက်ဖို့ စာအုပ်လေးဘာလေး ယူသွား..."

မြို့ထဲတွင် မိဘအုပ်ထိန်းသူရှိသော ကျောင်းသူများမှာ မိဘအုပ်ထိန်းသူများ၏ ခွင့်ပြုချက်စာရလျှင် သောကြာနေ့မှ ကြိုတင် အခွင့်တောင်း၍ စနေနေ့၌ အိမ်ပြန်အိပ်ခွင့်ရှိသည်။

သာမန် မြို့တွင်းသို့ထွက်လည်ချင်သူ ကျောင်းသူများအတွက်လည်း ဤသို့ ထွက်လည်ခြင်းကို သဘောတူကြောင်း မိဘအုပ်ထိန်းသူများထံမှ ခွင့်ပြုချက်စာကို ရယူထားသည်။ ထွက်မလည်မီဆိုင်ရာ ဟောကြိုတာအား တိုင်ကြား၍ စာအုပ်တွင်လည်း မိမိတို့သွားမည့်နေရာ၊ ရည်ရွယ်ချက်စသည်တို့အား ရေးသားဖော်ပြ လက်မှတ်ထိုးခဲ့ရပြီး ညနေ ၆နာရီ လူစီတန်းစစ် အချိန်မှီ ကျောင်းဆောင်သို့ ပြန်ရာက်ရသည်။

တကြောင်းကြောင်းကြောင့် နောက်ကျနေလျှင် ဆရာမများမှာ စိုးရိမ်ကြောင့်ကြတတ်၍ ဤသို့စည်းကမ်းဖောက်ပြန်သူများတို့မှာမူ ဆရာမကြီး၏ အရေးယူမှု၊ မိဘအုပ်ထိန်းသူထံ စာရေး တိုင်စာပို့စေခြင်း စသောအပြစ်ဒဏ် ခံကြရသည်။

ကျောင်းအတွင်း၌ ပွဲလမ်းသဘင်ရှိ၍ ညအချိန်တွင် ကျောင်းသူကြီးများ၊ ဆရာမများ အအုပ်အချုပ်ဖြင့် ထွက်ရသည်မှလွဲ၍ သာမန်အချိန်ဆိုလျှင် ည ၆နာရီလွန်က ဘယ်မျှထွက်ခွင့်မရှိချေ။ အထူးသဖြင့် အင်းလျားကျောင်းဆောင်မှာ ပိုမိုစည်းကမ်းကြီးသည်။ ကျောင်းသူလေးများ၏ သွားလာလှုပ်ရှားခွင့်မှာ အချို့ထင်သကဲ့သို့ လွတ်လပ်လွန်းလှသည်မဟုတ်၊ ထုံးစံအတိုင်းပင် စည်းကမ်း မည်မျှကောင်းသော်လည်း တနည်းနှင့်မဟုတ်တနည်းနှင့် တိမ်းရှောင်ကွေ့ဖောက်သူများမှာ ချွင်းချက်အားဖြင့်မူ ရှိသည်။

"ဘာလဲပဂ္ဂီ....၊ မင်း ဒီနေ့ အိမ်ပြန်အိပ်မလို့လား"

အဆောင်မှူး ထွက်ခွာသွားသောအခါ မေရီက ရင်လေးတဒိတ်ဒိတ်ခုန်ရင်း မေးသည်။

"ဟုတ်တယ်မေရီ...."

မေရီသည် ဘာမျှပြန်မပြောတော့ချေ။ ခါတိုင်းဆိုလျှင်မူ ပဂ္ဂီမြို့ထဲပြန်အိပ်မည်ကို အလွန်စိုးရိမ်မိသည်။ ယခုမူ တိတ်တိတ်ကျိတ် ဝမ်းသာမိ၍ ရင်လေးမှာသာ ခုန်နေသည်။

ထိုစဉ် ပဂ္ဂီ၏အပေါင်းအဖော်များ ရောက်လာကာ ထုံးစံအတိုင်း စကားဝိုင်းစသဖြင့် ပထမသော် ဣန္ဒြေမပျက် ဝင်ရောခဲ့ပြီးမှ အလစ်တွင် မေရီသည် အပြင်ထွက်၍ ငေးနေမိသည်။

မေရီသည် ကျောင်းဆောင်၏တောင်ဘက် မလှမ်းမကမ်းရှိ ပါမောက္ခချုပ်အိမ်ရှေ့မှ ကံ့ကော်ပင်များကို မြင်နေရသည်။

"မေရီ ဂန့်ဂေါ်ပန်းကို ချစ်သလား...."

ဤအသံမှာ မေရီ၏ရင်ထဲတွင် ပဲ့တင်ထပ်နေ၍ အသံရှင်၏ မှိုင်းရိပ်ဆင်နေသော မျက်နှာမှာ မျက်လုံးဝယ် ပေါ်လာသည်။

ဘာကြောင့် အေးချမ်းတည်ငြိမ်၍ ရင့်ကျက်ပြီးသော သူတဦးသည် ကံ့ကော်ဟူသောအသံ ကြားရုံမျှနှင့် ဤမျှ မချုပ်ထိန်းနိုင်အောင် မျက်စိမျက်နှာပျက်ရသည်ကို မေရီမှာ မစဉ်းစားတတ်အောင် ဖြစ်နေမိသည်။ မိမိ အစအဆုံး အလုံးစုံသိသည်ထင်ခဲ့သည့် ဇာတ်လမ်းဝယ် လျှို့ဝှက်တိမ်မြုပ်နေသော အပိုင်းများ ရှိနေလိမ့်ဦးမည်လားဟု မေရီသည် ပထမဆုံးအကြိမ် သံသယဖြစ်မိသည်။

မိမိကိုယ်အားလည်း မကျေမနပ်ဖြစ်မိသည်။ တွေ့လိုသူအား ရှာစဉ်က မတွေ့ဘဲ မမြော်လင့်စဉ် ကြုံမိပြန်တော့လည်း မိမိစိတ်ကူး၌ စီစဉ်ပြင်ဆင်ထားခဲ့မိသော ဟန်မျိုးကိုလည်း မလုပ်မိ၊ ပြောချင်၍ ပြောမည်ဟု တွေးတောရွေးချယ်ထားသော စကားများကိုလည်း မဆိုမိ။ မိမိတကြိမ်တခါမျှ မခံစား

ဘူးသော မိမိကိုယ်တိုင် နာမည်မမှည့်နိုင်သည့် ပြင်းထန်လှိုက်လှဲသော ဝေဒနာတရပ်၏ လွှမ်းခြုံစိုးပိုင်မှုကို မတွန်းလှန်သာဘဲ အရှုံးပေးခဲ့မိသည့် မိမိကိုသာ အံ့ဩမိရင်းက အပြစ်လည်း တင်မိသည်။

အတွေးအလီလီနှင့် ဟိုဟိုသည်သည် မှန်းရည်ငေးမျှော်နေမိသော မေရီ၏ မျက်လုံးအစုံသည် အောက်ထပ် ကျောင်းဆောင် မျက်နှာစာပန်းခင်းအနီး လမ်းဘေးကပ်ကာ ရပ်ထားသည့် အစိမ်းနုရောင် ဟမ်းဘားဟောက်စ် အမျိုးအစား ကားကြီးဆီသို့ ရောက်သွားသည်။

ကား၏အရှေ့ ရွှံ့ကာပေါ်တွင် ကိုယ်တစောင်းမှီလှဲရင်း စီးကရက်တလိပ်ကို မာန်ပါပါခဲလျက်နှင့် ကျောင်းသားကြီးဟန်ပေါ်နေသော လူရွယ်တဦးက မေရီ့အား မျက်တောင်ကိုစင်းမှေးရင်း စူးစိုက်ကြည့်နေသည်။ သူသည် ပိုးတိုက်ပုံအဖြူ ဘန်ကောက်လုံချည် ပန်းရောင်နုတို့ကို သပ်ယပ်စွာ ဝတ်ဆင်ထား၍ ခေါင်းကို သေသပ်ပြောင်လက်စွာ ဖြီးထား၏၊ အသားမှာ မဖြူမညိုဖြစ်သော်လည်း မျက်နှာမှာ အတန်ဖွေးနေသဖြင့် တစုံတခုလိမ်းထားမှန်း သိသာနေသည်။

မေရီနှင့် မျက်လုံးချင်းဆုံမိသောအခါ သူက အသာပြုံးလိုက်၍ ဦးခေါင်းညိတ်ကာ နှုတ်ဆက်ဟန်ပြုလိုက်သည်၊ မိမိနှင့် မသိသူဖြစ်သဖြင့် ရဲတင်းလှသော ထိုသူအား မေရီသည် မည်သို့မျှ မတုံ့ပြန်ဘဲ မျက်နှာလေးကိုသာ အနည်းငယ်တင်းအောင် ပြင်လျှက် မျက်လုံးကို လွှဲလိုက်သည်။

ကျောင်းဆောင်အရှေ့တွင်မူ အိမ်ပြန်သည့်သူများ၊ လာခေါ်သူများ၊ ဧည့်သည်များနှင့် စည်ကားရှုပ်ထွေးနေလျက် ကားအဝင်အထွက် အဆိုက်အနားလည်း များနေ၏။

မေရီသည် မျက်နက်လေးစွေကာ စောစောကလူအား အလစ်ခိုးကြည့်လိုက်ပြန်သည်။ သူကမူ အမူအရာမပျက် ပြုံးမြဲပြုံးလျက် မေရီ့အား စိုက်ကြည့်မြဲ စိုက်ကြည့်နေသည်။

မေရီ့ရင်မှာ လှုပ်ရှားသွားပြီး ပါးပြင်မှာ အနည်းငယ်ရဲသွားလျက် မျက်နှာကို လွှဲလိုက်ရပြန်သည်။

ထိုစဉ် ဘိနပ်သံ တဖျတ်ဖျတ်နှင့်အတူ ကျောင်းသူကြီးကြီးတယောက်သည် မေရီ့အနားသို့ ရောက်လာသည်။ ကျောင်းသူမှာ ပွဲထိုင်သွားမည့်ဟန် အစွမ်းကုန်လိမ်းခြယ်ထား၍ ကိုယ်မှာလည်း ရွှေရောင်နိုင်လွန်ရောင် ဘရိုကိတ်ရောင်တို့ဖြင့် တောင်ပြောင်နေသည်။ ကျောင်းသူသည် မေရီ့အား မြင်သောအခါ သေးမျှင်လှသော မျက်ခုန်းကို ဟန်ပါပါပင့်လျက် နီရဲသောနှုတ်ခမ်းကို ရှုရှုပွင့်အာရင်း ခင်မင်ရင်းနှီးစွာ နှုတ်ဆက်သည်။

"အို...မေရီ၊ မင်းဘယ်မှ မသွားဘူးလား...."

"မသွားပါဘူး မမဒေါရစ်"

ကျောင်းသူမှာ ဝိဇ္ဇာတန်းမှဖြစ်၍ အမည်မှာ ဒေါ်ရစ်တင်ခေါ် လှလှတင်ဖြစ်သည်။

"အို..... ဘယ်မှမသွားရင် ပျင်းစရာကြီးပေါ့၊ မေရီ မမတို့နဲ့လိုက်မလား"

လှလှတင်သည် မျက်တောင်ကို စုံခတ်ရင်း မေရီ့အား ကလေးငယ်ကို စူးစမ်းသည့်ဟန် စိုက်ကြည့်နေသည်။ နောက် အသံကိုနိမ့်ကာ တိုးတိုးဆက်ပြောသည်။

"ဒီညနေမှာ ပါတီတခုရှိတယ်၊ သိပ်ပျော်ဘို့ကောင်းမယ်၊ မေရီလိုက်ခဲ့ပါလား"

"နေပါစေမမ၊ ကျေးဇူးတင်ပါတယ်၊ မေရီ နဲနဲနေမကောင်းလို့ပါ"

"အို..... နေမကောင်းရင် ဟိုကြလန်းသွားမှာပေါ့၊ အဝတ်အစားလဲချေပါလား၊ မမတို့စောင့်နေမယ်....၊ သင်သင်တောင်လိုက်မှာ၊ သူမပြီးသေးလို့ မမခု စောင့်နေတာပေါ့....."

ခါတိုင်းဆိုလျှင် မေရီသည် ဤအခွင့်အရေးမျိုးကို ငြင်းမိမည်မသေချာချေ။ သို့ရာတွင် ယနေ့မူ ဘာကြောင့်မသိ၊ မေရီမှာ စိတ်တက်ကြွခြင်းမရှိလှ။

"နောက်တခါမှဘဲ လိုက်ပါ့မယ် မမရယ်၊ ပြီးတော့ ခု မေရီ့ကိုလဲ ဘယ်သူကမှ ဖိတ်တာလဲ မဟုတ်....."

မေရီကသာ လှလှတင်၏ကိုယ်မှ ပျံ့ထွက်လာသော ဂိုယာရေမွှေးနံ့ကို ရှူရှိုက်ရင်း ငြင်းသည်။ လှလှတင်ကမူ ရယ်စရာမရှိဘဲ အသာရယ်လိုက်သည်။

"ဩော်–မေရီနှယ် မမဖိတ်ရင် ဖိတ်တာဘဲပေါ့၊ ပြီးတော့ ဟိုမှာလေ မမကာဇင်တော်တယ်။ အတွင်းဝန်ဦးအုန်းညွှန့်သားပေါ့၊ ဟင်နရီညွှန့်လို့ခေါ်တယ်၊ ဒီနေ့ပါတီမှာ သူဒကာပေါ့၊ သူက မေရီနဲ့ သိပ်သိချင်လို့ မိတ်ဖွဲ့ပေးဘို့ မမကို ပူဆာနေတာကြာဘီ၊ ဘီအေဂုဏ်ထူးတန်းသမားဘဲ မေရီ၊ မေရီပါလာရင် သူ သိပ်ဝမ်းသာမှာဘဲ....."

လှလှတင်က ဟမ်းဘားကားစိမ်းဘေးမှ လူရွယ်အားညွှန်ပြရင်း လေရှည်ကြီးပြောနေသည်။

"ကျေးဇူးတင်ပါတယ် မမ၊ ဒါပေမယ့် ဒီနေ့ မေရီ တကယ်နေမကောင်းလို့ပါ...."

လှလှတင်က မျက်ခုန်းနှစ်ဖက်ကို အသာတွန့်လိုက်ကာ "ဘာလဲ" ဟု အဓိပ္ပာယ်ပါပါ မေးလိုက်ပြီး မေရီ၏ နားနားကပ်၍ တစုံတခုမေးလိုက်သည်။

"ဟုတ်တယ်မှတ်လား....."

"အို မမကလဲ မဟုတ်ပါဘူး၊ မေရီ ခေါင်းမူးနေလို့ပါ....."

မေရီ့မျက်နှာကလေးမှာ ရှက်သွေးဖြင့်နီရဲနေသည်။ လုလုတင်အားလည်း မုန်းသလို အထင်သေးသလို ဖြစ်သွားမိသည်။

လုလုတင်ကသာ ဂရုမစိုက် ဆက်ပြောနေသည်။ "ဒါဖြင့် ရှိပါစေတော့လေ၊ နက်ဖြန်တော့ ပစ်ချာ သွားမယ်၊ မေရီ လိုက်ခဲ့ရမယ်နော် ဒါဘဲ...."

မေရီမှာ ဆက်ငြင်းရန်မကောင်းတော့သဖြင့် ခေါင်းညိတ်လိုက်ရတော့သည်။

မလှမ်းမကမ်းရှိ အခန်းတခုအတွင်းမှ အသားမဲမဲ အင်္ကျီထူထဘီထူနှင့် မျက်နှာထားတင်းသော ကျောင်းသူတဦးက ထွက်လာ၍ မေရီတို့အား တစေ့တစောင်း ကြည့်နေသည်။ မရှေးမနှောင်းပင် စကြံန်အချိုးကို လွန်၍ လုလုတင်ကဲ့သို့ပင် ဖြီးလိမ်းပြင်ဆင်ထားသော ကျောင်းသူငယ်ငယ်တဦး ပေါ် လာသည်။ လုလုတင်ပြောသော သင်သင်ပင်ဖြစ်၏။

သင်သင်၏ မျက်နှာကလေးမှာ သွယ်သွယ်နှင့် နုနုနယ်နယ်ပင် ဖြစ်ချေသည်။ ဖြူဝင်းစိုပြေသော အသားလေးမှာ ရင်နေခါးကျ သွယ်နှောင်းလှသည့် ကိုယ်ကြော့ကြော့ပေါ်၌ ဆင်ထားသော အစိမ်းနု ရောင် ပိုးထဘီ၊ နိုင်လွန်အင်္ကျီဖြူတို့နှင့် ပနာဟပ်ကာ လန်းဆန်းလတ်ဆတ်နေ၏။ သင်သင်၏ မျက်နှာလေးသည် ချောမောသော်လည်း မိမိကိုယ်အားမိမိ ယုံကြည်စိတ်ချခြင်း မရှိသေးသည့်ဟန် ပတ်ဝန်းကျင်အား ဂရုပြုလွန်းသည့် သဏ္ဍာန်တို့ကို ဖော်ပြနေသည်။ လည်ပင်း၌ ဆွဲထားသော သေးကျင်သည့် ရွှေဆွဲကြိုးလေးမှတပါး မည်သည့်ရတနာကိုမျှ ခန္ဓာကိုယ်၌ ဆင်ယင်မထားသည်ကို ထောက်၍ငှင်း သင်သင်မှာ ချမ်းသာလှသောမိဘများမှ ပေါက်ဖွားလာသောသူ မဟုတ်ကြောင်း ရိပ်မိ နိုင်သည်။

သင်သင် အနားသို့ရောက်လာသောအခါ လုလုတင်သည် မေရီ့အား နှုတ်ဆက်၍ သင်သင်နှင့်အတူ အောက်ထပ်သို့ ဆင်းသွားသည်။ မေရီကမူ သူတို့နှစ်ဦးအပြင် အောက်ထပ်မှစောင့်နေသော အခြား ကျောင်းသူတဦးတို့ ဟင်နရီညွှန့်၏ကားနှင့် ထွက်ခွာသွားသည်ကို ငေးငေးလေးကြည့်နေမိသည်။

"အင်း.... သမင်မပျိုနဲ့ မုဆိုးကြီးသောနတ္ထိုရ်တော့ ချိုင့်သွင်းပေးမယ့် တောချောက်သူတွေနဲ့အတူ သပြေလား..... ရေလား သွားလေရဲ့"

မနီးမဝေးတွင် ရပ်နေသော အသားမဲမဲနှင့် ကျောင်းသူက လေးလေးနက်နက် မှတ်ချက်ချသည်၊ သူ့နာမည်မှာ တုတ်တုတ်ခေါ်၍ ဇတ်ဇတ်ကြဲ နိုင်ငံရေးကျောင်းသူတဦးမှန်း မေရီက သိထားပြီး ဖြစ်သည်။

မေရီသည် တုတ်တုတ်၏မှတ်ချက်ကို ဘာမှပြန်မဖြေဘဲ ခပ်လှမ်းလှမ်းမှ မိမိကဲ့သို့ပင် ထွက်သွားသော ကားစိမ်းအားကြည့်ရင်း ညင်သာစွာလျှောက်လာသည့် ဆရာမတဦးကိုသာ လှမ်းပြုံး နှုတ်ဆက်လိုက်သည်။ ထိုအခိုက်တွင်ပင် မေရီသည် သင်သင်တို့လူစုအား ဂရုပြုနေသော အခြားကျောင်းသူများလည်း ရှိသေးကြောင်း သတိထားမိသည်။

အခန်းဝတခုမှနေ၍ ငြိမ်းသည် ထူထဲလှသော မျက်မှန်နှစ်ကွင်းကို ခွင်းကာ၄င်း၊ မိမိ၏ အခန်းရှေ့မှ ဘယ်အချိန်က လူစုကွဲပြီးခဲ့သည်မသိ ပဂ္ဂိဝမ်းမှာလည်း မျက်လုံးကျဉ်းကျဉ်းလေးများကို စိုက်၍၄င်း၊ မိမိနည်းတူပင် ကားစိမ်း၏နောက်မြီးကို ငေးလျက်ကြည့်နေကြသည်။

ဆရာမက စကားမဆိုဘဲ အေးချမ်းတည်ငြိမ်စွာဖြင့် မေရီ၏ဘေးတွင် ဝင်ရပ်သည်။ ဘာစိတ်ကူးရသည် မသိ၊ ငြိမ်နေရာမှ ငြိမ်းသည် "ထွက်ပြေးချင်တယ်....ထွက်ပြေးချင်တယ်" ဟု အော်ရင်း ခုန်မလို ပေါက်မလိုနှင့် မေရီတို့ဘက်သို့ ထွက်လာသည်။

"ဟေ့ ငြိမ်း.... ဘာအရူးထလာတာလဲ ဘယ်ကထွက်ပြေးချင်တာလဲ"

ပဂ္ဂိဝမ်းက ငြိမ်း၏ လက်ကလေးတဖက်ကို ဆွဲယူထားထားရင်း မေးသည်။

"ဒီလောကကြီးထဲကပေါ့၊ ဒီကျဉ်းမြောင်းတဲ့ ကမ္ဘာကြီးကနေ ဟိုးအပြင်ဘက် ဘာမှမရှိတဲ့ လဟာပြင်ကို..."

ငြိမ်း၏စကားကြောင့် မေရီနှင့်ဆရာမမှာ အသာပြုံး၍ ပဂ္ဂိကမူ အားရပါးရ အော်ရယ်လိုက်သည်။

"မင်းတို့.... ကဗျာဆရာမတွေဟာ သိတ်စိတ်ကူးယဉ်တာဘဲ"

ပဂ္ဂိက ဆက်လက်မှတ်ချက်ချနေသဖြင့် မေရီမှာ ကဗျာဆရာမဆိုသော ငြိမ်းအား အံ့သြစိတ်နှင့် တွေတွေလေး ငေးကြည့်နေမိသည်။ နံနက်က ငြိမ်းကိုင်ထားသော စာအုပ်ထူကြီးကို သတိရမိနေရာမှ မျက်မှန်ထူနှင့် ကျောင်းသားအားလည်း အမှတ်ရလာသည်။

ငြိမ်း၏သဏ္ဍာန်မှာ ပြန်လည်တည်ငြိမ်သွားကာ မပြုံးတပြုံးနှင့် "အလိုလို ကြွေကာကျမှကွယ်၊ မြေဝယ်ကိုသာ မခယဘွယ်" ဟူသော တေးအလိုက် လေချွန်ရင်းရပ်နေသည်။

ဆရာမကမူ ကျောင်းသူလေး ၃ ဦး အားသာ ကြည့်ရင်း အသာပြုံးနေသည်။

"မမနဲ့၊ မော်တော်ကားဆိုတဲ့ အဓိပ္ပာယ်သိလား..."

ပဂ္ဂီက ဆရာမအား လှမ်းမေးသည်။

"မသိပါဘူးကွယ်...."

"ပဂ္ဂီ့ကြီးတော်တဦးကို ဘယ်ဖုန်းကြီးကဆိုလဲ မသိဘူး၊ ပြောပြတယ်တဲ့။ မော်တော်ကားဆိုတဲ့ အဓိပ္ပာယ်က မော်တာတွေ တော်ရင်တော်၊ မတော်ရင် ကားကုန်လိမ့်မယ်တဲ့...."

ဆရာမနှင့် ကျောင်းသူနှစ်ဦးမှာ ကြံကြံဖန်ဖန်ပြောသော ပဂ္ဂီကြောင့် နှစ်နှစ်ခြိုက်ခြိုက် ရယ်မောမိသည်။

ဆရာမနွဲ့နွဲ့က တစုံတခုကို လေးလေးနက်နက် တွေးဟန်နှင့် တွေးနေပြီးမှ မေးလိုက်သည်။

"မေရီတို့ စစ်မဖြစ်ခင်တုန်းက ဦးသိန်းဖေမြင့်ရေးတဲ့ သပိတ်မှောက်ကျောင်းသားဆိုတဲ့ ဝတ္ထုကို ဖတ်ဖူးလား...."

ကျန်နှစ်ယောက်က ခေါင်းခါကြ၍ ငြိမ်းကသာဖြေသည်။

"ဖတ်ဖူးပါတယ်မမ၊ ၂တွဲတောင်လေ.... ဘာဖြစ်လို့လဲ"

"ပြီးတော့စစ်ပြီးခေတ် ပဒေသာမဂ္ဂဇင်းမှာပါတဲ့ သုမောင်ရေးတဲ့ အပွင့်ဆိုတာကော...."

ဤအကြိမ်မူ ၃ဦးစလုံး ခေါင်းညိတ်ကြသည်။

"ဘာမှမဖြစ်ပါဘူးကွယ်၊ သပိတ်မှောက်ကျောင်းသားထဲက ကြူတာဘသိန်းတင်လို လူမျိုးတွေဟာ ဘယ်ခေတ်မဆို ရှိတတ်ပြီး ကျောင်းသူလေးတွေဟာလဲ သုမောင်ရဲ့ အပွင့်မျိုးလေးတွေ မဖြစ်အောင် ရှောင်နိုင်တတ်ပါစေလို့ မမနွဲ့ ဆုတောင်းမိတယ်...."

"ငြိမ်းတို့တော့ ကိုညိုထွန်းလိုလူရှာပြီး ထားလုပ်မယ်...."

ငြိမ်းက မရယ်မပြုံးနှင့် ဝင်ပြောသည်။

“ပဂ္ဂီတို့တော့ ဆရာဇဝနရဲ့ ကိုသိန်းဖေလိုလူ ရှာပြီး မအေးစိန်လုပ်မှာဘဲ။ မေရီကတော့ မသန်းမြင့်လို့ နံမည်ပြောင်းပြီး ကျော်ဝင်းကိုလိုက်ရှာပေါ့.....”

နွဲ့နွဲ့က ဘာမျှမပြောဘဲ ကလေးဆိုးလေးများနှင့်တူသော သူတို့နှစ်ယောက်အား ချစ်စနိုး ပြုံးကြည့်နေသည်။

ထိုစဉ် ကျောင်းဆောင်ဝ၌ လူပိန်နွဲ့နွဲ့ ရွှေကိုင်းမျက်မှန် ဘန်ကောက်လုံချည်၊ တိုက်ပုံအင်္ကျီနှင့် လူရွယ်တစ်ဦး ပေါ်လာသည်။

“ဟော ဟိုမှာငြိမ်း အချိန်မှန်ကြီးဆိုက်လာဘီ၊ သွားပေတော့.....”

ပဂ္ဂီက ပြောလိုက်သဖြင့် ငြိမ်းသည် သက်ပြင်းရှိုက်ခြင်းပြု၍ ညည်းလိုက်သည်။

“အင်း.... ဤလည်းတဒုက္ခဘဲ၊ ကဲလေ တက်ချည်ဆင်းချည်နဲ့ ဒရဝမ်ကြီး ညောင်းနေအုံးမယ်၊ ငြိမ်း သွားတွေ့လိုက်အုံးမယ်”

“သူကဘယ်သူလဲ ပဂ္ဂီ...”

ငြိမ်းထွက်သွားမှ မေရီက မေးသည်။

“စာရေးဆရာဆိုလား... ပြည်သူ့ကဗျာဆရာဆိုလား မသိပါဘူး ငြိမ်းဆီမှန်မှန် လာဂေါ်နေတာပေါ့၊ အင်းစိန်ဘတ်စ်ကားထက် အချိန်မှန်လို့ သူ့ကို အချိန်မှန်ကြီးလို့ ပဂ္ဂီတို့က နံမည်ပေးထားတယ်”

မေရီသည် နေရာတကာ သိလွန်းသော ပဂ္ဂီဝမ်းအား စိတ်တွင်အံ့ဩရင်း ငြိမ်နေမိသည်။ နွဲ့နွဲ့ကလည်း အင်းလျားကန်ကျွန်းဆွယ်များဆီမှ စိမ်းလန်းသော တောတန်းများအား ငေးကြည့်နေ၏။

“ဟော... အိမ်ကကားလာဘီ။ ပဂ္ဂီသွားတော့မယ် မမ၊ မေရီ သွားမယ်နော်....”

ကျောင်းဆောင်အတွင်းသို့ ကွေ့ဝင်လာသော ဂျစ်ကားတစီးကို မြင်သဖြင့် ပဂ္ဂီသည် ဆရာမနှင့် သူငယ်ချင်းတို့အား နှုတ်ဆက်ရင်း ကလေးငယ်သဖွယ် မြူးတူးပြေးလွှား ပျောက်ကွယ်သွားသည်။

“ပဂ္ဂီလေးဟာ သွက်လက်ချက်ချာပြီး ချစ်ဖို့ကောင်းတယ်နော် မေရီ...”

နွဲ့နွဲ့က မှတ်ချက်ချသည်။ မေရီကမူ စောစောက ပဂ္ဂီပြောခဲ့သော စကားတရပ်ကို ပြန်အမှတ်ရနေသည်။

"ကိုလှဝေက တိတ်တိတ်ပုန်း အဆွေးသမားကြီးပေါ့၊ မမနွဲ့ကြောင့်ပေါ့..."

မေရီသည် နွဲ့နွဲ့အား စူးစမ်းအကဲခတ်ကြည့်မိသည်။

နွဲ့နွဲ့မှာ နာမည်နှင့်လိုက်အောင်ပင် ပျောင်းနွဲ့ပြေပြစ်သည်။ အရပ်မှာ သာမန်မိန်းကလေးများထက် ပိုမိုရှည်သွယ်သော်လည်း ပြည့်အိသော ကိုယ်၏အဝန်းနှင့် လိုက်ဖက်ရှိသည်။ တောင့်တင်းသည်လည်း မဟုတ်၊ ပြော့ညွတ်သည်လည်းမဟုတ်၊ နွဲ့နှောင်းရှိသာဖြစ်သော နွဲ့နွဲ့၏သဏ္ဍာန်တခုလုံးမှာ ယဉ်ကျေးမွန်ရည်ခြင်းနှင့် ခံ့ညားသိမ်မွေ့မှုတို့ ရောယှက်ပေါ်လွင်နေသည်။ ရွှေဝါရည် ရိပ်ရိပ်ပြေးသော အသားဝင်းဝင်းနှင့် နှာတံသွယ် မျက်လုံးကြည်လျက် မျက်တောင်ကော့သော နွဲ့နွဲ့မှာ လှခြင်းထက်လွန်သော ကျက်သရေရှိသည်ဟု မေရီကထင်သည်၊ နက်မှောင်သန်စွမ်းသည့် ဆံပင်ကို အမောက်မလုပ်ဘဲ ရိုးရိုးလေး ဖြီးထုံးထားတတ်သောကြောင့်ပင် တည်ကြည်သောမျက်နှာမှာ ပို၍သိက္ခာပြည့်နေ၏။ လမ်းလျှောက်ဟန်မှာ ညင်သာ၍ အသံမှာ ကြည်လင်သမျှ တိုးညင်းပြီး အပြုံးမှာ ကြင်နာမှုပြည့်သော စိတ်ဓာတ်ကို ထာဝစဉ်ပြနေသည်။ နွဲ့နွဲ့နှင့် ရင်ဆိုင်ရသောအခါ ခံစားရသည့် အေးချမ်းမှုဝေဒနာကို မေရီသည် အခြားသူတဦးနှင့် ရင်ဆိုင်ရစဉ်ကလည်း ခံစားဘူးသယောင်ရှိသည်ဟု ရေးရေး တွေးထင်မိသည်။

မေရီ၏ စိတ်ထဲတွင် တည်ကြည်ချောမောသော ကိုလှဝေနှင့် ခံ့ညားတင့်တယ်သော နွဲ့နွဲ့တို့အား တွဲဖက်ကြည့်စမ်းနေမိသည်။ ကိုလှဝေ ဆွေးနေရသည်မှာ မမနွဲ့ကြောင့် ဆိုသဖြင့် သူတို့နှစ်ဦး၏ မနီးစပ်နိုင်သော အကြောင်းကို မေရီသည် ရှာဖွေကြည့်နေမိသည်။ ပဂ္ဂီပြောသကဲ့သို့ ကျောင်းထိုင်ပုဂ္ဂိုလ်ကြီး ဖြစ်နေသူမို့ ကိုလှဝေအား ရူပဗေဒနည်းပြ ကထိကဆရာမ နွဲ့နွဲ့ အကြောင်း သိသည်ဖြစ်သဖြင့် မေရီမှာ မထင်ရဲချေ။ တပါးနှစ်သက်သူ ရှိနှင့်ပြီး၍ ဆိုရမှာလည်း နွဲ့နွဲ့ထံ မည်သည့်ယောကျ်ားလေးမျှ မှန်မှန်လာမလည်သည်ကို မေရီ သတိပြုမိပြီးဖြစ်သည်။

မေရီသည် အတွေးလွန်နေမိသည်ကို အနားတွင် တုတ်တုတ် လာရပ်မှ အစသတ်လိုက်ရသည်။

"မေရီ ဘယ်မှမလယ်ဘူးလား...."

တုတ်တုတ်က မေးသည်။

"မလယ်ပါဘူး တုတ်တုတ်၊ မေရီ သိပ်နေမကောင်းဘူး...."

"နေမကောင်းရင် မမအခန်းမှာ ဆေးတွေရှိတယ်၊ သွားယူပေးမယ်လေ.... မေရီ"

နွဲ့နွဲ့ကကြင်နာစွာ ဝင်ဆိုသည်။

"နေပါစေ မမနွဲ့၊ မေရီ ငြီးစီစီဖြစ်နေတာပါ။ တော်တော်ကြာ ပျောက်သွားပါလိမ့်မယ်၊ ဒါထက် မမနွဲ့ ရော စနေ၊ တနင်္ဂနွေတွေမှာ မလယ်ဘူးလား...."

"အထူးတော့မလယ်ပါဘူး မေရီ...၊ လယ်လဲသိပ်မလယ်ချင်ပါဘူးလေ၊ ဒါပေမယ့် တနင်္ဂနွေနေ့ဆိုရင် မမ ပီယာနို သွားသွားတီးတတ်တာဘဲရှိတယ်"

"အို.... မမနွဲ့ ပီယာနိုတီးတတ်တယ်..."

"ဟုတ်တယ်.... မေရီ၊ ဘာပြုလို့လဲ"

"သြော်.... မမနွဲ့က ရူပဗေဒကဆိုတော့ အနုပညာမှာ ဝါသနာပါတာ အံ့သြလို့ပါ"

နွဲ့နွဲ့က အသာအယာ ရယ်မောလိုက်သည်။

မမနွဲ့အထင်တော့ ဂီတပညာကိုနားလယ်မှ လူတယောက်ရဲ့ ပညာတတ်မှုဟာ ပြည့်စုံတယ်လို့ ထင်တယ်"

နွဲ့နွဲ့သည် အေးချမ်းစွာဆိုသည်။

"ဟာ....ဒါတွင်ဘယ်ကမလဲ... မမနွဲ့၊ တုတ်တုတ်အမြင်မှာတော့ ဂီတဟာ လူမှုဆက်ဆံရေးနဲ့ လူထုကို ပညာပေးတဲ့နေရာမှာ အင်မတန်ထိရောက်တဲ့ လက်နက်ပေါ့၊ တုတ်တုတ်တော့မတတ်ပါဘူး၊ ဒါပေ မယ့် ဝါသနာပါပါတယ်"

"ဝါသနာပါရင် ကောင်းပါတယ်တုတ်တုတ်၊ အနုပညာဘဲ သိပ္ပံပညာဘဲ ဆိုပြီး ခွဲခြားကြတာကလဲ ခုခေတ်မှပါ။ ပညာသဘောကတော့ တပေါင်းတစည်းထဲပါ၊ ခေါမခေတ် ပညာရေးမှာ တခြားဟာတွေ အပြင် ဂျင်မနာ့စတစ် ကာယပညာနဲ့ မြူးဇစ် ဂီတပညာကိုပါ မယူမနေရ ထဲ့သွင်းထားတယ်၊ ဂျာမန် သိပ္ပံပညာရှင်တွေ မှန်သမျှဟာ ဂီတကိုပါ တတ်ကြတယ်၊ ရှေးတုန်းက ပါမောက္ခဟင်းမ်ဟောဇ်တို့ ဆိုရင် တကယ့်ဂီတသမားကြီးပေါ့၊ ပါမောက္ခအိန်းစတိန်းဟာလဲ အားရင် တယောပြားလေးနဲ့ အချိန် ကုန်တတ်တာပါဘဲ၊ စိတ်ပညာဌာနက မမတို့မိတ်ဆွေပေါ့လေ၊ ဒေါက်တာဦးမြင့်သူ ပြောပြဘူးတယ်၊ ဂျာမန်ပါမောက္ခ ဝသိုင်းမားဟာ စိတ်ပညာဥပဒေတခုကို ပီယာနိုတီးပီး ရှင်းပြဘူးသတဲ့...."

ငြိမ်နားထောင်နေသော မေရီ၏ရင်လေးမှာ ဒိတ်ကနဲ ခုန်လွှားသွားသည်။

“မမ…. ဆရာဦးမြင့်သူနဲ့ ခင်သလား”

မေရီ၏အသံလေးမှာ မသိမသာတုန်နေ၏။

“ဆရာဦးမြင့်သူရယ် မမရယ် နောက်ကိုလုဝေဆိုတာ တယောက်ရှိသေးတယ်၊ ငယ်ငယ်ကထဲက ပြည်မှာ ကျောင်းအတူနေခဲ့ကြတာပေါ့၊ ဆရာကတော့ မမတို့ထက် ကျောင်းရောက်တာ နဲနဲစောတယ်၊ မမအခု ပီယာနိုးတီးချင်ရင် သူ့အိမ်သွားတီးတာဘဲ”

ကိုလုဝေ၏အမည်ကို ပြောရာ၌ နွဲ့နွဲ့၏အသံမှာ အနည်းငယ်လေးသွားသည်။ နောက် စကားမဆက်တော့ဘဲ တစုံတခုကိုတွေးဟန် ငေးနေသည်။ ခဏချင်းပင် ပြန်ပြုံးကာ မေရီအားမေးလိုက်သည်။

“မေရီကော ဝါသနာမပါဘူးလား”

“မေရီ ပီယာနိုးတော့ သိပ်မတီးတတ်ပါဘူး။ မေရီ့မမက ပိုတီးတတ်တယ်။ မေရီက အဆိုတော့ ကြိုးလေးဘွဲ့လေးလောက်အထိတော့ တက်ဖူးပါတယ်။ ပတ်ပျိုးနဲ့ ယိုးဒယားတော့ မနိုင်သေးဘူး”

မေရီက တုန်နေသောအသံကို ထိန်းရင်းဖြေသည်။

နွဲ့နွဲ့က မေရီအား တွေတွေတချက် ငေးကြည့်လိုက်သည်။

“မေရီ့မမ မေဘယ်လ်မဟုတ်လား၊ မေရီနဲ့ မျက်နှာချင်းသိပ်ဆင်တယ်….”

မေရီ့ရင်ခုန်သံမှာ ပိုမြန်လာသည်။ ဘာကြောင့်မသိ၊ နွဲ့နွဲ့အားလည်း မကြည့်ရဲသဖြင့် မျက်နှာလွှဲလိုက်မိသည်။

“နက်ဖြန်လဲ မမ ပီယာနိုးသွားတီးမလို့၊ တုတ်တုတ်နဲ့မေရီ လိုက်ခဲ့ပါလား…”

မေရီက နွဲ့နွဲ့၏မျက်နှာအား ဖျတ်ကနဲ လှည့်ကြည့်လိုက်မိသည်၊ နွဲ့နွဲ့၏ အေးချမ်းသော မျက်လုံးအစုံက မိမိ၏ရင်အား စာဖတ်ကြည့်နေသည်ထင်၏။

“ဟုတ်တယ် မေရီလိုက်ခဲ့ပါလား၊ တုတ်တုတ်လဲ လိုက်မယ်”

ခုမှမေရီက လှလှတင်ဖိတ်ကြားချက်ကို သွားသတိရသည်။

“နောက်တော့မှဘဲ လိုက်ပါ့မယ် မမနွဲ့ရယ်....၊ နက်ဖြန်မေရီ သွားစရာရှိသေးတယ်”

သုံးဦးသား စကားမဆိုဘဲ ခေတ္တငြိမ်နေမိကြသည်။

“သြော်... ခုနက မေရီခေါင်းမူးတယ်ပြောတယ်၊ ကန်စောင်း လမ်းလျှောက်ကြရအောင်လား၊ တုတ်တုတ် လဲ လိုက်ခဲ့လေ”

နွဲ့နွဲ့က ရှေ့ဆောင်ခေါ်ငင်သဖြင့် မေရီမှာ ဘာမျှပြန်မပြောဘဲ သဘောတူကြောင်း ခေါင်းညိတ်ပြ လိုက်သည်။

လမ်းသာ လျှောက်ခဲ့ရသည်။ မေရီ့ရင်မှာ အတွေးတို့ဖြင့် ရှုပ်သထက်ရှုပ်လာသည်။

“ဆရာဦးမြင့်သူရယ်၊ မမရယ်၊ နောက် ကိုလှဝေရယ် ပြည်မှာ ကျောင်းအတူ နေခဲ့ကြတာပေါ့....”

နွဲ့နွဲ့၏ ဤစကားရပ်များက မေရီ၏နားတွင် ပဲ့တင်ထပ်နေသည်။ ထိုခဏတွင်ပင် မေရီက အတွေး တခု ပေါက်မိ၍ ထိတ်လန့်သွားသည်။ ဆရာဦးမြင့်သူနှင့် နွဲ့နွဲ့မှာ ဘယ်အထိ ရင်းနှီးလေသနည်း။ ကိုလှဝေနှင့် နွဲ့နွဲ့တို့၏စပ်ကြားမှ အတားအဆီးသည်.....

မေရီသည် ဆက်မစဉ်းစားတော့ဘဲ တစုံတခုအား ပြုလုပ်ရန် ဆုံးဖြတ်လိုက်သည်။ ခေါင်းလေးမှာ မော့လာ၍ မျက်နှာလေးမှာ ကြည်လာသည်။

“ဟေး... မေရီ၊ ဘာတွေ အတွေးလွန်လာလဲ....”

တုတ်တုတ်က မေးသည်၊ မေရီသည် တုတ်တုတ်၏အမေးကို မဖြေ နွဲ့နွဲ့ဘက်လှည့်၍ ပြောလိုက် သည်။

“မမနွဲ့၊ နက်ဖြန် မေရီသွားစရာရှိတဲ့ဆီ မသွားတော့ဘူး...”

ရုတ်တရက် ပြောင်းလဲပြောလိုက်သည်မို့ နွဲ့နွဲ့မှာပင် အံ့အားသင့်သွားကာ မေရီ့အား မော်ကြည့်လိုက် သည်။

“နက်ဖြန် မမနွဲ့ ပီယာနိုးသွားတီးရင် မေရီလဲလိုက်မယ်....”

မေရီ၏အသံလေးမှာ ဤအကြိမ်တွင်မူ တုန်ယင်ခြင်းမရှိတော့၊

အံ့သြခြင်းပြေပျောက်သွားသော နွဲ့နွဲ့ကသာ မေရီ့အား တချက် ပြုံးပြုံးလေးကြည့်ပြီး အေးချမ်းစွာ ခေါင်းညိတ်လျက် နူးညံ့စွာပင် မှတ်ချက်ချလိုက်သည်။

“ကောင်းတာပေါ့မေရီ၊ မမနွဲ့တို့ အသိုက်အဝန်းမှာ ချစ်စရာ ညီမလေးတယောက် တိုးတာပေါ့....”

**အခန်း(၆)**

အပြင်ဘက်တွင် လရောင်သည် ရွှန်းမြမြကျနေ၏။

ကိုမြင့်သူသည် ဖတ်နေသော ပါမောက္ခကွန်ကလင်၏ လူငယ်စိတ်ပညာဆိုင်ရာ အခြေခံမှုများ ဟူသော ကျမ်းအား စားပွဲပေါ်ချထားခဲ့လျက် ပြူတင်းဝမှနေ၍ လရောင်၌ စိမ်းစိုနေသည့် မိုးရာသီ၏ ပင်ပျို များအား ခေတ္တငေးကြည့်လိုက်သည်။ ရှုပ်ထွေးလျက်ရှိသောဦးနှောက် အတန်ကြည်သည့်အခါ စာကြည့်စားပွဲမှ မီးအား ငြိမ်းလိုက်ပြီး မျက်နှာကျက်မှမီးပွင့်ကို ဖွင့်လိုက်၍ စီးကရက်တလိပ်ကို ထုတ်ယူဖွာညှိကာ အနီးရှိ ပက်လက်ကုလားထိုင်တွင် လဲလျောင်းထိုင်ရင်း မသတ်နိုင်သည့် အတွေးကို ဆက်နေမိသည်။

စိတ်ပညာရှင်တဦးလည်းဖြစ်၍ လူငယ်စိတ်လည်း မပျောက်သေးသူတဦးအနေနှင့် လူငယ့်ရေးရာများကို ထာဝစဉ် စိတ်ဝင်စားမိသည်။

ကျောင်းဆရာတဦးအနေနှင့် တပည့်လူငယ်လုံငယ်များအား မိုးဝယ် အညွန့်ထိုးလူလူနှင့် အားယူစ ပျိုးပင်ကလေးများ အဖြစ်သာ မြင်ထင်မိသည်။ တန်ဘိုးလည်းကြီးလှ၍ တန်ဘိုးလည်းကြီးလှစွာ ပြုစုပျိုးထောင်ခဲ့ရသော ဤအညွန့်အဖူးလေးကို ထိုက်သည့်လျော်ညီသော ရေ၊ မြေ၊ မိုး၊ လေ၊ ပတ်ဝန်းကျင်အခြေအနေ ရှိကြလျက် ငွားစွင့်သန်စွမ်း ဖူး၊ ပွင့်၊ သီး၊ ငုံ၊ လန်း ကြရန် ဥယျာဉ်မှူး၏ စေတနာနှင့် ကြောင့်ကြမှုမှာ ရင်၌ မပြတ်တမ်း ခိုတွဲနေသည်။

အခြေအနေအရပ်ရပ် ညီညွတ်မျှတလင့်ကစား ရှေးစာ၌ဆိုသကဲ့သို့ 'ဆစ်ပိုး' ကိုယ်မနိုင်လို့ ဖူးခိုင်က ညှိုးတတ်ပေသေးသည်။ ယခုမူ မိမိ၏ ပျိုးပင်ငယ်တို့၏ကိုယ်တွင် ဝင်စွဲခဲ့ပြီဖြစ်သော 'ဆစ်ပိုး' တို့ကို မချိသော်လည်း ရှိနေသဖြင့် မကြည့်ချင်မြင်လျက်သား အထင်အရှားတွေ့နေရပြီ။ ဤ ဆစ်ပိုးမှာ ပျိုးကိုသာ မကိုက်၊ အနာဂတ်မျိုးကိုပါ ခိုက်မည့် တာဝန်မဲ့ နိုင်ငံရေးဆစ်ပိုးတည်း။

မိမိအနေနှင့် မည်သူ့မျှ အပြစ်မတင်လို၊ အပြစ်တင်စွပ်စွဲခြင်းဖြင့် ပေါ်ပေါက်နေသော ပြဿနာ မှာလည်း ဖြေရှင်းသွားလိမ့်မည်မဟုတ်၊ ဒေါသ မာန အာဃာတ နှင့် ဂိုဏ်းဂဏစွဲတို့ဖြင့် ဖော်စပ်ထား သော ဖြေဆေးအယောင်ဆောင် အဆိပ်ဆေးတို့မှာ စွဲနေသောရောဂါအား ပိုသာလျှင်သဲစေလိမ့်မည်။

ကျောင်းသားလူငယ်တို့၏ ပြဿနာသာမဟုတ်၊ အနာဂတ်ရာဇဝင်အား တိုက်ရိုက် အကျိုးသက်ရောက် ထိခိုက်စေနိုင်သော ပြဿနာဖြစ်သည်။ ဤခေတ်၌ မှားသမျှကို ကျုံးလိုမ့်ခံရမည်ဖြစ်သော အနာဂတ် လူသားတို့သည် မျက်မှောက်အခါ၏ တာဝန်ရှိသူမှန်သမျှအား ကြောက်မက်ဖွယ် ကျိန်ဆဲကြလိမ့်မည်။

အနာဂတ်၏ သမိုင်းဆရာတို့သည်လည်း ဤတာဝန်ရှိသူတို့အား မညှာတမ်း ရှုတ်ချမှတ်တမ်းတင်ပေလိမ့်မည်။

ပြဿနာအား ဖြေရှင်းရန်အတွက် နားလည်မှု၌ အခြေခံစတင်ရန်ထက် သာသောဆေးသည်မရှိ။ ကျောင်းသားလူငယ်တို့၏ ပြဿနာကို နားလည်ရန်မှာ အချိန်တန်စာအုပ်ပိုက်၍ သင်တန်းရှေ့မတ်တတ်ရပ် ဟောပြောရင်း လေ့လာရုံနှင့် မရ။ ကျောင်းပရဝုဏ်၏ အပြင်ဘက် ပန်ကာအောက်ထိုင်ရင်း အစီရင်ခံစာများကို ဖြတ်ရှုခြင်းဖြင့်လည်း မဖြစ်သေး။ ပြဿနာကို မိမိကိုးကွယ်ဖတ်ရှုနေသော လက်စွဲကျမ်းကြီးထဲမှ လက္ခဏာခွဲခြားရေး တာရားသေစံနစ်များအရ အမည်ပေးကာ မဟာလက်ဝဲ ခေတ်သစ်ဘိုးဘိုးအောင် အဂ္ဂိရတ်ဆေးများနှင့် ပေါက်ဖြေရှင်းနေရုံနှင့်လည်း မလုံလောက်။

လူငယ်တို့၏ အတွေးအကြံကို လူကြီးအမြင်နှင့်သာ ကြည့်၍ချည်း အပြစ်တင်ရုံနှင့် မပြီးသေး၊ မိမိကိုယ်ကို လူငယ်၏နေရာမှ ဝင်ကြည့်၍ လူကြီးတို့၏ လောကသည်လည်း စင်ကြယ်ပါ၏လောဟုဆန်းစစ်ကြည့်ရန် လိုသေး၏။ လူငယ်တို့၏ မကျေနပ် ကန့်ကွက်မှုတို့အား ကိုယ်ချင်းစာနာ လက်ခံနိုင်၍ ဤမကျေနပ်မှုကန့်ကွက်မှုတို့ လူငယ်တို့အလယ်တွင် မည်သို့စတင်ပေါ်ပေါက်လာသည်ကို ရှာဖွေသုံးသပ်ရန်လည်း လိုပါ၏။ သို့ ရှာဖွေသုံးသပ်မှုပေါ်တွင် မှီ၍သာ ပြဿနာကို ဖြေရှင်းရပေမည်။ တခုတော့ရှိ၏။ ဖြေရှင်းပေးရမည့် သူများမှာ တဖက်သတ်အမြင်သာ ရှိတတ်သည့် အမည်ခံနိုင်ငံရေးသမားများတော့ မဖြစ်ထိုက်ချေ။

ကိုမြင့်သူက သက်ပြင်းရှိုက်လိုက်၍ တိုနေပြီဖြစ်သော စီးကရက်အား မီးသတ်ကာ ဆေးလိပ်ခွက်ထဲသို့ထည့်လိုက်သည်။ ချထားသော စာအုပ်ကို ပြန်ကိုင်ကာ ဖတ်မည်ပြုစဉ် သူ၏အဒေါ်ဖြစ်သူက အခန်းတွင်းသို့ ဝင်လာသည်။

“ဘယ်နှယ့်လဲ၊ စာကြည့်တုန်းဘဲလား မောင်မြင့်သူ၊ အပြင်လေးဘာလေး ထွက်ပါအုံးလား.....”

အဒေါ်ဖြစ်သူ ဒေါ်စောရီက အနီးရှိခုတင်ပေါ်တွင် ဝင်ထိုင်ရင်း ဆိုသည်။

“ကျောင်းသားဘဝ တုန်းကတော့လဲ စာမေးပွဲကြောင့် စာဖတ်ရ၊ ဆရာဖြစ်ပြန်တော့လဲ သက်ပြဘို့ဆိုသာဆိုးသေးတယ်။ မင်းတို့တူဝရီးနဲ့ ဒီစာအုပ်တွေ ဘယ်တော့မှ ကင်းပါ့မလဲမသိဘူး....”

သူကမူ ဘာမျှပြန်မဖြေဘဲ အဒေါ်ဖြစ်သူကိုသာ ပြုံးကြည့်နေသည်။

ဦးလေးဖြစ်သူမှာလည်း တက္ကသိုလ်မှ ကထိကဘဦးဖြစ်သည်။ လူပျိုကိုယ်ဖြစ်၍ အိမ်လည်း မလိုသေးသဖြင့် ဦးလေးနှင့်အဒေါ်၏ အိမ်တွင်ပင်နေရသည်။ ဖခင်မှာလည်း ဆုံးခဲ့ပြီဖြစ်၍ မိခင်မှာလည်းတဦးတည်းသားနှင့်ပင်ခွဲ၍ စစ်ကိုင်းတောင်ရိုး၌သာ ဝိပဿနာလုပ်ငန်းနှင့် အနေများသဖြင့် မိခင်၏

ညီမ ဤအဒေါ်နှင့် ဦးလေးကိုပင် မိဘလုပ်၍ အေးအေးကုပ်ကုပ် နေခဲ့သည်။ သားသမီးမထွန်းကားသော ဦးလေးနှင့်အဒေါ်မှာလည်း တဦးတည်းသောတူအား တယောက်တည်းသောသားပမာ အရိပ်တကြည့်ကြည့်နှင့် ရှိနေကြရာသည်။

"စာကြည့်နေတာ မဟုတ်ပါဘူး ဒေါ်ဒေါ် လူငယ်တွေအကြောင်း တွေးနေမိတာပါ...."

"အဲ့ဒီ မင်းတွေးတဲ့ လူငယ်တွေအကြောင်းမှာ မင်းအကြောင်းကော ပါရဲ့လား....."

"ဟာ.... ဒေါ်ဒေါ်ကလဲ..."

အဒေါ်ဖြစ်သူက ပြုံးရင်း သူ့အားကြည့်နေသည်။ အဒေါ့်စကားဦး ဘယ်ဆီလှည့်တော့မည်ကိုလည်း သူက သိပြီးဖြစ်သည်။

နက်ဖန် နွဲ့နွဲ့တယောက် လာအုံးမလား....."

စတော့စပေပြီ။

"လာမှာပေါ့ ဒေါ်ဒေါ်...."

ဒေါ်စောရီက သူ့အား အဓိပ္ပာယ်ပါပါပင် ပြုံးကြည့်လိုက်၏။

"ဘယ်နှင့်လဲ..."

"ဘယ့်နှယ်မှ မလဲပါဘူးဒေါ်ဒေါ်..."

"မင်းတို့ကသာ ဘယ့်နှယ်မှမလဲဘူးဆို ပေါ့နေ၊ လူကြီးတွေကတော့ မပေါ့နိုင်ဘူး..."

"ခက်လိုက်တာ ဒေါ်ဒေါ်ရယ်..."

"ဒို့ကမခက်ပါဘူး၊ မင်းတို့ကသာ ခက်နေတာ၊ မင်းရောနွဲ့နွဲ့ရော မငယ်ကြတော့ဘူး...."

"ဟော... ခုနကတော့ ကျွန်တော်လဲ လူငယ်ဆို....."

"မင်းဒေါ်ဒေါ့်ကို စကားလှဲ့မယ်ကြံသလား မောင်မြင့်သူ...."

"သြော်... ခက်ပြန်ပါဘီ ဒေါ်ဒေါ်ရယ်...."

သူက အသာရယ်မောရင်း စီးကရက်တလိပ်ကို မီးငြိဖွာပြန်သည်။

"မင်း ဒီစီးကရက်တွေလဲ အသောက်မလျှော့နဲ့ ကြားလား....."

"နို့ ဆေးတံသောက်ပါ့မယ် ဆိုတော့လဲ ဒေါ်ဒေါ်ကဘဲ လူကြီးနဲ့တူမယ်ဆို...."

"တော်စမ်းပါ၊ မင်းဆင်ခြေကြီးဘဲ မင်းကို နွဲ့နွဲ့နဲ့ မြန်မြန်နေရာချမှ အေးမှာဘဲ....."

အဒေါ်ဖြစ်သူက ကျားကျားမီးယပ် သူလိုချင်သည်သာ ဖွတ်တွန်းနေသဖြင့် ကိုမြင့်သူမှာ ရယ်မော၍သာ နေလိုက်ရသည်။

"နေပါအုံး၊ မင်းက နွဲ့နွဲ့ကို ဘာဖြစ်လို့ မကြိုက်ရတာလဲ"

"ဟောဗျာ၊ အဲဒါ ဘယ်လိုဖြေရပါ့မလဲ"

"နွဲ့နွဲ့မှာ မကြိုက်နိုင်စရာ ဘာရှိလို့လဲ...."

"ကျွန်တော်က မကြိုက်ဖူး မပြောရပါလား ဒေါ်ဒေါ်...."

"ဒါဖြင့် ကြိုက်တယ်ပေါ့...."

"အို အို မကြိုက်ဖူးမပြောတာနဲ့ ကြိုက်တယ်တော့လဲ ဘယ်ဟုတ်မလဲ ဒေါ်ဒေါ်ရယ်..."

"မင်းစကားက ဘာစကားလဲ၊ ဒေါ်ဒေါ့်ကို စာသင်အုံးမလို့လား...."

သူက သူ့အဒေါ်စကားကြောင့် နှစ်နှစ်ခြိုက်ခြိုက် ရယ်မောမိသည်။

"မင်း နွဲ့နွဲ့ကို ငြင်းနေတာဟာ မင်း ဟိုသူငယ်မ မေဘယ်လ်ကို လွမ်းတုန်းဘဲလား...."

ရယ်မောနေသော သူ့မျက်နှာမှာ ပျက်သွားကာ လူမှာလည်း ငိုင်သွားသည်။

"ဟော.... မင်းငိုင်သွားပြန်ဘီ၊ ဒေါ်ဒေါ်ပြောတာ မှန်တယ်မဟုတ်လား...."

“ကျွန်တော် ခလေးမဟုတ်တော့ပါဘူး ဒေါ်ဒေါ်....”

သူက အားတင်းပြုံးရင်း ဖြေသည်။ အဒေါ်ဖြစ်သူက ထိုင်နေရာမှထကာ သူ့ပခုံးအား ယုယစွာ ပုပ်လျက် ကြင်နာသောလေသံနှင့် ဖျောင်းဖျသည်။

“ဒေါ်ဒေါ့်တူကို စိတ်မချမ်းသာအောင် မလုပ်ချင်ပါဘူး၊ ဒါပေမယ့် ဒေါ်ဒေါ်တို့မှာက ဝတ္တရား ရှိတယ်မဟုတ်လား။ မမကလဲ စာရေးတိုင်း ဒါဘဲ မေးမေးနေတယ်။ ဝါကျွတ်ရင် နွဲ့နွဲ့တို့မေမေကလဲ လာအုံးမယ်၊ အေးလေ.... စဉ်းစားအုံးပေါ့”

အဒေါ်ဖြစ်သူက ထွက်သွားသောအခါထိ သူက ငြိမ်ကျန်ရစ်သည်။ မဖတ်ချင်တော့ပြီဖြစ်သော စာအုပ် အားလည်း စားပွဲပေါ်သို့ ပစ်တင်လိုက်ကာ စီးကရက်တလိပ်ကိုသာ ထပ်ငြှိပြန်သည်။ လက်မှာ စားပွဲအံဆွဲဆီသို့ ရောက်သွားကာ မှန်ဘောင်သွင်းထားသည့် ၆ လက်မအရွယ် ဓာတ်ပုံတခုအား အသာ ထုတ်ယူလိုက်သည်။ ကိုယ်တပိုင်းရိုက်ထားသော မိန်းမပျိုတဦး၏ပုံဖြစ်သည်။

ပျော်မဆုံးရှိစဉ်က ရိုက်ထားသည်မို့ ဓာတ်ပုံတွင်းမှ မေဘယ်လ်၏ ဝန်းပြည့်သော မျက်နှာကလေးမှာ တောက်ရွှန်းဖူးပွင့်သည့် အပြုံးရောင်နှင့် ဝင်းပကြည်လင်နေသည်။

တခါတုန်းက မင်မဆုံးခဲ့သည့် ဤအပြုံးရောင်သည်ပင် ယခုမူ ရင်နှလုံးအား မချမ်းမြေ့စေနိုင်တော့ ပေပြီတကား။

သူက သက်ပြင်းကို တချက်ရှိုက်လိုက်၍ ဓာတ်ပုံအား အံဆွဲတွင်း ပြန်ထည့်လိုက်ပြီး ရယ်ရွယ်ချက်မဲ့ ပြူတင်းနားရပ်ကာ လရောင်ရွှန်းသော အပြင်ဘက်ခြံတွင်းဆီ ငေးကြည့်နေမိသည်။

မေဘယ်လ်၏ ရုပ်သွင်ပေါ်နေသေးသော မျက်လုံးတွင် နုနယ်သော မေရီ၏ မျက်နှာလေးက ထင်ပေါ် လာသည်။ ညီမချင်းမို့ ရုပ်ချင်းက ဆင်ပေသည်။ မေဘယ်လ်၏မျက်နှာက အနည်းငယ်ပိုသွယ်ခြင်း နှင့် မေရီ၏အသားရောင်က ရွှေဝါရည်ပိုဝင်းသည်သာ ခြားနားသည်။

“ဂန့်ဂေါ်ပန်းတွေပွင့်ရင် သိပ်လှမှာဘဲနော်”

အပြစ်ကင်းသော မေရီ၏ ကလေးငယ်ပမာ မေးမြန်းချက်များက သူ့ရင်အားနင့်စေခဲ့သည်။ မိမိ အမည်ကို ဖွင့်ပြောကာမှ ဣန္ဒြေလေးပျက်ကာ ရှက်သွေးဖြန်းလျက် ထွက်ခွာပျောက်ကွယ်ပြေးသော ကလေးမကိုမူ ကောင်းကောင်းနားမလည်မိ။

မေ့ပျောက်ချင်၍ မေ့ပျောက်အောင်လည်း ကြိုးစားခဲ့သဖြင့် မေ့ပျောက်ပြီဟု ထင်သော စိတ်ဝေဒနာ သည်သာ ရင်မှာပြန်လည် လူးလွန့်ကျန်ရစ်သည်။

သူသည် စိတ်ကူးကိုဖြတ်ဟန် စီးကရက်ငွေ့များအား မှုတ်ထုတ်လိုက်ပြီး စားပွဲဆီပြန်အလှည့်၌ အိမ်ရှေ့ဧည့်ခန်းဆီမှ စန္ဒယားသံတခုက မတိုးမကျယ် ပေါ်ထွက်လာသည်။

ခဏတွင်ပင် ကြည်လင်သော်လည်း ဆွေးမြေ့ရိပ်လွှမ်းသော သီဆိုသံမှာလည်း ကပ်ပါလာသည်။

လက်သံနှင့် အဆိုရှင်၏အသံကို မှတ်မိသော ကိုမြင့်သူက အခန်းဝတွင်ရပ်ရင်း ငြိမ်လျက် နားထောင် နေမိသည်။

သီချင်းမှာ ဂီတနက်သန်ကိုစောငြိမ်း၏ အသိမ်မွေ့အနက်နဲဆုံး "သစ္စာ" ပင်ဖြစ်သည်။

"ဆင်းသွင်ရုပ်ဝါ လက္ခဏာအသွယ်သွယ်၊ ဘယ်ပုံမခန့်မှန်းနိုင်ဘွယ်၊ သညာယဉ်ကျေးရွှေသစ္စာ ခင်လေးရယ်...."

စာသားတွင်သာမက တေးသွားကလည်း သိမ်မွေ့နေသည်။

"တရွေ့ရွေ့ဝေးပါလို့၊ ရေမြေအဏ္ဏဝါ၊ ကမ္ဘာမြေခြားရာဝယ် ပြေးရှောင်ဖယ်၊ ထွက်ပြေးရှောင်ဖယ်၊ မောင့်အပေါ်ဝယ် မူလွန်းနိုင်အားတယ်"

လှိုက်လှဲသော အဆိုရှင်မှာလည်း ရင်မှဝေဒနာကို အဆီးအတားမရှိ ဖေါ်လွှတ်နေဟန်တူပါ၏။ ထက်မြက်သောဂီတ၏ မမြင်သာသော ညှို့ကွင်းကွန်ယက်တို့ သွယ်ယှက်သိုင်းရစ်လာသဖြင့် နားထောင်နေရသူ၏ ရင်တွင်ပင် နင့်နဲဆွတ်ပျံ့သည့် ဝေဒနာမှာ ပြည့်လျှမ်းလာသည်။

"နာရီတွေပြောင်း.... ရက်တွေသာ ညောင်းပါလို့ရယ်၊ လရာသီတွေ ပြောင်းကာ ပြောင်းကာ နှစ်ပေါင်းတွေ ကွာခဲ့ပေါ့၊ မဟာကပ်ကမ္ဘာ မြေလွှာပြင်ဝယ်၊ မြူခြေငွေနှင်း ကျလာဆင်းသည့်နှယ်...."

အသံမှာ စိတ်ပျက်ကြေကွဲခြင်းဘက်သို့ ယိမ်းယိုင်လာပေပြီ။

ရပ်နေသော အခန်းဝဆီမှ ကိုမြင့်သူသည် တေးရှင်၏ ခံ့ညားသော်လည်း မှိုင်းရပ်ဆင်နေသော သဏ္ဍာန်ကို လှမ်းမြင်နေရသည်။

သူ့အား ဘေးတိုက်ပေး၍ ကိုလှဝေသည် အိပ်မက်၌ ယောင်ရမ်းသီဆိုနေသူပမာ မျက်လုံးများက အဝေးသို့ ကြောင်ကြောင်ငေးရင်း လက်ချောင်းများကိုသာ စန္ဒယားခလုတ်များပေါ်တွင် ညင်သာစွာ လှုပ်ရှားနေစေသည်။

"သက်ႆယုံမှားလွဲစာ၊ မှောင်မဲအဝိဇ္ဇာ ဖုံးပိတ်ကွယ်၊ တွေ့နိုင်ခဲလှတယ်၊ သစ္စာ သစ္စာခင်ရယ်၊ ခင့်ကို ချစ်ချင်လေသမျှ၊ လောကရဲ့ပရိယာယ် မာယာအသွယ်သွယ်၊ ဆန်းကြယ်စွာ သူလှည့်စားလို့ ဇရာက ဝါးမျိုခဲ့ပြီကွယ်...."

စိတ်ပျက်သံမှ မြော်လင့်ချက်ကင်းသော လူတဦး၏ ညည်းညူအားလျော့သံကို ကူးပြောင်းလာသည်။

"နေစိမ့်တဲ့ မေရယ်.... ကွယ်ပျောက်လို့ ဘယ်ဆီမှာဝေးတယ်၊ သီတာရေမြေ ဆုံးပါစေရော့၊ ရှာရတော့မယ် သစ္စာခင်ရယ်၊ မေတမင် ပုန်းရက်တာလားကွယ်...."

သီချင်းဆုံးသွားသော်လည်း လက်ကမရပ်၊ လက်ဦးတည့်ရာ အသံစဉ်များကို ဆက်လက် ကူးပြောင်း တီးခေါက်နေသည်။

သည်တော့မှ ငြိမ်နေသော ကိုမြင့်သူက သူ့အနားလျှောက်သွားသည်။ ခြေသံကြားသော ကိုလှဝေက အတီးကိုရပ်လိုက်ပြီး သူ၏သဘာဝဖြစ်နေသော စိတ်တွင်းမှမပါသည့် ခြောက်သွေးရော့ရဲသော အပြုံးနှင့် နှုတ်ဆက်သည်။ ထို့နောက် ကိုမြင့်သူလှမ်းပေးလိုက်သော စီးကရက်တလိပ်ကို မီးငြိ ဖွာရှိုက်၍ ခေါင်းကိုမော့ကာ အငွေ့များအား မှုတ်ထုတ်ရင်း "အိပ်မပျော်လို့ ထွက်ခဲ့တာ" ဟု ဆိုသည်။

လူချေတိတ်သော ညအချိန်များတွင် အိပ်မပျော်သောကြောင့်ဟုဆိုကာ ဤသို့လျှင် မကြာခဏ ဆိုက်ရောက် လာတတ်သည်။ ဆိုက်ရောက်လာလျှင်လည်း မည်သူ့အားမျှ နှုတ်မဆက်။ စန္ဒယားခုံ တွင် ဝင်ထိုင်ကာ ညို့မှိုင်းသော သီချင်းတပိုဒ်ပိုဒ်ကို တီးနေလေ့ရှိသည်။

ကိုမြင့်သူက အနီးရှိကုလားထိုင်တခုတွင် ဝင်ထိုင်လိုက်ပြီး သူ့အား တည့်မတ်စွာကြည့်၍ မေးခွန်း တခုကို ထုတ်လိုက်သည်။

"ခင်ဗျား နွဲ့နွဲ့နဲ့ တွေ့သေးလား...."

သူက ကိုမြင့်သူအား လှည့်ကြည့်လိုက်ပြီးနောက် အဖြေမပေးဘဲ ပြန်၍မေးလိုက်သည်။

"ဘာလုပ်မလို့ ခင်ဗျား ဒါကိုမေးရတာလဲ....."

ကိုလှဝေသည် လူသူလေးပါးရှေ့၌ ငယ်သူငယ်ချင်းဖြစ်သော ကိုမြင့်သူအား “ဆရာ” ဟုခေါ်၍ “ကျွန်တော်” နှင့် ပြောသော်လည်း ၂ ဦးချင်း လွတ်လွတ်လပ်လပ် တွေ့သောအခါတွင် ရင်းရင်းနှီးနှီး တန်းတူ ပြန်ဆက်ဆံလေ့ရှိသည်။

“မနက်က ခင်ဗျား ပြန်သွားရုံရှိအုံးမယ်ထင်တယ်၊ နွဲ့နွဲ့ ကျွန်တော့်ဆီရောက်လာပြီး ခင်ဗျားကို မေးသေးတယ်.....”

“ခင်ဗျား ဘာဖြေလိုက်လဲ”

“ခင်ဗျားအတွက် ကျွန်တော်က ဘာများဖြေစရာရှိမလဲ ကိုလှဝေ”

ကိုလှဝေက အဓိပ္ပာယ်မဲ့ တချက်ပြုံးလိုက်၍ သူ့ကိုယ်သူပြောသကဲ့သို့ ညည်းညူနေသည်။

“နွဲ့နွဲ့ဟာ တကယ်သနားဘို့ကောင်းတဲ့ မိန်းခလေးတဦးဘဲ”

“ကျွန်တော်ကတော့ နွဲ့နွဲ့ထက် ခင်ဗျားကို ပိုသနားတယ်....”

“ကျွန်တော့်လိုလူများ ခင်ဗျားသနားနေရသေးသလား.... ကိုမြင့်သူ”

“ခင်ဗျား၊ ကျွန်တော်ဟာ ခင်ဗျားရဲ့ အချစ်ဆုံးသူငယ်ချင်းတယောက်ဆိုတာ မေ့သွားဘီထင်တယ်။ ခင်ဗျားလုပ်နေတာတွေဟာ အဓိပ္ပာယ်ရှိသေးရဲ့လား ဟင်....”

သူက ဒုတိယ မိပြုံးလိုက်ပြန်သည်။

“ကျွန်တော်ဟာ တခါက လူ့ဘဝနဲ့တကွ ကမ္ဘာလောက အဓိပ္ပာယ်ကို ဘယ်လောက် မြတ်မြတ်နိုးနိုး ရှာခဲ့တယ်ဆိုတာ ခင်ဗျားအသိဘဲ၊ အခု နားလယ်ထားတာက တလောကလုံးမှာ ဘာအဓိပ္ပာယ်မှ မရှိတာ၊ ကျွန်တော်ကိုယ်နှိုက်က အဓိပ္ပာယ်ရှိဘို့ လိုသေးသလား”

သူက စန္ဒယားခလုပ်လေးများကို ရည်ရွယ်ချက်မဲ့ တို့ကစားနေပြန်သည်။ သို့ရာတွင် သူ့အာရုံမှာ သူလုပ်နေသော အရာပေါ်တွင် စူးစိုက်မှုရှိမှန်းမှာ သိသာနေသည်။

“တခါတုန်းက ကျွန်တော် အထင်တကြီးပေါင်းခဲ့ပေမယ့် စင်စစ်တော့ ဘာမှ လေးစားစရာမရှိတဲ့ ကျွန်တော့်ရဲဘော်ဟောင်းတွေက ပြောလိမ့်မယ်။ ကျွန်တော်ဟာ တွေဝေငိုက်မြည်းနေတဲ့ လူတယောက်၊ ဖောက်ပြန်နေတဲ့ သတ္တဝါတကောင်လို့ ခင်ဗျားတို့လို စိတ်ပညာဆရာတွေက ပြောလိမ့်မယ်၊

ကျွန်တော်ဟာ လူကောင်းနဲ့လူရူးကို ခွဲခြားထားတဲ့ နယ်နိမိတ်မျဉ်းကြောင်းပေါ်မှာ ရှောက်နေတဲ့ လူလို့.....”

သူက နာကျည်းစွာပင် ရယ်မောလိုက်သည်။ စကားကို ဆက်ပြောသောအခါတွင် သူ့အသံမှာ မကျေနပ်ခြင်း။ မခံချိခြင်းသဘောတို့ကို ရောင်ပြန်ဟပ်နေသည်။

“ဟုတ်တယ်၊ ကျွန်တော်ဟာ တွေဝေငိုက်မြည်းနေတယ်၊ ဖေါက်ပြန်ပျက်စီးနေတယ်၊ လူ့ဘဝရဲ့ အဓိပ္ပာယ်ပျောက်နေတဲ့ လူတယောက်မို့ ရူးနေတယ်။ မှန်တယ်၊ မငြင်းဘူး၊ ဒါပေမယ့် ကျွန်တော် မတတ်နိုင်ဘူး၊ တခါတုန်းကတော့ ဒီမှာဘက်မှာ မြင့်မြတ်တယ်။ ဖြူစင်တယ်၊ မှန်ကန်တယ်လို့ ကျွန်တော် ယုံကြည်ပြီး လက်ခံတဲ့ အသိုက်အဝန်းရှိတယ်။ ဟိုမှာဘက်မှာ ယုတ်ညံ့တယ်၊ ညစ်ပတ်တယ်။ ဖေါက်ပြန်ပျက်စီးနေတယ်လို့ ကျွန်တော်ယုံကြည်ပြီး ငြင်းပယ်ဆန့်ကျင်ခဲ့တဲ့ အသိုက်အဝန်း ရှိတယ်။ အခု ကျွန်တော်တွေ့ရတာက ကျွန်တော် ငြင်းပယ်ဆန့်ကျင်ခဲ့တဲ့ အသိုက်အဝန်းဟာ ယုတ်ညံ့မြဲ ယုတ်ညံ့နေတယ်၊ ညစ်ပတ်မြဲ ညစ်ပတ်နေတယ်၊ ဖေါက်ပြန်မြဲ ဖေါက်ပြန်နေတယ်။ ကျွန်တော် လက်ခံအထင်ကြီးခဲ့တဲ့ အသိုက်အဝန်းကတော့ကော ဘာမှမထူးဘူး။ တန်းတူ ယုတ်ညံ့တယ်၊ ညစ်ပတ်တယ်၊ ဖောက်ပြန်တယ်၊ ဒီအခါမှာ ကျွန်တော်က ဘာလုပ်ရမလဲ၊ ဟိုဘက်ကို မကူး နိုင်ဘူး၊ ဒီဘက်မှာလဲ မနေနိုင်ဘူး။ ခြားနားထားတဲ့ ခြစ်ညည်းရိုးပေါ်ထိုင် စိတ်ပျက်နေရုံကလွဲပြီး ဘာမှ မလုပ်တတ်ဖူး......”

သူက ရှည်လျားစွာ ပြောချလိုက်သည်။ တစထက်တစ သူ့အသံမှာ မာလာကာ သူ့မျက်နှာမှာလည်း တင်းလာသည်။

ဟဲ....ဟဲ... စဉ်းစားကြည့်ရင် သိတ်ရယ်ဘို့ကောင်းတယ်၊ ဧရာမလက်ဝဲသမား ပြည်သူ့သားကောင်ကြီး တွေက ဆိုတယ်၊ ခနရှင် အိမ်ထောင်ရေးစံနစ်ကြီးတခုလုံးဟာ ပျက်စီးနေတဲ့ ပြည့်တန်ဆာ လုပ်ငန်း ကြီးတဲ့။ ဒါပေမယ့် အဲဒီပုဂ္ဂိုလ်ကြီးတွေကဘဲ တကယ့်ပြည့်တန်ဆာလုပ်ငန်းကို ကာယကံမြောက် လက်တွေ့ကျူးလွန် အားပေးနေတယ်။ ဒါပေမယ့် ကိုယ့်ဘက်ကျတော့ ဘိုင်အိုလိုဂျီကယ်အဲ့ဂျ် သဘာဝသွေးသားတောင်းဆိုမှုမို့ ဖြစ်တဲ့နည်းနဲ့ ဖြေဖြောက်ရသတဲ့လေ၊ ဟိုဘက်ကလူတွေကျတော့ အနောက်နိုင်ငံ သံရုံးကပေးတဲ့ ဒေါ်လာကိုယူ တိုက်တဲ့ဝီစကီကိုသောက်ပီး တိုင်းပြည်ကို ရောင်းစား နေသတဲ့။ သူတို့ကိုယ်နှိုက်ကျတော့ အရှေ့နိုင်ငံကပေးတဲ့ ရူဘယ်ကိုလက်ခံ တိုက်တဲ့ဗောလ်ကာကို ယစ်မူးပြီး နိုင်ငံကို သစ္စာဖောက်ကြတယ်၊ တဖက်ကိုတော့ အာဏာရူးတယ်လို့ပြောတယ်၊ ကိုယ်နှိုက် ကျတော့ အာဏာကို ရေငတ်သလို ဆာနေတယ်၊ ကျွန်တော်က ဘယ်သူ့များ သွားကြည်ညိုရပါ မတဲ့လဲ”

သူက ထိုင်ရာမှ ထလိုက်ကာ ပြူတင်းပေါက်နားတွင် ကိုမြင့်သူအား ကျောပေးရပ်၍ အပြင်ဘက်သို့ ငေးကြည့်နေသည်။ ကိုမြင့်သူကမူ စိတ်မချမ်းသာခြင်း ကြီးစွာဖြင့် သူငယ်ချင်းဖြစ်သူ၏ နောက်ကျောကို စိုက်ကြည့်နေရင်း ရှေးဖြစ်ဟောင်း အသွယ်သွယ်အား မြင်ယောင်နေမိသည်။

တက္ကသိုလ်ရောက်စဥ် ကိုလှဝေက သူနှင့် တဆောင်ထဲနေသည်။ အခန်းချင်း ကပ်လျက်ရှိသကဲ့သို့ လူချင်းမှာလည်း ခွဲမရခဲ့၊ နှစ်ဦးလုံးမှာ အနာဂတ်အတွက် မြော်လင့်ချက်ကိုယ်စီနှင့် ပြည့်ဝနေ၍ ပစ္စုပ္ပန်ကိုလည်း ကျေနပ်လျက် ရှိခဲ့ကြသည်။

နှစ်ဦး ခွဲကြသည့် အချိန်လေးများရှိသည်၊ မိမိက မေဘယ်လ်လွင်နှင့် မဆုံးနိုင်သော စကားတို့ကို ဆိုနေစဉ် ကိုလှဝေကလည်း နွဲ့နွဲ့နှင့် မရိုးနိုင်သော တေးတို့ကို သီနေခိုက်တွင်သာ ဖြစ်သည်။

ပြန်တွေးလျှင်မူ ထိုစဉ်အခါများ၌ နှစ်ဦးသားမှာ စိတ်ကူးယဉ်အဏ္ဏဝါဝယ် မေတ္တာလောင်းယဉ်ကိုယ်စီနဲ့ ဘယ်ဆီမသိသေးသော်လည်း အတွေးနှင့်ပင် လွမ်းမက်ချင်စဖွယ် သစ္စာသောင်ခြေဦးသို့ ဖြတ်ကူး ရွက်လွှင့်နေသယောင် ဖြစ်သည်။

လမ်းခုလတ်တွင်ပင် မိမိ၏လှေမှာ နစ်ခဲ့ရပါ၏။ ကိုလှဝေ၏လှေမှာ ပျက်ခဲ့ရပါ၏။ အကြောင်းခြင်း တော့မှ မတူခဲ့။ ဘယ်အချိန်က စခဲ့လေသလဲမသိ၊ ကိုလှဝေသည် မိမိနှင့်ခွဲခဲ့လေသည်။ နွဲ့နွဲ့ကို တိမ်းခဲ့ပေသည်။ အပေါင်းအသင်းသစ်များနှင့်သာ ကျင်လည်နေခဲ့သည်။ သူ့အပေါင်းအသင်းသစ် များကား မျက်မှန်ထူထူတပ်၍ ခေါင်းဖြီးလေ့မရှိဘဲ စာအုပ်ကြီးကြီးများကို ကိုင်တတ်သော နိုင်ငံရေး ကျောင်းသားများပင်တည်း။

သူတို့နှင့် ပေါင်းသည့်နေမှစ၍ ကိုလှဝေသည် ကျောင်းတက်သည်ထက် မြို့ထဲသို့ ထွက်သည်က များပါသည်။ ကျောင်းစာအုပ်တို့ကို ပစ်ပယ်ကာ သဘောတရားရေးရာ စာအုပ်ကြီးများကိုသာ စွဲနေတော့သည်၊ အသွင်မှာ ယခင်ကကဲ့သို့ မကြည်လင်တော့၊ ဟန်မှာ ရှေ့စဉ်ကကဲ့သို့ မပြေ့ပြောင်းတော့။

တဖြစ်လဲခဲ့သော ကိုလှဝေအား မိတ်ဆွေပီပီ သတိပေးသောအခါများတွင် မိမိအား စာအုပ်မှပေးသော အသိဉာဏ်သာရှိ၍ ဘဝမမှန်သေးသူအဖြစ် ပစ်ပစ်ခါခါ ဝေဖန်တတ်သည်။ နွဲ့နွဲ့၏ ဖျောင်းဖျ တိုက်တွန်းချက်များကို ခါးခါးသီးသီးငြင်းပယ်၍ နောက်ဆုံးတွင် အပြစ်မဲ့သူခများကိုပင် ရှောင်ဖယ် လာသည်။

မိမိ နိုင်ငံခြားသို့သွားသည့်နှစ်တွင် ကိုလှဝေလည်း တက္ကသိုလ်နှင့် ရန်ကုန်မြေမှ ပျောက်သွားသည် ဆိုသည်။ မိမိပြန်ရောက်လာသော အခါတွင်မူ လူ့ဘဝ၏ အဓိပ္ပာယ်ပျောက်နေသော ကိုလှဝေအား

ကြေကွဲဘွယ် ပြန်ဆုံတွေ့ရသည်။ တခါက ကြည်လင်သော ကိုလှဝေမဟုတ်တော့၊ တခါက တက်ကြွသော ကိုလှဝေလည်း မဟုတ်တော့။

ကျောင်းလည်းမတက်၊ အလုပ်လည်းမလုပ်၊ သူနှင့်ခင်မင်သော တီတီစီကျောင်းဝင်း အတွင်းရှိ ကထိက တဦး၏ အားလပ်နေသည့် အစေခံတန်းလျားမှ အခန်းတခု၌ တကိုယ်တော် ကျင့်သုံးလျက် နေနေသည်။

ကိုလှဝေက ပြူတင်းမှပြန်လှည့်ကာ ကုလားထိုင်တလုံးပေါ်တွင် ဝင်ထိုင်လိုက်သဖြင့် ကိုမြင့်သူ၏ အတွေးမှာ ပြတ်သွားသည်။

ကိုလှဝေ၏ သဏ္ဍာန်မှာ ပြန်လည်ပြောင်းပြောင်းနေသည်။ ကိုမြင့်သူအား တချက်လှမ်းကြည့်လိုက်ပြီး အေးချမ်းနေပြီဖြစ်သည့် အသံနှင့် မေးသည်။

"ကျွန်တော်ပြောတာတွေ ဘယ်လိုသဘောရသလဲ..."

"ကျွန်တော့်အတွက်တော့ မဆန်းပါဘူး..."

"ဘယ်လို မဆန်းတာလဲ..."

"ခင်ဗျားမှာ သူငယ်နာရောဂါ မစင်သေးဘူး..."

"ဗျာ...."

"ကျောင်းသားတော်တော်များများဟာ ခင်ဗျားလိုဘဲ သူငယ်နာမစင်တဲ့ ရောဂါရတတ်ကြတယ်......"

ကိုလှဝေက မျက်မှောင်တချက် ကြုတ်လိုက်သည်၊ ဘာမျှပြန်မပြော၊ ကိုမြင့်သူကသာ အေးချမ်း တည်ငြိမ်စွာ ဆက်ပြောနေသည်။

"ခင်ဗျားတို့ ကျွန်တော်တို့လိုဘဲ၊ လူငယ်တွေဟာ တက္ကသိုလ်ရောက်တဲ့ အချိန်နဲ့ လူလားမြောက်တဲ့ အချိန်နဲ့ လာကြုံကြိုက်နေတယ်။ ခလေးဘဝဟာ စိတ်သဘောအရာရော၊ ရုပ်သဘောအရာရော မျှတ ညီညွတ်နေတဲ့ အချိန်ဖြစ်တယ်၊ အင်္ဂလိပ်လိုတော့ ပီးရိရှော့အော့ဖ် အီကွီလီဘရီရင်လို့ ခေါ်တယ်။ ကြီးကောင်ဝင် လူလားမြောက်တဲ့ အခိုက်အတန့်မှာ အဲဒီ မျှတညီညွတ်ခြင်း သဘောဟာ ပျက်ယွင်း သွားတယ်၊ လူသစ်စိတ်သစ်ဖြစ်သလို အကြံသစ် ဉာဏ်သစ် အမြင်သစ်တွေ ဝင်လာတယ်။ ဒီအချိန်မှာ စိတ်ကူးအယဉ်တတ်ဆုံး၊ စိတ်အပြောင်းအလဲ အမြန်ဆုံး ကိုယ်စွမ်းကိုယ်စကို အပြချင်ဆုံး အချိန်

ဖြစ်တယ်။ လူကြီးဖြစ်လာမယ့် အချိန်မှာ တသက်စွဲမြဲတော့မယ် အကျင့်စာရိတ္တနဲ့ စိတ်သဘောထားတွေ စတင်ဖွဲ့စည်းအခြေပြုတဲ့ စပ်ကူးမတ်ကူးအချိန်လဲ ဖြစ်တယ်။ ကံဆိုးတာက ကျွန်တော်တို့နိုင်ငံရဲ့ ဟိုက်စကူးကျောင်းနဲ့ တက္ကသိုလ်ကျောင်းတွေမှာ ဒီလို ပုံသွင်းတိုင်းရမယ့် လူငယ်တွေအတွက် အထူးရွယ်စူးပြီးထားတဲ့ ညွှန်ကြားပဲ့ပြင်မှုစံနစ် မရှိဘူး....”

ကိုမြင့်သူက ရှည်လျားစွာ ရှင်းပြသည်။

“အဲဒါနဲ့ ဘာဆိုင်လို့တုံး.....”

“ဆိုင်တာ ကျွန်တော်ပြောပြပါ့မယ်။ ဒီလိုလူငယ်တွေကို ပညာပိုင်းဆိုင်ရာတွေက ခေါင်းဆောင်မှု ပေးဘို့ မေ့လျော့နေတဲ့အခါမှာ လစ်လပ်နေတဲ့ ခေါင်းဆောင်မှုကို တာဝန်မဲ့ နိုင်ငံရေးသမားတွေက ဝင်ယူလိုက်တယ်၊ ကျွန်တော်တို့တိုင်းပြည်က နိုင်ငံရေးသမား တော်တော်များများဟာ ပါးစပ်က ဘယ်လို အသံကောင်းတွေ ဟစ်နေကြပေမယ့် ကျွန်ခေတ်က အမြစ်တွယ်ခဲ့တဲ့ ကျွန်စိတ်ကျွန်ကျင့်တွေ မကုန်ကြသေးဘူး။ အင်္ဂလိပ်ကို ကော်ဆဲဘို့ကလွယ်တယ်။ နယ်ချဲ့စံနစ်ကြီးကို ရှုတ်ချဘို့က လူတိုင်းလုပ်နိုင်တယ်။ နိုင်ငံသစ်တည်ထောင်ဘို့ အမြင်သစ်အကျင့်သစ်ရဘို့ကို သိပ်ခက်တယ်။ ကျွန်ခေတ် နိုင်ငံရေးရဲ့ အဓိကရည်ရွယ်ချက်က မိမိပါတီ အာဏာရရေးသည် ပထမ၊ နိုင်ငံ သို့မဟုတ် ပြည်သူလူထုသည် ဒုတိယ။ ဒါဟာ ကျွန်စိတ် ကျွန်ကျင့်ရဲ့ အသွင်လက္ခဏာတခု ဖြစ်တယ်။ ရှေးတုန်းက လူတွေဟာ အင်္ဂလန်ပြည်မှာ လုပ်သည်ဆိုတဲ့ အရာမှန်သမျှကို အထင်ကြီးကြတယ်၊ အခု လူတော်တော်များများကတော့ ရုရှားပြည်မှာ လုပ်သည်ဆိုတဲ့ ကုန်အမှတ်တံဆိပ်ကို ဈေးကြီးပေးဝယ်နေကြပြန်တယ်။ နေရာတကာမှာ နိုင်ငံခြားကလာတာကို ဖုံးကွယ်ချင်မှုဟာလဲ ကျွန်စိတ် ကျွန်ကျင့်ရဲ့ အသွင်လက္ခဏာတခုဘဲ ဖြစ်တယ်....”

ကိုမြင့်သူက ခေတ္တ စကားကို ရပ်နားလိုက်သည်။ မကျေနပ်သော ကိုလှဝေကသာ မေးခွန်းထပ်လိုက်၏။

“ခင်ဗျားပြောနေတာတွေနဲ့ ကျွန်တော့်ကို သူငယ်နာမစင်သေးဘူးလို့ စွပ်စွဲတာက ဘာဆိုင်လဲ”

“ဆိုင်တဲ့အခန်းကို ရောက်ပါတော့မယ်၊ ခုနကပြောသလို တက္ကသိုလ်ရောက်စ လူငယ်တွေဟာ စိတ်သစ်အမြင်သစ်နဲ့ မိမိတို့ရဲ့ လူမှုပတ်ဝန်းကျင်ကို လှမ်းမျှော်ဆန်းစစ်ကြည့်ကြတယ်။ ဆန်းစစ်ကြည့်တယ်ဆိုပေမယ့် အသက်အရွယ်နဲ့ အတွေ့အကြုံက နုနယ်ကြသေးတော့ နှိုင်းနှိုင်းချိန်ချိန် သုခမိန်ဆိုတဲ့ ပညာရှိရဲ့ မျှတသော ဆန်းစစ်ကြည့်ပုံမျိုးနဲ့တော့ မဟုတ်ဖူး။ ဝေဖန်မှုလို့ ခပ်ယဉ်ယဉ် အမည်တပ်ထားတဲ့ ဆီလို အပေါက်ရှာ အပြစ်ရှာမှုကိုသာ ပြုကြတယ်၊ ဒီတော့ အဆင်မပြေမှုတွေ၊ မမှန်ကန်မှုတွေ၊ မပြည့်ဝမှုတွေ၊ မအောင်မြင်မှုတွေ ဒါတွေကိုဘဲ တွေ့ကြတယ်၊ ဒါတွေဟာ ကျွန်တော်တို့နိုင်ငံမှာ မရှိဘူးမဟုတ်ဖူး၊ ရှိတယ်၊ ဒါပေမယ့် ဒီမနှစ်မြို့ဘွယ်ရာတွေဟာ စစ်ပီးခေတ်

နိုင်ငံတွေ၊ အထူးသဖြင့် "ထွက်ဟဲ့... ထွက်ဟဲ့.... ဆိုလို့သာထွက်ခဲ့ရ ငါဘာကောင်မှန်းမသိ" ဆိုတဲ့ အခြေမှာ ရှိနေတဲ့ ကိုလိုနီစံနစ်က လွတ်မြောက်စနိုင်ငံတိုင်းမှာ မလွဲမရှောင်သာအောင် ပေါ်ပေါက်နေကြတယ်။ ဒါတွေပေါ်ပေါက်လာတဲ့ အကြောင်းက တကြောင်းမဟုတ်ဖူး၊ အကြောင်းတွေ အများကြီးရှိတယ်၊ ဖြေရှင်းစရာနည်းကလဲ တနည်းထဲ လေ့နံဓားထစ်မရှိဘူး၊ အဖုံဖုံအသွယ်သွယ်ရှိတယ်။ ဒီအထိ ခင်ဗျား နားလယ်တယ်နော်...."

"ဆက်ပါအုံးလေ......"

"တက္ကသိုလ်က ပညာတတ်လူငယ်လေးတွေဟာ လူငယ်ပီပီ စိတ်မြန်တော့ အဖြေအမြန်ဆုံးရမယ့် တခုတည်းသော အချက်အခြာအကြောင်းဆိုတာကို ရှာကြည့်ကြတယ်။ ရောဂါတခုရဲ့ အခြေအမြစ် အသွယ်သွယ်ကို နှိုင်းချိန်စီစစ်ပိုင်းခြားပြတဲ့ ဆရာဝန်ရဲ့ အစီရင်ခံစာထက် မျက်စိတမှိတ် လျှပ်တပြက်အတွင်း ရောဂါစွဲကို ဒက်ကနဲအမည်ပေးတတ်တဲ့ ပယောဂဆရာရဲ့စကားကို ပိုမိုယုံကြည်ချင်တဲ့ သဘောပေါ့။ ဖြေရှင်းဘို့အတွက် နည်းလမ်းကိုလဲ အရင်လိုလမ်းအိုလိုက်တဲ့ တစတစ ပြုပြင်မှုနည်းထက် ဖြတ်လမ်း ဆေးမြီးတိုသဘောကို ပိုနှစ်သက်ကြတယ်။ ဒီအခါမှာ တာဝန်မဲ့နိုင်ငံရေးသမားတွေ ဝင်လာတယ်။ သူတို့တွေက ဗမာပြည်ရဲ့ ဒုက္ခအသွယ်သွယ် ပျောက်ချင်ရင် အကြမ်းဖက် လူတန်းစားတိုက်ပွဲနည်းနဲ့ တော်လှန်ပစ်ရမယ်လို့ ဟောကြားကြတယ်။ သူတို့ရဲ့ ဟောပြောချက်တွေကို တက္ကသိုလ်က လူငယ်တွေဟာ တော်တော်များများ လက်ခံလာကြတယ်။ လက်ခံရတဲ့ အကြောင်းကလဲ ရှိနေတယ်။ ဒီနေရာမှာ လူငယ်စိတ်ပညာဟာ ဖြေရှင်းဘို့ဝင်လာတယ်"

ကိုမြင့်သူက စီးကရက်တလိပ်ကို ထုတ်ယူ၍ ကိုလှဝေအား လှမ်းပေးလိုက်သည်။ ကိုလှဝေက လက်ကာ၍ ငြင်းဆန်သောအခါ မိမိဘာသာဖွာငြိသောက်ပြီး စကားကိုဆက်သည်။

"ဒီဆရာကြီးတွေရဲ့ ဆေးမြီးတိုတွေကို လူငယ်တွေလက်ခံတဲ့အကြောင်းက ၃ချက်ရှိတယ်။ ပထမ အချက်က ဘယ်တိုင်းပြည်မှာမဆို ဘယ်ခေတ်မှာမဆို လူငယ်တွေဟာ သူပုန်ဆန်ချင်တဲ့ သဘောရှိတယ်။ ဒီသဘောကြောင့် တော်လှန်ရေးလို့ အမည်တပ်ထားတဲ့ ဝါဒတွေ တော်လှန်ရေးဘက်တော်သားလို့ အမည်ခံထားတဲ့ လူတွေကို အထင်ကြီးကိုးကွယ်ချင်တဲ့အကျင့် ရလာတတ်တယ်။ ဒီအကျင့်ဟာဘဲ လူငယ်တွေရဲ့ဖက်ရှင် ဖြစ်လာတတ်တယ်၊ ဒုတိယအချက်က ပညာတတ်တဲ့ လူငယ်တွေမှာ တနည်းအားဖြင့် ကြည်ညိုဘွယ်ကောင်းတဲ့ စိတ်ဓာတ်တခုရှိတယ်။ သူတို့ဟာ အာဏာရနေတဲ့ အုပ်ချုပ်နေတဲ့ လူတွေရဲ့ စကားတွေဝါဒတွေဟာ ဘယ်လောက်ဘဲမှန်နေပစေ၊ လိုက်နာဘို့ ထောက်ခံဘို့အတွက် လိပ်ပြာမသန့်ဖြစ်တတ်တယ်။ လိုက်နာထောက်ခံခြင်းဟာ အချောင်သမားဆန်တယ်၊ မျက်နှာလိုအားရပြုတယ်လို့ ထင်တတ်ကြတယ်။ သူရဲကောင်းဆန်နည်း တမျိုးပေါ့။ အဲဒီ ၂ချက်ကို ကျွန်တော်က သူငယ်နာရောဂါလို့ခေါ်တယ်"

ကိုလှဝေက ဟက်ဟက်ပက်ပက် ရယ်မောလိုက်၏။ နောက် "အဲဒီ၂ချက်ဟာ ကျွန်တော့်ကိုယ်တွေ့နဲ့ ကိုက်လွန်းလို့ဗျို့" ဟု ဆိုသည်။

"နောက်ဆုံးအချက်ကတော့ ဗမာပြည်က ကျောင်းသားတွေနဲ့ ပိုဆိုင်တယ်၊ ဒီတဇောက်ကန်းဝါဒကို လက်ခံကြတဲ့ ကျောင်းသားအများဟာ နယ်ကကျောင်းသားတွေများတယ်၊ သူတို့တွေဟာ နယ်မှာ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေး၊ အထွေထွေမှာ မကျေနပ်စရာ အဆင်မပြေတာတွေ၊ အမှုထမ်းတွေ၊ အာဏာရ အဖွဲ့ရဲ့ ဘက်တော်သားတွေရဲ့ အောက်ခြေလွတ်မှုတွေကို ခံစားခဲ့ကြရတယ်၊ သူတို့ရင်မှာ မခံချင်စိတ်တွေ၊ ဒေါသတရားတွေဟာ အပြည့်ပါလာကြတယ်။ စိတ်ပညာ သဘောကတော့ သူတို့တွေကို ဆောက်တည်ရာမရ ဖြစ်နေသူတွေလို့ ခေါ်တယ်။ ဆောက်တည်ရာမရ ဖြစ်နေသူတွေအတွက် တဇောက်ကန်းဝါဒ အမြစ်တွယ်ဖို့ဟာ အင်မတန် လွယ်တယ်။ လူငယ်တော်တော်များများ ဆူပူနေကြတာဟာ ဝါဒသဘောတရားရေးကြောင့်ထက် အစိုးရနဲ့ အာဏာပိုင်တွေကို ဆဲဆိုနေရတာ အရသာကိုတွေ့နေကြလို့ဖြစ်တယ်"

"ခင်ဗျားဒါတွေကို ဘယ့်နှယ်လုပ်ဖြေရှင်းမလဲ"

"ဖြေရှင်းဖို့ကမလွယ်ဘူး။ ဒါပေမယ့် နည်းလမ်းရှိပါတယ်။ တလမ်းက ပညာပေးဖို့၊ တလမ်းက စည်းကမ်းကိုင်ပေးဖို့။ ပညာဆိုတာ သင်ရိုးမာတိကာတွေထဲက ဟာတွေချည်းဘဲ ဆရာတွေဟာ သင်မနေဘဲ လူငယ်တွေနဲ့ လက်ပွန်းတတီး ပေါင်းရမယ်၊ ပွင့်ပွင့်လင်းလင်း ဆွေးနွေးရမယ်၊ မုန်းမှာကိုမကြောက်ဘဲ အမှန်ကိုပြောရဲရမယ်။ စည်းကမ်းကိုင်ပေးဖို့ဆိုတာကလဲ ချုတ်ချယ်ဖို့ မဟုတ်ဖူး။ ဥပဒေဘောင်အတွင်းကနေ ထိန်းသိမ်းကြပ်မတ်ပေးဖို့ဘဲ။ နိုင်ငံရေးသမားတွေကလဲ တခါက တက္ကသိုလ်အဓိပတိကြီးပြောသလို လက်ရှောင်ပေးဖို့ ကောင်းတယ်၊ လူငယ်တွေကို ဆူနည်းပူနည်း စည်းကမ်းဖျက်နည်းတွေကို သင်ပေးနေတာတွေကို ရပ်တန်းက ရပ်ပစ်သင့်ဘီ။ လက်ရှိအစိုးဘဲ မြဲနေနေ အတိုက်အခံဘဲတက်တက်၊ ဘယ်ဝါဒတွေနဲ့ဘဲ တိုင်းပြည်ပြုပြု၊ ဒီလူငယ်လေးတွေကိုဘဲ အားကိုးရမှာဘဲ။ ဒီလူငယ်လေးတွေကို နိုင်ငံရေးစကားလုံးကြီးကြီး သုံးတတ်ဖို့၊ နိုင်ငံရေး လှုံ့ဆော်စည်းရုံးနည်းတွေ တတ်ဖို့ကိုချည့် အားပေးနေရင် အနာဂတ်ဗမာပြည်မှာ လေလုံးသာထွားတတ်ပြီး တိုင်းပြည်ပြုလုပ်ငန်း ဘာမှမတတ်တဲ့ ခေါင်းဆောင်တွေနဲ့သာ ပြည့်နေမှာဘဲ။ ဒါဟာ အခုခေတ်ရဲ့ အခက်အခဲတွင်မဟုတ်ဖူး၊ အနာဂတ်အန္တရယ်လဲဖြစ်တယ်၊ လူငယ်တွေကိုယ်နှိုက်ကလဲ ပြုပြင်လွယ်သော စိတ်မွေးမြူပြီး၊ တဖက်သတ်ဝါဒစွဲတွေကို မျက်စိကန်းလက်မခံဘဲ အခြေအနေ အတွေ့အကြုံ စသည်တွေနဲ့ နှိုင်းချိန်သုံးသပ်ကြည့်ဖို့ လိုနေတယ်။ ဒီမှာ ကိုလှဝေ၊ အဲဒီလို နှိုင်းချိန်သုံးသပ်မှု မရှိရင် လူငယ်တွေဟာ ဘာဖြစ်သွားမလဲ"

ကိုလှဝေက ဒုတိယအကြိမ် မျက်မှောင်ကြုတ်ကာ သူ့အား လှမ်းကြည့်လိုက်ပြန်သည်။

"ဘာဖြစ်သွားမလဲ"

"ဘာဖြစ်သွားမလဲဆိုတော့ ခင်ဗျာလိုဘဲ ရှင်ရက်နဲ့ သေသွားနိုင်တယ်"

ကိုလှဝေက သူ့အား ဆတ်ကနဲမော်ကြည့်လိုက်သည်။ သူ့အသွင်မှာ မမြော်လင့်ဘဲ မိုးကြိုးကျဉ်စက်မိသူပမာ တုန်လှုပ်ချောက်ချားသွားသည်။ ခဏချင်းမှာပင် ဦးခေါင်းမှာ ပြန်လည်ကျိုးကျသွားသည်။

"ကျွန်တော်ဟာ တကယ်ဘဲ ရှင်ရက်နဲ့သေနေသလား..."

သူ့အသံမှာ အက်ကွဲခြောက်သွေ့နေ၏။

ကိုမြင့်သူကို မေးလိုက်သည်ထက် မိမိကိုယ်ကိုမေးနေဟန်သာ တူသည်။ ကိုမြင့်သူက မဖြေမီပင် သူ့ဘာသာသူ ဆက်ပြောနေပြန်၏။

"ကျွန်တော်ဟာ ရှင်ရက်နဲ့ သေနေသလား။ ဒီမေးခွန်းကို ကိုယ့်ဘာသာကိုယ် မေးနေမိတာ ကြာပါဘီ။ အဖြေကို ကျွန်တော်သိတယ်။ သိပေမယ့် လက်မခံရဲဘူး။ လက်ခံရမှာကို စိတ်ကနာကျည်းနေတယ်။ ဟုတ်တယ်။ ကျွန်တော်ဟာ သေနေတာဘဲ။ ဒါကိုသိတာကတခြားဘဲ။ ကျွန်တော့်ကိုကျွန်တော် ရှင်အောင် ပြန်မလုပ်နိုင်တာက တခြားဘဲ။ အခန်းတံခါးပိတ်ရင် စိတ်ကူးတံခါးကိုလဲ ပိတ်ပါဆိုတဲ့ အိပ်ပျော်ဆေးနည်းတလက်ကို နားလယ်တယ်၊ ဒါပေမယ့် စိတ်ကူးတံခါးကို ဘယ်လိုပိတ်လို့မှမရဘူး၊ တခါတလေ ကျောင်းမှန်မှန်ပြန်တက်ပြီး ဘွဲ့လေး ဒီဂရီလေးယူလို့ အလုပ်အကိုင်ရှာဖွေနေထိုင်မယ် ကြံမိတယ်၊ လက်တွေ့မှာတော့ မလုပ်မိဘူး၊ မခက်ဖူးလား....။ ဒါကို ဘယ့်နှယ့်လုပ်မလဲ...."

သူက ခေတ္တတွေးခေါ်နေဟန်နှင့် ရပ်နားလိုက်သည်။ ခဏတွင်းပင် ဦးခေါင်းကို ပြန်မော့လိုက်၍ အရောင်မဲ့သော မျက်လုံးအစုံအား မျက်နှာကြက်ဆီ ငေးမျှော်စိုက်ကြည့်ရင်း ဆွေးမြေ့ငွေ့လွှမ်းသော အသံနှင့် တလုံးချင်း ဆက်ပြောသည်။

"ညအခါတွေမှာ မဆိုက်ရောက်လာနိုင်တဲ့ အိပ်ပျော်ခြင်းဆိုတာကို သက်ပြင်းလှိုင်လှိုင် ချရင်းက စောင့်မျှော်နေတုန်းမှာ အဆုံးအစမရှိတဲ့ တွေးလုံးတွေဟာ ဝင်ဝင်လာတတ်တယ်၊ တကယ်ဆိုတော့ အစရယ်လို့ မယ်မယ်ရရမရှိတာမို့ အဆုံးဟာလဲ ဘယ်ဆီနေမှန်းမသိလေတဲ့ ဒီစိတ်ရဲ့ လွင့်ပါးမှုတွေကို အတွေးလို့ ခေါ်နိုင်ပါ့မလားလဲ မသိဘူး။ တခါတလေတော့လဲ နေချင်သလို ဖြစ်မလာတဲ့ လောကကြီးမှာ ဖြစ်သလိုနဲ့ ရောင့်ရဲပြီး အကြောင့်အကြနဲနဲနဲ့ ပျော်ပျော်ဘဲနေတော့မယ် စိတ်ကူးမိပါရဲ့၊ ဒီလိုဆိုပြန်တော့လဲ လူ့ဘဝကို လေရူးရှေ့ကရွက်ဝါပမာ မျောလေရာလွင့်စတမ်းလို့ လက်ခံခဲ့တဲ့အပိုင်း၊ ကံဇာတ်ဆရာ သူစေသမျှကို လွမ်းခန်းမှာငိုပြီး ပျော်ခန်းကျရီလို့ လောကဘုံတခွင် ကြုံအင်လေသမျှကို ကိုယ့်ကိုယ်ကိုကိုယ်အစိုးမရတဲ့ ကချေသယ်ရဲ့အမြင်နဲ့ ကြည့်ခဲ့တဲ့အဖြစ်၊ ဒီအဖြစ် ဒီအစိတ်အပိုင်းတွေဟာ အတိတ်မှာ မှုန်မှေးဝေးသီ ကျန်ရစ်လေတဲ့ ခလေးဘဝနဲ့အတူ ပျက်ပြယ်လွင့်ပျောက်ခဲ့ပြီဖြစ်တာမို့ ပေါ့ပေါ့နေဘို့ စိတ်ကူးမိတာကိုဘဲ ရှုးသွပ်ခြင်းပေလား ထင်များ

ထင်မိသေးတယ်။ ကိုယ့်ဘဝကိုယ် ပြန်ကြည့်မိတဲ့အခါမှာ အဆုံးစွန်ရောက်နေပြီဖြစ်တဲ့ ကြိုးတစရဲ့ အဖျားကို ဆုပ်ကိုင်ထားရင်းက မောင်နဲ့မဲမဲမှာ ရှေ့ဆက်ခရီးသွားဘို့ ထိတ်လန့်နေတဲ့ လူတယောက် အဖြစ် မြင်မိတယ်။ ဒီကြိုးကိုလွှတ်ပြီး မမြင်မစမ်း ရှေ့ဆက်ရင် ချောက်ကမ်းပါးမှာဘဲ ကျမလားမသိ၊ ဒီကြိုးကိုတွယ်ပြီး ဘယ်မှမရွေ့ပြန်တော့လဲ ဒီအမှောင်က တသက်ဘယ်လိုလွတ်ပါမယ်မသိ"

သူက အပြုံးမဟုတ်သော အပြုံးကိုပြုလိုက်ကာ စန္ဒယားခုံဆီ ပြန်သွားသည်။ ခလုတ်ဖြူဖြူများပေါ်တွင် လက်က လှုပ်ရှားလေသည်၊ ခဏတွင် ခပ်စောစောက သူတီးခဲ့သော တေးသည်ပင် ငြိမ့်ညောင်းစွာ ဝဲပျံ့ဝေမြည်လာသည်၊ အဆိုပင်မပါသော်လည်း တေးသွားအလိုက် နက်နဲသိမ်မွေ့သော စာသားများက ကိုမြင့်သူ၏ အာရုံတွင် ရေးရေးထင်လာပါ၏။

"မဟာကပ်ကမ္ဘာ မြေလွှာပြင်ဝယ်၊ မြူခြေငွေနှင်း ကျလာဆင်းသည့်နှယ်၊ သင်္ကာယုံမှားလွဲစွာ၊ မှောင်မဲ အဝိဇ္ဇာဖုံးပိတ်ကွယ်၊ တွေ့နိုင်ခဲလှတယ်၊ သစ္စာ–သစ္စာခင် ရယ်...."

**အခန်း(၇)**

ကိုလုဝေက သီချင်းကို အဆုံးသတ်လိုက်သောအခါ ကိုမြင့်သူသည် သူ့ပခုံးပေါ် လက်တင်လိုက်ရင်း ဆိုသည်။

"ခင်ဗျားလဲ မအိပ်နိုင်ဘူးမဟုတ်လား၊ ကျွန်တော်လဲ မအိပ်ချင်သေးဘူး၊ အပြင်ထွက် ခြံထဲ ထိုင်ကြရအောင်၊ ပြီးတော့ နို့အေးအေးတခွက်စီသောက်ရင်း စကားဆက်ကြသေးတာပေါ့"

ကိုမြင့်သူသည် အိမ်ဖော်ဒေါ်ကြီးခင်အား နို့အေးနှစ်ခွက်ယူလာရန် မှာကြားပြီး ကိုလုဝေအား ခေါ်ဆောင်ကာ ခြံတွင်းသို့ထွက်ခဲ့သည်။ ခြံတွင်း၌မူ မိုးနံ့သင်းသော ညချမ်းလေနုကြောင့် အေးမြလန်းဆန်းနေသည်။

ဒေါ်စောရီ တယုတယမွေးမြူထားသော ပန်းပင်တို့မှ ရနံ့စုံတို့သည်လည်း မွှေးပျံ့ကြိုင်ထုံနေရာ စပယ်နံ့မှာ အသင်းဆုံးဖြစ်နေသည်။

ကံ့ကော်ပင်ရိပ်အစွန်းရှိ လရောင်ဖျန်းလျက်ရှိသော မြက်ခင်းပြင်ထက် ချထားသည့် ကြိမ်ကုလားထိုင်တခုစီဝယ် နှစ်ဦးသား ထိုင်လိုက်ကြသည်။ ကိုလုဝေက သန့်ရှင်းသောလေကို အားရပါးရ ရှူရှိုက်လိုက်ရင်း "ခုမှဘဲ ရင်ထဲမှာတင်းကျပ်တာ ပျောက်သွားတယ်" ဟု ဆိုသည်။

"ကျွန်တော်တော့ ကိုမြင့်သူ၊ အိမ်ဆိုရင် ဘယ်အိမ်မဆို သိပ်ကျဉ်းကျပ်တယ်လို့ ခံစားမိတယ်၊ လွတ်လွတ်လပ်လပ် တောတောင်ရေမြေတွေဆုံးအောင် လေဟာပြင်ထဲ လျှောက်သွားချင်နေတယ်...."

"ကောင်းသားဘဲ..... ခင်ဗျား ခရီးများများ ထွက်ပစ်လိုက်ပါလား"

"ထွက်ခဲ့ပါတယ်၊ ရှမ်းပြည်၊ ရခိုင်ပြည် တနင်္သာရီ အတော်နံ့ပါတယ်။ ဒါပေမယ့် မထူးပါဘူးလေ...... ကျဉ်းကျပ်အောင် ခံစားနေရတာက စိတ်အနှောင့်အဖွဲ့ မဟုတ်လား.....၊ ဒီမြေမှာ ပြေးနေလို့ကော လွတ်မတဲ့လား...."

ကိုမြင့်သူက အဖြေမပေးဘဲ သူ့အားသာ ပြုံးရင်း စိုက်ကြည့်နေသည်။

ထိုစဉ် အလိုက်သိသော ဒေါ်ကြီးခင်က နို့အေးနှစ်ခွက်အပြင် စီးကရက်ဗူးနှင့် မီးခြစ်ကိုပါယူလာ၍ အနီးရှိ စားပွဲပုကလေးပေါ်တွင် လာချပေးသည်။

"ခင်ဗျားဘဝကို ခင်ဗျား ကျေနပ်နေသလား.... ကိုမြင့်သူ...."

နို့အေးကိုသောက်ရင်း ဘာစိတ်ကူးရသည်မသိ၊ ကိုလှဝေက ပြုံးရင်းမေးသည်။

"လူ့ဘဝမှာ ကိုယ့်ဘဝမှာ ကိုယ်ပျော်နိုင်ဘို့ဟာ အရေးကြီးဆုံးပေါ့ ကိုလှဝေ။ မရနိုင်တာကို တောင့်တမိခြင်းလိုဘဲ ရနေတာနဲ့ မတင်းတိမ်နိုင်ခြင်းဟာလဲ စိတ်ဒုက္ခရစရာ အကြောင်းရင်းတခုပါဘဲ...."

ကိုမြင့်သူက အနောက်မိုးပြင်ဘက် အတန်ယိမ်းလျောလျက်ရှိသော ၈–ရက်သားလခြမ်းအား ငေးကြည့်ရင်း တလုံးချင်းဖြေသည်။

"ကျွန်တော်တော့ တခါတလေ ခင်ဗျားလိုဘဲ အိမ်တဆောင်မီးတပြောင် အလုပ်အကိုင်အတည်တကျနဲ့ တင့်တောင့်တင့်တယ် နေချင်သား။ ဒါပေမယ့် ကိုယ်က စည်းစိမ်နဲ့ တကိုယ်ကောင်းဆန်ဆန် ဇိမ်ခံနေတုန်း တခြားလူတွေက ငတ်နေ မွဲနေ ဒိုနေရတာကို စဉ်းစားမိရင် လိပ်ပြာမသန့် ဖြစ်မိတယ်...."

"ခင်ဗျားစေတနာဟာ မှန်ပါတယ်...၊ ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့ တကိုယ်ကောင်း ကြီးပွားရေး ဝါဒတွေဟာ ခေတ်ကုန်ပါပြီ။ လူတိုင်း ဘဝရဲ့ချမ်းသာမှုကို အညီအမျှ ခံစားကြရပါစေဆိုတဲ့ စေတနာဟာ ဆိုရှယ်လစ်ဝါဒရဲ့ အနှစ်သာရသဘော အချုပ်ပါဘဲ။ တခုတော့ အံ့သြတယ်။ ဒီလို ဗြဟ္မစိုရ်တရားဆန်တဲ့ ဝါဒတခုကို ဆန့်ကျင်ဘက်ဒေါသ အာဃာတသဘောတွေနဲ့ တွဲဖက်ပေးချင်တာဟာ သဘာဝကို ဖီဆန်ရာမနေဘူးလား...."

"ခင်ဗျား ဘာကိုဆိုလိုသလဲ...."

"ခင်ဗျား တခါက အသဲစွဲယုံကြည်ပြီး အခုလဲ သံယောဇဉ်မပြတ်သေးတဲ့ မာ့က်စ်၊ လီနင်ဝါဒခေါ်တဲ့ အကြမ်းဖက် နိုင်ငံတော်ဆိုရှယ်လစ်ဝါဒကြီးပေါ့.... ကိုလှဝေ....."

ကိုလှဝေက နို့အေးဖန်ခွက်ကို စားပွဲပေါ်ချလိုက်ရင်း ကိုမြင့်သူအား တွေတွေစိုက်ကြည့်လိုက်သည်။

"ခင်ဗျား စိတ်ဆိုးသွားသလား ကိုလှဝေ..."

"ဆိုပါအုံးလေ...."

"ခင်ဗျားစောစောက မကျေနပ်တာတွေကို အန်ချသွားတဲ့နေရာမှာ လူတွေကိုသာ ဖိအပြစ်တင်သွားတယ်၊ မူကိုတော့ ကျေနပ်လက်ခံနေဆဲသဘောက ပေါ်နေသေးတယ်။ မူကိုလဲမစွန့်နိုင်၊ လူတွေကိုလဲ

ရွံ့မုန်းနဲ့မို့ ခင်ဗျားဟာ ပစ်ရမှာလဲ အဆီတဝင်းဝင်း စားရမှာလဲ သဲနဲ့ရှပ်ရှပ် ဆိုတာလို ရှေ့မတိုးသာ နောက်မဆုတ်နိုင် ဖြစ်နေတယ် ဟုတ်လား......"

ဒါကိုတော့ ကိုလှဝေက မငြင်း၊ ဝန်ခံသည့်အနေနှင့် ငြိမ်နားထောင်နေသည်။

"ဒါပေမယ့် ခင်ဗျားအတွေး လိုနေသေးတယ်၊ ခင်ဗျားလက်ခံယုံကြည်ထားတဲ့ မူကြီးကကော မှန်ရဲ့လားလို့ ဆန်းစစ်ကြည့်ပုံမရဘူး..."

"ဘာလဲ ခင်ဗျားက ကားလ်မာ့စ်ကို မှားတယ်လို့များ ပြောအုံးမလို့လား...."

ဤနေရာတွင်မူ ကိုလှဝေ၏အသံမှာ အနည်းငယ်မာနေသည်။

"ကျွန်တော်တို့ စစ်သူကြီးစကားမဟုတ်ဘဲ ပညာရှိစကား ပြောကြရအောင်။ နက်နဲသိမ်မွေ့တဲ့ သဘောတွေကို ဆုံးဖြတ်ခန့်မှန်းတဲ့နေရာမှာ လူပြိန်းတွေ အဓိပ္ပာယ်ပေါက်ထားတဲ့ မှားတယ် မှန်တယ်ဆိုတဲ့ စကားတွေကို နယ်ကျဉ်းကျဉ်းနဲ့ အသုံးပြုလို့မရဘူး။ လူတယောက်ဟာ ကွန်မြူနစ်ဖြစ်ဖြစ် ကွန်မြူနစ်ဆန့်ကျင်ရေးသမားဖြစ်ဖြစ် ဘာဘဲဖြစ်နေနေ သိပ္ပံနည်းကျသော လူမှုရေးရာ ဝိဇ္ဇာပညာနဲ့ လက်တွေ့ဆန်တဲ့ ဆိုရှယ်လစ်ဝါဒတွေဟာ ကားလ်မာ့စ်က စတယ်ဆိုတာတော့ ဘယ်သူမှမငြင်းဘူး၊ ဒါကို ကျေနပ်ကဲ့လား...."

ကိုလှဝေက ပြုံးရုံသာပြုံးနေသည်၊ အဖြေတော့မပေး။

"ဒါပေမယ့် လူသားပညာရှင်မှန်သမျှဟာ ခေတ်ရဲ့ကျေးကျွန်မျှသာဖြစ်တယ်။ ကားလ်မာ့စ် ထက် မယှဉ်သာအောင် တော်တဲ့ အရစ္စတော်တယ်လ်လို ခေါမပညာရှင်ကြီးဟာတောင်မှ သူ့ခေတ် သူ့အခါရဲ့ အရှိန်အဝါကို မလွန်ဆန်နိုင်ခဲ့ဘူး။ ကားလ်မာ့စ်ဝါဒကို မှားတယ်လို့တော့ မဆိုနိုင်ဘူး။ ခေတ်မမှီတော့ဘူး၊ ကျပ်မပြည့်သေးဘူးလို့တော့ တထစ်ချဆိုနိုင်တယ်။ ကားလ်မာ့စ်ကို ဝေဖန်ချင်ရင် သူ့ဝါဒနဲ့ ခွဲခြားလို့မရတဲ့ ရုပ်ဝါဒကြီးကိုပါ ဝေဖန်ရလိမ့်မယ်၊ ကားလ်မာ့စ်ဟာ ၁၈၄၇ ခုနှစ် နွေဦးပေါက်မှာ ကွန်မြူနစ်အဖွဲ့ချုပ်ကို ဖွဲ့စည်းခဲ့တယ်၊ ၁၈၄၈ ခုနှစ်မှာ သူနဲ့ အိန်ဂျယ်ရဲ့ ကွန်မြူနစ်မက်နီဖက်စတိုကို ထုတ်ဝေဖြန့်ချီခဲ့တယ်။ ၁၈၆၄ ခုနှစ်မှာ ပထမ အင်တာနက်ရှင်နယ် ခေါ်တဲ့ ကမ္ဘာ့ကွန်မြူနစ်အဖွဲ့ကို တည်ထောင်ခဲ့တယ်။ ၁၈၈၉ ခုနှစ်မှာ ဒုတိယ အင်တာနက်ရှင်နယ်ကို တည်ထောင်ကြပြန်တယ်၊ ဒါတွေအားလုံးကို ဆယ့်ကိုးရာစုနှစ်မှာ ဖြစ်ပေါ်ခဲ့တယ်နော်....."

"ဆက်ပါအုံးလေ....."

"အဲဒီ ကားလ်မာ့စ်တို့ အိန်ဂျယ်တို့ ကျင်လည်ခဲ့တဲ့ ဆယ့်ကိုးရာစုခေတ်ဟာ ရုပ်ဝါဒ အအောင်မြင်ဆုံး ခေတ်လို့ဆိုရမယ်။ အဲဒီခေတ်မှာ ရူပဗေဒဆိုတဲ့ သိပ္ပံပညာဟာလဲ သိပ်တိုးတက်ခဲ့တယ်။ ကားလ်မာ့စ်တို့ ယုံကြည်ခဲ့တဲ့ ရုပ်ဝါဒကို အဲဒီခေတ် ရူပဗေဒသိပ္ပံပညာဟာ အထောက်အကူပေးခဲ့တယ်။ ဒီနေရာမှာ ရုပ်ဝါဒရဲ့ အခြေခံယုံကြည်မှုနှစ်ရပ်ကို ကျွန်တော်ပြောရလိမ့်မယ်ထင်တယ်။ ခင်ဗျားတော့ သိပြီးသား ဖြစ်ပေလိမ့်မယ်....."

"ပြောပါလေ....."

"ရုပ်ဝါဒရဲ့ ပထမယုံကြည်ချက်က ရုပ်သာလျှင် အစစ်အမှန်သစ္စာဖြစ်တယ်၊ နာမ်ဆိုသည်မှာ မှောက်မှား လွဲမှားသော ထင်ယောင်ထင်မှားဖြစ်မှုသာ ဖြစ်တယ်။ ဟုတ်တယ်မှုတ်လား၊ ဒုတိယ ယုံကြည်ချက်က လောကသဘာဝဓမ္မ ဖြစ်ပျက်မှု အသွယ်သွယ်ဟာ အကြောင်းမဲ့ ဖြစ်ပေါ်နေကြခြင်းမဟုတ်၊ တိကျသော ကြောင်းကျိုးဆက်သွယ်မှုအရသာ ဖြစ်ပေါ်နေကြတယ်၊ ဒါကြောင့်မို့ ၎င်းတို့ ဖြစ်ပေါ်နေကြခြင်းကို ကြောင်းကျိုးဆက်သွယ် တွေးခေါ်မှုပေါ် မှီ တီထွင်ထားတဲ့ သသဘာဝဓမ္မ နည်းဥပဒေများအရ တထစ်ချဖြေရှင်းနိုင်တယ်။ ဒါဖြစ်ရင် ဒါလိုက်လာရမယ် စသည်ဖြင့် ကြိုတင်ပြီး မလွဲအောင် ဟောပြောနိုင်တယ်၊ မှန်တယ်နော်"

"မှန်ပါတယ်...."

"ဘာကြောင့် ရုပ်ကိုသာလျှင် မှန်သောသစ္စာလို့ ပြောခဲ့ကြသလဲဆိုတော့ ရုပ်ဟာ တည်မြဲတာမို့လို့ ဆိုတယ်။ တည်မြဲခြင်းသဘောကို နေရာ၌တည်မြဲခြင်း အချိန်၌တည်မြဲခြင်းစသည်ဖြင့် အဓိပ္ပာယ်ဖော်ယူရတယ်၊ အတိုချုပ်ပြောရရင် ၁၉ ရာစုခေတ် ရူပဗေဒပညာကိုယ်၌က ရုပ်၊ နေရာ၊ အချိန်၊ ဒီသဘော ၃ ခုကို မဖေါက်မပြန် မှန်ကန်သော ပရမတ်တရားတွေအဖြစ် လက်ခံခဲ့တယ်။ ဒီလိုဘဲ ရုပ်ဝါဒရဲ့ ဒုတိယအခြေခံ ယုံကြည်ချက်ကိုလဲ လက်ခံခဲ့တယ်။ ဒီရုပ်ဝါဒရဲ့ အခြေခံယုံကြည်ချက်နှစ်ရပ်ဟာ မပြည့်စုံကြောင်း အသိဉာဏ်ရင့်သန်တဲ့ ပညာရှိတွေဟာ ရှင်းပြပြောဆိုခဲ့ကြပေမယ့် သိပ္ပံပညာရဲ့ အထောက်အထားကို မရကြသေးတာမို့ ရုပ်ဝါဒကြီးဟာ မဖြုန်ခဲ့ဘူး။ ဒါပေမယ့် ၂၀ ရာစုနှစ်ရောက်တော့ ရုပ်ဝါဒကြီးကို သက်သေအထောက်အထားပြည့်စုံစွာနဲ့ ရုပ်ဝါဒီတွေ ဘယ်လိုမှ မထင်ခဲ့ကြတဲ့ ရူပဗေဒကဘဲ အမြစ်ကစ တွန်းလှန်ဖျက်ဆီးပစ်လိုက်တယ်...."

"ဘယ်လို တွန်းလှန်ဖျက်ဆီးပစ်လိုက်သလဲ..."

"တွန်းလှန်ဖျက်ဆီးလိုက်တဲ့နေရာမှ သာမန်တွေးလုံး တောလုံး ငြင်းလုံးတွေကို အသုံးပြုခဲ့ကြတာ မဟုတ်ဖူး။ တိကျမှန်ကန်တဲ့ သင်္ချာတွက်ချက်မှုတွေ၊ သိမ်မွေ့ခက်ခဲတဲ့ ရူပဗေဒ လက်တွေ့ စမ်းသပ်ချက်တွေနဲ့ သိပ္ပံပညာနယ်ပယ်နဲ့ ကမ္ဘာလောကကြီးတခုလုံး သိမ့်သိမ့်တုန်စေခဲ့တဲ့ ပါမောက္ခ အိန်စတိန်းပလန့်၊ ဘီက်ဇင်တ်ခ်နဲ့ ရှိုးဒင်းဂျား တို့လို အဓိကပညာရှင်ကြီးတွေဖြစ်တယ်...."

ပါမောက္ခအိန်စတိန်းရဲ့ နာမည်က စကြဝဠာတခုလုံးနဲ့ပတ်သက်တဲ့ လူသားရဲ့အမြင်ကို တမျိုးတဖုံ ပြောင်းလဲစေတတ်တဲ့ ရီလေးတစ်ဗီတီဆိုတဲ့ သီအိုရီနဲ့ ဆက်သွယ်နေတယ် ပလန့်ခ်၊ ဟိုက်ဇင်း ဘတ်ခ်နဲ့ ရှိုးဒင်းဂျားတို့ရဲ့ အမည်ဟာ အနုမြူကို လေ့လာရှင်းလင်းတဲ့ ကွမ်တန်သီအိုရီတို့၊ ဒြူးဝဲလ် သီအိုရီတို့နဲ့ ဆက်သွယ်နေတယ်။ အတိုချုံးပြီး လိုရင်းကို အရင်ပြောထားနှင့်ရမယ်ဆိုရင် အကြီးဆုံး စကြဝဠာကြီးကို လေ့လာလေ့လာ၊ အသေးဆုံး အနုမြူကို လေ့လာလေ့လာ၊ ရုပ်ဝါဒကြီးဟာ မပြည့်စုံ ကြောင်း၊ သို့မဟုတ် ခေတ်မမှီတော့ကြောင်း တွေ့လာရတယ်....”

“ဘာကြောင့်....”

“ရှေးခေတ်က အနုမြူကို သူပင် ရုပ်ရဲ့အစ၊ သူပင် ရုပ်ရဲ့အဆုံးလို့ ထင်ခဲ့တယ်၊ အနုမြူဟာ အသေးဆုံးသော ရုပ်ရဲ့အခြေခံဖြစ်ပြီး သူ့ကို ခွဲစိတ်လို့မရ၊ ဖျက်ဆီးလို့မရ၊ ပျောက်ပျက်လဲမသွားဘူး။ ဒါကြောင့်မို့ မြဲတယ်မှန်တယ်လို့ ဆိုတယ်။ ဒါပေမယ့် ရုပ် သို့မဟုတ် ရုပ်ရဲ့ အနှစ်သာရ သဘောဖြစ်တဲ့ ပစ္စည်းထုဟာ အားသဘောကို ပြောင်းသွားနိုင်ကြောင်း အိန်စတိန်းဟာ သက်သေပြ ခဲ့တယ်။ တခါ အားဆိုတာဟာ ဓာတ်လှိုင်းပြန့်လွင့်ခြင်းသဘောနဲ့ ကုန်ခမ်းသွားနိုင်တယ်၊ အား ကုန်ခမ်းရင် ရုပ်ပစ္စည်းဟာလဲ ပျောက်ပျက်သွားနိုင်တယ်၊ ဉပမာ ဓာတ်လှိုင်းပြန့်လွင့်ခြင်းသဘော ထာဝစဉ် ဖြစ်နေတဲ့ နေထဲမှာဆိုရင် ရုပ်ပစ္စည်းဟာ တစက္ကန့်မှာ တန်ချိန် လေးသန်းလောက် ပြယ်ပျက် ပျောက်ကွယ်နေတယ်”

“ဒါဟာ လက်တွေ့မှန်ကြောင်း သာဓကရှိရဲ့လား”

“ရှိတယ်၊ ဟိုက်ဒရိုဂျင်ဗုံးပေါက်ကွဲပုံဟာ သာဓကဘဲ၊ ဟိုက်ဒရိုဂျင်အနုမြူအဖြစ်ကနေ ဟီလီယံအနုမြူ ဖြစ်အောင် ပြောင်းလဲလိုက်တဲ့အခါမှာ ပစ္စည်းထုအချို့ဟာ အားသဘောအဖြစ် ပြောင်းလဲပျောက်ထွက် တယ်။ အဲဒီလို ပြောင်းလဲထွက်လာတဲ့ အားကြောင့် ကြီးကျယ်သော ပေါက်ကွဲမှုဟာ ဖြစ်လာရတယ်၊ နေနဲ့ကြယ်တွေထဲမှာ ဟိုက်ဒရိုဂျင်ဗုံးပေါက်ကွဲမှုသဘောတွေ ဖြစ်နေတာဘဲ”

“စိတ်ဝင်စားစရာပါဘဲ ဆက်ရှင်းစမ်းပါအုံး”

“ဒီတော့ တည်မြဲ၍မှန်ကန်သော ရုပ်ဆိုတဲ့ အယူအဆဟာ အဓိပ္ပာယ်မရှိတော့ဘူး။ စကြာဝဠာကြီးမှာ ရုပ်ဆိုတဲ့သဘော မရှိတော့ဘူး။ အားပြောင်းလဲခြင်းသဘောဘဲ ရှိတော့တယ်၊ ရူပဗေဒဟာလဲ ရှေးတုန်းကလို ရုပ်နဲ့ ရုပ်ရဲ့ရွေ့ရှားခြင်း သဘောကို လေ့လာတဲ့ပညာမဟုတ်တော့ဘဲ အားပြောင်းလဲ ခြင်းကို လေ့လာတဲ့ပညာဖြစ်ခဲ့တယ်၊ အားဆိုတာဘာလဲလို့ အတိအကျ ဘယ်သူမှမပြောနိုင် တော့ဘူး။ ပရမတ်သဘောအရ မဟုတ်ဘဲ လက်တွေ့အလုပ်လုပ်ဖို့ တခါတလေ အားဆိုတာကို အရာဝတ္ထု အမှုန်အစသဘောနဲ့ဖြစ်စေ၊ တခါတလေ ဓာတ်လှိုင်းပြန့်လွင့်ခြင်း သဘောနဲ့ဖြစ်စေ ယူဆ ရတယ်။ ဒီအချက်ကို ဒြူးဝဲလ်သီအိုရီလို့ ခေါ်တယ်။ ဘယ့်နှယ့်လဲ နားလယ်ရဲ့လား”

"နားလယ်သလိုတော့ရှိတယ်၊ သဘောတော့ သိပ်မပေါက်သေးဘူး...."

"ဒါကိုတောင် သဘောမပေါက်ရင် ရှေ့ဆက်ပြောမယ့်ဟာကို နားလယ်ပါ့မလားမသိဘူး၊ နားတော့ ထောင်ကြည့်သေးတာပေါ့၊ ကိုယ်ရပ်တည်နေတဲ့ ကမ္ဘာမြေ ကွက်ကွက်ကလေးပေါ်ကနေပြီး ရေတွင်း ထဲက ဖားလို မကြည့်ဘဲ စကြဝဠာကြီးတခုလုံးကိုပါ ခြုံစဉ်းစားရင် ရီလေးတစ်ဗစ်တီ သီအိုရီအရ နေရာရယ်၊ အချိန်ရယ်၊ အကွာအဝေးရယ်၊ ရွေ့ရှားခြင်းရယ်ဆိုတဲ့ သဘောတွေမှာ ဘာမျှတိကျတဲ့ အဓိပ္ပာယ် မရှိတော့ဘူး၊ ဒါကြောင့် နေရာအားဖြင့် တည်မြဲခြင်း၊ အချိန်အားဖြင့် တည်မြဲခြင်းဆိုတဲ့ အယူအဆဟာ အဓိပ္ပာယ်မရှိပြန်ဘူး။ တခါ ဟိုက်ဇင်းဘတ်ခ်ရဲ့၊ အန်ဆာတိန်းနတီ သဘောအရ သဘာဝဓမ္မ ဖြစ်ပျက်ခြင်းတွေကို သေချာဂနစ္စာ တိုင်းတာဖော်ပြမှုသည် မဖြစ်နိုင်လို့သိရတယ်။ ဥပမာ အရာတခုဟာ ဘယ်နေရာမှာ ဘာဖြစ်နေတယ်လို့ အတိအကျပြောလိုက်တာနဲ့ တပြိုင်နက် အဲဒီ အရာဝတ္ထုဟာ ဘယ်နှုန်းနဲ့ ရွေ့လျားနေတယ်ဆိုတာ ပြောလို့မရတော့ဘူး။ နားရှုပ်သွားပြီ ထင် တယ်....."

"ဟုတ်တယ်၊ နားရှုပ်သွားရုံမကဘူး၊ မလိုက်နိုင်တော့ဘူး....."

"ဒါခင်ဗျားအပြစ်မဟုတ်ဖူး၊ ကျွန်တော်လဲ နားလယ်အောင် ဒီထက်ရှင်းဘို့ခက်သွားဘီ၊ စင်စစ်တော့ ဒီသဘောတွေက ရူပဗေဒ၊ သင်္ချာဗေဒနဲ့ ဖီလိုဆိုဖီဘာသာရပ်တွေမှာ ထူးချွန်တဲ့ပညာရှင်ချင်းသာ နားလယ်နိုင်တဲ့ နက်နဲသိမ်မွေ့လှတဲ့ သဘောတွေကလား။ အတိုချုပ်ကတော့ နှစ်ဆယ်ရာစုနှစ် သိပ္ပံပညာအရ ရုပ်သာလျှင် မြဲမှန်ကန်သည်ဆိုတဲ့ ရုပ်ဝါဒရဲ့ ပထမယုံကြည်ချက်ဟာ အဓိပ္ပာယ် မရှိတော့ဘူး...."

"ဒုတိယယုံကြည်ချက် မှားပုံကကော....."

"အား ဒါကို နားလယ်ဘို့က ပိုလွယ်တယ်။ ရှေးခေတ်သိပ္ပံပညာရဲ့ ဆောင်ပုဒ်က သဘာဝတရားသည် ခုန်ကျော်ဖြစ်လေ့မရှိလို့ ဆိုတယ်၊ တနည်းအားဖြင့် သဘာဝဓမ္မ ဖြစ်ပျက်မှုတွေကို လှေကားထစ် အဆင့်ဆင့် သွယ်ဆက်လာပုံမျိုး မြင်တယ်။ ဒါပြီးရင် ဒါလိုက်လာရမယ်၊ ဒါဖြင့်ရင် ဒါပေါ်ရမယ်၊ ဒါပေါ်လာတာဟာ ဒါဖြစ်ခဲ့လို့ ဒီလိုယူဆတယ်။ ဒါပေမယ့် အခုခေတ် အနုမြူကိုလေ့လာလို့ တွေ့ရ တာက အနုမြူတွေရဲ့ သဘာဝနဲ့ ပတ်သက်လာရင် ဒါပြီးရင် ဒါဖြစ်မယ်၊ ဒါပေါ်လာတာဟာ ဒါကြောင့်လို့ တရားသေ တထစ်ချပြောလို့မရဘူး။ သိပ်အဆင့်အတန်းမြင့်တဲ့ ဥပမာတော့မဟုတ်ဖူး၊ နဲနဲနီးစပ်တဲ့ ဥပမာတခုပေးမယ်။ ကျွန်တော်တို့ ငယ်ငယ်ကရခဲ့တဲ့ 'ပေါက်ပင်ဘာလို့ကိုင်းရတယ် ဗျိုင်းနားလို့ ကိုင်းရတယ်' ဆိုတဲ့ ကဗျာလေးဟာလေ၊ ရှေးခေတ်သိပ္ပံပညာရဲ့ အယူအဆဟာ ဒီအတိုင်းဘဲ။ ပေါက်ပင်ကိုင်းတာဟာ ဗျိုင်းနားလို့၊ ဗျိုင်းနားရင် ပေါက်ပင်ကိုင်းရမယ်။ အခုခေတ် သိပ္ပံပညာအလိုအရ ဗျိုင်းနားပေမယ့် ပေါက်ပင်ကိုင်းချင်မှကိုင်းမယ်။ ပေါက်ပင်ကိုင်းတိုင်းလဲ

ဖျိုင်းနားလို့ ဟုတ်ချင်မှဟုတ်မယ်၊ ဒါကြောင့်မို့ ရုပ်ဝါဒရဲ့ ဒုတိယယုံကြည်ချက်ဟာလဲ အခိပ္ပာယ် မရှိပြန်ဘူး”

“ဒီတော့ မာ့စ်ဝါဒဟာ ဘာဖြစ်သွားမလဲ”

“ဘာဖြစ်ရမလဲ.....၊ ဒီဝါဒအခြေခံထားတဲ့ ရုပ်ဝါဒ ခေတ်မမှီ မပြည့်စုံသလို ဒီဝါဒလဲ ခေတ်မမှီ မပြည့်စုံတော့တာပေါ့။ စစ်စစ်တော့ မာ့စ် ထင်ခဲ့သလို လူသားနဲ့ လူ့အဖွဲ့အစည်းတွေဟာ ပတ်ဝန်းကျင် ရုပ်လောကပြုသမျှ နုရတယ်ဆိုတာဟာ မမှန်တော့ဘူး။ ဒီမှာကိုလှဝေ....”

ကိုမြင့်သူက စကားရပ်၍ ကိုလှဝေအား ပြုံးကြည့်လိုက်သည်။

“ဘာလဲ..... ကိုမြင့်သူ....”

“ခင်ဗျား အင်မတန်လေးစားတဲ့ မာ့က်စ်ဝါဒကြီးဟာ ပေါက်ပင်ဘာကြောင့်ကိုင်းရတယ်၊ ဖျိုးနားလို့ ကိုင်း ရတယ်ဆိုတဲ့ ကလေးတယောက်ရဲ့ အတွေးအခေါ်ထက် ဘာမှထူးပြီးမလေးနက်လှပါဘူး...”

ကိုလှဝေ၏ခေါင်းမှာ ဆတ်ကနဲ တချီမော့လာပြန်ကာ မခံချင်စိတ်၏ အရိပ်အရောင်များသည် မျက်နှာတွင် ပေါ်လာရင်း ကိုမြင့်သူအား တချက်တွေတွေ စိုက်ကြည့်လိုက်သည်။

“ခင်ဗျား အမေရိကန်ကပြန်လာမှ မာ့က်စ်ဝါဒီကို တော်တော်ရွံ့မုန်းနေတယ်ထင်တယ်....”

ကိုမြင့်သူက အသံထွက်အောင်ပင် ရယ်မောလိုက်သည်။

“ခင်ဗျားခုထိ ကိုယ်နဲ့ဝါဒမတူရင် စွပ်စွဲရှုပ်ချဘို့လောက်သာတတ်တဲ့အကျင့် မပျောက်သေးဘူး ထင်တယ်။ စွပ်စွဲရှုပ်ချတဲ့အကျင့်ဟာ စွပ်စွဲရှုပ်ချတာကိုကြောက်တဲ့ ပြည်သူလူထုတွေ မိုက်မှ မှားမှ ကျွေးမှ မွေးမှ ထမင်းစားရတဲ့ နိုင်ငံရေးသမား လူရှုး လူပါး အချင်းချင်းသာ သုံးကြဘို့ ကောင်းပါ တယ်။ လူမြင်ရာ ကိုယ်နဲ့မတဲ့တာနဲ့ ရောက်စွပ်စွဲနေရင် ခင်ဗျားတို့မှာ ဘာမှအကျိုးမရှိဘူး။ ရန်သူ ပိုများလာတာသာ အဖတ်တင်မှာဘဲ.....”

ကိုလှဝေက ပြန်မချေဘဲ ပြုံးရုံသာပြုံးနေသည်။

“အမေရိကက ပြန်လာလို့ ဆိုရအောင်ကလဲ ကျွန်တော့်အနေနဲ့ အမေရိကကို ကျေးဇူးတင်စရာ ဘာမှ အထူးမရှိဘူး။ ကျွန်တော့်မှာ သတ်မှတ်ထားတဲ့ အရည်အချင်းပြည့်လို့ ကျွန်တော့်နိုင်ငံရဲ့ငွေနဲ့ ကျွန်တော် သွားသင်လာတာ၊ ရခဲ့တဲ့ဘွဲ့ဟာလဲ စတာလင်ဆုလို ရှုရှအကြိုက်လိုက်ကမှ ရတဲ့ဘွဲ့မျိုး

ဆုမျိုး မဟုတ်ဖူး။ ကိုယ့်ဖာသာ မအိပ်မနေကြိုးစားလို့ ရခဲ့တာဘဲ၊ အခုပြောနေတာတွေဟာလဲ မာ့က်စ်ဝါဒကို ရွံ့မုန်းလို့ ပြောနေတာမဟုတ်ဖူး။ အမှားအမှန်ကို ဝေဖန်ကြတဲ့နေရာမှာ ချစ်တာတို့ မုန်းတာတို့ကို ဆွဲမသွင်းလာထိုက်ဖူးထင်တယ်....”

“ခင်ဗျား ခုနက ပြောခဲ့တဲ့အထဲမှာ ရုပ်ဝါဒကြီးရဲ့ ခေတ်မမှီမပြည့်စုံကြောင်းသာ ပါသေးတယ်။ မာ့က်စ် ဝါဒအကြောင်း သိပ်မပြောသေးဘူး....”

“ရုပ်ဝါဒဟာ မာ့က်စ်ဝါဒရဲ့ အခြေခံအုတ်မြစ်မို့ ရုပ်ဝါဒချွတ်ယွင်းသမျှ မာ့က်စ်ဝါဒဟာ ချွတ်ယွင်းတာပါဘဲ။ အထူးသဖြင့် ယေဘုယျရုပ်ဝါဒ သဘောထက်ပိုပြီး ကပေါက်တိကပေါက်ချာနိုင်တဲ့ အနုပဋိလောမရုပ်ဝါဒလို့ သခင်စိုးကြီး ဘာသာပြန်ထားတဲ့ ဒိုင်ယာလက်တီကယ် မတီးရီးရဲလစ်ဇင်းဟာ သာပြီးတိမ်သေးတယ်...”

“ဘာကြောင့်....”

“ဒိုင်ယာလက်တစ်ဆိုတာ ခင်ဗျားလဲသိသားဘဲ။ တွေးခေါ်နည်းတရပ်၊ သို့မဟုတ် တက္ကဗေဒစံနစ်တရပ်ပါ။ သဘောတခုကို မှန်တယ်လို့ယူဆလိုက်၊ ဒီလိုယူဆလိုက်တာနဲ့ တပြိုင်နက် အဲဒီသဘောကို မှားတယ်ဆိုတဲ့ ဆန့်ကျင်ဘက် သဘောတခုဟာ ပေါ်လာလိမ့်မယ်။ အဲဒီသဘော နှစ်ခုကို ယှဉ်ထိုးပြီး သုံးသပ်ကြည့်၊ အမြတ်က အဲဒီသဘောနှစ်ရပ်ပေါ်မှီပြီး ပိုမိုမှန်ကန်တဲ့ သဘောသစ်တရပ်ပေါ်လာလိမ့်မယ်၊ အဲဒီသဘောသစ်ကို တခါ မှန်ကန်တယ်လို့ ယူဆလိုက်အုံး၊ သူ့ရဲ့ဆန့်ကျင်ဘက်သဘောက ပေါ်လာပြန်မယ်။ ဒီနှစ်ခုကို ယှဉ်ပြိုင်သုံးသပ်၊ ဒီလိုတွေးခေါ်နည်းဟာ ဒိုင်ယာလက်တစ်နည်း ဆိုတာပါဘဲ။ လိုရင်းအချုပ်က ဆန့်ကျင်ရုန်းကန်ခြင်းမှ တိုးတိုက်မှုရတဲ့ သဘောဘဲ။ ဒီအတွေးအခေါ်နည်းဟာ အဆန်းလဲ မဟုတ်ပါဘူး။ အခြားတွေးခေါ်နည်းတွေထက် သိပ်လဲမကွာဘူး၊ ထူးလဲမသာဘူး၊ မာ့က်စ်က တခြား ရုပ်ဝါဒသမားတွေလိုဘဲ ရုပ်သာလျှင် အစစ်အမှန် သဘာဝတရားဖြစ်တယ်။ ရုပ်သဘာဝတရားတွေဟာ ဆန့်ကျင်ရုန်းကန်ခြင်းမှ တိုးတက်မှုသဘောအတိုင်း ပြုပြင်ပြောင်းလဲနေတယ်လို့ ဟောကြားတယ်။ အဲဒီယုံကြည်မှုကို အခြေခံပြီး လူ့သမိုင်းနဲ့.... လူမှုအဆောက်အဦး ပြောင်းလဲပုံကို ဆက်ရှင်းတယ်။ ဟုတ်တယ်မှတ်လား”

“ဆက်ပါလေ”

“မာ့က်စ်က လူမှုအဆောက်အဦတခုလုံးဟာ ကုန်ထုတ်လုပ်မှု စံနစ်ပေါ်မှာ တည်တယ်လို့ ယူဆထားတယ်။ ကုန်ထုတ်လုပ်မှုစံနစ်တခု ပေါ်လာရင် အဲဒီစံနစ်အလိုက် ပစ္စည်းပိုင်ဆိုင်မှုရေးရာတွေ ပေါ်လာတယ်။ လူပိန်းစကားနဲ့ ပြောရရင် ကုန်ထုတ်လုပ်မှုစံနစ်က ဘယ်သူပစ္စည်းမဲ့ ဘယ်သူပစ္စည်းရှင် ဘယ်သူကျွန် ဘယ်သူသခင် ဘယ်သူအာဏာမဲ့ ဘယ်သူအာဏာရ စတဲ့သဘောတွေကို ဖန်တီးတယ်။ အဲဒီတော့ ပဋိပက္ခသဘောအရ ကုန်ထုတ်လုပ်မှုစံနစ်တခုတိုင်းရဲ့ အောက်မှာ ပစ္စည်း

ပိုင်ဆိုင်မှုရေးရာ ပဋိပက္ခမှုတွေရှိတယ်။ အဲဒါတွေက သဘောတွေဘဲ။ အဲဒီသဘောတွေရဲ့ ပဋိပက္ခမှု အဖြစ်နဲ့ မြင်ရတယ်။ ကံကြွေးချစံနစ်ခေတ်မှာ ပဒေသရာဇ်တွေရဲ့ လယ်ကျွန်တွေ၊ စက်မှုခေတ်မှာ လယ်မြေရှင်တွေနဲ့ စက်မှုလုပ်ငန်းပိုင်ရှင်တွေ၊ အရင်းရှင်ခေတ်မှာ အရင်းရှင်တွေနဲ့ ပစ္စည်းမဲ့ လုပ်သားတွေ အစဉ်ပဋိပက္ခဖြစ်ခဲ့တယ်၊ ဖြစ်နေတယ်။ ပဋိပက္ခဖြစ်တိုင်း စံနစ်ဟောင်းဟာ ပြိုပျက်ပြီး စံနစ်သစ်ဟာ ပေါ်ထွန်းလာတယ်၊ စံနစ်သစ်နဲ့အတူ ပစ္စည်းပိုင်ဆိုင်မှုရေးရာသစ် 'လူတန်းစားသစ်' ပဋိပက္ခသစ်တွေ ပေါ်လာပြန်တယ်။ ဒီသံသရာဟာ ဘယ်အထိ လယ်မလဲဆိုတော့ နောက်ဆုံး ပစ္စည်းမဲ့လုပ်သားတို့ အောင်ပွဲခံပြီး လူတန်းစားမဲ့တဲ့ ပစ္စည်းကို မိမိစွမ်းရည်အလိုက်၊ မိမိရဲ့ လိုအပ်သည်အလိုက် ရရှိလာမယ့် ကွန်မြူနစ်လောကနိဗ္ဗာန်ကြီး တည်ဆောက်မိတဲ့အထိဘဲ"

ကိုလှဝေက ဆင်ခြေတက်စရာမရှိသည့်ဟန်ဖြင့် အသာပြုံးရင်း နားထောင်နေသည်။

"ဒါဟာ လူ့သမိုင်းခရီးစဉ်ကို မာ့က်စ် မြင်ထားပုံဘဲ၊ ဒီအမြင်နဲ့ပတ်သက်ပြီး လက်ဝဲလက်ျာမရွေး လူ့သမိုင်းဆရာတွေ၊ လူမှုရေးရာ ဝိဇ္ဇာပညာရှင်တွေ၊ မနုဿဗေဒပညာရှင်တွေဟာ မာ့က်စ်ကို ချီးမွမ်း ကြတယ်၊ ချီးမွမ်းကြပေမယ့် ကွန်မြူနစ်ခေတ်သစ် ဘာသာရေးသမားတွေလို့ မာ့က်စ်မြင်သမျှ ခြောက်ပြစ်ကင်း သဲလဲစဉ် ပြုပြင်စရာမလိုတော့တဲ့ အဆုံးသတ်မှန်ကန်သော သစ္စာတရားကြီး အဖြစ် တော့ လက်မခံကြဘူး၊ အကြောင်းကတော့ မာ့က်စ်ရဲ့အမြင်ဟာ မှန်သင့်သလောက် မှန်သော်လဲ လွတ်နေ လိုနေ လွဲနေတာတွေက ရှိသေးတာကိုး။

"ဟာ.... အဲဒါတော့ ခင်ဗျားသေသေချာချာ ရှင်းရလိမ့်မယ်..."

"စိတ်ချပါ၊ ပထမဆုံးက ကျွန်တော် စောစောကပြောခဲ့သလို ရုပ်သာလျှင် အစစ်အမှန်လို့ ယူဆ ထားချက်ဟာ ပျက်ပြယ်သွားဘီမို့ မာ့က်စ်ရဲ့ဝါဒဟာ အခြေကစပြီး ပြိုပျက်နေတယ်...။ ဒုတိယ မာ့က်စ်နဲ့ သူ့နောက်လိုက်တွေ အင်မတန်ယုံတဲ့ ဒိုင်ယာလက်တစ်တွေးခေါ်နည်းဟာ အမှန်တရားကို တွေ့ဖို့ မလုံလောက်ဖူး။ အခုခေတ်မှာ သစ္စာတရားကိုတွေ့ဘို့ တွေးခေါ်ကြည့်ရုံနဲ့ မရဘူး။ တွေးခေါ် လို့ရခဲ့တဲ့ အဖြေတွေကို မှန် မမှန်၊ လက်တွေ့ရှာဖွေတွေ့ရှိချက်တွေနဲ့ ကိုက်ညီ၏ မကိုက်ညီ၏ နှိုင်းယှဉ်ဆန်းစစ်ကြည့်ရတယ်။ တခါတလေ တွေးခေါ်ကြည့်ရုံနဲ့ မသိနိုင် နားမလယ်နိုင်တဲ့ အရာတွေ ကို လက်တွေ့ရှာဖွေခြင်းနဲ့ သိရနားလယ်ရတာတွေလဲရှိတယ်။ အဲဒီလို ရှာဖွေနည်းကို အင်ပီးရီး ဆစ်ဇင်း ခေါ်တယ်၊ ဒီစံနစ်ဟာတောင် သိပ်စိတ်မချရသေးဘူး။ တခါတလေ ပညာရှင်တွေဟာ ကိုယ့် အယူအဆ အတွေးအခေါ်နဲ့ မကိုက်ကိုက်အောင် လက်တွေ့အချက်အလက်ကို ဇွတ်ပုံသွင်း အဓိပ္ပာယ် ပြုပေးတတ်ကြတယ်။ ဒါမျိုး မာ့က်စ်ဟာ အများကြီးလုပ်ခဲ့တာပေါ့"

"ဥပမာပေးပါအုံး...."

"ဥပမာ မာ့က်စ်ဝါဒကြီးကို စမ်းသပ်စစ်ဆေးပြီးမှ မှန်ကန်ကြောင်း ထင်ရှားတဲ့ အချက်အလက်တွေပေါ် မူတည်ဆောက်ထားတဲ့ သိပ္ပံနည်းကျသော ဝါဒကြီးကို ဗဟုသုတနည်းသေးတဲ့ အသက် ၂၀လောက် ကတဲက စံနစ်တကျမတွေးဘဲ မှန်တယ်လို့ အရင် ကြိုတင်ဆုံးဖြတ် ချမှတ်ယုံကြည်ထားခဲ့တယ်။ ပြီးတော့မှ သူ့ယုံကြည်ချက်ကို ထောက်ခံမယ့်အချက်တွေကို ရွေးနှုတ်ပြီး ခံ့ညားတဲ့ ကျမ်းကြီး ကျမ်းငယ်တွေကို ပြုစုတာဘဲ။ ယုံကြည်ချက်ကအရင်၊ စမ်းသပ်တာကနောက်၊ တနည်းအားဖြင့် အမူသည်ကို သေစေလို့ စီရင်ချက်ကို အရင်ချပြီး သေဒဏ်စီရင်ချက်ချလိုက်တဲ့ သက်သေခံ အထောက်အထားကို နောက်မှရှာတဲ့ တရားသူကြီးနဲ့ တူနေတယ်....."

"ဒါတွင်ဘဲလား...."

"ကျန်ပါသေးတယ်၊ ဒိုင်ယာလက်တစ်နည်းနဲ့ မာ့က်စ်ရဲ့ဆရာ ဟီးဝဲလ်က တွက်ကြည့်တော့ ဂြိုလ်ကြီး ၇လုံး၊ အခြေခံဓာတ်မျိုး ၄မျိုး၊ တိုက်ကြီး ၃တိုက် ရှိရမယ်လို့ အဖြေရတယ်။ လက်တွေ့က ဂြိုလ်ကြီး ၉လုံး၊ အခြေခံဓာတ်မျိုး ၁၀၀ကျော်၊ တိုက်ကြီး ၆တိုက် ရှိနေတယ်။ ဒီသာဓကတွေအရ ဒိုင်ယာ လက်တစ် နည်းကြီးဟာ မလုံလောက်ဖူးဆိုတာ ထင်ရှားနေတယ်။ အခုခေတ် သိပ္ပံပညာဟာ သစ္စာ တရား ရှာတဲ့နေရာမှာ သာမန်လက်တွေ့ရှာဖွေခြင်းထက် အဆင့်အတန်းမြင့်တဲ့ ထိန်းချုပ် လက်တွေ့ ရှာဖွေနည်း အိက်စ်ပဲရီမင်တယ်လစ်ဇင်းကို သုံးတယ်။ မာ့က်စ်ဝါဒကြီးဟာ သစ္စာတရားကြီးမဟုတ်ဖူး။ လောကဓတ်ပညာတရားခွင်မှာ မှန်မမှန် အစစ်ဆေးခံဘို့ စောင့်နေရရှာသေးတဲ့ အမှုသယ်မျှသာ ဖြစ်တယ်။ ရှင်းရဲ့လား...."

"ဥပမာပေးပုံတော့ ကြိုက်တယ်ဗျို့..."

"အခုချိန်အထိ ရတဲ့ သက်သေခံအထောက်အထားနဲ့တွင် မာ့က်စ်ဝါဒကြီးဟာ အတော် အံချော်ချွတ်လွဲ နေတာ တွေ့ရတယ်။ လူ့သမိုင်းနဲ့ လူ့အဆောက်အဦဟာ ကုန်ထုတ်လုပ်ငန်း ပြောင်းရင် ပြောင်း ရတယ်ဆိုတာက မှန်ပါတယ်။ ဒါပေမယ့် ကုန်ထုတ်လုပ်ငန်းပြောင်းလဲရခြင်းဟာ လူရဲ့ အသိဉာဏ် ပညာ ထိုးထွင်းစိတ်ကြံစည် တီထွင်မှုတွေကြောင့် ဖြစ်တယ်ဆိုတာကိုတော့ မာ့က်စ်နဲ့ နောက်လိုက် တွေဟာ နုတ်ပိတ်ရေငုံနေကြတယ်။ အသိအမှတ် တိတ်တိတ်ပြုကြတဲ့တိုင်အောင် ပွင့်ပွင့်လင်းလင်း အသားမပေးရဲကြဘူး။ လူသားနဲ့ လူသားရဲ့ စိတ်တန်ခိုးဉာဏ်ပညာကို တန်ဘိုးမထားချင်မှု ဘေး ချိတ်ချင်မှုဟာ မာ့က်စ်နဲ့ သူ့တပည့်တွေရဲ့ ဉာဉ်ဆိုးတခုဘဲ။ တနည်းအားဖြင့် အဓိက ချွတ်ယွင်းချက် ပဲ။ ဒီချွတ်ယွင်းချက်ကြောင့် မာ့က်စ်တို့ အိန်ဂျယ်တို့ လီနင်တို့ရဲ့ ဗျာဒိတ်တွေဟာ တခုမှ အကောင် အထည် မပေါ်လာတာ တွေတွေ့ရတယ်...."

"ဘာတွေလဲ...."

"မာ့က်စ်နဲ့အိန်ဂျယ်က တရားသေဟောခဲ့တယ်။ အရင်းရှင်စီးပွားရေးစံနစ်ကြောင့် ဓနအင်အားဟာ အရင်းရှင်တွေလက်မှာ ကြာလေတိုးလေဖြစ်လာပြီး အလုပ်သမားတွေဟာ ကြာလေဆင်းရဲလေ ဖြစ်လာရမယ်၊ ဒီနည်းနဲ့ အရင်းရှင်ဘူဇွာတွေဟာ ကိုယ့်သေတွင်းကိုယ် တူးနေကြတယ်၊ အကြောင်းက တော့ ဆင်းရဲတဲ့အဆုံးမှာ ပစ္စည်းမဲ့တွေဟာ လက်နက်စွဲကိုင်ပြီး တော်လှန်လို့ အရင်းရှင်စံနစ်ကြီးကို ဖြိုဖျက်ကြမယ်။ ဒါပေမယ့် လက်တွေ့က အရင်းရှင်နိုင်ငံက အလုပ်သမားတွေရဲ့ လူနေမှု အဆင့် အတန်းဟာ ကြာလေမြင့်လေ ဖြစ်လာတယ်။ တခါ ပစ္စည်းမဲ့နဲ့ အရင်းရှင် လူတန်းစားသာ ပြတ်ပြတ် သားသား ကွဲထွက်ပြီး ပဋိပက္ခဖြစ်လာရမယ်လို့ မာ့က်စ်စာအုပ်ကြီးတွေက ဆိုပေမယ့် ပိုမိုကျယ်ပြန့် တဲ့ လူလတ်တန်းစား တိုးတက်လာတဲ့ ပစ္စည်းမဲ့တွေကနေ တနေ့ထက်တနေ့ ပေါက်ဖွားကြီးထွား လာတယ်...."

"ဒါကတော့ဗျာ၊ အရင်းရှင်နိုင်ငံတွေက အလုပ်သမားတွေဟာ ချမ်းသာမှာပေါ့။ ကိုလိုနီနိုင်ငံတွေဆီက အရင်းရှင်းတွေ ခြေတိုက်ခဲ့တာတွေ့ရဲ့ အရိုးအရင်းကို အဲဒီအလုပ်သမားတွေ ဝါးကြရတာကိုး..."

"ခင်ဗျား ဒီဥစ္စာ လီနင်ရဲ့ နယ်ချဲ့ဝါဒကျမ်းထဲက ကောက်နုပ်ကိုးကားလိုက်တာ မှတ်လား လီနင်ဟာ သူ့ဆရာကြီးတွေ ပြောခဲ့ဟောခဲ့တာတွေ လက်တွေ့မဖြစ်လာလို့ ဆင်ခြေပေးဘို့ ဒီစာအုပ်ကို ရေးတာ ဘဲ။ ကိုလိုနီတွေဟာ နယ်ချဲ့နိုင်ငံတွေကြောင့် ဆင်းရဲတယ်ဆိုတာ မှန်တယ်၊ ဒါပေမယ့် အရင်းရှင်တွေ အရင်းလာစိုက်တာထက် အရင်းကို စိုက်သင့်သလောက် လာမစိုက်လို့ ဆင်းရဲကြတာဘဲ၊ ဒီသဘောကိုပေါက်လို့ အခု ကိုလံဘိုစီမံကိန်းတို့ ကမ္ဘာ့ဘဏ်တို့ ပေါ်လာတာဘဲ။ နိုင်ငံသစ် တည် ဆောက်နေကြတဲ့ မြန်မာ အိန္ဒိယတို့ရဲ့ အဓိကအခက်အခဲတခုဟာ အရင်းမလုံလောက်မှုဘဲ၊ ဒါကြောင့် နှောင်ကြိုးမဲ့တဲ့ အကူအညီတွေကို ရှာကြံယူနေကြရတာဘဲ။ ပြီးတော့ ကိုလိုနီစံနစ်ကြောင့် အရင်းရှင် နိုင်ငံက အလုပ်သမားတွေ ချမ်းသာတယ်ဆိုတော့ ကိုလိုနီတခုမှမရှိတဲ့ နော်ဝေး၊ ဆွီဒင်၊ ဒိန်းမတ်၊ ဆွတ်ဇလန်စတဲ့ နိုင်ငံတွေက အလုပ်သမားတွေရဲ့ လူနေမှုအဆင့်အတန်းတွေ မြင့်ကြတာတော့ ဘယ်လိုဖြေမလဲ....."

"အား.... ဒါကတော့...."

ကိုလှဝေမှာ အဖြေပေးစရာ ရုတ်တရက်ရှာမတွေ့သဖြင့် စကားကို ရှေ့မဆက်နိုင်ဘဲ ရပ်နေသည်။

"ဒီမှာကိုလှဝေ၊ ကမ္ဘာ့စီးပွားရေးတိုးတက်မှုနဲ့ လူသမိုင်းပြောင်းလဲမှုဟာ မာ့က်စ်တို့ထင်တာထက် အများကြီး ပိုမိုကျယ်ဝန်းနက်နဲပါတယ်၊ လူသားတွေကို ရုပ်လောကပြဿနာ နှကြရတဲ့ စက်ပမာ ကြည့်ပုံဟာလဲ မမှန်ပါဘူး။ ဒီစံနစ်ပေါ်ရင် ဒီပဋိပက္ခဖြစ်ပြီး၊ ဒီပဋိပက္ခဖြစ်ရင် ဒီစံနစ်သစ်ဟာ ဒီလို ပေါ်ရမယ်ဆိုတဲ့ ပေါက်ပင်နဲ့ ဖျိုင်းပမာ တွေးခေါ်မှုဟာလဲ တိမ်လွန်းအားကြီးပါတယ်။ အခုခေတ် နိုင်ငံတိုင်းမှာ နိုင်ငံရေးလွတ်လပ်မှုအပြင် စီးပွားရေးအကျိုးခံစားခွင့်ဟာလဲ အရေးကြီးတယ်ဆိုတာ အရေးယူလာကြပါဘီ၊ ဘာဘဲပြောပြော အဲဒါကတော့ ရောဘတ်အိုဝင်အစ မာ့က်စ်အပါအဝင်

ဆိုရှယ်လစ် ဘောဂဗေဒဆရာကြီးတွေရဲ့ မြင့်မြတ်လှတဲ့ ကျေးဇူးတရားပါ။ ကိုယ့်သေတွင်း ကိုယ်တူးအောင် မိုက်တဲ့ အရင်းရှင်ဆိုတာလဲ မရှိပါဘူး၊ ရှိအုံးတော့ အများပြည်သူလူထုက ဇက်လွှတ်မပေးပါဘူး။ ပုဂ္ဂလိကလုပ်ငန်း အစွမ်းအထက်ဆုံးဆိုတဲ့ အမေရိကန်ပြည်ထောင်စု မှာတောင် ပြည်တွင်းနဲ့ ကမ္ဘာ့စီးပွားရေးကျပ်တည်းမှုဘေးကို တားဆီးဘို့ အစိုးရရဲ့ စွပ်ဖက်ထိန်းသိမ်းမှုတွေ ပေါ်လာနေဘီ၊ မာ့က်စ်နည်းနဲ့မဟုတ်ဘဲ ကိုယ့်နည်းနဲ့ကိုယ် သာယာသောလူ့ဘောင်ကို ဆောက်တည်နေကြတဲ့ မြန်မာပြည်၊ အိန္ဒိယပြည်တွေလဲ ပေါ်လာဘီ။ ရုရှားတော်လှန်ရေးကြီး အပြီး ဂျာမန်တော်လှန်ရေးနဲ့ ကမ္ဘာ့တော်လှန်ရေး ပေါ်ရမယ်ဆိုတဲ့ လီနင်ရဲ့ ကြေကွဲဘွယ်ရာ မြော်လင့်ခြင်း လွဲခဲ့တာတွေ၊ ဒုတိယကမ္ဘာစစ်ကြီးအပြီး အနောက်ဥရောပနိုင်ငံတွေမှာ ပစ္စည်းမဲ့အာဏာသိမ်းပွဲတွေ ပေါ်ရမယ်လို့ ဟောကြားခဲ့တဲ့ စတာလင့်တွက်ကိန်း မှားခဲ့တာတွေ၊ ကရင်မလင်အမိန့်နဲ့ ထကြွခဲ့တဲ့ အာရှအရှေ့တောင်ပိုင်း နိုင်ငံတွေက ကွန်မြူနစ်ပုန်ကန်မှုတွေ မအောင်မြင်ခဲ့တာတွေ၊ စတာလင်သေပြီးတဲ့နောက် တက်လာတဲ့ ခေါင်းဆောင်တွေရဲ့ ငြိမ်းချမ်းစွာ အတူနေရေးမှုတွေ၊ သံကန့်လန့်ကာ အတွင်းက ကွဲသံပြဲသံနဲ့ ထကြွပုန်ကန်မှုတွေ ဒါတွေအားလုံးဟာ မာ့က်စ်လီနင်ဝါဒကြီးရဲ့ မပြည့်စုံသေးတဲ့အဖြစ်၊ အဆုံးသတ်တရားသေ မမှန်သေးတဲ့သဘာဝ၊ ကမ္ဘာ့နာတာရှည်ရောဂါကြီးကို ကုသဘို့ တခုတည်းသာဖြစ်တဲ့ မဟာလက်ဝဲ ခေတ်သစ်ဘိုးဘိုးအောင် ဆေးမြီးတိုကြီးမဟုတ်တဲ့အချက် စသည်တို့က ထင်ရှားစေတဲ့ သာဓကသက်သေတွေဘဲ....."

ကိုမြင့်သူက ရှည်လျားလှသောစကားကို အဆုံးသတ်လိုက်ရင်း စီးကရက်တလိပ်ကို မီးငြှိဖွာသောက်ကာ ကိုလှဝေအား ခပ်ပြုံးပြုံးစိုက်ကြည့်နေသည်။

ခင်ဗျားဘာဖြစ်လို့ ဒါတွေကို အရှည်ကြီး ကျွန်တော့်ရှင်းပြနေသလဲ....."

"ဩော် ခက်ပါဘီ၊ ခင်ဗျား ရှင်ရက်နဲ့ သေနေတာကို မကြည့်ရက်လို့ပေါ့။ ခင်ဗျားတွင်မကဘူး လူငယ်တွေအားလုံး လမ်းဘေးက ခြောက်ပြားတပဲပေးရတဲ့ စာအုပ်တွေဖတ်၊ တာဝန်မဲ့ နိုင်ငံရေးသမားတွေရဲ့ တဖက်သတ်စကားတွေ အမှန်ယူ၊ ကိုယ့်ဘာသာကိုယ်တောင် နားမလယ်တဲ့ မာ့ဇစ်ဂျာဂွန်း ခေါ်တဲ့ ဗရုတ်သုတ်ခစကားလုံးကြီးတွေ သုံးသုံးပြီး အချိန်ဖြုန်းနေကြတာ မကြည့်ရက်ဘူး။ တခါက တာဝန်သိတတ်တဲ့ အတိုက်အခံ နိုင်ငံရေးခေါင်းဆောင်တဦး အိုးဝေမဂ္ဂဇင်းမှာ ရေးခဲ့သလို လူငယ်တွေဟာ ကိုယ်မသိနားမည်သေးတဲ့ အမျိုးသားနဲ့ ကမ္ဘာ့နိုင်ငံရေးတွေမှာ ဗဟုသုတရှာမှီးတာ မဟုတ်ဘဲ ညစ်ကျယ်ညစ်ကျယ် ဝင်လုပ်နေမယ့်အစား တိုင်းပြုပြည်ပြု အတတ်တွေဘက် ပိုမို အာရုံစိုက်စေချင်တယ်။ မာ့က်စ်က ဘာဟောတယ်၊ လီနင်က ဘာဆိုတယ်၊ မော်စီတုန်းက ဘာမိန့်တယ်...၊ အဲ ကျွန်တော့်ကိုယ်ပိုင်တော့ ဘာမှမပြောတတ်ဖူးခင်ဗျ၊ ဆိုတဲ့ အဆင့်ကနေတက်ပြီး၊ အခြေသစ် အနေသစ်နဲ့ ကိုက်ညီအောင် စိတ်သစ်လူသစ်နဲ့ အကြံသစ်ဉာဏ်သစ်တွေ ထုတ်စေချင်တယ်၊ ကျွန်တော်တို့ တိုင်းပြည်ကြီးဟာ လက်ရှိ လူကြီးလူမိုက်ကြီးတွေကြောင့် ဒုက္ခရောက်လှပါဘီ၊ လူကြီးလူကောင်းလေးတွေက နောင်တခေတ်မှာ တိုင်းပြည်ကို ကယ်တင်နိုင်ဘို့ ကြိုးစားကြစေချင်တယ်...."

ကိုလှဝေက သက်ပြင်းတချက်ရှိုက်၍ နေရာမှထလိုက်သည်၊ စီးကရက်တလိပ်ကို မီးငြိဖွာရှိုက်ပြီးနောက် လက်နောက်ပစ်လျက် နက်နက်နဲနဲတွေးတောရင်း မြက်ခင်းပေါ်တွင် လမ်းလျှောက်နေ၏။ ခဏအကြာတွင် ကိုမြင့်သူ၏အနားသို့ ချဉ်းကပ်၍ ရပ်လိုက်သည်။ သူ့မျက်နှာမှာ တည်ကြည်နေကာ မှိုင်းမှုန်သည့် အရိပ်အရောင်များ ခေတ္တလွှင့်စဉ်နေသည်။

"ဟုတ်တယ်ကိုမြင့်သူ၊ ခင်ဗျားပြောတာမှန်တယ်၊ ကျွန်တော်က လူတွေကိုသာစိတ်ပျက်နေမိတယ်။ မှုကို တကြိမ်မှ ဆန်းစစ်မကြည့်ခဲ့မိဘူး၊ အခု ခင်ဗျားပြောတာတွေကိုလဲ တခါမှမကြားဘူးဘူး...."

သူက စကားကိုဖြတ်ကာ အသာပြုံးလိုက်သည်။

"ရှင်းရှင်းဝန်ခံရရင် ကျွန်တော်က မာ့က်စ်ဝါဒသဘောတရားရေး စာအုပ်တွေကလွဲရင် တခြား ဘယ်စာအုပ်မှ မဖတ်ဖူး။ ဖတ်မိလို့ မာ့က်စ်ဝါဒကို ဝေဖန်ထားတာတွေ့ရင် အရင်းရှင်တွေရဲ့ ဝါဒဖြန့်စာလို့ အရင်ဆုံးဖြတ်ပြီး ခေါင်းထဲက ဖျောက်ပစ်လိုက်တာဘဲ"

ကိုမြင့်သူက ဘာမျှပြန်မဖြေသော်လည်း သူက သူ့ဘာသာသူ အသံထွက်အောင်ပင် ရယ်မောလိုက်သည်။

"လူ့စိတ်ဟာ အဆန်းသားနော်၊ ခင်ဗျားအခုပြောမှ ကျွန်တော်အမှတ်မထင် မသဲမကွဲ ခံစားထင်မြင်မှုတခုဟာ ထင်ရှားလာတယ်၊ မာ့က်စ်စာပေတွေဖတ်ရင်း အစစကျေနပ်မိပေမယ့် တခုခုလိုနေသလို ရင်ထဲမှာ ဟာနေမိတယ်၊ အဲဒါဟာ လူ့သမိုင်းဇာတ်ခုံမှာ လူရဲ့အသိဉာဏ်နဲ့ စိတ်အင်အားရဲ့ထူ့ဘဲ"

သူက ခေတ္တစကားရပ်ကာ စီးကရက်ဖွာရင်း တွေးနေသည်။

"အသိဉာဏ်တို့ စိတ်တို့လို့ဘဲခေါ်ခေါ်၊ ရုပ်ရဲ့ရောင်ပြန်ဟပ်မှုဘဲ ခေါ်ခေါ်၊ ဘာဘဲဖြစ်ဖြစ် ဒီသဘောတွေရဲ့ စွမ်းရည်ကို တိမ်မြုပ်ထားလို့တော့ မရဘူးထင်တယ်၊ ဒါထက် ခင်ဗျားတို့ ခုခေတ်သစ်စိတ်ပညာက စိတ်အကြောင်း ဘာပြောသလဲ...."

"အား...... ရူပဗေဒဟာ ရုပ်လေ့လာသောဗေဒကနေ ရုပ်ကိုမလေ့လာသလို စိတ်ပညာဟာလဲ လူအများခေါ်ဆိုနေကြတဲ့ စိတ်ဆိုတာကို မလေ့လာတော့ဘူး။ စိတ်ဆိုတာဘာလဲ၊ စတဲ့ အဖြေမလွယ်တဲ့မေးခွန်းတွေအစား ခေတ်သစ်စိတ်ပညာဟာ လက်တွေ့စမ်းသပ် ဖြေရှင်းလေ့လာနိုင်တာတွေကိုဘဲ လေ့လာနေတယ်။ ယေဘုယျပြောရရင် သက်ရှိသတ္တဝါဆိုတာရှိတယ်။ သူ့ရဲ့ပတ်ဝန်းကျင် ဆိုတာလဲ ရှိတယ်၊ သက်ရှိသတ္တဝါနဲ့ ပတ်ဝန်းကျင်ဟာ ထာဝစဉ် အပြန်အလှန် ကြောင်းကျိုးဆက်သွယ်တုံ့လှယ်မှုသဘောရှိတယ်။ စိတ်ပညာဟာ အဲဒီသဘောကို သိပ္ပံနည်းကျကျ လေ့လာတာဘဲ။ ဒါတွေပြောနေရင် ဒီညဆုံးတော့မှာမဟုတ်ဖူး။ နောက်မှ ဆွေးနွေးကြတာပေါ့။ ခင်ဗျားစကား ဆက်ပါအုံး"

ကိုလှဝေက မိမိ၏အတွေးအား စကားလုံးဖြင့် ဖေါ်ရခက်သည့်ဟန် အတန်ကြာ တွေးနေသည်။

"ကျွန်တော့်ရင်ထဲရှိတဲ့ ဟာတွေကို ဘယ်လိုအတိအကျ ဖေါ်ရမှန်းတောင် မသိပါဘူး။ မကျေမနပ် ဖြစ်နေမိတာတော့ ကြာပါဘီ။ ဘာကို မကျေမနပ်ဖြစ်နေတယ်ဆိုတာဟာ ရေးရေးပေါ်လာပေမယ့် ဘာကြောင့်မှန်းမသိဘူး။ ဒီလိုလေ တခုခုက ကျွန်တော့်စိတ်ကို ထိန်းချုပ်ထားတယ်ထင်တယ်...."

သူက ရပ်နေရာမှ လှုပ်ရှားကာ ကုလားထိုင်လက်ရန်းပေါ် တင်ပါးလွှဲထိုင်ချလိုက်သည်။ နောက် ကုလားထိုင်နောက်မှီအား လက်နှစ်ဖက်ဖြင့် အားယူထောက်ရင်း စကားကို ဖြည်းလေးစွာဖြင့် သတိထားရင်း တလုံးချင်းဆိုသည်။

တချို့ ဘာသာရေးသမားတွေက လူတယောက်ရဲ့ ဘဝခရီးကို ကံကြမ္မာဆိုတာက လုံးဝ ကြိုးဆွဲစီရင်ချက်ချထားတယ်လို့ ပြောကြတယ်၊ ဒီလူဟာ ဘယ်လောက်ဘဲကြိုးစားကြိုးစား ဖြစ်ရမယ့်ဟာက ဖြစ်ပြီး ပျက်ရမယ့်ဟာက ပျက်မယ်၊ ကံကြမ္မာရဲ့အမိန့်ကို ဦးထိပ်ပန်ဆင် ငုံ့ခံရမယ့်အဖြစ်ဘဲ။ လူ့ဘဝကြီးဟာ ဘယ်လောက် စိတ်ပျက်စရာကောင်းသလဲ...."

"ဗုဒ္ဓဘာသာကတော့ ဒီလိုမဆိုပါဘူး။ ခင်ဗျားကျင့်ကြံနိုင်ရင် ဘဝတဏှာနဲ့တကွ သံသရာ နှောင်ကြိုးတွေကို ပယ်ဖြတ်ပြီး အစိုးမရခြင်းကနေ အစိုးရခြင်း၊ မမြဲခြင်းကနေ မြဲခြင်းဆီ ရောက်နိုင်တယ်။ ဒီသဘောဟာ လူသားရဲ့မြော်လင့်ခြင်းနဲ့ လူသားရဲ့ လွတ်လပ်ခြင်းဘဲဖြစ်တယ်"

ကိုလှဝေက အရောင်တောက်နေသော မျက်လုံးအစုံဖြင့် ကိုမြင့်သူအား မော်ကြည့်လိုက်၏။

"ဗုဒ္ဓဘာသာက ဒီလိုဘဲဆိုသလား...."

"ကျွန်တော်တော့ ဒီလိုဘဲ နားလယ်ထားတယ်။ (ဖုဋ္ဌဿလောကဓမ္မေဟိ၊ စိတ္တံယဿ နကမ္ပတိ၊ အသောကံ ဝိရဇံ ခေမံ) ဆိုတဲ့ မင်္ဂလာတရားဟာ လူသားတို့အရနိုင်ဆုံး အမြင့်ဆုံးသော လွတ်လပ်ခြင်းဘဲလို့ ကျွန်တော်က ယူဆထားတယ်....."

"အမှန်ကိုပြောရရင် ဗုဒ္ဓဘာသာဆိုတာ ဘာလဲလို့ ကျွန်တော် နက်နက်နဲနဲ မသိပါဘူး။ မသိဘဲနဲ့ ပစ်ပယ်ခဲ့မိတာပါဘဲ။ ဆက်ပြောရအုံးမယ်၊ လူသားဟာ ကုန်ထုတ်လုပ်ရေးဆိုင်ရာ ရုပ်အင်အားစုများ ဆိုတာဟာလဲ ကျောက်ခဲ ၂ ခု ထိခိုက်မိလို့ မီးပွင့်တဲ့သဘောလို မတော်တဆ ပေါ်ပေါက်မှုသာဆိုရင် ဘာများ အဓိပ္ပာယ်ရှိတော့မလဲ၊ ဒီဝါဒကို ဟောကြားသူတွေဟာရော မလွန်ဆန်သာသော အချုပ်အခြာ ကံကြမ္မာစိုးမိုးမှုဝါဒကို ဟောပြောသူ ဘာသာရေးအစွန်းတဖက်သမားတွေနဲ့ ဘာများကွာမလဲ...."

ကိုမြင့်သူက ထိုင်ရာမှထကာ ကိုလှဝေ၏ပခုံးအားပုတ်ရင်း ဝမ်းသာစွာဆိုသည်။

“ဟုတ်ပီ.... ခင်ဗျားတွေးခေါ်ပုံဟာ ကျွန်တော်ရှင်းပြခဲ့တာတွေထက်တောင် အဆင့်အတန်းမြင့်သွားဘီ၊ ဆက်သာ လွတ်လွတ်လပ်လပ်တွေးပါ၊ ကျဉ်းကျပ်နေတဲ့ ခင်ဗျားစိတ်ဟာ ပေါ့ပါးကျယ်လွင့် လာလိမ့်မယ်”

ကိုလှဝေကပါ ထိုင်ရာမှထသည်။

“ကဲ.... ကျွန်တော်ပြန်အုံးမယ်...၊ နောက်မှ ဆက်ဆွေးနွေးကြသေးတာပေါ့..... ဒီနေ့တော့ တွေးစရာတွေ တော်တော်ရတာဘဲ၊ ဒီတွေးစရာတွေကတော့ စိတ်လွတ်လပ်မယ်ဘဲ ယုံမိတယ်....”

နှစ်ဦးသား စကားမဆိုဘဲ ခြံဝ ကုံ့ကော်ပင်ရိပ်ဆီသို့ လျှောက်လာကြသည်။ ခြံအဝင်အုတ်ခုံဖြူလေးသို့ အရောက်တွင် ကိုမြင့်သူကစ၍ ဆိတ်ဆိတ်ခြင်းကို ဖြိုခွဲလိုက်၏။

“သြော်...ဒါထက် ကျွန်တော်တို့ ကြီးကျယ်တာတွေ ပြောကြပြီးလို့ ကိုယ်ရေးကိုယ်တာလေး ဆက်ကြစို့ ပါအုံးလား....”

ကိုလှဝေက ထိတ်လန့်တကြား မော်ကြည့်လိုက်၏။ ကိုမြင့်သူ၏ စူးစမ်းသော မျက်လုံးများကို ခေတ္တရင်ဆိုင်၍ မျက်နှာလွှဲလိုက်သည်။

“ဘာများလဲ....”

“ခင်ဗျား နွဲ့နွဲ့ကို ရှောင်နေအုံးမှာလား....”

ကိုလှဝေ၏ မျက်နှာမှာ သိသိသာသာ ညှိုးကျသွားသည်။

“နွဲ့နွဲ့ကိုကျွန်တော် ရှောင်နေရအုံးမယ်မဟုတ်ဖူး။ ရှောင်ကိုရှောင်ရမယ်။ နွဲ့နွဲ့နဲ့ လှဝေတို့ရဲ့ ဇာတ်လမ်းဟာ ၁၉၄၉ ခုနှစ်ထဲက ဆုံးခဲ့ပါဘီ....”

သူ့အသံက မသိမသာတုန်ယင်နေသည်။ တိမ်ဖြူများ ဖြတ်သန်းကျော်လွှားခြင်း ခံနေရသည့် လမင်းကို မော်ကြည့်နေသော သူ့မျက်လုံးများမှာ မျက်ရည်များရစ်ဝဲနေ၏။

“တခါတုန်းက လူမှုနယ်ပယ်ကို ကျွန်တော်က စည်းခြားပြခဲ့တယ်၊ ဒီမှာဘက်မှာတော့ ကျွန်တော် မနေနိုင်ပြီမို့ ဟိုမှာဘက်ဆီ လိုက်လေခဲ့ဘို့ နွဲ့နွဲ့ကို ကျွန်တော်ခေါ်ခဲ့ဘူးတယ်၊ နွဲ့နွဲ့ကငြင်းခဲ့တယ်။ မျက်ရည်လည်ရွဲနဲ့ တားခဲ့တယ်။ တားရက်နဲ့ သူ့ကိုကျွန်တော် ပစ်ထားခဲ့တယ်။ ပစ်ထားခဲ့ရုံမကဘူး၊ ဒီဘဝဒီမျှသာလို့ ကျွန်တော့်ဇာတ်လမ်းကိုကျွန်တော် ငိုခန်းမနှောဘဲ တင်းတင်းပြတ်ပြတ် သိမ်းခဲ့

တယ်။ အခုလို လူ့ဘဝရဲ့အဓိပ္ပာယ် ပျောက်နေလေတဲ့ လူတယောက်အဖြစ်မှ ခွင့်လွှတ်လေသေးတဲ့ နွဲ့နွဲ့ရင်ခွင်ဆီ ပြန်ခိုဝင်ဘို့ တရားပါအုံးတော့မလား....”

သူ့အသံမှာ ဆို့နင့်စွာနှင့် ပျောက်သွားသည်။

“ဒါပေမယ့် နွဲ့နွဲ့ဟာ အခုအထိခင်ဗျားပေါ် သစ္စာရှိတုန်းဘဲ”

“သူကသစ္စာရှိလေ ကျွန်တော်က လိပ်ပြာမသန့်လေဘဲ၊ အခုအနေမှာ အခြေချင်းကလဲ သိပ်ကွာနေပြီ ထင်တယ်၊ မိဘတွေလဲ ယိုင်လဲခဲ့ပြီမို့ ကျွန်တော်ဟာ ကိုယ့်ခြေထောက်ပေါ်တွင် ကိုယ်တောင် အနိုင်နိုင်ရပ်နေရသူပါ။ နွဲ့နွဲ့မိဘတွေအနေနဲ့လဲ ကျွန်တော်သိရသလောက် ကျွန်တော်နဲ့ ဘယ်နည်းနဲ့မှ သဘောမတူဘူး။ ခင်ဗျားက ခင်ဗျားရဲ့အကူအညီနဲ့ ကျောင်းပြန်နေဘို့ ပြောတယ်။ ကျွန်တော်ဟာ ဘယ်သူ့ကိုမှ ဝန်မပေးချင်ဘူး။ ပြီးတော့ အရက်သောက်ဘာသောက်နဲ့ ကျွန်တော့် အကျင့်စာရိတ္တဟာလဲ မကောင်းတော့ဘူး။ နွဲ့နွဲ့နဲ့ကျွန်တော် မတန်တော့ဘူး...”

ကိုမြင့်သူက စိတ်ထိခိုက်ကြီးစွာနှင့် ပြောနေသော ကိုလှဝေအားငေးကြည့်ရင်း ဘာစကား ဆက်ရမှန်း မသိ ဖြစ်နေသည်။

“ခင်ဗျားကော.... နွဲ့နွဲ့ကို မယူနိုင်ဘူးလား....”

မမျှော်လင့်သော ကိုလှဝေ၏စကားကြောင့် ကိုမြင့်သူမှာ တုန်လှုပ်သွားသည်။

“အဓိပ္ပာယ်မရှိတဲ့စကားကို မပြောပါနဲ့ ကိုလှဝေ”

ကိုလှဝေက ပြုံးလိုက်သည်။

“ကျွန်တော့်ကိုတော့ မငဲ့နဲ့ကိုမြင့်သူ...၊ ကျွန်တော် စကားကုန်ပြောဘီးဘီ....”

ကိုမြင့်သူက ခေါင်းကိုဖြည်းညှင်းစွာခါသည်။

“မဖြစ်ပါဘူးကိုလှဝေ... မဖြစ်နိုင်တာတွေ...”

“ဘယ်လို မဖြစ်နိုင်တာလဲ၊ ခင်ဗျားဒီတသက် အိမ်ထောင်ပြုမယ် စိတ်ကူးသေးလား”

သူက လေးပင်စွာ ပြုံးလိုက်သည်၊ အဖြေမူမပေး။

"ခင်ဗျား.... မိန်းမတွေကို စိတ်နာနေသလား...."

"ကျွန်တော်ဟာ ခလေးမဟုတ်ပါဘူး။ ပြီးတော့ စိတ်ပညာသမားတယောက်ပါ..."

"ဒါဖြင့် မေဘယ်လ်လွင်ကို ခင်ဗျား မမေ့နိုင်သေးဘူးထင်တယ်....."

ကိုမြင့်သူ၏မျက်နှာမှာ သိသိသာသာပျက်သွားသည်။ လူတကိုယ်ဝယ် ပြောချက်တချက်စီမှု ရှိမြဲပေတည်း။

"လွင့်ကိုကျွန်တော် မေ့ပါပြီရယ်လို့ မညာချင်ဘူး ကိုလှဝေ၊ မေ့နိုင်စရာလဲ မရှိပါဘူး။ ချစ်ခြင်းဆိုတာကို ခွင့်လွှတ်နိုင်ခြင်းအဖြစ် နားလယ်ထားသူတယောက်အနေနဲ့လဲ လွင်နဲ့တကွ မိန်းမသားတွေကို ကျွန်တော် မမုန်းနိုင်ပါဘူး....၊ ဒါပေမယ့်...."

ကိုမြင့်သူက စကားမဆက်ဘဲ ကိုလှဝေနည်းတူ မိုးပြင်မှငွေလအား ငေးမျှော်ကြည့်နေသည်။

"ဒါပေမယ့် ဘာဖြစ်လဲ...."

ကိုမြင့်သူက ပြုံးလိုက်သည်။

"ဒါပေမယ့် ရင်ထဲကဒဏ်ရာကတော့ မသေးဘူးပေါ့လေ။ ဒီဒဏ်ရာကို တမင်တော့ မမွေးမြူထားပါဘူး။ ဖွတ်လဲ ပျောက်ပြယ်အောင် မကြိုးစားချင်ဘူး၊ ပျော်ရွှင်သောလူ့ဘဝရဲ့ ခရီးစဉ်မှာ အနှောင့်အယှက်တရပ် အနေနဲ့လဲ မရှိစေချင်ပါဘူး...."

ကိုမြင့်သူက ခိုင်မာသောမေးရိုးတို့အား မြဲမြဲစွာစေ့ရင်း ကိုလှဝေအား ကြည့်လိုက်သည်။

"ဒါထက် မနက်ကတွေ့ခဲ့ကြတဲ့ မေရီဟာ လွင့်ရဲ့ညီမအရင်းဘဲ....၊ ခင်ဗျားသိလား..."

ကိုလှဝေ၏ မျက်လုံးများမှာ ပြူးသွားသည်။

"ဟုတ်လား....၊ ခင်ဗျား ဘယ်လိုလုပ်သိလဲ...."

"မေရီ့ဆီကဘဲပေါ့၊ မေရီဟာ ကျွန်တော်နဲ့လွင့်အကြောင်းကို သိသင့်သလောက် သိနေတယ်ထင်တယ်။ ကျွန်တော့်နံမည် ဖွင့်ပြောလိုက်တော့ အမူအရာတွေပျက်ပြီး ထွက်ပြေးသွားတယ်"

ကိုလှဝေက မျက်မှောင်ကြုတ်ရင်း တစုံတခုကို လေးလေးနက်နက် စဉ်းစားနေသည်။ နောက် မေးခွန်း တရပ်ကို ပြုသည်။

"ခင်ဗျားကကော..."

ကိုမြင့်သူက သက်ပြင်းရှိုက်ရင်း လေးပင်စွာ တချက်ပြုံးလိုက်သည်။

"ကျွန်တော့်အတွက်တော့ အဟောင်းတွေဟာ အသစ်ပြန်ဖြစ်လေတာပေါ့ ကိုလှဝေ၊ အမှန်ပြောရရင် မေရီ့ကို ကျွန်တော် ရင်မဆိုင်ရဲတော့ဘူး။ ရင်မဆိုင်ရဲပေမယ့် ကျွန်တော့်အတွေးတွေမှာ လွင်ရှိနေသမျှ မေရီဟာလဲ ယှဉ်တွဲပါနေတော့မယ်"

ကိုလှဝေကလည်း သက်ပြင်းရှိုက်လိုက်၍ ကိုမြင့်သူအား နားလည်စာနာစွာ ကြည့်လိုက်သည်။ နှစ်ဦး သား အတန်ကြာ စကားမပြောမိဘဲ ငြိမ်နေမိကြ၏။

"ကဲ...ညဥ့်နက်ပြီ၊ ကျွန်တော်ပြန်မယ်...."

သူက ပြုံးနှုတ်ဆက်ရင်း ထွက်ခွာမသွားမီ ညည်းညည်းညူညူ ဆိုသွားသည်။

"အင်း....၊ ဒီလောကကြီးမှာ ကျွန်တော်တယောက်ထဲ ပြဿနာတွေကို ရင်ဆိုင်နေရတာ မဟုတ်ပါဘဲ ကလား..."

ကိုမြင့်သူက ကိုလှဝေဝေးသွားသည့်တိုင်အောင် ရပ်ကြည့်နေပြီးနောက် ခြံတွင်းသို့လှည့်ဝင်လာသည်။ အိပ်ချင်စိတ်လည်းမရှိသေး၊ ကြိမ်ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ်ထိုင်ရင်း အတွေးကို ဆက်နေ မိသည်။

လရောင်မှာ ညနက်သဖြင့် ပိုထွန်းလက်လာသည်၊ စိုလန်းသောမိုး၏ ညခင်းမှာ တိတ်ဆိတ်သမျှ သာယာပြန့်ပြောနေ၏။

လရောင်၌ မိုးစက်များနှင့် လက်နေသော ကံ့ကော်ပင်အား မြင်နေရသည်။ ကံ့ကော်ပင်က သူ့အား တစ္ဆေချောက်နေသည်။ ဤချောက်သောတစ္ဆေမှာ ကြောက်ဖွယ် ဝေဒနာကိုမပေး။ ရင်၌ ပြည့်ဖြိုးကြေကွဲ သော ဝေဒနာကို ထင်စေသည့် အတိတ်မှအရိပ်သာတည်း။

စမိုင်မှ ကံ့ကော်မြိုင်နှင့် ကံ့ကော်ပင်တန်းတို့မှာ မျက်စိတွင်ပေါ်လာသည်။ ကံ့ကော်ပွင့်ချိန်ဝယ် ကံ့ကော်ရိပ်လယ်မှ လွမ်းဘွယ့်ရာဇာတ်ကြောင်းမှာ တရေးရေးထင်လာသည်။

“ဂန့်ဂေါ်တွေပွင့်ရင် သိပ်လှမှာဘဲနော် ဆရာ”

သူသည် မျက်စိကိုစုံပိတ်လိုက်သည်။ မျက်စိပိတ်သွားသော်လည်း သဏ္ဍာန်တို့မှာ ထင်နေဆဲဖြစ်၍ နားမှာလည်း ပဲ့တင်ထပ်နေသည်။

ထိုအခိုက်တွင်ပင် တယောသံတခုက အင်းလျားကျောင်းဆောင်ထက်မှ လွင့်ထွက်လာသည်။ အဆိုမှာလည်း ကပ်လိုက်လာ၏။

“ဒီဘဝရဲ့ ဘုံအလယ်....၊ ညီမ တွက်ပုံတသွယ်၊ ဩော် ရီပြုံပြုံမှုန်ခြယ်”

လက်သံနှင့် သီချင်းမှာ သူကောင်းကောင်းမှတ်မိသော ကိုရှိန်၏ လက်သံနှင့် သီချင်းသံပင်တည်း။

“မဟီနန်းမြိုင် သဲဆိုင်ဦးဝယ်၊ ပွင့်ဖူးခဲ့တဲ့ မာလာခိုင်စပယ်၊ လှိုင်ကြူတင့်ဆန်း၊ ပိုင်ပိုင်သူ မဆင်မြန်းသာ၊ ဘုံအနှမ်းဝယ်၊ ယုံစတမ်းကွယ် တင့်ပန်းနှယ်....”

ကိုမြင့်သူသည် သီချင်းသံအား မှိန်းနားထောင်နေရာမှ အိပ်မက်မှ ရုတ်တရက်လန့်နိုးသူပမာ လှုပ်ရှားသွားလျက် ရင်မှာ လျှင်မြန်စွာခုန်လာသည်။ တိုက်ဆိုင်လွန်းလှချေသည်တကား။

“ချစ်လွမ်းရိပ် သံသရာမှာကွယ်၊ သမုဒယအရေး၊ ဩော်... တခုကမှ မအေးမှာမို့...... ညီမလေးရယ် စိုးရိမ်မိတယ်၊ လောကမာယာဥာဏ်ကြွယ် နှောင်းတပွင့်နှယ်.... ပြောင်းလွင့်ကွယ်..... လောင်းမဆင့်သင့်တဲ့ ဟောင်းရင့် ဇာတ်လမ်းနှယ်”

တယောသံကသာ ဆက်လက်ကြူးရင့်နေသည်။

ကိုမြင့်သူက မျက်စိကိုပိတ်လိုက်သည်၊ လက်မှာလည်း အမှတ်မထင် နားဆီရောက်သွားသည်။

မျက်စိမည်သို့မှိတ်၍ နားပင်ဘယ်သို့ပိတ်သော်လည်း သီချင်းသံမှာမူ ရင်ဝယ်ပဲ့တင်ထပ်၍ ဆုံးတော့မည် မဟုတ်။

ဤညအတွက် အတွေးတို့သည် ဆုံးအံ့မည်မဟုတ်၊ အိပ်ပျော်ခြင်းလည်း ဆိုက်ရောက်တော့မည်မထင်။

သို့ရာတွင် ညဉ့် မိမိသာမဟုတ်၊ တိတ်ဆိတ်သော စက်ခန်းဆောင်ဝယ် အပြာနုရောင်စာရွက်များပေါ်မှ လွမ်းဘွယ့်ကဗျာတို့ကို ဖတ်ရင်း မေရီတယောက်လည်း နိုးကြားလျက်ရှိနေသည်ကိုမူ ကိုမြင့်သူမှာ မသိနိုင်ပေတကား။

**အခန်း(၈)**

ဝန်းလည်ရည်ရွှန်းသော မျက်လုံးပြာကြီးများကို ဝိုက်လှည့်လျက် စန္ဒယားခုံအနီး ဆိုဖာတခုပေါ် ထိုင်ရင်း မေရီသည် ဧည့်ခန်းနှင့်ပတ်ဝန်းကျင်အား ဂရုတစိုက် လေ့လာကြည့်နေမိသည်။

ပစ္စည်းပရိဘောဂများမှာ ထိပ်တန်း အကောင်းစားကြီးများ မဟုတ်သော်လည်း ခေတ်မှီပြောင်လက် သန့်ရှင်းနေသည်။ ခင်းထားသော ကော်ဇောကြမ်းပေါ်တွင်၄င်း၊ ကော်ဇောလွတ်နေသော အင်္ဂတေချော ကြမ်းပြင်တွင်၄င်း၊ မြူရိပ်ဖုံမှုန့် မတွေ့ရသဖြင့် အိမ်ရှင်မ၏ စည်းစံနစ်ကြီးပုံကို ခန့်မှန်းသိနိုင်သည်။

"ဒေါ်ဒေါ်စောက ဗမာအိမ်ရှင်မ စစ်စစ်ကြီးဘဲမေရီ၊ လင်ကိုပြုစုဘို့၊ တူသားကို ဂရုစိုက်ဖို့၊ အိမ်နဲ့ ခြံဝင်းကို ပြုပြင်မွမ်းမံဘို့၊ ပြီးတော့ဧည့်သယ်အပေါ် ဧည့်ဝတ်ကျေပွန်ဘို့၊ ဒါတွေလောက်ဘဲ အာရုံ စိုက်နေတာ၊ တခုတော့သတိပြုနော်.... အန်တီလို့မခေါ်နဲ့။ ဗမာပီပီ ဒေါ်ဒေါ်ဘဲခေါ်။ ဒါကြောင့် သိပ် ရှေးဆန်တဲ့ အဖွားကြီးလို့လဲ မထင်နဲ့၊ မေရီတို့ တွေ့ပါလိမ့်မယ်။ အင်မတန် ဖော်ရွေပါတယ်"

မေရီတို့အား စန္ဒယားတီးရန် ကိုမြင့်သူ၏အိမ်သို့ ခေါ်မလာမီ နှဲ့နှဲ့က ဒေါ်စောရီ၏အကြောင်းကို ကြိုတင်ပြောထားခဲ့သည်။

သို့ကြောင့်ပင် မေရီက အဝတ်အစားဝတ်သည်ကအစ ဆင်ခြင်ပြင်ဆင်ခဲ့သည်။ အသားနှင့်လိုက်သော နံ့သာရောင်ဖျော့ဖျော့ နိုင်လွန်အင်္ကျီအထူစားကို ရွေးဝတ်သည်။ အင်္ကျီလက်ရှည်မရှိသဖြင့် လက်ပြတ် ဝတ်ခဲ့ရသည်ကိုပင် စိတ်မကောင်းဖြစ်နေသည်။ ထဘီမှာမူ အမှောင်ဘက်လုသော ခရမ်းနက်ရောင် ရင့်ရင့် မန္တလေးပိုးကန့်လန့်စင်းဖြစ်သည်။ ဆံပင်ကို အထူးမပြုပြင်ဘဲ သပ်ယပ်ပိရိစွာဖြီး၍ ရိုးရိုး ယဉ်အောင် နောက်တွဲထုံးထားသည်။ မျက်နှာတွင် ပါးလျားစွာသာမှုန်ခြယ်၍ နှုတ်ခမ်းကို ဆိုးသည် ဆိုရုံ ဆိုးထား၏။ ရွှန်းရွှန်းတောက်လှရန်ထက် ဤသို့ သိက္ခာပြည့်ပြည့်ကျက်သရေရှိမှုက အရေးကြီး သည်ဟု ထင်သည်။ မိမိဘာကြောင့် ဒေါ်စောရီအကြိုက်နှင့်လိုက်ရန် ပြင်ဆင်ရသည်ကို မေရီသည် မိမိကိုယ်ကိုအံ့သြရင်းက ကောင်းစွာမှုနားမလည်။

မေရီ၏မျက်လုံးများက အစိမ်းနရောင်ရိပ်ရိပ်ပြေးနေသော သန့်စင်သည့် နံရံများဆီသို့ ရောက်သွား ပြန်သည်။ အရောင်စုံတောက်ပြောင်လွန်းသော ပန်းချီနှင့် ဓာတ်ပုံကားများကို မတွေ့ရ။ ခပ်ကျဲကျဲ ဖြစ်သော်လည်း အချိုးညီညီချိတ်ထားသည့် အနက်နောက်ခံဝယ် ရွှေဝါရောင်မြက်မျှင်များနှင့် ပန်းချီ ရှုခင်းများ ဖော်ရက်ထားသော ကားများကိုသာ တွေ့ရသည်။

မေရီ့မျက်နှာချင်းဆိုင်ဘက်တွင်မူ လဲလျောင်းအိပ်စက်ခြင်းလည်း ပြုနိုင်သော ပန်းကွက်ဖော် ပိတ်သား အုပ် ဆိုဖာအနိမ့်စားတခု ရှိသည်။

စန္ဒယားတည်နေပုံကိုမူ မေရီက သဘောကျမိသည်။ ခေါင်းအနည်းငယ်ငဲ့ရုံနှင့် စန္ဒယားတီးရင်း ပြူတင်းကိုကျော်၍ ခြံတွင်းမှ ပန်းခင်းများကိုငှင်း၊ အင်းလျားလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းဆုံရာ တဝိုက်မှ သစ်ပင်အုပ်စုတို့ကိုငှင်း လှမ်းမြင်နိုင်သည်။

စန္ဒယားခုံမြင့်ပေါ်တွင် မရမ်းစေ့ရောင် ကတ္တီပါအုပ်ထားသော စောင်းတလုံးအား တည်ထားသည်ကို တွေ့ရ၏။

စောင်းနှင့်စန္ဒယားကို မြင်သောအခါ မေရီက သူငယ်စဉ်ကဖတ်ဖူးသော မင်းဆွေ၏ သွေးဝတ္ထုမှ ဇာတ်လိုက် ခင်မောင်မြင့်နှင့် ခင်မြမြတို့အား သွားအမှတ်ရသည်။ အမှတ်မထင်ပင် မိမိကိုယ်ကို ခင်မြမြနှင့် နှိုင်းလိုက်ပြီးမှ အလွမ်းနှင့်ဇာတ်သိမ်းပုံကို သတိရ၍ စိတ်ကူးကို ရပ်ပစ်လိုက်သည်။

နွဲ့နွဲ့မှာ မူမေရီတို့အား ဧည့်ခန်းတွင်ထားခဲ့ပြီး အိမ်အတွင်းဘက်ဆီသို့ ဝင်သွားရာမှ ပြန်မထွက် လာသေး။ တုတ်တုတ်ကမူ အခန်းတထောင့်ရှိ စာအုပ်ဘီရိုတခုမှ စာအုပ်အမည်များကို လိုက်လံ ဖတ်ရှုနေသည်။

“မေရီရေ ဒီမှာစာအုပ်တွေ သိပ်စုံတယ်ဟေ့၊ ဝတ္ထုတွေရော တခြားဟာတွေပါ အဖိုးတန်ချည်းဘဲ၊ ဘားနဒ်ရှောရေးတာတွေ၊ နေရူးရေးတာတွေ၊ မွန်ဝတ္ထုတွေလဲ ရှိတယ်ဆရာ၊ ရှယ်လီတို့ ကောလရစ်ချ် တို့ရဲ့ ကဗျာတွေလဲ ပါသေးတယ်။ မာဂရက်မစ်ချယ်၊ ပါးစ်ဘတ်ခ်၊ အိုဟင်နရီ၊ မော်ပါဆွန်၊ ဆင်ကလဲယားလူဝစ် စဂရေဟမ်ဂရင်း၊ ဟာ အများကြီးဘဲ၊ ငြိမ်းသာတွေ့ရင် သိတ်သဘောကျမှာဘဲ”

တုတ်တုတ်က စာအုပ်များအားကြည့်နေစဉ် ပါးစပ်မှလည်း အငြိမ်မနေ၊ မေရီ့အား လှမ်းပြောနေသည်။

“ဟော.... ဒီမှာလဲ ချာချီလ်ရေးတဲ့ ဒုတိယကမ္ဘာစစ်သမိုင်းပါလား၊ အားနိုးတွိုင်းဘီး ရေးတာတွေလဲ ရှိတယ်၊ နေအုံး၊ မာ့က်စ်နဲ့လီနင်ရဲ့ ဆီလက်တက်ဝပ်က်စ်တွေလဲ ရှိသေးတယ်၊ အံမယ်၊ ဒေါ့စ် ကက်ပီတယ် တောင် ရှိပါလား”

“ဒေါ့စ်ကက်ပီတယ်ဆိုတာ ဘာလဲ”

မေရီက ကလေးငယ်၏ မသိနားမလည်ခြင်းဟန်နှင့် မေးသည်။

“အို.... ဒေါ့စ်ကက်ပီတယ်ဆိုတာ မသိဘူး....”

တုတ်တုတ်က အံ့သြဟန်နှင့် မေရီ့အားကြည့်ရင်း ပြန်မေးသည်။

"ဟင့်အင်း"

"ဒါ့စ်ကက်ပီတယ်လ်ဆိုတာ ကာလ်မာ့စ်ရေးတဲ့ အင်မတန်နက်နဲတဲ့ ဘောဂဗေဒကျမ်းကြီးပေါ့"

"တုတ်တုတ် ဖတ်ဖူးလား..."

တုတ်တုတ်က ခေတ္တတွေသွားသည်။

"ဖတ်တော့ မဖတ်ဖူးပါဘူး၊ လူများပြောသံ ကြားဘူးတာပါဘဲ။ သိပ်ခက်တယ် ပြောတယ်၊ တုတ်တုတ်တော့ ကွန်မြူနစ်မက်နီဖက်စတိုရယ်၊ ဝိတ်ဂျ်လေဘာအင်ကက်ပီတယ် ဆိုတာရယ်၊ အင်တီဒြူးရိုန်း ဆိုတာရယ် ဖတ်ဖူးတယ်"

"အဲဒါတွေကော ဘာတွေလဲ..."

တုတ်တုတ်က ဒုတိယအကြိမ် မေရီ့အား အံ့သြဟန်နှင့် ကြည့်လိုက်သည်။ နောက် ဆက်ရှင်းရန် စိတ်ပျက်သည့်လေသံနှင့် တိုတိုပင်ဖြေသည်။

"ကျမ်းတွေပေါ့..."

"တုတ်တုတ် ကျမ်းတွေဖတ်သလား၊ မပျင်းဘူးလား မေရီတော့ဖေဖေဖတ်တဲ့ ဒစ်စကားဗားရီးအော့ဖ် အင်ဒီးယားဆိုလား နေရူးရေးတာပြောတယ်။ ဖေဖေက သိပ်ကောင်းတယ်ဆိုလို့ ဖတ်ကြည့်ဘူးတယ်။ နားမလယ်ပါဘူး။ ပျင်းတာနဲ့ ဆက်မဖတ်တော့ဘူး...."

ထိုစဉ် နွဲ့နွဲ့နှင့်ဒေါ်စောရီက ပေါ်လာသည်။ တုတ်တုတ်က မရယ်မပြုံးနှင့် ရပ်ကြည့်နေစဉ် မေရီက ထိုင်ရာမှထကာ ချစ်စဖွယ်ပြုံးရင်း နှုတ်ဆက်ကြိုဆိုသည်။

"ထိုင်ကြ ထိုင်ကြပါ၊ ကိစ္စမရှိပါဘူး။ ဒေါ်ဒေါ်က ရေချိုးပြီး သနပ်ခါးလိမ်းတုန်းတန်းလန်းမို့ ချက်ခြင်း ထွက်မလာနိုင်တာ။ ဩော်.... နံမယ်တွေကကော နွဲ့နွဲ့...."

"သူက မေရီခေါ်တယ် ဒေါ်ဒေါ်စော၊ တယောက်က တုတ်တုတ်တဲ့..."

ဒေါ်စောရီက မေရီ့အား ပြုံးချိုစွာစိုက်ကြည့်ရင်း ဆိုသည်။

"မေရီတဲ့လား၊ နံမယ်လေးနဲ့လူလေးက လိုက်လိုက်တာ ချစ်စရာလေး...."

ဒေါ်စောရီက မှတ်ချက်ပြုလိုက်ပြီး ကျန်နှစ်ဦးထံမှ သဘောတူညီမှုတောင်းသည့်ဟန် မျက်နှာများကို တလှည့်စီ လိုက်ကြည့်သည်။ တုတ်တုတ်နှင့်နွဲ့နွဲ့က ပြုံးနေကြသည်။

"မေရီအခု အသက်ဘယ်လောက်ရှိဘီလဲ..."

"မေရီအခု ၁၇နှစ်ထဲမှာဒေါ်ဒေါ်...."

မေရီက ယဉ်ကျေးစွာဖြေသည်။

"အို ၁၇နှစ်၊ ငယ်ငယ်လေးပါလား။ မျက်နှာက ဒါကြောင့်သိပ်နုတာဘဲ...."

ဒေါ်စောရီက မေရီ့အား အကယ်ပင် စိတ်ဝင်စားနေဟန်တူသည်။

ဒေါ်ဒေါ်ကတော့ ခလေးရှူး ရှူးနေရတာပါဘဲ၊ သားသမီးမထွန်းကားတော့ မေရီတို့ အရွယ်လေးတွေ တွေ့ရင် သိပ်ချစ်တာဘဲ၊ ဟောဒီက နွဲ့နွဲ့နဲ့ မောင်မြင့်သူကိုဘဲ သမီးနဲ့သားလို ခလေးလုပ် ချစ်နေရ တာသာ ကြည့်တော့...."

ဒေါ်စောရီက နွဲ့နွဲ့၏ပခုံးပေါ် လက်တဖက်ကို ယုယစွာတင်ရင်း ပြောသည်။ နွဲ့နွဲ့အား မြတ်နိုးစွာ ပြုံးရင်း ငေးငေးကြည့်နေသော ဒေါ်စောရီ၏မျက်လုံးများမှာ သူပြောသကဲ့သို့ပင် စိတ်ရင်းအမှန် ဖြစ်ကြောင်း ဖော်ပြနေသည်။ ဘာကြောင့်မသိ နွဲ့နွဲ့၏အပြုံးမှာ လျော့ရဲသွားကာ ဖြူဖွေးနေသော ပါးပြင်နှစ်ဖက်မှာ အနည်းငယ်ရဲသွားသည်။ နွဲ့နွဲ့သည် မေရီအား တချက်လှမ်းကြည့်လိုက်ပြီး မျက်လွှာကို အောက်ချလိုက်သည်။

ဒေါ်စောရီက မျက်လုံးများကို မေရီနှင့်တုတ်တုတ်တို့ဘက်သို့ လှည့်လိုက်၏။

"ဒီကဘယ်သူအဲ တုတ်တုတ်၊ တုတ်တုတ်ရော မေရီရောပါ အားရင် နွဲ့နွဲ့ပါပါမပါပါ လာလယ်ကြပေါ့။ အိမ်ထမင်းအိမ်ဟင်း ကောင်းကောင်းစားခြင် လာစားကြနော်။ ကျောင်းက ဟင်းသိပ်မကောင်းဘူး ကြားတယ်...."

ဒေါ်စောရီ၏မျက်လုံးမှာ မေရီ၏ မျက်နှာလေးဆီသို့ ရောက်လာပြန်သည်။ ချစ်ခင်ကြင်နာရိပ်ပြသော မျက်လုံးများက တစုံတခုအားလည်း စူးစမ်းရှာဖွေနေဟန် ပေါ်သည်။

"နေအုံး မေရီကို ဒေါ်ဒေါ်ဘယ်မှာ မြင်ဘူးလဲမသိဘူး။ ဒါမှမဟုတ် မေရီနဲ့တူတာ ဘယ်သူများပါလိမ့်၊ စဉ်းစားလို့မရပါဘူး။ ဒေါ်ဒေါ်တို့အရွယ်က မှတ်ဉာဏ်သိပ်မကောင်းတော့ဘူး..."

မေရီ၏ ပြုံးနေသောမျက်နှာလေးမှာ မသိမသာပျက်သွားသည်။ နွဲ့နွဲ့၏မျက်လုံးမှာလည်း အနည်းငယ် ပြူးသွား၏။

"လူတူမရှား နံမယ်တူမရှား ဖြစ်မှာပေါ့လေ....၊ ကဲ လွတ်လွတ်လပ်လပ် တီးကြဆိုကြပေါ့၊ ဒေါ်ဒေါ် ပြီးတော့လာခဲ့မယ်။ မောင်မြင့်သူလဲ သူ့အခန်းထဲမှာ ကျောင်းသားတယောက်က လာကန်တော့ ဆိုလား တောင်းပန်ဆိုလား မသိပါဘူး၊ ဒေါ်ဒေါ် လွှတ်လိုက်မယ်...."

ပြောပြောဆိုဆို ဒေါ်စောရီက အားလုံးကိုနှုတ်ဆက်၍ အခန်းပြင်သို့ ထွက်သွားသည်။

နွဲ့နွဲ့က စန္ဒယားခုံသို့သွားကာ ခလုတ်အဖုံးကိုဖွင့်၍ အသံများကိုစမ်းနေသည်။

"လာလေမေရီ.... တီးမလား"

"မေရီ သိပ်မတီးတတ်ပါဘူးဆို၊ မမနွဲ့ ဖင်ဂါရင် သိပ်မကောင်းဘူး၊ မမနွဲ့တီးပါ"

"မေရီ ဆိုမလား"

"အို မမနွဲ့ရယ် မေရီဘယ်အရမ်းဆိုနိုင်မလဲ၊ ပထမစမ်းကြည့်အုံးမှပေါ့၊ အကွက်တူလား မေရီ နားထောင်ကြည့်ပါရစေအုံး..."

နွဲ့နွဲ့က ခေတ္တတွေးရင်း ငြိမ်နေသည်။ နောက် "ဘွဲ့က စတီးတာပေါ့။ ရိုးရိုးဘဲ ဂန္ဓမာတောင်ဘဲပေါ့ ဟုတ်လား" ဟု ဆိုသည်။

မေရီက နေရာမှထကာ စန္ဒယားခုံပေါ်မှ စည်းနှင့်ဖျောက်ကို ယူလိုက်ပြီး နေရာတွင် ပြန်ထိုင်လိုက် သည်။

နွဲ့နွဲ့က ဘွဲ့ခံကို အရင်တီးသည်။ နောက် သီချင်းသားဆီကူးလာသည်။ မေရီက အသာ စီးဝါးလိုက် ကြည့်နေ၏။ သီချင်းဆုံးသွားသောအခါ "ဘယ့်နှယ့်လဲ ဝင်ဆိုနိုင်မလား" ဟု နွဲ့နွဲ့ကမေးသည်။

"ဆိုနိုင်ပါလိမ့်မယ်မမနွဲ့၊ မမနွဲ့အကွက်တွေက မေရီ့မမနဲ့ သိပ်မကွာပါဘူး..."

"သြော် ဟုတ်သားဘဲ၊ မမနွဲ့မေ့နေလို့၊ မေဘယ်လ်နဲ့မမနွဲ့ တွဲပြီး တီးလဲတီးဘူးတယ်။ သီချင်းလဲ အတူတကွဖူးတယ်၊ ဟန်ကျတာပေါ့။ မေရီစည်းလဲနိုင်သားဘဲ။ လာ ဒါဖြင့်စကြရအောင်..."

မေရီက ဘွဲ့ခံတွင် လိုက်မဆိုဘဲ သီချင်းရောက်မှ စည်းအား ဟန်ပါပါစတီးရင်း ဝင်ဆိုသည်။

"ဂန္ဓမာတောင် လိုဏ်ချောင်မှတ်နန်း ဂူငယ်တွင် "

မေရီ၏အသံမှာ လုံ၍ ကြည်ကြည်အေးအေးလေး ဖြစ်သည်။ အင်အားစိုက်ထုတ်ခြင်းမရှိဘဲ သက်သက် သာသာနှင့် ပီသချောမောစွာ စည်းမိဝါးမိ ဆိုနိုင်သဖြင့် စံနစ်တကျ သင်တက်ယူထားမှန်း သိသာ ပေသည်။ နွဲ့နွဲ့သည် တီးရင်းမှ အသံသာမဟုတ်၊ ဆိုဟန်အမူအရာမျက်နှာပေးပါ မှန်ကန်ပြေပြစ်သော မေရီ့အား ချီးမွမ်းသော မျက်လုံးများဖြင့် တချက်တချက်လှမ်းကြည့်သည်။

တုတ်တုတ်က ဘေးတွင်လာရပ်ရင်း မေရီ၏စည်းချက်ကိုကြည့်ကာ သူပါရော၍ စည်းလိုက်ကြည့်နေရာ ဝါးအချတွင် စည်းလိုက်နောက်ကျလိုက်နှင့် မညီမညွတ်ဖြစ်နေသည်။

တီးရင်း နွဲ့နွဲ့သည် မေရီကို အားရလာ၍ မိမိမှာလည်း လက်တွေတက်ကြွလာ၏။ သီချင်းချခါနီးတွင် "ကြိုးတပုဒ်ဆက်ရအောင် ကျွန်းကျွန်းပိုင်သ" ဟု တီးရင်းပြော၏။ မေရီက သီချင်းဆိုမပျက်ဘဲ သဘောတူကြောင်း ခေါင်းညိတ်ပြသည်။

ဘွဲ့ဆုံးသော် နွဲ့နွဲ့က ကြိုးသို့ကူးသဖြင့် မေရီသည် နရီစည်းအား ဝါးလက်သို့ ပြောင်းလျက် ဝင်ဆို သည်။

"ကျွန်း ကျွန်းပိုင်သ... တိုင်းခန်း.... နေနှုန်းနန်း.... ရွှေတည့်သာ ရွှေဘုန်းပန်း..."

သီချင်းသံနှင့်အတီးမှာ ဖက်စပ်သင့်မြတ်လျက် သာယာဝေစည်စွာ ဆက်လက်ပေါ်ထွက်နေသည်။

မေရီသည် အဆို၌ စိတ်ဝင်စားနေသဖြင့် ဘေးပတ်ဝန်းကျင်အား ဂရုမထားမိ၊ သီချင်းဆုံးခါနီးမှ မျက်လုံးမှာ အခန်းဝဆီသို့ ရောက်သွားသည်။ ခဏမှာပင် မေရီ၏အသံလေးမှာ တုန်သွားပြီး အဆိုမှာ ထစ်ငေါ့သွား၏။ စည်းမမှားရန်ပင် မနည်းထိန်းလိုက်ရသည်။

အခန်းဝတွင်မူ ရပ်နေသောကိုမြင့်သူ၏ ရှည်သွယ်သောသဏ္ဌာန်ကို မြင်ရသည်။ ကျောက်ရုပ်သို့ ငြိမ်ရပ်နေဟန်မှာ အိပ်မက်၌ယောင်ထ၍ ရပ်နေသူတဦး၏ သတိလက်လွတ်မှုမျိုးကို ဖော်ပြနေ၏။

အမှန်မှာလည်း သူက အိပ်မက်မက်နေသည်ဟု ထင်မိသည်။ လွန်ခဲ့သည့် ၇နှစ်ကျော်ခန့်မှ အတွေ့အကြုံ ခံစားမှုသည် အိပ်မက်၌ သံသရာလည် ပြန်လှည့်လာသည့်ပမာ မမြော်လင့်ဘဲ ရင်၌ ခံစားရသဖြင့် ကျောက်ရုပ်ပမာ ငြိမ်ငေးနေမိခြင်း ဖြစ်လေသည်။

သီချင်းမှာ ဆုံးသွားသည်။ ရှေးဦးစွာ သတိပြန်ထိန်းနိုင်သူမှာ မေရီဖြစ်သည်၊ မေရီက တုန်ရီချောက်ချားနေသည်ကို ဖွတ်နှိမ်လျက် အပြုံးနှင့်နှုတ်ဆက်ရင်း ရှိသေသမှုနှင့် မတ်တတ်ရပ်လိုက်၏။

သည်တော့မှသူက အပြုံးတရပ်ကို ကြိုးစားပမ်းစားပြုရင်း အခန်းတွင်းသို့ ဖြည်းညှင်းစွာဝင်လာ၏။ သူဝင်လာမှ နောက်မှကပ်ကာ ပေါ်လာသော ကျောင်းသားတဦးကို တွေ့ရသဖြင့် မေရီမှာ ထပ်မံ အံ့သြသွားရပြန်သည်။

"လာလေ.... မောင်သက်တင်၊ ထိုင်...."

ကိုမြင့်သူက မောင်သက်တင်အား ကုလားထိုင်တလုံးကို ညွှန်ပြထိုင်ခိုင်း၍ သူကလည်း စာအုပ်ဘီရို အနီးရှိ နောက်မှီကုလားထိုင်ပုတခုတွင် ဝင်ထိုင်သည်။

မောင်သက်တင်မှာ မေရီ့အား တွေ့သောအခါ အံ့အားသင့်သွားပုံရ၍ တုတ်တုတ်အား မြင်သောအခါ တွင်မူ ရင်းနှီးစွာ နှုတ်ဆက်သည်။

"ဟာ... တုတ်တုတ်ပါလား...."

"အမယ်.... ဘယ်သူလဲမှတ်တယ် ကိုသက်တင်ကို၊ ဘာလာလုပ်တာလဲ...."

မတ်တပ်ရပ်လျက်ပင် ရှိသေးသော မောင်သက်တင်က ရုတ်တရက်ပြန်မဖြေဘဲ ကိုမြင့်သူအား လှည့်ကြည့်လိုက်ပြီးနောက် မေရီ့အားလည်း ခေတ္တတချက် ကြည့်လိုက်ကာ အနီးရှိကုလားထိုင်တွင် ဝင်ထိုင်ရင်း....

"ဆရာ့ဆီ ခဏလာတွေ့တာပါ"...ဟု ဆိုသည်။

တုတ်တုတ်က စန္ဒယားနားမှခွာကာ ထွက်လာ၍ မောင်သက်တင်နှင့် ယှဉ်လျက်ရှိသော ကုလားထိုင် တလုံးတွင် ဝင်ထိုင်သည်။

မေရီကမူ သူတို့နှစ်ဦးထက် နွဲ့နွဲ့နှင့် ကိုမြင့်သူတို့ထံ အာရုံပိုရောက်နေသည်။ နွဲ့နွဲ့က ကိုယ်တချမ်း ရွေ့စောင်းထိုင်လိုက်ရင်း ကိုမြင့်သူအား ပျော့ပြောင်းရီဝေသော မျက်လုံးကြီးများနှင့် မျက်တောင်ကော့

များကို လှန်ကာ တချက်ကြည့်လိုက်သည်။ အထွေအထူးတော့ နှုတ်ဆက်ခြင်းမရှိ၊ နောက် စန္ဒယား ခလုတ်များအား တချက်စီ အသာလိုက်တို့စမ်းနေသည်။

"နွဲ့တို့ရောက်တာ ကြာသွားဘီနော်..."

ပြန်လည်တည်ငြိမ်ခဲ့ပြီဖြစ်သော ကိုမြင့်သူက အေးချမ်းစွာမေးသည်။

"သီချင်းနှစ်ပုဒ်တောင် တီးပြီးသွားပါဘီ၊ စောစောက ကိုကိုမြင့်ဆီ လာမလို့ဟာ ဧည့်သည် ရောက် နေတယ်ဆိုလို့...."

နွဲ့နွဲ့က မောင်သက်တင်အား တချက်လှမ်းကြည့်ရင်း ပြောသည်။ ပါတယ်ဆိုလို့ နွဲ့ခေါ်ခဲ့တာ၊ မေရီဆိုတာ ကြားတယ်မဟုတ်လား ကိုကိုမြင့်...."

ကိုမြင့်သူ၏ မျက်လုံးများ မေရီ့ဆီရောက်လာသဖြင့် မျက်လွှာချထားလိုက်သည်။

"မေရီဆိုသံ ကြားတော့ ဆရာရောမောင်သက်တင်ပါ အံ့အားသင့်သွာကြတယ်၊ မေရီမှန်းတော့ မသိဘူးပေါ့၊ ဒါကြောင့် ဒီဘက်ကူးလာကြတာ၊ မေရီကိုတွေ့လိုက်တော့ မမြော်လင့်ဘဲမို့ ရုတ်တရက် အံ့သြနေမိတယ်....."

သူအံ့အားသင့်ရသည့် အကြောင်းကိုမူ ဖွင့်မပြော၊ ဤအသံမျိုးနှင့် ဤဆိုဟန်မျိုးမှာ မိုးမှ ပြန်ကျလာ သည့်ဟန် တဖန်သစ်လည်လာ၍ ဘယ်ပုံခံစားရသည်ကို သူတဦးသာသိနိုင်ပေမည်။ ထို့ကြောင့်ပင် မေရီ၏ဟန်ကို ချီးမွမ်းသော်လည်း ထုံးစံအတိုင်း ဘယ်သူနှင့်သင်၍ တတ်ခဲ့သည်ကိုမူ မမေး။ မေးစရာလည်း မလိုတော့၊ ဆန်းကြယ်စွာ တုံ့ရစ်လည်လာလေသော ကံကြမ္မာကိုသာ ဆွတ်ပျံ့သော ရင်နှလုံးနှင့် အံ့သြနေရသည်။

"ကိုကိုမြင့် မေရီ့ကို သိပြီးဘီလား..."

နွဲ့နွဲ့က မေးလိုက်သဖြင့် ကိုမြင့်သူရော မေရီပါ တုန်လှုပ်သွားကြသည်။ အဖြေကိုစောင့်ရင်း ကိုမြင့်သူ အား ကြည့်နေသည့် နွဲ့နွဲ့၏မျက်လုံးများတွင် စိတ်ထက်သန်မှုက ထင်ရှားပေါ်လွင်နေသည်။

မေရီက မျက်လွှာချထားရာမှ ကိုမြင့်သူအား လှမ်းကြည့်လိုက်သည်။ မေရီ၏ရင်မှာ တနေ့ဆီက ခံစား ခဲ့ရသည့် ထူးဆန်းသော ဝေဒနာမျိုးနှင့် ပြည့်လျှမ်းနေ၏။ ကိုမြင့်သူက ဘာမျှမဖြေမိ၊ မေရီက နွဲ့နွဲ့ဘက်သို့ လှည့်၍ ရှင်းပြသည်။

"မမနွဲ့ကို မပြောပြမိခဲ့ပါဘူး။ မေရီနဲ့ဆရာ သိပါတယ်၊ သိတယ်ဆိုပေမယ့် တရက်တောင် မကျော်သေးပါဘူး၊ နော်...ဆရာ..."

မေရီက ကိုမြင့်သူနှင့်တဆက်တည်း မောင်သက်တင်ဘက်ပါ လှည့်ကြည့်ရင်း စကားကို အဆုံးသတ်လိုက်၏။

ကိုမြင့်သူက အသာပြုံး၍ ခေါင်းညိတ်ပြပြီး စကားကိုလွှဲရန် တုတ်တုတ်ဘက် လှည့်လိုက်သည်။

"တုတ်တုတ်ကော ဘာတီးတတ်လဲ....."

"ဟာ... ဆရာ၊ တုတ်တုတ်က စည်းတောင်မှ မှန်အောင်မလိုက်တတ်ပါဘူး။ ဒါပေမယ့်ဆရာ.... ဟောဒီကိုသက်တင်ကတော့ တယောကောင်းကောင်း ထိုးတတ်တယ်....."

မေရီက မောင်သက်တင်အား လှမ်းကြည့်လိုက်သည်။ ကိုမြင့်သူကလည်း စိတ်ဝင်စားသွားဟန်နှင့် မောင်သက်တင်အား လှည့်မေးသည်။

"ဟုတ်လား.... မောင်သက်တင်...."

"သိပ်မဟုတ်ပါဘူး၊ နဲနဲပါးပါးပါဆရာ...."

"အမယ်..... ဖုံးမနေပါနဲ့၊ သီချင်းကြီးရောကာလပေါ်ပါ သူကောင်းကောင်းနိုင်တယ်ဆရာ၊ အခုသူကျောင်းသားတွေကိုစုပြီး အသံလွှင့်ဘို့ တီးဝိုင်းတဝိုင်းတောင် ထောင်နေတယ်..."

တုတ်တုတ်က ကြားထဲမှဝင် ရှေ့နေလိုက်ပေးသည်။

"မောင်သက်တင် ဘယ်သူနဲ့သင်ခဲ့သလဲ...."

"ကျွန်တော် ဆရာဦးချစ်မောင်တပည့်ပါဆရာ...."

"အိုး..... ဦးချစ်မောင်တပည့်ကိုး...."

နွဲ့နွဲ့နှင့် ကိုမြင့်သူတို့ တပြိုင်နက်ဆိုလိုက်ကြသည်။ မေရီကလည်း ပထမဦးဆုံးအကြိမ်အဖြစ် မောင်သက်တင်အား အထင်တကြီးကြည့်မိသည်။

“ဆရာဦးချစ်မောင်တပည့်ဆိုရင် အထူးပြောနေစရာ မလိုပါဘူး။ ဂီတသဘောရဲ့ နက်နဲပုံကို နားလယ်မှုနဲ့ စည်းစံနစ်ကျမှုတွေနဲ့ ပက်သတ်လာရင် ဆရာဦးချစ်မောင်ကို မှီတဲ့လူ ရှားသားလား။ နွဲ့နွဲ့ရောဆရာပါ သူ့ဆီက နည်းနာခံယူဘူးပါတယ်....”

နွဲ့နွဲ့က ကိုမြင့်သူ၏စကားကို ထောက်ခံဟန် ခေါင်းညိတ်ရင်းပင်ပြောသည်။

“ဒါဖြင့် ဒီနေ့ဝိုင်းစည်မှာပေါ့...၊ ကိုသက်တင် တယောဝင်ထိုးပါလား၊ ဦလေးတယောရှိတယ်....”

“ဟုတ်တယ်... ခဏနေအုံး၊ ဆရာသွားယူပေးမယ်....”

ကိုမြင့်သူက ပြောပြောဆိုဆိုထကာ အခန်းထဲမှ ထွက်သွားသည်။ ခဏအကြာတွင် ဟွန်းတယောကြီး တလုံးကို ပိုက်လျက် ပြန်ရောက်လာသည်။

“တယောကတော့ ဟွန်းဘဲ၊ ဦးလေးတို့ခေတ်ကဟာပေါ့၊ အသံတော့ ကောင်းပါတယ်....”

မောင်သက်တင်က တယောကိုလှမ်းယူလိုက်ပြီး စန္ဒယားခုံနားသို့ ကပ်သွားသည်။ နောက် နွဲ့နွဲ့က စန္ဒယားနှင့် ခေါက်ပြသည့် အသံနှင့် ညီအောင် တယောကြိုးကိုညှိနေ၏။

“ဆရာကော ဘာတီးမလဲ....”

မောင်သက်တင်က ကိုမြင့်သူအား လှမ်းမေးသည်။

“နေပါစေကွယ်.... ဆရာမတီးပါဘူး။ ဒီနေ့ဆရာ နားဘဲထောင်ချင်တယ်.....”

ကိုမြင့်သူက စကားအဆုံးတွင် မေရီ့အား လှမ်းကြည့်လိုက်သည်။ ဆုံမိလေသော မျက်လုံးနှစ်စုံမှာ အတန်ကြာ ဆိုင်လျက်သားရှိနေပြီးမှ ပြိုင်တူပင် လွဲရှောင်လိုက်ကြသည်။

“ကဲ..... နွဲ့တို့ ဘာတီးကြမလဲ....”

နွဲ့နွဲ့က မောင်သက်တင်အားတလှည့် မေရီ့အားတလှည့် ကြည့်ရင်းမေးလိုက်၏။

“ဘွဲ့လဲပီးဘီ....၊ ကြိုးလဲပြီးဘီ ပတ်ပျိုးကူးကြရအောင်....”

မောင်သက်တင်က အကြံပေးသည်။

“အို.... မေရီ ပတ်ပျိုးမဆိုတတ်ပါဘူး....”

မေရီက ကပျာကရာငြင်းသဖြင့် နွဲ့နွဲ့က “တပုဒ်လေးမှ မရဘူးလား” ဟုမေးသည်။

“မေရီပြောတာက ကြိုးနဲ့ဘွဲ့တွေလောက်သာ စံနစ်တကျ သင်ဘူးတယ်၊ ပတ်ပျိုးထိအောင် မရောက်သေးဘူး၊ တပုဒ်တလေ အရမ်းဝင်ဆိုဘူးတာတော့ရှိတယ်....”

“ဘယ်ဟာ ဆိုဘူးလဲ....”

မေရီက ချက်ခြင်းမဖြေ။ တွေတွေလေး စဉ်းစားနေရာမှ ကိုမြင့်သူအား တချက်ဝေ့ကြည့်လိုက်၍ တိုးတိုးဖြေသည်။

“အောင်မြေသာစံ...”

ကြည်စဖြစ်နေသည့် ကိုမြင့်သူ၏မျက်နှာမှာ ပြန်၍ညို့မှိုင်းသွားသည်။ လူမှာလည်း သိသိသာသာ တုန်လှုပ်သွားသည်။ ဤသည်ကို သတိပြုမိသော နွဲ့နွဲ့က မျက်နှာလွှဲလိုက်၍ စန္ဒယားခလုတ်များကိုသာ တို့ကစားနေလိုက်၏။

“မမနွဲ့ ခေါင်းဆောင်တီးပေါ့။ ကျွန်တော်နဲ့ အကွက်တူမလား မသိဘူး။ မတူရင်လဲ လိုက်မှေးတီးပါ့မယ်”

မောင်သက်တင်က ပြောသဖြင့် နွဲ့နွဲ့က အားပေးသောအပြုံးကို ပြုံးရင်း မေရီအား လှမ်းပြောလိုက်သည်။

“မေရီ ရဲရဲဝင်ဆိုပေါ့....၊ မမနွဲ့ ဖေးတီးပေးပါ့မယ်”

မေရီက ဘာမျှ ဆက်မငြင်းတော့ဘဲ စည်းနှင့်ဗျောက်ကို ကောက်ကိုင်လျက် ကိုယ်အနေအထားကို ပြင်ရင်း အဆင်သင့်စောင့်နေသည်။ ခဏတွင်ပင် လေးဆေးပျောင်းနွဲ့သော ဂီသတံနှင့်အတူ သာယာသော်လည်း လွမ်းဆွတ်ဖွယ်ရှိသော မေရီ၏အသံကလေး ပေါ်ထွက်လာသည်။

“အောင်....မြေ..... သာ..... စံ...၊ သောင်.... ယံ..... သဲ... က.....လဲ..... လို.... လို..... ခင်..... သာတယ်.... ကို”

ကိုမြင့်သူက နောက်မှီတွင်ခေါင်းကိုတင်ရင်း မျက်လုံးများမှိတ်လျက် နားထောင်နေသည်။ ပါးစပ်မှ လည်း တိုးတိုးလိုက်ညည်းနေသည်။

မှိတ်ထားသော မျက်လုံးအစုံတွင် လွန်ခဲ့သည့် ၇နှစ်ခန့်မှ မီးရောင်ဝယ် ထိန်လင်းနေသော ဂျပ်ဆင် ခန်းမ စင်မြင့်မှ ဂီတနှင့်အဆိုပြိုင်ပွဲကို မြင်ယောင်နေမိသည်။ ထိုစဉ်က သူနှင့် ချစ်လှစွာသော မေဘယ်လ်မှာ တွေ့စ သိစ ရွှေမေတ္တာကွန်ယက်ကို ဖွဲ့ဆက်စတည်း။

ထိုညဝယ် မေဘယ်လ်က ဖက်ဖူးရောင်မန္တလေးထဘီ နိုင်လွန်အင်္ကျီဖြူလက်ရှည်နှင့် ဖြစ်၍ ဖြူနုသော အသားရောင်နှင့် လိုက်ဖက်ကာ စပယ်ပွင့်သို့ လန်းဆန်းတင့်တယ်နေသည်။

မိမိက စန္ဒယားတီး၍ မေဘယ်လ်က ဆိုသည်။ သီချင်းမှာ အောင်မြေသာစံပင်တည်း။ မေဘယ်လ်၏ ဆရာရင်း ဂီတမိခင်ကြီး ဒေါ်စောမြအေးကြည်က တရားမျှတအောင်ဟု မေဘယ်လ်ဆိုသော အလှည့် တွင် အကဲဖြတ်လူကြီးမလုပ်ဘဲ ထွက်ပေးသည်။

တကုံးတည်း ဆွဲထားသော ရွှေဆွဲကြိုးသွယ်သွယ်မှာ ရှင်းသန့်သော မေဘယ်လ်၏ လည်တိုင် ကြော့ကြော့ထက်ဝယ် ဝင်းလက်နေသည်။ သီချင်းဆိုစဉ် နီထွေးသောနှုတ်ခမ်းငုံလွှာတို့ ပွင့်အာလာခိုက် ပုလဲသွယ်ပမာ ညီညာသော သွားလေးတွေမှာ လျှပ်ပြက်သည့်နှယ် ရောင်လျှံပြေး နေ သည်။

ထိုညတွင် မေဘယ်လ်က သီချင်းကို အသဲနှင့်ဆိုခဲ့ပါသည်ဟု ပြောပြခဲ့သည်။ မိမိကလည်း ဂီတကို ကျူးရင့်ခဲ့သည်မဟုတ်၊ အသဲလွှာကို ဖွင့်ပြခဲ့ရပါသည်ဟု ဝန်ခံခဲ့သည်။ အဆိုပထမဆု မေဘယ်လ် ရခဲ့သော ထိုညတွင်ပင် မိမိမှာလည်း တမ်းတမိ၍ အဖိုးမဖြတ်နိုင်ထင်ခဲ့သော ဆုထူးအား ရရှိခဲ့ပါ၏။ အကြောင်းမှာ တက္ကသိုလ်ငွေလရောင်မှ ထိုညဝယ် မိမိနှင့် မေဘယ်လ်တို့က သပြေပင်နန်း ရေယဉ် စမ်းနှင့် ချစ်လွမ်းရိပ်သံသရာ အောင်မြေစခန်းသို့ အတူလှမ်းရန် သစ္စာပြုဘူးသောကြောင့်ပင်တည်း။ ယခုမူ....

“နန်းရွှေတောင်မြင့်... နတ်ကယ်စံရာ.....၊ လွမ်းလေအောင်ဆင့် ထပ်ခါကြုံလာ....”

မေရီ၏ လိုက်လှဲဆွဲငင်စွာ ဆိုလိုက်သည့် အသံလေးကြောင့် အတွေးလွန်နေရာမှ သတိရလာသည်။

စန္ဒယားက အလူးအလိမ့်လေးများ ဝေဝေဖြိုင်ဖြိုင်နှင့် လိမ့်ပြေးနေခိုက် တယောသံမှာလည်း ရှိုက်ငင် ဖိုလှိုက်စွာ ပေါ်ထွက်နေသည်။

ကိုမြင့်သူ၏ မျက်လုံးများမှာ တယောရှင်ထံသို့ ရောက်သွားသည်။ မောက်ကြွား ဝင့်ဝါခြင်းများမှာ မောင်သက်တင်၏သဏ္ဍာန်တွင် ပြယ်လွင့်နေပြီ၊ စင်းကျသော မျက်တောင်တို့ဖြင့် မေရီအား ရီဝေစွာ ငေးကြည့်ရင်း တီးနေသော မောင်သက်တင်မှာလည်း အသဲလွှာကို အမှတ်မထင် ဖွင့်မိလျက်သား ရှိနေဟန် ပေါ်နေသည်။ အရွယ်ညီလိုက်ဖက်သော ကလေးနှစ်ဦး၏ ကြည်နူးဘွယ်ရာကို မမြော်လင့်ဘဲ တွေ့မိသော ကိုမြင့်သူ၏ရင်မှာ ရုတ်တရက် ဆို့နင့်သွားသည်။

သဖြန်ဆုံးသွားသောအခါ မေရီက သက်ပြင်းလေးကို ရှိုက်ရှူလိုက်ရင်း ကိုမြင့်သူအား သူအမျိုးအမည် မခွဲခြားနိုင်သော အပြုံးလေးဖြင့် လှမ်းကြည့်သည်။

"သိပ်တော်တာဘဲ မေရီ...၊ မေရီ့ကို ကျွန်တော်ဘယ်လို ချီးမွမ်းရမလဲမသိဘူး....."

စတွေ့ကြကတည်းမှ မေရီ့အား စကားတခွန်းမျှ မပြောခဲ့သေးသော မောင်သက်တင်က လှိုက်လှိုက် လှဲလှဲ ချီးမွမ်းသည်။

"မေရီက စံနစ်တကျ မတက်ဖူးသာဆိုတယ်၊ မမနွဲ့တော့ မေရီ့အဆိုကို သိပ်ကျေနပ်တာပါဘဲ..."

နွဲ့နွဲ့ကလည်း မေရီ့အား ချစ်မြတ်နိုးစွာကြည့်ရင်း ဆိုသည်။

"သေသေချာချာ မတက်ဖူးပေမယ့် မေရီ့မမက ဒီသီချင်းကို ခဏခဏတီးတော့ တီးတိုင်း မေရီ ဝင်ဆိုကြည့်တာပါဘဲ။ မမကလဲ နဲနဲပါးပါး ပြပေးဘူးတယ်၊ မေရီဆိုတာ ဟုတ်ကဲ့လား ဆရာ..."

မေရီက ကိုမြင့်သူအား လှမ်း၍ ထင်မြင်ချက်တောင်းသည်။

"သိပ်ကောင်းပါတယ် မေရီ...."

"ဟုတ်ကဲ့လားဆရာ၊ မေရီတော့ ကိုယ့်ကိုယ်ကိုယ် သိပ်အားမရဘူး........"

"စံနစ်တကျမတက်ဖူးသေးတော့ နဲနဲပါးပါးတော့ လိုသေးတာပေါ့မေရီ...၊ ဒါပေမယ့် ဒီလောက် ဖြစ်တာကိုဘဲ ချီးမွမ်းရမှာပေါ့"

"မေရီ ဘယ်နေရာလိုနေလဲ ဆရာ"

"ဟို.... တိမ်စွယ်ရိပ်ကယ်ကမေး....ကနေ ရွှေပြည်တော်.......ဆိုတဲ့ အပိုဒ်ကိုအကူးမှာ နဲနဲ အဝင် နောက်ကျနေတယ် ထင်တယ်...."

"ဒါတွင်ဘဲလား ဆရာ..."

ဂီတဌ္ဌ အစိမ်းဖြစ်နေသောတုတ်တုတ်က ဝင်မေးသည်။

"ဒီလိုရှိတယ်....၊ သီချင်းဆိုတဲ့နေရာမှာ အဆိုကို အတီးကျတဲ့နေရာအထိ လိုက်ဆိုတာလဲရှိတယ်၊ အတီးကျတဲ့နေရာအထိ မလိုက်ရဘဲ အဲဒီကျတဲ့အသံနဲ့ ဖက်စပ်လိုက်လျော့မှုရှိတဲ့ အသံမှာတွင် အဆိုက ဖြတ်ထားခဲ့ရတာလဲ ရှိတယ်။ ဥပမာ နွဲ့ အခုပြောနေတဲ့အပိုဒ် ပြန်တီးပြလိုက်စမ်းပါ..."

နွဲ့နွဲ့ တီးနေစဉ် ကိုမြင့်သူက ဝင်ဆိုပြသည်။

"တဆင့်တက်သော် တတောင်ကျော်၊ ဟော တွေ့လား ကျော်ဆိုပြီး ဆရာကရပ်ထားတယ်။ စန္ဒယား သံက ဒေါင်ဆို ဆက်ကျလာတယ်၊ ဆရာရပ်ထားတဲ့ နေရာက၊ နွဲ့နဲ့နဲ ပြန်တီးလိုက်စမ်းပါ၊ အဲ..... ၅ပေါက်မှာ ချလိုက်၊ ကြည့်စမ်း... တွေ့လား၊ ဒေါင်.... ဆိုတာက ၂ပေါက်မှာ၊ အဲဒီအထိ လိုက် မဆိုရဘူး၊ လိုက်ဆိုရင် ကျော်..... ဝေါ်ဆိုပီး လာထောင့်နေမယ်......"

ကိုမြင့်သူက စိတ်ရှည်လက်ရှည် ရှင်းပြသည်။ မေရီက သူပြောသည့်အတိုင်း တိုးတိုးလေး လိုက်ဆို ကြည့်နေသည်။

"ဒါလောက်ပါဘဲမေရီ၊ အမှန်က အောင်မြေသာစံလို သီချင်းကို ဒီလောက်ဆိုနိုင်တာဟာ ချီးမွမ်းထိုက် နေပါဘီ၊ သူက ကြီးလေးကြီးလောက်ကို ခက်တာဘဲ"

"ဟော.... ဆရာ ကျမနားလည်တဲ့ စကားသုံးပြန်ပါဘီ၊ ဘာလဲဆရာ ကြီးလေးကြီးဆိုတာ"

စပ်စုသောတုတ်တုတ်က ဝင်မေးသည်။ ကိုမြင့်သူက အဖြေမပေးသေးဘဲ ပြုံးနေခိုက် မောင်သက်တင် က ဝင်ရှင်းပြသည်။

"ကျွန်တော်တို့ မြန်မာသီချင်းကြီးတွေထဲမှာ ပတ်ပျိုးကြီး ၄ ပိုဒ်ရှိတယ်။ ကုန်းဘောင်ပရမေ၊ ဘုံပုံနေနန်း၊ အထူးထူး၊ မိုင်းပြာမှုန်ဝေ၊ တော်ရုံတန်ရုံ ဂီတအဆိုသမားတွေဟာ ဒီပတ်ပျိုးကြီးတွေနား မကပ်နိုင်ဘူး၊ သူတို့ကို ပိုင်ပိုင်နိုင်နိုင်တတ်တဲ့လူ ရှားတယ်၊ အောင်မြေသာစံနဲ့ ရွှေရင်ဘောင် ငွေရင်ဘောင် ပတ်ပျိုးကြီးတွေ မဟုတ်ပေမယ့် ပတ်ပျိုးကြီးတွေလောက်နီးပါး ခက်တယ်လို့ ဆိုကြ တယ် ရှင်းဘီလား"

"ပတ်ပျိုးကြီးတွေက ဘာလို့ခက်တာလဲ၊ ကြီးလို့ ရှည်လို့လား"

တုတ်တုတ်၏ အမေးကြောင့် ကျန် ၄ယောက်မှာ အသံထွက်အောင် ပြိုင်တူရယ်လိုက်မိကြသည်။

"ကြီးတာရှည်တာက အဓိကမဟုတ်ပါဘူးတုတ်တုတ်၊ ဒီသီချင်းကြီးတွေမှာက အသံကူး အသံပြောင်းတွေ များတယ်၊ တသံထဲ ဆိုတီးလို့မရဘူး၊ စည်းလဲခက်တယ်။ အပိုင်ဒ်အကူးတွေမှ ပထမ စည်းလွတ်ပြီး ဒုတိယစည်းနဲ့ ဝင်ရတာတွေရှိတယ်။ ဆိုရတာကလဲ အတွဲ့တွေပါလာတော့ စည်းဒေါင့် ဝါးဒေါင့် ဖမ်းရတာ သိပ်ခက်တယ်..."

နွဲ့နွဲ့ကပြုံးရင်း ပြောပြသည်။

"ဟာ.... မမနွဲ့၊ တုတ်တုတ်နားမလယ်တဲ့ စကားတွေ ပါလာပြန်ဘီ"

ကိုမြင့်သူက ပြုံးလိုက်၍ "ဒီလိုပါ၊ တုတ်တုတ်ဝါသနာပါရင် ဆရာရှင်းပြပါ့မယ်" ဟုဆိုသည်။

"အတွဲ့ဆိုတာက ခုနက မေရီသဖြန်ဆိုသွားတာ သတိထားမိလား၊ ရိုးရိုးအပိုဒ်တွေမှာလို အတီးက မစိပ်ဖူး၊ ကျဲပြီးလေးတယ်၊ တခါတလေ သီချင်းစကားလုံးလေး ၄လုံးနဲ့၊ တခါတလေ တလုံးထဲနဲ့ တဝါးကုန်သွားတယ်၊ အဲဒီလို အတီးက ကျဲကျဲလေးလေး၊ အဆိုက ဆွဲဆွဲငင်ငင် သွားနေတုန်း အသံအားဖြင့် တိတိကျကျ ပိုင်းဖြတ်ထားမှုက မထင်ရှားတော့ ဘယ်နေရာ စည်းချရမယ်၊ ဘယ်နေရာ ဝါးချရမယ်ဆိုတာ သိဘို့ခက်နေတာပေါ့။ ဒါကို စည်းဒေါင့် ဝါးဒေါင့် ခက်တယ်ပြောတာ...."

"နမူနာလေး ရှင်းပြအုံးမှပေါ့.... ဆရာရဲ့"

ရင်းနှီး၍ ရဲရင့်လာပြီဖြစ်သော မေရီက ခပ်ရွှန်းရွှန်းလေးဝင်၍ ပြောလိုက်သဖြင့် ကိုမြင့်သူမှာ လှိုက်လှဲစွာ ရယ်မောမိသည်။

"ကဲ.... ကဲနမူနာကြည့်၊ နွဲ့ရေ.... ကုန်းဘောင်ပရမေအထ.... တီးကြည့်စမ်းပါ"

နွဲ့နွဲ့က တီးပြရန်ပြင်စဉ် ကိုမြင့်သူက မေရီ့ထံမှ စည်းနှင့်ဖျောက်ကို လှမ်းယူလိုက်သည်။

"ကြည့်နော်၊ ကုန်း....ဘောင်..... ပရမေ၊ ဓေယျာဘိ..... မြင်လား ဖြေးဖြေးတဝါးရအောင် ဆွဲယူသွားတာ၊ ပထမဝါးဟာ ဓေမှာလာကျတယ်....၊ ကြည့်အုံး.... ဓေယျာဘိသီရိ၊ ဟော.... ဓေမှာ ဝါးကျပြီး ဆွဲသွားလိုက်တာ စကားဘယ်နှစ်လုံးရှိသေးလို့လဲ၊ သီမှာ နောက်တဝါးလာကျတယ်။ ဒီအတိုင်းဘဲ ဆက်သွားတာဘဲ၊ ဗြဟ္မာဆုနှင်းမှာ ဗြ မှာလာဝါးကျတယ်။ ဗြဟ္မာဆုနှင်း အောင်ခင်းစံရိပ်ငြိမ် ကျတော့ ကြည့်၊ ဗြ မှာဝါးကျတယ်။ အောင်မှာ နောက်တဝါးကျပြီး ရိပ်နဲ့ငြိမ်ကြားမှာ တဝါးလာကျပြန်တယ်။ ဟော.... ငြိမ်ကျတော့ သူ့တလုံးထဲကို တဝါးပြည့်အောင် ဆွဲသွားတယ် မြင်လား..."

ကိုမြင့်သူက သံနေသံထားနှင့် ဆိုပြနေပြီး စည်းတချင်ချင် ဝါးတဖြောက်ဖြောက်နှင့် စိတ်ပါဝင်စားစွာ ရှင်းပြနေ၏။

"ဟာ... ဒါဖြင့် ဆရာ..... သီချင်းဆိုတယ်ဆိုတယ်နဲ့ တကယ်ဆိုတတ်ဖို့က တကယ်ခက်ပါလား"

"ခက်တာပေါ့ တုတ်တုတ်ရယ်၊ တခါ အဆိုမှာ ကျန်တဲ့တူရိယာတွေနဲ့ ဆိုတတ်ဖို့က လွယ်သေးတယ်၊ စောင်းနဲ့ကျတော့ ပိုခက်တယ်။ တကယ့်အဆိုပညာကို နိုင်နင်းတဲ့လူတွေကျပြန်တော့ စောင်းနဲ့ ဆိုရတာကို ပိုအရသာတွေ့တယ်"

"စောင်းနဲ့ တခြားတူရိယာတွေက ဘယ်လိုကွာလဲ ဆရာ"

"ကွာပုံကတော့ အများကြီးဘဲ၊ ဥပမာ အော့တေ့ဖ် မှာကွာတယ်၊ အော့တေ့ဖ် ဆိုတာက အသံစဉ်တခုကို အချိုးကျမှန်မှန် ဆင်းရင်ဆင်း တက်ရင်တက်သွား၊ စခဲ့တဲ့ အသံကနေ ရေတွက်လို့ ရှစ်ခု မြောက်တဲ့အသံဟာ စခဲ့တဲ့အသံနဲ့ ပြန်လာတူတယ်၊ အဲဒီအသံနှစ်ခုကို အင်္ဂလိပ်လို အော့တေ့ဖ်တွေ ခေါ်တယ်၊ ဒါကြောင့် အခြားတူရိယာတွေမှာက အော့တေ့ဖ် တခုနဲ့တခုကြားမှာ ၈ သံရှိတယ်၊ မြန်မာစောင်းကျတော့ ၆ သံဘဲရှိတယ်၊ လိုတဲ့အသံကို စောင်းကြိုးတွေပေါ်မှာ လက်မလက်သဲနဲ့ ထောက် ဖော်ယူရတယ်၊ ဒီလိုကွဲပြားမှုကြောင့် သီချင်းတခုကို တခြားတူရိယာတွေဟာ အကွက်စေ့ လုံးစေ့ပတ်စေ့တီးသလို စောင်းကမတီးဘဲ မှင်နဲ့ဟန်နဲ့ တပုံထူးခြားပြီးတီးတယ်။ အဲဒီ မှင်ဟန်တွေကို တခြားတူရိယာက လိုက်တုလို့မရဘူး။ ရရင်လဲမမှီဘူး။ နားလည်ရဲ့လား"

"ဟုတ်ကဲ့ဆရာ"

"ပြီးတော့..... မြန်မာသီချင်းတွေမှာ ကြိုး၊ ဘွဲ့၊ ပတ်ပျိုး စသည်ဖြင့်ရှိတယ်။ တခြားတူရိယာတွေက ဘာသီချင်းတီးတီး တသံထဲဘဲတီးတယ်။ အထူးသဖြင့် စန္ဒယားနဲ့ ပတ္တလားပေါ့၊ ဒါပေမယ့် စောင်းကျတော့ သီချင်းအလိုက် ဆီလျော်တဲ့အသံနဲ့ ပြောင်းတီးတော့ ပိုသာယာတယ်၊ ဥပမာ စောင်းနဲ့ ဆိုရင် ကြိုး၊ ဘွဲ့၊ သီချင်းခံတွေကို သံရိုးနဲ့ တီးတယ်။ ပတ်ပျိုး၊ လောကနတ်၊ မြင်းခင်း စသည်တို့ကို အောက်ပြန်နဲ့ တီးတယ်။ ယိုးဒယားကျတော့ ပုလဲနဲ့ တီးတယ်"

"အဲဒီ သံရိုးတို့၊ ပုလဲတို့၊ အောက်ပြန်တို့ ဆိုတာတွေက ဘာတွေလဲဆရာ...."

မေရီက မျက်လုံးပြာ ကြည်ကြည်ကြီးများဖြင့် ကိုမြင့်သူအား စိုက်ကြည့်ရင်း မေးသည်။

"ဒါတွေက ကြိုးညှိနည်းတွေပါ။ သံရိုးညှိနည်းကို အခြေခံထားတယ်။ အဲဒီမှာ သံမှန် ၇ပေါက်၊ ၆ပေါက်၊ ၅ပေါက် စသည်ရှိတယ်။ အောက်ပြန်ညှိနည်းကျတော့ အောက်ပြန်ရဲ့သံမှန်ဟာ သံရိုးရဲ့

၅ပေါက်နဲ့ တူတယ်။ တခါ အောက်ပြန်ညှိနည်းက ၅ပေါက်သံကို ပုလဲလို့ခေါ်တယ်။ သူက သံရိုးက ဆစ်ချိုးသံနဲ့ တူတယ်။ တနည်းအားဖြင့် ပုလဲညှိနည်းက သံမှန်ဟာ အောက်ပြန်ရဲ့ ၅ပေါက် သံရိုးရဲ့ ၂ပေါက်နဲ့ တူတယ်”

“ဟင်….မေရီ နားမျက်စိလယ်သွားဘီဆရာ….”

မေရီက ကလေးငယ်သဖွယ် ပြုံးအိုအိုနှင့် ဆူအောင့်အောင့်လေး ပြောသည်။

ကိုမြင့်သူနှင့် မောင်သက်တင်တို့က နှစ်ချိုက်စွာ ရယ်မောလိုက်ကြသည်။

“တဖြေးဖြေးတော့ နားလယ်မှာပေါ့မေရီ၊ ဒါတွေက လက်တွေ့ရှင်းပြမှ ဖြစ်တာ”

“ဒါဖြင့်ဆရာ၊ စောင်းနဲ့ မေရီတို့ကို ပတ်ပျိုးတပုဒ် တီးပြပါလား”

ကိုမြင့်သူက ရယ်မော၍သာနေသည်။ မောင်သက်တင်နှင့် တုတ်တုတ်တို့ကပါ ဝင်ထောက်ခံသည်။

သိုရာတွင် ထိုအခိုက်ပင် ဒေါ်စောရီက အခန်းတွင်းသို့ ပေါ်လာသဖြင့် စကားပြတ်သွားကြသည်။

“ဘယ့်နှယ် ဒီနေ့ သိပ်မြိုင်ဆိုင်ပါလား၊ ဒေါ်ဒေါ်လဲ အိမ်ထဲ အလုပ်လုပ်ရင်း နားထောင်နေတာ။ အဆိုလေးကလဲ ကောင်းတယ် တယောသံလေးကလဲ သိပ်နွဲ့တာဘဲ”

ဒေါ်စောရီက ဖော်ရွေစွာပြုံးရင်း ဆိုသည်။

“သြော်ဒါထက် ဧည့်သည်တွေတော့ အားနာစရာဘဲ၊ ခဏနေကြအုံး၊ တီးမှုတ်ချင်လဲ တီးမှုတ် နေကြတာပေါ့၊ နွဲ့နွဲ့နဲ့ မောင်မြင့်သူတော့ မင်းတို့ဦးလေးက စကားပြောစရာရှိလို့တဲ့၊ ခဏ….”

နွဲ့နွဲ့နှင့် ကိုမြင့်သူက တဦးမျက်နှာတဦး အဓိပ္ပာယ်ကျယ်ဝန်းစွာနှင့် ကြည့်လိုက်ကြသည်။ နွဲ့နွဲ့၏ မျက်နှာလေးမှာ ရုတ်ခြည်းဖြူလျှော်သွား၍ ချက်ချင်းပင် ပန်းနုရောင်ရဲလာသည်။

ကိုမြင့်သူက အရင်ဣန္ဒြေဆယ်နိုင်သည်။ အေးချမ်းတည်ငြိမ်စွာနှင့် မေရီတို့အား ပြုံးကြည့်လိုက်ပြီး “ကဲနေကြအုံး၊ ဆရာ ပြီးတော့ လာခဲ့မယ်” ဟုဆိုကာ ရှေ့မှထွက်သွားနှင့်သည်။ သည်တော့မှ နွဲ့နွဲ့က မေရီအား ပြုံးပြုရင်း သူ့ပင်ကိုယ်လေသံနှင့် ပြော့ပျောင်းစွာပြောသည်။

“နေကြအုံးနော်….. မမနွဲ့ ခဏပြန်လာခဲ့မယ်….”

အခန်းတွင်း၌ ကျန်ရစ်သော ၃ဦးမှာ အတန်ကြာငြိမ်နေကြသည်။

"သြော် မေရီ၊ မေရီ့အသံက သိပ်ကောင်းတာဘဲ။ ကိုသက်တင်တို့တီးဝိုင်းနဲ့ တွဲပြီးသာဆိုလိုက်ရရင် တက္ကသိုလ်တွင် မကဘူး၊ ဗမာပြည်မှာပါ နာမည်ကျော်သွားမှာဘဲ"

တုတ်တုတ်က စပြောသည်ကို မေရီက ဘာမျှပြန်မပြောဘဲ ပြုံးရုံသာပြုံးနေသည်။

"ဟုတ်တယ်မေရီ၊ ကျွန်တော်တို့တီးဝိုင်းမှာ မေရီပါပါလား"

"ဖြစ်ပါ့မလား ကိုသက်တင်ရယ်၊ မေရီ့အသံက အသံလွှင့်လောက်အောင် ကောင်းမယ်မထင်ပါဘူး"

"အို ဖြစ်ပါတယ်မေရီ၊ အခုခေတ် မေရီလောက်လဲ အဆိုမကောင်းဘူး၊ သီချင်းကြီးမပြောနဲ့ ကာလ ပေါ်ကိုတောင် စည်းကိုင်ပြီး မဆိုတတ်တဲ့သူတွေက သူတို့ကိုယ်သူတို့ အဆိုတော်ဆိုပြီး လုပ်နေကြ သေးတာဘဲ"

မေရီက ဒုတိယအကြိမ် ပြုံးရုံသာပြုံးနေသည်။

"မေရီသာ စာဆိုကြယ်ဖြူရဲ့ သီချင်းတွေကို ဆိုလိုက်ရရင် တကယ့်ကို ဟိုးဟိုးကျော်သွားမှာဘဲ"

တုတ်တုတ်ကမလျှော့၊ ဆက်သာ ချီးမွမ်းနေသည်။ နောက် "သြော် မေရီရေ ခြံထဲကပန်းပင်တွေ လျှောက်ကြည့်ရအောင်လား" ဟု အဖော်ညှိသည်။

"နေပါစေ မမတုတ်၊ မေရီဒီမှာဘဲ နေချင်တယ်"

တုတ်တုတ်က မောင်သက်တင်အား မျက်နှာရိပ်ဖြင့် အချက်ပြကာ

"ကဲလာ ဒါဖြင့် ကိုသက်တင်နဲ့တုတ်တုတ် သွားကြမယ်" ဟုဆို၏။

မောင်သက်တင်က ပထမသော် မေရီအား မော်ကြည့်လိုက်၍ ဆုတ်ကန်ဆုတ်ကန် ဖြစ်နေသေးသည်။ နောက် တုတ်တုတ်၏ မျက်လုံးများကြောင့် မငြင်းတော့ဘဲ ထွက်လိုက်ခဲ့သည်။

"ကိုသက်တင် ရှင်အတော်အသေးတာဘဲ"

ခြံတွင်း သစ်ပင်ရိပ်တခုအောက် ရောက်ရောက်ချင်း တုတ်တုတ်ကဆိုသည်။

"ဗျာ........"

"ဒီမှာ အရေးကြီးတာတွေ ပြောချင်လို့ ရှင့်ကိုခေါ်တာ"

"ဩော်...."

"ဩော် လုပ်မနေပါနဲ့၊ ရှင်တို့ဝိုင်းထဲ မေရီ့ကို ပါအောင်ဆွဲရမယ်"

"ဟာ ဟုတ်တယ်၊ မေရီ့အသံက သိပ်အနုပညာဂုဏ်မြောက်တယ်"

"ရှင်တော်တော်ခက်သေးတာဘဲ ကိုသက်တင်၊ ကျမတို့အထဲ ရဲဘော်တယောက်အနေနဲ့ တွေးစမ်းပါ၊ အနုပညာသည် အနုပညာအတွက်ဆိုတာတွေ ဘေးချိတ်ထားလိုက်စမ်းပါ။ အနုပညာဘဲဖြစ်ဖြစ် ဘာဘဲဖြစ်ဖြစ် ဘာလုပ်လုပ် ရည်ရွယ်ချက်ရှိရမယ်၊ ရဲဘော်က သိပ်သဘောတရားရေး ညံ့သေးတာကိုး"

"ခင်ဗျားပြောချင်တာ တဲ့တဲ့ပြောစမ်းပါဗျာ"

မောင်သက်တင်က စိတ်မရှည်ဘဲ သူ့သဘာဝအတိုင်း ခပ်ဆတ်ဆတ်ပြန်ဟောက်သည်။

"ဒီမှာ အော်ဂနိုင်ဇေးရှင်း ဘက်တော်သားစုတို့ကို လာဘ်မြင်ရတယ်၊ မေရီလို ရုပ်ရည်အသံမျိုးနဲ့ မိန်းခလေးတဦးကို ကျမတို့ဘက် သိမ်းသွင်းနိုင်ရင် ဘယ်လောက်အသုံးကျမလဲ..."

"ဟာ..... ဖြစ်ပါ့မလား၊ မေရီက ဘဝမှမမှန်ဘဲ...."

"တက္ကသိုလ်ကျောင်းသားကျောင်းသူမှန်ရင် ဘယ်သူမှ ဘဝမမှန်ဘူး။ ပညာတတ် လူလတ်တန်းစားတွေ။ အဲဒီလိုမမှန်တော့ သာစုစည်းဘို့ လွယ်သေးတယ်။ နံမယ်ကျော်ချင်တဲ့လူကို ကျော်အောင်လုပ်ပေး၊ စင်မြင့်ပေါ်တက်ချင်တဲ့လူ စင်မြင့်ပေါ်တင်ပေး။ ဖြစ်တဲ့နည်းနဲ့ စုစည်းရမယ် နားလယ်လား...."

"ဟာ... ဟုတ်ပြီ၊ ကျွန်တော်သဘောပေါက်ပြီ..."

"နေအုံး၊ မသွားနဲ့အုံး၊ ပြောစရာတွေရှိသေးတယ်။ အခုနောက်ဆုံး ကျောင်းသားနိုင်ငံရေးအခြေအနေ ဘယ်လိုရှိလဲ၊ ရှင့်ကိုသူတို့ မပြောပြဘူးလား...."

"ညွှန့်တင်ကြီးနဲ့တော့ တွေ့ပြီးဘီ။ သူနဲ့ကြယ်ဖြူကတော့ ပြောသွားတာဘဲ၊ ဒါပေမယ့် ဒီကောင်ကြီး တွေက ပေါကြောင်ကြောင်နဲ့ မရှင်းပါဘူး...."

"ကဲလာ..... ဒီမှာထိုင်၊ ကျမရှင်းပြမယ်...."

မောင်သက်တင်က သက်ပြင်းရှိုက်လိုက်ရင်း တုတ်တုတ်ထိုင်ခိုင်းရာတွင် ထိုင်လိုက်ရသည်။

အခန်းထဲတွင် တယောက်တည်းကျန်ရစ်သော မေရီက ပြူတင်းဝတွင်ရပ်၍ အပြင်ဘက်သို့ မျှော်ကြည့် နေသည်။

ဝဿန်တွင်းမို့ ရှုခင်းမှာ ချက်ခြင်းပင် အဖုံဖုံပြောင်းနေသည်၊ တောင်ဆီမှ ညိုမဲသောမိုးသားတို့သည် အလိပ်လိပ်နှင့် လွင့်ချီတက်လာသည်။ မိုးသက်လေဦးမှာလည်း တိုက်ခိုက်မြူးတူးလာစပြုသည်။

ကြည်လင်သော မေရီ၏ စိတ်ကလေးများမှာလည်း ညိုမှင်းလွှင်သို့ ညှိုးရိပ်ဆင်လာသည်။

နွဲ့နွဲ့နှင့် ကိုမြင့်သူတို့၏ ပြောဟန် ဆက်ဆံဟန်မှာ မေရီ၏အာရုံတွင် မပျောက်နိုင်အောင် ဖြစ်နေ သည်။

တယောက်က 'နွဲ့' ဟု တယုတယခေါ်၍ တဦးကမူ 'ကိုကိုမြင့်' ဟု ကနွဲ့ကလျ ပြန်ခေါ်သည်။

"နွဲ့နွဲ့နဲ့ မောင်မြင့်သူကိုဘဲ သမီးနဲ့သားလို ခလေးလုပ်ချစ်နေရတာသာ ကြည့်တော့...."

ဒေါ်စောရီ၏စကားမှာ နားတွင် ကြားယောင်နေသည်။ ဤစကားရပ်များက အဓိပ္ပာယ်ပြည့်ကြွယ်လွန်း သည်ဟု မေရီကထင်သည်။ ဒေါ်စောရီသည် ဤစကားကို ဘာကြောင့် မိမိတို့ရှေ့၌ ပြောရပါသနည်း။

မေရီ၏ရင်မှာ လှိုက်လှဲလာသည်။ မခံခြင်သည့် စိတ်ကလေးမှာလည်း ပေါ်လာသည်။ ဘယ်သူ့ကို ဘာကြောင့် မခံချင်ဖြစ်ရသည်ကိုမူ စဉ်းစားမရ။

မေရီက ဟန်ဆောင်ရသည်ကိုလည်း စိတ်ပျက်လာသည်။ အမ၏ ဩဝါဒထူးကြောင့် ဟန်ဆောင်ရန် ကြိုးစားနေခဲ့မိသော်လည်း မေရီမှာ မှန်သည်ထင်ရာကို ဇွတ်လုပ်ချင်သော သူပုန်စိတ်ကလေးအား အမြဲ အလိုလိုက်ချင်နေသည်။

တကယ်ဆိုပြန်တော့လည်း မိန်းကလေးတယောက်အနေနှင့် လက်တွေ့ဘဝမျှ ကိုယ်ထင်ရာ ကိုယ် မလုပ်နိုင်မှန်း ရိပ်မိပြန်သဖြင့် ဒေါသထွက်ရာမှ မေရီသည် ချုန်းပွဲချငိုလိုက်ချင်မိသည်။

မေရီက သက်ပြင်းရှိုက်လိုက်သည်။ ခဏတွင်ပင် နောက်ပါးမှ ခြေသံကြားရသည်။

"ဩော်... မေရီတယောက်ထဲလား၊ ဒီမှာ ကိုကိုးနဲ့ကိတ်တွေ...၊ ကြိုတင်သိမထားတော့ ဘာမှ ဖွယ်ဖွယ်ရာရာ မလုပ်ထားရဘူး...."

ဒေါ်စောရီက စားသောက်ဖွယ်ရာများကို ဗန်းနှင့်ထည့်၍ စားပွဲရှည်လေးပေါ် လာချပေးရင်း ပြောသည်။

"ကဲ သောက်ပါအုံးမေရီ၊ တုတ်တုတ်တို့ရော..."

"သူတို့ ခြံထဲရောက်ကြည့်နေပါတယ် ဒေါ်ဒေါ်...."

ဩော်... ကြည့်ပါစေ ကြည့်ပါစေ၊ ကဲ မေရီသောက်နှင့်ပေါ့။ ဒေါ်ဒေါ်သွားလိုက်အုံးမယ်..."

မေရီက သောက်ချင်စိတ်မရှိသော်လည်း ကိုကိုးတခွက်ကို ဝတ်ကျေဝတ်ကုန် မော့ချလိုက်သည်။ မုန့်မစားတော့ဘဲ စန္ဒယားခုံတွင် ပြန်ထိုင်လိုက်ရင်း အပြင်သို့ငေးမိပြန်သည်။

တိမ်ရိပ်တို့ လွင့်ပါးနေသည်ကို မြင်ပြန်သော် အတွေးစမျှင်တို့က မသိမ်းနိုင်အောင်ဖြစ်ရသည်။

အောင်မြေသာစံကို ဆိုမိစဉ်က ပျက်ပြားခဲ့လေသော ကိုမြင့်သူ၏ အမူအရာကို ထင်မြင်လာပြန်သည်။

စင်စစ် မိမိတို့နှစ်ဦးမှာ တဦးနှင့်တဦး သိပြီးနှင့်ကြပြီးဖြစ်လျက် ဟန်ဆောင်နေရခြင်းမျှသာ ဖြစ်သည်။ ဟန်ဆောင်မှုမှာ ကြာရှည်နိုင်ပါတော့မည်လားဟုလည်း မေရီက သံသယဖြစ်မိသည်။

သို့ရာတွင် မေရီ၏စိတ်တွင် တစုံတခုက လေးလံနေသည်။ အိပ်မက်တွင်း ခရီးသွားရသူသည် ခရီးဝယ် အကာအဆီး ရှိနေမှန်းသိရ၍ မည်သို့ အကာအဆီးဟူ၍မှု မမြင်ရဘဲ ကျော်လွှားနိုင်ကြောင်းသာ နားလည်၍ မောပန်းနေရသည့်နည်းတူ မေရီမှာ မောပန်းနေသည်။

မေရီ၏ လက်ချောင်းလှလှလေးများက ခလုတ်ဖြူဖြူများပေါ်တွင် လှုပ်ရှားသွားနေမိသည်။ တီးတတ်သမျှ လက်ဦးတည့်ရာ စမ်းတီးနေမိရင်း ပါးစပ်မှလည်း တိုးတိုးလိုက်ညည်းကြည့်နေမိသည်။

"ထက်ခွင်ဒေဝ အမွှန်သာ၊ ရိုက်ညောင်းပဍ္ဍဂ်ါ"

မေရီ၏အသံလေးမှာ တုန်ယင်ကာ အနည်းငယ်လည်းကျယ်လာသည်။

"ယမုန်နာဟိုဘက်ကမ်း... ဘယ်မှာရှိလိမ့်မှန်း။ ရော်ကာရော်ကာရမ်းပါလို့ ဖြေမရှင်ပန်းသည်နှင့် ရစ်သန်းပတ်လည်ကာ...."

မေရီက နောက်ပါး၌ လူတယောက် တိတ်တဆိတ်လာရပ်သည်ကို သတိပြုမိသဖြင့် အဆိုနှင့်အတီးကို ရပ်လျှက် လှည့်ကြည့်လိုက်မိသည်။

စောစောတုန်းကကဲ့သို့ပင်.... ကိုမြင့်သူက မတုန်မလှုပ်နှင့် ရပ်နေလေသည်။

"မေရီ....."

သူ့အသံက ခြောက်ကပ်နေသည်။

"ဆရာ"

မေရီ၏အသံလေးများကလည်း တုန်ယင်နေသည်။

သူ့မျက်နှာမှာ စိတ်ထိခိုက်ခြင်းပြင်းပြမှုကြောင့် အိုမင်းနွမ်းနယ်နေ၏။ မေးရိုးများမှာ မြမြစွာ စေ့စပ်လျက် ရှိသော်လည်း အသက်ရှုသံမှာ ပြင်းကာ ရင်အုံမှာ မြင့်တုံနိမ့်ချီနှင့် လှုပ်ရှားနေ၏။ တစုံတခုကို ပြောတော့မည့်ဟန် နှုတ်ခမ်းများမှာ တုန်ယင်လာပြီး ရုတ်တရက် သတိထားမိဟန်နှင့် ခေါင်းကို တချက်ယမ်းလိုက်ကာ ပြူတင်းဆီသို့ ချဉ်းကပ်သွားသည်။

"မေရီတယောက်ထဲ ပျင်းနေဘီထင်တယ်...."

သူက တိမ်စိုင်များ ပြိုလျောကျနေသော မိုးပြင်အား ငေးမျှော်ကြည့်ရင်း မေရီ့ဘက်မလှည့်ဘဲ ဆိုသည်။

မေရီကမဖြေဘဲ ဘေးတိုက်မြင်ရသော သူ့မျက်နှာအား ခေတ္တတွေတွေ စိုက်ကြည့်နေသည်။

ခဏခြင်းမှာပင် မေရီက သန္နိဋ္ဌာန်ချလိုက်၍ သူ့အနားသို့ ချဉ်းကပ်လာသည်။

"ဆရာ...."

သူက ထိတ်လန့်တုန်လှုပ်သွားဟန်နှင့် မေရီ့အား ငုံ့ကြည့်လိုက်သည်။

"ဘာလဲမေရီ..."

မေရီ၏ နုနယ်သော မျက်နှာလေးမှာ တည်ကြည်ခံ့ညားရင့်ကျက်နေ၏။

"ဆရာ မေရီ့ကို ဖုံးကွယ်မနေပါနဲ့တော့၊ မေရီ ဒီနေ့ရောက်တာဟာ ဆရာ့ကို လာညှဥ်းဆဲသလို ဖြစ်နေတယ်မဟုတ်လား....."

"အို.... မေရီရယ် ဘာပြုလို့...."

သူက စကားမဆက်နိုင်ဘဲ မေရီ၏ မျက်နှာလေးကိုသာ အံ့သြစိတ်နှင့် စူးစိုက်ကြည့်နေမိသည်။

"အားလုံးဟာ မေရီ့အပြစ်ကြီးပါဘဲဆရာ....၊ မေရီမရည်ရွယ်ပါဘူး၊ ဒါပေမယ့် ....ဒါပေမယ့်"

မေရီ၏အသံက တိမ်ဝင်သွားသည်။

မေရီ့မျက်နှာလေးမှာ ပွင့်လင်းရိုးသားနေ၍ အမှန်ပင် စိတ်ထိခိုက်မှုကြောင့် မျက်လုံးဝန်းဝန်းများတွင် မျက်ရည်များ ပြည့်လျှမ်းနေသည်။

"ဆရာပြောခဲ့သလိုပါဘဲ၊ ဆိုတာကိုလေ။ ဟုတ်တယ်..... မေရီသိတယ်။ မေရီ အားလုံးသိတယ်။ မေရီဟာ မေရီ့ကိုယ်မေရီ ထင်နေသလို ဆရာ့ကိုသနားတယ်ဆိုရင် မေရီ ဆရာ့နားကပ်ဘို့မသင့်ဘူး။ မေရီဟာ ဆရာ့အနာဟောင်းကို ဒုတ်နဲ့ဆွပေးဘို့ မသင့်ဘူး။ မေရီ့ကိုခွင့်လွှတ်ပါ၊ မေရီမှားပါတယ်"

မေရီက ပေါက်ကွဲထွက်တော့မည့် ရင်မှဝေဒနာကို ထိန်းချုပ်၍ ချာကနဲလှည့်ကာ အခန်းတွင်းမှ ထွက်ပြေးသွားသည်။

"မေရီ..."

ကြောင်၍ ငြိမ်ကြည့်နေရာမှ ကိုမြင့်သူက လှမ်းခေါ်လိုက်သည်။

"မေရီ ဆရာပြောမှာကို နားမထောင်တော့ဘူးလားဟင်...."

မေရီ၏ ခြေလှမ်းများက တုံ့သွားသည်။ ကိုမြင့်သူအား လှည့်၍ကြည့်လိုက်သော မျက်နှာပြင်ထက်ဝယ် မျက်ရည်ပေါက်များက ခိုတွဲနေသည်။

ကိုမြင့်သူက ခြေလှမ်းကျဲများဖြင့် မေရီ့နားသို့ ရောက်သွားကာ မေရီ၏လက်လေးကိုဆွဲကာ အခန်းတွင်းသို့ ပြန်ခေါ်လာသည်။

“မေရီ ညီမလေး ဒီမှာထိုင်စမ်း ရော့ ဒီလက်ကိုင်ပုဝါနဲ့ မျက်ရည်တွေသုတ်ပစ်နော် ပြီးတော့ ဆရာပြောတာ နားထောင်စမ်း…”

ကိုမြင့်သူက မေရီ့အား အိတ်တွင်းမှ လက်ကိုင်ပုဝါဖြူကိုထုတ်ကာ ပေးလိုက်ပြီးနောက် အခန်းဝမှနေ၍ ခြံတွင်းသို့ မျှော်ကြည့်လိုက်သည်။ ခြံတဒေါင့်၌ မောင်သက်တင်နှင့် တုတ်တုတ်မှာ ဘာတွေကို စိတ်ဝင်စားစွာ ဆွေးနွေးနေကြသည်မသိ။ ပြင်ပအား ဘာမျှဂရုပြုမိပုံမရ။

သူက မေရီနှင့် မျက်နှာချင်းဆိုင်တွင် ပြန်ထိုင်လိုက်သည်။ တည်ငြိမ်စွာနှင့်ကြည့်ရင်း ပြုံးလိုက်ပုံမှာ မေရီ ကောင်းစွာမှတ်မိသော အကိုတယောက်၏ ကြင်နာမှုအပြုံးတည်း။

“မေရီ ခုလို ထွက်ပြေးရှောင်ထွက်သွားလို့ ဆရာ စိတ်ချမ်းသာမယ်များ မေရီထင်သလား…”

မေရီက မမြော်လင့်သောစကားကို ကြားလိုက်ရသဖြင့် ပြူးကျယ်ဝန်းလည်သော မျက်လုံးအစုံနှင့် သူ့အား မော့ငေးစိုက်ကြည့်နေသည်။

“အမှန်က မေရီ့အပြစ်မဟုတ်ဖူး။ ဆရာ့အပြစ်ဘဲ။ ဆရာဟာ လူကြီးတယောက်ဖြစ်ရက်နဲ့ အမှန်တရားကို လူပျိုပေါက်တဦး ရင်ဆိုင်နည်းမျိုးနဲ့ ရင်ဆိုင်ခဲ့တယ်။ ဒါဟာ ဆရာမှားတာဘဲ….”

မေရီက ဘာမျှဝင်မပြော၊ သူ့ကိုသာ ကလေးငယ်တဦးသို့ မော့်ကြည့်နေသည်။

“အမှန်က ဆရာနဲ့ မေရီ့မမ ကြုံခဲ့ရတာတွေဟာ စိတ်ထိခိုက်ဖို့ကောင်းတယ်၊ ဒါပေမယ့် ဒါဟာ အဆန်းမဟုတ်ဖူး၊ လူ့ပြည်လူသားတိုင်း လူလားမြောက်ရင် တကြိမ်မဟုတ်တကြိမ် ကြုံစမြဲဘဲ၊ ဘဝတကွေ့မှာ အစိုးမရလို့ ဖြစ်ပျက်ခဲ့ပေမယ့် ဟောင်းနွမ်းပြီး အရာမရောက်တော့တဲ့ အကြောင်း တခုဟာ ပစ္စုပ္ပန်ရဲ့ ကောင်းကျိုးဆိုးကျိုးကို လာမပေးစေသင့်တော့ဘူး…….”

သူ့အသံမှာ ဟောကြားပို့ချနေသကဲ့သို့ ပြတ်သားတည်ငြိမ်နေသည်။

“ဆရာဟာလဲ ဟိုတုန်းကမြင့်သူ မဟုတ်တော့ဘူး၊ မေရီဟာလဲ မေဘယ်လ်မဟုတ်ဖူး၊ မေရီပြောသလို ဖြစ်ပျက်သမျှ တဦးနဲ့တဦး သိကြသမျှကို မဖုံးကွယ်ကြဘဲ ပွင့်ပွင့်လင်းလင်း အသိအမှတ်ပြုကြပြီး အသစ်တွေ့ကြတဲ့ မေရီနဲ့ဆရာဟာ အတိတ်ကဥပါဒါန်တွေ ကင်းကင်းရှင်းရှင်းနဲ့ သန့်စင် လွတ်လပ်တဲ့ ခင်မင်ပေါင်းဖွဲ့မှုကို တည်ဆောက်နိုင်တယ်၊ တည်ဆောက်ရမယ်။ ဟုတ်ပလား ……… မေရီ”

မေရီ၏ မျက်နှာလေးမှာ ပြန်လည်ကြည်လင်လာကာ သူပြောသမျှကို ခေါင်းညိတ်သဘောတူနေ၏။

"မေရီဟာ ဆရာရဲ့ အသစ်ပေါ်ထွန်းလာတဲ့၊ ညီမလေးတဦးသာဖြစ်တယ်။ မွေးရနံ့သယ်လာတဲ့ နှင်းဆီသစ်ကို ပန်းချစ်သူတိုင်းဟာ ဝမ်းမြောက်လက်ခံကြသလို သန့်စင်တဲ့ မေတ္တာဖူးငုံဖြစ်တဲ့ မေရီ့ကို ဆရာကလဲ ရွှင်လန်းစွာနဲ့ကြိုဆိုရမယ်။ မေရီ့တေးသံမှာ ဆရာပျော်မြူးမယ်။ မေရီ့ စကားသံမှာ ဆရာကြည်နူးမယ်။ နုနယ်ငယ်ရွယ်တဲ့ ဆရာ့ညီမငယ် မမှားတန်တာမမှား၊ မတိမ်း တန်တာ မတိမ်းအောင် ထိန်းသိမ်းဘို့က ဆရာ့ဝတ်တရားဘဲ။ ဒါဟာ တုံ့လှယ်သော မေတ္တာ သဘောပါဘဲ မေရီ"

သူက ခံ့ညားတည်ငြိမ်စွာပြုံးရင်း စကားကို အဆုံးသတ်လိုက်သဖြင့် မေရီကလည်း ရောယောင် ပြုံးလိုက်ရသည်။

"ကဲ..... ထ...... သီချင်းတပုဒ်ဆို၊ ဆရာ စန္ဒယားတီးမယ်..."

"အို..... ဆရာကလဲ မေရီဘာဆိုရမှာလဲ သီချင်းကြီးတော့ တော်ရောပေါ့....."

"ကာလပေါ်ဆိုတာပေါ့၊ လာပါမေရီ"

လေသယ်၍ တိမ်တို့လွင့်လေသဖြင့် ကြည်လင်လာသော ညနေစောင်းဝယ် နေရောင်ခြည်မှာ ဖြာလင်းနေ၏။

"ကာလပေါ် ဘယ်ဟာဆိုမှာလဲ ဟင်..... ဆရာ"

"စောငြိမ်းရေးတဲ့ ဝဏ္ဏပဘာရလား"

မေရီက သူ့အား တချက်မော့ကြည့်လိုက်သည်။ သူက တည်ငြိမ်စွာပင် မေးနေခြင်းဖြစ်သည်။

"ရပါတယ်ဆရာ..."

"ကဲ.... ဒါဖြင့်ဆို...."

သူက မေရီ အသံတည်နိုင်အောင် အသံစဉ်ကို စမ်းပြသည်။ အဆုံး၌ မေရီ၏ ကြည်လင်သာယာသော သီဆိုသံက ငြိမ့်ညောင်းစွာ ပေါ်ထွက်လာသည်။

"ဆည်းဆာကြော့.....၊ ညနေဆီဝယ်၊ နေရောင်ခြည်... နဲ့ ပနာစား...... ဇကေရီဘုရင်မ ထိပ်ခေါင် တပါးနှယ်၊ ခံ့ညားထယ်ဝါပါပေ့ကွယ်......"

× × × × ×

ညနေစောင်း၍ ပြန်ကြသောအခါ နွဲ့နွဲ့၏ မျက်နှာကလေးမှာ ညှိုးငယ်နေ၍ တုတ်တုတ်ကမူ ဘာကို တွေးနေသည်မသိ၊ အနည်းငယ် တည်နေသည်။ ခြံဝတွင် ရပ်ကျန်ရစ်သော ဒေါ်စောရီနှင့် ကိုမြင့်သူ အား လက်ကလေးပြလျက် ပြုံးရွှင်စွာ ထွက်ခွာခဲ့သူ မေရီ၏ မျက်နှာလေးမှာမူ ဆည်းဆာ၏ နေရောင်ခြည်သို့ ရွှေဝါရည် ဝင်းမှည့်လန်းကြည်လျက်ရှိသည်။

"နွဲ့နွဲ့ မျက်နှာမကောင်းဘူး...."

ဒေါ်စောရီက မှတ်ချက်ချသည်။

"ဒါကြောင့် မလောပါနဲ့လို့ ကျွန်တော်ပြောတယ်မဟုတ်လား။ သူ့ခမျာ မကြားချင်တဲ့ စကားကိုမှ ဦးလေးနဲ့ ဒေါ်ဒေါ်က ဖွတ်သွားနားချတာကိုး"

"နွဲ့နွဲ့က မင်းကို ဘာလို့မယူချင်တာလဲ"

"ချစ်တာတို့ ကြိုက်တာတို့ မချစ်တာတို့ မကြိုက်တာတို့ ဆိုတာကို သွားပြီး အကြောင်းရှာလို့ တွေ့တာမျိုး မဟုတ်ဖူး....."

"ဘာကွဲ့...."

"ဒေါ်ဒေါ် ဦးလေးကို ဘာလို့ကြိုက်တာလဲ"

"တော်စမ်း၊ မင်း... တောက်တီးတောက်တဲ့ ကလေးကလား"

ကိုမြင့်သူက စီးကရက်တလိပ်ကို ထုတ်ငြိဖွာရှိုက်ရင်း တဟဲဟဲရယ်နေသည်။ ဤသို့ဆိုပြန်တော့မူ ဒေါ်စောရီမှာ တူချစ်အား ရက်ပြုံးကြီးပြုံးရင်း မျက်စောင်းထိုးရုံအပြင် ဘာမျှမတတ်နိုင်ခဲ့....။

"ဟဲ့...... ဟဲ့..... နေပါအုံး"

ဒေါ်စောရီက ခုမှ ဘာကိုသတိရသည်မသိ၊ ပြူးပြူးပျာပျာပြောသည်။

"ဘာလဲ ဒေါ်ဒေါ်ကလဲ အလန့်တကြား"

“ငါ့နှယ် တနေ့လုံး စဉ်းစားလိုက်ရတာ၊ မေရီဟာ ဘယ်သူနဲ့တူသလဲလို့...... ခုမှ ပေါ်တော့တယ်။ မင်း ဟိုသူငယ်မ မေဘယ်လ်နဲ့ မတူဘူးလား၊ သေသေချာချာ စဉ်းစားစမ်း”

“ဪ.... ဒေါ်ဒေါ်နှယ် တူမှာပေါ့၊ ညီမ အရင်းခေါက်ခေါက်ကိုး....”

“ဘုရားရေ.... ဟောတော့”

ဒေါ်စောရီက သူ့ရင်ပပ်ကိုသူ လက်နှင့်ဖိ၍ တအံ့တဩဖြစ်နေသည်။

“ဒေါ်ဒေါ် သိပ်အံ့ဩသွားသလား”

“နေပါအုံး သူက မင်းဆီကို လာတယ်”

“ဪ.....၊ လာလို့ဘဲ ဒေါ်ဒေါ်နဲ့ တွေ့ပြီးဘိမဟုတ်လား”

“ဟဲ့ ဒါကိုပြောတာမဟုတ်ဖူး၊ သူက ဘာလာလုပ်ရတာလဲ”

“ဟာ.....ဘာလာလုပ်ရမလဲ၊ နွဲ့နွဲ့က ခေါ်ခဲ့လို့ ပါလာတာပေါ့”

ကိုမြင့်သူက စကားကိုဖြတ်ကာ “လမ်းရှောက်အုံးမယ်” ဆို၍ အပြင်ဘက်သို့ ထွက်လာခဲ့သည်။

ဒေါ်စောရီမှာသာ ခြံဝတွင် ဗျစ်တောက်ဗျစ်တောက်နှင့် ရေရွတ်ကျန်ရစ်၏။

“ဒုက္ခမှ ဒုက္ခအစစ်ပါဘဲ၊ ဒီခလေးတွေကို ငါဘယ်လိုများ နားလယ်အောင် လုပ်ရမလဲ မသိတော့ပါဘူး”

**အခန်း(၉)**

တုတ်တုတ်၏ တိုက်တွန်းချက်မှာ အကောင်အထည်ပေါ်ခဲ့၍ မောင်သက်တင်၏ ကြိုတင်မြော်မြင်ချက်တို့မှာလည်း မှန်ကန်ခဲ့သည်။

တကြိမ်က မေရီသည် တက္ကသိုလ်၏ စကြ်ံန်များတလျှောက် တကိုယ်တော် စွန့်စားခန်းဖွင့်လေသည့် ကချေသည်မလေး ဖြစ်ခဲ့သော်လည်း ယခုမူ အသိုက်အဝန်း၏ ချီးမြှင့်ခြင်းအလယ်တွင် ပွဲတိုင်းတင့်သော တက္ကသိုလ်၏ အသဲစွဲအဆိုတော်မလေး ဖြစ်ခဲ့ပေပြီ။

တကောင်းကျောင်းဆောင်တော်သားများနှင့် အင်းလျားကျောင်းတော်သူတို့၏ စကားရည်လုပွဲ၌ ဧည့်ခံရာတွင် မေရီ့အား မောင်သက်တင်ဦးစီးသော တက္ကသိုလ်တေးမြတ်မွန် တူရိယာတီးဝိုင်းမှ ပွဲထုတ်လိုက်သည်မှစ၍ မေရီ၏နာမည်မှာ မွှေးခဲ့သည်နှင့်အမျှ မေရီ၏ တေးသံတို့မှာ တက္ကသိုလ်မြေတွင်မက နိုင်ငံ၌ပင် ရေဒီယိုမှတဆင့် ပြန်လွင့်ချိုအေးခဲ့သည်။

မိမိ၏ မမြော်လင့်သောနည်းဖြင့် အောင်မြင်ကျော်ကြားခဲ့ခြင်းအတွက် မေရီသည် မည်သူ့အား ကျေးဇူးတင်ရမည်ကို မတွေးတတ်အောင် ဖြစ်နေသည်။ မိမိ၏ တိမ်မြုပ်နေသော အရည်အသွေးအား ဖော်လှစ်ခွင့်ကို စတင်ပေးသည့် နွဲ့နွဲ့အားပင်လော၊ အစတွင် မိမိအား ရွံ့ရှာမုန်းတီးမှုအား မဖုံးကွယ်နိုင် ဖြစ်လေရာမှ ယခုမူ သူ့အတွက် ဘာမျှဂရုစိုက်ပုံမရ၊ မိမိအလိုကျ အစစဖြစ်ရန် ကြိုးပမ်း၍ မောဟန်မပြလေသော မောင်သက်တင်ကိုပေပင်လော။

ပွဲတိုင်းတွင် နွဲခဲ့ရ၍၊ နွဲလေသမျှ ထင်ပေါ်ခဲ့သည့် မိမိ၏အောင်မြင်မှုအား မိမိ၏ အရင်းနှီးဆုံး အပေါင်းအသင်းများ၏ တုံ့ပြန်မှုကိုမူ မေရီသည် ကောင်းစွာအားမရ။

တခါတွင် စကားစပ်မိလေရာမှ ပဂ္ဂိဝမ်းသည် လက်ညှိုးကလေးကို မေး၌ထောက်၍ မျက်မှောင်လေးကြုတ်ရင်း စကားမပြောမှီ စဉ်းစားနေသည်။ ပဂ္ဂိ၏ ဤဟန်ကို မေရီသည် အထင်လည်းကြီး၍ ကြောက်လည်းကြောက်သည်။ အကြောင်းမှာ ဤဟန်နှင့် စဉ်းစားပြီး၍ ပြောလေသမျှသော ပဂ္ဂိ၏ စကားများမှာ မှန်တတ်လွန်း၍ ဖြစ်သည်။

“ဒီမှာမေရီ..... ပဂ္ဂိစဉ်းစားမိတယ်။ စက္ကူပန်းနီနီဟာလဲ လှတာဘဲ။ နှင်းဆီရဲရဲကလဲ လှတာဘဲ။ ဒါပေမယ့် လူတွေဟာ နှင်းဆီကိုစာဖွဲ့သလောက် ဘာပြုလို့ စက္ကူပန်းကို အဖက်မလုပ်ကြသလဲ....”

“သြော် ပဂ္ဂိရယ်....၊ နှင်းဆီက မွှေးလဲမွှေးသေးတယ် မဟုတ်လား”

"ဒီတော့ ငပန်းဟာ ပိတောက်ထက်လှတယ်။ ဒါပေမယ့် ငကို အဖက်မလုပ်သမျှ ပိတောက်ကို မြတ်နိုးမဆုံး ဖြစ်နေကြတာလဲ အနံ့ကြောင့်ဘဲ ထင်ပါရဲ့နော်....."

"ပဂ္ဂီ... မင်း ဘာတွေပြောနေတာလဲ....."

မေရီက မျက်မှောင်ကလေးကြုတ်ကာ ပဂ္ဂီအား နားမလည်၍ မေးမိသည်။ ပဂ္ဂီက ခေတ္တဆိုင်းနေပြီးမှ တောင်းပန်သော အပြုံးနှင့် ဆက်ပြောသည်။

"မေရီ စိတ်မဆိုးနဲ့နော်၊ မေရီ့အသံနဲ့ အဆိုက သိပ်ကောင်းတာပါဘဲ၊ ဒါပေမယ့် မေရီဟာ အခုလို ချောချောလှလှလေးမဟုတ်ရင် မေရီ ခုလောက်ကျော်ကြားမှာမဟုတ်ဖူး....."

မေရီ၏ မျက်နှာလေးမှာ အိုသွား၍ ပထမဦးစွာအဖြစ် ပဂ္ဂီအားလည်း စိတ်ခုသွားမိသည်။

"ပဂ္ဂီက ခုမေရီ သိပ်လူအချီးမွမ်းခံနေရတာ အသံကောင်းလွန်းလို့မဟုတ်ဖူး၊ ရုပ်ချောလို့..... ဒီလို ဆိုလိုသလား...."

"အို အို ဒီလိုလဲမဟုတ်ပါဘူးမေရီ၊ ပဂ္ဂီက ဖြစ်တတ်တဲ့သဘာဝကို ပြောတာပါ။ ပဂ္ဂီတခါက ဂီတ အနုပညာကို သိပ်ချစ်မြတ်နိုးတယ်ဆိုတဲ့ ကျောင်းသားတယောက်နဲ့ တွေ့ဘူးတယ်၊ သူက ကပ္ပလီ အဆိုတော်မကြီး မေရီယံအင်ဒါဆင်ကို နားထောင်လို့မရဘူးတဲ့၊ ဒါပေမယ့် အဆိုမှာ မေရီယံ အင်ဒါဆင်ကို ဘယ်လိုမှမမှီတဲ့ ဒေါ်ရစ်စ်ဒေးတို့၊ ဘက်တီဂရေဘယ်လ် တို့ကိုတော့ ချီးမွမ်းလို့ မဆောနိုင်ဘူး၊ သူတို့က ရုပ်လဲချောတယ် မဟုတ်လား...."

စောစောက စိတ်ခုရုံခုခဲ့သော မေရီမှာ ဒေါလေးပင်ပွလာ၍ မျက်နှာကလေးမှာ အနည်းငယ် နီရဲလာသည်။

"ဒါတော့ ပဂ္ဂီ အဆင်းသာရှိပြီး အနံ့မရှိတဲ့ စက္ကူပန်းက ဘာလုပ်ရမလဲ၊ အနံ့ရော အဆင်းပါပြည့်တဲ့ နှင်းဆီပန်းကို မက်တာကို ဘာမှအပြစ်ပြောစရာမလိုဘူး ထင်ပါတယ်...."

"မေရီ့ကို နှင်းဆီပမာ ချီးမြှောက်နေတဲ့လူတွေဟာ ပျားပိတုန်းလိုသတ္တဝါတွေ မဖြစ်ပါစေနဲ့လို့ ပဂ္ဂီ ဆုတောင်းတယ်....."

မေရီက ပဂ္ဂီအား ချာကနဲလှည့်ကြည့်လိုက်သည်။ ဒေါသကြောင့် ပြန်ချေရမည့် စကားများကိုလည်း စဉ်းစား၍မရ။

သို့ရာတွင် ပဂ္ဂီ၏ မျက်နှာကလေးမှာ ကြည်လင်သန့်စင်နေ၍ ဝန်တိုငြူစူသော အရိပ်အရောင်ကို စဉ်းငယ်မျှ မမြင်ရ။

ပဂ္ဂီက မေရီ စိတ်ဆိုးနေမှန်းသိသဖြင့် မေရီ၏ သွယ်နွဲ့ရှင်းသောခါးကလေးအား ယုယခင်မင်စွာ ပွေ့ဖက်ရင်း ချော့မော့သည်။

“ပဂ္ဂီကို အထင်မလွဲနဲ့ မေရီ၊ မေရီဟာ ပဂ္ဂီအချစ်ဆုံး သူငယ်ချင်းဘဲ။ မေရီကြိုက်ကြိုက် မကြိုက်ကြိုက် မေရီ့အတွက် ပဂ္ဂီစိုးရိမ်တာကို ဘွင်းဘွင်းဘဲ ဖွင့်ပြောရမှာဘဲ…”

“မေရီ့မှာ ဘာတွေ စိုးရိမ်စရာရှိနေလို့လဲ….”

“မေရီ့အတွက်တင် မဟုတ်ဖူးမေရီ၊ မေရီ့တို့လို ရုပ်ချောသလောက် ကျော်ကြားမှုပါရှိလာတဲ့ မိန်းခလေးတွေအတွက် တက္ကသိုလ်မှာ အန္တရာယ်တွေများလှတယ်။ ဒါ ပဂ္ဂီတွင်မဟုတ်ဖူး….၊ မမနွဲ့လဲ ခဏခဏ ပြောတာဘဲ….”

“မမနွဲ့က မေရီ့ကို ဒီလိုဘဲပြောသလား….”

မေရီက အဝေးသို့ ငေးကြည့်ရင်း တိုးတိုးလေး ညည်းဟန်နှင့်မေးသည်။

“မေရီ့ကို ပြောတာမဟုတ်ဖူး….. ရုပ်ချောသော မိန်းခလေးအားလုံးကို ယေဘုယျခြုံပြောတာ….”

မေရီက ဘာမျှပြန်မပြောဘဲ အတွေးနှင့်သာ စကားစကို ရပ်ပစ်ခဲ့ရသည်။

မမနွဲ့ ဘာပြောသနည်း။ သည့်ထက် ဆရာဘာပြောမည်နည်း။ ဤသည်ကို မေရီက ပိုသိချင်သည်။

တနေ့သော တနင်္ဂနွေနေ့မှစ၍ မေရီသည် နွဲ့နွဲ့နှင့်အတူ အားလပ်ချိန်များတွင် ကိုမြင့်သူ၏အိမ်သို့ မကြာခဏ ရောက်ခဲ့သည်။ မည်မျှအခြားအလုပ်များရှုပ်နေသည်တိုင်စေ၊ မေရီမှာ ဤဝတ္တရားကိုမူ မဖျက်ခဲ့ပေ။ အဝင်အထွက်များခဲ့သဖြင့် မေရီသည် တအိမ်သားလုံးနှင့် ခင်မင်လာခဲ့သကဲ့သို့ပင် ကိုမြင့်သူနှင့် ပိုမိုရင်းနှီးလာခဲ့သည်။

သူ့မျက်နှာမှာ တွေ့စတုန်းကကဲ့သို့ ဖြူဖပ်ဖြူရော် ပြောင်းလဲမှုများကို မတွေ့ရတော့၊ မေရီ မကျွမ်းကျင်သေးသော ပတ်ပျိုးအဆိုများကို စိတ်ရှည်လက်ရှည် ချပေးတတ်သော ကိုမြင့်သူအား မေရီသည် အခြား ကျောင်းနှင့်ပတ်သက်သော စာပေသင်ခန်းစာများကိုပင် မေးမြန်း သင်ခိုင်းတတ်လာသည်။

သူ့အမူအရာမှာ လွတ်လပ်ပွင့်လင်းလာ၍ သူနှင့်ဆက်ဆံရသည်မှာ ပိုမိုလွယ်ကူလာသော်လည်း ဘာကြောင့်မသိ၊ မေရီမှာ တခါတရံ ဝမ်းနည်းလိုက်ဖိုလာသယောင် မခံချင်သယောင် ဖြစ်မိသည်။ ဤဝေဒနာမှာ မကြာခဏ တွေ့ရတတ်သော ကိုမြင့်သူနှင့်နွဲ့နွဲ့တို့ နှစ်ဦးချင်း တီးတိုးဆွေးနွေးနေစဉ်တွင် ပို၍ပြင်းထန်သည်။

နွဲ့နွဲ့နှင့် တီးတိုးတိုင်ပင်ပြီးတိုင်း ကိုမြင့်သူ၏မျက်နှာမှာ အတန်ညှိုးလျက် အနည်းငယ် ငေးငေးငိုင်ငိုင်ရှိနေတတ်မှန်း မေရီသတိပြုမိသည်။ ဤအခိုက်အတန့်မျိုးတွင် နှစ်ဦး ရင်ဆိုင်မိသောအခါများ၌သာ မေရီသည် မိမိအား တချက်တချက် ငိုင်၍ ဆွေးဆွေးမြေ့မြေ့ ကြည့်နေတတ်သည့် ကိုမြင့်သူကို ပြန်လည်တွေ့ကြုံရသည်။

မောင်သက်တင်တို့တီးဝိုင်းနှင့် မိမိသီဆိုကျော်ကြားလာခြင်းနှင့် ပတ်သက်၍ နွဲ့နွဲ့ရော ကိုမြင့်သူပါ ချီးကျူးကြသော်လည်း နှစ်ဦးစလုံး၏ ချီးကျူးဟန်မှာ မိမိမြော်လင့်သမျှ လိုက်လှဲမှုမရှိဟု မေရီက ထင်သည်။

"ဆရာ..... ခုလို မေရီ ကိုသက်တင်နဲ့လိုက်ဆိုနေတာကို ကြိုက်ကဲ့လားဟင်...."

တကြိမ်တွင် မေရီက မေးဘူးသည်။

"အို.... ဘာလို့မကြိုက်ရမှာလဲ မေရီရယ်..."

သူက မေရီအား ကြင်နာစွာပြုံးရင်း ပြန်ဖြေသည်။

"ဆရာ တကယ်ပြောတာလား၊ ဆရာမကြိုက်ရင် မေရီမဆိုတော့ဘူး...."

"အို....ဒီလိုလဲ မဟုတ်သေးဘူး မေရီ၊ ကျောင်းသူကျောင်းသားတွေဟာ အိက်စ်ထရားကယ်ရီကူလာ ကျောင်းစာအပြင် ဝါသနာပါရာတခုခုကို အောင်မြင်ထွန်းပေါက်အောင် လုပ်တာ ဆရာအားပေးပါတယ်။ ဒါပေမယ့်....."

သူက တစုံတခုအား တွေးမိဟန် ရပ်နေသည်။

"ဒါပေမယ့် ဘာဖြစ်လဲဆရာ..."

"ဒါပေမယ့် ဝါသနာပါရာ ဘာဘဲလိုက်စားလိုက်စား ဒါက ဒုတိယ၊ ကျောင်းစာက ပထမဆိုတာတော့ သတိမလွတ်စေချင်ဘူး။ ပြီးတော့ ဂီတပညာကို ဝါသနာပါတဲ့ မေရီ့အနေနဲ့ ကျော်ကြားမှု ဘယ်

လောက် ရလာသည်ဖြစ်စေ မာနတက်မသွားစေချင်ဘူး၊ ဂီတပညာအရာမှာ မေရီဟာ ဆည်းပူး လေ့လာနေဆဲ ဆိုတဲ့အချက်ကိုလဲ မေ့ပျောက်မသွားလေနဲ့ ပြီးတော့...."

ကိုမြင့်သူက တကြိမ် ဆိုင်းငံ့သွားပြန်သည်။

"ပြီးတော့ ဘာဖြစ်လဲဆရာ...."

သူက ချက်ခြင်းပြန်မဖြေဘဲ မေရီ့အား စူးစူးစိုက်စိုက် တချက်လှည့်ကြည့်လိုက်၏။

"ပြီးတော့ မေရီ့ကိုဆရာ စကားကုန်ပြောရမှာဘဲ မေရီ့ကိုယ်မေရီ ကောင်းကောင်း ထိန်းသိမ်းနိုင်ပါစေ...."

သူက စကားအဆုံးတွင် အဓိပ္ပာယ်ပြည့်ဝန်းစွာနှင့် ပြုံးရင်း မေရီအား ကြည့်နေသည်။

"မေရီ့ကိုယ်မေရီ ထိန်းပါ့မယ်။ ဒါပေမယ့် မှားသွားရင် ဆရာ့ကို မေရီမညာပါဘူး၊ မေရီအပြစ်ရှိရင် ဆရာရိုက်ပေါ့..."

"အို.... မေရီ့ကိုဆရာ မရိုက်ရက်ပါဘူးကွယ်"

"မေရီမှားရင် ပြောတာပါဆရာ၊ ဒါပေမယ့် ဆရာစိတ်မချမ်းသာမယ့်အလုပ်ကို မေရီလဲ ဘယ်တော့မှ မလုပ်ပါဘူး....."

ပြောရင်းပင် မေရီ၏ရင်မှာ ပြည့်လျှမ်းလာသည်။ ရင်မှဝေဒနာအား ရီဝေစွာ ဖော်လှစ်လျက်ရှိသော မျက်လုံးအစုံနှင့် မော့်ကြည့်လိုက်သောအခါ သူ့ထံမှမျက်လုံးလွှဲလျက် အဝေးသို့ငေးကြည့်နေသော ကိုမြင့်သူအား တွေ့ရသည်။

"ဆရာ.... ဘာတွေတွေးနေလဲ...."

"ဘာမှ မတွေးပါဘူးကွယ်...."

"မတွေးပါဘူးသာဆိုတယ်... ငေးလှချည်လား"

"ဩော်.... မေရီရယ်...."

သူက သက်ပြင်းတချက်ကိုသာ ရှိုက်လိုက်သည်။

အနုပညာနှင့်ပတ်သက်၍ ငြိမ်းတယောက်၏ တုံ့ပြန်မှုမှာ တမျိုးထူးခြားသည်။

"မေရီ အနုပညာကို ဝါသနာပါတယ်ထင်တယ်၊ အနုပညာနဲ့ ပတ်သက်ပြီး မေရီဘယ်လိုမြင်ထားလဲ"

"ဘယ်လိုမှ မြင်မထားဘူး ငြိမ်း"

"အို.... ဘယ်လိုမှ မြင်မထားဘူး"

မျက်မှန်အောက်မှ မျက်လုံးစင်းစင်းများကို ပြူးရင်း ငြိမ်းကတအံ့တသြမေး၏။

"မေရီကတော့ သီချင်းဆိုရတာ ဝါသနာပါလို့ ဆိုတာပါဘဲ၊ ဒီပြင်တော့ ဘာမှနားမလည်ပါဘူး"

"ဒါပေမယ့် ခုမေရီနဲ့ တွဲနေတဲ့အသိုက်က အဲဒီလို ဘာမှနားမလယ်တဲ့အသိုက် မဟုတ်ဖူး၊ အနုပညာသည် အနုပညာအတွက်ဆိုတဲ့ သဘောကို လက်မခံကြဘူး။ သူတို့က ပြည်သူ့အနုပညာသမားဆိုတဲ့ လူစုတွေ...."

"နို့ ငြိမ်းက ကဗျာဆရာမဆိုတော့ ပိုနားလယ်မှာဘဲ၊ ဘယ်အနုပညာသဘောက ပိုကောင်းလဲ"

ငြိမ်း၏ မျက်မှန်အောက်မှ မျက်တောင်များမှာ ပုတ်ခတ်ပုတ်ခတ်နှင့် အတန်ကြာလှုပ်ရှားနေသည်။

"ဒါကတော့ အလွယ်တကူမဖြေနိုင်ဘူးမေရီ၊ ငြိမ်းလေ့လာရသမျှ ပြောပြမယ်လေ၊ ပြည်သူ့အတွက် အနုပညာဆိုတာက လူမိန်းတွေ အလွယ်တကူ နားလယ်နိုင်ပြီး လက်ခံနိုင်တယ်။ လက်တွေ့မှာတော့ ပြည်သူ့အနုပညာဆိုတာဟာ ရုရှပြည်က နိုင်ငံရေးသမားတွေရဲ့ ဝါဒဖြန့်ချီရေးသက်သက်ပဲ ဖြစ်နေတယ်။ တနည်းအားဖြင့် ပြည်သူ့အနုပညာသဘောမှာ အနုပညာနဲ့ ဝါဒဖြန့်ချီရေး ကွဲပြားမှုမရှိဘူး၊ ခေတ်သစ်ဘာသာရေးလုပ်ငန်းတမျိုး ဖြစ်နေတယ်။ အနုပညာသည် အနုပညာအတွက်ဆိုတဲ့ သဘောကို ရှုတ်ချပုတ်ခပ်ဖို့က လွယ်တယ်၊ တကယ်နားလည်ဘို့က ခက်တယ်။ ငြိမ်းအနေနဲ့တော့ ဘယ်ဟာကိုမှ လက်ခံမထားဘူး။..."

"ငြိမ်းသဘောကတော့ အနုပညာဆိုတာကို ဘောင်ခတ်ပေးထား စည်းမျဉ်းသတ်ပေးတာဟာ အနုပညာကို သတ်ပစ်တယ်ထင်တာပါဘဲ။ အနုပညာသမား ပေါက်စတွေကတော့ ပြည်သူ့အနုပညာဆိုတာကို ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ဖက်ရှင်သဘောနဲ့ လက်ခံနေကြတာပါဘဲ...."

မေရီမှာ ငြိမ်းပြောပြသည်တို့ကို ကောင်းစွာနားမလယ်သဖြင့် ငြိမ်ငြိမ်လေး နားထောင်နေသည်။ ငြိမ်း စကားဆုံးခါမှ မိမိစိတ်ဝင်စားရာကို ကောက်မေးလိုက်သည်။

"ဒါထက် ဟို ငြိမ်းဆီ လာလာနေတဲ့ ပြည့်သူ့စာရေးဆရာကြီး ဆိုတာကော၊ ခုတလော မမြင်ပါလား...."

ငြိမ်း၏ မျက်နှာလေးမှာ အနည်းငယ်တင်းသွားသည်။

"ဒီလူက အလကားလူပါ...."

"ဟင်... ဘာပြုလို့...."

"ငြိမ်းနဲ့ စာပေဆွေးနွေးရအောင်ဆို လာလာနေပြီး အပြီးသတ်ကျတော့ သူ့ကိုယ်ကို ချီးမွမ်းခန်းဖွင့်ပြီး ငြိမ်းကို လူပျိုစကားပြောသွားတာဘဲ...."

"အို...."

ဟုတ်တယ်၊ ပထမတော့ ငြိမ်းသိပ်စိတ်ပျက်တာဘဲ၊ ပြီးတော့ ငြိမ်းကလဲ အားနာတတ်တော့ ဘာပြန်ပြောရမှန်းမသိဘူး။ ဟိုတလောကတော့ မဂ္ဂဇင်းတခုထဲမှာ ငြိမ်းနဲ့သူ့ကိုယ်သူကို ဇာတ်ကောင်တွေလုပ်ပြီး ကြိုက်နေကြသလို ရေးထားတာတွေ့လို့ သိပ်ဒေါပွသွားတာဘဲ၊ ဒါနဲ့ သူလာရင် ဆင်းမတွေ့ဘဲ ၄ ၅ ခါ နေလိုက်တယ်၊ ခု ပေါ်မလာတော့ဘူး"

မေရီသည် ပြည်သူ့စာရေးဆရာကြီးအစား သောကြာနေ့ညနေတိုင်း တပတ်တခါ ငြိမ်းထံလာနေသော ဧည့်သည်သစ်တယောက်ကို အမှတ်ရလာသည်။ ဧည့်သည်သစ်မှာ စာကြည့်တိုက်ပေါ်၌ ငြိမ်းနှင့် တခါက မျက်နှာချင်းဆိုင် စာဖတ်နေသည်ကို မေရီတွေ့ခဲ့ဘူးသော မျက်မှန်ထူနှင့်ကျောင်းသား ဖြစ်လေသည်။ သူက ငြိမ်းဆီလာသောအခါ စာအုပ်တအုပ် ပိုက်ယူလာတတ်၍ ငြိမ်းကလည်း သူ့အား ဆင်းတွေ့သောအခါ စာအုပ်တအုပ် ယူသွားတတ်သည်။ ပဂ္ဂိထံမှရသော သတင်းအရဆိုလျှင် သူတို့နှစ်ဦးမှာ အပတ်စဉ် စာအုပ်လဲဖတ်နေကြသူများ ဖြစ်သည်။

"အခုငြိမ်းဆီ လာလာနေတဲ့သူကကော စာရေးဆရာဘဲလား"

"ဘယ်သူလဲ ကိုရွှေမောင်လား"

ငြိမ်းက မျက်နှာကလေး မသိမသာရဲသွားရင်း ဆိုသည်။

"သူ့နံမယ် ကိုရွှေမောင်တဲ့လား၊ ဟို မျက်မှန်ထူထူနဲ့ လူဟာလေ"

"ဟုတ်တယ်မေရီ၊ သူက စာရေးဆရာမဟုတ်ပါဘူး၊ စာဖတ်သမားတယောက်ပါ၊ ငြိမ်းလိုဘဲ သူ့မှာ ကိုယ်ပိုင်စာကြည့်တိုက်ကလေး ရှိတယ်။ ငြိမ်းတို့ ကိုယ့်ရှိတဲ့စာအုပ်ချင်း လဲဖတ်ကြတာပါ။ သူ့ မျက်မှန်ထူထူ တပ်ထားတာက ဟိုဆရာတွေလို ဖက်ရှင်မဟုတ်ပါဘူး။ တကယ့်ကို မျက်စိမှုန်လို့ပါ"

"သူ့ကြည့်ရတာ ရိုးရိုးအေးအေးနဲ့ စကားအတော်နဲပုံရတယ်"

မေရီသည် တကြိမ်ကအဖြစ်အပျက်ကို အမှတ်ရ၍ ပြောလိုက်သည်။ တညနေတွင် မောင်သက်တင်နှင့် စာရေးဆရာကြယ်ဖြူတို့ မေရီ့ထံလာလည်ကြသဖြင့် မေရီမှာ ဧည့်ခန်းဆောင်၌ ဧည့်ခံ စကားပြော နေသည်။ ကိုရွှေမောင်မှာ စာအုပ်တအုပ်ကို ရှေ့ချကာ ဝါတော် ၆၀ ရ မထေရ်၏ တည်ငြိမ်ခြင်းဖြင့် မျက်လွှာချလျက် ကုလားထိုင်တလုံးတွင် မလှုပ်မရှား ထိုင်နေသည်။ မကြာမီ စာအုပ်တအုပ်ကို ပိုက်လျက် ငြိမ်းပေါ်လာ၏။ တဦးနှင့်တဦးမကြည့်ဘဲ စကားတလုံးနှစ်လုံးဆိုကြသည်။ နောက် စာအုပ်ချင်း လဲလှယ်ကြပြီး တယောက် စာတအုပ်စီ ဖွင့်ဖတ်လျက် ငြိမ်နေကြသည်။ မောင်သက်တင်တို့ ပြန်၍ မေရီဧည့်ခန်းမှ ခွာခဲ့သည်အထိ မျက်မှန်နှစ်စုံမှာ မလှုပ်မရှား စာဖတ်ရင်း ကျန်ရစ်ကြသည်။

"ဟုတ်တယ်၊ စကားတော့နဲတယ်၊ ဒါပေမယ့် သူပြောချင်တာကတော့ အများကြီးပြောနိုင်တယ်။ စာပေဗဟုသုတနဲ့ အယူအဆမှာ ဟို ပြည်သူ့စာရေးဆရာကြီးထက် အများကြီးသာတယ်။ ဟို ဆရာကြီးကတော့ သူနဲ့အယူအဆမတူတဲ့လူကို ခနရှင်စာရေးဆရာ၊ ဖောက်ပြန်ရေးသမားစသည်နဲ့ စွပ်စွဲတတ်တာအပြင် ဘာမှ ပိုမိုလေးလေးနက်နက် မပြောတတ်ပါဘူး...."

ငြိမ်းက ကံဆိုးလှစွာသော ပြည်သူ့စာရေးဆရာကြီးအား ကဲ့ရဲ့ရင်း စကားအဆုံးသတ်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ တုတ်တုတ်တယောက်သည်မှူ မေရီအား ချီးမွမ်း၍မဆုံးအောင် ဖြစ်နေသည်။ တုတ်တုတ်သာမက ယခင်က မေရီ့အား အပေါင်းအသင်းမလုပ်သော တုတ်တုတ်တို့အဖွဲ့မှ မိန်း ကလေးများကလည်း အရေးယူလာကြသည်။ မေရီသည် မိမိ တုတ်တုတ်တို့နှင့် ရင်းနှီးလာသည်နှင့် အမှျ ဒေါရစ်စ်တို့က ရှောင်ဖယ်လာသည်ကိုလည်း သတိပြုမိသည်။

ယခင်က ယောကျာ်းလေးအသိအကျွမ်း နည်းခဲ့သော မေရီမှာ ယခုမူ အတော်ပင် ပေါများလာခဲ့သည်။ မောင်သက်တင်နှင့် ဆက်သွယ်၍ စာရေးဆရာများဖြစ်သည့် ကြယ်ဖြူ၊ ညွှန့်မောင် စသည်တို့နှင့် လည်း ခင်မင်လာသည်။ ကဗျာတပုဒ်စပ်ရန်အတွက် စာရွက်ဖောင်တိန် အပြည့်အစုံနှင့် အင်းလျား ကန်စပ် သစ်ပင်အောက်တွင် တယောက်တည်း သွားသွားထိုင်တတ်သည်ဆိုသော ဝါးဘလောက် သောက်ပွင့်ဦး၊ ရည်းစားသည် သူဌေးသားတယောက်နှင့် ရသဖြင့် ခနရှင် အိမ်ထောင်ရေးစံနစ်ကြီးအား

အမြစ်မှ တွန်းလှန်ပစ်ရန်အထိ တော်လှန်ရေးစိတ်ဓာတ် ထက်သန်နေသူ ဂေါ်ကီမွဲညို စသော ကဗျာဆရာကြီးများနှင့်လည်း သိကျွမ်းလာသည်။

အပေါင်းအသင်းများ၍ ထင်ရှားလာခဲ့သော မေရီမှာ စိတ်ဓာတ်များလည်း အတန်ပြောင်းခဲ့၍ အမူအရာများလည်း ယခင်နှင့်မတူ ခြားနားခဲ့သည်။

လူစည်သော စကြံများကို ရှောင်ချင်လာသည်၊ တည်ငြိမ်ခြင်းကို ပိုမက်မောလာ၍ ကျော်ကြားခြင်းအတွက် သူ့အစ်မပြောသကဲ့သို့ ဟန်ဆောင်ရန်မလိုဟု သဘောပေါက်လာသည်၊ မောင်သက်တင်မကြာခဏ ပြောတတ်သလိုပင် လူ့ဘဝ၌ ရှင်သန်နေခိုက် ရည်ရွယ်ချက်တရပ်ရှိရ၍ သေရဲရန်အတွက် ယုံကြည်မှုတခု ရှိရမည်ဟုလည်း တခါတရံ တွေးတောမိလာသည်။

မောင်သက်တင်နှင့်ပတ်သက်၍ မေရီမှာ ဆန်းကြယ်သော ကံအကြောင်းကိုလည်း အံ့ဩမိသည်။

အစပထမ၌ မောင်သက်တင်အား ရိုင်းပြမောက်မာသူ လူငယ်တဦးဟု မုန်းသကဲ့သို့ ဖြစ်မိသည်။ အနီးကပ် ပေါင်းမိသောအခါ သည်းညည်းခံတတ်၍ ရိုးသားဖြူစင်သမျှ တခါတရံ အလွန်စိတ်ကူးယဉ်တတ်မှန်းလည်း သိရသည်။

မိမိ သီချင်းဆိုရသောအခါများတွင် ကုလားထိုင်မရှိသေးလျှင် ကိုယ်တိုင် ပြေးသယ်ပေးတတ်၍ မိုက်ကရိုဖုံးမှာ မြင့်နေလျှင် ပျာပျာသလဲ လာရောက်ပြင်ဆင်ပေးတတ်သည်။ မိမိ၏အလိုကျ မည်သည့်အရာကိုပြုလုပ်ပေးသည်ဖြစ်စေ မျက်နှာမှာ အစဉ်တည်ကြည်လျက် အသားယူမှုထက် အမှန်တကယ်ခင်မင်ကြင်နာမှုကို ပြနေတတ်သည်။ လမ်းအတူလျှောက်ရသော အခါများတွင် အခြားယောကျ်ားလေးများကဲ့သို့ အခွင့်ကောင်းသုံး၍ နီးနီးကပ်ကပ်မတွဲ၊ ခပ်လှမ်းလှမ်းမှ ကွာကွာလိုက်၍ လာတတ်ပေသည်။ မိမိနှင့် အတော်အတန် ခင်မင်ရင်းနှီးသည့်တိုင်အောင် ကျောင်းဆောင်သို့ ပေါ်လာခဲ၍ ရောက်လာလျှင်လည်း တယောက်တည်းမလာ အဖော်အမြဲခေါ်ခဲ့လေ့ရှိသည်။ တကြိမ်သာလျှင် တဦးတည်း ရောက်လာခဲ့သည်။

မိုးသဲသောတညနေတွင် ဖြစ်သည်။ မမြော်လင့်ဘဲ မောင်သက်တင်အား ပိတောက်ပန်းစီးကြီးကိုင်လျက် ကျောင်းဆောင်အောင်ထပ်တွင် ဆုံခဲ့ရသည်။ ထီးပါခဲ့သော်လည်း သဲသောမိုးကြောင့် သူ့ကိုယ်မှာ ရွှဲနေသည်။

“အို.... ပိတောက်ပန်းတွေ....”

မေရီကလည်း ကလေးငယ်သို့ ရွှင်မြူးစွာအော်ရင်း သူ့ထံပြေးသွားသည်။

"ဟုတ်တယ်မေရီ…."

ပိတောက်ပန်းစည်းကို ပွေ့ပိုက်ထားသော သူ့အသွင်မှာလည်း ကြည်လင်ရွှင်လန်းနေသည်။

"ထူးထူးဆန်းဆန်း ကိုသက်တင်။ ဒီအချိန်မှာ ပိတောက်ပွင့်ရသတဲ့လား"

မေရီမှာလည်း အံ့သြနေသည်။

"ဒါတွေက ဗမာပိတောက်မဟုတ်ဖူး မေရီ၊ အင်္ဂလိပ်ပိတောက်လို့ ခေါ်တယ်၊ သထုံလမ်းတလျှောက်မှာ ပေါက်နေတဲ့ အပင်တွေလေ၊ သူတို့က မိုးလယ်မိုးနှောင်းမှာ ပွင့်တယ်"

"အို အင်္ဂလိပ်ပိတောက်၊ မေရီ တခါမှမကြားဘူးဘူး…."

"အဖြူပွင့်တွေပွင့်တဲ့ ငွေပိတောက်ဆိုတာလဲ ရှိသေးတယ်။ ဆင်နတိုရီယံ ခြံဝင်းထဲမှာရှိတယ်။ သင်းကြိန်ပွင့်တဲ့ ပိတောက်ပင်ကြီးက အင်ဂျင်နီယာကောလိပ်ရှေ့မှာ ရှိတယ်…"

သူကသာ စိတ်ရှည်လက်ရှည် ရှင်းပြနေသည်။

"ရှင် ဒီပန်းတွေ မေရီဘို့ ခူးလာတာလား"

"မေရီပန်ဘို့ ကျွန်တော်ကိုယ်တိုင် တက်ခူးလာတာ"

မေရီ၏ရင်မှာ တလှပ်လှပ်ခုန်လာသည်။ သူ့အား လှမ်းကြည့်လိုက်သောအခါ သူ့မျက်နှာမှာ ထုံးစံအတိုင်း တည်ကြည်နေသော်လည်း မျက်လုံးများမှာ အရည်လဲ့တောက်ရွှန်းနေ၏။

မေရီသည် ပိတောက်ပန်းစည်းကြီးကို လှမ်းယူလျက် ပွင့်ခက်များကိုချိုးကာ ခေါင်း၌ပန်လိုက်သည်။ မောင်သက်တင်က ကျေနပ်စွာပြုံးရင်း ကြည့်နေသည်။

"များလိုက်တာကိုသက်တင်၊ ရှင်အတော် ပင်ပင်ပန်းပန်း ခူးရမှာပေါ့နော်…."

မေရီက ချစ်စဖွယ်ပြုံးရင်း မေးသည်။

"ဒါတဝက်ဘဲ ရှိသေးတယ်။ တဝက်က ခုနကတင် ဒေါ်ဒေါ်စော ဘုရားတင်ဘို့ ဆရာတို့အိမ် ဝင်ပေးခဲ့သေးတယ်"

ပြုံးနေသော မေရီ၏ မျက်နှာလေးမှာ ရုတ်တရက်ပင် တည်ကျသွားသည်။

"ဆရာနဲ့ကော တွေ့သေးလား....."

"တွေ့တယ်မေရီ၊ ဒီတစည်းကို မေရီ့ဆီလာပို့မလို့ လို့တောင် ပြောခဲ့သေးတယ်"

မေရီ၏ရင်မှာ ပိုခုန်လာသည်။ စကားပြန်ပြောသောအခါတွင် အသံလေးမှာ မသိမသာ တုန်နေ၏။

"ဆရာ ဘာပြောသေးလဲ"

မေရီက မိုးပေါက်များကျနေသော လမ်းမဆီငေးရင်း မေးသည်။

"မပြောပါဘူးမေရီ... ဘာပြုလို့လဲ"

မေရီက ချက်ခြင်းပင် မျက်နှာလေးကိုပြင်၍ ပြုံးလိုက်သည်။

"ဘာမှမဖြစ်ပါဘူးကိုသက်တင်၊ ဆရာကလဲ ပန်းချစ်တယ်ထင်လို့ပါ။ ဩော်ဒါထက် ရှင့်ကိုယ်က ရွှဲလို့ပါလား၊ အအေးမိတော့မယ်"

သူက ဘာမျှပြန်မဖြေတတ်၍ ထီးကိုကောက်ကိုင်ကာ ပြန်ရန်ပြင်သည်။

ဩော်.... မေရီ၊ မမနွဲ့ကိုလဲ နဲနဲခွဲပေးလိုက်အုံးနော်..."

"ပေးလိုက်ပါ့မယ် ကိုသက်တင်၊ ခုလို သတိတရလာပေးတာ မေရီ သိပ်ကျေးဇူးတင်ပါတယ်"

သူထွက်သွားသောအခါ မေရီက ငိုင်ငိုင်လေးတွေးရင်း လှေကားမှ အပေါ်သို့တက်ခဲ့သည်။ ပိတောက်ပန်း တော်တော်များများကို ခွဲ၍ နွဲ့နွဲ့ထံပို့ခဲ့ပြီးနောက် ကျန်သမျှအား ဝိုင်းဝန်း စနောက်ပြောင်နေကြသော ပဂ္ဂိတို့အသိုက်အား ဝေငှပေးပြီးသောအခါ မေရီသည် မိမိ၏အခန်းသို့ပြန်လျက် တဦးတည်း ဆိတ်ငြိမ်စွာ တွေးနေမိသည်။

အဘယ်သဘောနှင့် မိုးကြီးလေကြီးထဲတွင် အစိုအရွှဲခံ၍ မောင်သက်တင်သည် ဤ စိတ်ကူးယဉ်ရာသီပန်းကို ဆက်ကမ်းလာလေသနည်း။ မိုးရေရွှဲနေသောသူ့အား အအေးမိမည်စိုး၍ ပြန်ခိုင်းစဉ်က ရုတ်တရက် အမှတ်မထင် မိမိစိတ်ဝယ် ပေါ်ပေါက်လေခဲ့သော ကရုဏာမှာ အဘယ်မျှ ခရီးတာ ရှိခဲ့ပါသနည်း။

ပန်းစည်းကို ရင်ခွင်ပိုက်လျက် ရပ်နေလေသော နုနယ်ပျိုလွင်သည့် မောင်သက်တင်၏ သဏ္ဌာန်မှာ မေရီ၏စိတ်ဝယ် လွမ်းမောတသဘွယ်ရာ ပုံပြင်ပမာ အစဉ်ထင်ကာရှိနေသော အလားတူ တယောက် လူအား ပိုမိုအမှတ်ရစေ၍ ရစ်လည်ပေါ်သစ်ပြန်ခဲ့သည့် အဖြစ်ရပ်ကို အံ့ဩ၍မဆုံးနိုင်အောင် ရှိစေသည်။

ထိုလူတယောက်အပေါ်တွင်မူ မိမိစိတ်ကိုမိမိ မရိပ်မိမီကပင် ကရုဏာမိုးရွာဖြိုးခဲ့မိရာမှ သမုဒယ နှောင်ကြိုးသည် တစနှင့်တစ နှလုံးသားနုနယ်နယ်အား တင်းကျပ်အောင် ရစ်ပတ်ခွဲချည်မိခဲ့သည်။ သည်စဉ်တွင်မှ နှောင်ကြိုးသစ်တခွေသည် ဆင့်ကဲသိုင်းဖွဲ့လာခဲ့ပါသလော။

တဖက်လူ၏ စေတနာအမှန်ကို မသိရမီ ကြိုတင်၍ စိတ်ကူးယဉ်မိသဖြင့် မေရီမှာ ရှက်သွေးလေး တော့ ဝင့်မိသည်။ မောင်သက်တင်ကဲ့သို့ ရိုးသားတည်ကြည်၍ မိမိ၏ဂုဏ်သိက္ခာကို မိမိ ထိန်းတတ်သော ယောကျာ်းလေးများ၏ သဘောအမှန်ကို သိရန်မှာ ခက်ခဲလှသည်။ မေရီသည် အဖြတ်ရခက်သော တွေးစကို ကြိုးစားပြတ်စေ၍ ပေါ်ပေါက်တော့မည်မှာ သေချာနေသော ပြဿနာ တရပ်ကို မပေါ်ပေါက်ပါစေရန် တဝက်တပြက် စိတ်ထက်သန်မှုနှင့် ဆုတောင်းရင်း အချိန်ကို ကုန်စေခဲ့သည်။

သို့ရာတွင် ပြေးမလွတ်သည်ကို ရှောင်လည်းမရှောင်မိသဖြင့် တနေ့တွင်မူ မောင်သက်တင်၏ နှလုံးပြူတင်း ဟင်းလင်းပွင့်သည်အား အထင်းသားတွေ့ခဲ့ရ၏။

ငြိမ်းနှင့်ရင်းနှီးမိလေမှ မေရီသည် ငြိမ်းထံမှ အတတ်ကောင်းကလေးများနှင့် အတတ်ဆန်းလေး တော်တော်များများကို တတ်ခဲ့ရသည်။ ငြိမ်းက ကဗျာဆရာမ၊ စာရေးဆရာမတို့မည်သည် လူ့ဘဝနှင့် လူ့လောကကို သဘာဝကျကျ နားလည်ရမည်ဆိုသည်။ လူ့ဘဝနှင့် လူ့လောကကို နားလည်ရန်မှာ လူ့လောက အလွှာအမျိုးမျိုးကို ဝင်တိုးရမည်ဟု ဆက်ရှင်းသည်။ ဤရည်ရွယ်ချက်နှင့် ငြိမ်းသည် သူမြင်သမျှသော လူ့လောကအလွှာအမျိုးမျိုးကို ဝင်တိုးနေသည်ဆိုသည်။ ငြိမ်းဝင်တိုးနေသော နေရာ များကား ရန်ကုန်မြို့ကြီး၏ လမ်းအသွယ်သွယ်နှင့် ပလက်ဖေါင်းများဖြစ်သည်။ တယောက်တည်း မသွားဝံ့ပြန်သဖြင့် ငြိမ်းသည် မေရီ့အားပါ အဖေါ်ခေါ်လေ့ရှိရာ ငြိမ်းကို အထင်ကြီးနေမိသည်က တကြောင်း၊ ငြိမ်းအပြောကောင်းသည်က တကြောင်းတို့ကြောင့် မေရီသည် ငြိမ်းနှင့်လိုက်၍ စွန့်စား ခန်းဖွင့်ဘူးသည်။

စနေ၊ သို့မဟုတ် တနင်္ဂနွေနေ့များတွင် ရုပ်ရှင်ကြည့်ရန် ဈေးဝယ်ရန် ရွှေတိဂုံဖူးရန် စသော အကြောင်းများပြခဲ့ကာ ငြိမ်းနှင့်မေရီသည် ကျောင်းဆောင်မှ ထွက်လည်လေ့ရှိသည်။ မြို့ထဲ ရောက်သည်နှင့်တပြိုင်နက် ငြိမ်းသည် မေရီ့အား မေရီတယောက်တည်းအနေနှင့် ဘယ်သောအခါမျှ ရောက်လိမ့်မည် မဟုတ်သော နေရာများသို့ ခေါ်သွားလေ့ရှိသည်။

မြို့လယ်ရှိ အရေးပေါ်ကွက်သစ်များ၊ မီးဘေးဒုက္ခသည်စခန်းများသို့ မကြာခဏ ရောက်တတ်သည်။ ရောက်သည်ဆိုသော်လည်း အသိတယောက်မျှ ရှိသည်မဟုတ်ရကား ဟိုလမ်းဝင်သည်လမ်းထွက်နှင့် လျှောက်ကြခြင်းဖြစ်သည်။ လင်မယား၊ သို့မဟုတ် အိမ်နီးပါးချင်းများ ရန်ဖြစ်နေကြသည်ကို တွေ့လျှင် မေရီက ကြောက်၍ ထွက်ပြေးချင်သော်လည်း ငြိမ်းက စိတ်ဝင်စားစွာ ရပ်ကြည့်နေတတ်သည်။ ဆဲလုံး ဆိုလုံး ခနဲ့လုံး စောင်းလုံးများ ကြားလျှင် ငြိမ်းသည် သေသေချာချာ မှတ်ကာ ကျောင်းဆောင်ပြန်ရောက်လျှင် ဟန်နှင့်ပန်နှင့် ပြန်လုပ်ပြတတ်သည်။

ဂေါ်ရင်ဂျီကုလားများနှင့် ညနေစောင်းတွင် စည်နေလေ့ရှိသော ဘုံဆိုင်များကိုလည်း ငြိမ်းသည် မလှမ်းမကမ်းမှ ကြည့်ရသည်ကို သဘောကျသည်၊ ကုလားများ အရက်မူး၍ ပြောဟန်ဆိုဟန်များကိုလည်း ကျကျနန အတုခိုးသည်။

တခါတရံတွင်မူ သိမ်ကြီးဈေး သစ်သီးတန်းမှ ပန်းသီး၊ သပြက်သီးများကို လွယ်အိတ်နှင့် ဝယ်ထည့်ခဲ့၍ သပြက်သီးဝါးရင်း၊ ပန်းသီးကိုက်ရင်း ရန်ကုန်အရှေ့ဖျားမှ အနောက်ဖျား၊ သိမ်ကြီးဈေးမှ အင်းစိန် စသည်တို့ကို အသွားအပြန် ဘတ်စ်ကား အပျော်လိုက်စီးလေ့ ရှိသေးသည်။

"လေ့လာတတ်ရင် ဘတ်စ်ကားပေါ်တို့ မီးရထားပေါ်တို့မှာ ဘဝသင်ခန်းစာ အများကြီး ရနိုင်တယ်..." ဟူ၍ပင် ခပ်တည်တည်နှင့် ငြိမ်းသည် မေရီ့အား ပြောပြဘူးသည်။

"ငြိမ်းက အိမ်မှာ ကြီးတော်အပျိုကြီးတွေနဲ့ နေရတယ်။ သူတို့က သိပ်ချုပ်ချယ်တာဘဲ။ ငြိမ်းက ယောက်ျားလေးတွေလို ဟိုလမ်းဝင်သည်လမ်းထွက်၊ ဟိုဆိုင်ဝင်စား ဒီဆိုင်ဝင်စား အဲ့ဒီလို သိပ်နေချင်တာဘဲ"

ငြိမ်းက ဤသို့ပြောမှ ငြိမ်းဘာကြောင့် သူပုန်ဆန်ချင်သည်ကို မေရီမှာ နားလည်လာသည်။ ငြိမ်းမှာ သူပြောသည့်အတိုင်း အမှန်လည်း လုပ်သည်။ တရုပ်တန်း ပလက်ဖောင်း၊ သွင်ရုံ အရှေ့ဘက် ပလက်ဖောင်း အစရှိသည်တို့ပေါ်မှ အပေါစား တရုပ်ဆိုင်များသို့ဝင်ကာ ခွေးခြေပေါ် ကျကျနန ထိုင်လျက် တူနှစ်ချောင်းကို ကျကျနနကိုင်ကာ အစားအစာများအား မြိန်ရည်ရှက်ရည် စားတတ်သည်။ ရှံ့တတ်သော မေရီကမူ ခပ်လှမ်းလှမ်းမှ ရယ်ချင်စိတ်တဝက်၊ အံ့သြစိတ်တဝက်ဖြင့် ငြိမ်းလုပ်သမျှကို စောင့်ကြည့်နေရသည်။

"ငြိမ်း ဒါတွေရှောက်လုပ်နေတာ ငြိမ်းအိမ်ကသိရင် ဘာလုပ်ကြမလဲ မသိဘူး"

"သူတို့သိရင်လား... ငြိမ်းကို လင်မြန်မြန် ပေးစားလိုက်ကြမှာပေါ့ မေရီ..."

ငြိမ်းက မထီလေးစားဟန်နှင့် ပေါ့တီးပေါ့ဆဖြေဘူးသည်။

အစသော်.... ငြိမ်းနှင့်လိုက်ရသည်ကို စိတ်ပျက်မိသော်လည်း တစတစနှင့် မေရီမှာ ပျော်ရွှင်လာသည်။ တခါတရံ ငြိမ်းသည် မိမိစွန့်စားခန်းမှ ရယ်ရွှင်ဘွယ်ရာများကိုလည်း ပြန်ပြောတတ်သည်။

"ငြိမ်း တခါတုန်းက ဘိုင်စကုတ်ကို အပေါ်ဆုံး ရှေ့တကျပ်တန်းက ဝင်ကြည့်ရတာ ဘယ်လိုနေမလဲဆို ဝင်ကြည့်ဘူးတယ်"

"ဘယ်လိုနေလဲ"

"ဟား.... လူ့ကို အီသွားတာဘဲမေရီ"

"ဘာပြုလို့လဲ ဂျပိုးကိုက်လို့လား"

"မဟုတ်ဖူး....၊ ဖင်ဆိတ်ခံရလို့၊ အင်တာဗယ်အပေး ထလစ်ခဲ့ရတယ်..."

ငြိမ်းသည် မေရီ့အား အတတ်ကောင်းလေးများလည်း သင်ပေးသည်။

ငြိမ်းမှာ မြန်မာနိုင်ငံ သုတေသနအသင်းတွင် စတုဒင့်မင်းဘားခေါ် ကျောင်းသားအသင်းဝင် တဦး ဖြစ်သည်။ မေရီ့အားလည်း ဖွတ်ဝင်ခိုင်းကာ အသင်း၏ ဟောပြောပွဲများသို့လည်း ခေါ်သွားတတ်သည်။

"တက္ကသိုလ်ကျောင်းရောက်ပြီး သုတေသနအသင်းဝင်မှ၊ မဟုတ်ရင် တက္ကသိုလ်ကျောင်းသားကို မပြီသေးဘူး။ ဒီအသင်းရဲ့ ဟောပြောပွဲတခုကို နားထောင်ရတာဟာ စာအုပ်နှစ်ဆယ် ဖတ်ရတာလောက် ဗဟုသုတတိုးတယ်"

ထုံးစံအတိုင်းပင် ငြိမ်းလုပ်သမျှကို အထင်ကြီးမိသော မေရီသည် သုတေသနအသင်း၏ ဟောပြောပွဲများကို လိုက်တတ်မိသည်။ ဤသို့တက်မိခါမှ ဤအသင်း၌ ကိုမြင့်သူမှာ အမှုဆောင်အဖွဲ့ဝင် တဦးမှန်း မေရီသိခဲ့ရသည်။

သုတေသနအဖွဲ့ အစည်းအဝေးများကို မေရီတက်မှန်းသိသောအခါ မောင်သက်တင်မှာလည်း လိုက်၍ တက်လာသည်။ နောက်အခါများတွင် ပဂ္ဂိဝမ်းပါ ပါလာ၏။

မောင်သက်တင်၏ ဟင်းလင်းပွင့်နေသော နှလုံးသားအား မေရီတွေ့မြင်ခဲ့ရသည်မှာ ဤသို့သော ဟောပြောပွဲတခု၏ အပြီးတွင် ဖြစ်လေသည်။

ထိုနေ့က ဟောပြောပွဲမှာ ဆေးကောလိပ်ကျောင်းကြီး၌ ကျင်းပလေသည်။ ဟောပြောပွဲအပြီး၌ မေရီတို့ အသိုက်မှာ တက္ကသိုလ်နယ်မြေသို့ ပြန်ရန် ကျောင်းရှေ့မှ အင်းစိတ်ဘတ်စ်ကားကို စောင့်နေကြသည်။

ငြိမ်းက ကိုရွှေမောင်နှင့် မေရီနားမလည်သော ပြဿနာတရပ်ကို ဆွေးနွေးနေသည်။ ဆွေးနွေးသည် ဆိုသော်လည်း တယောက်မျက်နှာတယောက် ကြည့်ကြသည်မဟုတ်ပေ။ ကိုရွှေမောင်က ရှေ့တည့်တည့် စိုက်ကြည့်နေရင်း ပြော၍ ငြိမ်းက မြေပြင်ကို ငုံ့ကြည့်ရင်း ပြောနေခြင်းဖြစ်၏။

မေရီနှင့်ပဂ္ဂီက ရောက်လာသမျှ လူအပြည့်နှင့် ကျပ်နေသောကားများကို စိတ်ပျက်စွာ ငေးကြည့်နေခိုက် မောင်သက်တင်နှင့် မန္တလေးပန်ချာဆင်းတို့က အနားသို့ ရောက်လာကြသည်။

"ဟဲလို မစ္စတာဆင်း....၊ ရှင့်အသဲကဒဏ်ရာ ကျက်သွားဘီလား"

ဆင်း အနားသို့ ရောက်ရောက်ချင်း ပဂ္ဂီက လှမ်း၍ပြောလိုက်ခြင်း ဖြစ်သည်။ ဆင်းသည် မည်းနက်သော နှုတ်ခမ်းမွေးမုတ်ဆိတ်မွေးများအကြားမှ ဖွေးလက်ညီညာသော သွားများကိုပေါ်အောင် ပြုံးရင်း ပြန်ဖြေသည်။

"ဒါကတော့ ဒီလိုရှိပါတယ်ခင်ဗျာ၊ ဟို သဏ္ဍာန်လုပ်သရုပ်တူရမယ်ဆိုတဲ့ စကားလိုပေါ့....၊ စကားရည်လုပွဲတုန်းက အနိုင်ရအောင်သာ မဟုတ်တရုပ် လုပ်ဇာတ်ခင်းလိုက်ရတာပါ။ အမှန်မှာက ကျွန်တော့်အသဲဟာ ပွင့်စပန်းလို ထာဝစဉ်လန်းလျက်ပါ...."

ဆင်းမှာ ကမ္ဘဝါရွှတ်နေပြန်သဖြင့် မေရီသည် မပြုံးမိရန် နှုတ်ခမ်းကို အသာသွားနှင့်ကြိတ်ခဲထားရသည်။

ပဂ္ဂီမှာ ပြီးခဲ့သော စကားရည်လုပွဲ၌ ဆင်းတို့အဖွဲ့အား ရှုံးလိုက်ရသဖြင့် မကျေမချမ်း ဖြစ်နေသောကြောင့် ယခု တွေ့တွေ့ချင်း ဆင်းအား စတွယ်လိုက်ခြင်း ဖြစ်သည်။

ထိုစဉ်က ပြောခဲ့ရသည်မှာ လူကြိုက်များသော "မိန်းမသည် ယောကျ်ားထက် ကရုဏာတရား ပိုရှိသည်" ဟူသော ခေါင်းစဉ်ဖြစ်သည်။

ပဂ္ဂီမှာ အဆိုဘက်မှဖြစ်၍ ဆင်းတို့က ချေပရသည်။

ပဂ္ဂီသည် ဥပမာဥပမေယျ စုံစုံညီညီ ဟန်ပန်ချီ၍ အဆိုကို တင်သွင်းအပြီးတွင် ဆင်းက စတင်ချေပသည်။

"သြော်..... တဖက်က မိန်းမသားလေးတွေခမျာက သူတို့တွေဟာ ကျွန်တော်တို့လို အတောင် ၂၀ ဝတ်မင်းယောကျ်ားတွေထက် သနားကရုဏာအရာမှာ သာပါတယ်လို့ ချော့သလိုနော့သလို လေပြော့လေး သွေးတော့ ကျွန်တော်က သဒ္ဒါသုမနဇာတ်မှာ ပဲခူးမြဆိုသွားတဲ့ သီချင်းလေးမျိုးနဲ့ တုံ့ပြန်လိုက်ချင်တယ်ခင်ဗျ...."

လက်ခုပ်သံများကြားတွင် ဆင်းက ယဉ်ယဉ်လေး နိဒါန်းပျိုးလိုက်ပြီးနောက် သံနေသံထားနှင့် ဆက်ဆိုသည်။

"အခုမှ နမြောရလား ကိုသောနရဲ့၊ သုမနကျောမှာ ဒဏ်ရာတွေနဲ့ ဆိုတာလိုဘဲ၊ အခုမှ မချော့လာနဲ့၊ ဟောဒီက ကိုကိုပန်ချာအသဲမှာ ဒဏ်ရာတွေနဲ့လို့ ပြန်လှန်ကာ သူတို့ရက်စက်လေသမျှ လှစ်ပြလိုက်ချင်စမ်းလှတယ်....."

သို့ ဆင်းက ပြောခဲ့သည်ကို ရည်စူး၍ ပဂ္ဂီသည် ယခု နောက်လိုက်ခြင်းဖြစ်သည်။

ပဂ္ဂီနှင့်ဆင်းတို့ ဆက်လက်စကားစစ်မထိုးမိကြမီ မောင်သက်တင်ကဝင်၍ ဆင်းနှင့်မေရီအား မိတ်ဆက်ပေးသည်။

"ဟောဒီဟာ မစ္စတာကေဆင်း၊ ဒုတိယနှစ် ဘီအက်စီအင်ဂျင်နီယာက၊ သူကတော့ မေရီ၊ တယောက်နဲ့ တယောက် တွေ့ဘူးကြားဘူးတော့ ရှိကြပြီးသားဘဲ မဟုတ်လား"

မေရီက ပြုံးရင်း "သိရတာ အင်မတန်ဝမ်းသာပါတယ်" ဟု ဆိုသည်။ ဆင်းကမူ သူ့ထုံးစံအတိုင်း ခေါင်းညွှတ်ကိုယ်ယို့ကာ စကားဆက်ရှည်နေ၏။

"ကျွန်တော်ကလဲ သိရတာ အင်မတန်ဝမ်းသာပါတယ်။ မေရီနဲ့ ခုလို မခင်မင်ရသေးပေမယ့် ကျွန်တော်ဟာလဲ မေရီ့ကို ချီးမွမ်းလေးစားနေတဲ့သူတွေထဲ တယောက်အပါအဝင်ဆိုတာ ပြောပြချင်ပါတယ်။ ဒီမှာ အိုင်အေးကိုသက်တင်"

"ဆို...."

"ကျွန်တော်တို့ ဥသြငှက်လေးဟာ အသံသာသလောက် အရုပ်ဆိုးပြီး ရွှေဟင်္သာငှက်ကတော့ ရုပ်လှသလောက် အသံမကောင်းရှာဘူးလို့ ဆိုရိုးရှိတယ်မဟုတ်လား။ ဟောဒီက မေရီ့ကျတော့ ရွှေဟင်္သာငှက်ရဲ့ အလှနဲ့ ဥသြငှက်ရဲ့ အသံကို ပေါင်းထားတာပါဘဲဆို မှားမလားခင်ဗျာ"

ပါးစပ်ကို ဘရိတ်မအုပ်နိုင်သော ရွှေမန်းပန်ချာက တတ်သမျှမှတ်သမျှ စွပ်တောနေတော့သည်။ ပဂ္ဂီမှာ ခစ်ကနဲအသံထွက်အောင် ရယ်လိုက်မိသည်။ မေရီမှာပင် ဟန်မဆောင်နိုင်အောင် ပြုံးမိသွားသည်။

ဆင်းမှာ မည်မျှဆက် လေရှည်နေဦးမည်မသိ။ ကျောင်းဝင်းအတွင်းမှ အနက်ရောက် ပေါးလ်မင်း အမျိုးအစား ကားကလေးတစီးက ထွက်လာ၍ သူတို့အနီး ထိုးဆိုက်လိုက်သဖြင့် ဆင်း၏ ဟရန် ပြင်နေသော ပါးစပ်မှာ ပိတ်သွားသည်။

ကားမောင်းလာသူမှာ ကိုမြင့်သူဖြစ်လေသည်။

"ဟာ..... ဆရာ၊ ကားတွေဘာတွေ ဝယ်ပြီးဘီလား"

ဆင်းကမေးသည်။

"သိပ်အထင်မကြီးနဲ့ ဆင်း။ ဆရာဝယ်တာမဟုတ်ဖူး၊ ဆရာ့ဦးလေး ဝယ်ထားတာ"

ကိုမြင့်သူက ကျန်လူများဘက်သို့ လှည့်လိုက်ကာ......

"ကျောင်းပြန်ကြမယ်မဟုတ်လား....၊ လိုက်ခဲ့ကြလေ" ဟု ဖိတ်ခေါ်သည်။

"သင့်ခယူ ဆရာ၊ မေရီတို့ ကားမချောင်တာနဲ့ စောင့်နေကြတာ အတော်ပါဘဲ"

မေရီက ခေါင်းဆောင်ကာ ကားနောက်တံခါးကိုဖွင့်၍ တက်သဖြင့် ပဂ္ဂီကပါ လိုက်တက်သည်။

ငြိမ်းကမူ ကိုရွှေမောင်အား တချက်လှမ်းကြည့်လိုက်ပြီး "တခါထဲ လိုက်ခဲ့ပါလား" ဟု ခေါ်သည်။

"ရှေ့က နှစ်ယောက် ရပါသေးတယ်၊ လိုက်ခဲ့ကြလေ...."

ကိုမြင့်သူက ကားရှေ့တံခါးကို ဖွင့်ပေးရင်း ပြောသည်။

"ကဲ.... ကိုရွှေမောင်နဲ့ ကိုသက်တင် လိုက်သွားပေါ့၊ ကျွန်တော်က မြို့ထဲဝင်စရာရှိသေးတယ်"

ဆင်းကဆိုသဖြင့် ကိုရွှေမောင်နှင့် မောင်သက်တင်မှာ ကားရှေ့ခန်း၌ ဝင်ထိုင်လိုက်ကြသည်။

"ဩော်.... ဒါထက် ဆင်း၊ ကိုလှဝေတယောက် တွေ့သေးလား၊ ဆရာ့ဆီ မပေါ်လာတာ ကြာသွားဘီ"

ကိုမြင့်သူက ကားစက်နှိုး၍ ဂီယာသွင်းပြီးမှ ကလပ်ရှိမလွှတ်သေးဘဲ ရုတ်တရက် သတိရဟန်နှင့် မေးသည်။

“ဟာ.... အဲဒါပြောမလို့၊ ခု ကိုလှဝေကြီး အရင်သူနေတဲ့အိမ်မှာ မရှိတော့ဘူး၊ မြို့ထဲက သတင်းစာတိုက်တတိုက်မှာ ညအယ်ဒီတာ လုပ်နေတယ်တဲ့၊ ဒါကြောင့် မိုးခေါင်နေတာပေါ့ဆရာ”

“ဟင်..... ခင်ဗျားဘယ်ကကြားလဲ ဆင်း၊ ကျွန်တော်တို့လဲ သူပျောက်ခြင်းမလှပျောက်နေတာနဲ့ အံ့သြနေတာ”

မောင်သက်တင်ကပါ အံ့သြစွာနှင့် ဝင်မေးသည်။

“ဒီလူက ဘာကိုရှောင်ပြေးနေမှန်း မသိပါဘူး၊ ကျွန်တော်တောင်မှ ဟိုတယ်ဒီစီတီဆိုတဲ့ ကုလား ဟိုတယ်တခုမှာ ချောင်ထဲကုပ် ထမင်းစားနေတာ သွားတွေ့လို့၊ ညအယ်ဒီတာ လုပ်နေတယ်သာ ပြောတယ်၊ ဘယ်တိုက်မှာလို့ မပြောဘူး၊ ဒါပေမယ့် ဆိုင်ရှင်က ကျွန်တော့်သူငယ်ချင်းဆိုတော့ သိတာပေါ့၊ ညနေ ၄ နာရီဆို ဒီဆိုင်မှာ အမြဲထမင်းလာစားတယ်တဲ့၊ ကြည့်ရတာ တနေ့လုံးအိပ်ပြီး နိုးမှ မနက်စာနဲ့ညစာ ပေါင်းစားနေတယ်နဲ့တူတယ်”

ဆင်းက လေရှည်ကြီး ဆက်ရှင်းပြနေသည်။ မေးစရာမလိုတော့သော ကိုမြင့်သူက သူ့အားပြုံး၍ နှုတ်ဆက်ကာ ကားကို မောင်းထွက်ခဲ့သည်။

“ဆင်းတယောက်ကတော့ တော်တော်စုံတယ်နော်....”

မေရီက မှတ်ချက်ချသည်။

“ပန်ချာမို့လို့ပေါ့......., ဗမာဆိုရင်ခက်မှာ၊ ဩော်..... ဒါထက် သူ စကားရည်လုပွဲတွေမှာသုံးတဲ့ စကားတွေက သိပ်ကဗျာဆန်တယ်အောက်မေ့တယ်၊ ဟိုနေ့က ကိုအောင်ခင်မြင့်ကြီးပြောမှ သိရတယ်။ စကားပြောစရာရှိတိုင်း ဆရာ့ဆီ လာလာတိုင်ပင်တယ်ဆို”

ပဂ္ဂီက ကိုယ်ကို ရှေ့အနည်းငယ်ကိုင်း၍ ကိုမြင့်သူအား လှမ်းမေးသည်။

ကိုမြင့်သူက ပြုံးလိုက်သည်။ ရှေ့မှ ဘတ်စ်ကားတစီးကို ကျော်တက်နေဆဲဖြစ်သဖြင့် ချက်ခြင်းမှု အဖြေမပေး။

"ဆင်း လာတိုင်ပင်တာ ဟုတ်ပါတယ်၊ ဒါပေမယ့် သူ့အပြောကောင်းတာဟာ ဆရာ့ကြောင့်ချည်း မဟုတ်ဖူး၊ သူကိုယ်နှိုက်ကကို တော်တယ်၊ တခါတလေ ဆရာပေးလိုက်တဲ့ စကားတွေဟာ သာမန် ဗမာ လိုက်ပြောနိုင်မှာမဟုတ်ဖူး၊ သူကတော့ရတယ်"

ကားမှာ ပဲခူးကလပ်ရှေ့သို့ ရောက်လာသည်။ ပဂ္ဂိစကားမဆက်ရမီ ငြိမ်းက ဝင်မေးသည်။

"ဆရာ အရင်က ကဗျာတွေစပ်တာ ငြိမ်းဖတ်ဖူးပါတယ်။ အခု ဘာလို့မစပ်တော့လဲ"

ကိုမြင့်သူ၏ ကြည်လင်ရွှင်ပြုံးနေသော မျက်နှာမှာ ရုတ်တရက်မှိုင်းကျသွားသည်။ သူ့မျက်လုံးများမှာ ရှေ့တည့်တည့် အဝေးသို့ငေးရင်း ပြန်မေးသည်။

"ငြိမ်းလဲ ကဗျာဆရာမတယောက်ပဲ မဟုတ်လား၊ ဘယ်လိုအခါမျိုးမှာ ငြိမ်း ကဗျာတွေစပ်လေ့ရှိသလဲ"

"အို.... ငြိမ်းကတော့ ရင်ထဲမှာ ခံစားမှုတွေ ပြည့်လာတဲ့အခါ ဖွင့်အန်ပစ်တဲ့သဘောနဲ့ ရေးချ လိုက်တာ များတာပါဘဲ"

မေရီသည် ကားနောက်ပိုင်းမှနေ၍ တခြမ်းသာမြင်ရသော ကိုမြင့်သူ၏မျက်နှာကို အကဲခတ် ကြည့်ရှု လိုက်ပါလာသည်။ ကျန်လူများကလည်း ငြိမ်နေကြသည်။

ကိုမြင့်သူမှာ မှန်မှန်လေးပြေးလျက်ရှိသော ကား၏ စတီရာရင်ကို ထိန်းမောင်းလျက်ရှိစဉ် သူ့စိတ်မှာ ဝေးလံသော အတိတ်ကလေးဆီသို့ တဝက်တပျက် ရောက်လျက်ရှိမှန်း သူ့မျက်နှာကို အကဲခတ် လိုက်ပါလာသော မေရီက ရိပ်မိနေသည်။

ကိုမြင့်သူက အတွေးစများကို ရုပ်သိမ်းရပ်နားလိုက်ဟန် သက်ပြင်းတချက်ကို မသိမသာ ရှိုက်လိုက်၍ စကားဆက်ပြောသည်။

"ငြိမ်း ပြောသလိုပါဘဲလေ၊ ခံစားမှုတွေဟာ ရင်မှာပြည့်လျှမ်းလာတဲ့အခါ ထွက်လမ်းပေးတဲ့အနေနဲ့ အနုပညာတရပ်ရပ်ဟာ ပေါက်ဖွားလာစမြဲပေဘဲ။ အခုဆရာ ကဗျာတွေ မရေးတော့ကာ ခံစားမှုတွေ မရှိတော့လို့လားဆိုတော့ ဒီလိုလဲ မဟုတ်ပေဘူး၊ အရင်တုန်းက ခံစားမှုတွေက အဟုန်ပြင်းပြင်း တက်တက်ကြွကြွနဲ့ လှုပ်ရှားမှုသဘောက များနေတယ်။ အခုခံစားမှုကတော့ တမျိုးဘဲ၊ ဖေါ်ပြစရာ ကာရန်ရှာမတွေ့တဲ့ ခံစားမှုမျိုးတွေဘဲ။ ပြီးတော့ ပုဂ္ဂလိကခံစားမှုတွေကို ယေဘုယျစမ္မအနေနဲ့ တင်ပြ ချင်တဲ့စိတ်လဲ မရှိလှတော့ဘူး....."

"ဒါဖြင့် ဆရာ၊ ပြည်သူ့အနုပညာသဘောကို လက်ခံသလား....."

ကိုမြင့်သူက ပြုံးလိုက်သည်။

"အနုပညာတရပ်ကို ပြည်သူ့အနုပညာပါဘဲရယ်လို့ ဘယ်သူကဆုံးဖြတ်မလဲ၊ နိုင်ငံရေးသမားတွေကလား၊ ဒါမှမဟုတ် လူများစု လူပိန်းတွေကလား...."

ငြိမ်းနှင့်ကိုရွှေမောင်က ရယ်လိုက်ကြသည်။ မောင်သက်တင်ကမူ ဘာတွေအတွေးလွန်လာသည်မသိ၊ ကိုမြင့်သူ၏စကားကို ကြားလိုက်ဟန်မတူ။

"ဆရာအနေနဲ့တော့ ပြည်သူ့အနုပညာရဲ့ သဘောအချို့ကို တော်တော်လေး နှစ်ခြိုက်ပါတယ်။ ဒါပေမယ့် အနုပညာတရပ်ဟာ စေတနာစစ် စေတနာမှန်ကြောင့် အလိုအလျောက် ပေါက်ဖွားလာမှ ကောင်းတယ်။ တမင် ဇွတ်တရွတ်ပုံသွင်းပြီး ကြောက်ခြင်းကြောင့်သော်၄င်း၊ လူအထင်ကြီးစေလိုလို့ သော်၄င်း၊ ဂုဏ်လေးပါး လိုက်စားချင်လို့သော်၄င်း၊ ဖန်တီးထုတ်လုပ်လိုက်ရတဲ့ အနုပညာဟာ အနုပညာသက် သေနေတတ်တယ်။ အခုဆရာတို့ တွေ့နေကြရတာက တချို့အနုပညာသမားတွေဟာ ပြည်သူ့အနုပညာဆိုတာကို ကောင်းတယ် ချီးမွမ်းနေကြတဲ့နေရာမှာ ချီးမွမ်းခြင်းဟာ ဝစ်လစ်စားလစ် ဖြစ်နေတဲ့ ဘုရင်ကို အင်မတန်လှတဲ့ အဝတ်အစားတွေ ဝတ်ထားပါတယ်လို့ ချီးမွမ်းနေကြရတဲ့ မှူးမတ်တွေနဲ့ သိပ်တူနေတယ်....."

ကားမှာ စည်ကားသော မြေနီကုန်းအနိမ့်ထဲသို့ ဆင်းရောက်လာသဖြင့် ကိုမြင့်သူက စကားစကို ဖြတ်၍ သတိနှင့် ဆက်မောင်းလာနေသည်။

ကိုမြင့်သူထံ အာရုံလုံးဝရောက်နေရာမှ မေရီသည် ရှေ့တည့်တည့်သို့ ကြည့်လိုက်သည်။ ကားမှန်ထဲ၌ ကားတွင်းရှိ လူများ၏အရိပ်သည် ထပ်ထင်နေသည်။ ရှေ့ပြောင်းလာသော မေရီ၏ မျက်လုံးအစုံမှာ မှန်၌ အရိပ်ပေါ်နေသော မောင်သက်တင်၏ မျက်လုံးများနှင့် သွားဆိုင်မိသည်။ မောင်သက်တင်သည် မှန်ထဲမှ မိမိ၏သဏ္ဍာန်ကို ကြည့်လျက်နေမှန်း မေရီက သိလိုက်သည်။

မောင်သက်တင်၏ အကြည့်မှာ သတိလွတ်ငေးငိုင်နေသူတဦး၏ မြတ်နိုးစွာသော အကြည့်ဖြစ်သည်။ မျက်နှာတွင်မူ တစုံတခုအား တန်းတမြော်လင့်နေသော သဏ္ဍာန်မှာ ထိခိုက်စွာပေါ်လွင်နေလျက် မရုပ်သိမ်းနိုင်သော မျက်လုံးများ၏ အကြည့်မှာ နှုတ်မှမဆိုသော စကားတို့အား လှစ်ဟ၍နေသည်။

ဤအကြည့်ကြောင့် မေရီ၏ရင်မှာ အေးသယောင် နွေးသယောင် ဖိုနင့်သွားသည်။ ဤအကြည့်က မေရီ၏ မျက်လုံးများကို ရုတ်တရက် မခွာနိုင်အောင် ဆွဲငင်ထားသည်။ မျက်လုံးကို လွှဲရှောင်ပြီးသော အခါတွင်မူ မေရီ၏ရင်မှာ တုန်လှုပ်နေ၏။

"စာရေးဆရာတွေ ကဗျာဆရာတွေဟာ မိမိတို့အကြောင်းကို မိမိတို့ပြန်ဖေါ်ပြ နေကြတယ် ဆိုတာကို ကော ဆရာဘယ်လိုသဘောရလဲ"

ယခုအချိန်အထိ စကားတလုံးမျှ မဟခဲ့သေးသော ကိုရွှေမောင်က စမေးသည်။

"ဒါကတော့ ဒီလိုရှိတယ်လေ...."

မဟာမြိုင်လမ်းမှ ရုတ်တရက် ကွေ့ထွက်လာသော ကုန်အပြည့်တင်လာသည့် ကားကြီးတစင်းနှင့် တိုးနေသဖြင့် ကိုမြင့်သူက ကားဘရိတ်အုပ်၍ စက်ကင်းဂီယာသို့ ပြောင်းလိုက်ရသဖြင့် စကားကို ခေတ္တဆိုင်းထားလိုက်ရသည်။

"စာရေးဆရာတွေ ကဗျာဆရာတွေဟာ မိမိတို့အကြောင်းကို ပြန်ဖေါ်ပြတယ်ဆိုတာက မိမိတို့ရဲ့ ဘဝဖြစ်ကြောင်းကို ပြန်ရေးပြတာကို မဆိုလိုပါဘူး။ မိမိတို့ရဲ့ လောကအမြင်၊ မိမိတို့ရဲ့ လူဘဝကို အဓိပ္ပာယ်ကောက်ယူထားပုံ စသည်တွေကို တင်ပြတဲ့သဘောကို ဆိုလိုတာပါ၊ အဲ စာပေနယ် ကဗျာနယ်ကို ဝင်စလူတွေကတော့ များသောအားဖြင့် ကိုယ့်အဖြစ်အပျက်ကို တိုက်ရိုက် ပြန်ဖေါ်ပြတတ်ကြတယ်။ ဒါဟာလဲ အပြစ်မဆိုသာပေဘူး။ အနုပညာတရပ်ကို တွန်းကန်ထုတ်လိုက်ဖို့ မီးအား လိုတယ်။ ဒီမီးအားသေရင် အနုပညာဟာလဲ ရပ်သွားတတ်တယ်...."

"အဲဒီမီးအားဟာ ဘာလဲဆရာ...."

ငြိမ်ချက်သားကောင်းနေရာမှ ပဂ္ဂီက ဝင်မေးလိုက်သည်။ ကိုမြင့်သူက ယဲ့ယဲ့ ပြုံးလျှက် ရှေ့သို့ ကြည့်ရင်း တလုံးချင်းဖြေသည်။

"ချစ်ခြင်းမေတ္တာရယ်၊ ချစ်ခြင်းမေတ္တာနဲ့ ခွဲခြားလို့ ဘယ်အခါမှမရတဲ့ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း၊ မနာလိုခြင်း၊ ခွင့်လွှတ်ခြင်း၊ မာန်မာနနဲ့ နောင်တ သဘောတွေပေါ့..."

အားလုံး အတွေးကိုယ်စီနှင့် ငြိမ်သွားကြသည်။

မေရီ၏နားတွင်မူ ကိုမြင့်သူ၏ နောက်ဆုံးစကားရပ်များမှာ ထပ်လည်ပျံ့ဝဲနေသည်။ သူပြောသလိုပင် သူ့ဘဝအတွေ့အကြုံကိုပင် ပြန်ဖေါ်ပြလိုက်လေလားမသိ။

"မောင်သက်တင် ကျောင်းဆောင်မှာ ဆင်းနေရစ်မလား...."

ဟံသာဝတီအဝိုင်းကို လွန်သောအခါ ကိုမြင့်သူက မေးသည်။

"ကျွန်တော် အင်းယားဟောအထိဘဲ လိုက်မယ်ဆရာ။ ကန်စောင်းလမ်းလျှောက်ချင်သေးလို့..."

မောင်သက်တင်က မေရီဘက်သို့ အနည်းငယ်စောင့်လှည့်ကြည့်ရင်း ဖြေသည်။

"ကိုရွှေမောင်ကော...."

ကိုရွှေမောင်က အဖြေရကြပ်ဟန် ခေတ္တတွေးနေသည်။ နောက်မှ "ကိုသက်တင်နဲ့ လိုက်ခဲ့ပါအုံးမယ်လေ" ဟု ဆိုသည်။

ကိုမြင့်သူက အားလုံးအား အင်းလျားကျောင်းဆောင်ရှေ့တွင် ချထားပေးပြီးနောက် နှုတ်ဆက်လျက်ထွက်ခွာသွားသည်။ ထမင်းဆာလှပြီဖြစ်သော ပဂ္ဂီမှာ ဟန်မဆောင်တော့ဘဲ ကျောင်းဆောင်တွင်းသို့ ဝင်ပြေးသည်။

မေရီက မောင်သက်တင်အား မော့်ကြည့်လိုက်သည်။ မောင်သက်တင်၏ အမူအရာမှာ တစုံတခုအား ပြောရန် ချိန်ဆနေပုံရသည်။ မနီးမဝေးတွင် မျက်မှန်စုံတွဲမှာလည်း မြေပြင်ကို ငေးစိုက်ကြည့်လျက် ရပ်နေကြ၏။

"ကိုသက်တင် ကိစ္စရှိသေးလို့လား..."

မေရီက စတင်မေးရသည်။ သည်တော့မှသူက လှုပ်ရှားလာသည်။

"အင်း နဲနဲပြောစရာရှိလို့ပါ၊ နက်ဖြန်ညနေ ကျောင်းဆင်းပြီးရင် အယ်လ်စီအာရ်နားမှာ ခဏစောင့်ပါလား။ တုတ်တုတ်ရှိနေလိမ့်မယ်။ ကျွန်တော်တို့ လာခဲ့မယ်လေ၊ ကြယ်ဖြူတို့ ပွင့်ဦးတို့လဲ ပါလိမ့်မယ်"

"ဘာလုပ်စရာရှိလို့လဲ ကိုသက်တင်"

"အထွေအထူး မဟုတ်ပါဘူး၊ နဲနဲ ဆွေးနွေးကြရအောင်ပါ"

"ဘာတွေ ဆွေးနွေးမှာလဲ ကိုသက်တင်၊ နိုင်ငံရေးတွေလား။ မေရီ ဒါတွေ ဝါသနာမပါဘူး"

"နိုင်ငံရေးမဟုတ်ပါဘူး။ ကျောင်းသားအရေးတွေပါ၊ အားလုံးက မေရီ့ကို လာစေချင်ကြတယ်၊ ကျွန်တော်ကလဲ တောင်းပန်ပါတယ် မေရီ"

"ကိုသက်တင်က လာပါဆိုရင်တော့ လာရတာပေါ့လေ။ သိပ်ရှုပ်ရှုပ်ထွေးထွေးတွေတော့ မေရီနားမလယ်ဘူး"

ငြိမ်းနှင့် သူ့လူကလည်း ယခုမှစ စကားဆိုကြသည်။

"ကိုရွှေမောင် လမ်းရောက်မလို့လား"

"ဟင့်အင်း မရောက်ပါဘူး"

ငြိမ်းကသူ့အား ဖျတ်ကနဲမော့်ကြည့်လိုက်သည်။

"နို့ဘာပြုလို့ လိုက်လာလဲ"

သူက စကားပြန်ရန်ဟန်ပြင်သည်။ နှုတ်ခမ်းများမှာ လှုပ်လာပြီးမှ ဘာမျှမဖြေတတ်ဟန်နှင့် ပြန်ငြိမ်သွားသည်။

"ငြိမ်းကို ဘာပြောစရာရှိသေးလဲ...."

"အာ.....အာ....ဘာ.... ဘာမှမရှိပါဘူး...."

ပထမဦးစွာ ငြိမ်းမှာ ရဲတင်းလာကာ ပြုံးလည်းပြုံးမိသွားသည်။

"ဒါဖြင့် ငြိမ်းသွားမယ်....."

သူက ငြိမ်းအား တချက်မော့်ကြည့်လိုက်ပြီး အေးချမ်းစွာဆိုသည်။

"ဟုတ်ကဲ့...."

ငြိမ်းက မေရီတို့ဘက်သို့ လှည့်ကြည့်လိုက်သည်။

"ကဲ ကိုသက်တင် ဒါဘဲလား၊ ကိစ္စမရှိတော့ရင် မေရီဝင်တော့မယ်လေ...."

"ခဏနေပါအုံး မေရီ...."

မေရီက မျက်လုံးဝန်းဝန်းလေးများကို ပြူးလျက် သူ့အားမော့်ကြည့်သည်။

“ကျွန်တော် သီချင်းတပုဒ် စပ်ထားတယ်....”

“ဩော်.... ဩော်....”

“ကျွန်တော် အရင်က သီချင်းတပုဒ်မှ မစပ်ဖူးဘူး။ စပ်စရာလဲ မရှိဘူး မေရီ...”

သူက ဖြေးလေးစွာ ရှင်းပြနေ၏။

“ပြီးတော့ ဒီသီချင်းဟာ ဘယ်သူဆိုဘို့မှလဲမဟုတ်ဖူး...”

“အို...”

မေရီက အံ့သြသွားသည်။

“နို့.... ဘာပြုလို့စပ်တာလဲ.....”

“ဘာပြုလို့စပ်မိမှန်းလဲ မသိဘူး....”

“ဟင်....”

မေရီက သွားကလေးများပေါ်အောင် ပြုံးမိသွားသည်။

“ရှင့်သီချင်း နံမယ်ကကော....”

“သဲဦးပန်းတဲ့...”

“အို..... သဲဦးပန်းတဲ့လား၊ နံမယ်လေးက လှလိုက်တာ....”

သူက မေရီအား ငိုင်၍ တချက်ငေးလိုက်သည်။ သူ၏အငေးကြည့်မှာ စောစောကကဲ့သို့ ရင်မှစကားကို သွယ်ပို့လေသော အကြည့်တည်း။

သူသည် မြက်လုံးများကို လွှဲဖယ်လိုက်ပြီး အိတ်တွင်းမှ စာရွက်ခေါက်လေးတခုအား ထုတ်ပေးသည်။

"ဖတ်ကြည့်ပေါ့မေရီ၊ အသံနဲ့အသွားကို နောက်တော့မှ နားထောင်တာပေါ့...."

သူက မရယ်မပြုံးနှင့် မေရီအား နှုတ်ဆက်လျက် ကိုရွှေမောင်နှင့်အတူ ထွက်သွားသည်။

စာရွက်ခေါက်လေးအား ကိုင်ရင်း ငိုင်ကျန်ရစ်သော မေရီမှာ ငြိမ်းကပ်လာမှ သတိရလျက် အဆောင်ဝင်းတွင်းသို့ ဝင်ခဲ့သည်။

"ကိုသက်တင်က ဘာပြောသွားတာလဲ မေရီ....."

သိချင်ဇောကြောင့် ငြိမ်းက လွှတ်ခနဲ မေးမိသွားသည်။

မေရီက သက်ပြင်းလေးရှိုက်လျက် ကျောင်းဆောင်ရှေ့မှ လေအဝှေ့တွင် ယိမ်းနွဲ့လှုပ်ရှားနေသော ရောင်စုံပန်းညှာခိုင်များအား ကြည့်ရင်း လေးပင်စွာ ဖြေလိုက်၏။

"ကိုသက်တင်ဟာ သူ့အသဲနှလုံးကို မေရီ့ ဖွင့်ပြသွားတယ်ထင်တယ် ငြိမ်း...."

## အခန်း(၁၀)

တိမ်ကြားမှ ထွန်းလက်သော နေမှာ အတန်ပင်ပူနေသည်။

တကောင်းကျောင်းဆောင်ရှေ့ရှိ ပုဏ္ဏရိက်ပင်များ စီတန်းပေါက်ကာ ရံလျက်ရှိသော ကတ္တရာစေးလမ်း တလျှောက်မှနေ၍ ကတုံးဆံတောက် ရွှေမျက်မှန်နှင့် အရပ်ရှည်ရှည် လူရွယ်တဦးသည် လူမိမည်ကို လန့်သော သူခိုးဟန်နှင့် ဘေးဘတ်ဝန်းကျင်အား ကျီးကန်းတောင်းမှောက်ကြည့်ရင်း သုတ်သီး သုတ်ပျာနှင့် မပြေးရုံတမည် လျှောက်လာသည်။

ကျောင်းဆောင်အလယ် လှေကားဆီမှ လက်ဖက်ရည်ဗန်းလေးကို ရွက်လျက် ဆင်းလာသော ကုလားလေးတဦးအား မြင်သည့်အခါ သူသည် ရုတ်တရက် ကျောင်းဆောင်အနောက်ဖက် အစွယ် လှေကားမှ ပြေးတက်ကာ ခပ်ကွယ်ကွယ် ရှေ့သို့ ဆက်လျှောက်သွားသည်။

သူသည် ချွတ်နင်း၍ ကျောင်းဆောင်၏ အရှေ့ဘက်အဆွယ် အပေါ်ထပ်သို့ ရောက်သောအခါ လက်ျာဘက်သို့ ချိုးလျက် ကွေ့လျှောက်လာသည်။

ထိုစဉ် ရေချိုးခန်းများဘက်ဆီမှ တင်ဦးမောင်၏ အသံပြာပြာသည် ပေါ်ထွက်လာသည်။

"ဟေ့ကောင်တွေ ...... ပြန်ပေးကွာ၊ ရှစ်ကြီးခိုးပါရဲ့....."

ရွှေမျက်မှန်နှင့် ကျောင်းသားက တချက်ပြုံးလိုက်ကာ အခန်းတခုရှေ့ရောက်သော် ခါးမှ သော့ကို ထုတ်၍ ဖွင့်နေသည်။ ထိုအခိုက်တွင်ပင် ပါးစပ်ကို လက်ဝါးနှင့်အုပ်၍ ကျိတ်ရယ်ရင်း ဖြေဖော့နင်း လျက် ကိုရှိန်သည် ရေချိုးခန်းများဘက်ဆီမှပင် ပေါ်လေသည်။ ကိုရှိန့်ကိုမြင်သောအခါ ရွှေမျက်မှန် နှင့် ကျောင်းသားက လက်ညှိုးနှင့် ပါးစပ်ကို တေ့ပြလျက် အသံမထွက်ရန် တားသည်။

"ခွေးကောင်ကြီး..... မြင့်သန်း၊ နင်ဘယ်ပျောက်နေလဲ"

"ရှူး..... တိုးတိုး၊ ငါ စကျက်တခု တွေ့ထားလို့....."

"ဘယ်မှာလဲ....၊ ပုဇွန်တောင် ချီးစက်မှာလား"

"ထွီ.... မင်းသွားချီး၊ တကယ်ပါကွ၊ ရွှေတိဂုံပေါ်မှာ ငါအခု တံမြက်လှဲအသင်းထဲ ဝင်ထားတယ်...."

"ဘာလဲ.... မင်း ပိတ်ဖြူစင်ကြယ်ဝတ်ပြီး ဥပုသ်သယ်လေးတွေကို သူတော်ကောင်းပိုး ပိုးနေတယ် မဟုတ်လား၊ ငါတို့ ကြားပြီးပါဘီ"

မြင့်သန်းက တဟဲဟဲရယ်ရင်း ခုတင်ပေါ် ထိုင်ချလိုက်သည်။

"မင်းဘာရီတာလဲ"

ကိုရှိန်က ဟီးကနဲရယ်လိုက်ကာ "ကိုရွှေသာအောင်ကြီးပေါ့ကွာ" ဟုဆို၍ အနီးရှိ ကုလားထိုင်ကြီး၌ ဝင်ထိုင်လိုက်သည်။

"ကိုရွှေသာအောင်ကြီးပေါ့။ အီအီးသွားယိုတာ ဟိုဘက်အိမ်သာခန်းထဲ သူရောက်နေတာ ငါက သွား အသံပြုမိလို့...."

ကိုရွှေသာအောင်ဆိုလျှင် စကားအများဆုံး ကျောင်းသားတယောက်မှန်း ကျောင်းဆောင်တဆောင်လုံးက သိလေသည်။ သူနှင့်ယှဉ်လျက် အိမ်သာတက်မိသော ကျောင်းသားမှာ တဖက်ယိုအိမ်ခန်းမှ သူပြော သမျှကို တအင်းအင်းလိုက်ရသောဒုက္ခ တွေ့တတ်သည်။

"ငါက သွားအသံပြုမိတော့ သူကမေးတယ်၊ လောကကြီးမှာ ဘာလုပ်ရတာ ဇိမ်အရှိဆုံးလဲတဲ့။ မသိဘူး ဆိုတော့ အီအီးယိုတာတဲ့။ ပြီးတော့ ပုံဆက်ပြောတော့တာပါဘဲ၊ တခါတုန်းက ပညာရှိအမတ်ကြီးကို ဘုရင်က လောကကြီးမှာ ဘာဇိမ်အရှိဆုံးလဲမေးတော့ အီအီးယိုတာလို့ ဖြေမိတာနဲ့ သတ်စေအမိန့် ချခံရသတဲ့၊ ပညာရှိအမတ်ကြီးက သူမသေခင် ဘုရင်ကို ထမင်းကျွေးဧည့်ခံပါရစေလို့ လျှောက် သတဲ့။ ထမင်းစားပွဲမှာ အမတ်ကြီးက ဘဲတို့ဝက်တို့ဆိုတဲ့ အပုပ်စာတွေ၊ သရက်သီးမှည့် ငှက်ပြော သီးမှည့်နဲ့ သဘော်သီးပျော်ပျော်ကြီးတွေ ကျွေးသတဲ့။ ပြီးတော့မှ လေ့စီးကြွတော်မူပါဆိုပြီး အပျိုတော်တွေပါတင်ပြီး ရေလယ် ခေါ်သွားသတဲ့။ အတော်ကြာတော့ ဘုရင်ကြီးဗိုက်ထဲ ရစ်လာလို့ လေ့ကမ်းကပ်ခိုင်းတာ ကပ်မပေးဘဲ မြစ်လယ်မှာဘဲ ဆက်ညှဉ်းထားသတဲ့၊ နောက်ဆုံး ဘုရင်ကြီး အတော် မသက်မသာဖြစ်နေမှ ချုံထူတဲ့ကမ်း ကပ်ပေးလိုက်သတဲ့။ ချုံထဲက ဘုရင်ကြီး ပြန်ထွက် လာတော့ အမတ်ကြီးက လောကကြီးမှာ ဘာ ဇိမ်အရှိဆုံးပါလဲဘုရားလို့ မေးတော့ "အိမ်း..... အီအီးယိုတာဘဲဟ" လို့ ပြန်မိန့်ပြီး မသတ်ဘဲ ဆုတော်လပ်တော်တွေ ချီးမြှင့်သတဲ့...."

"သူ့ပုံကလဲ ကြံကြံဖန်ဖန်ကွာ"

မြင့်သန်းက ရယ်ရင်းပြောသည်။

"ပုံဆုံးတာတောင် စကားတွေ ဆက်နေသေးတယ်။ ဒါနဲ့ငါလဲ အင်းကျဲကျဲ လိုက်ပေးတယ်။ တခါတလေ သိပ်ကျဲသွားရင် သူက သေချာအောင်မေးရင် ပြန်ထူးလိုက်တယ်၊ အခုသူစိတ်ချပြီး ဆက်လေပန်းနေတုန်း ခြေသံမကြားအောင် ထွက်ခဲ့တာဘဲ၊ ငါရှိသေးတယ်မှတ်လို့ ဆက်ကန်နေလေရဲ့"

ထိုအခိုက်တွင် တင်ဦးမောင်၏အသံမှာ ထွက်လာပြန်သည်။ ဤအကြိမ်တွင်မူ ဒေါသသံပါနေသည်။

"ချမ်းလှဘီကွ၊ ပေးပါတော့ မအေ.... လေးတွေ"

"ကိုအီစွတ် ဘာဖြစ်နေတာလဲ...."

ကိုအီစွတ်ဆိုသော အမည်မှာ တင်ဦးမောင်၏ အခြားဘွဲ့တခုဖြစ်သည်။ ကျောင်းသူတဦးအား ကာဇင်ကာဇင်နှင့် ပွတ်နေခဲ့ရာ ကာဇင်မှအီစွတ်ဟူ၍ ပြောင်း အမည်ပေးထားကြခြင်း ဖြစ်သည်။

"ဘာဖြစ်ရမလဲ.... ဟိုကောင်လေးတွေက ပုဆိုးလှမ်းနှိုက်ယူပြီး ဖွက်ထားတာအတွက် ခက်နေလို့ပေါ့"

မြင့်သန်း၏ ပြုံးဖြဲနေသော မျက်နှာမှာ ထိတ်လန့်သောအမူအရာသို့ ပြောင်းသွားသည်။ ထိုခဏတွင်ပင် ကျောင်းသားလူငယ်နှစ်ယောက်မှာ အပေါက်ဝ၌ ပိတ်ရပ်ပြီးဖြစ်သည်။

"လာခဲ့.....လာခဲ့၊ ခင်ဗျားကြီး စောင့်ဖမ်းနေတာ အခုမှမိတယ်၊ ဘယ်မှာလဲ ကျွန်တော်တို့ပိုက်ဆံပြန်ပေး"

မြင့်သန်းမှာ မပြေးနိုင်တော့သဖြင့် မျက်နှာကို စပ်ဖြဲဖြဲနှင့် အသနားခံသောအမူအရာ လုပ်ပြနေ၏။

ကျောင်းသားလေးနှစ်ဦးမှာ မောင်အုန်းကျော်နှင့် မောင်လှမြင့်ခေါ် လူသစ်ကလေးများ ဖြစ်သည်။ ကျောင်းရောက်စ မအူမလယ်တနေ့တွင် မြင့်သန်းသည် သူတို့အခန်းရှေ့သို့ ရောက်သွားပြီး ငွေဖလားတလုံးနှင့် "ကျွန်တော်တို့အသင်းကြီးအတွက်" ဟု ခပ်တည်တည် ဆိုသည်။ လူငယ်နှစ်ဦးက တကျပ်စီထည့်သောအခါ နည်းသည်ဟု သူကပင် ပြန်ဟောက်သောကြောင့် နောက်ထပ် တကျပ်စီ ထည့်ကြရပြန်သည်။ မြင့်သန်းသည် ရသောပိုက်ဆံနှင့် ရုပ်ရှင်ရုံသို့ လစ်သတည်း။ ၎င်းနောက် ကောင်လေးတွေနှင့် မတွေ့အောင် ရှောင်ပြေးနေသည်။

"ဟဲ ဟဲ.... ငါ့ညီတို့ရာ ပြန်ပေးစရာမရှိဘူး၊ ဟော အကို့ညီမ နှစ်ယောက် မင်းတို့အရွယ်ဘဲ ဟဲ....ဟဲ၊ အင်းယားမှာ တယောက်၊ ဘင်တန်မှာတယောက်၊ အကိုလိုက် မိတ်ဖွဲ့ပေးမယ်၊ ကျေနပ်ပလား....."

"တော်ပါ ခင်ဗျားနှမတွေကလဲ ခင်ဗျားလို မျက်နှာပြောင်တာတွေဆို ဘယ့်နှယ်လုပ်မလဲ...."

"စိတ်ချပါငါ့ညီတို့ရာ၊ အကိုလိမ်မပြောဘူး၊ ရုပ်လဲမဆိုးဘူး၊ ကွာ နောက်ဆုံးသူတို့နဲ့ မှီပြီး မင်း ဟို မေရီတို့ သင်သင်တို့လို အချောလေးတွေနဲ့ မိတ်ဆွေဖြစ်နိုင်ပါတယ်....."

"ဟာ မရဘူး၊ လာဟေ့ သူ့အိတ်ထဲ နှိုက်ကြရအောင်...."

ပြောပြောဆိုဆို ကောင်လေးနှစ်ယောက်က မြင့်သန်းအိတ်ထဲ ဝိုင်းနှိုက်ကြရာ ဆယ်တန်အထပ်လိုက် ကျလာသည်။

"ဟ..... မြင့်သန်းရ၊ ချမ်းသာလှချည်လား..."

မြင့်သန်းသည် ချော့ချော့မော့မော့နှင့် လူငယ်နှစ်ယောက်အား ဆယ်တန်တချပ် ပေး၍ နှင်လွှတ်လိုက်ရသည်။

"ငါ မြင်းနိုင်ထားတာကွ၊ အကြွေးဆပ်ရမှာစိုးလို့ ကရာနီမမြင်အောင် ပုန်းတက်လာတာ၊ အတက်မှာ တိုဟီးနဲ့ သွားဆုံတော့မလို့ မနဲမမြင်အောင် ရှောင်ပြေးခဲ့ရတာ....."

သူ့စကားမဆုံးမီပင် ဆဲသံ၊ ဆူသံနှင့်အတူ တင်ဦးမောင် ပေါ်လာသည်။ လုံချည်မရနိုင်သဖြင့် အနံ တထွာသာရှိသည့် မျက်နှာသုတ်ပုဝါလေးကို မလုံ့တလုံ ပတ်ထွက်လာရရှာသည်။

"ရီးမှဘဲ၊ တော်ဘီ.... မင်းတို့ကျောင်းဆောင် ဘယ်တော့မှ နောက်လာမလယ်တော့ဘူး....."

စူအောင့်လာသော တင်ဦးမောင်သည် မြင့်သန်းလက်တွင်းမှ ဆယ်တန်များအား မြင်သောအခါ ချက်ခြင်း ပြုံးရွှင်သွားသည်။

"ဟကောင်ကြီး မြင့်သန်းရ ချမ်းသာနေလှချည်လား...."

"ဘိုးဘိုးကွ၊ ကဲပါ မြင်မကောင်းရှုမကောင်းနဲ့ အခန်းထဲရောက်အောင် ဝင်စမ်းပါအုံး။ တော်တော်ကြာ ဝါဒင်ကတော် ထွက်လာလို့ တစ္ဆေချောက်တတ်ဆို လန့်ဖျပ်နေအုံးမယ်...."

သည်တော့မှ တင်ဦးမောင်မှာ သတိရဟန်နှင့် အုန်းကျော်တို့အား ကျိန်ဆဲလိုက်၍ အခန်းတွင်းသို့ ဝင်ကာ ပုဆိုးတထည် ယူဝတ်လိုက်သည်။

"ကဲ..... ကိုယ့်လူ၊ ဒီတနင်္ဂနွေ ဘိုင်ကျလို့ ဘယ်မှမထွက်ရဘူးထင်တာ၊ တကာတော်ရေမြေ့ရှင် ပေါ်လာလို့ အတော်ဘဲ..."

မောင်ရှိန်က ကျေနပ်နှစ်သိမ့်စွာ ပြောသည်။

"အမယ်လေး ချမ်းသာပေးကြပါကွာ၊ ငါဒါလေးနဲ့ ခုမြင်းပွဲသွားမလို့ဟာ...."

"အံမယ်.... ဘာရမလဲ၊ နောက်အပတ်မှသွား၊ ဒို့ပြောတာနားမထောင်ရင် ကရာနီဆိုင်ကို အကြောင်းကြားလိုက်မယ်...."

မြင့်သန်းမှာ မျက်လုံးပြူးသွားသည်။

"ကဲ..... မောင်မင်းကြီးသားတို့၊ အကြပ်တော့မကိုင်နဲ့၊ သဘောဘဲ။ တိုးတိုးတော့လုပ်ကြ..."

"အေး....... ဒါမှပေါ့ကွ၊ ဟေ့ရွှေနားရေ၊ လာဟေ့မြင့်သန်း...."

တင်ဦးမောင်က လှမ်းအော်ရာ စကားမဆုံးမီ မြင့်သန်းက ပါးစပ်ကိုထပိတ်သည်။

"ရှိခိုးပါရဲ့ တိုးတိုး၊ လူတကာသိကုန်လို့ ပါသမျှ ပြောင်တော့မှာဘဲ...."

ဤနေရာမျိုး၌ နားပါးသော ရွှေနားပေမှာလည်း သွား ၃၂ ချောင်း ပေါ်အောင်ပြုံးရင်း အခန်းဝ၌ ပေါ်လာသည်။

"မောင်ရင်က မပေါ်လာနဲ့ ပေါ်လာတော့လဲ ဘိုးဘိုးအောင်အတိုင်းပါလား၊ ရွှေမိုးငွေမိုးရွာလို့...."

အောင်ခင်မြင့်က အော်ကျယ်အော်ကျယ်ပြောရင်း ဝင်ထိုင်သည်။

မြင့်သန်းက တစုံတခုကို သတိရသည့်ဟန်နှင့် အသံကို နှိမ့်ကာပြောသည်။

"ဟေ့.... ဒီနေ့ မြို့ထဲမှာ အတော်ပျော်စရာကောင်းမယ်၊ ဇယ်လေးတွေ တော်တော်ထွက်ကြတယ် ငါ မေရီနဲ့ ငြိမ်းကိုတောင် ဖရေဇာလမ်းပေါ် တွေ့ခဲ့ရသေးတယ်။ ပြီးတော့.... ဟိုကားစိမ်းကြီးပေါ်မှာ.... သင်သင်ရောဟေ့၊ ပြီးတော့....."

"ပြီးတော့.... ဘာဖြစ်လဲ...."

"ပြီးတော့... မထွက်စဖူး နွဲ့နွဲ့လဲ တွေ့တယ်ကွ။ ကားနဲ့ဆရာ၊ ဘယ်သူမောင်းတဲ့ ကားထင်လဲ"

"ဘယ်သိမလဲ"

"ဒို့ ကိုမြင့်သူကြီးပေါ့"

"ဟေ..."

ကျန် ၃ ဦးသားက တဦးမျက်နှာတဦး လှည့်လည်ကြည့်နေမိကြသည်။

"ငါတော့ မဟုတ်မှလွဲရော၊ တော်တော်ကြာ နွဲ့နွဲ့နဲ့ ကိုမြင့်သူနဲ့...."

မြင့်သန်းက စကားကို အဓိပ္ပာယ်ပါပါနှင့် တပိုင်းတလက်စ ရပ်ထားလိုက်သည်။

"ဟာ..... မဖြစ်နိုင်ဘူး၊ မင်းတို့ငါတို့ ငယ်သူငယ်ချင်းတွေဘဲ မဟုတ်လား၊ ကိုမြင့်သူအကြောင်း သိကြသားဘဲ၊ ကိုလှဝေပေါ် ဒီလောက်သစ္စာမမဲ့ဘူး"

အောင်ခင်မြင့်က ပြောသဖြင့် ကျန် ၃ ဦးမှာ ငိုင်သွားကြပြန်သည်။

"အေး..... ဒါထက် ကိုလှဝေတယောက်ကော"

ကျောင်းဆောင်တွင် နေသော်လည်း မြို့ထဲ၌သာ အချိန်ကုန်လေ့ရှိသော မြင့်သန်းက မေးသည်။

"အဲဒါပြောမလို့ပေါ့၊ ကိုလှဝေ ပျောက်သွားတာကြာဘီ၊ ကိုကိုပန်ချာကပြောတော့ သတင်းစာတိုက် တတိုက်မှာ ညအယ်ဒီတာ ဝင်လုပ်နေတယ်ဆိုဘဲ"

ကိုရှိန်ကမူ ငြိမ်တွေးနေသည်။ နောက် စဉ်းစဉ်းစားစားဝင်ပြောသည်။

"ကိုမြင့်သူနဲ့ နွဲ့နွဲ့ရဘို့က ခဲယဉ်းပါတယ်၊ ဒါပေမယ့် ကိုမြင့်သူနဲ့ မေရီကတော့"

ကိုရှိန်ကလည်း သူ့စကားကိုသူ အရှိန်သတ်ထားသည်။

"ဟာ.... မဖြစ်နိုင်တာကြီး၊ ဒို့သူငယ်ချင်းမို့ ဒို့အမွှန်းတင်ပြောတာမဟုတ်ဖူး၊ ကိုမြင့်သူက ဆရာတယောက်အနေနဲ့ ကျောင်းသူတွေကို ဆက်ဆံတဲ့နေရာမှာ အင်မတန်သန့်ရှင်းတယ်"

မြင့်သန်းက ဝင်ကန့်ကွက်သည်။

"ဒါပေမယ့် မင်းလဲသိသားဘဲ၊ မေဘယ်လ်ကို ကိုမြင့်သူ ဘယ်လောက်အထိ ချစ်တယ်ဆိုတာ၊ မေဘယ်လ်နဲ့ ရုပ်ချင်းမှာရော၊ သီချင်းအဆိုမှာရော ဒီလောက်တူတဲ့ မေရီနဲ့ ပြန်ဆုံတော့ ကိုမြင့်သူ စိတ်ချမ်းသာအုံးမတဲ့လား...."

"ဒီမှာတရုပ်ပုပ်၊ ငါပြောမယ်၊ ကိုမြင့်သူ စိတ်မချမ်းသာတာတော့ မသိဘူး၊ ဒို့သေက်တင်လေးတော့ အတော့်ကို ထိနေဘီ"

အောင်ခင်မြင့်က ကိုရှိန့်စကားကိုဖြတ်၍ ဝင်ပြောသည်။

"ဟုတ်လား၊ ဒို့တယောဆရာလေး ဘယ်လိုထိနေလဲ"

"ဟိုတလောက မိုးကြီးလေကြီးထဲ ပိတောက်ပန်းတွေတက်ခူးပီး အင်းယားသွားပို့တယ်တဲ့၊ မေရီဆီဘဲ ဖြစ်နေမှာဘဲ၊ ဟိုတနေ့ညကလဲ မအိပ်ဘဲ တယောတကျွီကျွီနဲ့၊ မေးတော့ သီချင်းစပ်မလို့တဲ့၊ သီချင်းနာမည်ကလဲ သဲရွှေပန်းဆိုလားမသိဘူး"

"သောက်ပင်းက မဟုတ်တာတော့ မှန်မှန်ကြားတယ်၊ ဟုတ်တာကျ ပင်းပြပါဘီ၊ ဘယ်ကလာ သဲရွှေပန်းရမလဲ၊ သဲဦးပန်းပါ။ ငါ့တောင် တနေ့က တီးပြသေးတယ်"

တင်ဦးမောင်က မချည့်မဆံ့ရယ်သံပြုရင်း ပြောသည်။

"နေပါအုံး၊ အခု ဒီသတ္တဝါလေး ဘယ်မှာလဲ"

မြင့်သန်းကမေးသဖြင့် ကိုရှိန်ကဖြေသည်။

"ဘယ်မှာရမလဲ.... ကိုယ့်ထမင်းကိုယ်စားပြီး ကြီးတော်နွား လိုက်ကျောင်းပေးနေတာပေါ့၊ သူတို့ အဖွဲ့က ဒီနှစ်ရွေးကောက်ပွဲမှာ အကြိတ်အနယ် ဝင်နွှဲမလို့တဲ့လေ....၊ ဖိုးတိလေးက အခု ပိုစတာ ကပ်ရ၊ ဆွေးနွေးပွဲတက်ရနဲ့ သိပ်အလုပ်ရှုပ်နေတာ"

"အေးပေါ့ကွာ.... ကျောင်းချင်တာကျောင်းပါစေ၊ ကောလိပ်ရောက်ခါစ မလယ်သေးခင်တော့ တကြိမ် မဟုတ် တကြိမ် ကြီးတော်နွားကျောင်းရတဲ့ လူချည်းဘဲ"

မြင့်သန်းက နာရီကို ငုံ့ကြည့်လိုက်သည်။

"ကဲ..... မြန်မြန်အဝတ်စားလဲကြ၊ တွဲလ်သာတီးရှိုးမှီအောင်"

"ရုပ်ရှင်မမှီလဲ အရေးမကြီးဘူး၊ ဒီနေ့ ရုပ်ရှင်ထက်ကောင်းတဲ့ ဇာတ်လမ်းတွေ တွေ့ချင်တွေ့ရအုံးမှာ"

သူငယ်ချင်း ၄ ဦးမှာ ကဗျာကရာ အဝတ်အစားလဲ၍ အင်းစိန်ဘတ်စ်ကားနှင့် မြို့တွင်းသို့ ထွက်ခဲ့ကြသည်။

သူငယ်ချင်းတသိုက်မှာ ဂလုပ်ရုံ၌ ပြလျက်ရှိသော ကားကိုကြည့်ရန် သဘောတူကြသည်။ ရုံသို့ ရောက်သောအခါ မြင့်သန်းက လက်မှတ်သွားယူနေစဉ် ကျန် ၃ ယောက်မှာ ရုံရှေ့ရှိ ဆိုင်တဆိုင်တွင် စီးကရက် မြေပဲဆားလှော် စသည်တို့ဝယ်ရင်း စောင့်နေကြသည်။

မလှမ်းမကမ်းတွင်မူ ရုံ၌ နောင်ပြမည့်ကားများ ကြော်ငြာထားသည့် ပိုစတာကြီးများကို တွေ့နိုင်သည်။ ကြော်ငြာထားသည့်အနက် နှစ်ကားမှာ ပြပြီးသားပြန်လာမည့် ကားများဖြစ်သည်။ ပိုစတာတခု၏ ရှေ့တွင် ဘောင်းဘီရှည်၊ သတင်းစာစက္ကူဆင် ဟာဝေယံအင်္ကျီနှင့် အမေရိကန်ဂိုက် ဖမ်းနေသော ထောင်ကဲရွယ်ရွယ်တဦးအား တွေ့ရ၏။

"ဟော့.... ဟိုမှာ အမေရိကုန်းကြီးပါလား....."

ပါးစပ်ကို အငြိမ်ထား၍မရသော မောင်ရှိန်က ထောင်ကဲဘက်သို့ မျက်စပစ်ပြရင်း ဆိုသည်။

ထောင်ကဲမှာ အင်္ဂလိပ်စာ သိပ်တတ်ဟန်မပေါ်ချေ။ သို့ရာတွင် ပိုစတာအနီး၌ မိန်းမပျိုနှစ်ဦး လာရပ်သည်နှင့် တပြိုင်နက် သူသည် ဟန်ပါပါနှင့် ကြော်ငြာလို အော်ဖတ်လိုက်သည်။

"ထရေးဝါး အစ်စလင်၊ ကိုးလားဘိုင် တစ်ချနီကိုးလား...."

ထိုအခိုက်တွင် မြင့်သန်းမှာ သူ့မိတ်ဆွေများအနီးသို့ ပြန်ရောက်နေပြီဖြစ်သည်။ ထောင်ကဲ၏အသံကို ကြားသောအခါ ရွှေမျက်မှန်အောက်မှ သူ့မျက်လုံးများမှာ ပြူးသွားကာ ခေါင်းမှာလည်း ထောင်ကဲ ရှိရာဘက်သို့ ချာခနဲလည့်သွားသည်။ ပိုစတာအနီးရပ်နေသော မိန်းမပျိုနှစ်ဦးမှာ ခစ်ကနဲ အသံ ထွက်လျက် ပါးစပ်များကို လက်ကိုင်ပုဝါနှင့်အုပ်ကာ ကျိတ်ရယ်လိုက်ကြ၏။

ထောင်ကဲဖတ်လိုက်သော ကြော်ငြာထားသည့်ကားမှာ ရတနာဒီပံခေါ်သော ကားဖြစ်သည်။ ကြော်ငြာထားသော အင်္ဂလိပ်စကားများ၏ အသံထွက်အမှန်မှာ "ထရဲရှားအိုင်လင်၊ ကာလားဘိုင် တက္ကနီကာလာ" ဟူ၍ ဖြစ်သည်။ ရေးဟန်နှင့် ဖတ်သံကို နားမလည်သဖြင့် ထောင်ကဲမှာ တလွဲတချော် ရွတ်လိုက်ခြင်း ဖြစ်၏။

မောင်ရိုန်နှင့် မြင့်သန်းက တဦးမျက်နှာတဦး ကြည့်လိုက်ပြီးနောက် ဇာတ်တိုက်ထားသော လူရွှင်တော်နှစ်ဦးအလား ထောင်ကဲ၏ရှေ့၌ ရင်ဘောင်တန်း ရပ်လိုက်ကြသည်။ အနီးရှိ အခြားပိုစတာတခုကို ကြည့်လိုက်ကြ၍ လည်ပင်းကော်လာများကို ဟန်ပါပါ ဆွဲလိုက်ကြပြီး ပြိုင်တူအော်ဖတ်လိုက်ကြ၏။

"သရဲကိုးမီးဟိုမီး၊ နောင်းရှိုးအင်း အက်ဂလိုဘီ"

ထိုအချိန်တွင် အနီး၌ အတန်စုမိပြီဖြစ်သော အင်္ဂလိပ်စာတတ် ရုပ်ရှင်ကြည့်ပရိသတ်များထံမှ ဝါးကနဲ ရယ်မောသံ ပေါ်လာသည်။ အနီးရှိ မိန်းမပျိုနှစ်ဦးမှာလည်း မအောင့်နိုင်တော့ဘဲ ကိုယ်ကလေးများ သိမ့်သိမ့်တုန်အောင် အူတက်မတက် ရယ်နေကြသည်။

သူတို့နှစ်ဦး ဖတ်လိုက်သော ကြော်ငြာ၏ အသံထွက်အမှန်မှာ "သရီးကမ်း ဟုမ်း၊ နောင်းရှိုးအင်း အက်ဂလုပ်" ဟူ၍ ဖြစ်သည်။ ထောင်ကဲအား အရွဲ့တိုက်၍ အသံထွက်ကို မလိုက်ဘဲ စာလုံးပေါင်း အလိုက်တမင် တလွဲတချော် အော်လိုက်ကြခြင်း ဖြစ်သည်။

ထောင်ကဲ၏ မျက်နှာဖြူဖြူမှာ ရှက်ဒေါသသွေး ရောရှက်ပေါ်လာသဖြင့် ခရမ်းချဉ်သီးမှည့် အရောင် ဖြစ်လာသည်။ သူသည် မြင့်သန်းအား အရင် ရင်ဆိုင်လိုက်၏။

"ကင်းများလို့က ကယုတ်ကို နောက်တာလား...."

မြင့်သန်းက မျက်လုံးပြူးမျက်ဆန်ပြူးနှင့် လက်ဝါးကာပြကာ မောင်ရိုန်၏ဘက်သို့ လက်ညှိုးညွှန်ပြသည်။ မောင်ရိုန့်ဘက်သို့ ထောင်ကဲက လှည့်လိုက်သောအခါ မောင်ရိုန်ကလည်း အလားတူ လုပ်ပြ၍ မြင့်သန်းဘက်သို့ လက်ညှိုးညွှန်ပြသည်။ အူကြောင်ကြောင်ဖြစ်နေရာမှ ထောင်ကဲသည် မြင့်သန်းဘက်သို့ လှည့်လိုက်ပြန်သည်။ မြင့်သန်းက သူ့ပါစပ်တွင်းသို့ လက်ညှိုးညွှန်ပြကာ လက်ဝါးခါပြ၍ မောင်ရိုန်ဘက်သို့ ညွှန်ပြသည်။ တဖန်မောင်ရိုန်က မနီးမဝေးရှိ အောင်ခင်မြင့်ဆီသို့ လက်ညှိုးထိုးလိုက်ပြီးမှ မိမိ၏နားဆီမိမိ ပြန်ညွှန်ပြလျက် လက်ဝါးခါပြ၏။

အနီးရှိ ပရိသတ်မှာ တဝါးဝါးနှင့် ဖြစ်နေပေပြီ။ အရှုံးလုပ်ခံရသော ထောင်ကဲမှာ သူ့အတွက် ကြာလေ ဆိုးလေဖြစ်မည်ကို ရိပ်မိသည့်အလား မြင့်သန်းတို့နှစ်ဦးအား မျက်စောင်းထိုးလျက် "ဘလက်ဒီဖူး" ဟု ခပ်တည်တည်ဟောက်ကာ နေရာမှ အမြန်ဆုံး ထွက်ခွာပြေးသည်။

သည်တော့မှ သူတို့နှစ်ဦးမှာ လက်ခုပ်လက်ဝါးတီးကာ အားရပါးရ ရယ်လိုက်ကြသည်။

"ဟေ့..... ဟေ့ မင်းတို့က ဘာဖြစ်တာလဲ"

ရွှေနားပေ အောင်ခင်မြင့်က အနားကပ်လာ၍ မေးသည်။

"သြော် အရေးထဲကျ ဒို့ရွှေနားပေက ပင်းပြေပါဘီ။ ဒီမှာ ဟိုထောင်ကဲက မင်းအနေသလားဆိုလို့ ငါက နားမကြားဘူးလို့ ရှင်းပြနေတာ"

မောင်ရိုန်က အသားလွတ်ခွပ်လိုက်သဖြင့် အောင်ခင်မြင့်သည် သူ့ကျောကို လက်ဝါးနှင့် တအား ချလိုက်သည်။

"ခွေးကောင်တွေ၊ နောက်ဖို့ဆို နေရာမရွေးဘူး။ နင်တို့ဘယ်နေ့ အပေါက်ကျဉ်းနဲ့ ကြုံတော ရောက်ကြမယ် မသိဘူး"

ထိုအခိုက် စောစောက အမျိုးသမီးနှစ်ဦးမှာ သူတို့အားဖြတ်ကျော်၍ ဆူးလေးလမ်းမကြီးဆီသို့ ကူးသွားရာ မျက်လုံး ၃ စုံမှာလည်း တညီတည်း လိုက်ပါသွားကြသည်။

"ဘယ့်နှယ်လဲ..... မနိပ်ဖူးလား"

မောင်ရိုန်က မေးသည်။

မြင့်သန်းက နှာခေါင်းရှုံ့ရင်း "ဗမာပြည်မြေပုံ အတိုင်းဘဲ" ဟုဆိုသည်။

"ဘယ်လို ဗမာပြည်မြေပုံအတိုင်းလဲ"

"ကြည့်ပါလား၊ ဗမာပြည်မြေပုံလိုဘဲ။ အပေါ်ပိုင်းက ဖေါင်းကားပီး ခါးကျသေးလို့၊ အောက်ပိုင်းရှူး နေတယ်မဟုတ်လား။ ပေါင်လေးတွေက တနင်္သာရီ ကမ်းရိုးတန်းအတိုင်းဘဲ"

မြင့်သန်း၏စကားကြောင့် ကျန်နှစ်ဦးမှာ သဘောကျစွာ ရယ်လိုက်ကြသည်။

"ဟ ဒါထက် ကိုအီစွတ်ကော"

အောင်ခင်မြင့်က သတိပေးလိုက်၏။

သူတို့ လှမ်းကြည့်လိုက်သောအခါ ခပ်ဝေးဝေး မြေပဲဆားလှော်၊ ပါတာနီရောင်းသော ကုလားဆိုင်အနီး ရုပ်ရှင်ရုံ မျက်နှာစာရှိ အုတ်တိုင်တခုကိုမှီလျက် တင်ဦးမောင်သည် ဆူးလေလမ်းမကြီးဘက်သို့

ပေးကြည့်နေ၏။ မျက်လုံး ၃ စုံသည် တင်ဦးမောင်ပေးရာဘက်သို့ လှည့်ကြည့်လိုက်မိသည်တွင် သူတို့ ၃ ဦးပါ ငိုင်ကျသွားကြ၏။

ဆူးလေးဘုရားလမ်း တဖက် ရာဇ်ရုံဆီမှ မိန်းကလေးနှစ်ဦးသည် ကချင်လွယ်အိတ် ကိုယ်စီလွယ်လျက် ဤဘက်သို့ ကူးလာနေကြသည်။

တဦးမှာ ငြိမ်းဖြစ်၍ ကျန်တဦးမှာ မေရီဖြစ်သည်။

"ဟေ ငြိမ်းနဲ့မေရီ၊ သိပ်တွဲနေကြပါလား"

မောင်ရှိန်က မှတ်ချက်ချသည်။ ၃ ဦးသား မျက်လုံးများက မေရီတို့ထံ လိုက်ရင်း လူများကမူ တင်ဦးမောင်၏ အနီးသို့ ရောက်လာကြသည်။

"ငမ်းပေး ကိုအီစွတ်၊ မျက်လုံးက မျက်မှန် ပေါက်ကွဲတက်ကျတော့မယ်"

သည်တော့မှ တင်ဦးမောင်မှာ သတိဝင်လာဟန်နှင့် ရင်မှ မချိမဆန့် ထွက်လာသောအသံဖြင့် ညည်းသည်။

"ဟင်း ဟင်း"

"အလို....... ကိုအီစွတ် ဘာရောဂါလဲ"

"ဟင်း ဟင်း"

ကျန် ၃ ဦးမှာ မျက်လုံး ပြိုင်တူပြူးသွားကြသည်။

"ဟော့ ကြည့်လုပ်ကြပါအုံး၊ ဝက်ရူးပြန်တော့မယ်ထင်တယ်"

အောင်ခင်မြင့်က ဝင်နောက်လိုက်မှ တင်ဦးမောင်သည် လှုပ်ရှားလာ၏။

"မင်းအဘ ဝက်ရူးပြန်ရမှာလား"

နို့ဘာဖြစ်တာလဲ"

“ဝမ်းနဲလို့ကွ၊ ဝမ်းနဲလို့”

“အလို ဘာတွေများ ဝမ်းနဲရပြန်တာလဲ”

“ကြည့်စမ်းကွာ လောကကြီးမှာ မေရီတို့လို သိပ်လှတဲ့ ကောင်မလေးတွေရှိတယ်၊ ရှိတာကိုလဲ တွေ့နေရတယ်၊ ပြီးတော့ ဒီလောက်လှတဲ့ ကောင်မလေးတွေကိုလဲ ငါ ဒီတသက် ရမှာမဟုတ်ဖူး”

တင်ဦးမောင်က အကယ်ပင် ဝမ်းနည်းပန်းနည်း ပြောနေသဖြင့် မောင်ရှိန်က “အေး ဝမ်းတော့နဲပေါ့ကွာ၊ ငိုတော့ မငိုပါနဲ့၊ ပြိတ္တာတို့မျက်ရည် မြေမကျကောင်းဘူးလို့ ဆိုတယ်” ဟု ဝင်ခွပ်လိုက်၏။

“မင်းအမေ….”

မြင့်သန်းတယောက်ကမူ ငြိမ်နေသည်။ လှည့်ကြည့်လိုက်ကြသော အခါတွင်မူ သူသည်လည်း လမ်းတဖက်သို့ ငေးရင်း ငိုင်နေ၏။

“ဟာ သွားပြန်ပြီဟေ့ တယောက်”

လမ်းတဖက် မျက်နှာချင်းဆိုင်ရှိ အိုရီရင့်ဟော်တယ်တွင်းမှ ဒေါ့ရစ်လှလှတင်တို့ သင်သင်တို့ ထွက်လာကြသည်၊ သူတို့နှစ်ယောက်နောက်မှ ကပ်လျက် ဟင်နရီညွှန့်နှင့် အခြားယောက်ျားပျိုတဦးလည်း ပါလာသည်။

သူတို့သည် ဟော်တယ်နှင့် မနီးမဝေးရှိ ကားစိမ်းကြီးရှိရာသို့ လျှောက်လာကြသည်။ ကားအနီးသို့ ရောက်သောအခါ ဟန်နရီညွှန့်က ကားနောက်တံခါးကိုဖွင့်လျက် မိန်းကလေးများအား တက်စေသည်။ နောက် သူနှင့်အဖေါ်မှာ ရှေ့ခန်း၌ နေရာယူပြီး ကားကိုကွေ့ပတ်လျက် မြောက်ဘက်သို့ အလံပြဘုရားလမ်းအတိုင်း မောင်းထွက်သွား၏။

“ဟင်း…..တောက်….”

မြင့်သန်းက သက်ပြင်းချ တောက်ခေါက်လိုက်သည်။

“ဟော လာပြန်ဘီတယောက်၊ ဒါကကော ဘာရောဂါလဲ”

“ဒေါပွတာကွ၊ ဒေါပွတာ”

"သြော်.... ဒေါပွရင်လဲ အကျိုးအကြောင်းလေး ပြောပြီးမှပွပါလား သူငယ်ချင်းရာ၊ မင်းဘယ်သူ့ကို ဒေါပွတာလဲ"

"ငါ့အဖေနဲ့ အမေကိုပေါ့ကွ"

"ဟေ...."

"ဒီအဖိုးကြီးနဲ့ အဖွားကြီးဟာ နဲနဲမှ မသိတတ်ဖူး၊ တကယ်ဆို ကိုယ့်သားလေး ကောလိပ်ရောက်ရင် အဆင်သင့်စီးဖို့ ကားလေးဘာလေး ဝယ်ပေးနိုင်အောင် စုဆောင်းထားကြရောပေါ့၊ ဟင်း အခုတော့ တောက် ..... ငါကားမရှိလို့...."

မြင့်သန်းက ခပ်တည်တည်နှင့် ပြောနေသည်ကို တင်ဦးမောင်က ဝင်နှက်လိုက်၏။

"သြော်..... လူကလေးရယ်၊ ဖေဖေကတော့ ဝယ်ပေးချင်တာပေါ့ မင်းမေမေက ကပ်စေးနဲ မဟုတ်လား...."

မြင့်သန်းမှာ အရှိုက်ထိသွားသဖြင့် ရုတ်တရက် ဘာပြန်ချေရမှန်းမသိဘဲ တင်ဦးမောင်အား မျက်စောင်းထိုး ကြည့်နေသည်။

"မင်း ကားစီးချင်ရင် ကျောင်းမှာ အခုဖွဲ့နေတဲ့ ဟိုပြည်တော်သာအဖွဲ့ ဝင်ပါလား၊ သူတို့မာမီက သိပ်အစွမ်းထက်ဆိုဘဲ၊ ကားစီးမလား ရာထူးကောင်းကောင်းယူမလား၊ ဂျပန်ပြည်သွားမလား"

"ဟော့ကောင် တော်တော်၊ မင်း ငါးကြော်စားချင်ပြီထင်တယ် လာ ဒီနားနေရတာ စိတ်မချမ်းသာပါဘူး။ ရုံထဲဝင် လေပန်းကြရအောင်"

မောင်ရှိန်က စကားကိုဝင်ဖြတ်ကာ ရှေ့ဆောင်လျက် ရုံဆီသို့ထွက်ခဲ့၏။

ကာလ်တန်ရုံ အောက်တွင်မူ ငြိမ်းနှင့်မေရီတို့က ရပ်နေကြသည်။ ပြနေသောကားမှာ ကားကောင်းဖြစ်သဖြင့် ၃ ကျပ်ခွဲတန်း လက်မှတ်ပေါက်ဌာပင် လူအတော်စည်နေသည်။ ကံအားလျော်စွာပင် ဘယ်ဆီက ပေါ်လာသည်မသိ၊ ကိုရွှေမောင်က ကုပ်ချောင်းကုပ်ချောင်းနှင့် ငြိမ်းတို့နားသို့ ရောက်လာသည်။

"သြော်.... ကိုရွှေမောင်၊ ရုပ်ရှင်ကြည့်မလို့လား"

ငြိမ်းက အရင်နှုတ်ဆက်သည်။

"ဟုတ်တယ်.... ငြိမ်းတို့ကော"

သူက ထုံးစံအတိုင်း မျက်လွှာကို အောက်ချရင်း ပြောသည်။

"ငြိမ်းတို့လဲ ကြည့်မလို့ဘဲ၊ လက်မှတ်ပေါက် လူရှုပ်နေလို့"

အလိုက်မသိသောသူက ဘာမျှပြန်မပြောဘဲ လက်မှတ်ပေါက်ဆီသို့သာ လှမ်းကြည့်နေသည်။

"ဒီမှာ ကိုရွှေမောင်၊ ငြိမ်းတို့ကို လက်မှတ်ဝယ်ပေးပါလား....."

"ဟုတ်..... ဟုတ်ကဲ့...."

မေရီက တဖက်သို့လှည့်ကာ အသာပြုံးလိုက်မိသည်။ ငြိမ်းက လွယ်အိတ်တွင်းမှ ပိုက်ဆံကိုနှိုက်၍ သူ့လက်တွင်းသို့ ထည့်လိုက်သည်။

"၃ ကျပ်ခွဲတန်းကနော်၊ ကိုရွှေမောင့်အတွက်ပါ၊ ၃ စောင်ယူခဲ့၊ ဟုတ်လား...."

သူက ငြိမ်းအား မော့်ကြည့်လိုက်သည်။ မသွားသေးဘဲ တွေနေသော်လည်း ပါးစပ်မှ ဘာစကားမျှ ထွက်မလာ။

"သွားလေ.... ကိုရွှေမောင်...."

သည်တော့မှ သူ့ထံမှ စကားကထွက်လာ၏။

"ငြိမ်းက တကျပ်ခွဲ စိုက်နေရအုံးမယ်...."

"ရှင်.... ဘာပြုလို့..."

"ကျွန်တော်က နှစ်ကျပ်တန်းက ကြည့်မှာ"

မေရီမှာ ပါးစပ်ကို လက်ကိုင်ပုဝါနှင့်ဖိကာ ကျိတ်ရယ်နေမိသည်။ ငြိမ်းက မျက်မှောင်ကလေး ကြုတ်လျက် ရှေ့မှ ငွစာအား တချက်စိုက်ကြည့်လိုက်သည်။

"ဒီမှာကိုရွှေမောင်.....၊ ငြိမ်းပြောတာ လုပ်စမ်းပါ၊ ၃ ကျပ်ခွဲတန်းက ၃ စောင်၊ သွားတော့လေ တော်တော်ကြာ လက်မှတ်ကုန်သွားအုံးမယ်...."

သည်လိုဆိုပြန်တော့ သူသည် ဘာမျှပြန်မပြောတော့ဘဲ လက်မှတ်ရုံဆီသို့ ငိုက်စိုက်ငိုက်စိုက်နှင့် ထွက်သွားသည်။

"ကောလိပ်ကျောင်းသားထဲမှာ ဒီလောက်အတဲ့လူလဲ ရှိသေးတယ်နော်...."

မေရီက မှတ်ချက်ချသည်၊ ငြိမ်းက ဘာမျှပြန်မဖြေဘဲ ကိုရွှေမောင်ရှိရာဘက်သို့ တချက် လှမ်းကြည့် လိုက်သည်။

"လာငြိမ်း၊ မြေပဲလှော်တို့ ကျစုသီးတို့ ဝယ်ရအောင်..."

မေရီသည် ပြောပြောဆိုဆို ဆိုင်တဆိုင်ဆီသို့ ထွက်ခဲ့သည်။ မေရီနောက်လိုက်ရန် ခြေလှမ်းပြင်လိုက် သော ငြိမ်းမှာ ရှေ့မှကာဆီးလျက် ရပ်လိုက်သော လူတယောက်ကြောင့် တုံ့သွားသည်။

"ငြိမ်း"

အချိန်မှန်ဘွဲ့ရ စာရေးဆရာကြီးပင်ဖြစ်သည်။ ငြိမ်း၏ မျက်နှာလေးမှာ ဖြူလျော်သွားကာ မျက်လုံးများ လည်း ဝိုင်းသွား၏။

"ငြိမ်း....၊ ရက်စက်လှချည့်လား ငြိမ်းရယ်...."

စာရေးဆရာကြီး၏ အသံမှာ သူ့ဝတ္ထုထဲမှ ဇာတ်လိုက်များ၏ အသံလိုပင် ဆွေးဆွေးမြေ့မြေ့ ရှိလှသည်။

"ငြိမ်းဆီကို ကျွန်တော် စာတွေထဲ့တာ ၁၅ စောင်ရှိပြီ။ ငြိမ်းတို့ဟောလ်ကို ရောက်တာလဲ ၁၀ ခေါက် မကဘူး ငြိမ်း သိပ်နေနိုင်တာဘဲ...."

ငြိမ်းသည် မေရီရှိရာဘက်သို့ လှမ်းကြည့်လိုက်၏။ မေရီကလည်း ဆိုင်ရှေ့မှ ရပ်ရင်း မျက်လုံးလေး ပြူးလျက် သူတို့နှစ်ဦးအား ငေးကြည့်နေသည်၊ ငြိမ်းရင်ဆိုင်နေသော အခက်အခဲအား မေရီက ရိပ်မိ သော်လည်း လူနှစ်ဦး၏ ကိုယ်ရေးကိုယ်တာကိစ္စထဲ၌ ဝင်ဟန့်တားရဲသောသတ္တိ မေရီ၌ မရှိသေးချေ။

“ကျွန်တော်ဟာ တခါက မာနကြီးဘူးပါတယ် ငြိမ်း၊ ကျွန်တော်ရေးသမျှ စာလုံးတွေတိုင်းဟာ ပြည်သူတွေအတွက် ဖြစ်ရမယ် ယုံကြည်ခဲ့တယ်၊ အခုတော့ ကျွန်တော်တွေးသမျှဟာ ငြိမ်းအကြောင်းဖြစ်သလို ကျွန်တော်ရေးသမျှဟာလဲ ငြိမ်းအတွက် ဖြစ်နေဘီလေ၊ ဒါဟာ ကျွန်တော်ရဲ့ ကျဆုံးမှုဘဲ၊ ငြိမ်းအတွက် ကျွန်တော်ရဲ့ ကျဆုံးမှုဘဲ”

သူကသာ ဆက်ပြောနေသည်။ ငြိမ်း၏မျက်နှာလေးမှာ တစထက်တစ နီရဲလာသည်။ မျက်လွှာမှာ အောက်ချ ထားသော်လည်း ငြိမ်း၏ရင်တွင်း၌မူ ပီဇပါအားနာခြင်းနှင့် သူပုန်ဆန့်ကျင်မှုသဘော နှစ်ခုမှာ ရုန်းကန်တိုက်ခိုက်နေကြသည်။ ခဏချင်းမှာပင် ငြိမ်း၏ မျက်နှာလေးက တင်းလာကာ ခေါင်းသည်လည်း မော့လာ၏။

“ဒီနေရာဟာ ဒီစကားမျိုးပြောဘို့ မဟုတ်ဖူးလို့ ငြိမ်းထင်တယ်”

သူက သဲ့သဲ့ ပြုံးလိုက်သည်။

“မှန်ပါတယ်၊ ဒါပေမယ့် ရှောင်ပုန်းလေတဲ့ ငြိမ်းတယောက်ကို ကျွန်တော်က အခွင့်ရေးရတဲ့အချိန်မှာ မေးရမှာဘဲ....”

ခေါင်းမာသူကြောင့် ငြိမ်းမှာ ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။ မျက်လုံးများမှာ လက်မှတ်ရုံဆီသို့ ရောက်သွားသည်။ ကိုရွှေမောင်မှာ ငြိမ်းတို့ဘာဖြစ်နေသည်ကို သိဟန်မပေါ်။ လက်မှတ်ပေါက်ဝ၌ ငွေပေးပြီးသဖြင့် အကြွေပြန်အမ်းသည်ကို ရေတွက်ယူနေသည်။

“ငြိမ်း စိတ်ချမ်းသာ လက်ချမ်းသာနဲ့ ရုပ်ရှင်လာကြည့်တာကို ရှင်မနှောက်ရှက်ထိုက်ဖူးထင်တယ်.....”

ငြိမ်း၏ အသံလေးမှာ မာလာသည်။

“ငြိမ်းဆီက လုံလောက်တဲ့ အဖြေမရရင် ငြိမ်းနားက ကျွန်တော် မခွာနိုင်ဘူး....”

“ရှင့်ကိုငြိမ်း ဘာမှဖြေစရာမရှိဘူး....”

“ဒါ ငြိမ်း မဖြစ်နိုင်ဘူး၊ ချစ်ရင်ချစ်တယ်၊ မုန်းရင်မုန်းတယ်၊ ကျွန်တော် အတိအကျ သိချင်တယ်....”

ငြိမ်းမှာ အတန် ဒေါသထွက်ခဲ့ပြီဖြစ်သည်။ ဘေးပတ်ဝန်းကျင် လူများမှာလည်း သူတို့နှစ်ဦးထံ အာရုံစိုက်မိကြပေပြီ။ ငြိမ်း၏ သူပုန်စိတ်မှာလည်း အုံကြွတက်လာ၏။

"ရှင့်ကို ငြိမ်း မချစ်ဖူး"

"ဗျာ..."

သူက ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ သူနားလည်ထားသည်နှင့် တခြားစီဖြစ်နေသော ငြိမ်း၏ ပြတ်သားမှုကို အံ့သြသွားခြင်းပင် ဖြစ်သည်။

"ငြိမ်း ဘာလို့ ကျွန်တော့်ကို မချစ်လဲ.... ဒါကို ကျွန်တော်သိချင်တယ်....."

ထိုအချိန်တွင် အခြေအနေကို ရိပ်မိလာသော မေရီက ငြိမ်း၏အနီးသို့ ရောက်လာသည်။ ကိုရွှေမောင် မှာလည်း လက်မှတ်ကလေးများကို ကိုင်လျက် ကပ်လာသည်။ သူတို့အား သတိပြုမိသောငြိမ်းသည် ပါးစပ်ထဲမှ ပေါ်လာသော စကားတရပ်ကိုသာ စွတ်ပြောချလိုက်သည်။

"ငြိမ်းမှာ ငြိမ်းလူရှိတယ်၊ အခုသူနဲ့ ရုပ်ရှင်လာကြည့်တာ...."

စာရေးဆရာက ငြိမ်း၏နောက်ပါးမှ ကိုရွှေမောင်အား တချက်လှမ်းကြည့်ကာ ချာကနဲလှည့်လျက် ရှက်ကိုးရှက်ကန်းဖြင့် ထွက်ခွာသွားသည်။

"မှတ်ကရော...."

မေရီ့အားပြော၍ နောက်သို့လှည့်လိုက်သော ငြိမ်းမှာ သူ့အား ပါးစပ်အဟောင်းသားနှင့် မျက်လုံးပြူး စိုက်ကြည့်နေသော ကိုရွှေမောင်နှင့် မျက်နှာချင်းဆိုင်မိလျက်သား ဖြစ်သွားသည်။ ငြိမ်း၏ ပါးစပ် ကလေးမှာ ဟသွားသည်။ စောစောက ဒေါသရောင်ကြောင့် နီနေသော မျက်နှာလေးမှာ ရှက်သွေး ကြောင့် ပိုရဲသွားပြီးနောက် ဖြူဖတ်ဖြူလျော် ဖြစ်လာပြန်သည်။

ငြိမ်းသည် ရှက်ရမ်းရမ်းကာ ကိုရွှေမောင်လက်ထဲမှ လက်မှတ်နှစ်စောင်အား ဆတ်ကနဲဆွဲယူလိုက်၍ မေရီ၏လက်အား ဆုပ်ကိုင်လျက် ရုပ်ရှင်ရုံအပေါက်ဆီသို့ ထွက်လာခဲ့သည်။ ကိုရွှေမောင်ခမျာမှာ သူ့လက်တွင်းမှ လက်မှတ်လေးအား ငေးကြည့်ရင်း နေရာတွင် မလှုပ်မရှား အူကြောင်ကြောင် ကျန်ရစ်သည်။

ရုပ်ရှင်ရုံပေါက်ကျမှ ငြိမ်းသည် ရပ်လိုက်၏။ ဘာကို သဘောပေါက်သည်မသိ၊ အားရပါးရ ပြုံးလိုက် သည်။ နောက် ကိုရွှေမောင်ရှိရာဘက်သို့ လှည့်ကာ ခပ်တည်တည်နှင့်ပင် လှမ်းခေါ်လိုက်သည်

"ကိုရွှေမောင်လာလေ.... ဘာလုပ်နေတာလဲ...."

ကိုရွှေမောင်က ကျွဲကော်ကိုင်းမျက်မှန်ကြီးများအောက်မှ မျက်လုံးများအား ပြူးလျက် လှည့်ကြည့်သည်။ ထို့နောက် ရုတ်တရက် စက်နှိုးလွှတ်လိုက်သော အရုပ်ကဲ့သို့ ငြိမ်းတို့ရှိရာသို့ လျှောက်လာသည်။

ဘာကိုမျှ မျက်စိထဲမြင်ဟန်မတူသော ကိုရွှေမောင်မှာ ရုံရှေ့ပလက်ဖေါင်းမှ ရုံဝင်ပေါက်ဆီသို့ လှမ်းလိုက်စဉ် ခလုတ်တိုက်ကာ အားလျားထိုးမှောက်လျက် လဲမတတ်ဖြစ်သွားရှာပါသည်။

× × × × × × × ×

ရုပ်ရှင်အပြီးမှ ဆာမှန်းသိသော မြင့်သန်းတို့အသိုက်မှာ ရှိုင်းရွှယ်ရုံ၏ အနောက် ဖက် ဗိုလ်ချုပ်လမ်း ဘေးရှိ ကုလားဟော်တယ်တခုတွင်းသို့ ဝင်ရောက်လာကြသည်။

ဝင်လျှင်ဝင်ချင်း ချွဲသံသလိပ်သံအပြည့်ရှိသော အသံကွဲကြီးဖြင့် အာဘောင်အာရင်းသန်သန် မှုတ်နေသော လေသံတသံကို ကြားကြရသည်။

စားပွဲတခုတွင် ညွှန့်တင်ကြီးသည် အပေါင်းအဖေါ်များဖြစ်ကြသော ကြယ်ဖြူ၊ ဝါးဘလောက်သောက် ပွင့်ဦး၊ ဂေါ်ကီမွဲညို စသည့် ကျောင်းသားများခြံရံလျက် စကားကြီး စကားကျယ်များကို သုံးလျက် လေပန်းကာ ရှိနေသည်။

ကျောင်းတွင် လှုပ်ရှားမှုတရပ်ရပ် ရှိသည့်အခါတွင် ညွှန့်တင်ကြီးနှင့် သူ့အသိုက်မှာ ဘယ်သောအခါမျှ ထိထိရောက်ရောက် အလုပ်မလုပ်ဘဲ လွယ်အိတ်ကြီးတကားကားနှင့် ဟိုသွားဒီသွား ဗျာများပြကာ လဖက်ရည်ဆိုင်တဆိုင်တွင် စုလျက် တာဝန်ကြီးများကို ထမ်းဆောင်နေရသော ဇရာမပုဂ္ဂိုလ်ကြီးများ သဏ္ဍာန် အရသာရှိရှိ ပြောဟောငြင်းခုံနေတတ်သည်။

မြင့်သန်းတို့အသိုက် ဝင်လာသည်ကို မြင်သောအခါ ညွှန့်တင်ကြီးမှာ ကန်နေသောလေကို ရပ်လိုက်၍ ဝါသောသွားများပေါ်အောင် ပြုံးလိုက်ပြီး "လာ.... လဖက်ရည် သောက်ကြပါအုံးလား" ဟု ဖိတ်ခေါ်သည်။

"အာ.... တက္ကသိုလ် ကဖျောင်ဆရောင်ကြီးတွေပါလား....."

မြင့်သန်းက မြင်မြင်ချင်း လှမ်းတွယ်လိုက်သဖြင့် ကျန်လူများမှာ မျက်နှာပျက်သွားကြသော်လည်း ညွှန့်တင်ကြီးမှာ တဟဲဟဲရယ်နေသည်။

အမှန်မှာ ညွှန့်တင်ကြီးမှာ ဝါသနာအလျောက် ပေါသော်လည်း ဝါဒစွဲကြောင့် ခပ်လွတ်လွတ်ရှိသည် မှတပါး အရေးအသား ပြေပြစ်ချောမောသလောက် သဘောမနေကောင်းကာ သည်းခံစိတ်ရှိသည်။

သူ၏ သည်းခံစိတ်ကြောင့်ပင် အချို့ကျောင်းသားများက သူ့အား ချိုးဖဲ့ဖိနှိပ်ပြောတတ်သော်လည်း သူကမူ စိတ်ဆိုးရမှန်းမသိချေ။

မောင်ရှိန်ကမူ ကဗျာဆရာများရှေ့ စားပွဲပေါ်တွင်ထားသော စာအုပ်ထူကြီးများဆီ မျက်စိရောက်သွားသည်။

“ခင်ဗျားတို့ စာအုပ်ကြီးတွေက ထူလှချည်လား၊ ခေါင်းအုံးအိပ်ဖို့ တယ်ကောင်း..”

သူတို့အသိုက်မှာ စာအုပ်ထူထူကြီးများကို လူရှေ့သူရှေ့၌ လက်အညောင်းခံ သယ်ပိုးရှိုးပြ၍ အခန်းရောက်လျှင် ခေါင်းအုံးအိပ်တတ်မှန်း ဓာတ်သိဖြစ်သဖြင့် မောင်ရှိန်က နောက်လိုက်ခြင်းဖြစ်သည်။ ကျန်လူများမှာ တကြိမ်မျက်နှာထပ်ပျက်သွားကြသော်လည်း ညွှန့်တင်ကြီးကမူ ရှေးနည်းအတူပင် တဟဲဟဲရယ်ရင်း ပြန်ဖြေသည်။

“အေးဗျ..... ကျွန်တော်က ပစ္စည်းမဲ့ စာရေးဆရာမဟုတ်လား၊ ခေါင်းအုံးမဝယ်နိုင်လို့ ဒါကြီးတွေဘဲ အုံးအိပ်နေရတယ်.....”

“ဒါဖြင့် ခင်ဗျားကို ကျွန်တော်ပေးထားတဲ့နံမည် သဘောကျတယ်မဟုတ်လား....”

“ဘယ်လိုလဲ....”

“ခင်ဗျားတို့က ပစ္စည်းမဲ့ စာရေးဆရာကြီးတွေမဟုတ်လား၊ ဒါပေမယ့် ခင်ဗျားနာမည်က ရတနာညွှန့် ဆိုတော့ ပဒေသရာဇ်စော် နံလှတယ်။ ဗမာပြည်မှာ ပစ္စည်းမဲ့ဆုံးနဲ့ အောက်တန်းအကျဆုံးက ကယ်ပါတို့ သုဘရာဇာတို့ဘဲ မဟုတ်လား။ ဒီတော့ အဲဒီလူတန်းစားကို ဂုဏ်ပြုသောအားဖြင့် ခင်ဗျားနံမယ်ကို သုဘရာဇာညွှန့်လို့ ပြင်လိုက်ရင် ပိုမဆီလျော်ဘူးလား....”

မောင်ရှိန်က သူ့စကားအဆုံးတွင် သူ့ဖာသာသူ သဘောကျ၍ တခစ်ခစ်နှင့် ရယ်လိုက်၏။ လဖက်ရည်ကြမ်း သောက်လျက်တန်းလန်းနှင့် ညွှန့်တင်ကြီးမှာလည်း လိုက်ရယ်မိရာ သီးသဖြင့် တခွီးခွီးတဟွတ်ဟွတ် ဖြစ်နေ၏။

တင်ဦးမောင်က တဖန် ဂေါ်ကီမွဲညိုဘက်သို့ လှည့်၍ စလိုက်ပြန်သည်။

“ဟေ့ချစ်ဖေ၊ မင်းကရော ဘာပြုလို့ ဒီကျက်သရေမရှိ ကျက်သရာမရှိ နံမယ်ကြီး ယူထားရတာလဲ....”

“ယူချင်လို့ ယူထားတာပေါ့ဗျ....”

ဂေါ်ကီမွဲညိုဘွဲ့ခံ ချစ်ဖေက မျက်နှာထားတည်တည်နှင့် ပြန်ဟောက်လိုက်သဖြင့် တင်ဦးမောင်၏ ဇက်မှာ ပုဝင်ဆင်းသွားသည်။ ကြယ်ဖြူကမူ မောင်ရှိန်တို့အသိုက်အား တချက် မျက်စောင်းထိုး ကြည့်လိုက်သည်။

အခြေအနေကို ရိပ်မိဟန်မပေါ်သော ရွှေနားပေက ဝင်စွက်ပြန်သည်။

"ကိုယ်ကတော့ နောက်တာမဟုတ်ဖူး၊ မောင်ရင်တို့ကို တကယ်ဝေဖန်ရအုံးမယ်၊ မောင်ရင်တို့ ရေးပုံ သားပုံ စကားလုံးသုံးနှုန်းဖွဲ့စည်းပုံတွေဟာ တော်တော်လေးဂုဏ်မြောက်တယ်၊ တခါတလေ အယူအဆ အတွေးအခေါ်လေးတွေဟာ တမျိုးထူးခြားဆန်းသစ်တယ်၊ ကိုယ့်ထမင်းကိုယ်စားပြီး တတ်နိုင်သမျှ စာပေဝန်ကို ထမ်းဆောင်နေကြတာလဲ ချီးမွမ်းစရာဘဲ....."

"ဟင် မင်းဟာက မချီးမွမ်းတာ ဘာကျန်သေးလဲ...."

မြင့်သန်းက ဝင်နှောက်လိုက်သဖြင့် အောင်ခင်မြင့်မှာ စကားပြတ်သွားသည်။

"နေအုံး၊ ဒို့စကားကောင်းနေတာနဲ့ ဘာမှစားစရာ မမှာရသေးဘူး"

တင်ဦးမောင်က သတိပေးသည်။

"ရှုတ်ပါတယ်ကွာ၊ ထမင်းလွတ် တခုခုတွယ်ရအောင်၊ ကြက်သားနဲ့ ချပါတီပေါ့ ဟုတ်လား။ ဟေ့ထောင်ကဲ။ အာ– ဘွာဘွာ၊ ချွတ်ကရား လာပါအုံး...."

မောင်ရှိန်က ကုလားစားပွဲထိုးလေးအား စားစရာများမှာနေခိုက် ကိုရွှေမောင်သည် အတွေးလွန်လာ သော မျက်နှာပေးနှင့် ဆိုင်တွင်းသို့ ဝင်လာသည်။

"ဟာ အတော်ဘဲ ကိုရွှေမောင်၊ လာလာ၊ ဟောဒီမှာ ခင်ဗျားစိတ်ဝင်စားမယ့် စကားတွေ ပြောနေ ကြတယ်...."

ကိုရွှေမောင်က အိပ်မက်မှ နိုးလာသူကဲ့သို့ ဖိတ်ခေါ်လေသော မောင်ရှိန်အား အလန့်တကြား မော့်ကြည့်သည်။ ထို့နောက် စားပွဲတွင်ဝင်ထိုင်လိုက်၍ တကိုယ်တည်း မည့်သူ့အားမျှမကြည့်ဘဲ ကျေနပ်စွာ ပြုံးနေ၏။

"ရော ခက်ပီ၊ လမ်းသွားရင်း ဘာများဟပ်မိပြီး နှလုံးနဲ့တွေ့လာတယ်မသိဘူး၊ ပြုံးလှချည်လား။ ကဲ ကိုယ့်ဆရာ ဘာစားမလဲ..."

သည်တော့မှ ကိုရွှေမောင်သည် အပြုံးကိုရပ်လိုက်ပြီး "ခုနင်က ဘာပြောတယ်" ဟု မေးသည်။

မောင်ရှိန်၏မျက်လုံးများသည် ပြူးသွား၏၊ ကျန်လူများမှာလည်း တခွီးခွီးရယ်မိကြသည်။

"ဪ... ရောဂါ..ရောဂါ၊ ဘာရောဂါမှန်းတော့ မသိဘူး၊ ခင်ဗျားဘာစားမလဲ မေးနေတယ်..."

"ဘာမှ စားလို့ရမှာမဟုတ်ပါဘူး။ လဘက်ရည်တခွက်ဆို တော်ပါဘီ..."

မောင်ရှိန်သည် လဖက်ရည်တခွက်မှာပြီး သတိရဟန်နှင့် ညွန့်တင်ကြီးတို့ဘက်သို့ လှည့်၍ "ခင်ဗျားတို့ကော ဘာထပ်စားကြအုံးမလဲ" ဟု မေး၏။

တော်ပါဘီ ကိုအောင်ခင်မြင့်၊ ခင်ဗျားစကား ဆက်ပါအုံး"

ပွင့်ဦးက မောင်ရှိန်၏အမေးကို ဖြေပြီး အောင်ခင်မြင့်ဘက် လှည့်ပြောလိုက်သည်။

"အား ဘယ်တောင်ရောက်သွားပါလိမ့်၊ အဲ အဲ မောင်ရင်တို့ရဲ့ စာပေလိုက်စားတာဟာ ချီးမွမ်းစရာပါဘဲ။ ဒါပေမယ့် မောင်ရင်တို့ဥစ္စာက သဘောတရားရေးနဲ့ လက်တွေ့နဲ့ တခြားဖြစ်နေတာက ခက်တယ်....."

"ဘယ်လို တခြားဖြစ်နေလို့လဲ...."

"မောင်ရင်တို့က ပစ္စည်းမဲ့ဘက်တော်သားသာဆိုတယ်၊ ကြိုက်လိုက်မှဖြင့် အရေးပိုင်သမီးတို့၊ တိုင်းမင်းကြီးသမီးတို့၊ အတွင်းဝန်သမီးတို့၊ မရရင်ရေးပါပြီ..... ငိုချင်းရှည်ဝတ္ထုကြီးတွေ၊ မောင်ရင်တို့ ၁၀ယောက် ဝတ္ထုရေးရင် ၁၀-ပုဒ်စလုံးဟာ တမျိုးထဲတလေထဲ ခွဲမရအောင် တူနေတာချည်းဘဲ။ ပထမ ပဒေသရာဇ် တပင်တိုင်မြနန်းက မဘုရားလေးရဲ့ အံ့မခန်းတဲ့အလှကို တသသနဲ့ ဖွဲ့နွဲ့မယ်။ ပြီးတော့ ပဒေသရာဇ်သမီးပျိုနဲ့ ပစ္စည်းမဲ့သားမို့ ပေါင်းကူးတံတား မဆက်စပ်နိုင်တဲ့ ချောက်ကမ်းပါးကြီး အကြောင်းကို ရှိုက်သံနှောပြီး ဖော်ပြမယ်။ နောက် သပျက်သီးချဉ်တဲ့မြေခွေးလို မရနိုင်တဲ့ ဇာကရီနဲ့ သူကျင်လည်တဲ့ လူတန်းစားရိပ်မြုံတခုလုံးကို သုံးမရအောင် ပျက်စီးနေသူအဖြစ် ချုန်းပွဲချငိုရင်းက စွပ်စွဲကျိန်ဆဲမယ်။ ဒီတော့ ဘယ်လောက်ဘဲ မောင်ရင်တို့ပါးစပ်က ပြည်သူ့စာပေလို့ အော်နေပေမယ့် မောင်ရင်တို့ လက်တွေ့ပြုစုကြတာက ခွေသူ့စာပေတွေချည်း ဖြစ်နေတယ်....."

ဤအကြိမ်တွင်မူ ညွန့်မောင်ကြီးပင် မရယ်နိုင်တော့။ အောင်ခင်မြင့်၏ စကားများသည် မငြင်းနိုင် အောင် မှန်နေသဖြင့် အရှိုက်ထိသွားသော သူတို့တသိုက်မှာ မျက်နှာများပျက်လျက် ဘာပြန်ဖြေရမှန်း မသိ ဖြစ်နေသည်။

ရွှေနားပေက အလိုက်မသိ ဆက်မှတ်နေပြန်သည်။

“ပြီးတော့ ရှိသေးတယ်။ ဒေ့ါ(စ်)ကက်ဗီတယ်(လ်)လို ခက်ပေ့ဆိုတဲ့ မာ့က်စ်ရဲ့ ကျမ်းကြီးကို ကိုယ်လဲ တလုံးမှ နားမလယ်ဘဲနဲ့ အဘိဓာဏ်စာအုပ် ဘေးချပြီး၊ လူနားမလယ်အောင် ဗရုတ်သုက္ခ ဘာသာပြန်တယ်၊ နောက် ဒေ့ါ(စ်)ကက်ပီတယ်(လ်)တောင် ဘာသာပြန်တဲ့ ဧရာမ သဘောတရားရေးရာ ပုဂ္ဂိုလ်ကြီးအဖြစ် ဂုဏ်ယူလိုက်သေးတယ်။ ဒါလဲ သက်သက်ပေါ်ကြောင်ကြောင် စတန့်ထွင်လာဘဲ မဟုတ်ဖူးလား....”

ကြယ်ဖြူက စားပွဲကို လက်သီးနှင့်ထုလိုက်သည်။ သူ့အသွင်မှာ မချုပ်တည်းနိုင်အောင် ဒေါသထွက်နေဟန်ရှိပြီး “ဒါခင်ဗျား ကျုပ်တို့ကို သက်သက်စော်ကားတာ...” ဟု အော်လိုက်သည်။

“ဒါတော့ စော်ကားတယ်ထင်ရင်လဲ ထင်ပေ့ါ။ ကိုယ်ကတော့ မြင်တဲ့အတိုင်း ပြောတာ....”

အောင်ခင်မြင့်က ပခုံးကို ဟန်ပါပါတွန့်ပြလိုက်ပြီး ဟင်းပန်းကန်တွင်းမှ ကြက်သားတတုံးကို ဆယ်ကာ ချပါတီနှင့် အားရပါးရစားနေသည်။ မောင်ရှိန် တင်ဦးမောင်နှင့် မြင့်သန်းတို့ကမူ ချပါတီအား ဆိတ်ဝါးသကဲ့သို့ ဝါးရင်း ပြောင်ချော်ချော်မျက်နှာပေးများဖြင့် ဟိုကြည့်သည်ကြည့် လုပ်နေကြသည်။ ငြိမ်၍ ကော်ဖီသောက်နေသော ကိုရွှေမောင်ကသာ ဆက်လက်ဝင်ပြောသည်။

“ဒီလိုရှိတယ် ကိုညွန့်တင်၊ ခင်ဗျားတို့မှာ အရည်အသွေးနဲ့ အလားအလာ အများကြီးရှိတယ်။ စာပေမှာ ခင်ဗျားတို့ စေတနာရှိတာလဲ အမှန်ဘဲ။ ဒါပေမယ့် ခင်ဗျားတို့ လက်တွေ့မကျင့်သုံးနိုင်ဘဲ လက်ခံထားတဲ့ ဆိုရှယ်လစ် သရုပ်ဖော်ဝါဒကြီးက ခင်ဗျားတို့ရဲ့ တက်သစ်စအနုပညာတွေကို အညွန့်ကျိုးအောင် သတ်နေတယ်။ ရုရှအနုပညာရှင်တွေဟာ တခေတ်က ကမ္ဘာမှာ အတော်ပြောင်မြောက်ကြီးကျယ်ခဲ့ကြတယ်။ အခု ဆိုဗီယက်ခေတ်မှာ ဒီ ဆိုရှယ်လစ်သရုပ်ဖော်ဝါဒဆိုတာနဲ့ အနုပညာကို ဘောင်ခတ်ချုပ်ချယ်ပြီးတဲ့နောက် ပြောင်မြောက်တဲ့ စာပေအနုပညာတွေဟာ တခု တလေမှ မပေါ်ပေါက်ခဲ့တော့ဘူး။ အနုပညာရဲ့အသက်ဟာ လွတ်လပ်စွာ စေတနာအလျောက် ဖန်တီးမှု ဆိုတာကို လက်ခံကြရဲ့လား”

ညွန့်တင်တို့အသိုက်မှာ တဦးမျက်နှာတဦး ကြည့်လိုက်ကြသည်။ ကိုရွှေမောင်၏ အရည်အချင်းကို သိနှင့်ပြီးဖြစ်ကြသဖြင့် အရမ်းမူ မငြင်းရဲကြ။ ကိုရွှေမောင်ကသာ အေးချမ်းတည်ငြိမ်စွာ ဆက်ရှင်းနေသည်။

“ကျွန်တော် ရုရှဝတ္ထုတိုတပုဒ် ဖတ်ဖူးတယ်၊ အခန်းက သမီးရည်းစား တွေ့ဆုံခန်းဘဲ။ ငွေလရောင် ဖွေးဖွေးမှာ ယောက်ျားပျိုနဲ့ မိန်းမပျိုဟာ လယ်ထွန်စက်ကြီးတွေနဲ့ လယ်ထွန်နေကြတယ်။ ခေတ္တ နားနေကြတုန်း ယောက်ျားပျိုက လလေးက သာလိုက်တာနော်...” လို့ စကားခေါ်လိုက်တော့

မိန်းမပျိုက 'ဟုတ်တယ်ရှင့်.....၊ လလေးကသာလိုက်တာ။ ကျမတော့ မိုးလင်းအထိ လယ်ဆက်ထွန်တော့မယ်' လို့ ပြန်ဖြေတယ်။ ဒီတော့ ဘသားချောက ဘာပြန်ပြောတယ်ထင်သလဲ။ သူပြန်ပြောတာက "တောက်... မင်းကိုငါ ဒါတွေကြောင့်ချစ်တာ။ ငါမင်းကိုချစ်တာဟာ မင်းဆိုတဲ့ ပုဂ္ဂိုလ်ကို မဟုတ်ဖူး။ မင်းရဲ့လုပ်အားကို မင်းရဲ့လုပ်အားကို ချစ်တာ" တဲ့။ ဘယ်လောက် ပေါကြောင်ကြောင်နိုင်သလဲ၊ အနုပညာသက်ကို ပျောက်တော့တာဘဲ။ စတာလင် သေပြီးတဲ့နောက်မှာ ရုရှားပါတီအာဏာပိုင်တွေဟာ ဒီလို ကြောင်ကွက်တွေကို မသိမသာလိုက်နှိမ်နေရတယ်။ ကွန်မြူနစ် ပိုလန်နိုင်ငံမှာတော့ ဆိုရှယ်လစ်သရုပ်ဖော်ဝါဒကြောင့် ပိုလန်စာပေ ပျက်စီးရတယ်ဆိုပြီး ဖြောင်ဝေဖန်နေတယ်။ အဲဒီ ကွန်မြူနစ်နိုင်ငံတွေရဲ့ အမှားကို ကျွန်တော်တို့ဗမာပြည်က မျက်စိကန်း လိုက် အတုခိုးမလို့လား..."

"ဒါတွေအတွက် ခင်ဗျားမှာ ဘာသက်သေခံအထောက်အထား ရှိသလဲ"

ပွင့်ဦးက လှမ်းမေးလိုက်သည်။

"အခု အတိုက်အခံ နိုင်ငံရေးသမား လက်ဝဲစာပေ ခေါင်းဆောင်တဦး ရုရှားပြည်ကပြန်လာပြီး လုပ်တဲ့ဟောပြောပွဲတခုမှာ ဖြောင်ဖွင့်ဟဝန်ခံထားတာဘဲ"

ကိုရွှေမောင်က ပွင့်ဦးအား စေ့စေ့ကြည့်၍ ပြောသည်၊ ဘာမှ ပြန်ဖြေသည်ကို မကြားရသောအခါမှ ဆက်ပြောပြန်သည်။

"တိုင်းပြည်တပြည်ရဲ့ အစဉ်အလာ အခြေအနေ လူမှုပတ်ဝန်းကျင်အလိုက် စာပေအနုပညာတွေဟာ အသွင်သဏ္ဍာန် ဆောင်ယူစမြဲဘဲ။ ပြင်သစ်စာပေဟာ 'လူမှုရေးရာ စာပေ' လို့ ကမ္ဘာ့ပညာရှင်တွေက ဆုံးဖြတ်ကြတယ်။ ရုရှပြည်ဟာတော့ ထာဝရချုပ်ချယ်မှုအောက်က နယ်မြေဖြစ်ပြီး ချုပ်ချယ်မှုရဲ့ သားသမီးဖြစ်တဲ့ ထာဝရတော်လှန်မှုရဲ့ နယ်မြေလဲဖြစ်တယ်။ ဒါကြောင့် ရုရှစာပေတွေဟာ အမြဲတမ်း ရောင်ပြန်ဟပ်နေတယ်။ တခါ မြေကိုချစ်တဲ့ လယ်သမားတို့ရဲ့ တိုင်းပြည်မို့ ရုရှစာပေဟာ အမြဲတမ်း 'မိခင်မြေကြီး' ဆိုတဲ့သဘော ပေါ်လွင်နေတယ်။ သူ့တိုင်းပြည် သူ့သဘာဝနဲ့ သူ့စာပေဟာ ဆီလျော်နေပေမယ့် ကျွန်တော်တို့ဗမာတွေက သူတို့အယူအဆကို ပုံတူကူးချယူဘို့က ၁၉၄၂-ခုနှစ် ယီနံမှာ တရုပ်တပြည်လုံးက အနုပညာရှင်တွေ စုဝေးရောက်လာခိုက် မော်စီတုန်း သတိပေးခဲ့တဲ့ စကားကို ပြန်သတိရကြဘို့ ကောင်းတယ်"

"မော်စီတုန်းက ဘာပြောလဲ"

"မော်စီတုန်းက ပညာရှင်ပီပီဘဲ ပြောသွားတယ်။ အနုပညာရှင်ရဲ့ ရေသောက်မြစ်ဟာ နိုင်ငံခြားက ကူးသန်းတင်သွင်းလာတာတွေလဲ မဖြစ်ထိုက်ဖူး။ ရှေးဟောင်း အမွေအနှစ်တွေကို လေ့နံ့ခြားထစ် ဖက်တွယ်ထားတာလဲ မှားတယ်လို့ ဆိုတယ်။ ဒီလောက်ဆို ခင်ဗျားတို့ စဉ်းစားကြည့်ဘို့ ရှင်းနေဘီ"

ညွန့်တင်ကြီးက ဆိုင်ရှင်ကုလားအားခေါ်၍ ပိုက်ဆံရှင်းပြီး နေရာမှထသည်။

"အေးဗျာ ကိုရွှေမောင်၊ နောက်တော့မှ ဆွေးနွေးသေးတာပေါ့"

သူတို့သည် စကားလက်စကို ပြတ်စေကာ ဆိုင်တွင်းမှ ထွက်ခွာသွားကြသည်။

"ဒီဖိုးတိတွေက ဒီအတိုင်းဘဲ၊ သူတို့ကို နိုင်အောင်ငြင်းမယ့်လူတွေ့ရင် ပြေးတာဘဲ..."

တင်ဦးမောင်သည် စကားကို ရုတ်ခြည်းရပ်လိုက်သည်။ ကျန်လူများကလည်း စကားရပ်၍ ငေး နေသော တင်ဦးမောင်၏ မျက်လုံးများ စူးစိုက်ရာဆီသို့ လှမ်းကြည့်လိုက်ကြသည်။

ဆိုင်ရှေ့ ပလက်ဖောင်းတလျှောက်မှ ငြိမ်းနှင့်မေရီသည် အနောက်ဘက်သို့ လျှောက်လာနေကြသည်။

တည်ငြိမ်နေသော ကိုရွှေမောင်၏ မျက်နှာမှာ လှုပ်ရှားသွားသည်။ ဤသည်ကို လျှင်သော မြင့်သန်းက ရိပ်မိလိုက်သည်။

"ဟေ့.... ဖိုးရွှေမောင် ငိုင်လှချည်လား၊ စောစောကလဲ ဘာတွေ ပီတိဖြစ်လာသလဲ ပြောစမ်း"

ကိုရွှေမောင်က ဘာမျှပြန်မဖြေ၊ "ဟီး..ဟီး" ဟုသာ တချက်ရယ်လိုက်၏။

"ဟော... ရောဂါ ပြန်စလာဘီ...."

"မနောက်စမ်းပါနဲ့ မောင်ရှိန်ရာ၊ ငါမေးစမ်းပါ့မယ်။ ဒီမှာကိုရွှေမောင်၊ ခင်ဗျားဘာဖြစ်လာလဲ....၊ တိုတို ဖြေစမ်း...."

မြင့်သန်းက အမှုစစ်စုံထောက်ဟန်နှင့် ကိုရွှေမောင်အား မေးသည်။ ကိုရွှေမောင်က ထပ်၍ ရယ် လိုက်သည်။

"ကျွန်တော် စွံဘီဗျ..."

"အို.... ဟို ဟို ဘယ်သူနဲ့လဲ...."

"ငြိမ်းနဲ့....."

"ဟေ....."

ကျန် ၄ ဦးမှာ ပြိုင်တူ အာမေဋိတ်သံ ပြုလိုက်ကြသည်။

ထိုအချိန်တွင် ကိုရွှေမောင်မှာ အတော်ပင် စိတ်တက်ကြွနေပြီဖြစ်သည်။ အာဝဇ္ဇန်းမှာ ရွှင်လာကာ ရုပ်ရှင်ရုံရှေ့၌ ဖြစ်ပျက်ခဲ့သမျှအား ပြန်ပြောပြသည်။ စကားဆုံးသော် တင်ဦးမောင်က သူ့နဖူးသူ ပြန်ရိုက်ကာ အရုပ်ကြိုးပြတ်သကဲ့သို့ ကုလားထိုင်ပေါ် ခွေခွေလေးကျသွားသည်။

"ကိုအီစွတ်.. ကိုအီစွတ်.... သတိထားမှပေါ့၊ ဘယ်လိုဖြစ်တာလဲ"

တင်ဦးမောင်က မချိမဆံ့ရယ်သံလေး ပြုလိုက်သည်။

"ငါ့ဘဝငါ စိတ်နာလွန်းလို့ပါကွာ....။ လူများစွံတယ်ကြားရင် ငါတကယ်ရူးချင်တယ်...."

"သြော်... ဖြစ်ရလေ..."

သူငယ်ချင်းတသိုက်မှာ ဝါးကနဲရယ်လိုက်ကြသည်။

မောင်ရှိန်သည် လက်ပတ်နာရီကြည့်လိုက်၍....

"ကဲ ၄ နာရီထိုးဘီ။ သွားကြရအောင်" ဟု ဆို၏။

ဒါယကာမြင့်သန်းက ကျသင့်သည်ကို ရှင်းပြီးနောက် အားလုံး ဆိုင်တွင်းမှ ထွက်လာသော် အင်္ကျီပြာ ဘောင်းဘီရှည်အဖြူနှင့် ကိုလှဝေအား ဝင်တိုက်မိမတတ် ဖြစ်သွားကြသည်။

"ဟာ.. ကိုလှဝေကြီး"

ကိုလှဝေက ခြောက်သွေ့သောအပြုံးနှင့် သူတို့အား တုံ့ပြန်နှုတ်ဆက်၏။ သူ့မျက်နှာမှာ အတန် ချောင်နေ၍ မုတ်ဆိတ်ပါးသိုင်းမွေးများသည် ရှည်နေသည်။

“ခင်ဗျား ဘယ်ပျောက်နေတာလဲ ကိုလှဝေ”

မောင်ရှိန်က မေးသည်။

“ဒီလိုပါဘဲ…”

“ဘာ…. ဒီလိုပါဘဲလဲ၊ ခင်ဗျားအခု သတင်းစာအယ်ဒီတာ ဖြစ်နေတယ်ဆို ဘယ်တိုက်မှာလဲ”

ကိုလှဝေက ပြန်မဖြေ၊ ပြုံးရုံသာ ပြုံးနေသည်။

“ဟေ့လူ၊ မေးတာဖြေအုံးလေ….”

ကိုလှဝေ၏ မျက်နှာမှာ ပြန်တည်ကြည်သွားသည်။ နောက် ခြောက်သွေ့သော အသံနှင့်အတူ ဖြေသည်။

“အခု အယ်ဒီတာမဟုတ်တော့ပါဘူး”

“နို့ဘာလဲ”

“သတင်းထောက်ဘဲ။ အထူးသတင်းထောက်အဖြစ်နဲ့ တရုပ်ဗမာနယ်စပ် သွားမလို့”

သူလုပ်သောတိုက်၏အမည်ကို ကိုလှဝေသည် တမင်ဖုံးနေမှန်းသိသဖြင့် သူငယ်ချင်းများသည် ဇွတ်မမေးတော့ချေ။

“ခင်ဗျား ဘယ်တော့လောက် နယ်စပ်သွားမလဲ”

“ကျွန်တော် အတိအကျ မဆုံးဖြတ်ရသေးပါဘူး”

မောင်ရှိန်တို့မှာ လျှို့ဝှက်သော ကိုလှဝေထံမှ ဘာစကားကိုမျှ နှိုက်၍ရမည်မဟုတ်မှန်း သိသဖြင့် ဆက်မမေးတော့ဘဲ သူ့အား ပြုံး၍သာကြည့်နေကြသည်။

“ကဲ– ကျွန်တော်သွားမယ်၊ နောက်တော့ တွေ့ကြသေးတာပေါ့”

ကိုလှဝေက သူတို့အား နှုတ်ဆက်၍ အနောက်ဖက်သို့ ခပ်သွက်သွက် ထွက်ခွာသွားသည်။

သူငယ်ချင်း ၄ ယောက်မှာ သူ့အား မျက်စိတဆုံးကြည့်၍ သက်ပြင်းပြိုင်တူချလိုက်ကြသည်။

“လွတ်လေအုံး ကိုလှဝေရေ.....”

သူတို့သည် ဗိုလ်ချုပ်လမ်းဖြတ်ကာ မီးရထားရုံကြီး၏ အရှေ့ဘက်ရှိ ကားဆိပ်ဆီသို့ ရောက်လာ၍ နဂါးတံဆိပ်ကားအား စောင့်နေကြသည်။

တအောင့်အကြာတွင် သူတို့၏အနီးသို့ကပ်လျက် ဟေးလ်မင်းအမျိုးအစား ကားနက်ကလေးတစီးသည် ထိုးရပ်လိုက်၏။

ကားမောင်းသူမှာ ကိုမြင့်သူဖြစ်၍ သူ၏လက်ဝဲဘက်တွင် ထိုင်လိုက်လာသူမှာ နွဲ့နွဲ့ဖြစ်သည်။

“ကိုရှိန်တို့ပါလား”

ကိုမြင့်သူက အရင်နှုတ်ဆက်သည်။ နွဲ့နွဲ့ကလည်း သူတို့အသိုက်အား လှမ်းပြုံးပြသည်။

“ဩော်.... ကိုမြင့်သူ နွဲ့နွဲ့လဲပါတယ်ကိုး၊ ဘယ်သွားကြမလို့လဲ”

နှုတ်သွက်သော မောင်ရှိန်က သူတို့ ၂ ဦးအား အကဲခတ်ရင်း မေးသည်။

နွဲ့နွဲ့၏အသွင်မှာ အနည်းငယ် ညိုးနွမ်းနေသည်။ မျက်နှာမှာ ပြုံးလျက်ရှိသော်လည်း အပြုံးမှာ ရှော့ရဲလှ၏။ ကိုမြင့်သူ၏ သဏ္ဍာန်မှာလည်း ပင်ပန်းဟန် ပေါ်နေသည်။ သူ၏ဆံပင်များမှာ ကျယ်ဝန်းသော နဖူးပြင်ထက် ဝဲကျနေ၍ မျက်နှာမှာ ချွေးစေးများပြန်နေသည်။

“ကိုရှိန်၊ ခင်ဗျားတို့ ကိုလှဝေတယောက် ဘယ်မှာနေတယ်ဆိုတာ မသိဘူးလား...”

ကိုမြင့်သူက မေးသည်။

“ဟောဗျ အဲဒါမှတော့ လွဲတာဘဲ။ ခုတင်ဘဲ ကိုလှဝေနဲ့ တွေ့သေးတယ်....”

နွဲ့နွဲ့ မျက်နှာလေးမှာ ဝင်းသွားသည်။ ကားပြူတင်းပေါက်မှ ခေါင်းကလေးပြူကာ မောင်ရှိန်အား စိတ်ထက်သန်စွာနှင့် မေးသည်။

“ရှင်၊ ကိုလှဝေနဲ့ တွေ့ခဲ့လား၊ ဟုတ်လား ကိုရှိန်၊ သူအခု ဘယ်မှာလဲ.....”

နွဲ့နွဲ့၏အသံမှာ မြန်ဆန်သလောက် တုန်ယင်နေသည်။

"ကျွန်တော်တို့ လမ်းပေါ်မှာ တွေ့လိုက်တာပါ။ ဟောဒီ ဗိုလ်ချုပ်လမ်းအတိုင်းဘဲ....၊ အနောက်ဖက် လျှောက်သွားလေရဲ့၊ ခုတင်ကလေးဘဲ ဘယ်နေမှန်းတော့ မသိဘူး"

နွဲ့နွဲ့နှင့် ကိုမြင့်သူတို့ တဦးမျက်နှာတဦး ကြည့်လိုက်ကြသည်။ ကိုမြင့်သူက စိတ်ကို ဆုံးဖြတ်လိုက်ဟန်နှင့် ကားကို ဂီယာသွင်းလိုက်၏။

"ကျေးဇူးပဲ ကိုရှိန်။ ကျွန်တော်တို့ သူ့နောက် လိုက်ဖမ်းလိုက်အုံးမယ်"

ကားနက်ကလေးသည် လမ်းပေါ်၌ လျင်မြန်စွာ ဦးပြန်လှည့်လျက် လမ်းဆုံအဝိုင်းကြီးအား ဖြတ်ကာ ဗိုလ်ချုပ်လမ်းအတိုင်း အနောက်ဖက်သို့ အပြေးထွက်ခွာသွားသည်။

မြင့်သန်းက ပခုံးတွန့်လိုက်၏။

"ဒီနေ့တော့ လူစုံဘဲဟေ့.... ဘာဖြစ်လာကြတယ်မသိဘူး။ တကယ့်ကို ရုပ်ရှင်ထက်တောင် ကောင်းနေပြီ..."

မောင်ရှိန်က ကားနက်ကလေးအား မျက်စိတဆုံးအထိ ငေးကြည့်၍နေသည်။ ထို့နောက် တလုံးချင်း ဖြေးလေးစွာ ပြောလိုက်သည်။

"အေး.... ရုပ်ရှင်အတိုင်းပါဘဲ၊ ဒါပေမယ့် ရုပ်ရှင်ကို အစအဆုံးမဟုတ်ဘဲ ထရေလာတွေ တပိုင်းတစ ကြည့်ရသလိုဘဲ၊ ဘာမှ အဓိပ္ပာယ်ကောက်လို့ကို မရဘူး..."

**အခန်း(၁၁)**

မောင်ရှိန်တို့အသိုက် မြင်လိုက်ခဲ့သည့်အတိုင်းပင် ငြိမ်းနှင့်မေရီသည် ဗိုလ်ချုပ်လမ်းအတိုင်း လျှောက်လာကြပြီးနောက် မဂိုလမ်းအတိုင်း ဆက်လာခဲ့ကြသည်။

ဤအပတ်တွင် ငြိမ်းက မေရီအား မေရီမစားဘူးသေးသော ချစ်တီးထမင်း ကျွေးမည်ဟု ကတိပေးထားသည်။

နှစ်ဦးသားသည် ရှေးဦးစွာ မဂိုလမ်းရှိ ဆေးတိုက်များသို့ ဝင်ကြသည်။ ငြိမ်း၏အကျင့်တခုမှာ ဖော့စဖိုလက်စီသင်၊ ဘီဂျီဖော့(စ်)၊ ဆင်နတိုဂျင်၊ ဘီကွန်ပလက်စ် စသော အားတိုးဆေးများကို တမျိုးပြီးတမျိုး ပြောင်း၍ သောက်တတ်ခြင်းပင်ဖြစ်သည်။ မိမိကိုယ်က အားနည်းသောရောဂါ စွဲကပ်နေသည်ဟု အစဉ်ယုံကြည်ပြီး အားတိုးဆေးကြော်ငြာများမှာ ဖော်ပြထားသည့် အစွမ်းအာနိသင်များကိုလည်း ချွင်းချက်မရှိ ယုံကြည်သေးသည်။

ဆေးတိုက်များမှ ကိစ္စပြီးသောအခါ ဖရေဇာလမ်း ပလက်ဖောင်းဆိုင်များမှ တိုလီမိုလီပစ္စည်းများကို ဝယ်ကြသည်။ နောက်ဆုံးမှ ငြိမ်းသည် မေရီ့အား မဂိုလမ်းရှိ ချစ်တီးဟော်တယ်တခုအတွင်းသို့ ဦးဆောင်ခေါ်ခဲ့၏။

ဟော်တယ်အတွင်းသို့ ဝင်ဝင်ချင်း မေရီမှာ နှာခေါင်းရှုံ့သွားသည်။ ဟော်တယ်သာ ဆိုသော်လည်း ထမင်းဆိုင် အကြီးစားမျှသာဖြစ်၏။ ခန်းမကြီးထဲတွင် ခုံတန်းရှည်များရှိကာ ခုံတန်းတိုင်း၌ ဒူးထောင်ပေါင်ကားနှင့် ချစ်တီးများ၊ ကလယ်ကုလားများသည် ငှက်ပျောဖက်ထဲ ထည့်ထားသော ထမင်းဟင်းများကို မြိန်ရည်ရှက်ရည် စားနေကြ၏။ ကုလားတယောက်မှာ ပဲဟင်းရည်ရွှဲနေသော ထမင်းကို လက်ဝါးနှင့် တဘုတ်ဘုတ်မြည်အောင် ရိုက်ပြီးလျှင် လက်ချောင်းများတွင် ပေကျံနေသည့် ဟင်းရည်များကို တပွတ်ပွတ် ပါးစပ်နှင့် အားပါးတရ စုတ်ယူနေ၏။

မေရီတို့ ဝင်လာသောအခါ သူတို့အား ပြူးကျယ်သော မျက်လုံးများက ဝိုင်းကြည့်ကြသည်။ တသောသောညံအောင် ပြောနေသော စကားသံများမှာလည်း ခေတ္တတိတ်ဆိတ်သွားသည်။

ငြိမ်းကမူ ဟန်မပျက်စေဘဲ အတွင်းဘက်ကျကျထောင့်ရှိ အခန်းနှစ်ခန်းအနက် တခန်းတွင်းသို့ ဝင်လိုက်ပြီး အခန်းဝမှ ခန်းဆီးနက်ပြာကို ဆွဲစေ့ကာလိုက်သည်။

ကုလားငယ်ငယ်တယောက်က ငှက်ပျောဖက်စည်းတဖက် ထမင်းဇလုံတဖက် ကိုင်လျှက် ဝင်လာသည်။ စားပွဲပေါ်တွင် ငှက်ပျောဖက်နှစ်ရွက် ခင်းလိုက်၍ အဝတ်ရေစိုတခုနှင့် ပွတ်တိုက်ပေးသည်။ နောက် သွက်လက်စွာဖြင့် ထမင်းလိုက်ပုံပေး၏။ ထိုအခိုက်တွင်ပင် လံကွတ်တီဝတ် ချစ်တီးရွယ်ရွယ်တဦး ဝင်လာသဖြင့် ငြိမ်းက ငါးဟင်းတပွဲနှင့် ကြက်သားဟင်းတပွဲ မှာလိုက်သည်။ မရေးမနှောင်းမှာပင် အခြား ချစ်တီးတဦး ပေါ်လာ၍ ထမင်းပုံများဘေး၌ ဒန့်သလွန်ရွက်ကြော်၊ သမ္ဘာရာသီးသနပ်၊ ရှန်းပတီသီးဟင်း စသော ဗာဂျီးဟင်းများ ထည့်ပေး၏။ စားပွဲပေါ်တွင်ရှိသော ခွက်များထဲသို့လည်း ပဲဟင်းရေကျဲ၊ မနုတ်တံနီတို့ကို လောင်းထည့်ပေးသေးသည်။

အထူးအဆန်းဖြစ်နေသော မေရီကသာ သူတို့လုပ်သမျှကို ငေးကြည့်နေသည်။ မွှေးကြိုင်သော ဟင်းနံ့များကြောင့် ဆာလောင်၍လည်း လာသည်။

“ထမင်းနဲ့ ဒီဟင်းတွေက ကုန်ရင် ထပ်တောင်းနိုင်တယ်။ ပိုက်ဆံအပို မပေးရဘူး…”

ငြိမ်းက မနုတ်တံနီတဇွန်း ခပ်သောက်ရင်း ပြောသည်။

“အခု ငြိမ်းသောက်တာ ဘာလဲ”

“မနုတ်တံနီခေါ်တယ်။ မန်ကျည်းသီးရယ်၊ ရေရယ်၊ ဆားရယ် ဖျော်ထားတာပေါ့။ မြည်းကြည့်ပါလား၊ ခံတွင်းလိုက်တယ်”

မေရီက တဇွန်းခပ်သောက်ကြည့်သည်။

“ဘယ်နဲ့လဲ”

“ချဉ်ငန်ငန်နဲ့ တမျိုးဘဲ”

“တော်တော်ကြာ ရှာလယ်သွားမှာပါ။ ဩော်…. မေရီ ဒီမှာလက်ဆေးရေ။ ကုလားထမင်းကို ကုလား လိုဘဲ အားရပါးရ လက်နဲ့စားကြရအောင်”

ငြိမ်းပြပေးသည့်အတိုင်း မေရီသည် ဒန်ခွက်နှင့် ထည့်ပေးထားသော ရေဖြင့် လက်ထဆေးကာ နေရာတွင် ပြန်ထိုင်သည်။

“ငြိမ်းကို မေရီ အံ့သြနေတယ်”

“ဘာတွေ အံ့ဩနေလဲ”

“ငြိမ်းမလုပ်ဖူးတာ တခုမှမရှိဘူး”

ငြိမ်းက ကျေနပ်စွာ ပြုံးလိုက်၏။

“ဒါပေမယ့် ငြိမ်းမလုပ်ဖူးတာတခုရှိတယ်။ အဲဒါ လုပ်ကြည့်မလားလို့”

“ဘာလဲငြိမ်း”

“ငြိမ်း ရည်းစားမထားဘူးသေးဘူး”

“အို.... ငြိမ်းကလဲ”

“အဟုတ်ပြောတာ၊ ရည်းစားတယောက်လောက်တော့ ထားကြည့်ချင်သား။ ဒါပေမယ့် ရည်းစားထားဘို့က မလွယ်ဘူးမှတ်လား။ ပထမ ကိုယ့်ကိုချစ်တဲ့လူလဲ ရှိရမယ်၊ သူ့ကိုလဲ ကိုယ်က ပြန်ချစ်ရအုံးမယ်၊ အဲဒီ ချစ်တယ်ဆိုတာ ဘယ်လိုလဲလို့ ငြိမ်းသိပ်သိချင်တာဘဲ၊ မေရီကော မသိဘူးလား”

“အို.... ငြိမ်းကလဲ ကြံကြံဖန်ဖန်”

မေရီသည် မျက်နှာကလေး မသိမသာပျက်ရင်း ဆိုလိုက်သည်။

“ငြိမ်းတော့ အခုသိသလိုလိုဘဲ၊ ချစ်တယ်ဆိုတာဟာ ရင်ခုန်တာဘဲဖြစ်ရမှာ၊ သူ့ကွယ်ရာမှာ သူ့ကိုတွေ့ချင်တယ်။ တွေ့ပြန်တော့လဲ ချွေးစေးတွေပြန်ပြီး ရှက်သလို ကြောက်သလို ရင်မှာခုန်လာပြီးအနေရကျပ်လို့ မူးနောက်နောက်ဖြစ်လာတယ်၊ ဒါဟာ ချစ်တာဖြစ်ရမှာဘဲ”

ငြိမ်း၏ စကားကြောင့် မေရီမှာ လှိုက်လှိုက်လှဲလှဲလေး ရယ်မောမိသည်။

“ငြိမ်း ဒါကို ဘယ်လိုလုပ်သိလဲ”

ငြိမ်းက မျက်ခုံးတဖက်ကိုပင့်ကာ ပခုံးကိုတွန့်လျက် ပေါ့တီးပေါ့ဆပင် ဖြေသည်။

“ငြိမ်း သိတာပေါ့၊ ကိုရွှေမောင်နဲ့တွေ့ရင် ငြိမ်း ဒီလိုဘဲအမြဲဖြစ်တယ်။ ဧကန္တ.... ငြိမ်း သူ့ကိုချစ်နေရမယ်”

“လုပ်ပြီ..... ငြိမ်းတယောက်က”

မေရီမှာ ငြိမ်းအား အံ့သြလည်း အံ့သြမိသည်။ ရယ်လည်း ရယ်ချင်မိသည်။

“သြော်.... ဒီနေ့ ငြိမ်း လွတ်ကနဲစွတ်ပြောချလိုက်တာ သူကြားသွားတယ်ထင်တယ်”

ငြိမ်းသည် ပြောရင်း ပြန်လည်တည်ငြိမ်သွားသည်။

ထိုစဉ် ဟင်းခွက်များရောက်၍ စကားပြတ်သွားကြကာ ထမင်းစစားကြသည်။ ဟင်းများမှာ လေးလေးပင်ပင်နှင့် အရသာရှိသော်လည်း အနည်းငယ် ပူစပ်သည်။

“ချစ်ခြင်းမည်သည် စွန့်လွှတ်ခြင်းဆိုတဲ့ စကားကို ငြိမ်းဘယ်လိုထင်လဲ”

မေရီက တစုံတခုကို လေးလေးနက်နက် တွေးနေရာမှ မေးလိုက်သည်။

“ငြိမ်းတော့ ဒါကိုမယုံဘူး၊ ပလေတိုကပြောတယ်။ ချစ်ခြင်းဆိုတာ ပိုင်ဆိုင်လိုခြင်းတဲ့။ မိမိပိုင်ဆိုင်လိုတဲ့ အရာကို စွန့်လွှတ်ဘို့အတွက် မိမိ ဘယ်လောက်ထိခိုက် ခံစားရတယ်ဆိုတာဟာ ချစ်ချင်းမေတ္တာရဲ့ ပမာဏကို အတိုင်းအတာပေးမယ်လို့ ငြိမ်းထင်တယ်”

မေရီသည် ငိုင်ငိုင်လေးဖြစ်သွားသည်။ ငြိမ်း၏စကားမှာ မိမိ၏ရင်၌ ခံစားနေရသည်နှင့် တိုက်ရိုက်သက်ဆိုင်နေသည်ဟု ထင်သည်။

“ဟော မေရီ ဘာတွေအတွေးပေါက်သွားသလဲ”

“အို... အို... မေရီ ဘာမှအတွေးမပေါက်ပါဘူး”

မေရီသည် ပျာပျာသလဲ ငြင်းဆိုလိုက်၍ ထမင်းကိုငုံ့စားနေသည်။

ထိုအခိုက် အခန်းအပြင်မှ ရှူးဖိနပ်သံ ကြားကြရသည်။ ဖိနပ်သံသည် သူတို့၏အခန်းကို ကျော်လွန်ကာ ကပ်လျပ်ရှိသော အခန်းဆီ၌ရပ်သွား၏။ အနည်းငယ်ဟနေသော ခန်းဆီးမှ ကျော်လွန်၍ ဖြတ်လျှောက်သွားသူအား မြင်လိုက်ရသူ ငြိမ်းက သွင်းအံ့ပြင်နေသော ထမင်းလုပ်ကို မသွင်းမိဘဲ မျက်လုံးလေး ပြူးသွားသည်။

“ဘယ်သူလဲ ငြိမ်း”

"ရှူး....."

ငြိမ်းက အသာသတိပေးသည်။ နောက် လေသံနှင့်ဆိုသည်။

"ကိုလှဝေကြီးရယ်....."

မှန်ပေသည်။ ဝင်လာသူမှာ ကိုလှဝေပင် ဖြစ်သည်။

သူတယောက်မှာမူ စိန်ခေါ်မှုပြေးသူအလား ရှောင်ရှားပုန်းနေရသည်။ မပုန်းမဖြစ်ထင်၍ပင် ပုန်းနေခဲ့ရသည်။ မြို့တွင်းသို့ပြောင်းလေခဲ့ပြီးမှ စားနေကျ စီးတီးဟော်တယ်တွင် ဆင်းနှင့် ဆုံမိအောင် ဆုံခဲ့သဖြင့် တဆိုင်ရွှေ့၍ တချောင်ခိုရပြန်သည်။

ပုန်းရှောင်သာနေရ၏။ စိတ်တွင်းမှာတော့ မကြည်လှ။ နဂိုရ်က ညစ်ညူးသောစိတ်မှာ ပုန်းရှောင်နေရသဖြင့်ပင် ထပ်မံကျဉ်းကျပ်ခဲ့ရသေးသည်။ အမြန်ဆုံး ရန်ကုန်မြေမှခွာ၍ နွဲ့နွဲ့နှင့်ဝေးရာ၊ လူသူနှင့်ကင်းရာ တောတောင်ရေမြေစိမ့်စမ်း သာမောသည့် နယ်စပ်ဆီသို့ ထွက်ရမည့်နေ့ကိုသာ ရေတွက် မြော်မှန်းနေမိသည်။

ခေါင်းငိုက်စိုက်နှင့် အတွေးလွန်၍ မဂိုလမ်းအတိုင်း လျှောက်ခဲ့ပြီး ချစ်တီးဆိုင် အတွင်းသို့ ဝင်လာခဲ့သော ကိုလှဝေမှာ နောက်ပါးလှမ်းလှမ်း ကားနက်ကလေးပေါ်မှ မျက်စိလျင်သော ကိုမြင့်သူက သူ့အား လှမ်းမြင်လိုက်သည်ကိုမူ မသိရှာ။

ကိုမြင့်သူက ကိုလှဝေဝင်သွားသော ချစ်တီးထမင်းဆိုင်နှင့် မလှမ်းမကမ်းတွင် ကားကိုရပ်ပေး၍ ကြင်နာမှုနှင့် အားပေးမှု ရောရှက်သော အပြုံးဖြင့် နွဲ့နွဲ့အား လှည့်ကြည့်လိုက်သည်။

ခါတိုင်း၌ အေးချမ်းတည်ငြိမ်သော နွဲ့နွဲ့မှာ ယခုမူ အနည်းငယ် တုန်တုန်ယင်ယင် ဖြစ်နေသည်။ ကိုမြင့်သူ ပြုံးပြသည်ကိုပင် ပြန်မပြုံးမိ။ စိတ်တင်းသည့်ဟန် အသက်ကိုသာ ပြင်းပြင်းတချက် ရှူသွင်းလိုက်သည်။

"ကဲ၊ သွားပေတော့ နွဲ့နွဲ့.....၊ ကိုကိုမြင့် ဟိုနားက ဖါလူဒါဆိုင်က စောင့်နေမယ်။ ပြောရမယ့် စကားတွေ မှတ်မိတယ်နော်....."

နွဲ့နွဲ့က ခေါင်းလေးညိတ်ကာ ကားတံခါးကိုဖွင့်လျက်ဆင်းပြီး စိတ်ကို ဒုံးဒုံးချလိုက်ဟန်ဖြင့် မျက်နှာလေးကို အသာပင့်၍ ဆိုင်ဆီသို့ သွက်လက်စွာ ထွက်ခွာသွားသည်။

နွဲ့နွဲ့ ဆိုင်တွင်း ဝင်ပျောက်ကွယ်သွားမှ ကိုမြင့်သူသည် ကားလေးအား လမ်းကိုဖြတ်ကွေ့လျက် ဖါလူဒါဆိုင်အနီး ပလက်ဖေါင်းဘေး၌ ထိုးရပ်ထားလိုက်၏။

ဆိုင်အတွင်းရှိ အခန်းတွင်းမှ ငြိမ်းနှင့်မေရီသည် ထမင်းကို ငြိမ်သက်စွာစားရင်း တဖက်ခန်းဆီသို့ အာရုံပြုနေကြသည်။ သူတို့သည် အခန်းအပြင်မှ ဖိနပ်သံတဖျတ်ဖျတ်ကို ကြားလိုက်ရပြီး ရိပ်ကနဲ လျှောက်သွားသော နွဲ့နွဲ့အား မြင်လိုက်ကြသည်။ သို့ရာတွင် ထမင်းငုံ့စားရာမှ အမှတ်မဲ့ မြင်လိုက်ရသည်မို့ နွဲ့နွဲ့မှန်းမူ မသိလိုက်ကြ။

ဖိနပ်သံမှာ တဖက်ခန်းဝဆီ၌ ရပ်သွား၏။ နောက် ဤနေရာမျိုး၌ ဘယ်လိုမှမမြော်လင့်သော အသံတခုကို ကြားကြရသည်။

"မောင်....."

အသံမှာ မြော်လင့်ခြင်း၊ ချစ်မက်ခြင်း၊ ကြေကွဲခြင်းတို့နှင့် ရောရှက်ပြည့်နေ၏။

ကိုလှဝေ၏အသံကို ချက်ခြင်းမကြားကြရ၊ ရုတ်တရက်ထလိုက်၍ ကုလားထိုင်အား တွန်းကန်တိုက်မိသံသာ ပေါ်လာသည်။ တအောင့်ကြာမှ နင့်နဲဆို့နင့်သော တုံ့ပြန်သံက ထွက်လာသည်။

"နွဲ့...."

မေရီနှင့်ငြိမ်းက ပြိုင်တူ မျက်လုံးပြူးသွားကြကာ တဦးမျက်နှာတဦး လှမ်းကြည့်မိကြ၏။

"မမနွဲ့ရယ်....."

မေရီက လေသံနှင့် တိုးတိုးဆိုသည်။

နွဲ့နွဲ့က စားပွဲတဖက်စွန်းမှ ရပ်ရင်း ကိုလှဝေအား မျက်ရည်ပြည့်သော မျက်လုံးများနှင့် စိုက်ကြည့်နေသည်။ အံ့သြစိတ်နှင့် ယောင်ရမ်းထမိပြီးဖြစ်နေသည့် ကိုလှဝေက စားပွဲ၏အခြားတဖက်မှနေ၍ နွဲ့နွဲ့အား ကြောင်ငေးကြည့်နေ၏။

ချက်ခြင်းပင် သူကသတိရသည်။ နွဲ့နွဲ့အား ရှေ့ရှိကုလားထိုင်အား ညွှန်ပြရင်း 'ထိုင်လေနွဲ့' ဟု ခြောက်ကပ်စွာ ဆိုသည်။

နွဲ့နွဲ့က ကုလားထိုင်တွင် ဝင်ထိုင်သော်လည်း မျက်လုံးများက သူ့ထံမှမခွာ၊ နွဲ့နွဲ့၏ရင်မှာ ပြည့်လျှမ်းနေသည်။ ပြောချင်သောစကားများမှာ အပြိုင်အဆိုင် လုယက်နေကြသည်။ လှုပ်ရှားပြင်းထန်သောဝေဒနာမှာ တကိုယ်လုံးအား လွှမ်းနေပြန်သဖြင့် မည်သည့်စကားစကိုမျှ ဖော်၍မရ။

"နွဲ့… ဘယ့်နှယ် ဒီကိုရောက်လာသလဲ…."

ကိုလှဝေက နွဲ့နွဲ့အား မကြည့်ဘဲ ပြန်တည်ငြိမ်နေပြီဖြစ်သော အသံနှင့် မေးသည်။

"ဘယ်လိုရောက်လာရမလဲ မောင်၊ မောင့်ကို တနေ့လုံး နွဲ့လိုက်ရှာနေခဲ့တယ်။ စီးတီးဒီ ဟိုတယ်မှာ တွေ့တတ်တယ်ဆိုလို့ ဝင်ရှာသေးတယ်၊ မတွေ့ဘူး။ အခုတောင် ကံကောင်းလို့၊ ဒီဆိုင်ထဲ မောင်လှမ်းအဝင်မှာ မြင်လိုက်လို့ပေါ့…."

သူက နွဲ့နွဲ့ပြောသည်ကို ကျောက်ရုပ်ကဲ့သို့ မတုန်မလှုပ် ထိုင်နားထောင်နေသည်။

"ဘာလို့ နွဲ့က လိုက်ရှာနေရသလဲ….."

နွဲ့နွဲ့၏ မျက်နှာလေးမှာ မဲ့သွားသည်။ ဝမ်းနည်းခြင်းနှင့် ဒေါသထွက်ခြင်းမှာ ရင်၌ ပြိုင်တူ ပေါ်လာ၏။

"ဘာလို့လိုက်ရှာနေတာလဲ ဟုတ်လား…၊ မောင်မို့ ဒီအမေးကို မေးရက်တယ်။ တကယ်ဆို မောင့်ကိုသာ နွဲ့က မေးရမှာ၊ ဘာလို့ မောင် ရှောင်ပြေးနေသလဲဟင်…"

သူက ခေါင်းကိုကုပ်လိုက်သည်။ နောက် ရှေ့ရှိ ပဲဟင်းချိုခွက်မှ ဟင်းရည်များအား ရည်ရွယ်ချက်မဲ့ဇွန်းနှင့် မွှေလိုက်၏။

"နွဲ့တယောက်ထဲလား၊ ဘာနဲ့လာခဲ့လဲ"

အဖြေမပေးချင်သော ကိုလှဝေက စကားကိုလွှဲ၍မေးသည်။

"နွဲ့ကို ကိုကိုမြင့်ကိုယ်တိုင် ကားနဲ့လိုက်ပို့ပေးတယ်….။

ကိုလှဝေ၏ အမူရာမှာ အနည်းငယ်လှုပ်ရှားသွား၏။ နောက် နွဲ့နွဲ့အား မော်ကြည့်ရင်း….

"အခု ကိုမြင့်သူ ဘယ်ကျန်ရစ်ခဲ့လဲ" ဟု မေးသည်။

"အပြင်မှာ စောင့်နေတယ်၊ မောင့်ကို နွဲ့ လွတ်လွတ်လပ်လပ် ပြောစရာတွေရှိလို့ တမင် တယောက်ထဲ လာခဲ့တာ"

သူက ခေါင်းပြန်ငုံ့ကျသွားသည်။ ရှေ့၌ အစုံရောက်ရှိနေပြီဖြစ်သော ထမင်းဟင်းများကို မစားမိ၊ ငေးကြည့်၍သာ နေ၏။

"မောင့်ကိုနွဲ့ ပြောစရာတွေ အများကြီးရှိတယ်၊ လနဲ့ရက်နဲ့ချီပြီး မောင့်ကိုတွေ့ရင် ပြောမယ်လို့ နွဲ့ တေးထားခဲ့တာတွေ ကုန်အောင်တောင် ပြောနိုင်ပါ့မလားလို့ နွဲ့ထင်မိခဲ့တယ်။ ခုတော့မောင်၊ မောင့် မျက်နှာ မြင်ပြန်တော့......"

နွဲ့နွဲ့၏ အသံလေးမှာ စိတ်ထက်သန်စွာ ပြောနေရာမှ တိမ်ဝင်သွားသည်။ သူက မော့ကြည့်လိုက်သော အခါတွင် အံကိုကြိတ်လျက် ပေါက်ကွဲထွက်အံ့သော ဝေဒနာစေတသိတ်ကို ထိန်းချုပ်ထားသည့် နွဲ့နွဲ့အား မြင်ရသည်။

နွဲ့နွဲ့က မိမိကိုယ်ကိုမိမိ အနိုင်နိုင်တင်းလိုက်ပြီး တည်ကြည်ငြိမ်သက်စွာနှင့် ဆက်ပြောသည်။

"နွဲ့ မောင့်ကို အပြစ်မတင်ပါဘူး၊ အပြစ်တင်ကြည့်လို့လဲ မရပါဘူး။ ဒါပေမဲ့ နွဲ့ အားငယ်မိတယ်။ နွဲ့အဖြစ်ကို သက်ညှာဘို့၊ နွဲ့စကားတွေကို ထောက်ထားဘို့ မောင့်မှာ အသဲနှလုံး ရှိသေးရဲ့လားဟင်"

သူက ပြုံးလိုက်သည်။ နာကျည်းဆွေးမြည့်သော အပြုံးပင်ဖြစ်သည်။ နောက် ဖြည်းညှင်းစွာဖြင့် "မောင့်မှာ အသဲနှလုံး ရှိပါသေးတယ်" ဟု ဆို၏။

"အဲဒီ မောင့်အသဲနှလုံးမှာ နွဲ့ရဲ့ အရိပ်အရောင်တောင်မှ ထင်သေးရဲ့လား မောင်ရယ်"

သူသည် တချက်ငိုင်သွားပြန်သည်။ နွဲ့နွဲ့၏ စကားမှာ သူ့ရင်အား နင့်နဲစွာ ထိခိုက်သွားသည်။ ထို့ကြောင့်ပင် ပြန်ပြောလေသော သူ့အသံမှာ ပြော့ပြောင်းသမျှ ဆွေးမြည့်နေ၏။

"နွဲ့ကိုမောင် သနားတယ်၊ နွဲ့ကိုမောင်သနားတယ် ဆိုတာအပြင် မောင်ဘာမှ မပြောနိုင်တော့ဘူး၊ ပြောလဲ မပြောထိုက်တော့ဘူး။ ဒီထက်ပို ပြောချင်အုံးတော့ ပြောနိုင်တဲ့အခြေ မောင့်မှာမရှိဘူး။ အမှန်က မောင်ဟာ ပင့်ကူအိမ်ကွန်ယက်တခုထဲမှာ မရုန်းသာမလွတ်နိုင်အောင် မိနေတဲ့လူတဦးပါ။ ဒီအနှောင်အဖွဲ့ကို နွဲ့ကကော ဘာလို့ အတူလိုက်ဆင်းချင်ရတာလဲ။ နွဲ့က လိုက်ဆင်းချင်အုံးတော့ မောင်ကခွင့်ပြုရမှာတဲ့လား၊ ချမ်းသာခြင်းမှာအတူစံပြီး ဆင်းရဲခြင်းမှာ အတူခံကြမယ် ဆိုတဲ့ ချစ်ခြင်းမေတ္တာရဲ့ သစ္စာသဘောကို မောင်လေးစား ဂုဏ်ပြုပါတယ်။ ဒါပေမယ့် မောင်ယုံကြည်ထားတဲ့ မေတ္တာကတော့ တဆင့်သာလွန်ပါသေးတယ်။ ချမ်းသာခြင်းမှာ အတူစံကြမယ် ဖြစ်ပေမယ့်

ဆင်းရဲခြင်းမှာတော့ ကိုယ်သာခံပါ့မယ်။ သူတယောက်တော့ဖြင့် ကြွင်းလွတ်ကျန်ရစ်ပါစေ။ ဒီစေတနာဟာ မောင့်ရဲ့ အချစ်အဘိဓမ္မာဘဲနွဲ့၊ ဒီစေတနာကို နွဲ့သိစေချင်တယ်၊ ဒီစေတနာအလျောက် နွဲ့ဆီက ရှောင်ပြေးတိမ်းရှောင်နေတဲ့ မောင့်ကို ခွင့်လွှတ်စေချင်တယ်"

ရှည်လျားသောစကားကို ဖြည်းလေးစွာပြောနေခိုက် သူသည် နွဲ့နွဲ့အား မော်၍မျှမကြည့်၊ သူ့မျက်လုံးများက စားပွဲဆီ၌သာ စိုက်လျက် လက်ညှိုးဖြင့် စားပွဲခုံ မျက်နှာပြင်ဝယ် မထင်လှသော မျဉ်းကောက်မျဉ်းတွန့်များကို ရည်ရွယ်ချက်မဲ့ ရေးဆွဲနေ၏။

နွဲ့နွဲ့ကသာ ရင်ထုမနာနှင့် ချစ်သူအား ငေးငေးလေးကြည့်နေမိသည်။ တခါက နုနယ်ပျိုမျစ်စဉ် ကြည်လင်သန့်စင်သော သူ့အသွင်မှာ ယခုမူ မှိုင်းရင့်အိုရီနေပေပြီ။ မပြည့်ဝတော့ပြီဖြစ်သည့် မျက်နှာမှာ ပင်ပန်းနွမ်းနယ်ရိပ်တို့ ပေါ်လျက် နှုတ်ခမ်းမွေးနှင့် မုတ်ဆိတ်မွေးတို့မှာ ရှည်သန်နေကြ၏။ စကားပြောစဉ် သူ့ထံမှ အရက်နံ့ကလည်း တသင်းသင်းလာနေ၏။

နွဲ့နွဲ့ သက်ပြင်းတချက် ရှိုက်လိုက်သည်။

"ဆင်းရဲတွင်းဆီ မောင်ကနွဲ့ကို မခေါ်ချင်ဘူးဆိုတော့ ချမ်းသာခြင်းနဲ့ ဆင်းရဲခြင်းကို မောင် ဘယ်လိုများ အနက်ဖွင့်နေပါသလဲ။ မောင်ချန်ရစ်ခဲ့လို့ ကျန်ရစ်ခဲ့တဲ့အနေမှာ ချမ်းသာခြင်းဆိုတာ နွဲ့အတွက် ရှိလေအုံးမယ်လို့ ယူဆနေသလား မောင်ရယ်၊ မောင်က ဒီစကားကိုဆိုတော့ မောင့်ကို ခဏခဏ နွဲ့ပြောပြခဲ့တဲ့ အင်္ဂလိပ်ကဗျာလေးတခုကို နွဲ့သွားသတိရမိတယ်။ မောင် အမှတ်ရသေးရဲ့လား"

သူက ဘာမျှပြန်မဖြေဘဲ မတုန်မလှုပ် ငြိမ်နေသည်။ နွဲ့နွဲ့ကသာ ဆက်၍ပြောသည်။

"နွဲ့ကို လူတွေက တဖက်သတ် အစွဲအလမ်းကြီးသူလို့ ဆိုကြမလားမသိဘူး။ မိန်းမကောင်း အမည်ခံချင်လို့ တပွင့်ပန်းပန်ချင်ဟန်ပြတယ်လို့ ယူဆကြမလားမသိဘူး၊ အမှန်က နွဲ့ဟာ တပွင့်ပန်း ပန်ချင်တာ မဟုတ်ပါဘူး။ အသဲမတီမြေမှာ တပင်သာရှင်သန်ပြီး တသက်မှာတကြိမ်သာ ပွင့်ဦးလေတဲ့ မာလာခိုင်ကြိုခက်ကို မြေမသက်ပါစေ၊ ကြွေမပျက်ပါစေလို့ စုံမက်သည်နှင့်အမျှ သံယောဇဉ်ဝဋ် နှောင်တင်းမိရတဲ့ သူပါ။ ကောင်းကင်မိုးယံမှာ ကြယ်တာရာတွေ ကုဋေကုဋာတွက်လေလေ ရေမဆုံး လိမ့်ပေမယ့် တလုံးထဲသာဖြစ်တဲ့ ရှင်နေမင်းကွယ်ရင် အမှောင်ဟာ ပိတ်ဖုံးမြဲလို.... စိတ်သန္တာန်မှ တွေးတောမှတ်ထင်ဘွယ်ရာတွေ အနန္တ။ သံသရာလည်သမျှ ဘဝတခွင်မှာ ကြုံအင်ရာတွေ အသင်္ချေ မကပေမယ့် မေတ္တာရှင်နေမင်းနဲ့ ကင်းခဲ့ပြီဆိုမှဖြင့် တသက်တာဆိတ်သုဉ်းလို့ ပျော်ရွှင်ခြင်းလဲ ဆုံးလိမ့်မယ်ဆိုတဲ့ ကဗျာသဘောပါဘဲလေ။ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခောရယ်လို့ မြတ်စွာဘုရား တောင် အသိအမှတ်ပြုထားတဲ့ ဒုက္ခဘုံအလယ်မှာ ကျန်ရစ်ခဲ့မယ့် နွဲ့အတွက် ချမ်းသာခြင်းဆိုတာ ဘယ်ဟာပါလဲ မောင်ရယ်..."

ဏ္ဍန္ခြေကြီးသူမို့ အနိုင်နိုင် တင်းဆည်ထားရသော်လည်း ပြောရင်းပြောရင်းနှင့် နွဲ့နွဲ့မှာ လှိုက်လှိုက် လှဲလှဲ ဖြစ်လာ၍ အသံလေးများ၌ ငိုသံရောလာခဲ့သည်။ သူ၏မျက်နှာမှာမူ တစထက်တစ မဲညို လာကာ ဝမ်းတွင်းရှိ ထိခိုက်သမျှမှာ ပေါ်သည်ထက်ပေါ်လာသည်။

"နွဲ့နားလယ်ထားတဲ့ ချစ်ခြင်းမေတ္တာဆိုတာဟာ ခွင့်လွှတ်ခြင်းပါဘဲမောင်။ မောင့်ကို ခွင့်လွှတ်တယ် ဆိုတော့ မောင့်အပေါ် အပြစ်ရှိတယ်လို့လဲ နွဲ့မဆိုလိုပါဘူး။ မောင့်ယုံကြည်ချက်နဲ့မောင် လုပ်သွားစဉ် အခါက နွဲ့ဘာပြောခဲ့သလဲ။ မောင့်ကိုနွဲ့ ချစ်တာသာသိတယ်၊ ဘာကြောင့် ချစ်တယ်ဆိုတာ နွဲ့မသိဘူး။ သိဘို့လဲမလိုဘူးထင်တယ်။ မောင့်ယုံသလို နွဲ့မယုံဘူး၊ မောင်ဖြစ်ချင်သလို နွဲ့ လိုက် မဖြစ်နိုင်ဘူး။ ဒါပေမယ့် မောင့်ကိုနွဲ့ ချစ်တာဟာ ချစ်တာပါဘဲ။ အလိုလိုက်မှ စရိုက်တူမှ အကြိုက် ညီမှ ချစ်တယ်ဆိုတဲ့ သဘောကို နွဲ့လက်မခံနိုင်ဘူး။ မတူတာတွေ မညီတာတွေ ကွဲလွဲချက် အထွေထွေဟာ ချစ်ခြင်းမေတ္တာစစ်ကို လွှမ်းပစ်လို့မရပါဘူး။ နွဲ့အချစ်ကတော့ ဒီအတိုင်းပါဘဲ။ မောင်နဲ့နေစဉ်လဲ ချစ်တယ်၊ မောင်စွန့်ပစ်သွားတော့လဲ ချစ်တာဘဲ။ ခုမောင်ပြန်ရောက်တဲ့ အထိလဲ နွဲ့အချစ်ဟာ မပြောင်းလဲသေးဘူး"

ကိုလှဝေက အံကြိတ်ထား၍ လက်သီးကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။ နွဲ့နွဲ့၏ စကားများက သူ့စိတ်ကို ပြင်းထန်စွာ နာကျည်းစေသည်။ စောစောက သောက်ထားသည့် အရက်ရှိန် မှာ ယစ်တက်လျက်ရှိသဖြင့် သူ့ခေါင်းမှာ ရီဝေကာ အတွေးတို့မှာလည်း ရှုပ်ထွေးလာသည်။ သူ့ ရင်တွင်း၌ ဆန္ဒနှစ်ခုမှာ ဆန့်ကျင်ရုန်းကန်နေသည်။ တခုမှာ နွဲ့နွဲ့၏ပခုံးကိုဖက်၍ ချုန်းမဲချငိုခြင်း ဖြစ်၍ တခုမှာ မိမိကိုယ်ကို စိတ်ရှိလက်ရှိ ညှဉ်းပန်းနှိပ်စက် လိုက်ချင်ခြင်းပင်ဖြစ်၏။ ယတိပြတ် ဆုံးဖြတ်ခဲ့ပြီးပြီ ဖြစ်သဖြင့် နွဲ့နွဲ့နှင့် ရင်ဆိုင်မိလျှင် ပြတ်ပြတ်သားသားနှင့် ဖြစ်ခဲ့သမျှ ပြည်ဖုံးကား ချသည့်ပမာ ငြင်းပယ်တွန်းလှန်ရန် သန္နိဋ္ဌာန်ပြုမိခဲ့၏။ ယခုမူ ဘာမျှမတတ်နိုင် နွဲ့နွဲ့ပြောသမျှ စိတ်ပြေ့ညံ့စွာ ထိခိုက်မိလေသော မိမိကိုယ်ကိုမိမိ ဒေါသထွက်နေမိ၏။ ခဏမှာပင် သူ့ရင်မှာ ပေါက်ကွဲထွက်လာသည်။

"တော်ပါတော့နွဲ့၊ တော်ပါတော့။ နွဲ့ပြောတာတွေ မောင်မကြားပါရစေနဲ့တော့...."

သူက မိမိဘာလုပ်မိသည်ကို မိမိ သတိရှိဟန် မတူသူတဦးကဲ့သို့ ထိုင်ရာမှ ရုတ်တရက် ထလိုက် သည်။ သူ့အသွင်မှာ ဤနေရာမှ ထပြေးချင်ဟန် ပေါ်နေသည်။ သို့ရာတွင် မပြေးဖြစ်ခဲ့။ ကိုယ်မှာ တုန်ယင်နေ၍ ဒယီးဒယိုင်လည်း ဖြစ်နေ၏။

နွဲ့နွဲ့မှာ စကားရပ်သွားသည်။ ဝမ်းနည်းခြင်း၊ ထိတ်လန့်ခြင်းဖြင့် ပါးစပ်ကလေးဟလျက် မျက်နှာငယ် နှင့် သူ့အား မော့်ငေးကြည့်နေရှာသည်။

“နွဲ့နွဲ့…… ဒီစကားတွေ ဘာလို့ မောင့်လာပြောနေသလဲ၊ နွဲ့နဲ့မောင်ရဲ့ ဇာတ်လမ်းဟာ ဆုံးခဲ့ပြီ မှတ်လား၊ မောင်ဟာ ဘဝတွေအမျိုးမျိုး ကူးခဲ့ပြီးဘီ၊ နွဲ့ဟာ အခုမောင့်ကို တမလွန်ဘဝက အကြောင်းတွေ လာပြောနေတယ်၊ မောင်ဥပါဒါန်မစွဲပါရစေနဲ့၊ ဟုတ်တယ်၊ ဥပါဒါန်မစွဲချင်ဘူး။ ကိုမြင့်သူက ပြောတယ်၊ မောင်ဟာ ရှင်ရက်နဲ့ သေနေတဲ့လူတယောက်တဲ့……. ဟဲ…. ဟဲ….”

သူက ခြောက်သွေ့စွာ ရယ်လိုက်သည်။

“ဟုတ်တယ်၊ မောင်ဟာ အရှင်တပိုင်း အသေတပိုင်းဘဲ။ တမလွန်တုန်းက စွဲသမျှ ဥပါဒါန်–ဝဋ်ကြွေးတွေကို ခံစားနိုင်ရုံ ရှင်နေပီး ဘဝသစ်ကို မကူးနိုင်ရုံ သေနေတယ်။ ပြင်လို့မရပြီဖြစ်တဲ့ အမှားတွေအလွဲတွေ ခံစားနင့်နဲခြင်းတွေ ဒါတွေက မပျက်မပျောက် ကျန်နေတယ်၊ မောင့်ကို အမြဲချောက်လှန့်နေတယ်။ ဒါတွေကို ဖျက်ချင်နေတယ်။ မပျက်ဖူး၊ မေ့ချင်တယ် မပျောက်ဘူး….”

သူ့အသံမှာ မာလာသည်။ သူ့ရင်တွင်းမှ နာကျည်းသမျှသည် အန်ကျလာဟန်တူသည်။

အစသော် နွဲ့နွဲ့မှာ တုန်လှုပ်သွားသည်။ နီကြန်သောမျက်လုံးဝယ် မျက်ရည်အပြည့်နှင့် စိတ်မာန်ပါစွာ ပြောနေသော သူ့အား အံ့သြငေးမောနေမိ၏။ သူ့စကားဆုံးကာမှ သတိပြန်ဝင်လာသည်။

“နွဲ့စကားကို ဆုံးအောင် နားထောင်ပါအုံး မောင်ရယ်၊ အခု နွဲ့ဟာ မောင့်ကို တောင်းပန်ဘို့လာတာပါ။ လူ့ဘဝဆိုတာဟာ မောင်မြင်ထားသလို မပျက်တမ်းတည်နေမယ့် ကျောက်ထက်မှာ ထွင်းဖေါက်ဖေါ်ပြထားတဲ့ ရုပ်တုဇာတ်လမ်း မဟုတ်ပါဘူး။ ပြင်လို့ရပါတယ်။ မမြဲတာကို အမြဲထင်ပြီး မစွဲသင့်တာကို အလွဲလွဲစွဲနေရင်တော့ မှန်တယ်၊ မောင်ဟာ ရှင်ရက်သေနေမှာပါဘဲ။ အခု နွဲ့ပြောနေတာကို မရှိတော့တာကို အရှိမလုပ်ကြတော့ဘဲ ရနိုင်တာကို ပိုင်ကြရအောင် ကြိုးစားဘို့ပါ….”

နွဲ့နွဲ့က စကားအဆုံးတွင် သူ့အား မြော်လင့်ချက်ကြီးစွာနှင့် ကြည့်လိုက်သည်။ သူကမူ ခေါင်းကို လေးပင်စွာ ခါယမ်းနေသည်။

နွဲ့နွဲ့ကပါ မတ်တတ်ရပ်လိုက်သည်။ ထို့နောက် တစုံတခုကို ဆုံးဖြတ်လိုက်ဟန် မေးရိုးလေးမှာ မြမြ စေ့စပ်လာ၍ မျက်နှာလေးမှာလည်း မော့်လာ၏။

“ကဲ…. ဒီမှာမောင်၊ မောင့်ကိုနွဲ့ နောက်ဆုံးစကားတခုကို ပြောရတော့မယ်။ ဒီစကားကို ပြောချင်လွန်းလို့ဘဲ မောင့်ကိုနွဲ့ လိုက်ရှာနေခဲ့ရတယ်။

သူကလည်း တည်ငြိမ်သွားသည်။ မျက်မှောင်တချက် ကြုတ်လိုက်၍ နွဲ့နွဲ့အား ကြည့်လိုက်သည်။

"ပြောပါလေ....နွဲ့"

"နွဲ့အခု လက်ထပ်ရတော့မယ်....."

နွဲ့နွဲ့က သူ့မျက်နှာအား စေ့စေ့ကြည့်ရင်း လေးနက်စွာ ပြောလိုက်သည်၊

သူ့သဏ္ဍာန်မှာ သိသိသာသာ တုန်လှုပ်သွားသည်။ လက်နှစ်ဖက်မှာလည်း ရှေ့ဆန့်ထွက်လာကာ စားပွဲပေါ်၌ မှီထောက်ထားလိုက်၏။

"လက်ထပ်တော့မယ်...."

သူက နွဲ့နွဲ့၏ စကားရပ်များကိုပင် ပြန်လည်ရေရွတ်နေပါ၏။

"ဟုတ်တယ်၊ နွဲ့ဟာ သစ္စာကို တတ်နိုင်သမျှ စောင့်ထိန်းခဲ့တယ်။ ဒါပေမဲ့ နွဲ့ဟာ မိန်းမသားတဦးပါ၊ မိန်းမသားတဦးအနေနဲ့ မိဘဆွေမျိုးပတ်ဝန်းကျင်နဲ့ ထုံးတမ်းစဉ်လာဓမ္မတာကို ထာဝရဆက်လက် လွန်ဆန်မနေနိုင်ဘူး။ အခုမောင့်ကို နွဲ့လာတွေ့တာဟာ နွဲ့ရဲ့ နောက်ဆုံးကြိုးပမ်းမှုပါ။ ရေနစ်သူ အနေနဲ့ ကောက်ရိုးကို ဆွဲသလိုများ ဖြစ်နေမလားမသိဘူး"

သူကမူ နွဲ့နွဲ့ ထပ်ပြောနေသည်ကို ကြားဟန်မတူ၊ ဆိုင်၏မျက်နှာကြက်ကို စိုက်ငေးကြည့်ရင်း မေးခွန်းတချက် ထုတ်လိုက်သည်။

"နွဲ့ ဘယ်သူနဲ့ လက်ထပ်ရမလဲ"

နွဲ့နွဲ့ထံမှ ချက်ခြင်းအဖြေမရ၊ ဖြေသောအခါတွင်မူ အသံမှာ တုန်ယင်ထိခိုက်လှ၏။

"ကိုကိုမြင့်နဲ့....."

"ကိုမြင့်သူနဲ့ ဟုတ်လား နွဲ့"

သူက စားပွဲပေါ်တွင် ထောက်ထားသောလက်ကို ရုပ်လိုက်သည်။ သူ့သဏ္ဍာန်မှာ ရုတ်တရက် လွှမ်းမိုး တက်လာသော စိတ်ဝေဒနာကို အနိုင်နိုင်ထိန်းနေဟန်ပေါ်၏။ သူ့အားကြည့်နေသော နွဲ့နွဲ့သည် သူ့ လည်စလုတ်မှာ တက်ချည်ဆင်းချည်နှင့် လှုပ်ရှားနေသည်ကို တွေ့ရ၏။ သူ့မျက်လုံးများက ပထမ တွင် ရီဝေသွားသည်။ ခဏမှာပင် ထူးဆန်းစွာ အရောင်လဲ့လဲ့ ထွက်လာသည်။ မျက်နှာတွင်လည်း အမျိုးအမည် မသဲကွဲသော အပြုံးရိပ်သည် ပေါ်လာ၏။

"နွဲ့ကိုမောင် သနားတယ်၊ ဒီစကားကိုဘဲ မောင်ပြန်ပြောရတော့မယ်၊ နွဲ့ဟာ စင်စစ်တော့ သိပ် စိတ်ကူးယဉ်လွန်းတယ်။ နွဲ့နဲ့မောင်ဟာ တချိန်က အင်မတန် လွမ်းမက်ဘွယ်ကောင်းတဲ့ အိပ်မက် ကလေးတခုကို မက်နေခဲ့ကြတယ်။ အခုဆို အိပ်မက်ဟာ ပြီးဆုံးလို့ မိုးတောင်စင်စင်လင်းနေပြီ။ ဒါပေမယ့် နွဲ့ဟာ အိပ်ရာက မနိုးလေသေးဘူး"

သူ့အသံမှာ ထူးဆန်းစွာ ပြန်တည်ငြိမ်နေ၏။ အသံတွင်မက တစုံတခုကို သန္နိဋ္ဌာန် ချပြီးသည့်ပမာ မျက်နှာမှာလည်း တည်ငြိမ်နေသည်။

"နွဲ့က မောင့်ကို လူ့ဘဝဟာ ထွင်းထုထားတဲ့ ကျောက်သားရုပ်ထုဇာတ်လမ်းပမာ မဟုတ်ဖူးလို့ ပြောခဲ့တယ်။ ပြုပြင်လို့ရတဲ့ ဘဝဆိုတာကို ယုံတယ်ဆိုပေမဲ့ နွဲ့ဟာ အိပ်မက်ကျတော့ တကယ်ထင်ပြီး ခြားနားနေတဲ့ ချောက်ကမ်းပါးကို စိတ်ကူးယဉ် သက်တန့်ပေါင်းကူးတံတားနဲ့ ဆက်ချင်နေတယ်။ ချစ်ချင်းမည်သည် ပေါင်းသင်းရခြင်းကို မြော်မှန်းပေမဲ့ ပေါင်းသင်းရခြင်း တခုထဲဟာသာ ချစ်ခြင်းမေတ္တာစစ်တို့ရဲ့ ဆုံးလေရာအဖြစ်လို့ တွက်လို့မရပေဘူး"

သူက အဓိပ္ပါယ်ပြည့်ဝင်းစွာဖြင့် နွဲ့နွဲ့အား တချက်ငေးကြည့်လိုက်သည်။ စကားကို ပြန်စသောအခါမူ သူ့အသံမှာ တိုးတိတ်ညင်သာသမျှ ဆွေးမြေ့လှိုက်လှဲနေ၏။

"နွဲ့နဲ့မောင်ရဲ့ ဇာတ်လမ်းဟာ ဆုံးခဲ့ပါပြီ နွဲ့ရယ်။ ဆုံးခန်းကို နွဲ့ လက်ခံချင်သည်ဖြစ်စေ၊ လက်မခံ ချင်သည်ဖြစ်စေ၊ ဆုံးတာဟာတော့ ဆုံးတာပါဘဲ၊ မောင်ဟာ လူ့ဘဝ အဓိပ္ပါယ်ပျောက်ပြီး ရှောက် လိုက်စရာ လမ်းမမြင်တော့တဲ့ လွတ်နေသူပါ။ ဘယ်နေရာမှာမှ ဆောက်တည်ရာမရအောင် လွင့်နေ လေသူပါ။ နွဲ့က ရေနစ်သူမို့ ကောက်ရိုးကိုဆွဲရတယ်ပြောတယ်။ လောင်းလှေရှင် ဆည်နိုင်သူရှိရက်နဲ့ အကျိုးမဲ့ ဘာလို့ကောက်ရိုးမျှင်ကို ဆွဲချင်ရသလဲ၊ ဒါဟာမောင့်အဖြေဘဲ၊ နွဲ့နွဲ့အတွက် အကောင်းဆုံး မောင်ရဲ့အဖြေဘဲ"

သူက နွဲ့နွဲ့အား တချက်ပြုံးကြည့်လိုက်သည်။ နောက် နွဲ့နွဲ့ မည်သို့မျှ မတားလိုက်မိမီ မပြေးရုံတမယ် သွက်လက်သောအဟုန်နှင့် အခန်းတွင်းမှ ထွက်သွားသည်။ ရင်ဆိုင်တိုးမိမတတ် ဖြစ်သွားသည့် ဆိုင်ရှင်ကုလားအား အိတ်တွင်းမှဆွဲထုတ်၍ ပါလာသော ၅–ကျပ်တန်တရွက်ကို ပြစ်ပေးခဲ့ပြီး ဆိုင်ပြင်သို့ ထွက်ခဲ့၏။

ကြောင်နေရာမှ သတိရကာ နွဲ့နွဲ့သည် အခန်းပြင်သို့ ထွက်လိုက်သည်။ သို့ရာတွင် ဆိုက်ကား တစီးပေါ် ခုန်တက်လျက် ထွက်ခွာသွားသော သူ့အင်္ကျီပြာကိုသာ ရိပ်ကနဲတွေ့ရတော့သည်။

နွဲ့နွဲ့၏ မျက်လုံးများမှာ မျက်ရည်များပြည့်လျှမ်း၍ ရီဝေလာသည်။ ဘာကိုမျှမမြင်ရ ဘာကိုမျှလည်း သတိမရတော့။ စိတ်လွတ်ရူးသွတ်သူအလား ဆိုင်တွင်းမှ ပြေးထွက်ခဲ့သည်။

ဆိုင်တွင်းကျန် အခန်းတွင်းမှ ငြိမ်းနှင့်မေရီမှာလည်း ငြိမ်နေသည်။

မေရီသည် နွဲ့နွဲ့နှင့် ကိုလှဝေပြောသမျှကို ကြားခဲ့ရသည်။ မေရီ၏ရင်တို့မှာ ခုန်လာသည်။ မိမိတခါက ရိုးရိုးရိပ်ရိပ်သာ စိုးရိမ်ထိတ်လန့်ခဲ့သည့် ပြဿနာတရပ်မှာ ယခုမူ ဘွင်းဘွင်းပေါ်ခဲ့လေပြီ။

ငြိမ်းက ပခုံးကို တချက်တွန့်ပြလျက် ထမင်းကို လက်စသိမ်းပြီးနောက် မေရီသည် နေရာမှထကာ လက်ဆေးသည်။

"ဟေး..... မေရီ တော်ဘီလား၊ ထမင်းလဲ ဘာမှ အရာမယွင်းသေးပါလား...."

ငြိမ်းက မေရီ့အား မော့်ကြည့်ရင်း ပြောလိုက်သည်။ မေရီသည် ငြိမ်း၏မျက်လုံးများနှင့် လွဲအောင် မျက်နှာကို လွဲလိုက်ပြီး "နဲနဲစပ်လို့ပါ၊ မေရီမစားနိုင်ဘူး" ဟု ဖြေသည်။

ငြိမ်းက ထမင်းကိုလက်စသတ်၍ သူပါ ထလက်ဆေးသည်။ နောက် ခန်းဆီးကိုမ၍ ကုလားကိုခေါ်ကာ ကျသင့်သော အဖိုးအခကို မေး၍ ဆယ်တန်တချပ် ထုတ်ပေးလိုက်၏။

"မမနွဲ့ခမျာ သနားစရာမကောင်းဘူးလား.... ဟင် မေရီ...."

ငြိမ်းက မေရီ၏မျက်နှာကို စေ့စေ့ကြည့်ရင်း မေးသည်။ မေရီကမူ မဖြေဘဲ မချိပြုံးကလေးပြုံးလိုက်၏။

"ဒီအတိုင်းဆိုရင် မမနွဲ့နဲ့ ဆရာဦးမြင့်သူနဲ့ လက်ထပ်ကြတော့မှာပေါ့နော်...." အလိုက်မသိသော ငြိမ်းက ဆက်ပြောနေသည်။

ထိုအချိန်တွင် မေရီ၏ မျက်နှာလေးမှာ သိသိသာသာ ပျက်နေခဲ့ပြီဖြစ်သည်။ မည်သို့ပင် တင်းဆည်ထားသော်လည်း ထိန်း၍မရသော မျက်ရည်များက မျက်လုံးတွင် လျှံတက်လာ၏။

တော်ပါသေး၏။ မေရီ ဣန္ဒြေမပျက်မီ ကုလားသည် ဝင်လာ၍ ငွေပြန်အမ်းသည်။ ငြိမ်းသည် ဆက်လက်မစပ်စုတော့ဘဲ ဆိုင်တွင်းမှ ရှေ့ဆောင်ထွက်ခဲ့၏။

ဆိုင်အဝင်ဝတွင် ငွေလက်ခံရာစားပွဲမှ ဆိုင်ရှင်ကုလားမှာမူ ယနေ့အတွက် အထူးအံ့သြဘွယ်တို့ကို ကြုံရသည်အား သတိထားမိသည်။

ရှေးဦးစွာအဖြစ် ဖြစ်တောင့်ဖြစ်ခဲ၊ မိမိဆိုင်သို့ ချောမောလှပသော အထက်တန်းစား မြန်မာမိန်းမပျိုသုံးဦး ယနေ့ဝင်ရောက်ခဲ့သည်။ ထို့နောက် တဦးသောမိန်းမပျိုမှာ မျက်ရည်လည်ရွဲနှင့်

ဆိုင်တွင်းမှ ပြေးထွက်သွားခဲ့သည်။ ကျန်နှစ်ဦး ထွက်လာသောအခါတွင်လည်း အနောက်မှ ငြိမ်သက်စွာလိုက်လာသူ မိန်းမပျို၏ ဝိုင်းလည်ရည်ရွှန်းသော မျက်လုံးကြည်နှစ်ခုမှာ မျက်ရည်များဖြင့် ပြည့်လျှမ်းနေလျက် သူ့ရှေ့မှောက်အရောက်တွင် ပုလဲဥတပေါက် ပါးပြင်နုနုပေါ်သို့ လိမ့်ကျရောက်လာသည်ကို ဆိုင်ရှင်သည် သေသေချာချာ တွေ့လိုက်ရ၏။

မှန်သည်။ ဤသည့်နေ့ဝယ် နွဲ့နွဲ့နှင့်မေရီတို့က မျက်ရည်ပေါက်ပေါက် ကျခဲ့ကြရပါ၏။

သို့ရာတွင် နွဲ့နွဲ့နှင့် မေရီတို့သာ မဟုတ်၊ ရှစ်မိုင်ဘက်မှ ရန်ကုန်ဆီသို့ ဦးတည်ပြန်ပြေးလာသော ကားစိမ်းကြီး၏ ရှေ့ခန်းတွင် ဟင်နရီညွန့်နှင့် သူ့အဖေါ်က ကျေနပ်စွာ ပြုံးပါလာခိုက် ကား နောက်ခန်း လှလှတင်ဘေးမှ တစိမ့်စိမ့် မျက်ရည်ကျ လိုက်ပါလာသော သင်သင်၏အဖြစ်ကို ကာယကံရှင်များမှလွဲ၍ မည်သူမျှ မသိလိုက်ကြ။ ။

**အခန်း(၁၂)**

မိုးမလင်းမီက ရွာခဲ့သောမိုးကြောင့် တက္ကသိုလ်ပတ်ဝန်းကျင်မှာ လန်းဆန်းသစ်လွင်နေသည်။

မိုးနှင့်ဆေးပြီးဖြစ်သဖြင့် ပွင့်လင်းသန့်စင်နေသည့် ကောင်းကင်ပြင်မှ နံနက်ခင်းနေရောင်ခြည်သည် စိမ်းစိုသော သစ်ပင်မျက်ခင်းတို့ထက် ဝင်းလဲ့စွာ ကျရောက်နေ၏။

တက္ကသိုလ်ရိပ်သာလမ်းနှင့် အင်းလျားလမ်းဆုံရာ တောင်ဘက်ထောင့်ရှိ အကြော်ဆိုင်ရှေ့၌ မေရီက ရပ်နေသည်။

တနင်္ဂနွေနေ့ နံနက်ခင်း စောစောတွင် မေရီသည် လမ်းလျှောက်ရင်း အကြော်ဝင်စားရသည်ကို နှစ်သက်၏။ နံနက်ခင်း လတ်ဆတ်သောလေကို ရှူရှိုက်ရသည်ကိုလည်း ကျေနပ်သည်။ မေရီနှင့်အတူ လာခဲ့ကြသော ဆရာမတဦးနှင့် ကျောင်းသူကြီးတဦးမှာ အကြော်ဝိုင်းမှ မထသေး။ သူတို့ကဲ့သို့ပင် လမ်းလျှောက်ရင်း အကြော်ဝင်စားသည့် မိတ်ဆွေကျောင်းသားနှစ်ဦးနှင့် စကားလက်ဆုံကျနေကြသည်။

ယခုရက်များအတွင်းတွင် မေရီသည် လူသူလေးပါးနှင့် သိပ်မဆုံချင်၊ စကားလည်း များများ ပြောချင်စိတ်မရှိ။ အားလျှင် တွေးနေချင်၍ တွေးနေရသည်ကို အရသာတွေ့လာ၏။

ထို့ကြောင့်ပင် ဆိုင်ရှေ့၌ရပ်ရင်း ရည်ရွယ်ချက်မဲ့ ဟိုဟိုသည်သည်ကို ငေးမျှော်ကြည့်နေမိသည်။

သစ်ရွက်နှင့်မြက်ပင်များထက် ခိုတွဲကျန်ရစ်သဖြင့် နေရောင်၌ ထွန်းလက်နေသော မိုးဥစက်များဆီသို့ မေရီ၏အာရုံမှာ ရောက်သွားသည်။

တက္ကသိုလ်ရောက်စက မေရီ၏စိတ်လေးများမှာ ဤသစ်ပင်မြက်ပင်များပမာ စိုလန်းလတ်ဆတ် နေခဲ့သည်။ ဤမိုးဥမိုးစက်များကဲ့သို့ပင် ကြည်လင်သန့်စင်နေခဲ့သည်။

ယခုမူ ဤမိုးဥမိုးစက်တို့နှင့်တူသော မျက်ရည်ပေါက်များကို တိုးတိုးတိတ်တိတ် ကျိတ်၍ကျရသည့် အခါများကိုပင် ကြုံခဲ့ရလေပြီ။

မေရီသည် အတွေးစကိုဖြတ်လျက် ဆိုင်တွင်းရှိအဖော်များအား လှည့်ကြည့်လိုက်ရာ စကားမပြတ်ကြ သေးသည်ကို တွေ့ရသဖြင့် "မမမြင့် မေရီပြန်နှင့်မယ်၊ စာကြည့်စရာ နဲနဲရှိသေးလို့" ဟုဆိုကာ တက္ကသိုလ်ရိပ်သာလမ်းကို ဖြတ်ကူး၍ ဖြည်းဖြည်းပင် ထွက်ခွာခဲ့သည်။

အင်းလျားလမ်းအတိုင်း လျှောက်လာစဉ် ကိုမြင့်သူတို့၏အိမ်ကို လှမ်းမြင်ရသော် မေရီ့ရင်မှာ အနည်းငယ် ဆို့နင့်လှိုက်လှဲသွားသည်။

ဤအိမ်သို့ မေရီမရောက်သည်မှာ နှစ်ပတ်ခန့် ရှိပေတော့မည်။ နွဲ့နွဲ့က ခေါ်သည်ကိုလည်း ဆင်ခြေပေး၍ ငြင်းဆန်ခဲ့သည်။ ကျောင်းတက်ကျောင်းဆင်းများ၌ ကိုမြင့်သူနှင့် ဆုံနေလျှင် တမင်ပင် ကွေ့ရှောင်၍ မမြင်ရောင်ပြုခဲ့သည်။ စိတ်၌မူ မသက်သာလှ။

အိမ်ရှေ့ရောက်ပြန်သောအခါ မကြည့်ဘဲမနေနိုင်သဖြင့် လှည့်ကြည့်မိသည်။

ခြံတွင်း၌မူ ဒေါ်စောရီသည် ကတ်ကျေးတလက်နှင့် ပန်းများကို ညှပ်ခူးနေသည်။ မေရီက မျက်နှာလွှဲ၍ ဆက်လျှောက်သွားရန် ကြံသေးသည်။ သို့ရာတွင် နောက်ကျသွားပေပြီ။ ဒေါ်စောရီက သူ့အား လှမ်းပြုံးနှုတ်ဆက်ရင်း လက်ယပ်ခေါ်နေသည်။

ခြံတွင်းသို့ ဝင်ခဲ့ရသော မေရီအား ဒေါ်စောရီသည် ခုံတန်းဖြူလေးတခုဆီသို့ ခေါ်ဆောင်သွားပြီး ထိုင်ခိုင်း၍ သူပါရောထိုင်လိုက်သည်။

"ဘုရားတင်ဘို့လား ဒေါ်ဒေါ်စော...."

မေရီက မေးသည်။

"ဟုတ်တယ်မေရီ၊ သြော်... ဒီနှင်းဆီပန်းတွေကတော့ စားပွဲမှာထိုးဘို့ပါ၊ မေရီ ပန်ပါလား...."

ဒေါ်စောရီက ခုံတန်းဖြူအနီး စားပွဲကလေးတလုံးထက်၌ ဆန်ကာတွင်ထည့်ထားသော နှင်းဆီပန်းများကို ပြရင်း ပြောလိုက်ပြီးမှ မေရီအား လှည့်ကြည့်လိုက်ပြန်ကာ "အို–အခု မပန်နဲ့ ဟုတ်လား၊ ဒီလိုလေးက ပိုကြည့်ကောင်းတယ်။ မိန်းခလေးချောမချော အိပ်ရာထစ မဖီးမလိမ်းခင် ကြည့်ရတယ် ဆိုတာ တယ်မှန်" ဟု စဉ်စိုက်ကြီးပြောချလိုက်၏။ မေရီက ဒေါ်စောရီကိုမူ လှိုက်လှဲအေးဆေးစွာ ခင်မင်သည်။ ဒေါ်စောရီတယောက်မှာ အစဉ်ပြုံးနေတတ်သလောက် ရင်တွင်းရှိသည်ကိုလည်း အချိန် မရွေး ဘွင်းဘွင်းပြောချတတ်လေ့ရှိ၏။ မေရီအား သံယောဇဉ်ငြိတွယ်နေဟန်ရှိ၍ ယခုလည်း မေရီ၏မျက်နှာလေးအား နှစ်သိမ့်ကျေနပ်စွာ ပြုံးပြုံးကြီးကြည့်နေသည်။

နံ့သာမှုန်ခြယ်မထားသဖြင့် မေရီ၏ နုသားဝါဝါမှာ ပင်ကိုယ်ရွှေရည် ဝင်းလျက်နေသည်။ နားသယ်ဆီမှ လျှောကျဆင်းလာသော မွေးညှင်းရှိမ်းရှိမ်းတို့မှာ ပါးပြင်မှ ထင်ရှားပေါ်လွင်သော အကြောစိမ်းလေးများနှင့် ရောရှက်လျက် မြရောင်သန်းနေသည်။ မပြုပြင်ရသေးသဖြင့် နဖူးပြင်ဆီ

လျှောသက်ဝဲခွေယိမ်းနေသော ဆံနွယ်များနှင့် မေရီ၏အသွင်မှာ ကပိုကရိုနှင့် တမျိုးတင့်တယ် ချစ်စဖွယ် ဖြစ်နေ၏။

"မေရီ.... ကော်ဖီသောက်သွားပေါ့ ဟုတ်လား၊ ဒေါ်ကြီးခင် ခဏ"

ဒေါ်စောရီက ခေါ်လိုက်သဖြင့် မနီးမဝေး၌ ပန်းပင်ရေလောင်းနေသော ဒေါ်ကြီးခင်က အနားသို့ ရောက်လာသည်။

"နေပါစေ ဒေါ်ဒေါ်စော....၊ မေရီ ကျောင်းက သောက်ခဲ့ပြီးပါပြီ"

"အို–အိမ်ကဟာလဲ သောက်အုံးပေါ့၊ ကျောင်းနဲ့ တခြားစီပါ...."

"ဒါဖြင့်လဲ မုန့်တော့မယူခဲ့ပါနဲ့.... မေရီအခုဘဲ အကြော်ဝင်စားလာခဲ့ပါတယ်။"

ဒေါ်ကြီးခင်က အိမ်တွင်းသို့ဝင်သွား၏။

"မေရီ့ဆရာတော့ အိပ်ရာကမထသေးဘူး။ ညဆိုလဲ ဘယ်တော့မှ စောစောမအိမ်ဖူး။ မနက်ကျလဲ ဘယ်တော့မှ စောစောမနိုးဘူး..."

မေရီက ဒေါ်စောရီပြောသည်ကို နားထောင်နေသော်လည်း စိတ်ကမူ အိမ်ခေါင်းရင်းဘက်၌ ပုတီးစိပ်ရင်း လမ်းလျှောက်နေသော အဒေါ်ကြီးတဦးထံ ရောက်နေသည်။ သူ့အား ယခင်က မေရီသည် မမြင်ဘူးချေ။

'မေရီ... အခုတလော ဒေါ်ဒေါ်တို့အိမ်ကို ဘာပြုလို့ မလာသလဲ၊ ဆရာတော့မပြောနဲ့ ဒေါ်ဒေါ်စော တောင် အောက်မေ့နေတယ်'၊

မေရီက မျက်လုံးလေးဝိုင်းလျက် ဒေါ်စောရီအား မော်ကြည့်လိုက်သည်။ ဒေါ်စောရီကမူ အဓိပ္ပာယ် အထွေအထူးကို ရည်ညွှန်းဟန်မရှိ၊ စိတ်တွင်းရှိသည်ကို ရိုးသားစွာ ပြောနေဟန်ပေါ်သည်။

"မေရီ.... စာတွေကျက်စရာရှိနေလို့ပါ"

မေရီက မုသားတဝက် သုံးလိုက်သည်။

ယခုတလော စာကြွေးများ မတင်စဖူး တင်နေသည်ကို ဆပ်နေရ၏၊ သို့ရာတွင် မလာရသည့် အကြောင်းရင်းမှာလည်း ရှိသည်။

မေရီက သက်ပြင်းလေး မသိမသာရှိုက်လျက် အိမ်ခေါင်းရင်းမှ အဒေါ်ကြီးဆီ မျက်လုံးရောက်သွားပြန်သည်။

"ဩော်.... အဲဒါ မေရီ့ကို ပြောပြထားရအုံးမယ်။ နွဲ့နွဲ့တို့မေမေလေ၊ ရောက်လာတာ တပတ်လောက် ရှိသေးတယ်"

မေရီမှာ ငိုင်ငိုင်လေးဖြစ်သွား၏။ ထိုစဉ် ဒေါ်ကြီးခင်က ကော်ဖီတခွက်ယူလာ ပေးသည်။

"ရော့–ရော့– သောက်လိုက်အုံးမေရီ၊ ဒါထက် မောင်မြင့်သူနဲ့ နွဲ့နွဲ့တို့ကို စီစဉ်ထားတာ မေရီ သိပြီးဘီလား"

မေရီ၏ မျက်နှာလေးမှာ ကွက်ခနဲပျက်သွားသည်။ မျက်လုံးများက ဒေါ်စောရီအား ရင်မဆိုင်ရဲဘဲ တဖက်သို့လွှဲပစ်လိုက်ပြီး ခေါင်းကိုသာ ဖြည်းညှင်းစွာ ခါပြလိုက်၏။

"ဒေါ်ဒေါ်စောတို့လဲ တော်တော်အခက်တွေ့နေတယ်။ လူကြီးတွေကသာ စီစဉ်နေတာ၊ မေရီ့ဆရာရော မမနွဲ့ကပါ အားရပါးရမရှိလှဘူး.....

မေရီ၏ လက်ကလေးများမှာ တုန်လာသည်။ ကြာလျှင် ပိုခက်မည်စိုး၍ ကော်ဖီကိုကုန်အောင် မြန်မြန်မော့သောက်ပစ်လိုက်၍ ပန်းကန်ကို အနီးရှိစားပွဲပေါ် တင်ထားရသည်။

"နွဲ့နွဲ့ကတော့ မိန်းခလေးကိုး၊ အသက်ကလဲ အစိတ်ရှိဘီမဟုတ်လား။ ဒီတော့ လူကြီးစကားကို သိပ်မတော်လှန်နိုင်ပါဘူး၊ ခက်တာက မေရီ့ဆရာ...."

"ဆရာက ဘာတဲ့လဲ ဒေါ်ဒေါ်စော...."

မေရီက စိတ်ဝင်စားလာသဖြင့် လွှတ်ကနဲမေးမိသွားသည်။

"မောင်မြင့်သူက တခါတလေ တော်တော်ရှုးချင်သေးတယ် မေရီ။ သူက နွဲ့နွဲ့ကို မကြိုက်ဖူးတော့ မဟုတ်ဖူးတဲ့။ မကြိုက်ဖူး မဟုတ်ဖူးဆိုလို့ ကြိုက်တယ်တော့လဲ ဘယ်ဟုတ်မလဲတဲ့၊ ကဲ.... သူ့စကားက ဘာအဓိပ္ပာယ်လဲ"

ဒေါ်စောရီက ရယ်မောလိုက်သည်။ မေရီကမူ ဒေါ်စောရီဆက်ပြောမည့် စကားရပ်များကိုသာ နားစွင့်နေမိသည်။

“သူ့အမေ ဒေါ်ဒေါ်စောအမကလဲ တထစ်ချဘဲ၊ နွဲ့နွဲ့နဲ့ဆိုမှ နွဲ့နွဲ့နဲ့၊ မောင်မြင့်သူအတွက် စိတ်အေးချင်ဘီ၊ သားကို စိတ်တိုင်းကျ နေရာချပြီးမှဘဲ သူ့ဝိပဿနာအလုပ်ကို စိတ်ဒုံးဒုံးချလုပ်နိုင်မယ်တဲ့”

မေရီက ဒေါ်စောရီကို အသာစွေအကဲခတ်လိုက်သည်။ အိမ်တွင်းရေးကိစ္စများအား မိမိအား ဘာကြောင့်ဖွင့်ပြောနေရသည်ကို သိချင်လာသည်။

“တကယ်တော့ မမကသာ အတင်းအကျပ်ကိုင်ရင် သူလဲ ဘာမှမတတ်နိုင်ပါဘူး။ မအေတခု သားတခု မဟုတ်လား။ တရားအားထုတ်နေတဲ့မအေ ခေါင်းမချခင် စိတ်မချမ်းသာအောင် သူပြုရက်မှာလဲ မဟုတ်ဖူး၊ အဲ– တခုတော့ရှိတယ်ပေါ့လေ…”

ဒေါ်စောရီက မေရီ၏မျက်နှာလေးအား စူးစူးစိုက်စိုက်ကြည့်လိုက်သည်။ ဤအကြည့်မှာ အဓိပ္ပာယ်အပြည့်ပါသည်ဟု မေရီထင်သည်။

“သူ့မှာ နွဲ့နွဲ့ထက်ပိုပြီး ခင်မင်တွယ်တာစရာ သံယောဇဉ် ရှိနေသလား မဆိုနိုင်ဘူး။ မေရီတို့ကတော့ လူငယ်တွေဘဲ၊ အကြောင်းစုံကြားနိုင်မယ်၊ မေရီ့ဆရာအကြောင်း ဘာများကြားရသလဲ….”

ဒေါ်စောရီက ပါးနပ်လိမ္မာစွာနှင့် လိုရာအချက်ဆီသို့ ရောက်လာသည်။ မေရီမှာ ချက်ခြင်းမဖြေနိုင်။ မေးခွန်းမှာ မမြော်လင့်သော မေးခွန်းဖြစ်သဖြင့် ရုတ်တရက် ငိုင်ကျသွားသည်။

“တကယ်လို့ သူ့မှာ ရှိနေတယ်ဆိုရင်ကော အားလုံးအတွက် စိတ်မကောင်းစရာပါမေရီ၊ အထူးသဖြင့် မောင်မြင့်သူအတွက် သနားစရာပါဘဲ။ မအေကတဖက်၊ တခြားသံယောဇဉ်က တဖက်နဲ့၊ အဲ– မရှိဘူးဆိုရင်တော့ အလွယ်သားဘဲ။ နွဲ့နွဲ့ကို သူဘာမှငြင်းစရာမရှိဘူး၊ မဟုတ်ဖူးလားမေရီ….”

မေရီ့ရင်မှာ ဖိုလှိုက်လာသည်။ ဝမ်းနည်းခြင်းနှင့် မခံချင်ခြင်းမှာ ပြိုင်တူပြည့်လျှမ်းလာ၏။ ထွက်အံ့ဆဲမျက်ရည်များကိုလည်း အနိုင်နိုင်ထိန်းထားရသည်။ ဒေါ်စောရီဆိုလိုချက်အား မေရီက ကောင်းစွာနားလည်လိုက်ပေပြီ။ နားလည်လိုက်သဖြင့် ဤခြံတွင်း၌ မနေလိုတော့၊ အမြန်ဆုံး ထွက်ခွာပြေးချင်လာသည်။

မေရီက စိတ်ကိုတင်းလိုက်၍ ဒေါ်စောရီအား တည့်တည့်ရင်ဆိုင်လိုက်သည်။ နောက် အသံကို မတုန်ယင်အောင် ထိန်းလျှက် ပြောသည်။

"မေရီ့အနေနဲ့တော့ ဆရာ့ကိုရော မမနွဲ့ကိုပါ ချစ်ခင်ကြည်ညိုတဲ့သူပါ ဒေါ်ဒေါ်စော၊ ဆရာနဲ့မမနွဲ့ အဆင်ပြေသွားမယ်ဆိုရင် မေရီဟာလဲ ဝမ်းအသာဆုံးတယောက် ဖြစ်မှာပါဘဲ။ ဆရာ့စိတ်ကို ထွင်းဖေါက်မမြင်နိုင်ပေမယ့် မေရီသိသလောက် ဆရာ့မှာ မမနွဲ့ထက်ပိုပြီး ခင်မင်တွယ်တာစရာ သံယောဇဉ် မရှိဘူးထင်ပါတယ်...."

မေရီက စကားကိုရပ်ပစ်လိုက်၍ နေရာမှလည်းထသည်။

"အို.... မေရီ ပြန်တော့မလို့လား၊ ခဏနေပါအုံးလား။ မောင်မြင့်သူတောင် နိုးဘီထင်တယ်...."

မေရီက တုန်လှုပ်သွားသည်။ ကိုမြင့်သူအား ရင်မဆိုင်ချင်တော့။ ထို့ကြောင့်ပင် "နေပါစေ ဒေါ်ဒေါ်စော၊ မေရီ စာကျက်စရာရှိသေးလို့ သွားတော့မယ်" ဟု နှုတ်ဆက်ကာ ခြံတွင်းမှ ခပ်သွက်သွက်လေး ထွက်လာခဲ့သည်။

လမ်းမပေါ်ရောက်လျှင်ပင် ချုပ်တည်းထားသမျှ လွတ်ထွက်ကုန်သည်။ မျက်ရည်များက စီးကျလာ၏။

ကျောင်းဆောင်ရှိရာသို့သာ အမြန်ဆုံး လျှောက်လာခဲ့မိသည်။ ကျောင်းဆောင်ပေါ် ရောက်ပြန်တော့လည်း မိမိအခန်းကို မဝင်မိ။ ငြိမ်းရှိရာသို့သာ အရူးမလေးသဘွယ် ပြေးမိသည်။

"လွမ်းတပူဆွေး၊ သူနှင့်ဝေးသော်၊ ပြည်ထဲရေးနှင့် ဝမ်းရေးတို့ထက်၊ လွမ်းရေးခက်၏"

ငြိမ်းသည် ဘာစိတ်ကူးရသည်မသိ၊ နံနက်စောစောစီးစီးတွင် စားပွဲတွင်ထိုင် လျက် ဥမ္မာဒန္တီပျို့မှ စာတပိုဒ်ကို အသံထွက်အောင် ဖတ်နေသည်။

"ရွှေဦးဖွားစ၊ ငါ့ကိုမသား၊ သတ္တဘောဂ၊ ဒေဝရာဇာ၊ သူနှင့်ငါကို၊ ဖူးစာမရေးလေသလော"

ငြိမ်းသည်စာအုပ်ကိုပိတ်လိုက်၍....

"ဩော်....ချစ်ဒုက္ခ...ချစ်ဒုက္ခ...၊ ဒီဒုက္ခဒီအပူဟာ သံသရာကျင်လည်သော ယောကျ်ားတကာတို့ ခံရမြဲပါလား၊ ဘုရားအလောင်းတောင် မလွတ်ကင်းလေဘူး..." ဟု ညည်းညည်းညူညူ ရေရွတ်ရင်း ခုတင်ထက်၌ ထိုင်နေလေသော မေရီဘက်သို့ လှည့်လိုက်သည်။

ခဏချင်းမှာပင် မှန်အောက်မှ ငြိမ်း၏ မျက်လုံးများက ပြူးကျယ်သွားသည်။

"အို.... မေရီ ဘာဖြစ်တာလဲ၊ မျက်ရည်တွေနဲ့ပါလား..."

ငြိမ်းသည်ပြူတင်းမှ ခန်းဆီးကို ဆွဲကာလိုက်သည်။ အခန်းတံခါးကိုလည်း ဆွဲပိတ်ချလိုက်၏။

"မေရီ..... ဘာဖြစ်လာလဲ၊ ငြိမ်းကိုပြောစမ်း....၊ ငြိမ်း ဘာလုပ်ပေးရမလဲ......"

ငြိမ်းက မေရီ့နားကပ်သွားကာ ပခုံးလေးအား ပွေ့၍ ယုယစွာမေးသည်။ လမ်းတလျှောက်လုံး ထိန်းခဲ့ရသော မေရီက ယခုမှ ငြိမ်း၏ ခါးလေးကိုဖက်ကာ အားရပါးရ ရှိုက်ငိုချလိုက်သည်။

ငြိမ်းမှာ ငြိမ်နေသည်။ လူ့သဘာဝကို အနည်းအကျဉ်း ခေါက်မိထားသဖြင့် စိတ်ရှိသမျှ ချုန်းပွဲချငိုနေသောမေရီ့အား ဘာမျှထပ်မမေးတော့။ မေရီ အားရအောင် ငိုပြီးသည်အထိ ကျောလေးကိုသပ်ရင်းအသာငြိမ်ရပ်နေသည်။ မေရီ၏ရှိုက်သံလေး ကျဲသွားခါမှ မေရီ့ဘေးတွင် ဝင်ထိုင်လိုက်၍ မေရီ့ပါးပြင်ဝယ် စီးကျနေသော မျက်ရည်များကို လက်ကိုင်ပုဝါနှင့် အသာသုတ်ပေးနေသည်။

"မေရီ့ကို ငြိမ်း အကဲခတ်မိတာကြာဘီ၊ အခုတလော ခါတိုင်းလို မေရီမရွှင်ဘူး၊ မေရီ့ကို မမေးရက်လို့ ငြိမ်း မသိချင်ယောင်ဆောင်နေတာ။ ဒါပေမယ့် စိတ်ရဲ့ဝေဒနာ ဆိုတာမျိုးဟာ ဖုံးကွယ်ထားရင် ပိုဆိုးတယ်၊ မေရီဘာဖြစ်နေလဲ..... ငြိမ်းကို မပြေပြနိုင်ဘူးလား...."

မေရီက ရှိုက်သံများကို တတ်နိုင်သမျှ ချုပ်တည်းလိုက်သည်။ အားရအောင် ငိုလိုက်ရသည်မို့ ရင်မှာလည်း ရှင်းလာသည်။ အပေါ်နှုတ်ခမ်းကို အောက်သွားနှင့်ခဲကာ ငြိမ်းအား ငိုင်ငိုင်လေး စိုက်ကြည့်နေသည်။ ငြိမ်း၏ ကရုဏာပြည့်သည့် စင်ကြယ်သော မျက်လုံးများကြောင့် အနည်းငယ်အားတက်လာသည်။

"မေရီ့အကြောင်းစုံသိရင် ငြိမ်းက မေရီ့ကို ရှုးတယ်ထင်မလားမသိဘူး။ ဒီလိုအထင်မှားခံရမှာကြောက်လို့ မေရီ ဖွင့်ပြောချင်ပေမယ့် ဘယ်သူ့ကိုမှ ဖွင့်မပြောဖြစ်ခဲ့ဘူး...."

မေရီက တချက်ထပ်ရှိုက်လိုက်သည်။ နောက် တလုံးချင်းဆက်၍ပြောသည်။

"မေရီ့အဖြစ်ကို မေရီလဲ အစက နားမလယ်မိပါဘူး ငြိမ်းရယ်၊ အခုတော့ ငြိမ်းပြောသလို မိမိပိုင်ဆိုင်လိုရာကို စွန့်လွှတ်ရမယ်ဆိုတော့မှ ထိခိုက်လှတဲ့ခံစားမှုရဲ့ ပမာဏကြောင့် မေရီ့စိတ် မေရီသိတယ်...."

မေရီအသံမှာ ရှိုက်သံက ဖုံးသွားပြန်သည်။ ငြိမ်းကမူ ကလေးငယ်သဖွယ် နုနယ်သော မေရီ့မျက်နှာလေးကို ငေးကြည့်ရင်း သနားကြင်နာရာမှ အံ့ဩလည်း အံ့ဩနေမိသည်။ ဤမျှငယ်ရွယ်၍ အစစအရာရာ ပြည့်စုံတင့်တယ်လေသော မေရီ့ရင်၌ ကြေကွဲဘွယ် အဘယ်လျှို့ဝှက်ချက်သည် ရှိနေရပါသနည်း။

ငြိမ်းသည် စဉ်းစဉ်းစားစားနှင့် မေရီ့အား တချက်စိုက်ကြည့်လိုက်ပြီး “ဘာလဲ၊ မေရီမှာ ချစ်သူရှိနေဘီလား....” ဟု မေးသည်။

မေရီက မျက်ရည်ကြားမှ နာကျည်းစွာ ပြုံးလိုက်သည်။

“ချစ်သူဆိုတာကို ငြိမ်း ဘယ်လိုအဓိပ္ပာယ်ပေးမလဲ...၊ မေရီ ဒါကိုမသိဘူး။ မေရီသိတာက မေရီ သံယောဇဉ်တွယ်မိတဲ့ လူတယောက်ရှိတယ်။ ငြိမ်း တခါကပြောသလို အချစ်ဆိုတာ ပိုင်ဆိုင်လိုခြင်းဘဲ ဆိုရင်တော့ ဒီအချစ်မျိုး မေရီမှာ မရှိသေးဘူးထင်တယ်။ သူ့ကို မေရီ မပိုင်လိုပါဘူး။ အို... ပိုင်လိုလို့လဲ မဖြစ်နိုင်ပါဘူး။ ဒါပေမယ့် သူ့ကို မေရီ မဆုံးရှုံးချင်ဘူး။ ဒါကို ချစ်တာလို့ခေါ်မလား။ ဒါကို ချစ်တာလို့ခေါ်ရင် သူ့ကို မေရီ ချစ်နေတာဘဲ။ သူ့ကို မမြင်ဘူးခင်ကထဲက မေရီ ချစ်နေတာဘဲ။

ငြိမ်း၏မျက်လုံးလေးများ ပြူးသွားသည်။

“သူ့ကို မမြင်ဘူးခင်ကထဲက မေရီကချစ်နေတယ်၊ ဘုရားရေ....”

“ငြိမ်း အံ့ဩသွားသလား၊ မေရီ ပြန်ပြောပြရမယ် ဆိုရင်တော့ အရှည်ကြီးဘဲ။ ဒီဇာတ်လမ်းက အစမှာ တင့်ရွှန်းသလောက် အဆုံးမှာ လွမ်းခန်းနဲ့သိမ်းရတဲ့ ဇာတ်လမ်းတခုပါဘဲငြိမ်း၊ ဇာတ်လမ်းကို စခဲ့သူကတော့ တခြားလူမဟုတ်ဖူး၊ မေရီ့မမဘဲ....”

မေရီက ခေတ္တစဉ်းစားသယောင် ရပ်နားလိုက်သည်။ မေရီ၏ မျက်ရည်များမှာ စဲစပြုပြီးဖြစ်သော်လည်း ရှိုက်သံလေးများမှာ တချီတချီ ဝင်ဖေါက်နေသည်။

“မေရီ့မမဟာ တကြိမ်က အလုဂုဏ်နဲ့ တက္ကသိုလ်မှာ ထင်ရှားခဲ့တဲ့ ကျောင်းသူတဦးပါဘဲ ငြိမ်း၊ မမရဲ့စကားအတိုင်း ပြန်ပြောပြရရင် တက္ကသိုလ်ရဲ့ အသဲပလ္လင်အများမှာ နန်းတင်ခံခဲ့ရတဲ့ ထားသခင်မတပါးပေါ့။ ကျောင်းပိတ်လို့ အိမ်ပြန်လာရင် မမဟာ သူရဲ့အောင်မြင်မှုတွေ၊ သူ့ကျော်ကြားမှုတွေနဲ့ သူမြှောက်စားခံခဲ့ရတာတွေကို အမြဲ မေရီကိုပြန်ပြောပြလေ့ရှိတယ်။ ထုံးစံအတိုင်းဘဲလေ၊ တက္ကသိုလ်မရောက်သေးတဲ့ မေရီဟာ တက္ကသိုလ်က အကြောင်းတွေကို သိချင်တယ်၊ တက္ကသိုလ်က အကြောင်းတွေကို အထင်ကြီးတယ်၊ မမရဲ့ စွန့်စားခန်းတွေကို မေရီအားကျခဲ့တယ်၊ တနေ့ မေရီ တက္ကသိုလ်ရောက်ရင်.... ဆိုတဲ့အတွေးနဲ့ မမကိုနမူနာယူပြီး မေရီ စိတ်ကူးတွေ ယဉ်ခဲ့မိတယ်”

ငြိမ်းက ခေါင်းညိတ်ရင်း တချက်ပြုံးလိုက်မိသည်။ တက္ကသိုလ်မရောက်သေးသော မိန်းကလေးအများ၌ ရှိတတ်သော ဆန္ဒဖြစ်သဖြင့် ငြိမ်းက ကောင်းစွာ သဘောပေါက်သွားသည်။

"ဘယ်လိုဘဲ မမဟာ ဘာတွေ မေရီကိုပြောပြော တခုကိုတော့ အုပ်ဆိုင်းထားခဲ့တယ်။ သူလက်ထပ်ပြီး တနှစ်ကြာတဲ့အထိ ဖုံးဖိထားနိုင်ခဲ့တယ်၊ ဖွင့်ပြောတဲ့အခါမှာတော့ မျက်ရည်လည်ရွဲနဲ့ပေါ့။

"အဲဒီညက လူကြီးတွေလဲမရှိဘူး။ မမယောကျ်ားကလဲ ရန်ကုန်မှာ ကျန်ရစ်ခဲ့တယ်၊ မေရီက ငယ်ငယ်ဘဲရှိသေးတယ်၊ မေရီနဲ့မမက အဲဒီညမှာ ရေဒီယိုနားထောင်နေတယ်၊ ရေဒီယိုကနေပြီး 'ဆောင်းအိမ်မက် ဧကရီ' ဆိုတဲ့ သီချင်းလာတယ်၊ ဆိုသူရဲ့အမည်ကိုလဲ ကြားရော မမဟာ မျက်စိမျက်နှာပျက်သွားတယ်၊ သီချင်းလဲဆုံးရော ချုန်းမဲ့ချငိုပြီး သူဖုံးထားသမျှ မေရီ့ကို ပြောပြတော့တာပါဘဲ"

ငြိမ်းသည် စိတ်ဝင်စားသည်ထက် ဝင်စားလာသည်။ မေရီပြောသကဲ့သို့ပင် ဇာတ်လမ်းမှာ လွမ်းဘွယ်ဖြစ်၏။

"မမ အုပ်ဆိုင်းထားခဲ့တာကတော့ သူနဲ့ သူ့ရဲ့ သနားစရာကောင်းတဲ့ ချစ်သူတို့ရဲ့ ဇာတ်လမ်းပါဘဲ။ မမချစ်သူဟာ စာရေးဆရာတဦး ရေးသလို ဆင်းရဲသောမိဘရဲ့ ဉာဏ်ကောင်းသော သားတဦးဘဲ ဆိုပါတော့။

"မမဟာ မေရီလိုမဟုတ်ဖူး၊ သိပ်အထက်တန်းစားဆန်တယ်၊ ပြီးတော့ ကွန်ဗင့်ထွက်ပြီပြီ ဗိုလ်ဆန်ပြီး ဘောလ်ဒန်စ်တွေ ဘာတွေလဲ ကတယ်၊ မမနားကပ်ဖို့က မော်တော်ကားကောင်းကောင်း လိုတယ်လို့ ပြောပြကြတယ်။

"ဒါပေမဲ့ ဆင်းရဲတဲ့သူနဲ့ မမကို ပေါင်းကူးဆက်စပ် ပေးထားတာကရှိတယ်၊ ဂီတနဲ့ကဗျာပေါ့၊ မမဟာ ဘယ်လောက်ဘဲ ဗိုလ်ဆံပေမယ့် ဗမာကဗျာနဲ့ ဂီတကိုတော့ တော်တော်မြတ်နိုးတယ်။

"တဦးနဲ့တဦး တွေ့ကြတာကလဲ မိတ်ဆွေတဦးရဲ့ ဖြူဇစ်ကယ်လ်ပါတီတခုမှာ တဲ့၊ တန်ဆောင်မုန်းရဲ့ ငွေလသာသာ နှင်းတွေကျတဲ့ ပန်းခြံထဲမှာစ စကားလက်ဆုံကျကြသတဲ့၊ တွေ့ကြရပုံကို သူ စပ်ထားတဲ့ ကဗျာလေးတပုဒ် မေရီရတယ်၊ ငြိမ်းကော နားထောင်မလား...."

"အို–နားထောင်မှာပေါ့၊ ငြိမ်းက ကဗျာဆို သိပ်ချစ်တာ...."

"လနှင့်အရိပ်၊ ဖိတ်ဖိတ်လဲ့ရွှင်၊ သာစုံလင်သည်။ သန့်စင်ငုံစ၊ နတ်နိုးလ၏၊ တညရွှန်းပြေ၊ ပင်မြခြေတွင်၊ စန်းငွေမိုးယံ၊ ယုန်ပုံနန်းရှင်၊ သက်လည်လျှင်သို့....တဲ့။

"အမြဲတမ်း သူက မမကို မိုးယံမြင့်က လနတ်မိမယ်နဲ့ နှိုင်းလေ့ရှိတယ်။ ခုနက မေရီပြောပြခဲ့တဲ့ ဆောင်းအိပ်မက်ဧကရီ သီချင်းထဲမှာလဲ ဒီအတိုင်း ထပ်နှိုင်းပြန်တယ်။ ငြိမ်းကြားဘူးလား....."

"ဟင့်အင်း၊ ရွတ်ပြစမ်းပါလား မေရီ။ စာသားလေးတွေတော့ ကြိုက်တယ်"

"လွမ်းပင်ရိပ်.... ဝေဝေသီ။ ဆောင်းအိပ်မက် ဧကရီ– ဒေဝီအလှရဲ့။ သီတာကုန်ဆုံး ဒီပါသုဉ်းစေ၊ ဘုန်းမမေ့နိုင်ဘူး၊ ပိုင်မလို မဆိုင်သကို၊ ကိုယ်ရုံတိမ်ပြာနုနဲ့၊ ရှိန်ဝါလုကာ ကြည်မင်းသခင်သို့၊ လနတ်ဆွေရှင်– ကြွေဆင်း– မြေနင်းခသလို၊ ရွှန်းမြသာလွင် ဖူးတွေ့ပါရ၊ မြောက်ကန္တာရ နှင်းမြေနိုင်ငံ၊ ခေါက်ပြန်ဖြာစ.... ညင်းလေ သွန်းဆဲအခါ.... တဲ့။ အဓိပ္ပာယ်အတူတူဘဲ မဟုတ်လား ငြိမ်း...."

"ဟုတ်တယ် မေရီ၊ ဒီလူဟာ တော်တော်တော့ စိတ်ကူးယဉ်တာဘဲ"

"ဟုတ်တယ်၊ သိပ် စိတ်ကူးယဉ်တာပါဘဲ။ မမအသားက မေရီ့လို မဝါဘူး၊ ဆွတ်ဆွတ်ဖြူဘဲ။ အဲဒါ သူက 'နုအသားလည်း၊ နဂါးငွေ့တွင်း ကြယ်ဖြူလျှင်သို့၊ သန့်စင်မွတ်မွတ်' လို့ စပ်ဆိုထားကြတယ်။ လိုက်ခ်သည်စတား အင်သည်မေ့လ်ကီးဝေး ဆိုတဲ့ အင်္ဂလိပ်ကဗျာအတိုင်းပေါ့....."

ငြိမ်းက မေရီအား အံ့သြစွာနှင့် မော့်ကြည့်လိုက်သည်။ ဤကဗျာများကို မေရီက အဘယ့်ကြောင့် အလွတ်ရ နေပါသနည်း။

"မေရီ ပြောခဲ့သလိုပါဘဲလေ၊ သူတို့ဇာတ်လမ်းလေးက အစမှာ ကြည်နူးစရာပါဘဲ။ သူက သူ့ဦးလေးအိမ်က ကျောင်းတက်ရတယ်တဲ့၊ သူ့ဦးလေးအိမ်မှာက စန္ဒယားကလဲရှိတော့ မမနဲ့ ခဏခဏဆုံကြတာပေါ့။ အဒီခေတ်က တက္ကသိုလ်ပွဲလမ်းသဘင်တွေမှာ အတီးအမှုတ်ပါရင် မမတို့ စုံတွဲဟာ ပွဲအတောင်းခံရဆုံးဘဲတဲ့။ သူနဲ့သာချစ်ခဲ့ရတယ်၊ မမဟာ အမြဲတမ်း စိုးရိမ်မှုတခုတော့ ရင်မှာ ခိုတွဲနေသတဲ့လေ"

မေရီက စကားကို ခေတ္တရပ်၍ ရှေ့သို့တွေတွေလေးငေးရင်း။ တစုံတခုကို ပြောသင့်မပြောသင့် ချင့်ချိန် နေဟန်တူသည်။

"ဒါကတော့ မေရီထင်တယ်။ မေရီတို့မိဘဆွေမျိုးတွေရဲ့ အဓိပ္ပာယ်မဲ့မှုပါဘဲ၊ မေရီတို့ဖေဖေဟာ အရေးပိုင်တဦးပါဘဲ ငြိမ်း။ မေရီတို့အမျိုးတွေကလဲ အတွင်းဝန်တွေ၊ တိုင်းမင်းကြီးတွေ၊ ညွှန်ကြားရေး ဝန်တွေသာများတယ်။ မေမေက ပြောလေ့ရှိတယ်၊ ဒို့အမျိုးဟာ မင်းစိုးရာဇာမျိုးတဲ့၊ သားသမီး တွေကိုလဲ မင်းစိုးရာဇာဘဲ ဖြစ်စေချင်ကြတယ်။ ဖြစ်အောင်လဲ လုပ်ကြတယ်၊ ဖြစ်လဲ ဖြစ်ကြတာပါဘဲ။ ဒီတော့ အိမ်က မမကို မင်းစိုးရာဇာမျိုးထဲက အရာရှိတဦးဦးနဲ့သာ ပေးစားချင်ကြတယ်။ မမရဲ့ ချစ်သူကတော့ သာမန် အထက်တန်းစာရေးရဲ့ သားတဦးဘဲ၊ သူတို့အမျိုးထဲမှာ ကြီးကြီးကျယ်ကျယ် လို့ ပြစရာဟာ ကျောင်းမှာ ကထိကလုပ်နေတဲ့ ဦးလေးတယောက်ဘဲ ရှိသတဲ့။ ကဲ– မမတို့အဖြစ်က မခက်လား..."

“ဒါတော့ မေရီတို့အိမ်က အမြင်ကျဉ်းရာရောက်တာပေါ့....”

“ဟုတ်တယ် အမြင်ကျဉ်းတာဘဲ၊ ပြီးတော့ သားသမီးတွေရဲ့ လွတ်လပ်ခွင့်ကို ချုပ်ချယ်ရာ မကျဘူးလား၊ မေရီတော့ မေရီ့ကျရင် ခေါင်းငုံ့မခံဘူး။ မှန်တယ်ထင်တာ လျှောက်လုပ်မှာဘဲ.....”

မေရီက အသားလွတ်ဒေါ်လေးပွရင်း ဆိုသည်။

“မေရီ့မမက ခေါင်းငုံ့ခံတာဘဲလား...”

“မေရီ့မမက မေရီ့ထက်တောင် စိတ်ထက်သေးတယ်။ ဒါပေမယ့် သူ့အပြစ်နဲ့သူမို့ အပြီးသတ်ကျတော့ သူလဲ ခေါင်းငုံ့ခံသွားရတာပါဘဲ.....”

“ဘယ်လို သူ့အပြစ်နဲ့သူလဲ”

“မမဟာ ခဏက မေရီပြောသလိုဘဲ၊ ဘော်လ်ဒန့်စ်တွေ ဘာတွေကိုတော့ မပစ်ပယ်ဘူး။ သူ့ချစ်သူကလဲ မတားဘူးတဲ့။ ချစ်ခြင်းမည်သည် ခွင့်လွှတ်ခြင်းဘဲလို့ သူက ဆိုသတဲ့၊ မေရီ့အမြင်တော့ ဒါဟာ နှစ်ဦးစလုံး မှားတာဘဲ။ ခု မမရဲ့ယောကျ်ားဟာ မမနဲ့ အဲဒီလိုကပွဲမှာ တွေ့ကြတာပေါ့.....”

“အို”

“ယဉ်ကျေးမှု ယဉ်ကျေးမှုနဲ့၊ ခပ်ရိုင်းရိုင်းပြောရရင် ပွတ်ကြတာပေါ့။ နောက်ဆုံးတော့ အယဉ်ကျေးလွန်ပြီး မမဟာ အဲဒီလူနဲ့ မချစ်ပေမယ့် မှားယွင်းမိခဲ့သတဲ့....”

“ဟင်......”

ငြိမ်းက စိတ်ပျက်စွာ ညည်းညူမိပြီး “ဒါ–ဗမာ့ယဉ်ကျေးမှု နယ်နိမိတ်ကို လွန်လို့ဖြစ်တာဘဲ၊ ဖြစ်ရမှာဘဲ၊ မဆန်းဘူး” ဟု မှတ်ချက်ချသည်။

“မှန်တယ်ငြိမ်း၊ မမဟာ အခုထိ ယူကျုံးမရဖြစ်နေတယ်။ ဟိုလူက သစ္စာတော့ရှိပါတယ်။ မမကိုလဲ တကယ်ချစ်ပါတယ်။ ဒါကြောင့်မို့လဲ မရအရ လူကြီးချင်း အတင်းနားဖောက်ယူတယ်။ သူကိုယ်တိုင်ကလဲ အရာရှိ၊ မိဘကလဲ မင်းကြီးရာထူးတန်းက။ ဒီတော့ ချက်ခြင်း သဘောတူတာပေါ့....”

“အို ဒုက္ခပါဘဲ”

"မမနေနဲ့ ဘာလုပ်မလဲ၊ တဖက်ကချစ်သူ၊ တဖက်ကမယူမဖြစ်လူ၊ နောက်ဆုံး တော့ မမဟာ အမှားကို ပြုပြင်လို့မရတော့တဲ့အတူတူ မထိုက်တော့တဲ့ သူ့ကိုယ်ကို ချစ်သူလက်မအပ်တော့ဘဲ မိဘစကားကို ခေါင်းငုံ့ခံသွားရတယ်"

မေရီက သက်ပြင်းလေးနှင့်အတူ စကားကို ရပ်လိုက်သည်။ ငြိမ်းကမူ ခေါင်းကို လေးလေး ခါယမ်းနေ၏။

"ဩော် ဒါထက် မေရီ၊ မမရဲ့ ချစ်သူဆိုတာကကော၊ သူ ဘာဖြစ်သွားသလဲ"

မေရီက ထိခိုက်စွာ ပြုံးလိုက်သည်။

"မမတို့ လက်ထပ်တဲ့အချိန်မှာ တက္ကသိုလ်မှာ ကြူတာလုပ်နေတုံးလို့ သိရတယ်။ ဒီနောက် သူ့ အကြောင်းကို ဘာမှမကြားရဘူးလို့ မမက ဆိုတယ်၊ ကြားအောင်လဲ မမက မကြိုးစားတော့ ပါဘူးလေ၊ မေရီတို့ဆီက အဲဒီတခေါက် ပြန်ခါနီးမှာ မမက အရင်တုန်းက သူ့ဆီကရထားတဲ့ ကဗျာစာတွေကို မေရီဆီမှာ ထားပစ်ခဲ့တော့တယ်။ ထားပစ်ခဲ့တာမဟုတ်ပါဘူးလေ၊ မီးရှို့ပစ်မယ် လုပ်တုန်း မေရီက လုယူထားလိုက်ရတာပါဘဲ။ ဒီစာတွေနဲ့ ကဗျာတွေကို ယူထားလိုက်စဉ်က မေရီဟာ တနေ့မှာ သူ့ကြောင့် မျက်ရည်ကျရလိမ့်မယ်လို့ နဲနဲမှမတွေးမိခဲ့ဘူး...."

မေရီမှာ မျက်ရည်များ ရစ်ဝိုင်းလာပြန်သည်။ အတွေးလွန်၍ ငြိမ်နားထောင်နေသော ငြိမ်းမှာ ထိတ်လန့်တကြား မော်ကြည့်သည်။ မေရီ၏ဇာတ်လမ်းက စပြန်လေပြီ။

"မေရီက ဒီစာတွေနဲ့ ကဗျာတွေကို အားရင် ထုတ်ပြီးဖတ်နေခဲ့မိတယ်။ သူ့စာတွေကဗျာတွေဟာ သူ့အတွက် မေရီရဲ့ သံယောဇဉ်ကြီးစရာဖြစ်ခဲ့တယ်။ ကံဆိုးတဲ့ သူ့ကို မေရီဟာ မမြင်ဘူးဘဲနဲ့ ကရုဏာမိုး စွေခဲ့မိတယ်။ အထူးသဖြင့် ကံ့ကော်တွေပွင့်ပြီ၊ ပိတောက်တွေ ထိန်ဘီဆိုရင် မေရီဆိုတာ ဒီမြေမှာရှိလေရဲ့လို့တောင် သိလေမယ်မဟုတ်တဲ့ သူ့ကို မေရီ သတိရနေမိတတ်တယ်။ စာတွေ ကဗျာတွေနဲ့အတူ နွမ်းခြောက်နေတဲ့ ကံ့ကော်ပန်းတွေ၊ ပိတောက်ပွင့်ခက်တွေဟာ မေရီ့လက်ထဲမှာ ကျန်ခဲ့တာကိုး။ မမကပြောတယ်၊ ကံ့ကော်တွေပွင့်ဘီ၊ ပိတောက်တွေပွင့်ဘီဆိုရင် သူက ပန်းစည်း တစည်းတစည်း မမဆီလာပေးလေ့ရှိသတဲ့။ ဒီပန်းတွေမြင်ပြန်တော့ 'သစ္စာတင့်လန်း၊ သဲဦးပန်းကို၊ မနွမ်းစေရ၊ ပန်ခဲ့ပါရှင့်၊ သော်တာ့အပြင်၊ ကြယ်မမင်သို့' ဆိုတဲ့ သူ့ ဘုရားတိုင်ရတုလေးဟာ မေရီ့နားမှာ အစဉ် ပဲ့တင်ထပ်နေတယ်......"

မေရီ၏ အသံလေးမှာ တဖြည်းဖြည်းနှင့် ဆွေးဆွေးမြည့်မြည့်ဖြစ်လာသည်။

"အစတော့လေ သူ့ကို သနားရုံသက်သက်ပါ။ နောက်တော့ တဖြေးဖြေးနဲ့ ဒီစာတွေကဗျာတွေဟာ မေရီဆီ သူရေးလိုက်တာဘဲ ဖြစ်ပါစေတော့လို့ ဆုတောင်းမိတယ်၊ တက္ကသိုလ်ရောက်ပြန်တော့ သူ့ကို မေရီက ရှာမိနေတယ်။ အမှန်ပြောရရင် ဒီအချိန်မှာ မေရီဟာ သိပ်စိတ်ကူးယဉ်မိခဲ့တဲ့ မေရီ့မမလို တက္ကသိုလ်နန်းက ထားသခင်မတဦး ဖြစ်ချင်ခဲ့တယ်။ သူ့ကို ရှာတွေ့ပြန်ရင်လဲလေ၊ အနဲဆုံး သူ့ အသဲဆိုင်ကို ကိုင်လှုပ်ပြီး မျက်ရည်လူးတဲ့ကဗျာလေးတွေ၊ မေရီ့ကို ဖွဲ့နွဲ့မယ့် အလှကဗျာလေးတွေ ဒါတွေကို သူ့ဆီက အရယူချင်မိတယ်။ ဒါပေမယ့် သူနဲ့ မမြော်လင့်ဘဲ ရင်ဆိုင်မိပြန်တော့ မေရီ့ အသဲနှလုံးက မေရီ့ကို ပြန်ပြီး သစ္စာဖောက်ခဲ့တယ်။ မေရီ့ကိုမေရီ ဘယ်လိုပင် လှည့်စားထားပေမယ့် မေရီ့အသဲနှလုံးရဲ့ တိုက်တွန်းပို့ဆောင်လေရာကို မေရီ မငြင်းဆန်သာဘဲ မျောပါလိုက်ခဲ့ရတယ်"

မေရီ့ရင်မှာ ပေါက်ကွဲထွက်လာသည့်အလား ရှိုက်သံများမှာ ထိန်းချုပ်ထားသည့်ကြားမှ တွန်းကန် ပေါ်လာသည်။

"တကယ်တမ်းကျတော့ မျက်ရေကျရသူဟာ မေရီပါ ငြိမ်း။ မေရီဖြစ်ရပုံက မေရီဖတ်ဖူးတဲ့ ကုမုဒြာ ကြာနဲ့ ပိတုံးမောင်ဆိုတဲ့ ကဗျာလေးအတိုင်းပါဘဲ။ နေ့မှာသာ ကျင်လည်နိုင်တဲ့ ပိတုံးမောင်နဲ့ လရောင်ပက်တဲ့ ညအခါမှသာ ပွင့်လေရှာတဲ့ ကုမုဒြာကြာတို့ဟာ ဒီကမ္ဘာမဆုံးတမ်းလိုဘဲ၊ ကံကြမ္မာ ကိုက မဆီလျော် လာပေဘဲဟာကိုး။ မေရီ့မေတ္တာမိုးဟာ ဘယ်လောက်ပင်ကောင်းပေမယ့် ဒီမိုးက နှောင်းခဲ့တဲ့မိုးပါ ငြိမ်းရယ်။

ငြိမ်းက စိတ်မကောင်းခြင်းကြီးစွာနှင့် မေရီ့အား ကြည့်နေမိသည်။ ခေတ္တ ချီတုံချတုံ ဖြစ်နေမိပြီးမှ "မေရီ… အဲဒီသူက ဘယ်သူလဲဟင်၊ ပြီးတော့ သူကကော ဘယ်လိုများ မေရီ့ကို ရက်စက်ခဲ့သလဲ" ဟု မေးလိုက်သည်။

မေရီက ခေါင်းလေးခါလိုက်သည်။ ငြိမ်းကို လှည့်မကြည့်ဘဲ ရှေ့တည့်တည့်သို့ ငိုင်ငိုင်လေးငေးရင်း တလုံးချင်း ဖြေသည်။

"ဆရာပါငြိမ်း၊ ဆရာဦးမြင့်သူပါ၊ မမနွဲ့နဲ့ လက်ထပ်တော့မယ့် ဆရာပါ။ ဆရာဟာ မေရီ့အပေါ် မရက်စက်တဲ့အပြင် အကြင်နာဆုံး လူတယောက်ပါ။ မေရီ စိတ်နာတာက ကံကြမ္မာဆိုးတာကိုပါ"

ငြိမ်းက ခုမှ သဘောပေါက်သွားသည်။ ကိုလှဝေနှင့် နွဲ့နွဲ့တို့ အချီအချပြောခဲ့သည့် စကားများကို မေရီ့နည်းတူ ကြားခဲ့ရသည်မို့ ရုတ်တရက်ဆို မေရီအား မည်သို့ ပြန်အားပေးရမည်ကိုမသိ ဖြစ်သွား သည်။ အတန်ကြာ တွေးနေမိပြီးမှ တစုံတခုကို သတိရဟန်နှင့် မေရီ့ပခုံးလေးအား ကိုင်လှုပ်ရင်း ပြောလိုက်၏။

"ဒီမှာမေရီ၊ မမနွဲ့ကလဲ သူ့ချစ်သူနဲ့သူပါ၊ ပြီးတော့ ကိုလှဝေဆီကို မမနွဲ့ကို ဆရာကိုယ်တိုင် လိုက်ပို့ပေးတယ် မဟုတ်လား။ ဒါဟာ စဉ်းစားစရာဘဲ"

မေရီက ခေါင်းလေးကို တွင်တွင်ခါလိုက်ပြန်သည်။

"မမနွဲ့ ဘယ်လောက် သနားစရာကောင်းတယ်ဆိုတာ မေရီသိပါတယ်။ ဒီလက်ထပ်ပွဲအတွက် ဆရာလဲ ဘယ်လိုနည်းနဲ့မှ စိတ်မချမ်းသာနိုင်ပါဘူး။ မေရီသိပါတယ်။ ဆရာဟာ ဘယ်လောက်ဘဲ သူ့စိတ်ကို ထိန်းနိုင်ပေမယ့် မေရီနဲ့ဆုံတိုင်း ဆရာ့ရင်ထဲမှာ ဘာရှိတယ်ဆိုတာ မေရီသိတယ်။ အမှန်က မေရီတို့ နှစ်ယောက်လုံး သိရက်နဲ့ ဟန်ဆောင်နေကြတာ။ မေရီနဲ့ ဆရာကြားမှာက ချောက်ကမ်းပါးကြီးက ခြားထားတယ်။ မေရီက ရူးရူးမိုက်မိုက်မို့ ဘယ်လိုဘဲ ထင်တာလုပ်ချင်အုံးတော့ ဆရာကတော့ ဒီချောက်ကမ်းပါးက ကျော်လွှားလိမ့်မယ် မဟုတ်ဖူး...."

"ဒါဖြင့် မမနွဲ့နဲ့ဆရာက ယူကြလိမ့်မယ်လို့ မေရီထင်သလား...."

"ထင်သလားမေးမနေနဲ့ငြိမ်း၊ ယူကြရတော့မှာဘဲ။ ဒါကို ဒေါ်ဒေါ်စောက အခုလေးတင် ပြောပြလိုက်တယ်။ အင်းလေ.... အပြီးသတ်ကျတော့ မေရီ့မမ ပြောခဲ့သလိုပါဘဲ၊ ချစ်တာကတခြား၊ ယူတာက တခြားပါ။ ချစ်တိုင်းလဲ မယူနိုင်သလို ယူတိုင်းလဲ ချစ်ဖို့မလိုပါဘူး...."

မေရီမှာ ရှိုက်သံကလေးများပျောက်၍ မျက်ရည်ပါ ခြောက်နေပေပြီ၊ ညှိုးနွမ်းလျှက်ရှိသော မျက်နှာလေးမှာ တစစနှင့် မသိမသာ တင်းမာလာခဲ့၏။

"သြော်.... ဖြစ်ချင်တိုင်းလဲမဖြစ်၊ မဖြစ်ချင်တာလဲ ဖြစ်ရဆိုတဲ့ စကားကို ရှေးတုန်းက မေရီ ပေါ့ပေါ့ဘဲ တွေးခဲ့မိတယ်၊ အခုတော့ ကြည့်စမ်း၊ မေရီက ချစ်သူဆိုတာကို မရှာခဲ့ပါဘူး၊ အချစ်ဆိုတာဟာ ဘယ်လိုလဲလို့လဲ နားလည်ချင်စိတ် မရှိခဲ့ဘူး။ ဒါပေမယ့် မဖိတ်ခေါ်လေဘဲ ဒီအချစ်ဆိုတာက မေရီ့ ရင်ထဲ ပုန်းခိုဝင်အောင်းခဲ့တယ်....."

မေရီက စကားကို မဆက်ဘဲ ရယ်မောလိုက်သဖြင့် ငြိမ်းမှာ ထိတ်လန့်တကြား ဖြစ်သွားသည်။

"အရင်က မေရီ ဘယ်သူ့ကိုမှ ဂရုမစိုက်ခဲ့ဘူး။ တခြားလူတွေက မေရီ့ကို ဂရုစိုက်အောင်သာဘဲ ဟန်ဆောင်နေခဲ့တယ်။ ဟန်ဆောင်မှုဟာ တကိုယ်ကောင်းဆန်ရာကျပေမယ့် ဘာမှအရင်းမစိုက်ရဘဲ အမြတ်ရတယ်။ ဒီတုန်းက မေရီ့မှာ ပူစရာမရှိဘူး။ စိတ်ဟာ ပေါ့ပါးပြီး အမြဲပျော်ရွှင်နေခဲ့တယ်။ ဒီကြားထဲက မေရီဟာ ဘဝကို လေးနက်လာအောင် မမြော်လင့်ဘဲ ကြိုးစားနေမိသွားတယ်။ နေမိတာနဲ့ တပြိုင်နက် အရင်းစိုက်လိုက်ရတယ်။ စိုက်လိုက်ရတဲ့ အရင်းက မေရီ့အသဲဘဲ...."

မေရီက အံ့လေးကြိတ်၍ နေရာမှထလိုက်သည်။ ငြိမ်းကမူ စိတ်အပြောင်းအလွဲမြန်လှသော မေရီ့အား အံ့သြစိတ်တဝက် စိုးရိမ်စိတ်တဝက်နှင့် မော့်ကြည့်မိသည်။

"လူ့ဘဝဆိုတာမှာ ဘာမှအဓိပ္ပာယ်မရှိပါဘူး။ အဓိပ္ပာယ်မရှိတာကို ရှိအောင်လုပ်နေရင် ကိုယ်သာ ပင်ပန်းမှာဘဲ။ ဖြစ်စေချင်တာ တခုမှဖြစ်မလာတဲ့ လောကကြီးမှာ ဖြစ်ချင်တာဖြစ်၊ ထင်ရာ စွတ်လုပ်နေတာ အေးတယ်...."

မေရီက ဒေါမာန်လေးပါပါနှင့်ပြော၍ ငြိမ်းကိုပင် နှုတ်မဆက်တော့ဘဲ ချာကနဲလှည့်၍ တံခါးကိုဖွင့်ပြီး ထွက်ခွာပြေးသည်။

ငြိမ်းတယောက်ကမူ ဘာလုပ်ရမှန်းမသိဘဲ အူကြောင်ကြောင် ရပ်ကျန်ရစ်သည်။ အတန်ကြာ ငိုင်နေမိပြီးမှ ခေါင်းကိုယမ်းကာ စားပွဲတွင်ပြန်ထိုင်၍ ဖတ်လက်စစာအုပ်ကို ဖွင့်လျက် စောစောက စာပိုဒ်ကိုပင် တိုးတိုးလေး ပြန်ရွတ်ဖတ်နေမိ၏။

"လွမ်းတပူဆွေး၊ သူနှင့်ဝေးသော်၊ ပြည်ထဲရေးနှင့်၊ ဝမ်းရေးတို့ထက်၊ လွမ်းရေးခက်၏။ အဖက်မရ၊ ခက်သုံးစမူ၊ ဒုလ္လဘတွင်း မဝင်ပါလျက်...."

## အခန်း(၁၃)

တက္ကသိုလ်သမဂ္ဂ ရွေးကောက်ပွဲနား နီးလာသဖြင့် တကျောင်းလုံးမှာ လှုပ်လှုပ်ရွရွ ဖြစ်နေသည်။ ဝါဒချင်း ဗီလာခြားသော ကျောင်းသားအုပ်စုနှစ်စု ဤနှစ်တွင် စတင်ယှဉ်ပြိုင်ကြမည် ဖြစ်သော ကြောင့်လည်း ပိုမိုစည်ပင်ပြိုင်ဆိုင်နေ၏။

ကျောင်းအဆောက်အဦတိုင်း၏ နံရံများမှာ ပိုစတာမျိုးစုံ ကပ်ထားခြင်းခံရသည်။ ပိုစတာများမှာ သစ်ပင်ပင်စည်များ၌ပင် မကျန်အောင် ကပ်ထားသည်။

နေ့ရောညပါ စိတ်တက်ကြွဘွယ်ကောင်းသော သံချပ်ထိုးသံများနှင့် ဒိုးပတ်သံများက ဆူညံနေသည်။

စာသင်ခန်းများတွင်၄င်း၊ ကျောင်းဆောင်များတွင်၄င်း၊ လဖက်ရည်ဆိုင်များတွင်၄င်း၊ သမဂ္ဂဝင်ခွင့် လျှောက်လွှာပုံစံများနှင့် ဖွဲ့စည်းစုဆောင်းရေး တာဝန်ခံကျောင်းသားများမှာ အလုပ်ရှုပ်နေကြသည်။

ကျောင်းဝင်းအတွင်း၌လည်း ကားကြီးကားငယ် အသွယ်သွယ်တို့မှာ ခါတိုင်းထက် ပိုမိုအထွက်အဝင် အသွားအလာ များနေ၏။

ကိုမြင့်သူမှာလည်း ဤရက်များအတွင်း စိတ်ရောလူပါရှုပ်ထွေးပင်ပန်းနေသည်။

သီတင်းကျွတ် ကျောင်းပိတ်ရက်အမီ သတ်မှတ်ထားသော သင်ရိုးကုန်အောင်လည်း ပြင်ဆင်ရသည်။ တာမီနယ်တက်စ်ခေါ် လဝက်စာမေးပွဲများ စစ်ရန်လည်း ကြိုးပမ်းရသည်။ ဤနှစ်အတွက်မူ အလုပ်ပို အဖြစ် နိုင်ငံတော်အစိုးရ၏ အကူအညီတောင်းခံချက်အရ အကျဉ်းသမားများ၏ စိတ်နေသဘောထား လေ့လာစမ်းသပ်ရေး လုပ်ငန်းအတွက် ပါမောက္ခဖြစ်သူ ညွှန်ကြားချမှတ်သည့်အတိုင်း ပြင်ဆင်ရေးဆွဲ ဘွယ်ရာ တို့အားလည်း ပြင်ဆင်ရေးဆွဲနေရသည်။

ဤကြားထဲတွင် ကိုယ်ရေးကိုယ်ရာ ပြဿနာများကြောင့် ဦးနှောက်ခြောက်ရပြန်သည်။ ဦးနှောက်သာ ခြောက်ရသည်မဟုတ်၊ နှလုံးသားမှာလည်း မသက်သာလှ။

မေရီတယောက်က သူ့အား တမင်ရှောင်နေမှန်း ရိပ်မိသဖြင့် နဂိုရ်ကမှ မချိသောရင်မှာ မသက်သာလှ၊ အသဲနှလုံး၏ စေခိုင်းရာကို မျက်စိမှိတ် ဇွတ်လိုက်နာရန်မှာမူ အသက်အရွယ် ဂုဏ်အဆင့်အတန်း ကြောင့် လုံးဝမဖြစ်နိုင်ခဲ့။

လွတ်လပ်စွာ လှုပ်ရှားပြောဆို ဖျော်ဖြေနေကြသော ကျောင်းသားလူငယ်များအား ကြည့်၍ အားကျမိသည်။ လူကြီးဖြစ်လာပြန်တော့မှ အနှောင်အဖွဲ့က များလွန်းလှလေသည်တကား။

တာဝန်ကျရှိပြန်၍ တနေ့တွင် စားပွဲ၌ အလုပ်ထိုင်လုပ်နေသည်။ အလုပ်ထိုင်လုပ်ရင်းက ရောက်လာသော စာတစောင်အား ဖွင့်ဖေါက်ကြည့်မိသည်။

စာမှာ မိမိ အမေရိကားသို့ရှိစဉ်က ခင်မင်ခဲ့သော ဆွီဒင်လူမျိုး လူမှုရေးရာပါရဂူတဦးဆီမှ ဖြစ်သည်။ မိတ်ဆွေမှာ ကုလသမဂ္ဂ လူမှုရေးရာဌာနကြီးမှူးတဦး ဖြစ်နေသည်။ အာရှအတွက် လူမှုရေးရာနှင့် ယဉ်ကျေးမှုရေးရာ အရာရှိများ လိုနေ၍ မိမိ၏အရည်အချင်းအား သိသူ မိတ်ဆွေက လျှောက်ထားရန် အကြောင်းကြားသည်။

ကိုမြင့်သူက အသာပြုံးလိုက်ရင်း စားပွဲပေါ်ရှိ သတင်းစာတစောင်မှ ကြော်ငြာတခုအားလည်း ဖတ်ကြည့်မိသည်။

ထိုစဉ် မိမိ၏ စားပွဲရှေ့သို့ လူတယောက်က လာရပ်သည်။

"သြော်– ကိုစောအောင်....."

လာရပ်သူမှာ မိမိနှင့် ပညာတော်သင်သွားဘက် အစိုးရသုတေသနဌာနမှ အရာရှိတဦးဖြစ်သည်။

"ဘယ်ကစာတွေများ ဖတ်နေတာလဲ"

"မိတ်ဆွေတယောက်ဆီကပါ၊ ကုလသမဂ္ဂက အလုပ်တခုပေါ်လို့၊ လခကတော့ ၆၀၀၀– နီးပါးဘဲ။ အခွန်လွတ်တယ်၊ အိမ်နဲ့ကား ရအုံးမယ်။ နေတော့ ကာလကတ္တားမှာ နေရလိမ့်မယ်"

"အခွင့်အရေးတွေက ကောင်းသားဘဲ၊ လျှောက်ပါလား...."

"အခွင့်အရေးကောင်းလို့သာ ကိုယ့်နိုင်ငံကိုယ် စွန့်စတမ်းဆို တက္ကသိုလ်က ပါမောက္ခတွေနဲ့ ကထိကတော်တော်များများဟာ နိုင်ငံခြားရောက်ကုန်တာ ကြာလှဘီ။ ကျွန်တော်တို့က နိုင်ငံရေးသမားတွေလိုတော့ စင်မြင့်ပေါ်တက်အော်ပြီး အမျိုးမချစ်တတ်ပါဘူး။ ကိုယ့်နည်းနဲ့ကိုယ်တော့လဲ အမျိုးကိုချစ်တတ်ပါသေးတယ်..."

"ဒါပေမယ့် ခင်ဗျားတို့ကို ဘယ်သူကမှ မချီးမွမ်းဘူး။ ကျေးဇူးလဲ မတင်ပါဘူး"

“ချီးမွမ်းတာ ကျေးဇူးတင်တာဟာ အဓိကမဟုတ်ပါဘူး။ ကျွန်တော်တို့ ဆရာလုပ်နေကြတာက ဆရာဆိုတဲ့ အလုပ်ကို ခုံမင်လို့ မြတ်နိုးလို့ မက်မောလို့ လုပ်နေတာ။ ဘာမှ တခြားမက်စရာမရှိဘူး။ အောက်ကျောင်းက ဆရာတွေက သာကြည်ညိုဘို့ ကောင်းသေးတယ်။ လခလေးကလဲ ခြောက်ပြား၊ အထက်ကိုလဲ ကြောက်ရ၊ နိုင်ငံရေးသမားလဲ ကြောက်ရ၊ နိုင်ငံရေးသမားရဲ့ ဖိနပ်ကိုလဲ ကြောက်ရ၊ ကျောင်းသားလဲ ကြောက်နေရနဲ့၊ ဒီကြားထဲက ဆရာဆိုတဲ့ အလုပ်ကလေးသက်သက်ကို မက်ပြီး လုပ်နေကြတာဟာ အင်မတန် လေးစားစရာကောင်းတယ်.....”

ကိုစောအောင်က ဘာမျှပြန်မပြောဘဲ ပြုံးရုံပြုံးသည်။

“ကျွန်တော်က ဟော်ဒီကြော်ငြာကို ပိုစိတ်ဝင်စားတယ်။ မန္တလေးတက္ကသိုလ်ကျောင်းက ဖီလိုဆိုဖီနဲ့ စိတ်ပညာဌာန ကထိကရာထူးအတွက် လျှောက်လွှာခေါ်တာဘဲ။ သူတို့က အထက်ဗမာနိုင်ငံအတွက် ပညာ့တန်ဆောင်ဖြစ်မယ့် တက္ကသိုလ်တခုကို ဆောက်နေကြတာ အတော်ခရီးပေါက်နေဘီ၊ သူတို့ ဆောက်နေကြတဲ့ ပညာ့ဗိမာန်ကို ကျွန်တော်က အုတ်လေးတချပ်ဖြစ်ဖြစ် ဝင်သယ်ပြီး ကူညီပေးချင်တယ်”

“ခင်ဗျားမို့ဘဲ ရန်ကုန်ကနေ နယ်ဆင်းချင်တယ်။ ဆန်းလဲဆန်းတဲ့လူ”

“နယ်ဟာလဲ ဗမာပြည်ပါဘဲခင်ဗျာ။ အခုခေတ် ပြည်သူလူထုကို ချစ်ပါတယ်ဆိုတဲ့ လူငယ်လေးတွေ တော်တော်များများဟာ ပညာတတ်လာရင် ရန်ကုန်မှာဘဲ ရရာအလုပ် တွယ်ကပ်လုပ်ပြီး နေချင်ကြတယ်။ နယ်ဆိုရင် ငရဲပြည်သွားရမှာထက် ကြောက်ကြသေးတယ်။ ရန်ကုန်နဲ့ မြို့ပြကြီးတွေဟာ ဗမာပြည်မဟုတ်ဖူး၊ ဗမာပြည်သူလူများစုက တောတွေမှာနေတာ။ ပြည်သူ့အခွန်နဲ့ ပညာယူခဲ့တဲ့ လူငယ်တွေဟာ လေလုံးမိုးလုံးသာ ထွားမနေကြဘဲ အဲဒီပြည်သူတွေကြားထဲ သွားပြီး တာဝန်ထမ်းကြဘို့ ကောင်းတယ်”

“အဲဒီ တောထဲသွားတော့ ခုနက ခင်ဗျားပြောတဲ့ နိုင်ငံရေးသမား ဖိနပ်ကိုင်တွေ၊ တောထဲက သေနပ်ကိုင်တွေနဲ့ တွေ့တော့ ဘယ့်နှယ်လုပ်မလဲ...”

“အခက်အခဲတွေကတော့ ရှိပါတယ်။ ဒါနဲ့ဆင်ခြေပေးပြီး ထိုင်နေကြတော့မလား...၊ ဝန်ထမ်းစိတ် ကိုယ်ကျိုးစွန့်စိတ်နဲ့ အနစ်နာခံလိုစိတ်ရှိရင် ဘယ်အခက်အခဲဟာမှ မှုလောက်စရာမရှိပါဘူး...”

“ကဲ.... ဆရာကြီး၊ ခင်ဗျားတရားဟောတာကတော့ ကောင်းပါတယ်၊ ကျွန်တော်ဆာလှဘီ။ နေ့လယ် ကျောင်းလဲ ဆင်းခါနီးဘီမဟုတ်လား.... သွားကြရအောင်”

ကိုစောအောင်ပြော၍ စကားမဆုံးမီ ကျောင်းဆင်းခေါင်းလောင်းသံက ပေါ်လာသည်။

ကိုမြင့်သူက ကုလားထိုင် နောက်မှီတွင် ချိတ်ထားသော တိုက်ပုံအင်္ကျီကို ယူဝတ်လိုက်ကာ ကိုစောအောင်နှင့် အတူထွက်ခဲ့ကြသည်။

သူတို့နှစ်ဦးက ဂျပ်ဆင်အဆောက်အဦးများအလယ်ထပ် စင်္ကြံတလျှောက် လျှောက်လာကြသည်။

ထိုစဉ် အဆောက်အဦး၏ အရှေ့ဘက် မျက်ခင်းပြင်၌ အသံချဲ့စက်တပ်ထားသော ဂျစ်ကားတစီးက ထိုးရပ်လိုက်သည်။ အသံချဲ့စက်မှ တရားဟောသံ ထွက်ပေါ်လာသောအခါ ကိုမြင့်သူနှင့် ကိုစောအောင်က အံ့အားသင့်ကာ ပြိုင်တူရပ်မိလိုက်ကြသည်။ ချိုအေးကြည်လင်သော မိန်းကလေး တဦး၏ အသံတည်း။

ပတ်ဝန်းကျင်၌ စုဝေးလျက်ရှိကြသော ကျောင်းသားများက ဆူညံစွာ ဝိုင်း၍ သြဘာပေးသည်။

ကိုမြင့်သူက တရားဟောလျက်ရှိသော မိန်းကလေးအား သဲကွဲစွာ မြင်လိုက်ရသည့်ခဏတွင် နှုတ်မှ စကားကလေးနှစ်လုံးက လွတ်ထွက်သွားသည်။

"မေရီ...."

မှန်ပေသည်၊ မေရီပင်ဖြစ်သည်။ မေရီက မိုက်ကရိုဖုန်းကိုကိုင်ကာ စာရွက်တရွက်၌ ရေးထားသည်ကို ဖတ်ရင်း ဟောပြောနေသည်။ မေရီ့အနား၌ကပ်လျက် ကြယ်ဖြူက ထိုင်နေသည်။ ဒရိုင်ဘာနှင့် ယှဉ်လျက်မူ မောင်သက်တင်က ထိုင်လျက်ရှိပြီး ကိုမြင့်သူအား မြင်သောအခါ လှမ်း၍ လက်ပြ နှုတ်ဆက်သည်။

ကားစက်ဖုံးဘေး မြေကြီးပေါ်တွင်မူ ထဘီတိုတိုဝတ်၍ ခါးထောက်လျက် တုတ်တုတ်သည် မာန်ပါပါနှင့် ရပ်နေ၏။ တုတ်တုတ်အနီးတွင်မူ တုတ်တုတ်ထက် တထွာခန့်အရပ်နိမ့်သော ညွန့်တင် ကြီးမှာ သူ့ဒူးဆစ်ကျော်သော လွယ်အိတ်ရှည်ကြီးကို လွယ်လျက် လက်ဟန်ခြေဟန်နှင့် ထုံးစံအတိုင်း လေပန်းနေသည်။

ပတ်ဝန်းကျင်မှ ကျောင်းသားများကမူ မေရီ၏ ဟောပြောခြင်းမှ ချက်ကျသောနေရာရောက်တိုင်း ဆူညံစွာ သြဘာသံပေးနေပေသည်။

"မေရီကွ....၊ ရွှေဂျိုးဖြူမလေး မေရီ...."

ကျောင်းသားတဦး၏ အားပေးသံ ပေါ်လာပြီး ကျန်ကျောင်းသားများ၏ ညာသံကလည်း လိုက်ပါလာသည်။ ထိုစဉ် ပရိသတ်နောက်ဆွယ်မှ ကိုယ်ကိုပုကာ အသံကြောင်နှင့် ဟစ်လိုက်သော ကျောင်းသားတဦး၏အသံ ပေါ်လာပြန်သည်။

"မေရီရေ....၊ မင်းတို့အဖွဲ့ကို မဲပေးမယ်ကွဲ့၊ မင်းလေးကြောင့် ကိုယ် ပေးဖြစ်အောင်ပေးအုံးမယ်.... အဟိ"

ကျောင်းသားများက ဝါးကနဲ ဝိုင်းရယ်လိုက်ကြသည်။

ထိုစဉ် အခြားအသံချဲ့စက်တပ် ဂျစ်ကားတစီးက မေရီတို့၏ကားနှင့် မနီးမဝေးယှဉ်လျက် ဆိုက်လာသည်။ မေရီ၏ ဟောပြောချက်မှာ မဆုံးသေးသော်လည်း တဖက်မှ အသံချဲ့စက်မှာ အပြိုင်အဆိုင် မြည်ဟည်းနေသည်။ ထွက်ပေါ်လာသော အသံမှာလည်း မိန်းမကလေးတဦး၏ အသံပင်တည်း။

နောက်ရောက်လာသော ဂျစ်ကားပေါ်မှ ဟောပြောနေသူမှာ သင်သင်ဖြစ်သည်။ ကားရှေ့ခန်းတွင် လှလှတင်က ထိုင်လိုက်လာသည်ကို တွေ့နိုင်သည်။

ဟောပြောသံနှစ်ခုမှာ ရောယှက်ဆူညံကာ ဘာမျှမသဲကွဲတော့။ ထိုစဉ် ဘယ်ကပေါ်လာသည်မသိ၊ ကျောင်းသားတသိုက်က ဒိုးပတ်လင်းကွင်းများကို တဒုန်းဒုန်း တဂွမ်းဂွမ်းနှင့် ဝင်ထုသည်။

"ဟေ့...... ဖွဲကွ၊ အရှုးတွေ အလိုမရှိ သွားဟေ့..."

"ချဟေ့.... ဒါနှောင့်ရှက်တာ၊ ရဲဘော်တို့..."

ခဏချင်းမှာ ရုတ်ရုတ်ရက်ရက်ဖြစ်သွားကာ ရန်ပွဲတခု ပေါ်အံ့တော့မည် ဖြစ်သွားသည်။

သို့ရာတွင် နီးစပ်ရာ ဆရာများနှင့် ကျောင်းသားခေါင်းဆောင်များ ပေါ်လာဖြန်ဖြေပေးသဖြင့်လည်း ငြိမ်သက်သွားကြသည်။

ကိုမြင့်သူက စိတ်မချမ်းမြေ့ခြင်းကြီးစွာနှင့် ရှေ့မှမြင်ကွင်းအား ငိုင်၍ကြည့်နေမိသည်။

"ဒီလို သည်းခံမှု၊ အလျှော့ပေးမှု၊ သဘောထားကြီးမှုမရှိဘဲ ဒီမိုကရေစီကို ဘယ်လိုကျင့်သုံးကြမှာလဲ။"

ကိုစောအောင်က စိတ်ပျက်စွာနှင့် ဆိုသည်။

ကိုမြင့်သူက ခေါင်းကို လေးပင်စွာ ခါလိုက်သည်။ ဘာစကားမျှမပြောတော့ဘဲ ခေါင်းငိုက်စိုက်ချကာ နေရာမှ ခွာခဲ့သည်။ ဘေးမှ ကပ်လိုက်ပါလာသော ကိုစောအောင်ကသာ ဆက်လက်မှတ်ချက်ချသည်။

“ဒီအတိုင်း ဆိုရင်တော့ ခင်ဗျားတို့တက္ကသိုလ် နိုင်ငံရေးစစ်တလင်း ဖြစ်အုံးမှာဘဲ”

ကိုစောအောင်၏စကားက သွေးထွက်အောင်မှန်ခဲ့သည်။

ပထမ မဲပုံးရိုက်ခွဲမှုကြီး ပေါ်ခဲ့သည်။ နောက် ဆန္ဒပြမှုအမျိုးမျိုးက လိုက်လာသည်။

ထိုစဉ် ကျောင်းတလပိတ်ရေးပြဿနာ ပေါ်ခဲ့ပြန်သည်။ တက္ကသိုလ်အသင်းပေါင်းစုံမှ ဦးစီးသော ဆန္ဒပြသပိတ်က လိုက်လာသည်။

လူငယ်တိုင်းမှာ တက်ကြွနေသည်။ လူငယ်တိုင်းမှာ ဒေါသထွက်နေကြသည်။

နေ့စဉ် ညစဉ် သွေးထိုးလှုံ့ဆော်မှုအမျိုးမျိုးကို တွေ့ကြရသည်။ အထွေထွေ စည်းကမ်းဖောက်မှုများ၊ လက်ရောက်ခြေလွန် အမှုအခင်းများကလည်း မလွဲမရှောင်သာ ပေါ်ပေါက်ခဲ့သည်။

နောက်ဆုံးတွင်မူ တက္ကသိုလ်ရာဇဝင်တွင် အမဲစက်ထင်တော့မည့် အင်း၀ကျောင်းဆောင်ရှေ့ ကျောင်းသားနှင့်ပုလိပ် အဓိကရုဏ်းကြီးက ဆူပူမှုအထွေထွေအား ကျော်လွှား သရဖူဆောင်းလိုက်လေသည်တကား....။ ။

× × × × ×

ဆူသံ ညံသံ အော်ဟစ်ကြွေးကြော်သံများ လွှမ်းလျက်ရှိသော အင်းဝကျောင်းဆောင်ရှေ့ လသာဆောင် အုတ်တိုင်ကို မှီလျက် မောင်သက်တင်သည် ရပ်နေ၏။

သူ့လက်တဖက်က အုတ်ခဲကျိုးတခုကို ကိုင်ထားလျက် အခြားလက်တဖက်တွင်မူ နှစ်ပေကျော်ခန့် ရှည်သော ခုတင်တိုင်အကျိုးတခုကို စွဲထားသည်။

အင်းဝကျောင်းဆောင်ရှေ့ ဂိတ်တံခါးကြီးမှာ ပိတ်ထား၍ ကြေးသော့ခလောက်ကြီးတခုနှင့် ခတ်ထားသည့်အပြင် သံကြိုး ဝိုင်ယာကြိုး အမျိုးမျိုးနှင့် အထပ်ထပ် ရစ်ပတ်ချည်နှောင်ထားကြသည်။

ခဲလုံး တုတ်ကျိုး စသော လက်နက်များ စွဲထားအပ်သည့် ကျောင်းသားတသိုက်က တံခါးကို ကာကွယ်စောင့်ရှောက် နေကြသည်။ ကျောင်းသားသုံးလေးဦးကမူ တံခါးမှ ကန့်လန့်သံတန်း အဆင့်များပေါ် တက်ရပ်၍ အပြင်ဘက်ရှိ ပုလိပ်အရာရှိများအား လှမ်းအော်ဟစ်၍ တရားဟောလိုက်၊ မေတ္တာရပ်ခံလိုက်နှင့် လုပ်နေကြသည်။ အတင့်ရဲသော ကျောင်းသားတဦးကမူ ကျောင်းဆောင်ကို ကာရံထားသည့် သံတိုင်အချွန်များကို ကတ်သီးကတ်သပ် ခွထိုင်ရင်း အမြင့်မှ ကင်းစောင့်သူကဲ့သို့ ဟိုဟိုသည်သည် မျှော်ကြည့်နေသည်။

ပဒူအုံကို တုတ်နှင့်ဆွထားသည့်ပမာ ကျောင်းသားအများမှာ လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ ထိုးစစ်တရပ်အား မားမားမတ်မတ် ခုခံတော့မည့် ရဲတိုက်တတိုက်မှ စစ်သားများပမာလည်း ပြင်ဆင်အလုပ်များနေကြသည်။

ထိုစဉ် မိုးချုန်းသံအလား ပဲ့တင်ရိုက်ဟည်းသော အသံကြီးတခုက အင်းဝကျောင်းဆောင် အပေါ်ထပ်ဆီမှ ပေါ်လာသည်။

မောင်သက်တင်ကိုယ်တိုင်ပင် အံ့အားသင့်သွား၏။

"ဒါ ဘာသံလဲ...."

မောင်သက်တင်က အနီးရှိ ကျောင်းသားတဦးအား မေးသည်။

"ငလျင်လှုပ်သံလေ..."

မှန်သည်။ အသံမှာ ငလျင်လှုပ်သံသို့ပင် ထိတ်လန့်တုန်လှုပ်ဖွယ် ကောင်းလှ၏။

“ခင်ဗျား မသိဘူးလား၊ ရေစည်ပီပါတွေကို အပေါ်ဆုံးထပ်မှာ လှိမ့်နေကြတာ၊ တိုက်သံနဲ့လှိုင်သံ ဟိန်းနေတာပေါ့.....”

“ဩော်.... တကယ့်လူတွေဘဲ...”

မောင်သက်တင်မှာလည်း ယခုမှ သဘောပေါက်သွား၍ နှစ်ခြိုက်စွာရယ်မောမိသည်။

“ဟေး...ဟေး... လာကြဟေ့၊ ရာဒဝိန်းဝိန်း၊ ရာဒဝိန်းဝိန်း၊ နီရာမာပူ၊ ကတ်ခူယံကျောက်၊ ဘေလေဆတ်...... ဘေလေဆတ်..”

ဤအသံမှာ အင်းဝကျောင်းဆောင် အရှေ့ဘက်ထောင့်ချိုး ကတ္တရာလမ်းဆီမှ ပေါ်လာသည်။

မောင်သက်တင်က လှမ်းကြည့်လိုက်သောအခါ ကျောင်းသား ၁၀–ဦးခန့်သည် ဘယ်က ရှာတွေ့လာသည်မသိ၊ ကြီးမားလှသော အုတ်နှင့်အင်္ဂတေရောစပ်ထားသည့် အစိုင်အခဲကြီးတခုအား သယ်ယူလာကြသည်။ သူတို့အား ကြည့်ရသည်မှာ အစိုင်အခဲကြီးတစ့အား မနိုင်မနင်း သယ်လာသော ပုရွက်ဆိတ်များနှင့် တူနေသည်။ ခဏခြင်းပင် လူပရွက်ဆိတ်အုပ်မှာ ကြီးမားလာပြီး အုတ်အစိုင်အခဲကြီးအား အင်းဝကျောင်းဆောင် အပေါ်ဆုံးထပ်ဆီသို့ သယ်ယူသွားသည်။

“သူတို့ ဘာလုပ်ကြတာလဲ....”

“စောင့်ကြည့်လေ....”

မကြာမီ အပေါ်ဆုံးထပ်မျက်နှာစာ ကော်ရစ်ဒါမှ ကျောင်းသားတဦးက ပေါ်လာပြီး အောက်ရှိလူများအား အော်ဟစ်ရှောင်ရှားခိုင်းသည်။

“ရဲဘော်တို့.... ဘေးဖယ်နေကြ၊ အက်တွန်မစ်ဗုံး၊ အက်တွန်မစ်ဗုံး”

မကြာမီ စောစောက အုတ်အစိုင်အခဲကြီးသည် ၃–ထပ်အမြင့်မှ အောက် ကျောက်လမ်းပေါ်သို့ အရှိန်ပြင်းစွာနှင့် ကျလာသည်။ အုတ်ခဲနှင့် အင်္ဂတေစများမှာ ဗုံးဆန်များ လွင့်စင်သည့်ပမာ ပေါက်ကွဲကြပြန်ကုန်တော့သည်။

“ဟေး... လက်နက်တွေကွ လက်နက်တွေ....”

အောက်ရှိ ကျောင်းသားများက ပြန့်ကြဲနေသော အုတ်ခဲကျိုးများအား တပျော်တပါး အလုအယက် ကောက်ယူကြသည်။

စောစောက ရှောင်ခိုင်းသော အပေါ်ထပ်မှ ကျောင်းသားသည် အောက်သို့ ငုံ့ကြည့်လိုက်၊ နောက်သို့ လှည့်ကြည့်လိုက်နှင့် လုပ်နေရာမှ မျက်လုံးပြူး မျက်ဆံပြူးလျက် လက် နှစ်ဖက်မြှောက်ကာ အော်ဟစ်လိုက်သည်။

"ဟ.. ဟ... နေကြပါအုံး၊ အံမာလေး.... သေကုန်ကြပါလိမ့်မယ်၊ အောက်ကရဲဘော်တွေ ဘေးကို– ဘေးကို"

ခဏတွင်ပင် သစ်သားခုတင်တလုံးက လေထဲတွင် ဝဲပျံကျလာသည်။ စားပွဲများ၊ ကုလားထိုင်များလည်း နောက်မှ ကပ်လိုက်လာကြသည်။ ကျောင်းဆောင်ရှေ့ အောက်မြေပြင်တွင် သစ်သားအကျိုးအပဲ့၊ အုတ်ခဲအတုံးအစများ ပြည့်နှက်ပြန့်ကြဲကုန်သည်။

မောင်သက်တင်က ဝင်းအပြင်ဘက်ဆီသို့ မျှော်ကြည့်လိုက်သည်။

ပါဏဗေဒ အဆောက်အဦ အောက်ထပ်၊ ထိုအဆောက်အဦဆီမှ သွယ်တန်းလာသော စင်္ကြံတလျှောက်၊ မော်တော်ကားဂိုဒေါင်များအောက်၊ ဤနေရာများ အားလုံးတွင်လည်း ကျောင်းသားများ ပြည့်နေကြသည်။

ဤကျောင်းသားအုပ်နှင့် ဝင်းအတွင်းရှိ ကျောင်းသားအုပ် ၂–အုပ်ကြားတွင် ရဲအရာရှိများနှင့် ရဲသားများကို တွေ့နိုင်သည်။

စာသင်ခန်း အဆောက်အဦကြီးဆီမှ အင်းဝကျောင်းဆောင်ဆီ သွယ်တန်းလာသော ကတ္တရာစေး လမ်း၏ တဖက်တချက်ဆီ၌ ရန်ကုန်သေနတ်ကိုင် ရဲအဖွဲ့သားများမှာ စီတန်းရပ်နေကြသည်။ ကျောင်းဆောင်ရှေ့ရှိ အနောက်နှင့်အရှေ့ပြေးနေသော လမ်းတလျှောက်တွင်မူ ကာကီဘောင်းဘီ၊ အင်္ကျီနက်ဝတ် ဝါးရင်းတုတ်ကိုင် ရဲအဖွဲ့သားများကို ချထားသည်။

သေနတ်ကိုင် ရဲအဖွဲ့သားများအနီး၌ ရဲဝန်ထောက်တဦးနှင့် တရားသူကြီးတဦးမှာ ဝင်းအတွင်းရှိ ကျောင်းသားများဆီ လှမ်းကြည့်ရင်း ဆွေးနွေးတိုင်ပင်နေကြသည်။

မလှမ်းမကမ်းရှိ အင်းလျားကျောင်းဆောင်၏ သံတိုင်ဝင်းတလျှောက်မှလည်း ကျောင်းသူများမှာ စီတန်းလျက် ကြည့်ရှုနေကြသည်။ စင်္ကြံပေါ်ရှိ လူအုပ်များထဲတွင်လည်း ကျောင်းသူများပါလေရာ မမြော်လင့်ဘဲ မေရီအား တွေ့လိုက်ရသဖြင့် မောင်သက်တင်မှာ အံ့ဩသွားသည်။

သပိတ်မှောက်ပြီး၍ မကြာမီပင် မေရီ့အား ဦးလေးဖြစ်သူ အတွင်းဝန်တဦးက ကျောင်းဆောင်မှ လာရောက် ခေါ်ငင်သွားသည်ကို သိထားသော မောင်သက်တင်မှာ ယခု မေရီ့အား ဤပတ်ဝန်းကျင် တွင် တွေ့ရသဖြင့် အံ့အားသင့်သွားခြင်းဖြစ်သည်။ မေရီ့အတွက်မူ စိုးရိမ်စိတ်က ပေါ်လာသည်။ ဤနေရာမျိုးနှင့် ဤအခြေအနေ၌ မေရီ့အား မရှိစေလို။

စူးစူးစိုက်စိုက် ကြည့်နေသော မောင်သက်တင်သည် မေရီ့အနားတွင် ကပ်ရပ်နေသော အရပ်ရှည်ရှည် အသားဖြူဖြူနှင့် ကျောင်းသားတဦးကိုပါ မြင်ရသည်။ ပြဇာတ်မင်းသားဟန် ဖမ်းနေသည်ကို မြင်ရ၍ ကြယ်ဖြူမှန်း မှတ်မိသည်။

မောင်သက်တင်မှာ ရုတ်တရက် ဒေါပွသွားသည်။ ဤအခြေအနေမျိုးတွင် ကြယ်ဖြူသည် အရေးကြီး သောနေရာသို့ ပေါ်မလာဘဲ ဘာကြောင့် မေရီ့နားရောက်နေရသနည်း။

ဤအခါကျမှ မောင်သက်တင်သည် ဘေးပတ်ဝန်းကျင် ကျောင်းသားများအား လှည့်ပတ်ကြည့်မိသည်။

မုတ်ဆိတ်မွေးရှည်ရှည် အရပ်မြင့်မြင့် ကတုံးဆံတောက်နှင့် ဒုတိယတန်း ခေါင်းဆောင်တဦးမှ လွဲ၍ စောစောရက်များက စင်မြင့်ပေါ်၌ သူ့ရဲကောင်းလုပ်၍ သွေးထိုးမြှောက်ပင့်ပေးခဲ့သော ဇရာမ ခေါင်းဆောင်ကြီးများကို တယောက်မျှ မတွေ့ရ။

စုဝေးနေကြသော ကျောင်းသားအများမှာ အရောင်မဲ့ အသွေးမဲ့ ဝါဒမဲ့ ကျောင်းသားစစ်စစ်များသာ ဖြစ်ကြသည်။ စောစောရက်များက မိမိတို့အဖွဲ့အား ဆန့်ကျင်သူများ၊ သပိတ်ကို မထောက်ခံသူများ ပင် အရေးကြီးသွေးနီးဘို့အလား လာရောက်ညီညာ ပေါင်းစည်းနေသည်။ မျက်မှန်ထူနှင့် ဂုဏ်ထူး တန်းမှ စာဂျပိုးများ၊ ဘောင်းဘီဝတ် ကပြားနှင့် ကုလားများလည်း မကျန်။

သူတို့စိတ်၌ ဘာရယ်ဟု အထွေအထူးမရှိကြ၊ သပိတ်မှောက်ခြင်းမှာ မိမိတို့၏ တရားဝင် အခွင့်အရေး ဟု ယုံကြည်ကြသည်။ အစဉ်အလာအရ ကျောင်းတလပိတ်ရမည်မှာ မှန်သည်ဟု ယူဆထားကြသည်။ မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ၊ မိမိတို့ချစ်မြတ်နိုးသော ကျောင်းနယ်မြေအတွင်းသို့ တစိမ်းတရံ လူများ ချင်းနင်းဝင်ရောက်လာသည်ကို လက်မခံနိုင်ကြ။ မည်သည့်အကြောင်းပြချက်နှင့် ဖြစ်စေ၊ မိမိတို့၏ ဘဝတူကျောင်းသားများ အချင်းချင်းအား ထိပါးလာသည်ကို မခံချင်ကြ။

စုဝေးလျက်ရှိသူများမှာ ဤသို့သောကျောင်းသားများသာ ဖြစ်ကြသည်။ ယခုအခိုက်အတန့်၌ သူတို့ အား မည်သူကမျှ အမိန့်မပေး။ မည်သူကမျှ ခေါင်းမဆောင်။

အုံကိုတုတ်နှင့်လာထိုးသည်အား ဗီဇအလျောက် ညီညီဖြဖြခုခံကြမည့် ပျားများနှင့်သာ အလားသဏ္ဍာန် တူနေကြသည်။

မဟုတ်သည်ဟုထင်လျှင် မခံချင်သော လူငယ်စိတ်၊ မိမိမှန်သည်ထင်လျှင် ရဲရဲဝံ့ဝံ့ ဖွတ်လုတ်တတ်သော လူငယ်တို့၏ သတ္တိ၊ ဤစိတ် ဤသတ္တိတို့သာလျှင် ဤလူငယ်များအား လွှမ်းခြုံထားသည်။

အနှစ်နှစ်အလလမှရှိခဲ့သည့် အထွေထွေသော မကျေနပ်မှုများ၊ ပြီးခဲ့သော ရက်များအတွင်းက လှုပ်ရှားရုန်းကန်ခဲ့ရသည့် အရှိန်၊ နိုင်ငံရေးအခွင့်ကောင်းယူသမားများ၏ စောစောပိုင်းမှ သွေးထိုးလှုံ့ဆော်ပေးထားမှု၊ ဤသည့်အချက်တို့ကြောင့်လည်း လူငယ်များမှာ ပို၍ဒေါသထွက်နေကြသည်။

နေမှာ မြင့်သည်ထက်မြင့်လာ၍ ပူသည်ထက်ပူလာသည်။

ထိုအခိုက် ဝင်းထရံပေါ်မှ ကျောင်းသားက လှမ်း၍ သတိပေးသည်။

"ဟေ့– မျက်ရည်ယိုဗုံးအဖွဲ့နဲ့တူတယ်.... လာနေဘီ၊ မီးသတ်ကားနဲ့ ကရိမ်းကားကြီးလဲ ပါတယ်ဟေ့...."

သတင်းမှာ တယောက်တပေါက် ပျံ့နှံ့သွားသည်။ လုံချည်တိုတိုနှင့် ခဲ၊ အုတ်၊ တုတ်ကိုင်ကျောင်းသားများမှာလည်း တဖွဲဖွဲနှင့် ကျောင်းဆောင်ရှေ့တွင် များသထက်များအောင် စုဝေးရောက်လာကြသည်။

"ဒီဘက်ကိုချည်း စုမလာကြနဲ့ ဟိုဘက်ဂိတ်တွေက အလစ်ဝင်လာအုံးမယ်..."

ရခိုင်ကျောင်းသားတဦးက စစ်ကိုင်းကျောင်းဆောင်ဘက်မှလာသော ကျောင်းသားတသိုက်အား လှမ်းအော်ပြောသည်။

"ဂိတ်တိုင်းမှာ ရဲဘော်တွေရှိတယ် မပူနဲ့...."

အင်းဝကျောင်းဆောင်အောက်ထပ်မှ ကျောင်းသား ၃–ဦးခန့်သည် ရေစည်ကြီးတလုံးအား တည်ချလိုက်ကြ၏။ ထို့နောက် အဆောင်ရှေ့ ကတ္တရာစေးလမ်းပေါ်တွင် တည်ချလိုက်ကြ၏။ ကျန် ကျောင်းသားများက တယောက်တလက်ဟူသကဲ့သို့ ရေပုံးများနှင့် ရေသယ်ထည့်ကြ၏။

"လက်ကိုင်ပုဝါတွေ ထုတ်ထားကြပါ။ ပြီးတော့ ရေလာဆွတ်ကြ၊ မျက်ရည်ယိုဗုံးပြစ်ရင် ပါးစပ်နဲ့နှာခေါင်းကို အဝတ်ရေစိုနှင့်ပိတ်ထား..."

လုံချည်တို စွပ်ကျယ်အင်္ကျီနှင့် ဓာတုဗေဒယူသော ထားဝယ်ကျောင်းသားတဦးက ဝဲတဲဝဲတဲနှင့် ညွှန်ကြား၏။

ကျောင်းသားများက သူ၏ညွှန်ကြားချက်အား ချက်ခြင်း လိုက်နာကြသည်။ မကြာမီ ကျောင်းသား အသီးသီးမှာ ရေဆွတ်ထားသော လက်ကိုင်ပုဝါကိုယ်စီ မေးအောက်မှလည်ပင်းကို သိုင်းချည်ပြီးသား ဖြစ်နေသည်။

ဘယ်အချိန်က ရောက်နေသည်မသိ၊ သံတံခါး၏ အလယ်တည့်တည့် အနီရောင်နောက်ခံတွင် ခွပ်ဒေါင်းနှင့် ကျောင်းသားအလံမှာ စိုက်ထူလျက်ရှိသည်။ ကျောင်းသားတဦးမှာ သံတံခါးအား တွယ်တက်လျက် အလံအား ကိုင်ဆောင်ထားသည်။

အရေးထဲတွင် နောက်ပြောင်သူကလည်း မရှား။

ဝင်းထရံအပြင်ဘက် တံခါးရှေ့လမ်းပေါ်တွင် ကျောင်းသားတဦးက မြေဖြူနှင့် မျဉ်းသားလိုက်သည်။

“ဟောဒီမှာ ၃၈–မျဉ်းပြိုင်ကြောင်း။ ဒီဘက်ကဦး(....) နယ်မြေ၊ ဒီဘက်က ဦး(.....) သမက်များ နယ်မြေ၊ မကျော်တမ်း...”

ဘေးမှ ကျောင်းသားများက ဝါးကနဲ ရယ်လိုက်ကြ၏။

ဆူကြ၊ ပူကြ ရယ်မောကြနှင့် ဖြစ်နေစဉ် အနက်ရောင် ရဲဝိုင်ယာလက်ကားတစီး ကကျောင်းဆောင် တံခါးပေါက်အား ဦးထိုးလျက် ဆိုက်လာသည်။ ကားတွင်းမှနေ၍ ကျောင်းအုပ်ချုပ်ရေးအရာရှိတဦးက အသံချဲ့စက်နှင့် မေတ္တာရပ်ခံသည်။

“ကျောင်းသားများကို ဆရာ မေတ္တာရပ်ခံပါတယ်၊ ကျောင်းဝင်းထဲမှ အပြင်ထွက်ပြီး ကျောင်းထွက် ချင်တဲ့ ကျောင်းသားများ ရှိတယ်လို့သိရပါတယ်။ ဒီကျောင်းသားတွေရဲ့ လုံခြုံရေးနဲ့ သူတို့ကို ခေါ်ထုတ်ယူဘို့ ဥပဒေတာဝန်ခံတွေဟာ အထဲဝင်ရပါမယ်၊ တံခါးမကို ဖွင့်ပေးကြပါ၊ မောင်တို့ကို ဘယ်လိုမှ အန္တရယ်မပြုပါဘူး၊ ဆရာ ဝန်ခံကတိပေးပါတယ်....”

မေတ္တာရပ်ခံချက်မှာ မဆုံးသေး၊ “မဖွင့်ဘူး၊ မယုံဘူး” ဟု ကျောင်းသားများက ဝိုင်းအော်ကြသည်။

အရာရှိသည် ဆက်လက်မေတ္တာရပ်ခံမြဲ ရပ်နေသည်။ ကျောင်းသားများမှာ ဆူသည်ထက်ဆူလာ၏။ မကြာမီပင် အရာရှိမှာ လက်လျှော့ပြန်သွားရသည်။

စောစောက မုတ်ဆိတ်မွေးနှင့် ကျောင်းသားသည် တံခါးပေါ်သို့ တွယ်တက်၍ အပြင်သို့ လှမ်း အော်ပြောသည်။

“တရားသူကြီးမင်းနှင့် ရဲအရာရှိများခင်ဗျား၊ ကျောင်းသားများဟာ မိမိတို့ရဲ့ အဆောင်တွေမှာ အေးချမ်းစွာ ဆန္ဒပြနေကြတာပါ၊ မည်သူ့ကိုမှလဲ အန္တရာယ်မပြုပါ၊ တံခါးတွေကိုတော့ မဖွင့်ပါ၊ အကြမ်းဖက်ပြီး ဖွတ်ဖွင့်လို့ တစုံတခုဖြစ်ရင် ကျောင်းသားများရဲ့ တာဝန်မဟုတ်ပါ။ လူကြီးမင်းများရဲ့ တာဝန်သာပါ....”

သူက အောက်သို့ဆင်း၍ ကျောင်းသားများဘက်သို့လည်း အော်ပြောသည်။

“ရဲဘော်တို့၊ တံခါးကိုတော့ ဘယ်နည်းနဲ့မှ မဖွင့်နိုင်ဘူး။ ဒါပေမယ့် သည်းခံကြပါ၊ အကြမ်းမဖက် ကြပါနဲ့....”

“သည်းခံကြဟေ့၊ အကြမ်းမဖက်ကြနဲ့....”

ကျောင်းသားအချို့ကလည်း သူ့အသံကို ပဲ့တင်ထပ်ကာ လိုက်လံအော်ဟစ်နေကြသည်။

သို့ရာတွင် အခြေအနေမှာ အုပ်ထိန်း၍ရသော အခြေအနေမဟုတ်တော့၊ ၃–ထပ်အမြင့်မှ အုတ်ခဲများ ကျလာမြဲကျလာသည်။ ခုတင်များ လွင့်လာမြဲလွင့်လာနေသည်။

“ဖွင့်ပေးလိုက်ရင် သူတို့က အတင်းဝင်ဖမ်းတော့ ဘယ့်နှယ်လုပ်မလဲ.....”

သူနှင့် ပေါင်းတည်မှ တနယ်သားဖြစ်သူ ဆေးကောလိပ်ကျောင်းသားတဦးက မောင်သက်တင်အား ပြောသည်။

“ဟုတ်တယ်၊ သူတို့က ကျုပ်တို့ကို ဝင်ဖမ်းချင်လို့ သက်သက်ဉာဏ်ဆင်တာ....”

မောင်သက်တင်က အံကြိတ်ရင်းပြောသည်။

“ကျုပ်တို့ကို ဖွတ်လုပ်ရင်တော့ ခုခံရမယ်၊ ဒါပေမယ့် ဒါဟာ နောက်ဆုံးခြေလှမ်းသာ ဖြစ်သင့်တယ်၊ အကြမ်းဖက်ရင်တော့ အကြီးအကျယ် မှားလိမ့်မယ်၊ တတ်နိုင်သမျှ အခြေအနေကို ထိန်းမှ....”

ရူပဗေဒယူသော ပျဉ်မနားမှ ကျောင်းသားပုပုတဦးက စဉ်းစဉ်းစားစား ဝင်ပြောသည်။

မည်သို့ပင်ဖြစ်စေ ကျောင်းသားအများစုမှာ ကြာလေတက်ကြွလေဖြစ်နေ၏။ ကျောင်းဆောင်ပေါ်မှ မိုးချုန်းသံမှာ ဆက်လက်ထွက်ပေါ်မြဲ ထွက်ပေါ်နေသည်။ ဆူညံသော လင်းကွင်းနှင့် အိုးစည်သံများပင် ပါလာပေပြီ။

ကရိန်းကားစက်နှိုးသံ၊ မီးသတ်စက် အင်ဂျင်ဖွင့်သံတို့သည်လည်း မြည်ဟည်းလာ၏။

"ကျောင်းသားတို့ .... ဂိတ်တံခါးကို ဖွင့်ဖွင့်ရတော့မယ်၊ ထိခိုက်မည်စိုးရိမ်၍ ဘေးကိုရှောင်ကြပါ..."

အသံချဲ့စက်မှ တရားသူကြီး၏ တည်ငြိမ်သောအသံမှာ ပေါ်လာသည်။ မကြာမီပင် ခတ်ငွေ့ကာ မျက်နှာဖုံးစွပ် မျက်ရည်ယိုဗုံးအဖွဲ့သားများက ကျောင်းဆောင်ရှေ့ လမ်းတဖက်မြောင်းအစပ် ကုလား တမာပင်များအောက်တွင် ကျောင်းဆောင်ဂိတ်ကို မျက်နှာမူလျက် နေရာယူ အဆင်သင့်ပြင်ပြီးလေပြီ။

ကရိန်းကားကြီးမှာ အမြီးပိုင်းကို ဂိတ်တံခါးကြီးနှင့်တည့်အောင် ချိန်လျက် အရှိန်နှင့် နောက်ပြန် တိုက်ရန် ပြင်နေ၏။ ဂိတ်တံခါးထက်မှ အလံကိုင်ကျောင်းသားအား ကျန်ကျောင်းသားများက ဆွဲချကြသည်။ ဂိတ်အနီးမှမူ တယောက်ကမျှမခွာ။

မီးသတ်အင်ဂျင်စက်သံသည် ပိုဆူညံမြင့်တက်လာသည်။

"ဟေ့ ရေနဲ့ပက်တော့မယ်ကွ..."

သံစူးဝင်းထရံပေါ်မှ ကျောင်းသားသည် အော်ဟစ်သတိပေး၍ ခုန်ဆင်းလိုက်သည်။ ပုဆိုးစမှာ သံစူးနှင့်ငြိလျက် စုတ်ပြဲထွက်သွားပြီးလူမှာ မြေကြီးပေါ်သို့ မှောက်လျက်လဲကျလာ၏။

သို့ရာတွင် သူ့အား မည်သူမျှဂရုမစိုက်အား မီးသတ်ပိုက်ခေါင်းမှ ရေတံသည် ပန်းလွတ်ထွက်လာပြီး ဂိတ်အနီးရှိ ကျောင်းသားများပေါ်သို့ တပြိုက်နှစ်ပြိုက်ကျလာသည်။

"ပက်ပြီဟေ့...... ချကြဟ.... ပစ်ကြ...."

ကျောင်းသားများ၏လက်တွင်းမှ အုတ်ခဲကျိုးများ၊ တုတ်တိုများသည် လေထဲတွင် ပျံဝဲ၍ လွင့်ထွက် သွားကြသည်။

အနီးရှိ ကျောင်းသားတဦးက ရေပိုက်အား ဝင်၍ ဓားနှင့်ခုတ်ဖြတ်လိုက်သဖြင့် မီးသတ်စက်မှာလည်း အသုံးမဝင်ဖြစ်သွားသည်။ တဖွဲဖွဲ ဆက်တိုက်ကျလာသော ခဲများ အုတ်ကျိုးများကြောင့် မီးသတ်သမား များမှာလည်း ကားပေါ်မှ ဆင်းပြေးကုန်သည်။

ကမ္ဘာပျက်သည့်အလား ဆူညံအော်ဟစ် ပစ်ခတ်ပြေးလွှားသံများအကြားမှ တဝုန်းဝုန်း မျက်ရည်ယိုဗုံး ပေါက်ကွဲသံများ ကြားကြရသည်။

ခဏတွင်ပင် ကျောင်းဆောင်ရှေ့ ကွက်လပ်တခုလုံးမှာ မွဲပြာရောင်အခိုးအငွေ့များနှင့် ဖုံးပိတ်သွားသည်။ ကျောင်းသားများကမူ မဆုတ်၊ မှောင်မဲသော မီးခိုးများကြားမှ ပစ်ခတ်ခုခံနေကြသည်။

ရေစိုအဝတ်နှင့် နှာခေါင်းပါးစပ်များကို ပိတ်ထား၍ ချက်ခြင်းမမွန်သော်လည်း မျက်လုံးများမှာမူ မခံမရပ်နိုင်အောင် ကျိန်းစပ်ပူလောင်ကြသည်။ အသက်ရှူမွန်း၍ အဝတ်ရေစိုများကို လှစ်လိုက်ပြန်သောအခါတွင်လည်း စူးစူးဝါးဝါးမွန်လှသဖြင့် မသက်သာလှ။ ဇွဲကောင်းသော ကျောင်းသားများက ဤကြားထဲမှ ဆက်၍ပစ်ခတ်နေကြသလောက် ကျောင်းသားအချို့မှာ ရေစည်ဆီသို့၄င်း၊ ကျောင်းဆောင်နောက်ဖေးဘက် မြေပြင်၌ စိုက်ထားသော ရေတိုင်ဆီသို့၄င်း၊ ပြေးကြရသည်။

ကျောင်းဆောင်၏ လက်ဝဲဘက်ထောင့်ဆီမှ မောင်သက်တင်သည် ပါးစပ်မှ အော်ရင်းဆဲရင်း အနီးတွင်ပုံထားသော အုတ်ခဲများကို ကောက်၍ တလုံးပြီးတလုံး လှမ်းပစ်နေသည်။

ထိုအခိုက်တွင် သူနှင့် ၁၀–ပေခန့်အကွာ၌ မျက်ရည်ယိုဗုံး ၂–လုံးကျလာသည်။ ကံအားလျော်စွာ မပေါက်ကွဲ။ တိုင်ပင်ထားသည့်အလား မောင်သက်တင်နှင့် စွပ်ကျယ်ဝတ် ထားဝယ်ကျောင်းသားသည် ဗုံးများကိုကောက်ကာ ရဲသားများရှိရာ အပြင်ဘက်သို့ ပြန်ပစ်လိုက်ကြသည်။ အပြင်ဘက်၌ ပေါက်ကွဲသံ ကြားကြရသောအခါ ၂–ဦးသားမှာ "မှတ်ကရော" ဟု အော်ကာ ဝမ်းသာအားရ ထခုန်ကြသည်။

မီးခိုးထဲတွင်မူ ကြာရှည်မနေနိုင်၊ မျက်လုံးများမှာ ကျိန်းစပ်လာ၍ ပွတ်ပစ်၍လည်းမရ၊ အသက်ရှူမှာလည်း ကျပ်လာကာ တဟွတ်ဟွတ်သီးလာသဖြင့် မီးခိုးလွတ်ရာသို့ ခေတ္တရှောင်ထွက်ခဲ့ရသည်။

ထိုစဉ်တွင် တံခါးဆီမှ ပြင်းထန်စွာတိုက်မိသံ ပေါ်လာသည်။ တံခါးအုတ်တိုင်ကြီးတခုမှာ ကျိုးပြတ်ပြိုလဲလာ၏။ တံခါးကြီးမှာမူ သံကြိုးများပြတ်သွားကာ လဲကျလုနီးနီး ယိမ်းယိုင်ပွင့်အာသွားသည်။

"ဂိတ်ပေါက်ဆီကို မဲပစ်ဟေ့....၊ ဂိတ်ပေါက်ဆီကို...."

မောင်သက်တင်က ပါးစပ်မှလည်းအော်ရင်း လက်မှလည်း မနားတမ်းပစ်ခတ်နေ၏။

မွန်သော ကျောင်းသားများက ရေတိုင်ဆီပြေးကြ၍ အမွန်ပြေသူများက ရေတိုင်မှခွာကာ ဆက်လက်ပစ်ခတ်နေကြ၏။

ကျောင်းဆောင်၏ လက်ဝဲလက်ျာ အစွန်းနှစ်ဖက်ဆီသို့ အခိုးအငွေ့များက မရောက်၊ ဤ နှစ်နေရာမှ ကျောင်းသားများမှာ လူစုခွဲ၍ ပစ်နေကြ၏။

သေနတ်သံများကလည်း ပေါ်လာသည်။ မရှေးမနှောင်းပင် မျက်ရည်ယိုဗုံးများ ဆက်ကျလာ၏။ ဤအကြိမ်တွင်မူ အဝါရင့်ရောင်အငွေ့များ ပေါ်ထွက်လာသည်။ ဤအငွေ့များက ပိုပြင်းထန်သည်။

မောင်သက်တင်မှာ ကြာရှည်ဆက်မပစ်နိုင်၊ ရေတိုင်ဆီပြေးလာ၍ တဝေါဝေါကျနေသော ရေပန်းအောက်သို့ အလုအယက် ခေါင်းထိုးခံလိုက်ရသည်။

အဆောင်ရှေ့တွင်မူ မီးခိုးများမှာ မှောင်ဆဲ ပစ်ခတ်သူများမှာလည်း ပစ်ခတ်ဆဲတည်း။

လေမှာ တောင်ဘက်မှ လာနေသဖြင့် အခိုးငွေ့များမှာ မြောက်ဘက်သို့ ပျံ့လွင့်ပြန့်နှံ့နေရာမှ မျက်ရည်ယိုဗုံးအဖွဲ့သားများနှင့် ရဲသားများမှာ ဂိတ်အတွင်းသို့ဝင်ရန် ရှေ့မတိုးနိုင်ကြ၊ အပစ်အခတ်များမှာလည်း မလျော့သဖြင့် နောက်ဆုတ်ပြေးကြသည်။

မျက်လုံးအစပ် သက်သာသွားသောအခါ မောင်သက်တင်က ပတ်ဝန်းကျင်အား လှည့်ကြည့်မိသည်။

ခပ်လှမ်းလှမ်း ပင်းယကျောင်းဆောင်နှင့် ဗဟိုထမင်းစားခန်းမအား ဆက်ထားသည့်စင်္ကြံအောက်တွင် တုတ်လက်နက်ကိုယ်စီနှင့် စုဝေးနေသော ကျောင်းသားတသိုက်ကို တွေ့ရသဖြင့် သူတို့ထံ ပြေးသွားသည်။

“လာဟေ့… ဟို… ဟောက ကျောင်းသားသစ္စာဖေါက်တွေကို သွားရိုက်ကြရအောင်….”

မောင်သက်တင် အနီးသို့ရောက်သောအခါ အရပ်ရှည်ရှည်နှင့် ကျောင်းသားတဦးက စ၍ အဖေါ်ညှိသည်။

“လာ….. ဟုတ်တယ်…. သွားကြမယ်….”

မောင်သက်တင်က အော်ဟစ်၍ ရှေ့မှပြေးသည်။ သို့ရာတွင် ကျန်ကျောင်းသားများက သူနှင့်စောစောက ကျောင်းသားရှည်ရှည်အား အတင်းပြန်ဆွဲထားကြသည်။

“ဘယ်ဖြစ်မလဲ၊ ရာဇဝတ်မှု ဖြစ်ကုန်မှာပေါ့….”

“အို…. ဖြစ်ဖြစ်၊ လာသွားကြမယ်…”

"ဒီမှာကိုသက်တင်၊ အခု ကျွန်တော်တို့က ကိုယ့်ကျောင်းဆောင်ကိုယ် ကာကွယ်နေတဲ့ အနေနဲ့သာ တိုက်နေကြတာ။ သူတို့ဘက်က ဘယ်လောက်မှားမှား ကျောင်းသားချင်းတော့ မချချင်ဘူး..."

မောင်သက်တင်နှင့် တနယ်တည်းသားဖြစ်သူ ဆေးကောလိပ်ကျောင်းသားက ရှင်းပြသည်။ သူ့အား ကျန်ကျောင်းသားတသိုက်က ထောက်ခံကြသည်။

ကံအားလျော်စွာ မောင်သက်တင် ဘာမျှဆင်ခြေမပေးနိုင်မီ ကျောင်းသားတသိုက်က ကျောင်းသား တဦးအား သယ်ပိုးမယူလာကြ၍ ပင်းယကျောင်းဆောင်ထောင့်တွင် လာချထားကြသည်။ မောင်သက်တင်တို့က သူတို့ထံ အပြေးရောက်လာကြသည်။

"ဘယ်သူလဲ၊ ဘာဖြစ်သွားလဲ"

မျက်ရည်ယိုဗုံး အနားကပ်ကျလို့ မူးသွားတယ်နဲ့တူတယ်၊ ဘယ်နှယ်လုပ်မလဲ"

"သမ္ဘရာသီးရရင် ကောင်းမှာဘဲ"

ကျောင်းသားအချို့က လူနာအား ယပ်ခပ်ပေးနေခိုက် အချို့က အပေါ်ဆုံးထပ် လက်ထောက် အဆောင်မှူး၏ အိမ်သားများထံ သမ္ဘရာသီး လှမ်းတောင်းကြသည်။

အဆောင်မှူး၏ အိမ်သားများမှာလည်း ထိတ်လန့်နေကြ၍ တံခါးများကို အလုံပိတ်ထားကြသည်။ အောက်မှ အော်ဟစ်တောင်းဆိုသံကြားမှ မိန်းကလေးတဦး ခေတ္တပေါ်လာပြီး သမ္ဘရာသီးတလုံး ချပေးသည်။

"ဒီလိုနေလို့မဖြစ်ဖူး၊ ဟိုနားမှာ ဒဏ်ရာရတဲ့လူတွေ ရှိသေးတယ်၊ ဆင်နတိုရီယံပြေးပြီး ဒေါက်တာ ရောဘတ်ကို ခေါ်မှဖြစ်မယ်"

"ကျွန်တော်သွားမယ်၊ လာဖိုးတင်ဖေ၊ မင်းလဲလိုက်ခဲ့၊ ကျွန်တော့်ကို တုတ်တချောင်း ပေးလိုက်ကြ"

မောင်သက်တင်သည် တုတ်တချောင်းရသောအခါ သူ့မိတ်ဆွေနှင့်အတူ သထုံကျောင်းဆောင် ဂိတ်ပေါက်ဆီသို့ ထွက်ခဲ့သည်။

အင်းဝကျောင်းဆောင်ရှေ့တွင်မူ အခိုးအငွေ့များ မစဲသေး၊ ကျောင်းသားများမှာလည်း ခုခံပစ်ခတ်ဆဲပင် ဖြစ်၏။ ။

## အခန်း(၁၄)

အင်းဝကျောင်းဆောင်ရှေ့တွင် ဆူဆူပူပူဖြစ်စကတည်းမှ မေရီသည် ပါဏဗေဒအဆောက်အဦးအနီးမှ မမြော်လင့်ဘဲ လာတွေ့ရသည့် တုတ်တုတ်၊ ကြယ်ဖြူတို့နှင့်အတူ ရပ်ကြည့်နေသည်။

ကျောင်းတလပိတ်ရေးအတွက် ဆန္ဒပြသပိတ်ပေါ်လာပြီး၍ တက္ကသိုလ်နယ်မြေ၌ စတင်ဆူပူလျှင် ဆူပူချင်း မေရီ၏ ဦးလေးဖြစ်သူ အတွင်းဝန်ဦးထွန်းခင်က မေရီ့အား ကျောင်းဆောင်မှနုတ်ကာ အိမ်သို့ ဖွတ်ခေါ်ယူထား၏။

မေရီမှာ အိမ်၌ လုံးဝမနေချင်၊ နကိုယ်က သူပုန်ဆန့်ကျင်သောစိတ်ကလေးမှာ လောကကို အရွဲ့တိုက်၍ တမင်ဇက်လွှတ်ပေးထားသည် ဖြစ်သဖြင့် ပိုမိုတက်ကြွနေသည်။ အိမ်မှထွက်ခွင့်ကိုသာ ရှာကြံနေရာ အခွင့်ကောင်းရခဲ့သည်။ ဦးထွန်းခင်သမီး မိမိ၏ညီမဝမ်းကွဲတော်သူမှာ လှလှတင်တို့၏ ဂိုဏ်းမှဖြစ်၍ သပိတ်ကိုအသိအမှတ်မပြု၊ ကျောင်းဖွတ်တက်သည်။ အကြံရသော မေရီက လှလှတင်တို့နှင့် ပေါင်း၍ ကျောင်းတက်မည်ဆိုကာ သူ့ဝမ်းကွဲညီမနှင့်အတူ အိမ်မှထွက်လာခြင်း ဖြစ်သည်။ ကျောင်းရောက်သော် မေရီသည် လှလှတင်တို့အသိုက်နှင့်ခွဲ၍ လစ်အလာတွင် ဤနေရာ၌ တုတ်တုတ်တို့နှင့် ဆုံမိခြင်းဖြစ်သည်။

မေရီတို့၏ ပတ်ဝန်းကျင်မှာလည်း ကျောင်းသားများနှင့် ပြည့်နှက်လျှက်ရှိသည်။ အင်းဝ ကျောင်းဆောင်တွင်းရှိ ကျောင်းသားများဆီ၌သာ အာရုံထားနေဟန်တူသော ရဲသားများမှာ သူတို့အား ဤမှာဘက်မှလည်း ကျောင်းသားများ ဝိုင်းလျက်ပြီးသား ရှိနေသည်ကို သတိထားမိဟန်မတူ။

မေရီတို့ ရပ်ကြည့်နေသည့်နေရာမှာ လူအနည်းငယ်ကျပ်သည်။ ကြယ်ဖြူမှာ မေရီနှင့် ပခုံးချင်းယှဉ် ရပ်နေ၍ တချီတချီတွင် မတော်တဆဟန်ဖြင့် မေရီ့လက်မောင်းများအား သူ့ကိုယ်နှင့် လာလာ ထိနေသည်။

မေရီမှာ ကြယ်ဖြူအား မောင်သက်တင်နှင့်ပတ်သက်၍သာ ပေါင်းနေရသည်၊ မေတ္တာတော့ ရှိလှ သည်မဟုတ်၊ ကြယ်ဖြူက အနည်းငယ်ဘဝင်မြင့်သည်။ သီချင်းအနည်းအကျဉ်း အစပ်ကောင်းရုံနှင့် သူက မိန်းကလေးမှန်လျှင် သူ့အား စိတ်ဝင်စားလိမ့်မည် ထင်နေသူဖြစ်သည်။

ခါတိုင်းဆိုလျှင် မေရီမှ ကြယ်ဖြူအား ရင်းရင်းနှီးနှီး မတွဲလှချေ။ ယခုမူ မျက်စိရှေ့မှ တုန်လှုပ် ချောက်ချားဖွယ်အား အာရုံပြုနေမိသဖြင့် သူ့အား သတိမပြုမိ။

အခိကရုဏ်းစ၍ ခဲလုံးများ ပျံဝဲလာသောအခါ မေရီမှာ ကြောက်အားလန့်အားနှင့် နောက်ဆုတ်လိုက်ရာ ကြယ်ဖြူ၏ ရင်ခွင်တွင်းသို့ ရောက်သွားသည်။

မေရီ သတိရလာသောအခါ ကြယ်ဖြူက သူ့လက်မောင်းလေးများအား တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။

ထိုစဉ် မျက်ရည်ယိုဗုံး ပေါက်ကွဲသံများက ပေါ်လာသည်။ သေနတ်သံများကလည်း လိုက်လာသည်။

မေရီတို့အနီးတဝိုက်မှ ကျောင်းသားများကလည်း တွေ့ရာခဲတုတ်များကို ကောက်၍ ရဲသားများအား ပစ်ကြသည်။

အခြေအနေမှာ ချက်ခြင်းပင် ရှုပ်ထွေးသွား၍ ခဲများတုတ်များသည် မေရီတို့နား ကျလာသည်။ လေသင့်သဖြင့် ဓာတ်ငွေ့များမှာလည်း လွင့်လာသည်။

ကြောက်အားလန့်အားနှင့် မေရီသည် ကြယ်ဖြူ့လက်တွင်းမှရုန်းကာ ခြေဦးတည့်ရာ တက္ကသိုလ် စာကြည့်တိုက်ကြီးရှိရာသို့ ထွက်ပြေးခဲ့သည်။ ကြယ်ဖြူကလည်း နောက်မှ ထပ်ကြပ်မကွာ ပါလာသည်။

"အို..... မေရီ နေအုံးလေ၊ အရမ်းမပြေးနဲ့...."

အခိပတိလမ်းဘေးအရောက်တွင် သူက မေရီ၏ လက်ကလေးအား လှမ်းဆွဲရင်း တားလိုက်သည်။

ပြေးနေသော မေရီမှာ တုံ့ကနဲ ရပ်သွားသည်။

ကြောက်လန့်နေသည့်ကြားမှ မေရီမှာ ဒေါလေးပွသွားကာ လက်အား ဆောင့်ရုန်းလိုက်သည်။ ရဲရဲနီသော မျက်နှာလေးဖြင့် သူ့အား ဦးခေါင်းလေးမော့ကာ ရင်ဆိုင်ကြည့်လိုက်သည်။

"ရှင်နေရစ်ပါ၊ ကျမလမ်း ကျမသွားမယ်...." ကြယ်ဖြူ၏ မျက်နှာမှာလည်း ရှက်သွေးကြောင့် ရဲသွားသည်။ ဘာမျှပြန်မပြော။ မေရီ့အား ခေတ္တတွေတွေ ပြန်ကြည့်နေပြီးနောက် ချာကနဲ လှည့်လျက် ထွက်ခွာသွားသည်။

တယောက်ထဲကျန်ရစ်သော မေရီသည် ပတ်ဝန်းကျင်အား လှည့်ကြည့်မိရာမှ တုန်လှုပ်ထိတ်လန့်သွားသည်။

ကျောင်းကြီးဘက်မှ ပြုံကျလာသော ရဲသားအုပ်ကြီးအား တွေ့ရသည်။ ခြောက်လုံးပူးသေနတ် ခါးတွင် တွဲလောင်းနှင့် ရဲအရာရှိတဦးမှာ ဘွဲ့နှင်းသဘင် အဆောက်အဦကြီးရှိရာသို့ အပြေးအလွှား သွား နေသည်။

ပေါက်ကွဲသံ၊ ဆူညံအော်ဟစ်သံများမှာလည်း မစဲသေး။

ထိုစဉ် ရဲဝိုင်ယာလက်ကားတစီးက စူးရှယ်ကျယ်လောင်စွာ အချက်ပေးမြည်ဟည်းလျက် အဓိပတိလမ်း အတိုင်း တောင်မှမြောက်သို့ အပြင်းမောင်းလာသည်။

စာကြည့်တိုက်အတွင်းမှ ကျောင်းသားတသိုက်မှာ ထွက်လာကြကာ လက်ဝဲလက်ျာလူစုခွဲ၍ နီးစပ်ရာ ခဲများအုတ်များကို ကောက်လျက် အဓိကရုဏ်း၏ ဗဟိုဖြစ်သော အင်းဝကျောင်းဆောင်ရှေ့ဆီအား လှမ်းပစ်နေကြပြန်သည်။

မေရီသည် စာကြည့်တိုက်ကြီးတွင်းသို့ ဝင်ပြေးရကောင်းမည်လော၊ ဂျပ်ဆင် အဆောက်အဦများဘက် ဆီသို့ ကူးပြေးရကောင်းမည်လောဟု ဝေခွဲမရဖြစ်နေ၏။

ထိုအခိုက်တွင် မေရီက မမြော်လင့်သောအသံကို ကြားလိုက်ရသည်။

"မေရီ...."

လှည့်ကြည့်လိုက်မိသော မေရီမှာ ရင်တွင်း၌ အံ့အားသင့်ခြင်းနှင့် ဝမ်းသာခြင်းတို့က ရုတ်ခြည်း ပေါ်လာ၏။

"ဆရာ...."

မိမိကိုယ်မိမိ ဘာလုပ်မိသည်မသိ၊ မေရီမှာ ဆန့်တန်းပေးလေသော သူ့လက်များအား မိမိ၏ လက်ကလေးများနှင့် ဆွဲယူပွေ့ကိုင်မိပြီး ဖြစ်နေသည်။

"လာ.... လာ..... မေရီ၊ ဆရာ့နောက် လိုက်ခဲ့..."

ပြောပြောဆိုဆိုပင် သူက မေရီ့အား လက်မောင်းလေးမှ ဆုပ်ကိုင်ဆွဲလျက် အဓိပတိလမ်းကို ဖြတ်ကျော်၍ ခပ်သွက်သွက်လေး ခေါ်ယူခဲ့သည်။

နှစ်ဦးသားမှာ သစ်ပင်ရိပ်အောက်ဆိုက်ထားသော သူ၏ ကားနက်ကလေးအနား ကျမှ ရပ်လိုက်သည်။

"မေရီ... သိပ်လန့်နေလား..."

သူက အားပေးသော အပြုံးကို ပြုံးရင်းမေးသည်။

မေရီက သက်ပြင်းကလေးရှူလိုက်ရင်း ပြန်ပြုံးပြသည်။ ထိတ်လန့်ခဲ့သည်ကတကြောင်း၊ ပြေးလွှားခဲ့ရ၍ မောပန်းနေသည်က တကြောင်းကြောင့် မေရီ၏ရင်လေးမှာ တဒိတ်ဒိတ်ခုန်နေ၍ စကားကို ချက်ခြင်း ပြော၍မရ။

ထိုအခိုက်တွင်ပင် မေရီက ခြေထောက်ဆီမှ တစစ်စစ် နာကျင်လာသည်ကို သတိထားမိ၍ ငုံ့ကြည့်မိသည်။

"အို...."

မေရီ အလန့်တကြားအော်လိုက်သဖြင့် သူကပါ အံ့အားသင့်၍ မေရီကြည့်ရာဆီသို့ ငုံ့ကြည့်လိုက်သည်။

"ဟင်.... သွေးတွေပါလား....."

မေရီ၏ လက်ျာခြေထောက်မှ ခြေချောင်း ဖြူဖြူလေးများမှာ နီရဲသောသွေးတို့ စွန်းပေနေသည်။

သူကမြေပြင်ဆီ ဒူးညွှတ်ထိုင်ချလိုက်၍ မေရီ၏ ခြေထောက်လေးအား သေချာစွာစူးစမ်းကြည့်နေ၏။

မေရီ့ခြေမှ ခြေသည်းလေးမှာ လန်နေ၍ အသားအနည်းငယ်ပဲ့နေကာ သွေးများတစိမ့်စိမ့် ထွက်နေသည်။

"မေရီ.... ဘာနဲ့ခိုက်မိခဲ့လဲ..."

မေရီက မျက်နှာလေးမသိမသာမဲ့၍ မျက်လုံးလေးပြူးရင်း ခေါင်းခါပြသည်။ ထူထူပူပူနှင့် ပြေးလွှားခဲ့စဉ် မည်သို့ထိခိုက်မိသည်ကို မသိ။

"လာ... မေရီ၊ ဒီတိုင်းထားလို့ မဖြစ်ဖူး၊ ဆရာ့ဌာနကို သွားရအောင်"

သူက ဦးအောင်ခေါ်ငင်သဖြင့် မေရီသည် ဘာမျှမပြောတော့ဘဲ နောက်မှလိုက်ခဲ့သည်။

သူက မေရီ့အား နှစ်ဦးစတင်တွေ့ခဲ့ကြသည့် ကြွက်ဖြူလှောင်အိမ်အနီးရှိ အခန်းထဲသို့ ခေါ်ဆောင်ခဲ့၏။

အခန်းတွင်းသို့ ရောက်သောအခါ သူက မေရီ့အား ကြွေခွက်တင် လက်ဆေးရေတိုင်အနီးတွင် ကုလားထိုင်တလုံးနှင့် ထိုင်ခိုင်းထား၍ အတွင်းဘက် အခန်းတခုဆီလှမ်းကာ "မောင်သန်းတင်" ဟု ခေါ်လိုက်သည်။

"ခင်ဗျာ.... ဆရာ...."

ထူးသံကြားရပြီး အသက် ၁၈–နှစ်အရွယ် ရွှေသွားဝင်းဝင်းနှင့် ပိန်ပိန်ပါးပါး ခတ်ခွဲခန်းလက်ထောက် လူငယ်တဦးက ပေါ်လာသည်။

"ရေနွေးမရဘူးလား.... မောင်သန်းတင်..."

"ရပါတယ်၊ ကော်ဖီသောက်မလို့လား၊ ဖျော်လိုက်မယ်လေဆရာ"

မောင်သန်းတင်၏စကားကြောင့် မေရီမှာ အနာနာသည့်ကြားမှ ပြုံးလိုက်မိသေးသည်။

"ကော်ဖီသောက်မလို့ မဟုတ်ပါဘူးကွယ်။ ဟောဒီမှာ ကျောင်းသူတယောက် ခြေထောက် ခိုက်မိသွားလို့ ဆေးရအောင်ပါ...."

မောင်သန်းတင်ကလည်း သူ့ဖါသာတချက်သဘောကျ၍ ပြုံးမိရင်း "ကောင်းပါဘီဆရာ၊ ကျွန်တော် အပေါ်ထပ်မှာ သွားယူလိုက်မယ်" ဟုဆို၍ ထွက်ခွာပျောက်သွားသည်။

ကိုမြင့်သူက မေရီ့ဘက်လှည့်၍ အသာပြုံးရင်း မေးသည်။

"နာနေသလားမေရီ..."

မေရီက ပြုံးမဲ့မဲ့နှင့် "သိပ်မနာသေးဘူးဆရာ" ဟုဖြေသည်။

အပြင်ဘက်ဆီမှ ဆူညံသံများမှာ အခန်းတွင်းသို့ သဲ့သဲ့ဝင်လာနေသည်။

"ပစ်ကြ ခတ်ကြတုန်းဘဲထင်တယ်၊ နော်–ဆရာ...."

ကိုမြင့်သူက ခေါင်းတချက် စိတ်ပျက်သည့်ဟန်နှင့် ယမ်းလိုက်သည်။

"လူကြီးလူမိုက်တွေနဲ့ လူလေးလူမိုက်ကလေးတွေ အမိုက်ပြိုင်နေကြတာပေါ့...."

ထိုစဉ် မောင်သန်းတင်က ပေါ်လာသည်။ သူက လက်တဖက်တွင် ရေနွေးခွက်ကို ကိုင်ထား၍ အခြားတဘက်တွင် ပုလင်းနှစ်လုံးကို ကိုင်ထားပြီး ချိုင်းကြားတွင်မူ ဂွမ်းလိပ်တလိပ်ကို ညှပ်ထားသည်။

"မင့်လက်ထဲက ဘာတွေလဲ၊ စုံလှချည်လား...."

"စပစ်ရစ်နဲ့ ဘောဒစ်အက်ဆစ်ပေါင်ဒါပါ ဆရာ...."

"ဟေ....၊ တယ်ဟုတ်ပါလား...၊ မင်း ဒါတွေဘယ်ကရလဲ...."

"ဝယ်ထားတာပါဆရာ။ ကြွက်တွေ အချင်းချင်းကိုက်ပြီး အနာတွေဖြစ်တာနဲ့ ထဲ့ပေးနေရတယ်....."

ကိုမြင့်သူက ရေနွေးခွက်ကိုယူကာ ရေတိုင်မှရေအေးနှင့် နွေးရုံ ရောစပ်နေသည်။ မောင်သန်းတင်က လက်တွင်းမှ ပစ္စည်းများကို ချလျက် ကြွက်လှောင်အိမ်အောက်မှ အညစ်အကြေးခံ သွပ်ပြားခွက်တခုကို ယူလာခဲ့၏။

"ကဲ....မေရီ...၊ အနာဆေးရအောင်...."

မောင်သန်းတင်က သွပ်ပြားခွက်အား မေရီ၏ ခြေထောက်အောက်ထိုးပေးခိုက် ကိုမြင့်သူက မေရီ အနားတွင် ဒူးထောက်ထိုင်ရင်း ပြောသည်။

"အို.... အို.... နေပါစေ....၊ မေရီ ငရဲကြီးနေပါ့မယ်။ မေရီဖို့သာမေရီ ဆေးပါ့မယ်ဆရာရယ်...."

မေရီက ပျာပျာသလဲ တားသည်။

"နေစမ်းမေရီ....၊ ဆရာလုပ်တာ ကြည့်နေစမ်း"

သူက တည်ကြည်စွာ ဟန့်တားလိုက်ပြန်သဖြင့် မေရီမှာ ဘာမျှထပ်မပြောရဲဘဲ ငြိမ်နေလိုက်ရသည်။

သူက လက်တဖက်ဖြင့် မေရီ၏ဖြူဝင်းနုနယ်သော ခြေဖဝါးလေးအား အသာထိန်းကိုင်၍ အခြားလက်တဖက်ဖြင့် ရေနွေးဆွတ်ထားသော ဂွမ်းစနှင့် ယုယညင်သာစွာ ဆေးပေးသည်။

"စပ်သလား မေရီ..."

မေရီက ပြုံးမဲ့မဲ့နှင့်ပင် ခေါင်းလေးခါပြသည်။

မေရီမှာ မိမိ၏ နှလုံးသည်းစိုင်မှာ လည်ဝတွင် ရောက်နေသည်ထင်သည်။ ရင်လေးမှာ လှပ်လှပ် တုန်ရင်း ထူးဆန်းသော ကြည်နူးသာယာမှုနှင့် ကြေကွဲဝမ်းနည်းခြင်း ဝေဒနာနှစ်ရပ်ကို ခံစားနေရသည်။

သူ့အား ငေးငေးလေး စိုက်ကြည့်နေမိသော မေရီ၏ မျက်လုံးအစုံမှာ ရုတ်တရက် မော့်ကြည့်လိုက်သော သူ့မျက်လုံးများနှင့် ဆုံနေသည်။

"ဘာကြည့်နေတာလဲမေရီ... နာလို့လား...."

"အို.... မဟုတ်ပါဘူး၊ ဆရာက မဝတ်စဖူး ဗိုလ်လိုဝတ်ထားလို့ပါ"

ကိုမြင့်သူက နိုင်လွန်ရှပ်ဖြူလက်ရှည်၊ မီးခိုးရောင် သက္ကလတ်ဘောင်းဘီရှည်နှင့် ဖြစ်သည်။ လည်ပင်းတွင် အနီရင့်ခံတွင် အဝါစင်းထားသော လည်စည်းကို တပ်ထားသည်။

"ဆရာ့အရပ်အမောင်းနဲ့ ဆူ့(တ်)ဝတ်ထားတာက ပိုကြည့်ကောင်းတယ်၊ အမြဲဝတ်ပါလားဆရာ...."

ကိုမြင့်သူက မောင်သန်းတင် လှမ်းပေးသော အရက်ပြန်ပုလင်းကို ယူဖွင့်၍ ဂွမ်းစနှင့် အရက်ပြန်အနည်းငယ်ကို ယူဆွတ်ရင်းမှ ပြုံးလိုက်သည်။

"ဆရာက ဗမာပီပီဝတ်ရတာ ပိုနှစ်သက်တယ်။ ဒါပေမယ့် တခါတလေ ခါတ်ခွဲခန်းထဲ လုပ်စရာရှိရင် ပုဆိုးနဲ့တိုက်ပုံက သိပ်ကိုးယိုးကားယားနိုင်တယ်။ စပစ်ရစ်ထဲ့မယ်နော်... နဲနဲတော့ စပ်လိမ့်မယ် အောင့်ထား..."

"အား.... တော်ဘီဆရာ... တော်ဘီ၊ သိပ်စပ်တယ်"

မေရီက မျက်ရည်လေးများပင် ဝိုင်းလာသည်။ လက်ကလေးတဖက်နှင့် ခြေထောက်ရင်းကို ဖိနှိပ်ထားမိ၍ ကိုယ်လေးမှာလည်း ရှေ့သို့ညွတ်ကာ လက်တဖက်မှာ အမှတ်မထင် သူ့ပခုံးပေါ်၌ အားပြုထောက်ထားမိ၏။

မျက်နှာချင်းမှာ ပူးကပ်လု နီးစပ်သွား၍ မေရီထံမှ ပေါင်ဒါနံ့နှင့် ကိုယ်သင်းနံ့ လေးများမှာ ကိုမြင့်သူ၏ နှာဝ၌ ကြိုင်ပျံ့နေ၏။

နှစ်ဦးသား စကားဆက်မဆိုမိဘဲ အတန်ကြာ ငြိမ်သက်နေမိကြသည်။

မကြာမီပင် မေရီအနာမှာ ဘောဒစ်အက်ဆစ်သိပ်၍ ပတ်တီးစည်းပြီး ဖြစ်သွားသည်။

ကိုမြင့်သူက အပြင်သို့ထွက်ကာ ဟိုဟိုသည်သည် မျှော်ကြည့်လိုက်သည်။ ပစ်သံခတ်သံ ဆူညံသံများမှာ တိတ်ဆိတ်နေပေပြီ။

သူက အတွင်းသို့ ပြန်ဝင်လာ၍ "ကဲ... အားလုံးပြီးသွားကြပြီထင်တယ်။ ဘယ်သူတွေ ဘယ်လောက် ထိခိုက်ကုန်လဲမသိဘူး။ မေရီရော ဟောလ်ကိုပြန်မလား" ဟု မေးသည်။

"မေရီအခု ဟောလ်မှာမဟုတ်တော့ဘူး။ မေရီ့အန်ကယ်လ်အိမ်မှာ ပြောင်းနေတယ်။ ဝင်ဒါမီယာ ကုတ်(တ်)ထဲမှာ...."

"ဩော်–ဒါဖြင့် မေရီဘယ်သူနဲ့လာလဲ..."

"မေရီ့ကာဇင်နဲ့ပါ၊ အိမ်ကကားနဲ့ လာတာ။ အခု သူတို့လဲ ဘယ်ရောက်နေပြီလဲ မပြောတတ်ဖူး..."

"နေပါစေလေ...၊ ဆရာ လိုက်ပို့ပေးပါမယ်။ ဆရာ့အိမ် ခဏလိုက်ခဲ့ပါအုံးလား မေရီ..."

မေရီမျက်နှာလေးမှာ တွေတွေလေးနှင့် ငိုင်ကျသွားသည်။ အခိုက်အတန့်၌ ဖြစ်ပျက်သမျှကို မေ့ပျောက်၍ ကြည်နူးသာယာခဲ့သည်တို့မှာလည်း လွင့်ပြေးကုန်သည်။ တနေ့ဆီ၌ ပြောခဲ့သော ဒေါ်စောရီ၏ စကားများကိုလည်း ပြန်ကြားယောင်လာသည်။

"မေရီ.... ဘာတွေတွေးနေလဲ၊ ဆရာပြောတာ ကြားရဲ့လား"

သည်တော့မှ မေရီမှာ တုန်လှုပ်သွားသည်။ ငြင်းလည်းငြင်းချင်၏။ ငြင်းလည်းမငြင်းချင်။ မငြင်းရက်။

"အို.... အို....၊ မေရီဘာမှမတွေးပါဘူး။ မေရီ့အနာက နဲနဲကိုက်နေလို့ပါ"

မေရီက ဖွတ်ဟန်ဆောင်ပြုံးရင်း ဖြေသည်။

“သြော်– မောင်သန်းတင်ရေ၊ ကျေးဇူးပါဘဲကွယ်။ ဆရာတို့သွားမယ်”

“ဟုတ်.... ဟုတ်ကဲ့ဆရာ”

“သွားအုံးမယ်နော် ကျေးဇူးတင်ပါတယ်ရှင်...”

သူတို့ ၂–ဦးက မောင်သန်းတင်အား နှုတ်ဆက်၍ ကားနက်ကလေးရှိရာသို့ ထွက်ခဲ့ကြသည်။

အဓိပတိလမ်းတလျှောက် ကားလေးနှင့် မောင်းထွက်လာခဲ့ကြစဉ် နှစ်ဦးသားမှာ အတွေးကိုယ်စီနှင့် ငြိမ်လာမိကြသည်။

စောစောက ဆူညံနေသော ပတ်ဝန်းကျင်မှာ တိတ်ဆိတ်နေ၏။ လူရိပ်လူရောင်ကင်းကာ ဆိတ်သုဉ်း ခြောက်ကပ်နေသည်။ အင်းဝကျောင်းဆောင်ရှေ့ဆီ၌မူ မီးခိုးရိပ်ငွေ့ငွေ့ မှိုင်းဆင်နေဆဲဖြစ်၍ ယမ်းနံ့ နှင့် မျက်ရည်ယိုဗုံးနံ့များ မပျောက်သေး။

“မေရီ.... ဆရာတို့အိမ် ဘာပြုလို့မပေါ်လာတာလဲ..”

ကိုမြင့်သူက ရုတ်တရက်မေးလိုက်သဖြင့် ရှေ့သို့ငေးရင်း ငိုင်ငိုင်လေးလိုက်ပါလာသူ မေရီမှာ ရုတ်တရက်မဖြေနိုင်ဘဲ သူ့အားသာ ရီဝေသောမျက်လုံးအစုံဖြင့် မော့ကြည့်လိုက်မိသည်။ အတန်ကြာမှ “မေရီ မအားလို့ပါ” ဟု တိုးတိုးဖြေသည်။

သူက မေရီ့အား အကဲခတ်သည့်ဟန် အသာလှည့်ကြည့်သည်။ ပန်းနုရောင်ဖျော့ဖျော့ အင်္ကျီလေးနှင့် ဖြစ်သဖြင့် မေရီမှာ နှင်းဆီပွင့်လေးပမာ ထင်ရှားဘွယ်ဖြစ်နေသည်။

သို့ရာတွင် လန်းဆန်းသော နှင်းဆီလွှာမူ မဟုတ်။

မေရီ့မျက်နှာကလေးမှာ အနည်းငယ်ချောင်နေကာ အသွင်မှာလည်း နွမ်းနေသည်။ သေသပ်စွာ သုံးသပ်ပြင်ဆင်ထားဟန်မတူသော ဆံနွယ်များမှာ လေဟုန့်သဖြင့် သနပ်ခါးစင်သည့်နဖူးပြင်ပေါ် ဝဲ၍ဝဲ၍ ကျနေ၏။

တက္ကသိုလ်ရိပ်သာလမ်းသို့ ရောက်လာသဖြင့် ကားအား လက်ဝဲဘက်သို့ချိုးရင်း မေရီအား မေးခွန်း တခု ထပ်ပြုတော့မည်လုပ်သော ကိုမြင့်သူမှာ ရှေ့မလှမ်းမကမ်းတွင် မြင်လိုက်ရသည့် သဏ္ဍာန် တခုကြောင့် အာရုံပြောင်းသွားသည်။

သထုံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်း ဆုံရာထောင့်တွင် မောင်သက်တင်က ရပ်နေ၏။ သူက လက်တွင်း၌ တုတ်တချောင်းကို ဆွဲကိုင်ထားလျက် လည်ပင်းတွင် ချည်ဆွဲထားသော လက်ကိုင်ပုဝါ တထည်မှာ ရင်ပတ်ပေါ်သို့ တွဲလောင်းကျနေ၏။ အင်္ကျီမှာ ရေစိုနေလျက် ဖုံများပေကျန်၍ ညစ်ပတ် နေသည်။ ပုဆိုးကို ဒူးဆစ်နားထိအောင် တိုတိုဝတ်ထား၍ ခြေထောက်၌ ဘိနပ်မရှိ။ ဆံပင်များမှာ ပွယောင်းနေကာ မျက်နှာထားမှာ မှိုင်းမှုန်တင်းမာနေ၏။

မောင်သက်တင်မှာ ဒေါသမပြေသေး။ အခြားကျောင်းသားအသီးသီး ဆိုင်ရာသို့ ပြန်သွားကြပြီ ဖြစ်သော်လည်း သူကမူ တုတ်တချောင်းနှင့် ဤနေရာ၌ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း ကျန်နေ ရစ်သည်။ မြင်သမျှလူကို စိတ်တိုနေ၍ မထင်သည့်လူတွေ့လျှင် ရန်ဖြစ်ချင်နေသည်။ သူအစဉ် မကျေနပ်ခဲ့သော လောကကြီးမှာ ယနေ့ပို၍ မကျေနပ်ဖွယ်ဖြစ်နေသည်။

ကိုမြင့်သူက သူ့အနီးကပ်၍ ကားကိုထိုးရပ်လိုက်သောအခါ သူက တုန်လှုပ်သွားသည်။

“အာ... ဆရာ....”

သူက အံ့အားသင့်ဟန်နှင့် နှုတ်ဆက်လိုက်သည်။ ကိုမြင့်သူကမူ မိမိဘာလုပ်ရမည်ကို ဆုံးဖြတ်ပြီး ဖြစ်သည်။

“မောင်သက်တင် ကားပေါ်တက်စမ်း၊ ဆရာနဲ့လိုက်ခဲ့...”

သူက မေရီအားတလှည့်၊ ကိုမြင့်သူအားတလှည့် အူကြောင်ကြောင်နှင့် မရယ်မပြုံး ကြည့်နေသည်။

“မောင်သက်တင် ဆရာပြောနေတာ ကြားလား...”

သူက သည်တော့မှ လှုပ်ရှားလာသည်။

သွားနှင့်ပါဆရာ....၊ ပြီးတော့မှ ကျွန်တော်လာခဲ့ပါမယ်...”

ကိုမြင့်သူက ကားတံခါးကိုဖွင့်၍ ဆင်းလိုက်ပြီး သူ့လက်တွင်းမှတုတ်အား ဆွဲယူလျှက် လွှင့်ပစ်လိုက် သည်။

“မောင်သက်တင်၊ ဆရာပြောနေတယ်၊ ကားပေါ်တက်စမ်း....”

မောင်သက်တင်က မျက်မှောင်ကြုတ်၍ သူ့အား မော့်ကြည့်သည်။ သို့ရာတွင် ငြိမ်သက်တည်ကြည်စွာ စူးစိုက်၍ သူ့အားကြည့်နေသော ကိုမြင့်သူ၏ မျက်လုံးများကို ကြာရှည်ရင်မဆိုင်ရဲ။ ခေတ္တ တွန့်ဆုတ် တွန့်ဆုတ် ဖြစ်နေပြီးနောက် ဘာမျှပြန်မပြောဘဲ ကား၏နောက်ခန်းတံခါးကို ဖွင့်လျက် တက်ထိုင်သည်။

မေရီက ကားရှေ့ခန်း ကိုမြင့်သူ၏ဘေးတွင် ထိုင်နေရာမှ နောက်သို့လှည့်၍ မောင်သက်တင်အား အပြုံးနှင့် နှုတ်ဆက်သည်။ မောင်သက်တင်က ငိုင်နေရာမှ ပြန်ပြုံးပြသည်။ ခဏမှာပင် ပြန်ငိုင်သွားပြန်၏။

မကြာမီ ကားကလေးမှာ ကိုမြင့်သူ၏အိမ်ရှေ့တွင် ထိုးရပ်မိသည်။

ကိုမြင့်သူက ဧည့်ခန်းသို့ လူငယ်နှစ်ဦးအား ရှေ့ဆောင်ခေါ်ငင်ခဲ့သည်။

အသီးသီး နေရာထိုင်ယူပြီးသည်အထိ ရုတ်တရက် စကားမစမိကြ။ ကိုမြင့်သူက သူထိုင်နေကျ ကုလားထိုင်အပုလေးတွင် ခေါင်းကို နောက်မှီပေါ်လှန်တင်ထားရင်း သက်ပြင်းတချက်အား မျက်နှာကြက်ဆီသို့ မှုတ်ထုတ်လိုက်၏။ မောင်သက်တင်ကမူ မျက်မှောင်ကြုတ်ရင်း ကြမ်းခင်းကော်ဇောပေါ်မှ ပန်းပွင့်များအား စူးစူးစိုက်စိုက် ကြည့်နေသည်။ မေရီကမူ စန္ဒယားကြီးအား ငေးမောကြည့်ရင်း ငိုင်ငိုင်လေး အတွေးလွန်နေမိ၏။ စတင်စကားပြောသူမှာ ကိုမြင့်သူပင်ဖြစ်၏။

"မောင်သက်တင်၊ ဘာတွေတွေးနေသလဲ...."

သူက အသာပြုံးရင်း မောင်သက်တင်အား လှည့်ကြည့်မေးလိုက်သည်။

မောင်သက်တင်က မရယ်မပြုံးနှင့် သူ့အား တချက်ပြန်ကြည့်လိုက်ပြီး ဖြေသည်။

"ဖက်ဆစ်နှိပ်ကွပ်မှုကြီး တက္ကသိုလ်နယ်ထဲဝင်လာတာကို တွေးနေတာဆရာ..."

မေရီက မောင်သက်တင်အား လှမ်းကြည့်လိုက်သည်။ ကိုမြင့်သူမှာလည်း မျက်လုံးပြူးသွား၏။

"ဒီအစိုးရဟာ ပြည်သူလူထုကို ဖိနှိပ်ခဲ့တယ်။ အခု သူတို့ရဲ့ ဖိနှိပ်မှုမြားဦးဟာ ကျောင်းသားတွေဘက် လှဲ့လာဘီ။ ဒီမိုကရေစီနိုင်ငံတိုင်းမှာ သပိတ်မှောက်နိုင်ခွင့်ရှိတယ်။ နယ်ချဲ့အင်္ဂလိပ်တောင် သပိတ်မှောက်ကျောင်းသားတွေကို ဒီလောက် မရက်စက်ခဲ့ဘူး..."

မောင်သက်တင်၏အသံမှာ ပြောရင်း မာလာသည်။ နံနက်ကထဲက အုံကြွပေါက်ကွဲခဲ့သော ဒေါသ အရှိန်မှာ မပြေသေး။ သူက သူ့စိတ်တွင်ရှိသမျှကို ဖွင့်ဟအန်ချချင်နေသည်။ တတ်နိုင်လျှင် မော်တော်ကားခေါင်မိုးပေါ် တက်လျက်၊ တမြို့လုံးအား တိုင်တည်လိုက်ချင်သည်။

"အခု လက်နက်ကိုင် ရဲသားတွေနဲ့ မောင်သက်တင်တို့ကို အရေးယူတာ သပိတ်မှောက်လိုလို့ မောင်သက်တင်က ယူဆသလား..."

ကိုမြင့်သူက တည်ငြိမ်စွာမေးလိုက်သဖြင့် မောင်သက်တင်မှာ အံ့သြသွားသည်။

"ခင်ဗျာ...."

"ဆရာ့အမြင်ကတော့ အခုလို အစိုးရဝင်စွက်ရတာဟာ သပိတ်မှောက်လို့မဟုတ်ဖူး။ ဥပဒေကို ထိန်းသိမ်းဘို့သာ ဖြစ်တယ်ထင်တယ်"

"ကျွန်တော်တို့က ဘယ်လိုများ ဥပဒေတွေကို ချိုးဖေါက်နေလို့လဲ ဆရာ..."

ဆရာထင်တဲ့အတိုင်းပါဘဲ၊ မောင်သက်တင်တို့ဟာ မောင်သက်တင်တို့ ဘာလုပ်ခဲ့တယ်ဆိုတာ မသိဘူး။ ဒီနေ့အထိ ဖြစ်ခဲ့တာတွေကို ပြန်စဉ်းစားကြည့်စမ်း။ ဆူပူမှုတွေ၊ လှုံ့ဆော်မှုတွေ၊ ရန်စောင်မှု တွေ ချည်းဘဲ။ အဆိုးဆုံးကတော့ မဲပုံးရိုက်ခွဲပြီး ရွေးကောက်ပွဲကို ပျက်စေလိုက်တာဘဲ။ ဒီလောက် ဥပဒေမဲ့ အကြမ်းဖက်ချင်တိုင်း ဖက်နေတာကို တာဝန်ရှိတဲ့ ဘယ်အစိုးရမဆို လက်ပိုက်ကြည့်မနေ နိုင်ဘူး။ မောင်သက်တင်လဲ စဉ်းစားကြည့်လေ"

"မဲပုံးကို ခွဲရတာပေါ့ဆရာ။ သူတို့ဘက်က မဲခိုးတာကိုး"

"မဲခိုးတဲ့လူကို ဆရာ ခွင့်မလွှတ်ပါဘူး။ မဲခိုးတဲ့လူဟာလဲ ဒီမိုကရေစီကို လုပ်ကြံတဲ့လူဘဲ။ သူတို့က မဲခိုးရမလားဆိုပြီး ကိုယ်က မဲပုံးရိုက်ခွဲတာဟာလဲ ဒီမိုကရေစီကို ဖျက်ဆီးတာပါဘဲ။ သူသတ်ရင် ကိုယ်ပြန်သတ်မယ်၊ သူမိုက်ရင် ကိုယ်ပြန်မိုက်မယ်ဆိုတာဟာ ဥပဒေနိုင်ငံသားတို့ရဲ့ အပြုအမူ မဟုတ်ဖူး။ တောတွင်းလူရိုင်းတွေရဲ့ စရိုက်သာ ဖြစ်တယ်"

"ဆရာ ကျွန်တော်တို့ကို အပြစ်တင်နေသလား"

"ကျွန်တော်တို့ကိုဆိုတာ မောင်သက်တင် ဘယ်သူတွေကို ဆိုလိုသလဲ။ ဟုတ်တယ်၊ ဆရာ အပြစ်တင် နေတယ်၊ အပြစ်တင်ရုံမကဘူး ရှုတ်ချနေတာ။ ဒါပေမယ့် ကျောင်းသားတွေကိုမဟုတ်ဖူး၊ ကျောင်းသား အရေခြုံထားတဲ့ မင်းတို့အဖွဲ့ကရော၊ မင်းတို့အဖွဲ့ရဲ့ အတိုက်အခံကရော နိုင်ငံရေးသမားတွေကိုပါ။

အပြုသဘော လုံးဝနားမလည်တဲ့ ဖျက်ဖို့သာနားလယ်တဲ့ ပင်ဒိုရာဘောက်(စ်) နိုင်ငံရေးသမား လေးတွေကို ရှုတ်ချနေတာ”

မောင်သက်တင်၏ မျက်နှာလေးမှာ ပျက်သွားသည်။

“ပင်ဒိုရာဘောက်(စ်) ဆိုတာကော မောင်သက်တင်ကြားဘူးလား။ မကြားဘူးရင် ဆရာပြောပြမယ်။ ဒါ..... ခေါမပုံပြင်ကလာတဲ့ စကားတခုဘဲ။ တခါက ဘုရားမေ့ တရားမေ့နဲ့ စည်းစိမ်ယစ်မူး အပျော်ကြူးပြီး မတရားမှုတွေပြုနေတဲ့ ဘုရင်တပါးကိုဆုံးမဘို့ ဂျူပီတာဆိုတဲ့ နတ်ဘုရင်ကြီးက ပင်ဒိုရာဆိုတဲ့ မိန်းမတဦးကို သေတ္တာလေးတလုံး အဲဒီဘုရင်မိုက်ကို ဆက်ခိုင်းလိုက်တယ်။ ဘုရင်ဟာ အဲဒီသေတ္တာလေးကို ဖွင့်လဲဖွင့်လိုက်ရော သေတ္တာထဲကနေ အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတဲ့ မကောင်းတဲ့ အမင်္ဂလာသဘောတွေဟာ တကမ္ဘာလုံး ပြန့်နှံ့သွားရသတဲ့။ ဒီနေ့ တက္ကသိုလ်မှာရှိတဲ့ နိုင်ငံရေးဟာ ပင်ဒိုရာဘောက်စ် နိုင်ငံရေးဘဲ။ ဒီနိုင်ငံရေးဝင်လာကထဲက အေးချမ်းသာယာတဲ့ တက္ကသိုလ် နယ်မြေဟာ ဆူပူမှုတွေ၊ ရိုင်းစိုင်းမှုတွေ၊ အကြမ်းဖက်မှုတွေ စည်းကမ်းမဲ့မှုတွေရဲ့ လွှမ်းမိုးခြင်းကို ခံရတာဘဲ”

မေရီမှာ မောင်သက်တင်အားတလှည့် ကိုမြင့်သူအားတလှည့် မျက်လုံးလေး အကြောင်သားနှင့် ကြည့်နေမိသည်။ တယောထိုးစဉ် ပျော့ပျောင်းသမျှ ယခုမှ ခက်ထန်နေသော မောင်သက်တင်ကိုင်း၊ အခါတိုင်း၌ စကားကို အေးအေးနှင့်ပြော့ပြော့ ပြောလေ့ရှိရာမှ ယခုမှ ပြတ်ပြတ်သားသားနှင့် အားမနာတမ်းပြောနေသော ကိုမြင့်သူကိုင်း မေရီမှာ အထူးပင်အံ့သြနေမိ၏။

“ဒီမှာမောင်သက်တင်၊ တက္ကသိုလ်ပညာရေးရဲ့ ရယ်ရွယ်ချက်ဟာ ကျောင်းသားတွေကို စာသင်ပေးဘို့၊ အသက်မွေးဝမ်းကျောင်း ပညာပေးဘို့တင်မကဘူး။ ကျောင်းသားတွေကို ဒီမိုကရေစီအခွင့်အရေးနဲ့ ဒီမိုကရေစီစည်းကမ်းတွေကို မျှမျှတတ ခံစားတတ်ကြဘို့၊ လိုက်နာတတ်ကြဘို့ လက်တွေ့သွန်သင်ပေးရေးလဲ ပါတယ်၊ ဒီမိုကရေစီကို အောင်မြင်စွာ ကျင့်သုံးနိုင်ဘို့က သည်းခံမှု နားလည်မှု ခွင့်လွှတ်မှုဆိုတဲ့ အကျင့်သဘောတွေကို မွေးမြူလက်ခံနိုင်ရမယ်”

မောင်သက်တင်က ယဲ့ယဲ့ပြုံးလိုက်သည်။

“ဆရာပြောနေတဲ့ ဒီမိုကရေစီက စိတ်ကူးယဉ် ဒီမိုကရေစီဘဲ၊ လက်တွေ့မှာက ဓနရှင်တွေ စိတ်ကြိုက်ချယ်လှယ်နေတဲ့ ဒီမိုကရေစီသာရှိတယ်။ ကျွန်တော်က ဒီ ဒီမိုကရေစီမျိုးကို မယုံဘူး”

“ဘယ်ဒီမိုကရေစီမျိုးကို ယုံလဲ”

“ပြည်သူ့ ဒီမိုကရေစီ”

"ပြည်သူ့ဒီမိုကရေစီဆိုတာ ဘာလဲ"

မောင်သက်တင်မှာ တွေသွားသည်။ ရုတ်တရက် အဖြေမပေးနိုင်ဘဲ ငိုင်နေ၏။ ကိုမြင့်သူက မောင်သက်တင်အား စူးစိုက်ကြည့်ရင်းမှ မောင်သက်တင်၏ အခက်အခဲကို ရိပ်မိသည်။ ထို့ကြောင့်ပင် စကားကို ဆက်ပြောရာ၌ သူ့အသံမှာ အပြန်အလှန် ဝေဖန်ဆွေးနွေးသော ဝတ်လုံတော်ရ၏ လေသံထက် သွန်သင်ဆုံးမသော ဆရာသမား၏ လေသံနှင့် တူညီလာကာ ပြေ့ပြောင်းနေ၏။

"မောင်သက်တင်အစား ဆရာကဘဲ အဖြေပေးပါ့မယ်။ ကွန်မြူနစ်တွေတွေးခေါ်ပုံက အရင်းရှင်တွေဟာ စီးပွားရေးအာဏာကို ချုပ်ကိုင်ထားတယ်။ ဒီလို စီးပွားရေးအာဏာကို ချုပ်ကိုင်နိုင်တဲ့ အရင်းရှင်တွေဟာ အစိုးရနဲ့ နိုင်ငံတော်ကိုလဲ ထင်သလို ချယ်လှယ်နိုင်ကြတယ်။ ပြီးတော့ သူတို့ဟာ သတင်းစာ၊ ရေဒီယိုနဲ့တကွ အခြား ဝါဒဖြန့်ချီရေးလက်နက်တွေကိုလဲ လက်ထဲဆုပ်ထားနိုင်တာမို့ ရွေးကောက်ပွဲတွေမှာ အနိုင်ရဘို့ ပြည်သူလူထုကို မိမိတို့အလိုကျ မှိုင်းတိုက်အငိုက်ဖမ်းနိုင်တယ်။ ဒီလို အထက်စီးရထားတာမို့ အစိုးရအာဏာနဲ့ နိုင်ငံတော်အာဏာကို အရင်းရှင်တွေ အပိုင်စီးနိုင်တယ်၊ ပါလီမန်ဒီမိုကရေစီ အုပ်ချုပ်ရေးလို့ အမည်ပေးထားပေမယ့် အရင်းရှင်နိုင်ငံတွေကို စတော့အိတ်စ်ချိန်းနဲ့ ဘဏ်တိုက်ကြီးတွေက လက်တွေ့ အုပ်ချုပ်နေတယ်။ ဒါကြောင့်မို့ ပါလီမန်ဒီမိုကရေစီဟာ အရင်းရှင်ဘူဇွာတွေရဲ့ အတုအယောင် ဒီမိုကရေစီမျှသာဖြစ်တယ်။ ဟုတ်တယ်မဟုတ်လား...."

မောင်သက်တင်သည် အံ့ဩသယောင်နှင့် ကိုမြင့်သူအား မော်ကြည့်လိုက်ပြီး ခေါင်းညိတ်သည်။

"တနည်းအားဖြင့် မာ့က်စ်ဝါဒီတွေဟာ နိုင်ငံရေးအဖွဲ့အစည်းမှန်သမျှဟာ စီးပွားရေးရာ လူတန်းစား အသီးသီးကို ကိုယ်စားပြုထားတယ်လို့ ယုံကြည်တယ်။ တခါ စီးပွားရေးရာ လူတန်းစားဟာ နှစ်မျိုးဘဲ ရှိတာမို့ နိုင်ငံရေးအဖွဲ့အစည်းဟာလဲ နှစ်မျိုးဘဲရှိရမယ်လို့ တွက်ကြပြန်တယ်။ ကွန်မြူနစ်ပါတီက ပစ္စည်းမဲ့လူတန်းစားကို ကိုယ်စားပြုတယ်။ ကျန်ပါတီမှန်သမျှဟာ အရင်းရှင်ဘူဇွာတွေရဲ့ လက်ကိုင်တုတ် မျှသာဖြစ်တယ်။ ဒါကြောင့်မို့ တော်လှန်ရေးနည်းနဲ့ အာဏာသိမ်းပြီး ကွန်မြူနစ်ပါတီဟာ တခြားပါတီတွေကို ကျူပင်ခုတ် ကျူငုတ်မကျန်အောင် သုတ်သင်ပြီး တိုင်းပြည်ကို တပါတီစံနစ်နဲ့ အုပ်ချုပ်မယ်၊ အဲဒီလို ကွန်မြူနစ်တပါတီထဲ ကြီးစိုးအုပ်ချုပ်တဲ့ နိုင်ငံကိုမှ တကယ့် ပြည်သူ့ဒီမိုကရေစီ နိုင်ငံခေါ်တယ်၊ ဟုတ်တယ်မဟုတ်လား..."

မောင်သက်တင်မှာ ခေါင်းညိတ်လိုက်ရပြန်သည်။

"ဆရာ့အနေနဲ့ ကွန်မြူနစ်ဆိုတဲ့ လူတွေနဲ့ ကွန်မြူနစ်နောက်လိုက် ရောယောင်လေးတွေရဲ့ ခေါင်းထဲမှာ ဦးနှောက်မှ ရှိပါသေးရဲ့လားလို့ အံ့ဩမိတယ်။ ကမ္ဘာ့သမိုင်းမှာ တပါတီအုပ်ချုပ်မှုကို အာဏာရှင် စနစ်မို့လို့ အကြိမ်ကြိမ်တော်လှန်ပြီး အတိုက်အခံရှိတဲ့ ပါလီမာန်ဒီမိုကရေစီစံနစ်ကို သွေးတွေ အသက်တွေနဲ့ရင်းပြီး တည်ထောင်ခဲ့ကြရတယ်။ လူမှန်ရင် ဘုရားအလောင်း သူတော်ကောင်းတွေ

မဟုတ်လို့ လူတဦးထဲ တဖွဲ့ထဲလက်ထဲမှာ ဘယ်သူမှ အာဏာကို ပုံမအပ်ရဲဘူး။ ဒီအစဉ်အလာကို ပြောင်းပြန်ပြန်ပြီး တပါတီအုပ်ချုပ်ရေးကို ထောင်ချင်တာဟာ ရာဇဝင်ခရီးကို နောက်ပြန်ပြန်ရောက်တာနဲ့ အတူတူဘဲ…”

ဤအကြိမ်တွင်မူ မောင်သက်တင်မှာ ခေါင်းမညိတ်နိုင်၊ ငိုင်၍သာနေသည်။ ကိုမြင့်သူကသာ မေးခွန်းတခု ဆက်ထုတ်လိုက်သည်။

“ဒီမိုကရေစီဆိုတာ ဘာလဲ မောင်သက်တင်”

“ပြည်သူလူထုထံက ဆင်းသက်လာတဲ့ အာဏာအရ အုပ်ချုပ်တာပေါ့….”

“ဒါတွင်ဘဲလား….”

မောင်သက်တင်က တကြိမ် ကိုမြင့်သူအား မော့်ကြည့်လိုက်ပြန်သည်။ သူ့မျက်နှာလေးမှာ မတင်းမာတော့ဘဲ စိတ်အားပြေ့ညံ့သည့်သဏ္ဌာန် ပေါ်နေသည်။ မောင်သက်တင် မဖြေနိုင်မှန်းသိသဖြင့် ကိုမြင့်သူက ဆက်ရှင်းပြသည်။

“ဒီမိုကရေစီကို သုံးမျိုးသုံးစား ယူဆနိုင်တယ်။ ခုနက မောင်သက်တင်ဖြေခဲ့တာက နိုင်ငံရေးရာ ဒီမိုကရေစီဘဲ။ လူမှုရေးရာ ဒီမိုကရေစီလဲ ရှိသေးတယ်။ တရားမျှတမှု၊ လုံခြုံပြည့်ဝမှု၊ လူချင်းတူညီမှု စတဲ့သဘောတွေပေါ့။ တခါ ဒီမိုကရေစီ ဆိုတာကို လူတွေရဲ့ စိတ်နေသဘောထားအဖြစ်လဲ ပြဆိုသေးတယ်။ စိတ်ရှည်မှု၊ သည်းခံမှု၊ ခွင့်လွှတ်မှုသဘောတွေ အကျုံးဝင်တယ်။ လူများစုမို့ ထင်တာလုပ်မယ် ဆိုတာဟာလဲ ဒီမိုကရေစီမဟုတ်ဖူး၊ အကြမ်းဖက်တဲ့ လူနည်းစုဟာလဲ ဒီမိုကရေစီကို လုပ်ကြံသူတွေဘဲ။ မောင်သက်တင် မြန်မာပြည်ထောင်စုရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ဖတ်ဖူးလား…”

မောင်သက်တင်က မဖြေ။ သူသည် နိုင်ငံခြားမှတင်ပို့သော စာအုပ်စာတမ်းများကို ဖတ်ဖူးသော်လည်း နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအား တကြိမ်မျှ မလေ့လာဘူး။ ကိုမြင့်သူက မေးသောအခါမှ မိမိချွတ်ယွင်းချက်ကို ရိပ်မိကာ ရှက်စိတ်ဝင်မိ၍ ခေါင်းမဖော်ချေ။

“တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများကို အခြေပြုကာ လူသတ္တဝါခပ်သိမ်းတို့၏ ငြိမ်းချမ်းသာယာရေးကို ခိုင်မြဲတည်တံ့အောင် ထိန်းသိမ်းရန် သန္နိဋ္ဌာန်ချ၍၄င်း…. ဆိုတဲ့ စာပိုဒ်ဟာ ဆရာတို့ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ နိဒါန်းမှာ ပါတယ်။ အဲဒီဖေါ်ပြထားတဲ့ လောကပါလတရား၊ ဗြဟ္မစိုရ်တရားတွေဟာသာ ဒီမိုကရေစီ မြတ်ပန်းပင် ရှင်လန်းသန်စွမ်းနိုင်တဲ့ မြေကောင်းမြေသန့်ဖြစ်တယ်။ ဒေါသအာဃာတတရား ပြင်းထန်တဲ့ အကြမ်းဖက်

ကွန်မြူနစ်ဝါဒနဲ့ ဒီမိုကရေစီဟာ ပြဒါးတလမ်း သံတလမ်းဘဲ။ အီးအင်မ်ဖောစတား ဆိုတဲ့ ပညာရှင်ကြီးက ဒီမိုကရေစီဝါဒမှာ အဓိက မြတ်နိုးဘွယ်နှစ်ချက် ရှိတယ်လို့ ဆိုတယ်။ တချက်က ဒီမိုကရေစီဟာ ကွဲပြားခြားနားခြင်းကို ခွင့်ပြုသည်းခံတယ်။ နောက်တချက်က ဒီမိုကရေစီဟာ ဝေဖန်မှုကို အားပေးလက်ခံတယ်။ ဒီလိုသဘောရှိတဲ့ ဒီမိုကရေစီဟာ တပါတီစိုးမိုးမှုကိုသာ လက်ခံတဲ့ ကွန်မြူနစ်နိုင်ငံတွေမှာ ရှိတယ်လို့ ယုံနေသူဟာ သွက်သွက်ခါရူးနေတဲ့ လူရင်လဲဖြစ်ရမယ်၊ စဉ်းစားဉာဏ်မရှိတဲ့ ဦးနှောက်မဲ့သူသာ ဖြစ်ရမယ်။ ဘယ့်နှယ်လဲ"

"ဒါဖြင့် ဆရာက အရင်းရှင်နိုင်ငံတွေက ဒီမိုကရေစီကိုမှ အစစ်လို့ ဆိုလိုသလား"

ကိုမြင့်သူက အသာပြုံးရင်း ခေါင်းခါလိုက်သည်။

"အရင်းရှင် စီးပွားရေးဝါဒဟာ ခေတ်ကုန်နေသလို အရင်းရှင်နိုင်ငံတွေက ဒီမိုကရေစီတွေဟာလဲ မပြည့်စုံတော့ဘူး။ ကမ္ဘာ့သမိုင်းကို လေ့လာဘူးရင် အခု ဆရာပြောမယ့် စကားတွေကို မောင်သက်တင် ပိုနားလယ်လိမ့်မယ်။ ရောမမြို့တော်ဟာ တနေ့ထဲနဲ့ ဆောက်ခဲ့တာမဟုတ်... ဆိုတဲ့ စကားပုံကို ကြားဘူးတယ်မဟုတ်လား။ သာယာပြည့်ဝတဲ့ လူ့လောကကို ရာဇဝင်အဆက်ဆက်သာ တည်ဆောက်လို့ရမယ်။ ၁၈-ရာစု ၁၉-ရာစုနှစ်တွေမှာ လူသားတွေဟာ သက်ဦးဆံပိုင် ဘုရင်တွေ မှူးမတ် အာဏာရှင်တွေရဲ့ လက်အောက်ကနေ တော်လှန်ထွက်ခဲ့ကြတယ်၊ ဒီခေတ်တွေတုန်းက လူသားကို နိုင်ငံရေးရာသတ္တဝါအဖြစ်ပဲ မြင်ကြတယ်။ နိုင်ငံရေးရာ ချုပ်ချယ်မှုတွေ ပြင်းထန်ဆဲမို့ နိုင်ငံရေးလွတ်လပ်မှုကိုသာ အာသာငမ်းငမ်း တိုက်ယူကြပြီး အိတ်က်စ်ပရက်ရှင်နစ်တ် စတိတ် ဆိုတဲ့ ပြည်သူပြည်သားတွေရဲ့ လွတ်လပ်ခွင့်ကို နှစ်သက်ရာအစိုးရကို မဲ့နဲ့ရွေးချယ် တင်မြှောက်ခြင်းဖြင့် ဖေါ်ပြနိုင်စွမ်းရှိတဲ့ နိုင်ငံမျိုးတွေကိုသာ တည်ဆောက်ကြတယ်။ မောင်သက်တင် နားလယ်ရဲ့လား..."

"နားလယ်ပါတယ်ဆရာ..."

"ဒါပေမယ့် လူသားဟာ နိုင်ငံရေးသတ္တဝါဖြစ်သလို စီးပွားရေးသတတ္တဝါလဲ ဖြစ်သေးတယ်။ သာယာသောလူ့ဘောင် တည်ဆောက်နိုင်ဘို့က လူသားတို့ရဲ့ နိုင်ငံရေးလွတ်လပ်ခွင့် သာမက စီးပွားရေး တရားမျှတမှုကိုပါ ပေးစွမ်းနိုင်ရမယ်၊ ဒီသဘောကို ၁၉-ရာစုနှစ်တွေမှာ ထိုက်သင့်သလောက် အလေးမပြုခဲ့ကြဘူး။ ရှေးအခါတွေက ပြည်ပိုင်အစိုးရတွေရဲ့ ချုပ်ချယ်မှုကို တော်လှန်ခဲ့ကြတဲ့ လူတွေဟာ ပြည်သူလူထုရဲ့ အရေးကိစ္စမှန်သမျှမှာ အစိုးရဝင်စွက်မှာ အလွန်ရွံ့မုန်းကြတယ်။ ဥပမာ အမေရိကန်တွေအနေနဲ့ ဂျက်ဖာဆင်ပြောခဲ့တဲ့ 'အကောင်းဆုံးအစိုးရဟာ အစိုးမရဆုံးသော အစိုးရသာတည်း' ဆိုတဲ့ ဆောင်ပုဒ်ကို အသဲစွဲမှတ်ထားကြတယ်။ ဒါကြောင့်မို့ အမေရိကန်တွေနဲ့ အနောက်ဥရောပ နိုင်ငံသားတွေဟာ စီးပွားရေးကို အစိုးရက ဝင်စွက်ချယ်လှယ်တာထက် 'လွတ်လပ်စွာ ယှဉ်ပြိုင်နိုင်သော ဈေး' သဘောက ဒါဟာ အရင်းရှင်ဝါဒရဲ့ သဘောတခုဘဲ။ မောင်သက်တင် သဘောပေါက်တယ်နော်..."

"ပေါက်ပါတယ်ဆရာ...."

"လွတ်လပ်စွာ ယှဉ်ပြိုင်နိုင်သောဈေး.... သဘောဟာ စာတွေ့မှာ ဘယ်လိုကောင်းခဲ့ပေမယ့် လက်တွေ့မှာ ပထမနဲ့ဒုတိယကမ္ဘာစစ်ကြီးတွေလို လက်နက်ကိုင်ယှဉ်ပြိုင်မှုကြီးတွေ ၁၉၃၀–ခု ကမ္ဘာ့စီးပွားရေးကပ်ကြီးလို ထိန်းမနိုင်သိမ်းမရ ဖြစ်မှုတွေကို ပေါ်ပေါက်စေခဲ့တယ်။ ဒါကြောင့်မို့ ပြည်တွင်းစီးပွားရေး ကိုသာမက ကမ္ဘာ့စီးပွားရေးကိုပါ မျှတညီညွတ်အောင် စိတ်ကောင်းစေတနာနဲ့ အာဏာပိုင်တဲ့ အဖွဲ့တဖွဲ့က ထိန်းသိမ်းပဲ့ပြင် စီမံခန့်ခွဲရမယ်ဆိုတဲ့ အယူအဆဟာ ပေါ်လာခဲ့တယ်။ ဒီလို ထိန်းသိမ်းပဲ့ပြင် စီမံခန့်ခွဲတဲ့ အာဏာပိုင်အဖွဲ့ဟာလဲ ပြည်တွင်းစီးပွားရေး၊ ကမ္ဘာ့စီပွားရေးကို လုပ်အားဉာဏ်အားနဲ့ တကယ်လက်တွေ့ ဖန်တီးအကျိုးပြုပေးနေတဲ့ အလုပ်သမားများကိုသာ ကိုယ်စားပြုရမယ်။ လက်တဆုပ်စာလူနဲစု ကိုယ်ကျိုးရှာသမားတွေ မဖြစ်ရဘူး။ ဒီအယူအဆဟာ ဆိုရှယ်လစ်ဝါဒရဲ့ အခြေခံဖြစ်တယ်၊ ရှင်းရဲ့လား...."

"ရှင်းပါတယ်ဆရာ..."

"အဲဒီရည်ရွယ်ချက် အောင်ဘို့က ဒီအလုပ်သမားတွေဟာ နိုင်ငံတိုင်းမှာ နိုင်ငံရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြဋ္ဌာန်းနိုင်ခွင့်အာဏာတွေ ရရမယ်၊ ဘယ်လိုနည်းနဲ့ အာဏာယူမလဲ။ ဒီနေရာမှာ ကားလ်မက်စ်က အကြမ်းဖက်တော်လှန်ရေးနည်းကို ပြခဲ့တယ်၊ လီနင်က လက်တွေ့အောင်မြင်ခဲ့တယ်၊ လီနင်လဲအောင်ရော ဆိုရှယ်လစ်ဝါဒရဲ့ မူလ ရည်ရွယ်ချက်တွေလဲ ပျက်တော့တာဘဲ..."

"ဘာကြောင့်လဲဆရာ...."

"ဘာကြောင့်လဲဆိုတော့ တိုင်းပြည်တပြည်ရဲ့ လူမှုစံနစ်ပြုပြင် ပြောင်းလဲတဲ့နေရာမှာ ဒီတိုင်းပြည်ရဲ့ အစဉ်အလာ နောက်ကြောင်းရာဇဝင်၊ လူတွေရဲ့ အသိဉာဏ်ပညာအဆင့်အတန်း ဒါတွေကလဲ အရေးကြီးတယ်။ ရုရှပြည်ရဲ့ ရာဇဝင်ဟာဆိုရင် ထာဝစဉ် ကံဆိုးမိုးမှောင်ကြခဲ့တာဘဲ၊ ရာဇဝင်တည်ဟဲ့ ဆိုကထဲက 'တာတာ' လူမျိုးတွေရဲ့ ရက်စက်တဲ့ အုပ်ချုပ်မှုအောက်က ရုရှတွေ မရှုမလှ ရောက်ခဲ့ရတယ်။ တာတာတွေလက်အောက်က လွန်ပြန်တော့ မော်စကို ဆက်ဇာဘုရင်တွေရဲ့ သက်ဦးဆံပိုင်စံနစ်အောက်မှာ ပြားပြားဝပ်နေကြရပြန်တယ်။ စောစောစီးစီးထဲက ခရစ်ယာန်သမ္မာကျမ်းစာကို ဆလာဗိုနစ်ဘာသာနဲ့ ဘာသာပြန်လက်ခံထားကြတော့ ခရစ်ယာန်ဘာသာကို မှီဝင်လာတဲ့ လက်တင်ဘာသာ၊ ခေါမဘာသာတွေဟာ ရုရှားပြည်မှာ တိမ်ကောပပျောက်ကုန်တယ်၊ အနောက်ဥရောပနိုင်ငံတွေဟာ လက်တင်ဘာသာ၊ ခေါမဘာသာတွေရဲ့ ကျေးဇူးကြောင့် ခေါမတို့ရဲ့ ဒီမိုကရေစီသဘော၊ ရောမတို့ရဲ့ ဥပဒေနိုင်ငံသဘောတွေနဲ့ အခြားယဉ်ကျေးမှု အထွေထွေကို နားလယ်သိရှိ တိုးတိုက်နေတဲ့အချိန်မှာ ရုရှပြည်ကြီးဟာ အမှောင်ဖုံးပြီး ခေတ်နောက် ယူဇနာအများကြီးကျန်ရစ်တယ်။ အစဉ် အဖိအနှိပ်ခံနေရတဲ့ ရုရှတွေဟာ ဖိနှိပ်မှုကို လုပ်ကြံသတ်ဖြတ်နည်းနဲ့

တော်လှန်ရေးကလွဲပြီး ဘာမှမသိဘူး။ ဒီမိုကရေစီနဲ့ ပါလီမန်အုပ်ချုပ်ရေး ဆိုတာကို ကြားသာ ကြားဘူးတယ် တခါမှမကြုံဘူးဖူး၊ လက်တွေ့မသိဘူးဘူး။ ရုရှတွေအားလုံးလိုဘဲ လီနင်ခများဟာလဲ သူမကြုံဘူး မသိဘူးတဲ့ ဒီမိုကရေစီပါလီမန်စံနစ်ကို မယုံဘူး။ ဒါကြောင့်လဲ ရုရှတော်လှန်ရေးကြီး ပြီးတဲ့ အခါမှာ ပါလီမန်ဒီမိုကရေစီနိုင်ငံ ထူထောင်ဘို့ အခွင့်အရေးရပေမယ့် လီနင်ဟာ ဒီ အခွင့်အရေးကို လက်မခံဘဲ တပါတီအာဏာရှင်စံနစ်ကို ထူထောင်လိုက်တာဘဲ….”

“ဆရာက လီနင်ကို ရုရှပြည်ရဲ့ ကောင်းကျိုးကို ဘာမှမဆောင်ရွက်သွားဘူးလို့ ဆိုလိုသလား….”

“ဆုံးအောင်နားထောင်ပါအုံးလေ၊ လီနင်ရဲ့ လုပ်ဆောင်ချက်တွေမှာ ချီးမွမ်းစရာတွေ ရှိပါတယ်။ ဥပမာ လီနင် တည်ဆောက်လိုက်တဲ့ နိုင်ငံတော်သစ်မှာ ထူးခြားတာတွေ ပါတယ်၊ အနောက်ဥရောပ နိုင်ငံတွေရဲ့ ပြည်သူလူထုဟာ ‘မဲပေးသူများ’ သာ ဖြစ်နေတယ်။ ကိုယ်ကြိုက်ရာကို မဲပေးပြီးတဲ့အခါမှ ကိစ္စဟာပြီးသလိုဖြစ်နေတယ်။ ဒီနိုင်ငံတွေက ဥပဒေတွေဟာ နိုင်ငံတော်သားတဦးကို လူတယောက် အနေနဲ့ စိတ်၏ လွတ်လပ်ခွင့်၊ ပုဂ္ဂလိက ပစ္စည်းပိုင်ဆိုင်ခွင့် စသည်တွေကို ကာကွယ်စောင့်ရှောက် ပေးပေမယ့် ကုန်ထုတ်သူ ကုန်သုံးသူ တယောက်အနေနဲ့ အကျိုးထိခိုက်လာရင် ဘာမှ ထိထိ ရောက်ရောက် ကာကွယ်မပေးနိုင်ဘူး။ လီနင်က ဒီနိုင်ငံတွေလို နိုင်ငံရေးအခြေခံနဲ့ မဟုတ်ဘဲ စီးပွားရေးအခြေခံနဲ့ အစိုးရတမျိုးကို ဖွဲ့ယူတယ်၊ သူ့တိုင်းသူပြည်သားတွေဟာ နေရပ်အလိုက် မဟုတ်ဘဲ အလုပ်ခွင်အလိုက် မဲပေးကြတယ်၊ တက်လာတဲ့ အစိုးရဟာလဲ ‘အလုပ်သမား တိုင်းသူ ပြည်သား’ တွေရဲ့ ကိုယ်စားလှယ်မို့ အလုပ်သမား တိုင်းသူပြည်သားတို့အတွက် ညီညွတ်မျှတတဲ့ စီးပွားရေးစီမံကိန်းတွေကို ချမှတ်လုပ်ဆောင်ပေးတယ်…”

“ဟာ… ဒီလိုဆိုရင် မကောင်းတာ ဘာရှိလဲဆရာ…”

“ရှင်းပြပါ့မယ်၊ လီနင်နဲ့ သူ့နောက်ဆက်ခံတဲ့ လူတွေဟာ မာ့က်စ်ဝါဒီတွေဖြစ်တဲ့ မာ့က်စ်ဝါဒအတိုင်း အလုပ်သမားလူတန်းစားရဲ့ ကိုယ်စားလှယ် ကွန်မြူနစ်ပါတီ တခုထဲသာ နိုင်ငံမှာရှိရမယ်လို့ ပြဋ္ဌာန်း ကြတယ်။ ဒီတပါတီထဲရှိအောင် အတိုက်အခံပါတီမှန်သမျှကို သုတ်သင်ပစ်ရတယ်။ အတိုက်အခံ မရှိတာနဲ့ တပြိုင်နက် ဒီမိုကရေစီရဲ့ အဓိကလက္ခဏာတရပ်ဖြစ်တဲ့ လွတ်လပ်စွာဝေဖန်ခွင့်ဟာ ပျောက်ကွယ်သွားရတယ်။ တခါ–ရုပ်ဝါဒကိုသာလျှင် အမှန်တရားအဖြစ်နဲ့ တိုင်းသူပြည်သားတွေကို လက်ခံရမယ်လို့ ပညတ်ထားပြန်တော့ လွပ်လပ်စွာယုံကြည်ခွင့်ဟာ ပျက်သုဉ်းသွားရတယ်။ ပါတီနဲ့ နိုင်ငံတော်ဟာ ခွဲခြားလို့မရတော့ဘဲ လူသားတွေဟာ ပါတီခိုင်းသမျှလုပ်၊ ပါတီက ယုံခိုင်းတာသာ ယုံရပြီး စက်ရုပ်ပမာ ဖြစ်သွားကြရတယ်။ တော်လှန်ဝေဖန်မယ့် လူတွေကို နှိပ်ကွပ်ဖျောက်ဖျက်ပစ်ဖို့ အင်ကေဗီဒီခေါ်တဲ့ လူသတ်အဖွဲ့တွေ ဖွဲ့စည်းထားရတယ်။ ပါတီတွင်း တိုက်ပွဲနည်းနဲ့ ပါတီ ခေါင်းဆောင်မှုကို ဝေဖန်နိုင်မယ် ဆိုပေမယ့် စံနစ်ကိုက အတိုက်အခံလက်မခံတဲ့ စံနစ်မို့လို့ ဝေဖန်တဲ့လူတွေဟာ အသက်ကို စတေးပစ်လိုက်ရတာချည်းဘဲ။ စတာလင်ကြောင့် အသတ်ခံသွားရတဲ့ ထရော့စကီ၊ ကီမီနတ်ဖ်၊ ကာလီနင်နဲ့ အခြားမရေတွက်နိုင်တဲ့ ခေါင်းဆောင်တွေဟာ သာဓကတဲ့။

တိုက်တာ အဆောက်အဦကြီးတွေ၊ စက်ရုံကြီးတွေ ပေါ်လာပေမယ့် တိုင်းသူပြည်သားတွေဟာ ထမင်းတလုပ် တုတ်တချက်ဆိုတဲ့ကိန်း လာဆိုက်နေတယ်။ ဒါလဲမဆန်းဘူး။ သွေးနဲ့ရင်းရင် သွေးသာထွက်ပီး အဆိပ်စေ့ကိုစိုက်ရင် အဆိပ်ပင်သာပေါက်မှာဟာ ဓမ္မတာဘဲ။ မာ့က်စ်ဝါဒ ကိုယ်၌က လူရဲ့စိတ်ယဉ်ကျေးမှုထက် ခက်ထန်မှုကို အားပေးထားတာကိုး။ နိုင်ငံရေးလွတ်လပ်မှု သာမက စီးပွားရေးမျှတမှုပါ ရှိရမယ်ဆိုတဲ့ ဆိုရှယ်လစ်ဝါဒရဲ့ မူရင်း မွန်မြတ်တဲ့သဘောတွေဟာ ရုရှကွန်မြူနစ်တွေရဲ့ လက်မှာ အကုန်ပျက်ကုန်တယ်”

ကိုမြင့်သူက ခေတ္တနားလိုက်သည်။ မောင်သက်တင်အား အကဲခတ်ကြည့်လိုက်ရာ တွေတွေတွေးရင်း ငိုင်နေသည်ကို မြင်ရ၏။ အနီးမှ မေရီကမူ မလှုပ်မရှား ထိုင်နေသည်။

“ဒါပေမယ့် မောင်သက်တင်.... တိုးတက်လာတဲ့ ကမ္ဘာသူကမ္ဘာသားတွေကို အရင်းရှင်တွေဟာ နဖားကြိုးထိုးလို့ မရတော့သလို ကွန်မြူနစ်တွေဟာလဲ မျက်လှဲ့ပြလို့ မရတော့ဘူး။ ဒီနေ့ ကမ္ဘာသူကမ္ဘာသားတွေဟာ လူတယောက်ဟာ အလုပ်လုပ်ချင်လုပ်၊ မလုပ်ချင်နေ၊ ကိုယ်စွမ်းရင် တပါးလူကို ခိုင်းချင်သလောက်ခိုင်းပြီး ပေးချင်သလောက်ပေးဆိုတဲ့ အရင်းရှင်ဝါဒဟောင်းကြီးကိုလဲ လက်မခံတော့ဘူး။ အရင်းရှင်ခေါင်းဆောင် နိုင်ငံဆိုတဲ့ အမေရိကားမှာတောင် ၁၉၃၀–ခု၊ စီးပွားရေးကပ်နောက် သမတရုစဘဲ့ တက်အပြီးမှာ တိုင်းသူပြည်သားတို့ရဲ့ လူနေမှုအဆင့်မြင့်မားဘို့ အစိုးရမှာ တာဝန်ရှိတယ်ဆိုတဲ့ ဝါဒ အနိုင်ရပြီး လိုအပ်တဲ့ဥပဒေတွေပြု၊ ဌာနတွေဖွင့်နဲ့ ပြုပြင်ပြောင်းလဲခဲ့တယ်။ ပိုထူးခြားတာက နိုင်ငံရေးရာ လွတ်လပ်မှုရော၊ စီးပွားရေးရာ ညီမျှမှုရောကိုပါ ၂–ဖက်စလုံးကို အလေးပြုတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဆွဲပြီး နိုင်ငံသစ်တည်ဆောက်တဲ့ တိုင်းပြည်တွေ ပေါ်လာခြင်းဘဲ။ အဲဒီလို ခေတ်မှီပြည့်စုံတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ နိုင်ငံသစ်ကို ၁၉၁၉–ခုနှစ်မှာ ပေါ်ပေါက်ခဲ့တဲ့ ဂျာမနီသမ္မတနိုင်ငံမှာ တွေ့ခဲ့ရတယ်။ ဒါပေမယ့် လူတွေ အသိဉာဏ် မရင့်သန်သေးတော့ အဲဒီကြိုးပမ်းမှုဟာ ပျက်ခဲ့ရတယ်။ ဒုတိယကမ္ဘာစစ်ကြီးပြီးမှ လူတွေရဲ့ အသိဉာဏ်ရင့်သန်လာလို့ အဲဒီသမစိတ္တမျှပြီး မဇ္ဈိမပဋိပဒါလဲကျ လောကပါလာတရား ဗြဟ္မစိုရ်တရားတွေနဲ့လဲ ကိုက်ညီတဲ့ ဒီမိုကရေစီ ဆိုရှယ်လစ်နိုင်ငံတော်တွေဟာ အောင်အောင်မြင်မြင် ပေါ်ခဲ့တယ်။ စံနမူနာကတော့ ဆရာတို့ရဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဲ....”

မောင်သက်တင်က မျက်လုံးလေးပြူးကာ သူ့အား မော့်ကြည့်လိုက်သည်။ ကြားရသောစကားအား မယုံနိုင်ဟန်တူသည်။

“မောင်သက်တင်တို့ လူငယ်တွေဟာ ရထားတဲ့ မဏိဇောတပတ္တမြားကိုတော့ ပတ္တမြားမှန်းမသိဘူး။ ရုရှားပြည်လုပ် ငရဲပန်းကိုတော့ ရွှေပန်းထင်နေကြတယ်။ ဆရာတို့ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြီးကို သေသေချာချာ လေ့လာကြည့်စမ်း။ ရုရှားပြည်မှာမရှိတဲ့ လွတ်လပ်မှုအခွင့်အရေးတွေ၊ အရင်းရှင်နိုင်ငံတွေမှာ မပြည့်စုံတဲ့ စီးပွားရေးရာ မျှတမှုဝါဒတွေဟာ ဒီဥပဒေကြီးထဲမှာ အခိုင်အမာပါတယ်။ ဆရာတို့ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြီးရဲ့ အခန်း၂–မှာ ဆိုရင် နိုင်ငံသားတို့

အတွက် ဒီမိုကရေစီ မူလအခွင့်အရေးတွေကို ကျပ်ပြည့်တင်းပြည့် ပေးထားရုံမကဘူး၊ စီးပွားရေးဆိုင်ရာ အခွင့်အရေးများဆိုတဲ့ ခေါင်းစဉ်အောက်မှာ ဂုတ်သွေးစုတ် အရင်းရှင်ဝါဒကို အတိအကျတားမြစ်ထားတယ်။ အခန်း ၃–မှာဆိုရင် တောင်သူလယ်သမားများနဲ့ အလုပ်သမားများအတွက်နိုင်ငံတော်ရဲ့ တာဝန်ဝတ္တရားများကို အတိအလင်း ပြဋ္ဌာန်းထားတယ်။ အခန်း ၄–မှာကျတော့သာယာစိုပြေသော လူ့ဘောင်သစ်ကို တည်ဆောက်ရာမှာ နိုင်ငံတော်က ကျင့်သုံးရမယ့် ဝါဒရည်ညွှန်းချက်တွေကို အသေးစိတ် ဖေါ်ပြထားတယ်။ ဘယ်ပါတီ ဘယ်အစိုးရတက်တက် ဒီဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြီးကို မလွန်ဆန်ရဘူး။ မလွန်ဆန်နိုင်ဘူး”

“လွန်ဆန်တော့ကော... ဆရာ”

“လွန်ဆန်သူဟာ ပျက်စီးရမှာဘဲ။ မလွန်ဆန်အောင် ထိန်းသိမ်းပေးတဲ့၊ တရားလွှတ်တော်ချုပ် ရှိတယ်။ တရားဝင် လက်နက်ကိုင် တပ်မတော်တွေရှိတယ်၊ တရားဝင် အတိုက်အခံ အဖွဲ့အစည်းတွေရှိတယ်။ စတုတ္ထမဏ္ဍိုင် စစ်စစ် သတင်းစာတွေရှိတယ်။ တခုတော့ရှိတယ်၊ ဒီမိုကရေစီစံနစ်ကို ကျင့်သုံးစမို့ဖြစ်စေ၊ ပြည်သူလူထုတွေ အသိဉာဏ်မရှိသေးလို့ ဖြစ်စေ၊ ပြည်တွင်းဆူပူမှုတွေကြောင့် အရေးပေါ်အခြေအနေမှာကြောင့် ဖြစ်စေ၊ အခြေခံဥပဒေနဲ့ ချွတ်လွဲအောင် ဆောင်ရွက်မှုအနည်းအကျဉ်း ရှိချင်ရှိမယ်၊ ဒါပေမယ့် ဒါတွေဟာ ရေရှည်မခံနိုင်ဘူး။ အကြောင်းကတော့ ဒီဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြီးဟာ စက္ကူပေါ် မင်နဲ့ရေးထားတဲ့ သက်မဲ့ပစ္စည်းမဟုတ်ဘူး။ လွတ်လပ်ရေးကြိုးပမ်းမှု အဆက်ဆက် စတေးခဲ့ရတဲ့ မြင်မြတ်လှတဲ့ ပြည်သူ့သွေးတွေနဲ့ မော်ကွန်းတင်ထားတဲ့ ထာဝစဉ်အသက်ရှင်နေတဲ့ ပြည်သူ့ဆန္ဒကြီး မို့လို့ဘဲ။ သာယာစိုပြေသော လူ့ဘောင်ကို လိုချင်တဲ့ မောင်သက်တင်တို့ဟာ အမေကျော် ဒွေးတော်လွမ်းနေဘို့မဟုတ်ဖူး။ ဒီ မဏိဇောတပတ္တမြားရတနာပမာဖြစ်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြီးကို လောကသစ်တည်ထောင်နိုင်ဘို့ အရည်အချင်းပြည့်ဝတဲ့ တိုင်းပြုပြည်ပြု သူရဲကောင်းလေးတွေ ဖြစ်လာအောင် ကြိုးစားမယ်”

ကိုမြင့်သူက ရှည်လျားလှစွာသော သူ့စကားအား အဆုံးသတ်ကာ စီးကရက်ဗူးကို အိတ်တွင်းမှထုတ်ယူ၍ မောင်သက်တင်အား တလိပ်ကမ်းပေးလိုက်ပြီး မိမိအတွက်ပါ တလိပ်နှုတ်ယူလိုက်၏။ မီးခြစ်ကိုဖွင့်ခြစ်ပြီး မောင်သက်တင်အား အရင်ငြိစေ၍ မိမိက နောက်မှငြိသည်။

“မေရီရော ဆရာတို့ပြောတာတွေ နားလယ်လား....”

ကိုမြင့်သူက စီးကရက်ငွေ့များအား မှုတ်ထုတ်ရင်း ရုတ်တရက် မေရီ့ဘက်လှည့် မေးလိုက်သည်။

မေရီက တုန်လှုပ်သွားသည်။ အတွေးလွန်နေမိသည်မို့ ကိုမြင့်သူ၏ စကားများကို မေရီမှာ မကြားတချက် ကြားတချက်သာ ရှိခဲ့သည်။

"နဲနဲပါးပါးတော့ မေရီနားလည်ပါတယ်ဆရာ"

မေရီသည် မုသားလေး သုံးလိုက်သည်။

ထိုအခိုက်တွင် သိမ်မွေ့ညင်သာသော ခြေလှမ်းဖြင့် အသက် ၅၀–ခန့် ရှည်ရှည် သွယ်သွယ်နှင့် မိန်းမကြီးတဦးက အခန်းဝ၌ ရပ်လာသည်။ သူ့အား မမြင်ဘူးသေးသော မေရီက အံ့အားသင့်လျက် ငေးကြည့်နေမိသည်။ အသားမှာလတ်၍ ချောမောသောမျက်နှာမှာ တည်ငြိမ်အေးချမ်းလျက် ကိုမြင့်သူ နှင့် ဆင်နေ၏။

"သြော်... မေမေ၊ လာထိုင်လေ...."

ကိုမြင့်သူက နှုတ်ဆက်ခေါ်ငင်သည်။

"လူလေး ပြန်ရောက်နေဘီကိုး၊ မေမေမထိုင်တော့ပါဘူး။ မစောနဲ့ ဈေးလိုက်မလို့။ သူတော့ ရေချိုး နေလေရဲ့...."

အဒေါ်ကြီး၏လေသံမှာ မျက်နှာထားကဲ့သို့ပင် တည်ငြိမ်အေးချမ်းနေသည်။

"နွဲ့နွဲ့တို့သားအမိလဲ လိုက်လိမ့်မယ်ထင်တယ်။ ငါ့သားဘဲ လိုက်ပို့ရမယ်။ အားရဲ့မဟုတ်လား..."

"အားပါတယ် မေမေ..."

"အေး...အေး.... ဒါလာပြောတာ။ မေမေလဲ နဲနဲပြင်စရာရှိသေးတယ်။ စကားပြောကြအုံးလေ..."

အဒေါ်ကြီးက မောင်သက်တင်နှင့် မေရီတို့အားပါ အသာပြုံးလျက် နှုတ်ဆက်ထွက်သွားသည်။

"ဒါ ဆရာ့မိခင်ဘဲ၊ စစ်ကိုင်းက ခဏလာတာ..."

ကိုမြင့်သူက သက်ပြင်းကို မသိမသာရှိုက်ရင်း ပြောသည်။

မေရီက တံတွေးကို မျိုချလိုက်မိသည်။ ကိုမြင့်သူ မပြောမီကတည်းက သူ့မိခင်ဖြစ်မှန်း ရိပ်မိပြီး ဖြစ်သည်။

ကိုမြင့်သူ၏ မိခင်က မေရီ့အား သူချစ်လှစွာသော ဆရာ၏ စောစောက ယုယကြင်နာမှုလေးများတွင် မိန်းမောသာယာ မေ့လျော့လျက် ကြည်နူးနစ်မွန်းခဲ့မိသည့် စိတ်ကူးယဉ် အိပ်မက်ကလေးမှ လန့်နိုးစေသည်။ ဒေါ်စောရီပြောခဲ့သော စကားရပ်များကို ပြန်လည်ကြားယောင်လာသည်။ ယခင်ရက်များအတန်ကြာပင် ရောက်ရှိနေသော နွဲ့နွဲ့မိခင်အားလည်း သတိရသည်။

မေရီ့အတွက် အားလုံးမှာ ရှင်းနေပေပြီ။

မေရီ ရင်မှမခုန်တော့။ ထူးဆန်းသော ဆွေးမြေ့နာကျည်းခြင်းတခုက နှလုံးသားအား မလှုပ်နိုင်အောင် ချုပ်ကိုင်လွှမ်းခြုံထားသည် ထင်ရ၏။ မျက်ရည်တို့ကသာ မသိမသာ စို့ထွက်လာသည်။

မေရီ... စန္ဒယားတီးအုံးမလား...."

ကိုမြင့်သူက မေးသည်။

"မေရီ..... မေရီ.... မတီးချင်တော့ပါဘူး ဆရာရယ်...."

ကိုမြင့်သူက တန်ရှီသော မေရီ၏အသံလေးကို သတိထားလိုက်မိသည်။ သူကလည်း မချိလှသော ရင်နှင့် ညှိုးငယ်သော ကလေးမ၏ မျက်နှာလေးအား တချက်ငေးကြည့်မိသည်။

ထိုစဉ် ဟွန်းသံနှင့်အတူ အိမ်ဝင်းအတွင်းသို့ ဂျစလေကားတစင်းမှာ ဝင်ရောက်လာသည်။

"ဟော..... မမဒေါ်ရစ်စ်နဲ့ မေရီ့ကာဇင် လိုက်လာကြပြီ...."

မေရီက နေရာမှထရင်း ပြောသည်။

ဒေါ်ရစ်စ်ဟု အသံကြားသည်နှင့်တပြိုင်နက် ရင်ဆိုင်လိုဟန်မတူသူ မောင်သက်တင်က နေရာမှထ၍ "ကျွန်တော် ပြန်အုံးမယ်ဆရာ" ဟု ဆိုကာ ခြေလှမ်းပြင်သည်။

"နေပါအုံးလား မောင်သက်တင်၊ ကော်ဖီဖြစ်ဖြစ် သောက်သွားပါအုံးလား..."

"တော်ပါဘီဆရာ.... နောက်မှ ကျွန်တော်လာခဲ့ပါမယ်...."

"အေး...အေး၊ ဒါပေမယ့် ဘာမှ အရမ်းတွေ ရှောက်လုပ်မနေစေချင်ဘူး မောင်သက်တင်..."

"ဟုတ်ကဲ့ပါဆရာ..."

မောင်သက်တင်က မေရီ့အား မရွှင်ပျလှသည့်အပြုံးနှင့် နှုတ်ဆက်ရင်း "သွားမယ်မေရီ..." ဟုဆိုသည်။

မောင်သက်တင် အထွက်တွင် ဒေါ်ရစ်(စ်)လှလှတင်နှင့် မေရီ့ညီမဝမ်းကွဲ စတယ်လာတို့မှာလည်း အခန်းတွင်းသို့ ရောက်လာခဲ့သည်။

"အံမယ်လေး... ရှာလိုက်ရတာ မေရီရယ်....၊ မမတို့ဖြင့် မောလို့။ နောက်တော့မှ ကျောင်းသား တယောက်က ဆရာနဲ့ ထွက်သွားတာ တွေ့တယ်ဆိုလို့"

ဒေါ်ရစ်စ်က ကိုမြင့်သူဘက်ကိုပါ ပြုံးလှည့်ကြည့်ရင်း သူ့ရင်သူဖိရင်း ပြောသည်။

ကိုမြင့်သူက ဘာမျှဝင်မပြောဘဲ အသာပြုံးရင်း...

"ထိုင်ကြလေ" ဟုဆိုသည်။

"မထိုင်တော့ဘူးဆရာ၊ အိမ်က သိပ်စိတ်ပူနေလိမ့်မယ်။ ကဲ–မေရီ သွားကြရအောင်"

ဒေါ်ရစ်စ်ကသာ ရွှန်းရွှန်းဝေအောင် ပြောနေသော်လည်း မေရီမှာ သူ့အား ခပ်တည်တည်ပင် ကြည့် နေသည်။

"ဒါဖြင့် မေရီ သူတို့နဲ့ဘဲ ပြန်လိုက်သွားတော့မယ်ဆရာ"

မေရီက နှုတ်ဆက်သဖြင့် ကိုမြင့်သူက နေရာမှထ၍ သူတို့ ၃–ဦးအား ကားဆီအထိ လိုက်ပို့သည်။

"မေရီ ခြေထောက်က နာနေသေးလား"

ကားထွက်ခါနီးတွင် ကိုမြင့်သူကမေးသည်။

"သိပ်မနာတော့ပါဘူး ဆရာ"

မေရီက မဲ့ပြုံးလေးနှင့် ခေါင်းလေးကိုခါရင်း ဖြေသည်။

ကျန်၂–ဦးကလည်း ကိုမြင့်သူအား ပြိုင်တူနှုတ်ဆက်ကြသည်။

"သွားဘီဆရာ"

ခြံဝင်းအပြင်အရောက်တွင် စတယ်လာက မေး၏။

"မေရီ့ခြေထောက် ဘာဖြစ်တာလဲ"

"ပြေးရင်းထိမိတာပါ"

"သြော်ဒါကြောင့် မေရီ့မျက်နှာ ညှိုးနေတာကိုး"

ဒေါ်ရစ်စ်က ပြန်မဖြေ၊ ကားပြူတင်းမှငေးရင်း မချိတင်ကဲပြုံးမိသည်။

သူ့ရင်မှ နှလုံး၏ ကြေကွဲပျက်ပြုန်းသည့် ဒဏ်ရာကိုမူ မည်သူမျှမသိလေယောင်တကား။ ။

**အခန်း(၁၅)**

ရက်တို့ တရွေ့ရွေ့ ကြွေစင်ခဲ့သည်။ မိုးရာသီဆုံး၍ နှင်းဦးတို့ဖြိုင်ရာ တန်ဆောင်မုန်းလသို့ တိုင်ခဲ့သည်။

တက္ကသိုလ်မှ ပဋိပက္ခကြီးနှင့် ပဋိပက္ခမှု၏ နောက်ဆက်တွဲ ကျောင်းထုတ်ခံရခြင်း သတင်းများလည်း ရိုးလာခဲ့သည်။ သို့ရာတွင် အင်္ဂလိပ်ဘာသာဖြင့် ပုံနှိပ်ထုတ်ဝေသော နေ့စဉ်သတင်းစာကြီး တစောင်တွင် နယ်စပ်ဆီမှ စိုးရိမ်ဘွယ်သတင်းများ ဆက်တိုက်ပါလာနေသည်။

နယ်စပ်မှ အထူးသတင်းထောက်က မြန်မာ့မြေအား အလုံးအရင်းနှင့် ကျူးကျော်တပ်စွဲလျက်ရှိသော ကူမင်တန် တရုတ်ဖြူများ အကြောင်းကိုငှင်း၊ အင်အားနည်းပါးသော နယ်ခြားစောင့် မြန်မာတပ်ကလေးများ၏ ရဲဝံ့စွန့်စားစွာ တရုပ်ဖြူတပ်များ သံလွင်မြစ်အနောက်ဖက်သို့ မကူးလာနိုင်ရန် ခက်ခဲစွာ ကာကွယ်နေရသည့် အကြောင်းကိုငှင်း၊ စိတ်ဝင်စားဖွယ်ရာ အသေးစိတ်ရေးသား သတင်းပို့နေသည်။

ကျောင်းသားအရေးကိစ္စ။ ပြည်တွင်းဆူပူမှု စသော စိတ်မချမ်းမြေ့ဘွယ် သတင်းများအားသာ နေ့စဉ်ဖတ်ရှုနေရသော ပြည်သူလူထုအတွက် ဤသတင်းမှာ ဆကဲပိုလွန် စိုးရိမ်ဘွယ်ဖြစ်နေ၏။ ကမ္ဘာ့နိုင်ငံရေးကျားကွက်နှင့် ဆက်စပ်နေသည်က တကြောင်း၊ အချုပ်အချာအာဏာပိုင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် ဂုဏ်သရေကိုပါ ထိခိုက်နေသည်က တကြောင်း စသည်တို့ကြောင့် ဤသတင်းအား ပြည်သူလူထုကြီး တရပ်လုံးမှာ စိတ်ဝင်စားစွာ ဆွေးနွေးဝေဖန်နေကြသည်။ ပြည်သူလူထု အတွင်း၌သာမက သံတမန်ရပ်ကွက်များ၌ပင် လှုပ်ရှားဂယက်ထလျက် ပါလီမန်နှင့် အစိုးရ ရပ်ကွက်များတွင်လည်း အရေးယူစဉ်းစားနေရ၏။

ဤသို့ တပြည်လုံး လှုပ်လှုပ်ရှားရှားဖြစ်နေသည့် ဆောင်းဦးကာလ၏ တညဝယ် ဗိုလ်ချုပ်လမ်း ရှိုင်ရယ်ရုံဘေးရှိ တာဝါဘားအတွင်း စားပွဲတလုံး၌ မောင်သက်တင်သည် အရက်ဖန်ခွက်ကို ကိုင်ရင်း တယောက်တည်း မလှုပ်မရှား ထိုင်နေသည်။

လူစည်ချိန်ဖြစ်သဖြင့် ဘားအတွင်းရှိ ပန်ကာ ၇–လုံးမှာ တဝီးဝီးနှင့် ဆောင်းတွင်းကြီးဖြစ်လျက် လည်နေကာ မောင်သက်တင်ထိုင်နေသော စားပွဲမှလွဲ၍ စားပွဲအားလုံးမှာ လူပြည့်ကျပ်နေသည်။

မောင်သက်တင်၏ မျက်တောင်များမှာ စင်းမေးနေ၍ ဦးခေါင်းမှာ ရီဝေစပြုနေသည်။ အရက်ကို တကြိုက်မော့လိုက်ပြီး အာလူးကြော်အား ဝါးရင်း ပတ်ဝန်းကျင်ကို ရည်ရွယ်ချက်မဲ့ လှည့်လည်ကြည့်မိသည်။

မောင်သက်တင် ထိုင်နေသော ရှိုင်ရယ်ရှုံဘက် နံရံနားရှိ စားပွဲမှ ကြည့်လိုက်လျှင် တောင်ဘက်နံရံဆီ၌ ‘၁၈၂၀–ခုနှစ်တွင် မွေးဖွား၍ ယခုတိုင် သန်တုန်း မြန်တုန်း” ဟူသောစာတမ်းနှင့် ဂျော်နီဝါးကား ဝီစကီကြော်ငြာ ပန်းချီကားကြီးကို မြင်ရသည်။ ဆိုင်နောက်ဖေး မီးဖိုခန်းကိုလည်း တစွန်းတစ မြင်နေရ၏။ ဆိုင်၏ဗဟိုတွင် တောင်ဘက်နံရံအား ကျောပေးလျက် အုတ်တိုင်ကြီး နှစ်တိုင်ကြားတွင် ငွေရှင်းကောင်တာနှင့် ဘားရှိ၏။ ကောင်တာတွင်မူ အသက် ၃၀–ခန့် ထောင်ကဲတဦးသည် အရက်ပုလင်းပေါင်းစုံ တန်းစီလျက်ရှိသော ဘီရိုများအား နောက်ခံပြုလျက် ခံ့ညားစွာထိုင်နေသည်။ အုတ်တိုင် နှစ်တိုင်အနက် တစ်တိုင်ပေါ်တွင် ဗိုလ်ချုပ်ဓာတ်ပုံကိုင်း၊ အခြားတတိုင်ပေါ်တွင် နိုင်ငံတော်သမ္မတကြီး ဦးဘဦး၏ပုံကိုင်း ချိတ်ထားသည်။ မဆီမဆိုင် ဗိုလ်ချုပ်ဓာတ်ပုံအောက်နား ကပ်လျက်အနက်ခံတွင် အဖြူစာလုံးများဖြင့် “ဆိုင်ဖွင့်ချိန် နံနက် ၅–နာရီမှ ည ၁၀–နာရီခွဲ’ ဟု ရေးထားသည့် သံပြားဆိုင်းဘုတ်တခုကို ကပ်ထား၏။

မောင်သက်တင်က ပြုံးလိုက်၍ ပတ်ဝန်းကျင်စားပွဲများမှ လူတွေဆီ အာရုံရောက်သွားသည်။

သူ့ရှေ့တည့်တည့် စားပွဲတွင် ယူနီဖေါင်းအပြည့်အစုံ ခြောက်လုံးပြူးတွဲလောင်းနှင့် ရဲအုပ်နှစ်ဦးမှာ အရပ်ဝတ်အရပ်စားနှင့် လူတဦးနှင့်အတူ ရမ်အရက်တပုလင်းကို သောက်ရင်း တရုတ်ဖြူများအကြောင်းကို ဆွေးနွေးနေကြသည်။

အုတ်တိုင်အနီးရှိ စားပွဲတွင် စာရေးစာချီဟန်ပေါက်သော တိုက်ပုံအင်္ကျီကိုယ်စီနှင့် လူရွယ်နှစ်ဦးမှာ ပြီးခဲ့သော မြင်းပွဲအကြောင်းကို တောက်တခေါက်ခေါက်နှင့် ဘီယာသောက်ရင်း စမြုံ့ပြန်နေကြ၏။

မောင်သက်တင်အတွက် ပတ်ဝန်းကျင်တခုလုံးမှာ စိတ်ဝင်စားစရာဖြစ်နေသည်။ အရက်ရှိန်ကလေးကလည်း တက်လာသဖြင့် သူ့ကိုသူအား ဤပတ်ဝန်းကျင်အနက် စိတ်ဝင်စားဘွယ်အကောင်းဆုံးသူရဲကောင်းတယောက်အဖြစ်လည်း ထင်နေမိသည်။ ရုပ်ရှင်များထဲမှ ဇာတ်လိုက် လူမိုက်များပမာ ရန်ဖြစ်ချင်စိတ်ကလည်း ပေါ်လာ၏။

စားသောက်ခန်းမအား အလယ်မှ တဝက်မပြည့်တပြည့် ဒေါင့်ချိုးထိုးဝင်ကာ နှစ်ပိုင်း–ပိုင်းထားသည့် နံရံပေါ်တွင်မူ ဆိုင်အတွင်းသို့ အပြင်မှယူလာသော အစားအသောက်များပေါ် ကောက်ယူသော နှုန်းများအား အနီခံသံပြား၌ စာလုံးဖြူများနှင့် ရေးသားထားသည်။ ၎င်းဘေးတွင် မိန်းမချောတဦးပုံပါသည့် ဘီယာကြော်ငြာ ဓာတ်ပုံကားချပ်ကြီး ရှိသည်။

မောင်သက်တင်၏ မျက်လုံးများက ရေကူးဝတ်စုံမယ်ပုံ၌ စူးစိုက်လျက်ရှိသည်။ သူ့မျက်လုံးထဲတွင်မူ ရေကူးဝတ်စုံမယ်၏ပုံပေါ်လိုက် မေရီ၏ပုံပေါ်လိုက်နှင့် ဖြစ်နေသည်။

ဤဓာတ်ပုံရှိသော နံရံနှင့်ကပ်လျက် စားပွဲတလုံးတွင်မူ စိတ်ဝင်စားဘွယ်ကောင်းသော လူတသိုက် ဝိုင်းထိုင် အရက်သောက်နေကြသည်။ တဦးမှာ ဆွယ်တာလက်ရှည်ကြီးကို ဝတ်ထား၍ လည်ပင်း ကော်လာတဖက် ဆွယ်တာအပြင်ထွက်၍ တဖက်မှာမူ အတွင်းဝင်နေသည်။ ဆိုင်အတွင်း၌ ဖြစ်သော် လည်း သက္ကလပ်ဦးထုပ် အပေါ်စားတလုံးအား ခေါင်းမှမချွတ်ဘဲ ဆောင်းထားသည်။ တဦးမှာမူ ဟာဝေယံရှတ်ဝတ် တရုတ်ကပြားအဖိုးကြီးဖြစ်သည်။ အဖိုးကြီးနား ကပ်ထိုင်နေသူမှာ ဆံပင်ဖြူ ထိုးထိုးထောင်ထောင် ထွက်နေသော ဗိုလ်ကေအသစ်စက်စက်နှင့် အသက် ၄၀–ခန့် လူတဦးဖြစ်သည်။ သူက ဖဲထီးစုတ်၊ အရောင်မွဲဖြူနေပြီဖြစ်သော တိုက်ပုံအင်္ကျီအနက်ကို ဝတ်ထား၍ သူ့အသားမှာလည်း သူ့အင်္ကျီသို့ပင် မွဲခြောက်ခြောက်ဖြစ်၏။ သူနှင့် မျက်နှာချင်းဆိုင် ထိုင်နေသူတယောက်မှာ ပင်နီ တိုက်ပုံ ရွှေမျက်မှန်နှင့်ဖြစ်၏။ ၄င်းတို့ နှစ်ဦးကြားတွင်မူ အရောင်မပေါ် အမွှေးမရှိတော့သော စိတ်ကတ္တီပါ အပေါ်ဖုံးအင်္ကျီများနှင့် ခေါင်းတွင် သပြေခက်ကိုယ်စီ ထိုးပန်ထားသော မိန်းမနှစ်ဦး ထိုင်နေကြသည်။

သူတို့အသိုက်က စကားကို ရာဇဝင်အူပေါက် ဆူညံအောင်ပြောနေကြသည်။ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက်နှင့် ဖဆပလအကြောင်းလည်း ပါသည်။ ဆဋ္ဌသံဂါယနာအကြောင်းနှင့် မြင်းပွဲအကြောင်း လည်းပါသည်။ စိန်အောင်မင်း ရွှေမန်းတင်မောင် စသော ဇာတ်မင်းသားများအကြောင်းနှင့် ကြည်ပု မော်တော်ယာဉ်လိုင်း အကြောင်းလည်း ပါသည်။

ခဏအကြာတွင် မျက်လှည့်အကြောင်းသို့ ရောက်လာကြပြန်သည်။

“အံမာ.... မျက်လှည့်ဆိုတာ လွယ်လွယ်လေး ကျုပ်ပြမယ် ကြည့်”

အင်္ကျီနက်ဆရာက အော်၍ပြောလိုက်သဖြင့် ဆိုင်တွင်းရှိ လူများအားလုံးက သူ့အား လှမ်းကြည့်လိုက် ကြသည်။

သူက လက်ကိုင်ပုဝါနှင့် စားပွဲပေါ်၌ ဖြန့်ချထားသော သူ့လက်ဖဝါး ၂–ခုလုံးအား ရွတ်ဆိုနေသည်။

မောင်သက်တင်အပါအဝင် လူများအားလုံးက လက်ကိုင်ပုဝါဖွင့်လိုက်လျှင် ဘာပေါ်လာမည်နည်းဟု စိတ်ဝင်စားစွာနှင့် လှမ်းကြည့်နေကြသည်။

“ကဲ.... ဖွင့်လိုက်တော့...”

မိန်းမက လက်ကိုင်ပုဝါကို မဆွဲယူလိုက်၏။

"ဟင်.... ညစ်စုတ်တာ...."

မိန်းမနှစ်ဦးက သူ့အား ဝိုင်းထုကြသည်။

လက်ကိုင်ပုဝါအား ဖွင့်လိုက်သောအခါမူ ဘာမျှ အထူးအထွေပေါ်မလာ။ သို့ရာတွင် သူက ဘယ်ဘက်လက်ညှိုးနှင့်လက်မ၊ ညာလက်ညှိုးတို့ကို အသုံးပြုကာ ယုတ်မာညစ်ညမ်းသော လက္ခဏာ အမှတ်အသားတခုကို လုပ်ပြထားသည်။

ဆိုင်တွင်းရှိ လူအားလုံးက တခိခိနှင့် ကျိတ်ရယ်ကြသည်။ ဝတ်ဖြူစင်ကြယ်ဝတ် စားပွဲထိုးကုလားနှင့် မျက်နှာထားတည်သော ဆိုင်ရှင်ထောင်ကဲပင် ဣန္ဒြေမဆည်နိုင်ကြ။ သို့ရာတွင် အားလုံး၏ ရယ်သံ အား မောင်သက်တင်၏အသံက လွှမ်းသွားသည်။

"ဟား.... ဟား.... အင်မတန်ပြောင်မြောက်ညစ်စုတ်တဲ့ အနုပညာဘဲ၊ ဟာ.... ဟာ....."

အင်္ကျီနက်ဆရာနှင့် သူ့အဖေါ်များက မျက်မှောင်ကြုတ်၍ သူအားလှမ်းကြည့်ကြသည်။

မောင်သက်တင်က ပမာမခန့်ဟန်နှင့် သူ့အရက်ခွက်အား စတိုင်ပါပါ ယူသောက်လိုက်ပြီး ပြန်ချကာ တဖက်လူများအား မျက်တောင်ကိုစင်းမေးလျက် ထီမထင် ပြန်စိုက်ကြည့်သည်။ နောက် သူ့စားပွဲ ပေါ်မှ ဆော်ဒါပုလင်းအလွတ်အား ယူကာ တပတ်လည်အောင် မြှောက်ပစ်ကစားလိုက်ပြီး တဟဲဟဲ ဆက်ရယ်နေသည်။

မိန်းမများက ဘာတိုးတိုးပြော၍မသိ၊ တဖက်ဝိုင်းမှ ယောကျ်ားများသည် ပြန်ငြိမ်ကျသွားသည်။ ထိုစဉ် အကင်းပါးသော ဆိုင်ရှင်တရုတ်က မောင်သက်တင်၏စားပွဲသို့ ကိုယ်တိုင်ထလာသည်။

"အား... ဆရာလေး။ ကင်များဖန်ခွက်လဲ ပြောင်ပီလေ၊ ဘာယူအုံးမီလဲ၊ ထဲ့ပေးမီလေ.."

မောင်သက်တင်က ကျေနပ်စွာ ပြုံးလိုက်သည်။

"ဝီစကီ.... ဝမ်းပတ်ထပ်ပေး။ ဆော်ဒါတပုလင်းလဲ ယူခဲ့..."

"အား.... အား.... ရမယ်.... ရမယ်..."

ထောင်ကဲက ဘွိုင်ကုလားများအား လှမ်းအော်မှာကြား၍ နေရာမှခွာသည်။

မောင်သက်တင်မှာ ဤအတိုင်းသာဆိုလျှင် ဘာဆက်လုပ်နေမိမည်မသိ။ သို့ရာတွင် ထိုအခိုက်တွင်ပင် ကောင်တာရှေ့၌ လာရပ်လေသော မမြော်လင့်သူတဦးအား တွေ့လိုက်ရသဖြင့် မျက်လုံးပြူးသွားသည်။

“ဟေ့….. ကိုရွှေမောင်…”

ကိုရွှေမောင်မှ ထိတ်လန့်သွားဟန်တူသည်။ မောင်သက်တင်အား မြင်သောအခါတွင် အံ့သြသော အသွင်သို့ ပြောင်းသွားကာ “ဟာ ကိုသက်တင် ခင်ဗျား ဘယ်နှယ်….” ဟု ဆိုရင်း စားပွဲဆီ လျှောက်ခဲ့၍ ကုလားထိုင်တလုံးတွင် ဝင်ထိုင်၏။

“ခင်ဗျားဘာလဲ၊ အရက်လာသောက်တာလား”

လျှာလေးစပြုသော မောင်သက်တင်က မေးသည်။ ကိုရွှေမောင်က မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ပျာပျာသလဲ ငြင်း၏။

“မ…မ… မဟုတ်ပါဘူး၊ ဘီယိုက်ဘရန်ဒီတလုံး လာဝယ်တာပါ….”

“ဘာလုပ်ဘို့လဲ…”

ကိုရွှေမောင်က တွေသွားပြီးမှ တိုးတိုးဖြေသည်။

“ငြိမ်းက ဝယ်ခိုင်းလို့ပါ…”

မေးနေသော မောင်သက်တင်၏ မျက်လုံးများမှာ ပြူးကျယ်သွားသည်။

“ဗျာ…. ငြိမ်းက…”

“ဟုတ်တယ်…”

“ငြိမ်းက ဘာပြုလို့ ခင်ဗျားကို အရက်ဝယ်ခိုင်းရတာလဲ…”

“ဒါတော့ မသိဘူးဗျ၊ သူက တခါတော့ ပြောဘူးတယ်၊ အရက်မူးတာ ဘယ်လိုလဲ စမ်းကြည့်ချင်တယ်တဲ့”

"မိန်းမကလေးတယောက်က ကျောင်းဆောင်မှာ အရက်သောက်မလို့လား…"

"ငြိမ်းက အခု ကျောင်းဆောင်မှာမဟုတ်တော့ဘူး၊ မြို့ထဲမှာ"

"ဟင်… မြို့ထဲမှာ.. ငြိမ်းက တောင်ငူကမဟုတ်လား၊ မြို့ထဲမှာ ဘယ်သူနဲ့နေလဲ…"

"ဟီး ဟီး ကျွန်တော်နဲ့…."

ကိုရွှေမောင်က ရှက်ပြုံးကြီးပြုံးရင်း ဖြေသည်။

"ဗျာ…. ဘာတဲ့၊ ခင်ဗျားနဲ့…"

မောင်သက်တင်မှာ အံ့သြလွန်း၍ အရက်မူးပင် ပြေမတတ်ဖြစ်သွားသည်။

"ဒီလိုပါလေ…. ကျွန်တော်နဲ့ငြိမ်းက လက်ထပ်ပြီးဘီ…"

"စွံ့မဲ့စွံ့တော့ မြန်လှချည်လား၊ ဆိုစမ်းပါအုံး ဘယ်တုံးကလဲ၊ ဘယ်လိုဖြစ်တာလဲ"

"ကျွန်တော်နဲ့ငြိမ်းက ဘယ်လိုဘယ်လိုမှန်းမသိဘူး၊ ကြိုက်သွားကြတာဘဲ။ ရုပ်ရှင်တွေဘာတွေ တွဲကြည့်၊ တိရစ္ဆာန်ရုံတွေသွား၊ ရန်ကုန်မြစ်ထဲ သမ္ဗာန်ရောက်စီးနဲ့ ငြိမ်းက လုပ်ချင်တာတွေ ရောက်လုပ်တာဘဲ။ နောက်တော့ဗျာ…. သူ့အဒေါ် အပျိုကြီးတွေဆီ ဘယ်သူက တိုင်စာပို့လဲမသိဘူး၊ သီတင်းကျွတ်ကျောင်းပိတ်လို့ အိမ်ပြန်သွားတော့ ကျောင်းပြန်မလွှတ်တော့ဘဲ သူတို့သဘောတူတဲ့ သူနဲ့ ပေးစားမယ်လုပ်သတဲ့၊ အဲဒါ ရန်ကုန်ကို မရအရ ပြန်လစ်လာပြီး သူ့အသိ စာရေးဆရာမ လင်မယားအိမ်မှာ တဲပြီး ကျွန်တော့်နေရပ်ကို စာရေးအကြောင်းကြား စောင့်နေတယ်၊ ကျွန်တော် ရောက်လာတော့ ရုံးတက်လက်ထပ်လိုက်တာပေါ့…"

"ဟင်…. ခင်ဗျားဟာက ခင်ဗျားစွန့်စားခန်းကို မပါဘူး။ ငြိမ်းစွန့်စားခန်းကြီးဘဲ"

မောင်သက်တင်က အားရပါးရရယ်ရင်း ပြောသည်။

"အခု ငြိမ်းက သန်းကောင်စာရင်းမင်းကြီးရုံးမှာ အထက်တန်းစာရေး ရတယ်၊ ကျွန်တော်က ကျောင်း ပြန်တက်နေတယ်၊ နောက်တနှစ်ဆို ကျွန်တော်က ဘွဲ့ရတော့မယ်မဟုတ်လား၊ ဒီတော့မှ ငြိမ်းကို ကျောင်းပြန်ထားမယ်"

မောင်သက်တင်က ကိုရွှေမောင် စကားဆုံးသောအခါ ခေါင်းတဆတ်ဆတ်ညိတ်ရင်း တစုံတခုကို နက်နက်နဲနဲ တွေးနေသည်။

"ဩော်.... ကိုရွှေမောင်၊ ခင်ဗျားကော သောက်ပါအုံးလား..."

"ဟား.... မလုပ်ပါနဲ့၊ ငြိမ်းက ပွတ်နေလို့..."

"ဟား....ဟား သူကတောင် အရက်ဝယ်ခိုင်းနေတာ၊ ခင်ဗျားက ကြောက်ရန်ကော...."

"ကြောက်တာ မကြောက်တာ ဘေးဖယ်ထားဗျာ၊ ကျွန်တော်က အရက်ကို မျိုလို့မရဘူး၊ ဒါထက် ခင်ဗျားကော ဘာဖြစ်နေလဲ"

မောင်သက်တင်က နှုတ်ခမ်းကိုတွန့်၍ မခံချင်သောအပြုံးကို ပြလိုက်သည်။

"ကျွန်တော့်ကို ကျောင်းစာသင်ခန်းကနေ ရိုက်နှင်လွှတ်လိုက်တော့ အရက်ဆိုင်ထဲ ရောက်နေတာပေါ့၊ ဟဲ...ဟဲ"

မောင်သက်တင်က အရက်ကို ရှုံ့မဲ့မျိုချလိုက်ရင်း ဆိုသည်။

"ဟုတ်တယ်၊ ခင်ဗျား ကျောင်းကထုတ်ခံရတယ်လို့တော့ ကြားလား....."

"ထုတ်သမှ ရာသက်ပန်ကို အထုတ်ခံရတာ။ ထုတ်ပစ်ရုံမကဘူး၊ ထောင်ထဲတောင်ချထားလို့ အရက် ၂၀–လောက် သွားနေရသေးတယ်"

"အို..... ဖြစ်ရလေ...၊ ခင်ဗျား ဘယ့်နှယ် လွတ်လာသလဲ..."

"ကျွန်တော် ထောင်ထဲကလွတ်လာတော့ ကျွန်တော့်အဖွဲ့က ခေါင်းဆောင်ကြီးတွေ ဆီးကြိုဂုဏ်ပြုတဲ့ စကားနဲ့ ပြောရရင် သစ္စာဖေါက် ဒူးထောက်အညံ့ခံခဲ့လို့ပေါ့၊ ဟား..... ဟား..... ခွေးသားတွေ..."

မောင်သက်တင်မှာ အတော်မူးနေပြီဖြစ်သည်။ တင်းမာနေသောမျက်နှာမှာ ဒေါသအရှိန်နှင့် အရက်ရှိန် ရောကာ နီမြန်းနေ၏။ အခြေအနေကို ရိပ်မိသော ကိုရွှေမောင်က စကားကို လှီးလွှဲပစ်သည်။

"ဩော်.... ဒါထက် ခင်ဗျား ကိုလှဝေအကြောင်းကော ကြားရဲ့လား....."

မောင်သက်တင်က မျက်မှောင်ကြုတ်၍ ဘာရည်ရွယ်ချက်နှင့်မသိ ကိုလှဝေ၏ နာမည်ကို ထပ်တလဲလဲ ရွတ်လိုက်၏။

"ကိုလှဝေ ..... ကိုလှဝေ၊ ကိုလှဝေကို ကျွန်တော် သိပ်သတိရတယ်။ အင်း... ကိုလှဝေ ဘာဖြစ်သလဲ"

"သတင်းကောင်းပါ၊ အခု ဟို အင်္ဂလိပ်သတင်းစာထဲမှာ နယ်စပ်က တရုတ်ဖြူတွေအကြောင်း ရေးပို့နေတဲ့ သတင်းထောက်ဟာ ကိုလှဝေတဲ့။ အဲဒီသတင်းတွေကို နိုင်ငံခြား သတင်းဖြန့်ချီရေး ဌာနတွေကပါ ကိုးကားနေရလို့ ခုဆိုရင် ကိုလှဝေကို ကမ္ဘာကတောင်သိနေတယ်။ ပြီးတော့ မြန်မာမဂ္ဂဇင်းကြီးတစောင်မှာလဲ နယ်စပ်တောင်တန်းဒေသက တိုင်းရင်းသားတွေအကြောင်း ဓါတ်ပုံဆောင်းပါးတွေ ရေးနေတာလဲ တော်တော်အောင်မြင်နေတယ်"

"ခင်ဗျား ဒါတွေဘယ်ကသိလဲ"

"ဘယ်ကရမလဲ၊ ငြိမ်းဆီကပေါ့။ အခု ငြိမ်းကလဲ စာပေလောက သတင်းစာလောက လူတွေနဲ့ တော်တော် ရင်းနှီးနေတယ်"

"ကိုလှဝေ ထွက်သွားတာ ဘယ်လောက်ကြာဘီလဲ"

"နှစ်လနီးပါးတော့ ရှိဘီ။ ဒီလောက်ဆိုရင် ရန်ကုန်ကို ပြန်များရောက်နေပလား မဆိုနိုင်ဘူး"

မောင်သက်တင်၏ မျက်လုံးများမှာ ရေကူးဝတ်စုံမယ်ဆီ ရောက်သွားပြန်သည်။ မေရီ၏ မျက်နှာကလေးလည်း ပေါ်လာပြန်သည်။

"ဒီလူက ပြန်ရောက်လဲ ပုန်းရှောင်နေအုံးမှာပါလေ......၊ ကျွန်တော် သူ့ကို သိပ်တွေ့ချင်နေတယ်၊ သိပ်ကို တွေ့ချင်နေတယ်...."

မောင်သက်တင်က အံကြိတ်ရင်း အရက်ဖန်ခွက်ကို ကျစ်ကျစ်ပါအောင်ဆုပ်လျက် ပြော၏။

မောင်သက်တင် သိပ်တွေ့ချင်နေသော ကိုလှဝေမှာ ဤအချိန်တွင် တာဝှာဘားအနီး၌ ရောက်နေသည်။

သူက အရင်ကိုလှဝေမဟုတ်တော့၊ စတစ်ကော်လာ အင်္ကျီဖြူ သက္ကလပ်တိုက်ပုံ အညိုဖြော့ဖြော့၊ ရွှေဖလားရောင် ဘန်ကောက်လုံချည်တိုနှင့် သပ်ယပ်ခံ့ညားနေ၏။ သတင်းစာတိုက်အမည် ရေးထားသော အနက်ရောင် အော်စတင်အမျိုးအစား စတေရှင်ဝက်ဂွန်း ကားလေးကို ရှိုင်ရယ်ရုံနှင့် မျက်နှာချင်းဆိုင် တဖက်ရှိ ကားများအပ်နှံဆိုက်ကပ်ရာတွင် သော့ခတ်ထားခဲ့ပြီး တာဝှာဘားရှိရာသို့

ကူးလာခဲ့သည်။ ကူးလာခဲ့စဉ် ကိုလှဝေမှာ အသာပြုံးမိသည်။ အရက်သောက်ချင်လှ၍တော့မဟုတ်၊ သောက်ချင်အုံးတော့လည်း မိမိ ယနေ့ရောက်ရှိနေသော အခြေအနေနှင့် ဤသို့ လူစုံလွန်းသော နေရာမျိုးသို့ ဝင်ခြင်းငှာမသင့်။ သို့ရာတွင် မိမိမွဲတေနေစဉ်က ခင်မင်သိကျွမ်းခဲ့၍ မိမိပေါ် ကောင်းခဲ့သော ဆိုင်ရှင်နှင့် စားပွဲထိုး မဒရာစီကုလား လက်ချမ္ပွန်တို့အား တွေ့ချင်သည်။ လက်ချမ္ပွန်အားလည်း ဘောက်ဆူးကလေး မြက်မြက်ပေးချင်သည်။

ဆိုင်တွင်းသို့ ကိုလှဝေက အနောက်ဖက်အပေါက်မှ ဝင်ရောက်လာသည်။ သူ့အား မြင်မြင်ခြင်း ဆိုင်ရှင်ထောင်ကဲက ဝမ်းသာအားရ နှုတ်ဆက်၏။

"အား.... ဆရာကြီး ကိုလှဝေ၊ တယ်ဟုတ်နေပါလား..."

ကိုလှဝေက ပြုံးရင်း "ဘယ့်နဲ့လဲ၊ ထုံးစံအတိုင်း အရောင်းအဝယ်တော့ ကောင်းရက်ဘဲနော်" ဟု ဆိုသည်။

"အား... ကောင်းလယ်... ကောင်းလယ်.."

ထောင်ကဲက ရယ်မောရင်း ပြောနေစဉ် ဝတ်ဖြူစဉ်ကြယ်နှင့် ဆံပင်လိုင်းတွန့်များကို သပ်ယပ်စွာ နောက်ပြန်ဖြီးထားသော လက်ချမ္ပွန်က ဆလံပေးရင်း အနားသို့ရောက်လာ၏။

"ဘာသောက်မလဲဆပ်..."

"ဩော်.... လက်ချမ္ပွန်၊ ဝီစကီနဲ့ဆိုဒါပေါ၊ မန္တလေးတော့ မဟုတ်ဖူးနော်၊ ဂိုက်လေဘယ်လ်၊ အမြည်းကတော့ ထုံးစံအတိုင်းပေါ့.."

ကိုလှဝေက ဟော်တယ်၏ အနောက်ဖက်နံရံဆီမှ သီးသန့်အခန်းတခုဆီသို့ သွားမည်ခြေလှမ်းပြင်စဉ် သူ့မျက်လုံးများက အရှေ့ဘက်အစွန်စားပွဲမှ မောင်သက်တင်နှင့် ကိုရွှေမောင်တို့အား မြင်မိသည်။ အံ့ဩလွန်း၍ ကိုလှဝေမှာ ခေတ္တငေးကြည့်နေမိပြီးမှ သူတို့အနီးသို့ ခြေလှမ်းကျဲများနှင့် ရောက်သွားသည်။

"ဟာ.... ကိုလှဝေကြီး...."

ကိုရွှေမောင်က အရင်နှုတ်ဆက်သည်။

မောင်သက်တင်က ထိုင်ရာမှ ဒယီးဒယိုင် ထလိုက်သည်။ သူက မျက်လုံးများအား မယုံသယောင် ဖြဲကြည့်လျက် လက်ညှိုးကလည်း လေထဲတွင် ယိမ်းနွဲ့လှုပ်ယမ်းရင်း "ကိုလှဝေ ခင်ဗျား တယောက်လား၊ နှစ်ယောက်လား၊ လူလား တစ္ဆေလား...၊ ကျွန်တော့်မျက်စိထဲ ခင်ဗျား နှစ်ကိုယ်ခွဲခွဲ ထွက်နေတယ်...." ဟု အာလေးလျှာလေးနှင့် ဆိုသည်။

ကိုလှဝေက မရယ်မောမိ၊ မိမိသိခဲ့ရသမျှ ရိုးသားတည်ကြည်၍ အကျင့်စာရိတ္တကောင်းမွန်သော မောင်သက်တင်ဖြစ်နေပုံကိုသာ ရင်ထုမနာနှင့် ခေတ္တကြောင်ငေးကြည့်နေမိသည်။

"ခင်ဗျားကို တွေ့ချင်လွန်းလို့ ကျွန်တော် မနဲလေးမေးရမလား...၊ ဗေဒင်ဆရာ ကပ်ရမလားနဲ့ စဉ်းစားနေတာ"

မောင်သက်တင်ကသာ ဆက်တိုက်ပြောချနေ၏။

"ဒီလောက်တောင်ဘဲလား မောင်သက်တင်၊ ဘာပြုလို့လဲ...."

"ဘာပြုလို့လဲ ဟဲ....ဟဲ..."

မောင်သက်တင်က အဓိပ္ပါယ်မဲ့သယောင် ရယ်မောလိုက်၏။ သို့ရာတွင် သူ့ရယ်သံမှာ နာကျည်းမှုနှင့် ပြည့်နေသည်။

"ဘာပြုလို့လဲ၊ အဲဒါကို ပြောချင်နေတာဘဲ၊ ဒီမှာ ကိုလှဝေကြီး ခင်ဗျားကို ကျွန်တော် အရေးကြီးတာတွေ အများကြီး ပြောစရာရှိတယ်"

ကိုလှဝေက ဘေးတဝိုက်အား ခေတ္တအကဲခတ်ကြည့်လိုက်သည်။ ထိုနောက် လူငယ်နှစ်ဦး၏ ပခုံးကို ဖက်ကာ ခေါ်ငင်သည်။

"လာ.... ဒါဖြင့် ဟိုအခန်းထဲ သွားရအောင်၊ ဒီစားပွဲကဟာတွေအတွက် မပူနဲ့ ထားခဲ့ လာ...."

ပြောပြောဆိုဆို ကိုလှဝေက မောင်သက်တို့အား သီးသန့်အခန်းဆီ ဆွဲခေါ်လာခဲ့သည်။

အခန်းတွင်မူ စားပွဲပေါ်၌ လက်ချမွန်က ဝီစကီဖန်ခွက်၊ ဆိုဒါပုလင်း၊ ရေခဲခွက်၊ အာလူးကြော်၊ ကက်တလိတ်အမြည်း စသည်တို့အား အဆင်သင့်လာချပေးပြီး ဖြစ်နေသည်။

"ဩော်.... ကိုရွှေမောင်၊ ဘာသောက်မလဲ...."

"ဟာ.... ကျွန်တော် မသောက်ပါဘူး"

"ကဲ– လက်ချမွန် ဟိုစားပွဲကဟာတွေ သိမ်းလိုက်၊ စာရင်းကို ငါရှင်းမယ်၊ ပြီးတော့ အခုနင်က သူ သောက်တဲ့ အရက်မျိုးဘဲ၊ ဟတ်ဖ်ပက် ထပ်ယူခဲ့"

အရက်ချင်းရောစ၍ မောင်သက်တင် အမူးမလွန်စေရန် ကိုလှဝေက ခွဲခြားမှာပေးသည်။

"ကိုရွှေမောင်က မောင်သက်တင်နဲ့ အဖေါ်လိုက်လာတာလား"

နေရာတကျထိုင်မိလျှင် ထိုင်မိခြင်း ကိုလှဝေက မေးသည်။

"မဟုတ်ပါဘူး" ဟု အစချီ၍ ကိုရွှေမောင်က သူလာခဲ့ရင်းအကြောင်းနှင့် သူ့အဌထုပ္ပတ္တိအား အကျဉ်းချုံး ပြန်ပြောပြသည်။

"ငြိမ်းဟာ တကယ်သတ္တိကောင်းတဲ့ မိန်းကလေးတဦးဘဲ..."

ကိုရွှေမောင့်စကား ဆုံးသောအခါ ကိုလှဝေက မှတ်ချက်ချသည်။

"ငြိမ်းတယောက် သတ္တိကောင်းသလောက် ခင်ဗျားကြီးက သတ္တိကြောင်တယ် ကိုလှဝေ"

မောင်သက်တင်က ကက်တလိတ်အား ခက်ရင်းနှင့်ကော်စားရင်း ဝေဖန်သည်။

"မင်း..... ဘာဆိုလိုသလဲ မောင်သက်တင်"

ဝီစကီအား အသာစုတ်သောက်နေရာမှ ကိုလှဝေက မေးသည်။

"ဒါ ခင်ဗျားအသိဆုံးပါ"

ကိုလှဝေက အသာပြုံးလိုက်သည်။ မှန်၏။ တကြိမ်ကမူ မိမိသည် သတ္တိကြောင်သူ၊ စိတ်ကူးယဉ် အောက်ခြေလွတ်ခဲ့သူ ဖြစ်သည်။ ယခုမူ မဟုတ်တော့။ ဝါဒစကားလုံးကြီးကြီးနှင့် သူ နိုင်ငံရေးရာ စိတ်ကူးယဉ်ခဲ့သမျှမှာ တောင်တန်းနယ်စပ် ဒေသတဝိုက်မှ တိုင်းရင်းသားတို့၏ ဒုက္ခဆင်းရဲများကို မြင်ခဲ့ရသောအခါ ပျက်ပြယ်ကုန်၍ လက်တွေ့ဆန်လာခဲ့သည်။ လူမနီးသူမနီး တောကြီးမျက်မဲထဲ၌ လူမသိသူမသိနှင့် ဘေးဒုက္ခအသွယ်သွယ်၊ အန္တရယ်အစုစုအား အမှုမထားဘဲ နိုင်ငံ့ဝန်အား အသက် စွန့် ထမ်းဆောင်နေကြသော တပ်မတော်သားများ၏ဘဝကို မျက်မြင်ကြုံတွေ့ခဲ့သည့်နောက် သူ့စိတ်

မှာ သတ္တိသွေးသစ်နှင့် ထွန်းပြောင်လာခဲ့၏။ သို့ရာတွင် ယခု မောင်သက်တင်က သူ့အား သတ္တိကြောင်သူအဖြစ် စွပ်စွဲနေချေပြီ။

“မင်းပြောချင်တာကိုသာ ဆက်ပြောစမ်းပါ မောင်သက်တင်...”

“ပြောမှာပါဘဲ ကိုလှဝေ။ ကျွန်တော်က ဒီစကားကို ပြောချင်လွန်းလို့ စောင့်နေခဲ့တာ ကြာပါဘီ”

မောင်သက်တင်မှာ အမူးရုတ်တရက်ပြေသွားသည့်အလား ခေါင်းမှာမော့်လာ၍ ကိုယ်မှာမတ်လာသည်။

“ခင်ဗျား စိတ်ကူးယဉ် အောက်ခြေလွတ် မှုကြောင့် အပြစ်မဲ့တဲ့ လူသား ၃–ဦးဟာ မျက်ရည် ပေါက်ပေါက် ကျရဘီ သိလား။ ဒီလူတွေဟာ ဘယ်သူတွေထင်လဲ၊ ခင်ဗျားကိုချစ်မိတဲ့ မမန္တ့ရယ်၊ ခင်ဗျားလိုလူကိုမှ သူငယ်ချင်းလုပ်မိတဲ့ ဆရာဦးမြင့်သူရယ်။ ပြီးတော့ ပြီးတော့ အပြစ်မဲ့တဲ့ မေရီရယ်၊ ဒီ ၃–ယောက်ပေါ့။ ဟဲ....ဟဲ... နောက်ထပ်တိုးချင်သေးရင် ခင်ဗျားရှေ့က သေက်တင်ရယ်”

မောင်သက်တင်က အံကိုကြိတ်၍ သူ့ရင်ထဲရှိသမျှကို ဖွင့်ချလိုက်သည်။ ကိုလှဝေ၏ တည်ငြိမ်နေသော မျက်နှာထားမှာ မှုန်မှိုင်းသွား၍ ရင်မှာလည်း လှုပ်ရှားလာသည်။ မမြော်လင့်ဘဲ ကြားလိုက်ရသည်မို့ စကားပြန်မချေနိုင်။ မောင်သက်တင်အားသာ ပြန်ငေးကြည့်နေမိသည်။

“ခင်ဗျားက လမ်းစပျောက်အောင် ရှောင်ပြေးတော့ မမန္တ့က ဘာလုပ်ရမလဲ၊ မိန်းမသားတယောက် အနေနဲ့ ပတ်ဝန်းကျင်နဲ့ မိဘအသိုင်းအဝိုင်းကို ဘယ်လို လွန်ဆန်နိုင်ပါ့မလဲ။ ချစ်သူကြောင့် ကွဲခဲ့တဲ့ အသဲနဲ့ မချစ်သော်လဲ ကြင်နာမဲ့ လူတယောက်ရဲ့ ရင်ခွင်ထဲ မျက်ရည်လည်ရွဲနဲ့ ဝင်တော့မယ့် မမန္တ့ကို ခင်ဗျား အပြစ်ဆိုမလား၊ တပါးသူကို ချစ်ရက်နဲ့ ကြင်နာရမဲ့သူမို့ မမန္တ့ကို သိမ်းပိုက်ရတော့မယ့် ဆရာ့အသဲနှလုံးက ဒဏ်ရာကို ခင်ဗျားက ဘယ်ဆင်ခြေနဲ့များ လွှမ်းပစ်မှာလဲ၊ အဆိုးဆုံးက ဆရာ့ဆီက အချစ်ကို ရယူဘို့ မဖြစ်နိုင်မှန်းသိလျက်က ဆက်ထားရှိခဲ့တဲ့ မြော်လင့်ချက် ပျက်ပျုံးတဲ့ အဆုံး ဘဝကိုပါလုံးလုံး ရေစုံမျောစေပြီး ထင်ရာစိုင်းလေတဲ့ အမိုက်မ မိမေရီအတွက် ခင်ဗျားက ဘယ်ဖြေဆေးကိုများ ပေးမှာလဲ”

စိတ်ထိခိုက်ခြင်းကြီးစွာဖြင့် ကြေကွဲမှုတဝက် ဒေါသတဝက်နှင့် ပြောချနေသော မောင်သက်တင်၏ ထက်မြက်သော စကားလုံးများက ကိုလှဝေ၏ အသဲလွှာတွင်းသို့ ဖေါက်ထွင်းချင်းနင်းဝင်သွားသည်။

“ဒါတွေကို ငါဘာမှမသိဘူး မောင်သက်တင်၊ ငါ့အပြစ်ဘဲထားပါတော့၊ မေရီက ကိုမြင့်သူကို ချစ်နေတယ်ဆိုတာ မင်းဘယ်လိုလုပ်သိသလဲ”

မောင်သက်တင်က သူ့ရှေ့တွင် ရောက်နေပြီဖြစ်သော အရက်ခွက်ကိုယူကာ တကျိုက် မော့သောက်လိုက်သည်။

"ဘယ်လိုသိသလဲ၊ ဟဲ.....ဟဲ.....၊ သိရပုံကလား၊ ကျွန်တော့်အသဲနဲ့ရင်းပြီး သိခဲ့ရတာပေါ့"

မောသက်တင်၏ တင်းမာနေသော မျက်နှာကလေးမှာ ညှိုးကျသွား၍ အသံမှာလည်း ပြော့ပျောင်း တုန်ယင်လာသည်။

"တကြိမ်က ကျွန်တော်ဟာ မေရီ့အပေါ် အမုန်းသည်းခဲ့တယ်။ အမုန်းသည်းခဲ့သမျှ တချိန်ကျတော့ အချစ်ကြီးခဲ့မိရပြန်တယ်၊ ဒါပေမယ့် ကျွန်တော့်အချစ်က မတုံ့ပြန်လာသော မေတ္တာသဘောပါဘဲလေ။ ဒီလိုဆိုလို့ မေရီက ကျွန်တော့်ကို မုန်းသလားမေး၊ မမုန်းပါဘူး၊ ဒါပေမယ့် မချစ်ဖူး၊ ကျွန်တော့်အပေါ် မေရီက ကရုဏာတော့ရှိပါတယ်။ ဒီကရုဏာက ကရုဏာတွင်ဘဲ ရပ်နေခဲ့တယ်၊ မဆုံးကရုဏာပေါ့။ စရုံသာစပြီး အဆုံးမသတ်တဲ့ မရွှေမေရီရဲ့ ကျွန်တော့်အတွက် မဆုံးလေသော ကရုဏာ သဘောတွေ...."

မောင်သက်တင်က ငိုခြင်းထက် ဆို့နင့်ဘွယ်ဖြစ်သော ရယ်သမှုကို ပြုလိုက်သည်။

"ကျွန်တော်က သီချင်းမစပ်စဖူးစပ်၊ တေးမသိစဖူးသီ၊ ပန်သူမဲ့တဲ့ ကျွန်တော့်သဲဦးပန်းကို ဖွဲ့နွဲ့လိုက်ခဲ့ရတာတွေလေ....၊ ဒါပေမယ့် ကိုစောငြိမ်းရေးခဲ့သလို ငွေစပယ်ကြုံမွှေးကိုမှ သူရွေးပြီထင်တယ်...."

မောင်သက်တင်က သံနေသံထားနှင့် တချက်ဟဲလိုက်သဖြင့် ဘေးမှငြိမ်လျက် အာလူးကြော်ဝါးနေသော ကိုရွှေမောင်မှာ စိတ်မကောင်းသည့်ကြားမှ ပြုံးမိသွားသည်။

"ကျွန်တော်က အဖမ်းမခံရခင်ကလေးမှာ ကျွန်တော့်ရင်ထဲရှိသမျှ မေရီ့ကို ဖွင့်အန်ပြခဲ့တယ်။ ဒီတော့ မေရီက ချုန်းပွဲချငိုခဲ့တယ်။ မေရီပြန်ပြောခဲ့တဲ့ စကားလေးဟာ ကျွန်တော့်နားထဲမှာ မပျောက်ပျက်သေးဘူး။ "ကိုသက်တင်ရယ် မီးလောင်မြေမှာ နွယ်နီပန်းကို မပျိုးလာပါနဲ့" တဲ့။ ဟုတ်တယ်၊ မေရီ့အသဲက ဆရာ့အတွက် လောင်ကျွမ်းခဲ့ပြီးဘီ၊ ကျွန်တော့်အသဲကလဲ မေရီ့အတွက် ကြေပျက်ခဲ့ပြီးဘီ"

မောင်သက်တင်က အရက်ကို မော့လိုက်ပြန်သည်။

ယခုအချိန်အထိ ငြိမ်နေသော ကိုရွှေမောင်က ဝင်ပြော၏။

"ဟုတ်တယ်၊ ဆရာ့အပေါ်ထားခဲ့တဲ့ သူ့မေတ္တာအကြောင်းကို မေရီဟာ မျက်ရည်လည်ရွှဲနဲ့ ငြိမ်းကိုလဲ ပြောပြဘူးတယ်တဲ့"

ကိုရွှေမောင်က ငြိမ်းထံမှ သူသိမျှအား ဆက်လက်ပြောပြနေသည်၊ သူ့စကား ဆုံးသောအခါ ကိုလှဝေက စိတ်မချမ်းသာခြင်းကြီးစွာနှင့် ခေါင်းကိုသာ တွင်တွင်ယမ်းနေသည်။

"ခုနင်က မောင်သက်တင်ပြောတဲ့အထဲမှာ အဖမ်းခံရတယ်ဆိုတာဘာလဲ"

မောင်သက်တင်၏ မျက်နှာမှာ ပြန်လည်တင်းမာလာသည်။

"ကျောင်းမှာပေါ်ခဲ့တဲ့ အောက်တိုဘာဆူပူမှုနဲ့ ပတ်သက်လို့ပေါ့။ ကျွန်တော် အချုပ်ထဲ ရောက်သွားတော့ ဘယ်သူမှ ပေါ်မလာကြဘူး၊ အကုသိုလ်ကံကလဲ ဆင့်ကဲကျလာတယ်။ အချုပ်ကျနေတုန်း ကျွန်တော့်အဖေ လေဖြတ်လို့ မမာပင်စင် ယူလိုက်ရတယ်ဆိုတဲ့စာ အမေ့ဆီကလာတယ်။ ကျွန်တော် ဘာလုပ်ရမလဲ၊ ကိုယ့်အမှား ကိုယ်ဝန်ခံပြီး ဆရာဦးမြင့်သူရဲ့ အာမခံချက်နဲ့ ထွက်လာခဲ့ရတယ်။ ကျွန်တော် ဘာမှမဖော်ခဲ့ဘူး၊ ဘာမှသစ္စာမဖောက်ခဲ့ဘူး၊ ဒါပေမယ့်....."

မောင်သက်တင်က နာကျည်းစွာ ပြုံးသည်။

"ဒါပေမယ့် အပြင်မှာကျန်ရစ်တဲ့ ရဲဘော်သူရဲကောင်းကြီးတွေက ကျွန်တော့်ကို ပြောင့်ညံ့သူ၊ ဒူးထောက်သူ သစ္စာဖောက်ဆိုတဲ့ ဘွဲ့တွေနဲ့ ဆီးကြိုဂုဏ်ပြုကြတယ်လေ၊ ဒီမောင်တွေကတော့ ဘာလုပ်နေလဲ သိလား၊ ဆူဆူပူပူ အာဏာဖီဆန်ရေးတွေသာ လူတကာ မြှောက်ပေးနေကြတာ၊ အရေးကျတော့ သူတို့ကိုကယ်မဲ့ ကြီးကြီးမားမားတာ အမျိုးတွေရှိတယ်၊ အဖမ်းအဆီးတွေလဲ လုပ်ရော၊ အဲဒီ အမျိုးတွေအိမ်မှာ ကုပ်ကုပ်လေးတက်နေပြီး အိပ်လိုက်စားလိုက် စာဖတ်လိုက် လုပ်နေကြတယ်။ ဒီသတ္တိမျိုးတော့ လူတိုင်းရှိပါတယ်ဗျာ...."

မောင်သက်တင်က စားပွဲကို လက်သီးနှင့်ထုလိုက်သည်။

"အခု ကျွန်တော်က အလုပ်ရှာရမယ်။ ကျောင်းကလဲ အထုတ်ခံထားရဘီ။ ဘယ်သူကမှလဲ အလုပ်မပေးဘူး။ ကိုရှိန်တို့ပြောတာ သိပ်မှန်တယ်။ တကယ်ထမင်းငတ်တော့ ဘယ်သူ့အမေလင် နိုင်ငံရေးသမားကမှ ထမင်းလာမကျွေးဘူး...."

ကိုလှဝေက အသာပြုံး၍ သူ့အား မေးလိုက်သည်။

"မင်း အလုပ်ယူမလား..."

"ခင်ဗျားက ပေးနိုင်လို့လား..."

"ပေးနိုင်လို့ မေးနေတာပေါ့....."

"ဘာအလုပ်လဲ...."

"သတင်းထောက်...."

တကယ်ပြောနေတာလား....၊ ကျွန်တော်က အပတ်လုပ်မှာ...."

"တကယ်ပြောနေတာပါ မောင်သက်တင်ရာ၊ နက်ဖြန်ကျ ငါကိုယ်တိုင်မင်းကို လာခေါ်ပါ့မယ်။ မင်းအခု ဘယ်နေလဲ..."

"ဟိုနေဒီနေဘဲ၊ အခု ဆင်းရဲ့ဦးလေးဆီလားမသိဘူး၊ ပန်ချာပီဆရာဝန်တဦးရဲ့ ဆေးတိုက်အောက်ထပ်မှာ နေနေတယ်။ မဂိုလမ်းတွင်ဘဲ"

ကိုလှဝေက မောင်သက်တင်အား အရက်ထပ်ပေးသင့် မပေးသင့် ချိန်နေသည်။ မောင်သက်တင်မှာ သတိမလွတ်သော်လည်း ခေါင်းမှာ တဖြည်းဖြည်းကျိုးကျနေ၏။

"ဒါထက်.... အခု မေရီရော..."

"မေရီ..... ပျက်စီးနေဘီ"

"ဘယ်လို.... ဘယ်လို.... မောင်သက်တင်"

ကိုလှဝေက ထိတ်လန့်တကြား မေးလိုက်သည်။

"ခင်ဗျား သင်သင်ကို မှတ်မိလား"

"အင်း...."

"ဟိုကောင်နဲ့ တွဲလိုက်တာ အခု ကျောင်းကထွက်ပြေးရဘီ၊ ဘာကြောင့်လဲဆက်မမေးနဲ့၊ တွေးယူ"

"အို.... ကျွတ်... ကျွတ်"

ကိုလှဝေမှာ အမှန်ပင် စိတ်ထိခိုက်သွားသည်။

"အခုမေရီ ကျောင်းဆောင်မှာ မဟုတ်တော့ဘူး၊ သူ့ဦးလေးအိမ်မှာ။ သူ့ဦးလေး ကြည့်ရဒါတော့ လူရိုးဘဲ၊ ဒါပေမယ့် သူ့သမီး စတယ်လာတို့က လှလှတင်တို့ အသိုက်ထဲကဘဲ။ မေရီဟာ အခု ကျားနာမလေးလိုဘဲ ထင်ရာစိုင်းနေတယ်။ ဒီကောင်တွေနဲ့ တွဲပြီး ပွတ်သဘင်တွေ ဘာတွေတောင် လိုက်နေတယ်လို့ ပဂ္ဂီဆီက ကြားတယ်"

ကိုလုဝေမှာ တုန်လှုပ်ချောက်ချားသွားသည်။ ကိုယ်တိုင် စိတ်နောက်ကိုယ်ပါ မိုက်မှားဘူးသဖြင့် မေရီကဲ့သို့ ငယ်ရွယ်သူတဦး မည်သည့်အထိ လိမ့်လဲသွားနိုင်သည်ကို သိပေမည်။ လက်တွေ့ မိမိရှေ့၌ ဇက်ကျိုးစပြုနေသူ မောင်သက်တင်၏ဘဝက ဥပမာပြနေ၏။

"ကိုလုဝေကြီး ကျွန်တော်ပြောတာ နားထောင်ပါ။ ဒီအရှုပ်ကို ရှင်းနိုင်တာ ခင်ဗျားတယောက်ဘဲ ရှိတယ်။ ကျွန်တော်ပြောတာ နားလယ်ရဲ့လား"

မောင်သက်တင်၏ လျှာမှာ လေးလံနေကာ စကားများလည်း ထပ်လာ၏။ ခေါင်းမှာလည်း မထူတော့။

"ကျွန်တော်ပြောတာ နားလယ်တယ်မဟုတ်လား ကိုလုဝေ...။ ကျွန်တော်က ကိုယ့်ကိုမချစ်တဲ့ ကိုယ်က ချစ်သူကို သူချစ်တဲ့သူကို ချစ်သူနဲ့ရဘို့ ကိုယ်ကျိုးစွန့် တိုက်တွန်းနေတာကို ခင်ဗျားက၊ အဲ–ခင်ဗျား ချစ်တဲ့ ခင်ဗျားချစ်သူကို သူမချစ်သူနဲ့ မပေါင်းစေဘဲ၊ အား.... ကျွန်တော့်စကား ဘယ်ရောက်သွားဘီလဲ၊ အဲ..အဲ... သူမချစ်တဲ့သူနဲ့ မပေါင်းစေဘဲ၊ ကဲ.... ကဲ.... ယူဘို့ဝန်လေးနေရင် ခင်ဗျား နွား–နွားဘဲ။ ဝတ်ထရိန်းလို့အော် သွား။ မြက်စား..."

မောင်သက်တင်က စကားအဆုံးတွင် စားပွဲခုံပေါ်သို့ မျက်နှာမှောက်လျက် ကျသွားသည်။

"သူ့ ဘယ့်နှယ်လုပ်မလဲ..."

ကိုလုဝေက ထပ်မေးသည်။

"သူ့နေရာလဲမသိဘူး၊ ဒီအခြေနဲ့ ပြန်လွှတ်ဖို့မသင့်ဘူး။ ကျွန်တော်တော့ ကျွန်တော့်အိမ် ခေါ်သွားချင်တယ်..."

ကိုရွှေမောင်က အကြံပေးသည်။

"ကျွန်တော့်မှာ ကားပါပါတယ်။ ခင်ဗျားဘယ်နေလဲ...."

"ကြည့်မြင်တိုင် ဓမ္မိကဝတီလမ်းမှာ"

ကိုလှဝေက လက်ချမွှန်အားခေါ်၍ ကျသင့်သောအဖိုးနှင့် ဘောက်ဆူးကိုပါ ပေးသည်။ ပြီးမှ သတိရကာ ငွေထပ်ထုတ်ပြီး "လက်ချမွှန်-ဘီယိုက်အလတ်စားတလုံး ပေးပါ" ဟု မှာလိုက်ရသည်။

"ဟာဗျာ.. အားနာစရာကြီး..."

"ကိစ္စမရှိပါဘူး။ လာ-မောင်သက်တင်ကို တွဲခေါ်ကြရအောင်"

ကိုလှဝေက လက်ချမွှန် လာပေးသော ဘီယိုက်ဘရန်ဒီကို ကိုရွှေမောင်အား လှမ်းပေးလိုက်ပြီး နှစ်ဦးသား မောင်သက်တင်အား တွဲခေါ်ယူကြသည်။

မောင်သက်တင်မှာ ဟန်မဆောင်နိုင်တော့သော်လည်း သတိရှိသင့်သလောက် ရှိသေးသည်။

ကိုလှဝေ၏ ကားနောက်ပိုင်း၌ မှီထိုင်မိလျှင်ပင် ပါးစပ်မှ ညည်းညည်းညူညူ ရေရွတ်လိုက်၏။

"သြော်.... မေရီ မေရီ....၊ မေ-ရီပေမယ့် မောင်ငိုရဘီ"

ကိုလှဝေက ကားအား စက်နှိုးထွက်ခဲ့စဉ် မောင်သက်တင်၏ နောက်ဆုံးစကားကြောင့် မချိတင်ကဲ ဖြစ်သွားမိသည်။

ကားနောက်ပိုင်းမှ မောင်သက်တင်ကမူ လျှာအာလေးနေသော်လည်း ဆွေးမြေ့ဘွယ်ရာ သီချင်းတပုဒ်ကို ဆို၍မျှားပင်နေပါ၏။

"သြော်.... သဲဦးပန်းရယ်၊ ပန်ဆင်သူမဲ့ပြီကွယ်။ ညှိုးမူ-ပိုးကူမဖျက်လေနဲ့။ ရွာရက်မှာပြေး...၊ ချစ်မိုးဝေတဲ့ရာသီ၊ နွေရက်ရှည်မော...၊ ကြွေသက်မည်စော...."

× × ×× × ×

ဤအချိန်တွင်ပင် မောင်သက်တင်၏ သဲဦးပန်းအား ငြင်းဆန်ခဲ့သူ မေရီတယောက်က သူမချစ်သူ၏ ရင်ခွင်ဝယ် တွဲမှီလျက်ရှိနေသည်။

နေရာမှာ အင်းလျားအလွန် ပြည်လမ်းမဘေးမှ ခေတ်မှီခံ့ညားထယ်ဝါသော တိုက်ကြီးတလုံးအား ဗဟိုပြုထားသည့် ပန်းမာန်ဥယျာဉ်တို့ဖြင့် တင့်တယ်သာယာသော ခြံကျယ်တခုတွင်ဖြစ်သည်။

အိမ်ရှင်မှာ ဗိုလ်ကျောင်းထွက် အထက်တန်းစားများ ကပြားများနှင့် ပေါင်းမိလျှင် မြန်မာပြည်အကြောင်း သိပြီထင်နေသော ပြည်ထောင်စုသမ္မတနိုင်ငံတော်၏ မြောက်မြားလှစွာသည့် မျက်နှာဖြူခေတ် ခနရှင် ဧည့်သည်တော်ကြီးတဦးဖြစ်သည်။

အိမ်ကြီး၏ တောင်ဘက်မှ တင်းနစ်(စ်)ကစားကွင်းမှာ လေးဘက်လေးတန် ထိုးထားသည့် ဓာတ်မီးရောင်တို့ဖြင့် ထိန်လင်းနေသည်။ ကစားကွင်းထဲတွင်မူ ခပ်လှမ်းလှမ်းစားပွဲတခုရှိ ဂရမ္မာဖုန်းမှ လာနေသော အနောက်နိုင်ငံတေးအလိုက် ဖိုမစုံညီတို့ ရင်ချင်းမှီတွဲ၍ ခက်ညက်ညက် ကကွက်ကို ဖေါ်နေကြ၏။

မေရီက ရေညှိစိမ်းရောင် ဘရိုကိတ်ထဘီ နိုင်လွန်ဖြူအင်္ကျီ လက်ပြတ်နှင့်ဖြစ်၍ ရွှေတကန့် ကျောက်စိမ်းတကန့် ဆွဲကြိုးလေးမှာ မေရီ၏ သွယ်ရှင်းသော လက်တိုင်ဝင်းဝင်းဝယ် မီးရောင်ကြောင့် ထွန်းလဲ့နေ၏။

မေရီ၏ အဝတ်တန်ဆာတို့က ပြောင်လက်နေသော်လည်း မေရီ့မျက်လုံးများမှာ ရီဝေ၍ မျက်တောင်များက စင်းကျနေသည်။ ဦးခေါင်းမှာ ရီဝေဝေဖြစ်လျက် အတွေ့အထိ အကြားအသိတို့မှာ မပြတ်သားမထက်မြက်၊ ထုံထိုင်းထိုင်းဖြစ်နေသည်။ အနီရောင် ဘိုးတိုင်လည်စည်း ရှတ်စကင်းကုတ်အင်္ကျီဖြူ နက်ပြာရောက် သက္ကလက်ဘောင်းဘီရှည်နှင့် လူကြီးလူကောင်းဂိုက် ဖမ်းနေသော ဟင်နရီညွန့်က ဦးဆောင်ကွေ့ပတ် ကလေရာ နောက်သို့ စည်းမလွတ်ရုံ အလိုက်သင့် မှီပါနေရ၏။

ဟင်နရီညွန့်၏ အပွေ့မှာ ထုံးစံထက်လွန်၍ တင်းကျပ်ပြီး ရင်ချင်းမှာလည်း လိုသည်ထက်ပိုနီးကပ်နေသည်ဟု မေရီကထင်သည်။ သို့ရာတွင် ရုန်းကန်ငြင်းဆန်ရန် မေရီ၌ အားကမရှိ။

လှလှတင်နှင့် စတယ်လာတို့လည်း အတွဲကိုယ်စီနှင့် ရယ်မောစကားပြောရင်း ကလျက်ရှိသည်ကို မေရီက ဟင်နရီညွန့်၏ ပခုံးထက်မှာကျော်၍ မြင်ရသည်။

ကံအားလျော်စွာ သီချင်းသံက ရပ်သွားသည်။ ကနေသော အတွဲအသီးသီးက ရပ်လိုက်ကြ၍ လက်ခုတ်တီး ဩဘာပေးသည်။

မေရီက ဟင်နရီညွှန့်အား ပြုံးကြည့်လိုက်၍ "မေရီ နားချင်သေးတယ်" ဟုဆိုကာ ကစားကွင်းမှ အပြင်သို့ထွက်လာသဖြင့် ဟင်နရီညွှန့်ကလည်း ကပ်လိုက်ပါလာသည်။

ခါတ်စက်ဖွင့်နေသော အိမ်ရှင်မျက်နှာဖြူက ဘာအော်၍ လှမ်းပြောလိုက်သည် မသိ။ ကပွဲပရိသတ်က ဆူညံစွာမြူးတူးစွာ အော်ဟစ်လိုက်ပြီး လက်ခုပ်တီးကြသည်။ ခဏအကြာတွင် သွက်သွက်နှင့် လှုပ်ရှား ထကြွသော တီးလုံးသံက ပေါ်လာသည်။ အိမ်ရှင်မှာလည်း ကပွဲဝိုင်းအတွင်းသို့ ဝင်လာကာ သူ့ထက် တပေခန့် အရပ်နိမ့်သော အမျိုးသမီးတယောက်ကို ဆွဲ၍ တွဲကဝင်နွဲနေသည်။ ပရိသတ်မှာ သွက်လက် မြူးထူးသော တင်ဂိုအကကို စနေကြပေပြီ။

မေရီက မလှမ်းမကမ်း သစ်ပင်တပင်အောက်ရှိ စားပွဲတလုံးနှင့်ပြင်ထားသော ဘားရှိရာသို့ လျှောက် လာခဲ့သည်။

"မေရီ ဘာသောက်မလို့လဲ...." ဟင်နရီညွှန့်က မေးသည်။

"နဲနဲမူးနောက်နေလို့ ရေခဲရေတခွက်လောက် သောက်ချင်တယ်..."

"ခုနင်ကလို လိုင်းမ်ဂျူစ် သောက်ပါလား..."

"ဟင့်အင်း... ဒီလိုင်းမ်ဂျူစ်လဲကုန်ရော မေရီလဲ တမျိုးကြီးဖြစ်လာတာဘဲ...."

"အခန့်မသင့်လို့ပါ၊ စောစောက မေရီဘူဖေးစားတာ များသွားတယ်ထင်တယ်..."

ဘားမှ စားပွဲထိုးလှမ်းပေးသော ရေခဲရေခွက်ကို ဟင်နရီညွှန့်ကယူလိုက်ပြီး မေရီ့အားတဆင့်ပေးသည်။ သူကိုယ်တိုင်ကမူ ဘီယာသံဗူးတလုံးကို ဖေါက်ခိုင်း၍ စုတ်သောက်ယူနေသည်။

ခါတ်စက်ဆီမှာ ကကြိုးတီးဝိဇ္ဇာ ဗစ်တာဆီဗလ်စတား၏ တင်ဂိုဘိုလားရိုးတေးသွားမှာ မြိုင်မြိုင်ကြီး ထွက်ပေါ်နေ၍ တင်းနစ်ကစားကွင်းလယ်မှ ပရိသတ်မှာလည်း အမြူးကြီးမြူးနေကြပေပြီ။

"မေရီ–တပွဲလောက် နွဲလိုက်ကြစို့ပါအုံးလား..."

ဘီယာဗူးကိုကိုင်ရင်း ဟင်နရီညွှန့်က ဆွယ်သည်။

"အို.... မေရီ ခေါင်းထဲကမူးနေတယ်၊ နားနေချင်လိုက်တာ၊ ပြီးတော့ တင်ဂိုလဲ မကတတ်ပါဘူး..."

ဟင်နရီညွှန့်က ဘာကိုကျေနပ်သည်မသိ၊ အသာပြုံးလိုက်သည်။ ဘီယာဖူးကို စားပွဲပေါ် ချထားလိုက်ပြီး "လာမေရီ၊ ခြံထဲသွားထိုင်ရအောင်၊ လေဝဝရှူလိုက်ရရင် နေသာသွားမှာပါ" ဟု ဆိုသည်။ စကားဆုံးလျှင် သူကရှေ့ဆောင်၍ အိမ်၏နောက်ဖက်ကျသော ခြံအတွင်းပိုင်းသို့ မေရီအား ခေါ်ခဲ့သည်။

တနေရာတွင်မူ စိန်ပန်းပင်ရိပ်အောက်၌ ချထားသော ဆေးစိမ်းသုတ် ခုံတန်းနောက်မှီပေါ် ခေါင်းတင်မှီ၍ ခြေပစ်လက်ပစ်ကလေး ထိုင်နေမိသည်။

ဤနေရာသို့ မီးရောင်က တိုက်ရိုက်မလာ။ သို့ရာတွင် မနီးမဝေးတွင်ရှိ သစ်ပင်တပင်၌ ခတ်ကြိုး သွယ်ထွန်းငြိထားသည့် မီးလုံးများမှ အရောင်တို့မှာ ပြန်ဟပ်လာမှုကြောင့် မှောင်၍မနေပေ။

မေရီက မိမိ ဤညဥ့်ကြုံခဲ့ရသမျှကို အသာငြိမ်တွေးနေမိသည်။ ဤပါတီသို့ ရောက်လာစကမူ ဝင်ကမည်ဟု စိတ်ကူးမထည့်မိ။ သို့ရာတွင် ဟင်နရီညွှန့် ယူလာပေးသော သမ္ဘာရာဖျော်ရည်တခွက်ကို သောက်ပြီးသည့်နောက် မိမိ ဘာတွေလုပ်မိခဲ့သည်ကိုမသိ။ အစပထမသော် စိတ်မှာရွှင်လာ၍ ရယ်မောရသည်မှာ လွတ်လပ်ကာ နှစ်နှစ်ခြိုက်ခြိုက်ရှိလှ၏။ မရည်ရွယ်ဘဲနှင့် ဟင်နရီညွှန့်နဲ့တွဲ၍ ဘယ်နှစ်ကြိမ် ကမိသည်လည်း မမှတ်မိတော့၊ ထမင်းစားအပြီးတွင်မူ လူမှာလေးလံလာ၍ ခေါင်းမှာလည်း သိသိသာသာ မူးဝေလာသည်။

ခေါင်းကိုမော့၍ ပွင့်ရုံ စင်းမေးဖွင့်ထားသော မေရီ့မျက်လုံးများက စိန်ပန်းရွက်များကြားမှ မဲမှောင်သော မိုးပြင်နောက်ခံဝယ် တလဲ့လဲ့ပေါ်ထွက်နေသည့် ကြယ်ဖူးကြယ်ပွင့်တို့အား မြင်နေသည်။

နှင်းမှုန်များမှာ မသိမသာ ဖွဲဖွဲကျဆင်းနေလျက် မြောက်ပြန်လေက အသာအယာ ဝင်လာတိုးဝှေ့နေ၏။

မြောက်ပြန်လေ၏ အတွေ့က အေးချမ်းနေသော်လည်း ထူးဆန်းသည့် ဆွေးမြေ့ခြင်း ဝေဒနာ တရပ်အား မေရီ့၌ ပေါ်လာစေသည်။

မေရီ့မျက်တောင်များက စင်းမေးကျလာ၏။ မျက်လုံးပိတ်ထားသော်လည်း သဏ္ဌာန်တခုက အာရုံတွင် ပေါ်နေသည်။ နားမှာလည်း အသံတို့ကို ကြားနေသည်။

"မေရီ့ကိုယ်မေရီ ကောင်းကောင်းထိန်းနိုင်ပါစေ..."

ထိုအခိုက်တွင်ပင် ပူနွေးသော လက်မောင်းများက မိမိကိုယ်လေးအား ပွေ့ယူထားမှန်း မေရီသည် သတိပြုမိ၏။ ပါးပြင်ထက်သို့ နှာခေါင်းမှ လေတိုးသည်ကို ခံစားလိုက်ရပြီး ပူနွေးတုန်ယင်သော နှုတ်ခမ်းများက မိမိ၏ နှုတ်ခမ်းလွှာများပေါ် တွန်းဖိကျရောက်လာ၏။

မေရီ သတိကောင်းကောင်းရသော အချိန်တွင်မူ နာကျည်းနင့်နဲလှသော ဝေဒနာတရပ်က ရင်ကို လွှမ်းခြုံထားသည်။ ရုတ်တရက် ထိုင်ရာမှထလိုက်မိပြီး ရီဝေသောမျက်လုံးများဖြင့် မိမိအား စူးစိုက်ငေးကြည့်နေသူ ဟင်နရီညွှန့်အား ရွံရှာမုန်းတီးစွာ ခေတ္တပြန်ကြည့်နေမိ၏။ နောက် မိမိကိုယ်မိမိ ဘာလုပ်လိုက်သည်မသိမီ မိမိ၏လက်ဝါးက သူ၏ပါးပြင်ကို တအားချမိပြီး ဖြစ်သွား၏။

နောက်တခဏ၌မူ မေရီသည် ရှက်စိတ်၊ ဝမ်းနည်းစိတ် ဒေါသစိတ်များနှင့် မွန်ထူကာ ခြံတွင်းမှနေ၍ တဖွတ်ထိုး ထွက်လာခဲ့မိသည်။

သို့ရာတွင် ပြည်လမ်းမပေါ်သို့ အရောက်တွင်မူ နောက်မှ ဟင်နရီညွှန့်က မီလိုက်လာသည်။

"အို.. မေရီ၊ နေအုံးလေ...၊ ဒါဘယ်လဲ...."

ဟင်နရီညွှန့်က မေရီ၏ လက်လေးအား ဆွဲယူထားလိုက်သဖြင့် အရှိန်နှင့်သွားနေသူ မေရီမှာ တုံ့ကနဲ တန့်လည်ပတ်လျက် သူနှင့် မျက်နှချင်းဆိုင် ရပ်မိသွား၏။

"ရှင်–ကျမလက်ကို လွှတ်ပါ..."

"အို... ဒီလောက်လဲ ဒေါသမကြီးပါနဲ့ မေရီ၊ ကျွန်တော် ပြောပါအုံးမယ်"

"ရှင့်စကားမကြားချင်ဘူး၊ လွှတ်ဆိုလွှတ်နော်..."

မေရီက အတင်းရုန်းသည်။ သူကလည်း မလွှတ်။ မြဲမြံစွာ ဆုပ်ကိုင်ထား၏။

ထိုအခိုက်တွင်ပင် ကျွီကနဲဘရိတ်အုပ်သံနှင့်အတူ ကားနက်ကလေးတစီးက သူတို့အနား ထိုးရပ်လိုက်ပြီး ကားပေါ်မှ ကိုလှဝေက ဆင်းလာသည်။

"မေရီ... ဘာဖြစ်သလဲ..."

ကိုလှဝေက ခြေလှမ်းကျဲကြီးများဖြင့် ချဉ်းကပ်လာရင်း မေးသည်။

ဟင်နရီညွှန့်မှာ ကိုယ်ရှိန်သတ်သွားသည်။ မေရီမှာ အစပထမ၌ ထိန်လန့်သွားဟန်ပြသော်လည်း လမ်းဘေးဓာတ်မီးရောင်ကြောင့် ကိုလှဝေ၏မျက်နှာကို သဲသဲကွဲကွဲ မြင်ရသောအခါတွင်မူ အားတက်သွားဟန်နှင့် သူ့အနီးသို့ ပြေးကပ်လာသည်။

“သြော် မိတ်ဆွေဟာ လူကြီးလူကောင်းတယောက်ဘဲထင်တယ်၊ ဒါဟာ ကျွန်တော် ဒိတ်က်လုပ်ခေါ်လာတဲ့ ဂဲလ်ဖရင်းဒ်ပါ။ ဟောဒီ ပါတီလာရင်း စိတ်ကောက်ပြီး ထွက်လာလို့ လိုက်ချော့ခေါ်နေတာဘဲ…”

ဟင်နရီညွှန့်က အပြုံးမပျက် ရှင်းပြနေသည်။ သူက ဣန္ဒြေမပျက် ရှင်းပြသော်လည်း အတန်ထွေသည့်ဟန် ပေါ်နေ၏။

ကိုလှဝေက ကိုက်၅၀–ခန့်ဝေးသော ခြံတွင်းမှ ပါတီဆီအား လှမ်းကြည့်လိုက်ပြီး မေရီ့ဘက်လှည့်၍ “သူပြောတာဟုတ်လား မေရီ” ဟု မေးလိုက်၏။

“အို.. သူဘာပြောပြော၊ မေရီ ဒီထဲလဲပြန်မသွားချင်ဘူး။ သူတို့နဲ့လဲ မပြန်ချင်ဘူး။ မေရီဖာသာဘာဖြစ်ဖြစ် ရောက်သွားမယ်…”

တခါက ကက်နက်သ်နှင့် ရင်ဆိုင်စဉ် ကြားခဲ့ရသကဲ့သို့ပင် မေရီ၏ အသံလေးမှာ ဒေါသနှင့်တုန်ယင်နေသည်။

ကိုလှဝေက ဟင်နရီညွှန့်အား တည်ကြည်စွာ လှန်ကြည့်လိုက်၍ အေးချမ်းစွာပင် စကားပြန်သည်။

“ဒီမိန်းကလေးကမှ သဘောမတူဘဲဟာ ဘာလို့ဖိတ်ခေါ်နေမလဲ၊ သူ့ကို ကျွန်တော်သိတယ်၊ ကျွန်တော်ဘဲ အိမ်ပြန်ပို့ပေးလိုက်ပါမယ်”

ဟင်နရီညွှန့်က လှုပ်ရှားသွားသည်။

“ဘယ်ဖြစ်မလဲမိတ်ဆွေ၊ သူ့အိမ်ကို ကျွန်တော်တာဝန်ခံ ခေါ်လာတာကို….”

“ခင်ဗျားတာဝန်ခံ ခေါ်လာပေမယ့် ကာယကံရှင်မိန်းကလေး ကိုယ်နှိုက်ကမှ ခင်ဗျားအပေါ် ယုံကြည်မှုမရှိတော့တဲ့ဟာ….”

စိတ်ထွက်ခဲ့ပြီဖြစ်သော ကိုလှဝေက ခပ်တင်းတင်းပင်ပြောမိသည်။

ဟင်နရီညွှန့်က မျက်မှောင်ကြုတ်၍ ကိုလှဝေအား ကြည့်လိုက်၏။

“မိတ်ဆွေ၊ မဆိုင်တာဝင်မရှုပ်ပါနဲ့၊ လာမေရီ….”

ဟင်နရီညွှန့်က ရှေ့တလှမ်းတိုးကာ မေရီ့အား ဆွဲခေါ်မည်ပြင်သည်။ မေရီကမူ ကိုလှဝေ၏နောက်၌ ကွယ်၍ ကားနားကပ်နေသည်။

ကိုလှဝေက စောစောကတွင် ပြောခဲ့သော မောင်သက်တင်၏စကားများကို ကြားယောင်လာသည်။ သင်သင်၏ မျက်နှာလေးကိုပါ မြင်ယောင်လာ၏။ ဒေါသမှာလည်း ထောင်းကနဲထလာသည်။ ထို့ကြောင့်ပင် မိမိအားတွန်းဖယ်၍ မေရီ့ဆီ တိုးဝင်လာသော ဟင်နရီညွှန့်၏ ကုတ်အင်္ကျီကို ရပ်ဘတ်နေရာမှ စုဆွဲလျက် မေးဆီသို့ လက်သီးနှင့် စွတ်ထိုးချလိုက်သည်။

ဟင်နရီညွှန့်မှာ လမ်းဘေးမြက်ခင်းပေါ်သို့ ထိုးလဲကျသွားသည်။ ရုတ်တရက် ပြန်မထနိုင်ဘဲ စောင်းလဲလျက်မှ ကိုလှဝေအား မျက်လုံးအပြူးသားနှင့် စိုက်ကြည့်နေသည်။

"ဒီမှာ– ခင်ဗျားဘယ်သူဆိုတာရယ်၊ သင်သင်လို မိန်းခလေးတွေကို ခင်ဗျား ဘာလုပ်ခဲ့တယ် ဆိုတာရယ်၊ ကျုပ် အကုန်သိတယ်၊ ကျုပ်နံမယ် လှဝေ၊ သတင်းစာဆရာတဦးဘဲ။ ဟိုဘက် နှစ်ခြံကျော်မှာ နေတယ်။ အရေးယူချင်ရင် ကားကိုမှတ်ထားလိုက်..."

ကိုလှဝေက မိမိ၏ညာလက်သီးအား ဘယ်လက်ဝါးနှင့် အသာပွတ်ရင်း ဟင်နရီညွှန့်အား တုန်လှုပ်ခြင်း ကင်းသောလေသံနှင့် တလုံးချင်းပြောနေသည်။

ထို့နောက် ကားရှေ့တံခါးကိုဖွင့်လျက် "ကဲ–မေရီတက်" ဟုဆိုသည်။ မေရီ ကားပေါ်ရောက်သောအခါ သူက ဒရိုင်ဘာနေရာတွင် မေရီနှင့်ယှဉ်ထိုင်လျက် ကားကို ရန်ကုန်ဘက်ပြန်ကွေ့ မောင်းထွက်ခဲ့သည်။

"မေရီ ဘယ်မှာနေလဲ..."

"ဝင်ဒါမီယာကုတ်မှာပါ"

ဒီလာတာ တခြားအဖော်တွေ ပါခဲ့သေးလား"

"မေရီ့ညီမဝမ်းကွဲ ပါတယ်..."

ကိုလှဝေက စကားဆက်မပြောတော့ဘဲ ကားကိုသာ ခပ်မြန်မြန်မောင်းနေသည်။ သူ့နားထဲတွင်မူ မောင်သက်တင် မူးမူးနှင့် မချိတင်ကဲပြောခဲ့လေသော စကားရပ်များကို ပြန်လည်ကြားယောင်နေသည်။

"မြှောလင့်ချက် ပျက်ပြုန်းတဲ့အဆုံးမှာ ဘဝကိုပါ လုံးလုံးရေစုန်မျောစေပြီး ထင်ရာစိုင်းလေတဲ့ အမိုက်မ မိမေရီအတွက် ခင်ဗျားက ဘယ်ဖြေဆေးကိုများ ပေးမှာလဲ..."

ကိုလှဝေက သက်ပြင်းတချက် ရှိုက်လိုက်၍ "မေရီ ဘာလို့ဒီလိုပွဲတွေ တက်ရတာလဲ" ဟု ညင်သာစွာ မေးမိသည်။

မေရီက ရှေ့သို့ ငြိမ်ငြိမ်လေး စူးစိုက်ငေးကြည့် လိုက်ပါလာရာမှ သူ့အား တွေတွေ ပြန်လှည့်ကြည့် သည်။ နောက် မဲ့ပြုံးလေး ပြုံးလိုက်သည်။

"ဒီအမေးကို အကိုကြီး မေရီ့ကို မမေးဘဲထားရင် ကောင်းမယ်..."

"အို..."

ကိုလှဝေက လွှတ်ကနဲ အံ့ဩလိုက်မိပြီး မေရီ့အား အကဲခတ်၍ တချက်ကြည့်လိုက်သည်။ နောက် ချော့မော့သောလေသံနှင့် ဆက်ပြောသည်။

"အကိုကြီးအနေနဲ့ မေရီ့ကို ကိုယ်ရေးကိုယ်တာကိစ္စတွေ မမေးသင့်ဘူးဆိုတာ နားလယ်ပါတယ်။ မေရီနဲ့ အကိုကြီးဟာ အခုမှ စကားပြောဘူးကြတာမှန်တယ်၊ ဒါပေမယ့် အကြောင်းကြောင်းတွေ ထောက်လိုက်ရင် အကိုကြီးအနေနဲ့ မေရီ့ကို ညီမအရင်းပမာ စောင့်ရှောက်အပ် ပြောဆိုအပ်တဲ့ ဝတ္တရားတွေ ရှိတယ်ထင်တယ်"

ကိုလှဝေက မော်တော်ကားကို အရှိန်လျှော့၍ စတီရာရင်ကို ထိန်းလျက် ရှေ့သို့ကြည့်ရင်း ဖြည်းညှင်း စွာ ပြောနေ၏။ မေရီက အံ့ဩစိတ်ငွေ့ငွေ့နှင့် ချောမောခံ့ညားသော ကိုလှဝေ၏ မျက်နှာကို မော်ကြည့်မိသော ကိုလှဝေနှင့် ယခုကိုလှဝေမှာ တခြားစီဖြစ်နေသည်။

"မေရီ့အနေ့ ဘာတွေဘဲရှောက်လုပ်နေနေ ဒီညအသိုက်အဝန်းမျိုးနဲ့ ဟင်နရီညွှန့်လို လူစားတွေကို တော့ ဝေးဝေးက ရှောင်ထိုက်တယ်ထင်တယ်"

ကိုလှဝေက စကားကိုဖြတ်လျှက် မေရီ့အား လှည့်ကြည့်ပြီး "အကိုကြီးဆိုလိုတာ နားလယ်တယ် မဟုတ်လား" ဟုမေးသည်။

မေရီ့မျက်နှာတွင် မဲ့ပြုံးလော၊ နာကျည်းမှုအပြုံးလော၊ ခွဲခြားမတတ်နိုင်သည့် အပြုံးက ပေါ်လာပြန် သည်။ အလင်းဖြော့ဖြော့၌ မေရီ့မျက်လုံးမှာ မျက်ရည်များနှင့် တောက်ပနေသည်ကို တွေ့နိုင်သည်။

"မေရီ.... ဒါတွေကို သိသားဘဲ...."

မေရီက အံ့လေးကြိတ်ရင်း ဖြေသည်။ ကိုလှဝေမှာ မေရီ့စကားကြောင့် အံသြသွားရပြန်သည်။

ကားမှာ ဟံသာဝတီအဝိုင်းကြီးသို့ ရောက်လာ၍ ဦးဝိစာရလမ်းအတိုင်း ဆက်ပြေးနေသည်။

"မေရီ ဒါတွေကိုသိတယ်၊ ဒါပေမယ့် သိတာကတခြား၊ မေရီ့စိတ်ကို အစိုးမရတာကတခြားဘဲ၊ အို–ဒါတွေ ဆက်မပြောနဲ့ကြပါစို့လား"

မေရီက ပါးပြင်ပေါ်သို့ ခုန်ပေါက်ကျလာသေ မျက်ရည်များအား ကိုလှဝေမမြင်အောင် မျက်နှာကို တဖက်သို့ လွှဲပစ်လိုက်သည်။ အသာကျိတ်ကာ ရင်ထဲတွင်ပင် ရှိုက်နေမိသည်။ ကိုလှဝေအား မြင်နေရခြင်းသည်ပင် မေရီအား ရင်၌ လက်မခံချင်ပြီဖြစ်သော ဝေဒနာနှင့် အာရုံတွင် မထင်လာစေလိုတော့သော အဖြစ်ရပ်များကို ပြန်လည်သစ်လာစေ၏။

"မေရီက ဘာ့ကြောင့် မေရီစိတ်ကို အစိုးမရ ရတာလဲ..."

သိလျက်နှင့် ကိုလှဝေက ဇွတ်ပင် မေရီထံမှ စကားတောက်ကြည့်သည်။ မေရီ့ထံမှ စကားပြန်က ပေါ်မလာ။ ကျိတ်ထိန်းထားရာမှ ပွင့်ထွက်လာသော ရှိုက်သံလေးကို ကြားရသည်။ ကိုလှဝေ လှည့်ကြည့်လိုက်သော အခါတွင်မူ မေရီမှာ မျက်နှာလေးအား လက်ဝါးနှင့်အုပ်၍ ကိုယ်လေးသိမ်သိမ့်တုန်အောင် ရှိုက်ငိုနေပေပြီ။

ကိုလှဝေက ဘာမျှဆက်မပြောတော့ဘဲ ကားကိုသာ ဝင်ဒါမီယာအတွင်းသို့ ကွေ့မောင်းဝင်ခဲ့သည်။

"ဘယ်နားကအိမ်လဲ မေရီ..."

ကိုလှဝေက မြေနီလမ်းအတိုင်း ကားကိုဖြည်းဖြည်း လိုမ့်မောင်းလာရာမှ မေးသည်။

"ရှေ့နဲနဲသွားပါအုံး။ အိမ်ရှေ့ဘက်မှာ ယင်းလိပ်အစိမ်း ချထားတယ်"

မေရီက ခေါင်းလေးပြန်မော့်လာကာ အသံကိုထိန်းရင်း ပြောသည်။ ကိုလှဝေက မေရီညွှန်ပြသော ခြံဝတံခါးဖြူရှေ့တွင် ကားကိုရပ်လျက် ဟွန်း၃–ချက် ဆက်တီးလိုက်၏။

မေရီက ကားပေါ်မှဆင်းသည်။

“ကျေးဇူးသိပ်တင်ပါတယ် အကိုကြီး၊ ပြန်ချင်ပြန်ပါတော့၊ ဒရဝမ်လာနေပါဘီ။

ကိုလှဝေက စိတ်ကိုဆုံးဖြတ်လိုက်ဟန် မျက်နှာကိုတည်တည်ထားလျက် မေးခွန်းတခုမေးလိုက်သည်။

“မေရီ နောက်ဒါမျိုးတွေ ရှောက်လုပ်နေအုံးမှာလား....”

မေရီက သူ့အား ချာကနဲလှည့်ကြည့်လိုက်သည်။ မျက်ရည်ကြောင်း မပျောက်သေးသော မျက်နှာလေးက ထိခိုက်လှသောအပြုံးကို ပြနေ၏။

“အကိုကြီး– ဘာလို့ ဒီစကားတွေကိုဘဲ ပြောနေရသလဲ၊ မေရီ စကားကုန်ပြောပြီးဘီ။ မေရီ့စိတ်ကို မေရီ အစိုးမရဘူး။ မေရီထင်တာ မေရီရှောက်လုပ်မှာဘဲ။ ပြီးတော့ မေရီ့အမှား မေရီခံမယ်။ မေရီ့မှာ ဒီလောက်တော့ သတ္တိရှိတယ်....”

ကိုလှဝေက အသာပြုံးလိုက်သည်။ နောက် မေရီ၏ မျက်လုံးများကို စူးစူးစိုက်စိုက်ကြည့်ရင်း အဓိပ္ပာယ်ပြည့်သော စကားတရပ်ကို ပြောလိုက်၏။

“မေရီထင်တာ လုပ်ပါလေ၊ ဒါပေမယ့် မေရီထင်တာတွေ လုပ်နေတာကို မေရီ့ကို ခင်မင်တဲ့ တချို့လူတွေ သိသွားရင် ဘယ့်နှယ်နေမလဲ”

မေရီမှာ သိသိသာသာ တုန်လှုပ်ချောက်ချားသွားသည်။ ကားအနီးသို့ ပြန်ကပ်လာကာ ကိုလှဝေ၏ မျက်နှာအား စေ့စေ့ ပြန်ကြည့်နေသည်။

“အကိုကြီး ဘာဆိုလိုသလဲ....”

ကိုလှဝေက မဖြေဘဲ စတီရာရင်ပေါ် တင်ထားသော လက်ဝါး ၂–ဖက်ကို လှန်မြှောက်၍ ပခုံးကို တွန့်လိုက်သည်။

မေရီ့ကိုယ်လေးက မတ်လာသည်။ မေးရိုးလေးမှာ တင်းလာကာ မျက်နှာမှာလည်း တည်ကြည်လာ၏။

“ဒီမှာ အကိုကြီး....၊ ဒီညဖြစ်ခဲ့တာတွေကို ဆရာမသိပါစေနဲ့၊ ဆရာသိမှန်း မေရီကြားရရင် မေရီ့ကိုယ် မေရီ သတ်သေပစ်လိုက်မယ် သိလား၊ ဂွတ်နိုက်”

ကိုလှဝေက ထိတ်လန့်စွာနှင့် မေရီ့အား တချက်စိုက်ကြည့်လိုက်သည်။ မေရီ့အကြောင်းကို သိသင့်သမျှ သိခဲ့ရပြီဖြစ်သဖြင့် ပြောလိုက်သောစကားအား ပေါ့ပေါ့ဆဆ မမှတ်ထင်ရဲ။

ထို့ကြောင့်ပင် သက်ပြင်းတချက် ရှိုက်လိုက်ရင်း "ဂွတ်နိုက်တ်" ဟု လေးပင်စွာ ပြန်နှုတ်ဆက်ခဲ့လျက် ကားကို နောက်ဆုတ်ပြန်ကွေ့ထွက်ခဲ့စဉ် သူ့အနေနှင့် ဘာလုပ်စရာသာ ကျန်တော့သည်ကို သိရှိဆုံးဖြတ်ပြီး ဖြစ်နေသည်။

မောင်သက်တင်ပြောသကဲ့သို့ အမိုက်မ မိမေရီအတွက် ကိုလှဝေက ဖြေဆေးကိုသာ ပေးရပေတော့မည်။ ။

## အခန်း(၁၆)

ပြည့်ဝန်းသော တန်ဆောင်မုန်းငွေလ၏ ရောင်ခြည်များက ရွှေတိဂုံဆံတော်ရှင်၏ ရွှေရည်နှင့်ဖက်ကာ ဝင်းလျှံ ထွန်းလက်နေ၏။

စေတီတော်၏ ယင်ပြင်တော်ပေါ်တွင်မူ မီးထွန်းပွဲလည်ရင်း ဘုရားတွင် တခါဆုံလိုသူတို့နှင့် ကြိတ်ကြိတ်တိုး စည်ကားနေသည်။

ပရိသတ်ထဲတွင် မောင်ရှုန်၊ မြင့်သန်း၊ အောင်ခင်မြင့်နှင့် ဆင်းတို့လည်းပါဝင်၍ ဘုရားအား သက်စေ့ ပတ်နေကြသည်။ တင်ဦးမောင်တယောက်မူ မပါ။

"အင်း.... ငါ့မျက်စိထဲတော့ မိန်းကလေးမြင်သမျှ ချောနေတာဘဲကွာ...."

မြင့်သန်းက ရှေ့မလှမ်းမကမ်းမှ လျှောက်သွားနေကြသော မိန်းမပျိုတသိုက်၏ နောက်ပိုင်းအား ငေးကြည့်ရင်း ညည်းညည်းညူညူ မှတ်ချက်ချသည်။

သူ့နည်းအတူ မမိုတ်မသုံ ရှေ့သို့အာရုံပြုရင်း မှန်မှန် လျှောက်နေကြသော ကျန်ရဲဘော်များက ရုတ်တရက် ပြန်မဖြေကြ။ အတန်ကြာမှ မန္တလေးပန်ချာက တစုံတခုကို လေးလေးနက်နက် တွေး၍ မှတ်ချက်ချသည်။

"မိန်းကလေးတွေဟာ အစစအရာရာ ကျွန်တော်တို့ထက် ခံနိုင်ရည်ရှိသဗျ...."

သူ့စကားကြောင့် ကျန်၃-ဦးက မျက်လုံးပြူးသွားကြသည်။

"ဩော်.... ကိုကိုပန်ချာနှယ်...၊ မှန်တာတွေကြီး ရောက်ပြော၊ ကြားလား"

မောင်ရှိန်က အနက်ကောက်၍ ဖောက်လိုက်သဖြင့် မြင့်သန်းတို့က သဘောပေါက်ကာ ဝိုင်းရယ် ကြသည်။

"ခင်ဗျားတို့က ဘုရားပေါ်တောင် မဟုတ်တာတွေးပြီး အဓိပ္ပာယ်ကောက်နေကြတာကိုး။ ကျွန်တော် ဆိုလိုတာက လုသထက်လုမယ်ဆိုရင် ဒီမချောလေးတွေ အရည်ထူနိုင်တဲ့ ဣတ္ထိယသဘာဝကို ပြောတာ...."

"မှန်ပါ့ တက္ကသိုလ်ပန်ချာ ကိုကိုကာလီရေ…၊ သျှတ္တရသဘောလေးတွေ အမိန့်ရှိပါ့၊ ကြားကြရအောင် နော…"

သဘင်သည်တပိုင်း ဖြစ်နေသူ မောင်ရိုန်က အငြိမ့်လူပြတ်လေနှင့် ဝင်ထောက်သည်။

"ကြည့်၊ အခု ခင်ဗျားတို့ ကျွန်တော်တို့က ဆောင်းတွင်းမို့ အနွေးထည်တွေ ဘာတွေနဲ့၊ သူတို့ကို ကြည့်စမ်း၊ ကုတ်အင်္ကျီလေးတွေ လက်ထဲ စတိုင်နဲ့ပိုက်လို့။ နိုင်လွန်လက်တို ပါးပါးလေးတွေနဲ့ မချမ်းကြဘူး။ ခုနေများ သူတို့လက်မောင်းသွားကိုင်ရင် မိန်းမပြတ် တယောက်မှတွေ့မှာမဟုတ်ဖူး…"

"ဟေ…. ဟေ….. ဘာ…. ဘာ…. ဘာပြောတယ်"

ကျန်လူများက ဆင်း၏စကားကို ရုတ်တရက်နားမလည်ကြ။

"ဆရာကလဲ သိပ်ကွက်ကျော်တွေမနိုပ်ပါနဲ့….။ ဆရာ့တပည့်များက ဒီလောက်ဉာဏ်မမှီဘူး။ လင်းစမ်း ပါအုံး"

မြင့်သန်းက တောင်းပန်သည်။

"သူတို့လက်မောင်းတွေ သွားကိုင်ကြည့်ပါလား၊ အေးစက်နေမှာဘဲ။ ဟေမန္တပြောင်းလာ၊ ဆောင်းအခါ ကိုယ်နွေး၊ ကောင်းသာမာဂုဏ်သူဌေးဟာမို့ ကြုံသေးကမက်ရန်…ဆိုတဲ့ စာဆိုနဲ့ ညီနိုင်ပါတော့ မလား"

"ဘုရား…. ဘုရား၊ နတ်ရှင်တောင်ကိုယ်တော်ကြီးများ မှန်ဆိတ်မွေးနဲ့ ပန်ချာပီယောင် ဖန်ဆင်းပြီး ကြွလာသလားကရို့…"

မြင့်သန်းက ဆင်းအား ဂုဏ်ပြုလိုက်သဖြင့် ကျန်လူများက ဝိုင်းရယ်ကြသည်။

"တန်စမ်းပါဆင်းရာ….၊ မောင်ရင့်ဘာသာ စိတ်ချောက်ချားပြီး ကောင်မလေးတွေလက် ကိုင်ချင်တာနဲ့ သျှတ္တရ သုတေသနလုပ်ငန်းဘဲ လုပ်ချင်သယောင်ယောင် စကားမခေါ်ပါနဲ့…."

အောင်ခင်မြင့်က ကျယ်လောင်ကျယ်လောင်နှင့် ဆင်းအားခွပ်လိုက်၏။

မြင့်သန်းက မောင်ရှိန့်အား လက်တို့၍ အောင်ခင်မြင့်ဆီ မေးငေါ့ပြလျက် 'သောက်ကန်းကမြင်လား၊ ဒါမျိုးတော့အမြဲကြား' ဟု တိုးတိုးပြောသည်။ အောင်ခင်မြင့်က မြင်လိုက်သဖြင့် "ဘာလဲ မောင်ရင်တို့က ကိုယ့်အတင်း ပြောတာလား" ဟု ပြန်မေးသည်။

"ဩော်.... မဟုတ်ပါဘူး သူငယ်ချင်းရာ၊ မင်းမှာရှိသမျှ ဂုဏ်ကျက်သရေ အပေါင်းကို ချီးမွမ်းနေကြတာပါ"

မောင်ရှိန်က ပြောလိုက်ပြီး ကိုယ့်စကားကိုယ်သဘောကျ၍ တဟဲဟဲရယ်နေသည်။ အောင်ခင်မြင့်ကပါ ရောရယ်၍ ရှေ့က ဆက်လျှောက်သွားနေ၏။

ရှေ့ကမိန်းကလေးများ ရပ်လျှင် ရပ်ခြင်း၊ လျှောက်လျှင် လျှောက်ခြင်းနှင့် မှန်မှန်ချီတက်လာကြသော သူငယ်ချင်းတသိုက်မှာ အရှေ့စောင်းတန်းအနီးသို့ ရောက်လာကြသည်။

ပါးစပ်ကြီးဖြဲလျက် ဟိုကြည့်သည်ကြည့်နှင့် ရှေ့ဆောင်ရောက်လာသော အောင်ခင်မြင့်၏ မျက်လုံးများမှာ အရှေ့စောင်းတန်းအပေါက်နှင့် ကပ်လျက်ရှိသော စရပ်တဆောင်မှ မိန်းကလေးတဦးဆီသို့ ရောက်သွားသဖြင့် "ဟော့... ဟော့...." ဟုဆိုကာ လှုမှာလည်း ရပ်သွား၏။

"ဘာလဲ... ဘာလဲ သူငယ်ချင်း၊ မင်းလက် ချိတ်ထိုးခံရလို့လား"

"မင်းအဘ....၊ ငါကဘာလုပ်လို့ လက် ချိတ်အထိုးခံရမှာလဲ"

"ဩော်.... မင်းကတော့ ဘာမှမလုပ်ဖူးပေါ့။ ဒါပေမယ့် ဘေးလူလုပ်တာ မင်းက နားထိုင်းပါးတိုင်း မအူမလယ်နဲ့ အချောင်ဝင်ခံလိုက်ရသလားလို့ပါ"

အောင်ခင်မြင့်က အံကြိတ်၍ မောင်ရှိန့်အား ကြည့်လိုက်သည်။

"ခွေးမသားတွေ၊ ငါ့ဘဲ နှိမ်ပေါက်ကြည့်နေကြတယ်"

အောင်ခင်မြင့်က လေးလေးပင်ပင် ကြိမ်းနေသဖြင့် ကျန်လူများက စပ်ဖြဲဖြဲနှင့် ဝိုင်းချော့ကြရသည်။

"ဆိုပါအုံး.... မင်းဘာတွေ့လို့လဲ"

အောင်ခင်မြင့်က စရပ်ဆီသို့ ညွှန်ပြသည်။

"မေရီလေ၊ မေဘယ်လ်ကို အမှတ်မရဘူးလား"

သူငယ်ချင်းအားလုံးက အောင်ခင်မြင့်ညွှန်ရာသို့ ငေးကြည့်၍ စကားမပြောနိုင်အောင် ဖြစ်သွားကြသည်။

မီးရောင်နှင့်ဝင်းပနေသော စရပ်၏ဝရံတာမှ မေးလေးထောက်ရင်း မေရီက ရင်ပြင်တော်ပေါ်မှ လူများအား ငေးကြည့်နေသည်။

မေရီက ကြည်ပြာခံဝယ် ငွေပွင့်ဖေါက် ပိုးပြော့ထဘီ၊ နိုင်လွန်အင်္ကျီဖြူနှင့်ဖြစ်ရာ မီးရောင်ဝယ် ထွန်းလဲ့နေသော စရပ်အတွင်းမှ ရွှေရည်နောက်ခံနှင့် လိုက်ဖက်တင့်တယ်ချင်တိုင်း တင့်တယ်နေသည်။

"ဟိုတုံးက မေဘယ်လ်လဲ ဒီနေရာမှာ ဒီအတိုင်းဘဲ တွေ့ရဘူးတယ်နော်...."

ကိုရှိန်က မှတ်ချက်ချသည်။ တန်ဆောင်တိုင်ပွဲရောက်လျှင် ရန်ကုန်တက္ကသိုလ် နေ့ကျောင်းသူ ကျောင်းသားများအသင်းက ဤစရပ်တွင် မုံ့ဟင်းခါးကျွေးမွေ့ခံသော အစဉ်အလာရှိသည်။ မြို့တွင်း မီးပွဲကြည့်လည်ပတ်သော ကျောင်းသူကျောင်းသားများမှာ ဤစရပ်တွင် လာဆုံမြဲဖြစ်သည်။

"လာပါကွာ၊ စိတ်မချမ်းသာစရာတွေ မတွေးကြပါနဲ့၊ မသိုးသက်န်းရက်တဲ့ဆီ သွားတိုးကြရအောင်"

မြင့်သန်းက ခေါင်းဆောင်ခေါ်ငင်သဖြင့် သူငယ်ချင်းတသိုက်မှာ မနီးမဝေးရှိ မသိုးသက်န်း အပြိုင်ရက်နေသော စရပ်ဆီသို့ ထွက်လာခဲ့ကြသည်။ သို့ရာတွင် ရှေ့၌ ပက်ပင်းပါတိုးနေသော လူသိုက်ကြောင့် အံ့အားသင့်ကာ ရပ်သွားမိကြပြန်သည်။

တိုက်ပုံအင်္ကျီအနက် ဘန်ကောက်လုံကွင်းအပြာနု ရွှေမျက်မှန်ဝင်းဝင်းနှင့် တင်ဦးမောင်သည် တပြုံးပြုံးဖြင့် မိန်းကလေးတသိုက်နှင့် တွဲလျှောက်လာသည်။

"ဟ...ဟ...၊ ကိုကြက်ဥတို့ စွံနေတာတွေ ကြည့်စမ်း"

"အေးဟ....၊ သူ့မျက်နှာကလုပ်ထားလိုက်တာ ကြည့်စမ်း၊ ကရာနီဆိုင်က ပေါင်မုံ့ထောပတ်သုတ်ကို သကြားဖြူးထားတဲ့အတိုင်းဘဲ"

မိန်းကလေးများမှာ အားလုံးပေါင်း ၃–ဦးဖြစ်သည်။ လက်ဝဲဘက်အစွန်ဆုံးရှိ ကုတ်အင်္ကျီလေးအား လက်မောင်းပေါ်တွင် ခေါက်ချိုးတင်ကာ ရင်၌ပိုက်ထားသော အသားလတ်လတ် မိန်းမပျိုနား၌ တင်ဦးမောင်က ကပ်လျက်ပါလာ၏။ တဖက်အစွန်တွင် အခြား ယောကျ်ားလေး ၂–ဦးပါသည်။

"မိန်းကလေးက ကျောင်းကတော့မဟုတ်ဖူး"

အောင်ခင်မြင့်က မှတ်ချက်ချသည်။

တင်ဦးမောင်က သူတို့အသိုက်အား လှမ်းမြင်သော်လည်း ချက်ခြင်းပင် မျက်နှာလွှဲ၍ မမြင်ဟန်ပြုလျှက် မိန်းမပျိုအား စကားပြောရင်း ဆက်လျှောက်သွားသည်။

အောင်ခင်မြင့်က လှမ်းခေါ်မည်ပြုသည်ကို မောင်ရှိန်နှင့်မြင့်သန်းတို့က တားလိုက်သည်။

"နေ.... နေ.... ငနဲသားက အသားလွတ်ကြွားသွားလိုက်တာ၊ သိရောပေါ့" ဟု မြင့်သန်းက ပခုံးတဖက်တည်းကို မြင့်ချည်နိမ့်ချည်လုပ်ရင်း ကြိမ်းပြီး သူ့အကြံကိုဖွင့်ပြောသည်။ ကျန် ၃–ဦးက သဘောတူလိုက်ကြသည်။

၂–ပြားတန်ဆောင်းထိပ်တွင် အသံချဲ့စက်တလုံးရှိသည်။ ပရိသတ်မှာ ဝက်ဝက်ကွဲမျှ စည်နေသဖြင့် မကြာခဏ ခလေးပျောက်မှုများရှိ၏။ အသံချဲ့စက်အနီးတွင် မီးသတ်ရဲဘော် ၂–ဦးက ပျောက်သော ကလေးများ၏ နာမည်ကို ခေါ်၍ ကြော်ငြာပေးနေသည်။

မကြာမီ ရုတ်ရုတ်ဖြင့် မောင်ရှိန်တို့အသိုက်က အသံချဲ့စက်နား ရောက်၍လာကြသည်။ မောင်ရှိန်က ဖေါင်တိန်ထုတ်၍ စီးကရက်ဗူးအတွင်းခံစက္ကူဖြူ၌ စာစီပေးသည်။ မြင့်သန်းက မျက်နှာငယ်လေးဖြင့် မီးသတ်ရဲဘော်များဆီ ကပ်သွားသည်။

"ရဲဘော်ကြီးတို့ရာ....။ ကျွန်တော်တို့ ညီကလေးတယောက် လက်တွဲပြုတ်ပြီး ဘယ်ကျန်ရစ်မှန်း မသိဘူး။ တဆိတ်ကလေး ကျေးဇူးပြုပြီး ကြော်ငြာပေးပါ"

မှင်သေသေနှင့် မြင့်သန်းက အသနားခံနေခိုက် မောင်ရှိန်နှင့်အောင်ခင်မြင့်က ဇီးကင်းလောက်ရှိသော မျက်နှာလေးများဖြင့် ဘေးမှ ရပ်ကြည့်နေကြသည်။

"ခင်ဗျားတို့ညီက ဘယ်အရွယ်ရှိပြီလဲ"

ဘန်ကောက်တိုက်ပုံတို့ဖြင့် ရှုံးကျကျဝတ်လာကြသော လူရွယ်များ ကလေးပျောက်သည်ဆိုခြင်းအား မယုံနိုင်ဟန်နှင့် မီးသတ်ရဲဘော်က ပြန်မေးသည်။

"၁၀–နှစ်လောက်တော့ ရှိပါဘီ၊ ခလေးက တောကတက်လာစ၊ ကျွန်တော်တို့နဲ့ အပ်ထည့်လိုက်တာ မအူမလယ်လေး၊ ဟိုမသွားတတ် ဒီမလာတတ်နဲ့ ဒီစာရွက်ပေါ်မှာ နံမယ်ရေးထားပါတယ်။ မယုံရင် ဟောဟို ဒေါက်တာကြီး မေးကြည့်ပါ"

မြင့်သန်းက ခပ်ပြုံးပြုံးနှင့် တည်ကြည်ခန့်ညားစွာ ရပ်နေသော ဆင်းဘက် လက်ညှိုး ထိုးညွှန်ပြရင်း ပြောသည်။ ဆင်းက ခေါင်းတဆတ်ဆတ်နှင့် "မှန်ပါတယ်.... မှန်ပါတယ်" ဟု သမာဓိကြီးစွာနှင့် ဝင်ထောက်ခံ၏။

မီးသတ်ရဲဘော်က မြင့်သန်းပေးသောစာရွက်အား ယူဖတ်ကြည့်သည်။

"ဟာ... ခင်ဗျားတို့လက်ရေး ကျွန်တော်မဖတ်တတ်ဖူး၊ ခင်ဗျားတို့ဖာသာခင်ဗျားတို့ ကြော်ငြာကြပေတော့...."

အကြိုက်ကျသွားသော မြင့်သန်းနှင့်မောင်ရှိန်က အသံချဲ့စက်နားသွား၍ တယောက်တလဲ အော်ကြသည်။

ထိုအချိန်တွင် အတော်လှမ်းလှမ်း၌ တင်ဦးမောင်တို့မှာ ရောက်နေပြီဖြစ်သည်။ တင်ဦးမောင်က မိန်းမပျိုအား တတ်နိုင်သမျှ ကဗျာအဆန်ဆုံးစကားရွေး၍ ချိတ်နေစဉ် ဖြစ်၏။

"တန်ဆောင်မုန်းလပြည့်ထွက်တဲ့ ဝိုင်းဝိုင်းစက်စက်လမင်းကြီးနဲ့ ခင့်မျက်နှာက သဏ္ဍာန်တူတယ်ဆိုတဲ့ သီချင်းကို ကျွန်တော်က အစက သဘောမပေါက်ဖူးခင်ဗျ"

"အခုတော့ကော...."

"အခုတော့လား ဟဲ.... ဟဲ... အခုတော့လက်တွေ့...."

တင်ဦးမောင်က စကားမဆုံးချေ။ ငှက်ဆိုးထိုးသံ ကြားလိုက်ရသော လူမမာ၏ မျက်နှာသို့ မျက်နှာမှာ ငယ်သွား၍ လူမှာလည်း တုန်လှုပ်သွား၏။

"တင်ဦးမောင်ခေါ်– အီစွတ်ခေါ်– ကြက်ဥမောင်.....၊ မင့်အကိုများ ၂–ပြား တန်ဆောင်းအနီးက စောင့်နေသည်"

ဤအသံမှာ မြင့်သန်းအသံဖြစ်သည်။

"တင်ဦးမောင်ခေါ်– အီစွတ်ခေါ်– ကြက်ဥမောင် မင့်အကိုများ စိတ်ပူနေသည်။ နှစ်ပြားတန်ဆောင်း အနီးသို့ အမြန်လာခဲ့ပါ....."

ဤအသံကမူ မောင်ရှိန့်အသံဖြစ်သည်။

"ဟော.... ကိုတင်ဦးမောင်....၊ ရှင့်ကိုခေါ်နေတာ ထင်တယ်......"

မိန်းမပျိုမသိ၍ နောက်လိုက်ခြင်းဖြစ်သော်လည်း ကာယကံရှင် တင်ဦးမောင်မှာ ကျောရိုးမှသည် နားရွက်ဖျားအထိ စိမ့်ချမ်းအောင် ရှက်စိတ်မွှန်သွားသည်။ ဟန်ဆောင်၍ မပြုံးနိုင်တော့ဘဲ မျက်နှာမှာ နီမြန်းရာမှ ညိုမဲ၍ အပျက်ကြီးပျက်နေသည်။

"ကိုတင်ဦးမောင်၊ ရှင်ဘာဖြစ်နေလဲ"

အလိုက်မသိသော မိန်းမပျိုက ဆက်မေးနေသည်။

"ဗျာ– ကျွန်တော်လား၊ ဟဲဟဲ..... ဘာ–ဘာမှမဖြစ်ပါဘူး၊ အဟီး..."

မောင်ရှိန်နှင့် မြင့်သန်းတို့က မီးသတ်ရဲဘော်အား ကျေးဇူးတင်စကား ပြောနေကြသည်။

"သိပ်ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ခလေး ဒီကိုလာရင် တဆိတ်ထိန်းသိမ်းထားလိုက်ပါ၊ ဆက်ဆက် နော်၊ ကျွန်တော်တို့လူစု ခွဲရှာလိုက်အုံးမယ်"

၄–ယောက်သားမှာ မှင်သေသေနှင့် ခပ်လှမ်းလှမ်းမှောင်ရိပ်တခုဆီသို့ သုတ်ခြေတင်ခဲ့ကြသည်။ မှောင်ရိပ်ရောက်မှ အောင့်ထားရသမျှ အတိုးချကာ ဗိုက်နှိပ်၍ တခွီးခွီးရယ်ကြရ၏။

"လာ– လာ .....၊ ဒို့ဒီနား ကြာရှည်နေလို့ မဖြစ်တော့ဘူး၊ လစ်ကြရအောင်"

သူတို့က မီးသတ်ရဲဘော်များမမြင်အောင် ရှောင်ပုန်း၍ လျှောက်လာကြသည်။ သို့ရာတွင် ရှေ့မလှမ်း မကမ်း၌ စီးကရက်ကိုဖွာရင်း ခေါင်းငိုက်စိုက်နှင့် ဖြည်းညှင်းစွာ ခြေလှမ်းလျက် ဇောခိပင်ရှိရာဘက်သို့ လျှောက်သွားနေသော ကိုမြင့်သူအား မြင်လိုက်ရသဖြင့် ရပ်မိသွားကြသည်။

"ဟေ့ ကိုမြင့်သူကြီးပါလား"

"လာသွားနှုတ်ဆက်ကြရအောင်"

ထိုအခိုက်တွင်ပင် တစုံတယောက်က သူတို့အား နောက်ကျောမှ ပုတ်လိုက်၏။

"ဟာ– မောင်သက်တင်"

အားလုံးက ပြိုင်တူအော်လိုက်ကြသည်။ မှန်သည်၊ မြုပ်ချက်သားကောင်းနေသော မောင်သက်တင်ပင် ဖြစ်သည်။

"ဟေ့ မောင်သက်တင်၊ မင်းအခုဘယ်နေလဲ"

ကိုရှိန်က မောင်သက်တင်ပခုံးကို ပုတ်ရင်းမေးသည်။

"ကျွန်းတောလမ်းမှာ"

"ကျွန်းတောလမ်းမှာ၊ စမ်းချောင်းမှာပေါ့၊ ဘယ်သူနဲ့နေလဲ"

"ကိုလှဝေတို့နဲ့"

"ကိုလှဝေတို့နဲ့၊ ဟ– ကိုလှဝေက အခု အိမ်နဲ့ယာနဲ့လား"

"ခင်ဗျားတို့ မသိသေးဘူးထင်တယ်၊ ကိုလှဝေနဲ့ မမနွဲ့တို့ လက်ထပ်ပြီးဘီ၊ ကျွန်းတောလမ်းမှာ သူတို့စုံတွဲရယ်၊ ငြိမ်းတို့စုံတွဲရယ်၊ အားလုံး အိမ်တလုံးစီငှားပြီး နေကြတယ်၊ အခုသူတို့ရော ဆရာဦးမြင့်သူလဲ ပါတယ်"

"အခုဘယ်မလဲ"

"နေ့ကျောင်းသား ဧည့်ခံပွဲဘက် သွားကြတယ်။ ဆရာနဲ့ကျွန်တော်တို့ကသာ တမင်ခွဲနေရစ်တာ"

"မင်းတို့က ဘာလို့နေရစ်တာလဲ"

"အကြောင်းရှိလို့ပေါ့ဗျာ"

မောင်သက်တင်က ပင့်သက်ရှူရင်း ပြောသည်။

"ဟ– ဖိုးသက်တင်ရ လုပ်စမ်းပါအုံး၊ ဘယ်လိုတွေဖြစ်သွားကြတာလဲ၊ ဒို့လဲ သိပါရစေအုံး"

မောင်ရှိန်က ဝင်မေးသည်။

"ကဲ..... ဒါဖြင့် လာဗျာ၊ ဟိုအာရုံခံတန်ဆောင်းထဲ သွားထိုင်ကြရအောင်"

မောင်ရှိန်တို့ တွေ့ခဲ့ကြရသည့်အတိုင်းပင် မေရီက ဧည့်ခံပွဲတရပ်၏ ဝရံတာဝယ် ရပ်လျက်ရှိခဲ့၏။

မေရီ့အာရုံမှာ လက်ရှိ စည်ကားလှသော ပရိသတ်၌ မရှိ။

သူ့အမပြောပြခဲ့သော ဇာတ်လမ်း၌ တန်ဆောင်တိုင်နှင့် ဤနေ့ကျောင်းသူကျောင်းသား ဧည့်ခံပွဲ အကြောင်းလည်း ပါသည်။ အထူးသဖြင့် နှင်းဦးကျစ ဤလ၏ ငွေလရောင်မှာ လွမ်းမောတသဘွယ် ပင်ဖြစ်သည်။

"ဟေး.... မေရီ"

အတွေးလွန်နေသူ မေရီအား တစုံတယောက်က နောက်မှ ရင်းနှီးစွာခေါ်လိုက်ပြီး ယုယစွာ ဝင်ဖက် လိုက်၏။

"အို..... ပဂ္ဂီ"

မေရီကလည်း ဝမ်းသာအားရ ပြန်ဖက်လိုက်သည်။

မေရီ ကျောင်းဆောင်မှ မြို့ထဲပြောင်းကတည်းက သူငယ်ချင်း ၂–ယောက်မှာ ယခင်ကလောက် အတူ ပူးတွဲနေရချိန် မရကြ။

"မေရီ မင်းဘာဖြစ်နေသလဲ၊ ပိန်သွားပါလား"

ပဂ္ဂီက မေရီ၏မျက်နှာလေးအား စေ့စေ့ကြည့်ရင်း ရင်ထုမနာနှင့် ဆိုသည်။ မေရီက ဘာမျှပြန်မဖြေဘဲ ခပ်နွမ်းနွမ်းသာ ပြုံးနေ၏။

"မင်း ဟောလ်ကို ပြန်မလာရတော့ဘူးလား မေရီ"

"ဟင့်အင်း၊ နောင်နှစ်ခါဆို ဒီကျောင်းမှာတောင် မေရီရှိမှာမဟုတ်တော့ဘူး"

"အို..... ဘာပြုလို့"

"မေရီတို့ဖေဖေက ပင်စင်ယူလိုက်ပြီလေ၊ မေရီတို့ဇာတိက မော်လမြိုင်ကဆိုတော့ အားလုံး မော်လမြိုင် ပြန်နေကြမယ်။ ဒီတော့ မေရီလဲ မော်လမြိုင်ကောလိပ်မှာဘဲ တက်ရတော့မှာပေ့ါ"

မေရီက သက်ပြင်းလေးရှိုက်ရင်း ပြောသည်။

"ဟင်.... ဒီလိုဆို ပဂ္ဂီတို့သူငယ်ချင်းတွေ ကွဲကြရမှာပေ့ါနော်၊ ငြိမ်းကလဲ လက်ထပ်သွားဘီ မဟုတ်လား...."

ငြိမ်း လက်ထပ်ပြီးသည့်အကြောင်းကို ပဂ္ဂီထံမှပင် မေရီသည် သိပြီးဖြစ်သည်။

"လောကဆိုတာ ဒီလိုပေ့ါပဂ္ဂီ၊ တက္ကသိုလ်ညောင်ညိုပင်စခန်းမှာ တွေ့ကြ ဆုံကြ ခင်ကြ၊ ဒါပေမယ့် အချိန်တန် လမ်းခွဲပြီး ဝေးကြစမြဲပါဘဲ...."

မေရီက ဆွေးဆွေးမြေ့မြေ့လေး ပြောသဖြင့် ပဂ္ဂီမျက်နှာလေးမှာ သိသိသာသာ ညှိုးကျသွားသည်။

"ဘာဘဲဖြစ်ဖြစ်လေ၊ တနည်းတော့ မေရီ့အတွက် ကောင်းတာပေ့ါမေရီ။ မိဘနဲ့ မခွဲမခွာ ညီအကို မောင်နှမ အတူတူနေကြရတာပေ့ါ...."

ပဂ္ဂီက မေရီ စိတ်သက်သာအောင် ကြံဖန်ပြောသည်။

"မေရီတို့ ညီအမနှစ်ယောက်ထဲရှိပါတယ်။ ဩော်.... ဟိုနေ့က မမဆီကတောင် စာလာတယ်။ သူတို့လဲ ဗမာပြည် ပြန်လာရတော့မယ်တဲ့"

"အို.... ဒါဖြင့် သာဟန်ကျတာပေ့ါ၊ ပို သိုက်သိုက်ဝန်းဝန်း ပြန်နေကြရတာပေ့ါ""

မေရီက ဘာမျှပြန်မဖြေ၊ စေတီတော်ကြီးအားသာ လှမ်းမျှော်ငေးကြည့်နေမိသည်။

"ဩော်.... ဒါထက် မမနွဲ့လဲ လက်ထပ်သွားဘီ၊ ဘယ်သူနဲ့လဲ သိလား....."

မေရီ၏ဦးခေါင်းမှာ မိုက်ကနဲဖြစ်သွားသည်။ မျက်လုံးများမှာလည်း ပြာဝေသွားသည်။ တကိုယ်လုံးမှာ အားအင်တွေ ကုန်သွားသည့်ပမာ နွန်းကျသွားသဖြင့် ဝရံတာအား လက်နှင့်ထောက် အားပြုလိုက်ရသည်။

"မေရီ.... ဘာဖြစ်သလဲ"

ပဂ္ဂီက မေရီပခုံးလေးအား လှုပ်ယမ်း၍ မေးသည်။

“ဘာမှ... ဘာမှမဖြစ်ပါဘူး၊ ပြောပါပဂ္ဂီ ဆက်ပြောပါ။ ဆရာမဟုတ်လား”

“ဟော.. ပြောရင်းဆိုရင်း ဟိုမှာလာကြဘီ မမနွဲ့တို့စုံတွဲ၊ အို.... မေရီ၊ ငြိမ်းတို့ စုံတွဲလဲပါတယ်”

ပဂ္ဂီက ရွှင်မြူးစွာအော်၍ စရပ်ပေါ်တက်ရာဆီ ပြေးသွားကြိုဆိုသည်။ မေရီက နေရာတွင်သာ ကြောင်ရပ်ကျန်ရစ်သည်။ ပဂ္ဂီပြေးသွားရာသို့ လှမ်းမကြည့်ရဲ၊ တတ်နိုင်လျှင် ဤနေရာမှ အတောင်ပေါက်ပျံပြေးသွားချင်သည်။

သို့ရာတွင် သူကောင်းကောင်းမှတ်မိသော နွဲ့နွဲ့နှင့် ငြိမ်း၏အသံကို ပြိုင်တူကြားလိုက်ရသည်။

“မေရီ....”

လက်တဘက်စီကလည်း မေရီ့ ပခုံးတဘက်စီပေါ်သို့ ကျလာကြသည်။ မေရီ၏ ပြာဝေသော မျက်လုံးများက ကြည်လင်လာသည်။

ပထမဆုံးတွေ့ရသည်မှာ ပြုံးချိုနေသော နွဲ့နွဲ့နှင့်ငြိမ်းတို့၏ မျက်နှာများဖြစ်သည်။ သူတို့နောက်တွင် ကပ်လျက်မှာမူ ကိုရွှေမောင်နှင့် မေရီမည်သို့မျှ မမျှော်လင့်သော ကိုလှဝေ။

မေရီက အံ့သြလွန်းသဖြင့် မည်သို့မျှ စကားမဆိုနိုင်။

“မေရီ သိပ်အံ့သြနေတယ်ထင်ပါရဲ့နွဲ့....”

ကိုလှဝေက ဝင်ပြောသည်။ နောက် မေရီ့အား အဓိပ္ပါယ်ပြည့်ဝသောအပြုံးနှင့် ကြည့်နေသည်။

နွဲ့နွဲ့နှင့်ငြိမ်းက မေရီ့အား ဆွဲခေါ်လာ၍ ဖျာတချပ်ပေါ် ဝိုင်းထိုင်ကြသည်။ ညှော်ခံကော်မတီဝင်များက မုံ့ပွဲများ လာချပေးသည်။

အံ့သြစိတ်ပြေပျောက်သွားသော မေရီက ယခုမှပြုံးရွှင်နိုင်သည်။

“မေရီ သိပ်အံ့သြသွားတယ်မမနွဲ့၊ မမနွဲ့တို့က ဘာအကြောင်းမှလဲ မကြားဘူး”

“ဟုတ်တယ်မေရီ၊ မမနွဲ့တို့ ဘယ်သူ့မှ အကြောင်းမကြားဘူး၊ ရုံးတက်လက်ထပ်လိုက်တာဘဲ၊ သတင်းစာထဲတောင် မထည့်ပါဘူး”

နွဲ့နွဲ့က မုံ့ဟင်းခါးကိုစားရင်း ပြောသည်။

“ဟောဒီ ငြိမ်းတို့တုံးကလဲ ဒီလိုဘဲ ဖြုန်းစားကြီး၊ ပဂ္ဂီပြောပြမှ မေရီသိရတယ်”

မေရီက ငြိမ်း၏ကျောကလေးအား မနာအောင်ထုရင်း ပြောသည်။

“ဩော်.... မေရီရယ်၊ လင်ယူတယ်ဆိုတာ စဉ်းစဉ်းစားစားလုပ်ရတယ်မဟုတ်လား၊ ဒါကြောင့် ငြိမ်းက ဒီလောက် အရင်လိုနေရတာပါ”

ထုံးစံအတိုင်း ငြိမ်းက တည်တည်နှင့် အရွှန်းပြောသဖြင့် အားလုံးမှာ ဝိုင်းရယ်လိုက်ကြသည်။ ကိုရွှေမောင်ကမူ ဘာမျှဝင်မပြောဘဲ မုံ့ဟင်းခါးကိုသာ ငုံ့စားနေသည်။

“ကိုရွှေမောင်ကလဲ စကားများလိုက်တာ”

ပဂ္ဂီက လှမ်းနောက်သည်။

“ဟုတ်တယ်.... သတို့သမီးက နဲနဲရှက်တတ်တယ်”

ငြိမ်းက သူ့လင်တော်မောင်အား သူပြန်နောက်၏။ ကိုရွှေမောင်က ရှက်ပြုံးကြီးပြုံးနေသည်။

“အကိုကြီးကော.... နယ်ထွက်ရအုံးမှာလား”

မေရီက ကိုလှဝေအား လှမ်းမေးလိုက်သည်။

“ဟောဒီမယ် ဆရာမက ကျောင်းပြန်တက်ရမယ် ကြိမ်းနေတယ်”

ကိုလှဝေက နွဲ့နွဲ့အား မေးငေါ့ညွှန်ပြရင်း ပြုံး၍ပြောသည်။ နွဲ့နွဲ့က သူ့အား ချစ်စနိုး မျက်စောင်းလေး ထိုး၍.....

“ဟင်း ဆရာမစကား နားထောင်ရင် ကြာလှဘီ ဒီဂရီရတာ” ဟု ပြုံးလျက်နှင့် မာန်သည်။

“သြော်.... မေရီ၊ ကိုကိုမြင့်လဲပါတယ်၊ မောင်သက်တင်လေးလဲ ပါသေးတယ်”

မေရီ၏ ပြုံးနေသော မျက်နှာလေးမှာ တည်ကျသွား၍ ရင်လေးမှာ ခုန်လာသည်။ ပါးပြင်လေးမှာလည်း မသိမသာ နီရဲသွားသည်။

“အခုဆရာတို့က ဘယ်ကျန်ရစ်လဲ”

မေရီက အသံကိုထိန်း၍ မေးသည်။

“ဒီကိုခေါ်တာ မလိုက်ကြဘူးလေ၊ ဘုရားပေါ်ဘဲ ရောက်ကြည့်တော့မတဲ့၊ လူချင်းလွဲနေရင် ကားမှာ ပြန်စောင့်စတမ်းတဲ့”

မေရီက ဘာမျှဆက်မမေးတော့၊ ကိုမြင့်သူက ဤနေရာကို ဘာကြောင့်ရှောင်သနည်း။ ရင်ထဲ၌သာ သိချင်နေသည်။

ထိုစဉ် နွဲ့နွဲ့နှင့် ကိုလှဝေ၏ အသိများ ရောက်လာသဖြင့် စကားဝိုင်းသစ်မှာ စပြန်၏။

ပင့်မှာ သူ့အဖော်များ ပြန်ရန်ပြင်သဖြင့် အားလုံးကိုနှုတ်ဆက်၍ ထလိုက်သွားရသည်။

ငြိမ်းက မေရီ့အား လက်ကုပ်သည်။ နောက် “ကိုရွှေမောင်၊ ဒီမှာခဏနေခဲ့အုံးနော် မမနွဲ့၊ ငြိမ်းနဲ့မေရီ အခုပြန်လာခဲ့မယ်” ဟုဆို၍ ရင်ပြင်တော်ပေါ်သို့ ဆင်းခဲ့ကြသည်။

၂–ဦးသား လက်တွဲကာ သွက်သွက်လေးလျှောက်ခဲ့ကြ၏။

“မေရီ.... အရင် ငြိမ်းတို့နှစ်ယောက် လျှောက်ဂျပိုးကျတာ မှတ်မိသေးလား”

မေရီက ရှေးဖြစ်ဟောင်းလေးအား အောက်မေ့မိသဖြင့် အသာပြုံးလိုက်သည်။

“လင်သားရပြန်တော့ တယ်မလွတ်လပ်လှဘူး မေရီရေ၊ ဝတ္တရားဆိုတာက ရှိပြန်တယ်မဟုတ်လား”

ငြိမ်းက စကားအဆက်မပြတ် ပြောလာသည်။

“အခု မေရီတို့ ဘယ်သွားမလို့လဲ”

“အို…. မေရီနဲ့အတူတူ လမ်းလျှောက်ချင်လို့ပါ”

ငြိမ်းက ဗောဓိပင်ရှိရာထောင့်သို့ မေရီ့အား ခေါ်ခဲ့သည်။ နောက်ရပ်၍ လေသံကိုနှိမ့်ကာ ပြောသည်။

“မေရီ…. အချစ်ဆိုတာ ပိုင်ဆိုင်ချင်တာဘဲလို့ ငြိမ်းပြောခဲ့တာ မှတ်မိရဲ့လား ချစ်ရင် ဘာမဆို လုပ်ရဲရတယ်”

မေရီက ငြိမ်း၏ ထူးဆန်းသောစကားကြောင့် မျက်လုံးလေးပြူးသွားမိသည်။

“ခုနက လူတွေရှေ့မို့ မမနွဲ့ပြောတာ၊ ဆရာက ဒီနားမှာသူရှိမယ်တဲ့၊ ပြန်ရင် ဝင်ခေါ်ဘို့မှာထားတယ်”

“အဲဒါဘာဖြစ်လဲ ငြိမ်း”

“အဲဒါဘာဖြစ်ရမလဲ မေရီသွားချေပေါ့”

“အို… ငြိမ်းရယ်”

“အို… ငြိမ်းရယ်လုပ်မနေနဲ့ မေရီ၊ မေရီ တခါပြောသလိုဘဲ ကုမုဒြာကြာနဲ့ ပိတုန်းမောင်ပမာ ဖြစ်နေကြတဲ့ မေရီတို့ရဲ့အဖြစ်ကို ငြိမ်းမကြည့်ရက်ဖူး”

ငြိမ်းက ပြောပြောဆိုဆိုနှင့် မေရီ့အပါးမှ သွက်လက်စွာ ပြေးခွာထွက်သွားသည်။ မေရီက ငြိမ်ငြိမ်လေး ရပ်ကျန်ရစ်သည်။ ငြိမ်းနောက် ပြန်ပြေးလိုက်သွားချင်သော်လည်း ခြေကိုလှမ်း၍မရ၊ အတန်ကြာ ချီတုံချတုံဖြစ်နေမိပြီးမှ စိတ်ကမဆုံးဖြတ်မိမီ လူမှာ တရွေ့ရွေ့လျှောက်နေပေပြီ။ ငြိမ်းနောက်သို့မူ မဟုတ်။

မေရီက ဗောဓိပင်ကြီးအား ကျော်ခဲ့သည်။ ဤမှာဘက်တွင်မူ အဆောက်အဦများကွယ်နေ၍ ရင်ပြင်တော်ဆီမှ မီးရောင်များမလာ၊ အေးမြသောလရောင်သာ ပက်ဖျန်းနေ၍ ပြောက်ကျားသော အရိပ်များ ကျနေ၏။

လူသူလေးပါးလည်း သိပ်မရှိလှ၊ စည်ကားသော ရင်ပြင်တော်ကို စွန့်၍ လရောင်နှင့် အရိပ်တို့သာ မင်းမူနေသော ဤဆိတ်ငြိမ်ရာဘက်ကို မည်သူလာချင်ပေမည်နည်း။

လရောင်၌ ထီးထီးရပ်နေသော ကိုမြင့်သူအား မေရီက လှမ်းမြင်ရသည်။ ကုန်းစောင်းကို ရံပတ်ကာ ထားသည့် အုတ်တံတိုင်းပေါ် လက်ထောက်၍ တောင်ခြေမြေပြန့်ဆီအား ငေးမျှော်ကြည့်နေပုံရ၏။

မေရီ့ခြေသံကို ကြားသောအခါ အမှတ်မထင်ဟန်နှင့် သူကလှည့်ကြည့်သည်။ ခဏမှာပင် ကိုင်းနေသောခါးမှာ မတ်လာ၍ လူမှာလည်း တုန်လှုပ်သွားပုံပေါ်သည်။

မေရီက ကြိုးစား၍ ပြုံးနှုတ်ဆက်ကြည့်သည်။ အပြုံးကပေါ်မလာ နှုတ်ခမ်းလေးတွေမှာသာ တုန်ယင်နေ၏။

“မေရီ”

နောက်ဆုံးမှ သူကခေါ်သည်။

“ဆရာ”

မေရီ့အသံမှာ လေသံထက်မပို၊ လေသံထက်ပို၍လည်းမရ၊ ကြေကွဲသော ဝေဒနာတရပ်က ဝမ်းသာမှုနှင့် ယှဉ်တွဲကာ လည်ချောင်းနှင့်ရင်ကို ဆို့နင့်စေသည်။ ဘယ်ကပေါ်လာသည်မသိ၊ မျက်ရည်များကလည်း မျက်လုံးများဝယ် ဝေ့လည်ဖုံးလွှမ်းလာ၏။

သူကလည်း ညပြာပြာဝယ် အပြာရည်ထည်ဝတ်နှင့် ကြော့မဆုံးသော မေရီ၏အလှအား ငေးမောကြည့်နေမိသည်။ ထိုစဉ်ဝယ် အတိတ်ကာလ နတ်နိုးလ တညတာဝယ် ဆုံလှာဘူးခဲ့သော မေဘယ်လ်၏ သဏ္ဌာန်မှာလည်း ရေးရေးထင်လာသည်။

ကိုမြင့်သူက ငြင်သာစွာပြုံးလျက် မေရီ့အား သူ့လက်ကိုကမ်းလိုက်သည်။ မေရီက သည်တော့မှ ပြန်ပြုံးနိုင်သည်။ ပြုံးခိုက်တွင်ပင် အမည်မဖော်နိုင်သည့် မျက်ရည်တပေါက်က ပါးပြင်ပေါ်သို့ ခုန်ဆင်းလာသည်။ မေရီ၏ ဖွေးဖွေးနုသော လက်ကလေးကလည်း ရှေ့သို့ထွက်ဆန့်လာ၏။

သူက မေရီ့လက်ကလေးအား ယုယစွာဆွဲယူလာ၍ အုတ်တံတိုင်းဆီသို့ ခေါ်လာသည်။ နှစ်ဦးအတူ ယှဉ်တွဲရပ်ရင်း တောင်ခြေဆီသို့ အတူငေးကြည့်နေကြသည်။ ဘာစကားကိုမျှ မဆိုမိ။ ဆိုရန်လည်း မလို၊ ရင်၌ တသိမ့်သိမ့် ကိုယ်စီပေါ်ပေါက်ခဲ့သော ဝေဒနာများအား ဆိတ်ငြိမ်စွာ ခံစားနေရသည်များကပင် ကြည်နူးဘွယ်ဖြစ်နေကြ၏။

“မေရီ မချမ်းဘူးလား....”

အတန်ကြာ ဆိတ်ငြိမ်နေရာမှ သူက ကြင်နာစွာမေးသည်။

“ဟင့်အင်း မေရီမချမ်းပါဘူး...”

သို့ရာတွင် အေးစိမ့်သော ဆောင်းလေဦးမှာ မြူးနေ၍ နှင်းပုလဲတို့က ဖွဲဖွဲကျနေ၏။

သူက ဘာမျှပြန်မပြောတော့ဘဲ သူ့ကိုယ်၌ဝတ်ထားသည့် မီးခိုးရောင်ဖြော့ဖြော့ သက္ကလပ်ကုတ်အင်္ကျီအား ချွတ်၍ မေရီ့ကိုယ်လေးပေါ်ဝယ် လွှမ်းခြုံပေးသည်။

"အို.... ဆရာရယ်....၊ ဆရာချမ်းနေတော့မှာပါဘဲ"

မေရီက ညည်းညည်းညူညူဆိုသည်။ သို့ရာတွင် သူပြုပေးသမျှကို မငြင်းမိ။ ငြင်းရန်လည်းအားမရှိ။

"သြော်... ဆရာ့စီးကရက်ဗူး အိတ်ထဲပါသွားတယ်။ တလိပ်လောက်မေရီ"

မေရီက စီးကရက်ဗူးကိုယူ၍ သူ့အားလှမ်းပေးလိုက်သည်။ သူက တလိပ်နှိုက်ယူပြီး ဗူးကို ပြန်ပေးလိုက်သဖြင့် မေရီက အိတ်တွင်းပြန်ထည့်လိုက်သည်။ ကိုမြင့်သူက သတိမပေးမီ မေရီက မီးချစ်ကို နှိုက်ယူလိုက်၍ တချက်ပြုံးလိုက်ကာ သူ့အားမပေးဘဲ ခလုပ်ကိုနှိပ်၍ ခြစ်လိုက်၏။ ကိုမြင့်သူက ကျေနပ်စွာပြုံးလိုက်ပြီး ခါးကိုကိုင်း၍ မီးငြှိယူသည်။

"သြော်.... မေရီ မေရီ"

သူက စီးကရက်ငွေ့များကို ဖွာထုတ်ရင်း ရေရွတ်လိုက်၏။

"ဟိုတခါတုံးလဲ ဆရာဒီလိုဘဲ သြော်– မေရီဆိုညည်းတယ်။ ဘာပြုလို့လဲ ဆရာ"

"သြော် မေရီရယ် ဒါတော့"

သူက အဖြေမပေးနိုင်သဖြင့် ရယ်မောနေလိုက်ရသည်။

"ဟော... ညည်းပြန်ဘီတခါ၊ ဒီလိုဆို မေရီကလဲ ညည်းလိုက်မယ်။ သြော် ဆရာရယ်.....ကဲ"

မေရီက ဟန်ပါပါ ပင့်သက်လေးရှူရင်း ညည်းပြသဖြင့် သူက နှစ်ခြိုက်စွာ ရယ်မောမိသည်။

သူက အရယ်ရပ်၍ မေရီ့အား စင်းမှေးသောမျက်လုံးများနှင့် ငေးကြည့်နေသည်။ စကားတလုံးက နှုတ်မှ ထွက်လုဆဲဆဲဖြစ်နေသည်။ သို့ရာတွင် စကားက ထွက်မလာ၊ တစုံတခုက သူ့နှုတ်အား ထိန်းထားသည်။

သူက မျက်နှာလွှဲလိုက်၍ စကားကိုပါ လှီးလွှဲပစ်သည်။

“မေရီ ဘယ်သူနဲ့လာလဲ”

“မေရီ့ကာဇင်နဲ့ပါဘဲ”

“ဆရာဒီမှာရှိမှန်း ဘယ်လိုလုပ်သိလဲ”

“ငြိမ်းကပြောလို့ ဆရာ”

သူက အသာလှည့်ကြည့်လိုက်၏။

“ဒါဖြင့် နွဲ့တို့နဲ့ မေရီ တွေ့ပြီးဘီပေါ့”

“ဟုတ်ကဲ့ဆရာ”

ကိုမြင့်သူက ဘာမျှမပြောဘဲ တောင်ခြေတွင် ပြားပြားဝပ်နေသော တောအုပ်သစ်ရိပ်တို့ကြားမှ ထွန်းလက်နေသော ရန်ကုန်၏ မီးပွင့်များကို ငေးကြည့်နေသည်။

“မမနွဲ့တို့အချစ်ဟာ စံနမူနာယူထိုက်တယ်နော်”

မေရီက စဉ်းစဉ်းစားစား ဝင်ပြောသည်။

“အချစ်စစ်အချစ်မှန်တို့ဟာ စံနမူနာသဘောချည်းပါဘဲ မေရီ”

ခရီးလမ်းဟာ ကြမ်းစမြဲဆိုပေမယ့် အဆုံးမှာ အချစ်စစ်တို့မည်သည် အောင်ပွဲခံရရိုးပါဘဲ”

“ဟုတ်ကဲ့လားဆရာ”

သူက အမှတ်မထင် နာကျည်းစွာပြုံးမိသွားသည်။

ချွင်းချက်တော့လဲ ရှိစမြဲပေါ့မေရီရယ်”

“မေရီတော့ အဲဒီ ချွင်းချက်သဘောနဲ့များ လာတွေ့မှာ သိပ်ကြောက်တာဘဲ”

"အို မေရီရယ်"

"ဟုတ်တယ်ဆရာ၊ မေရီငယ်ငယ်က လပြည့်ပလားဆိုရင် လဝန်းကြီးဟာ မိုးပြင်ကနေ ကျွံကျပြီး အိမ်ရှေ့ကကွင်းထဲ ကျလာတော့မှာဘဲအောက်မေ့တယ်၊ ကွင်းထဲကိုကျလာရင် ဘယ်သူမှမဦးခင် မေရီ ပြေးကောက်ယူမယ်ဆို စောင့်စောင့်ကြည့်နေတယ်။ လဝန်းကြီးကလဲ ဘယ်တော့မှကျွံကျမလာဘူး။ မေရီလဲ အိပ်ပျော်ပျော်သွားတာဘဲ"

မေရီက ကလေးငယ်ပမာ ချစ်စဘွယ်ပြောပြနေသည်။

"အခု ကြီးလာတာတောင် ဒီအကြောင်းတွေးမိရင် ငိုချင်သလိုဘဲ။ မေရီကလေ လိုချင်တာတခုကိုရမှ၊ မရရင် မေရီထင်တာတွေ ရှောက်လုပ်တာဘဲ။ မေမေကတောင် ခဏခဏဆူတယ်"

ကိုမြင့်သူက အသာရယ်မောမိသည်။

"ဩော် မေရီ မေရီ"

"ဟော လာပြန်ဘီ"

"မေရီ အခု အသက်ဘယ်လောက်ရှိဘီလဲ"

"နွေကျရင် မေရီ ၁၇-နှစ်ပြည့်တော့မယ်"

"..... အို မေရီက ဆရာ့ထက် ၁၀-နှစ်တောင် ငယ်သေးတာဘဲ"

"အဲဒါ ဘာဖြစ်လဲဆရာ"

"ဩော်- မေရီငယ်သေးတာကို ပြောတာပါ၊ အခုကော လမင်းကြီးကို လိုချင်သေးလား"

ကိုမြင့်သူက မိုးပြင်မှ ပြည့်လုဆဲဆဲလအား ညွှန်ပြရင်း မေးသည်။ မေရီက ပြုံး၍သာနေ၏။

"လောကမှာ ဖြစ်နိုင်တာရှိတယ်၊ မဖြစ်နိုင်တာရှိတယ်၊ ဖြစ်ချင်တာရှိတယ်၊ မဖြစ်ချင်တာရှိတယ်၊ ဖြစ်သင့်တာရှိတယ်၊ မဖြစ်သင့်တာရှိတယ်၊ မဖြစ်နိုင်တာတွေကို လျှောက်မလုပ်ထိုက်သလို၊ ကိုယ်ဖြစ်ချင်တာတွေချည်းလဲ လျှောက်လုပ်နေလို့ မကောင်းဘူး"

“ဟင်–ဒီလိုဆို လောကကြီးက ဘာပျော်စရာရှိတော့မလဲ”

“ဒီလိုလဲမဟုတ်ဖူးမေရီ၊ ဖြစ်ချင်တာကို ဖြစ်သင့်ဖြစ်ထိုက်တဲ့နည်းနဲ့ ဖြစ်ပေါ်လာအောင် ကြိုးစားယူရတယ်၊ ဒါဟာ လူ့ဘဝရဲ့ အနုပညာဘဲ”

“ဖြစ်ချင်တာဟာ ဘယ်တော့မှ ဖြစ်သင့်သလို ဖြစ်လာမှာတဲ့လဲ ဆရာ”

“အချိန်ဆိုတာ ရှိတယ်မေရီ၊ အချိန်ကိုစောင့်ရတယ်၊ အချိန်ဟာ အကောင်းဆုံးဆေးသမားဖြစ်သလို တိုင်ပင်ဘို့အတွက်၊ အကောင်းဆုံး ပညာရှိဘဲ”

မေရီက တစုံတခုအား တွေတွေလေး စဉ်းစားနေ၏။

“သြော်–ဒါထက်ဆရာ နောင်နှစ်ခါ မေရီ ဒီကျောင်းပြန်လာရတော့မှာမဟုတ်ဖူး”

“ဟင် ဘာပြုလို့”

သူ၏မျက်နှာကလည်း သိသိသာသာ ပျက်သွားသည်။ မေရီက ငြိမ်းအားရှင်းပြသကဲ့သို့ ရှင်းပြ၏။

သူက သက်ပြင်းရှိုက်လိုက်သည်။

“ဆရာကလဲ ဒီလိုဆို မန္တလေးတက္ကသိုလ်ကို ပြောင်းဖြစ်မလားမသိဘူး”

“အို.... မန္တလေးကို...၊ ဟင် အဝေးကြီးဘဲ”

မေရီက ပင့်သက်လေးရှူရှိုက် ပြောသည်။

“မန္တလေးဟာလဲ ဗမာပြည်ထဲတွင်ပါဘဲ မေရီရယ်။ ဒါထက် ဒီနွေ မော်လမြိုင်မှာ မေရီရှိနေမှာပေါ့”

“ဟုတ်ကဲ့ဆရာ– ဘာပြုလို့လဲ”

“နွေကျရင် ဆရာ မော်လမြိုင်ထောင်ထဲမှာ သုတေသနလာလုပ်စရာရှိတယ်။ အဲဒီတော့မှ”

ကိုမြင့်သူက ရုတ်တရက် စကားရပ်ပစ်လိုက်သည်။

"အဲဒီတော့မှ ဘာဖြစ်လဲဆရာ..."

သူပြုံးလိုက်သည်။ ရုတ်တရက် အဖြေမပေးသေး။

"ဩော်... အဲဒီကျတော့ မေရီခုထက် အများကြီးစဥ်းစားနိုင်ပြီ။ ဒီတော့ကျမှ မေရီ့ကိုဆရာ စကားတွေ အများကြီး ပြောပြအုံးမယ်"

"အခုပြောတော့ကောဆရာ"

"ဩော်....မေရီရယ်၊ ခုနက ဆရာပြောခဲ့ပါရောလား၊ အချိန်ဆိုတဲ့ ပညာရှိကြီးနဲ့ တိုင်ပင်ရတယ်လို့"

မေရီက ဘာမျှမပြောဘဲ ငြိမ်နေသည်။ သူကသာ လရောင်ဝယ်ဖွေးဖွေးလဲ့၍ သန့်စဥ်နုနယ်သော မေရီ၏ မျက်နှာလေးအား ငေးငေးကြည့်ရင်း တည်ငြိမ်စွာနှင့် ဆက်ပြောပြနေ၏။

"လေမိုးထန်တဲ့မိုးရာသီအခါမှာ အခုလို ငွေလရောင်နဲ့ သာယာတဲ့ဆောင်းကာလကို လူတွေ တောင်းတကြတယ်။ တောင်းတကြတဲ့ အတိုင်းဘဲ၊ မိုးကုန်လေဆုံးရင် နှင်းဖွံဖွံနဲ့ သာမောတဲ့ ဆောင်းအလှကို ကြုံရစမြဲဘဲ မေရီ၊ ဒီလိုဘဲ လူ့ဘဝခရီးတာဟာ ဘယ်လိုရှည်မောပေမယ့် တောကို လွန် တောင်ကိုဆုံးရင် မြစ်ကမ်းရေရိပ်နဲ့ ကွန်းထောက်နန်းကျွန်းသာယာကို ရောက်ရမှာဘဲ..."

ကိုမြင့်သူက တည်ငြိမ်အေးချမ်းစွာပြုံး၍ မေရီ့အား စိုက်ကြည့်လိုက်သည်။ သူ့စကားကို ကောင်းစွာ နားမလည်သော်လည်း မေရီက ကျေနပ်စွာ ပြန်ပြုံးလိုက်သည်။

"ကဲ– လာမေရီ သွားကြစို့..."

သူက မေရီ့ပခုံးလေးအား အသာပုတ်ဆွဲယူလည့်လျက် နေရာမှ ယှဥ်တွဲထွက်ခွာလာသည်။

သို့ရာတွင် ဗောဓိညောင်အနီး အရိပ်ကွယ်မှ လူသား၄–ဦးက မကျေမနပ်နှင့် ခုန်ဆွခုန်ဆွ ဖြစ်ကျန်ရစ် သည်ကိုမူ သူတို့နှစ်ဦးက သိကြမည်မဟုတ်။

"ဒို့ဇာတ်လိုက်ကြီးဟာ သိပ်ရှော်တာဘဲကွာ...."

မောင်ရှိန်က စိတ်ပျက်လက်ပျက်ဆိုသည်။

"နှစ်ပါးသွားပြမလား အောက်မေ့တယ်၊ အဘိဓမ္မာတွေများ လက်ချာရိုက်သွားလားမသိဘူး"

မြင့်သန်းက အပြစ်တင်သည်။

ထိုစဉ် မမြော်လင့်ဘဲ ကြိမ်းမောင်းဆဲဆိုသံကို ကြားရသဖြင့် သူတို့က လှည့်ကြည့်လိုက်သည်။

"ငါ့သောက်ခွက်ကိုရှဲတယ်...၊ ဘုရားပေါ်တောင်မရှောင်ဘဲ သောက်ခွက်လိုက်ရှဲတယ်၊ မအေပေးတွေ သိရောပေါ့..."

တင်ဦးမောင်က တကယ်ထိုးတော့မည့်ဟန် လက်သီးလက်မောင်းတန်း၍ ပေါ်လာသဖြင့် မောင်ရှိန်တို့ အသိုက်မှာ ဘုရားကြိုဘုရားကြား ကွေ့ပတ်ကာ ရင်ပြင်တော်ပေါ်သို့ ပြေးရှောင်ထွက်လာရ လေသတည်း။ ။

# အခန်း(၁၇)

“ဆည်းဆာရိပ်၊ နေရီရီဝယ်…၊ ငွေမင်ရည်လဲ့တိမ်နီရောင်ခြယ်၊ ဟိုတောင်စွယ် ကပျပျမှိုင်း၊ ညနေတိုင်း အုံ့ကာ… နေတော့တယ်”

သံလွင်မြစ်၏ မော်လမြိုင်ဆိပ်ကမ်းမှာ ဝင်လုဆဲနေရောင်အောက်တွင် အေးချမ်းစွာ ငြိမ်သက်နေ၏။

မေရီနှင့် ကိုမြင့်သူက ဆိပ်ကမ်းတလျှောက် အနားသပ်ကာရံထားသော အုတ်တံတိုင်းဝယ် မှီရင်း ရပ်နေကြသည်။

မြစ်၏တဖက်ကမ်း မုတ္တမဘက်ဆီမှ မြူဆိုင်းသောတောင်တန်းတို့မှာ အုံ့မှိုင်းပြာရီလျက် ရှိသည်။ မေလ၏ နောက်ပိုင်းရက်ဖြစ်သဖြင့် မိုးစောသော မော်လမြိုင်၏ သစ်ပင်တောရိပ်တို့မှာ လန်းဆန်း စိမ်းလွင်နေသည်။

တိမ်တောက်သဖြင့် မိုးလ၏ဆည်းဆာမှာ နီကြန်သယောင် ရွှေလျှံတမျိုးနှင့် ဝင်းမှည့်ထွန်းတင့်နေ၏။

မြစ်ဆိပ်ရေစပ် ဆိပ်ခံတံတားတွင် ဆိုက်ကပ်လျက်ရှိသော သင်္ဘောဦးမှ တယောသံနှင့် သီချင်းသံက မုတ်သုန်လေတကြောဝယ် မျောမှီပျံ့လွင့်နေသည်။

“မြစ်သားသင်ဖြူးလားလို့ ထင်ယောင်မှားဘွယ်၊ လှမျိုးစုံခင်းတဲ့ ရေပြင်ပင်လယ်”

အဆိုနှင့် အတီးမှာ ချွဲချွဲနွဲ့နွဲ့ ထပ်ကြော့၍နေ၏။

“သဲသာသောင်နဲ့ ငွေရောင်ကမ်းစွယ်၊ ရွက်ကြိုးဆင်တဲ့ တန်ခွန်ဖျား၊ ကုက္ကလံနဲ့ လင်းယဉ်ဖျားဝယ်၊ နာဝါလှေများတွေရယ်”

တယောသံက နွဲ့သမျှ အဆိုမှာလည်း ပိုင်လှသည်။

“ကိုစောငြိမ်းဟာ ဒီသီချင်းကို မော်လမြိုင်ဆိပ်ကမ်းအတွက် တမင်များ စပ်ထားလားမသိဘူး”

မုတ်သုန်လေ၏ တိုးဝှေ့ခြင်းအား ဆိတ်ငြိမ်စွာခံစားရင်း တေးနှင့်ဂီတသံအား အရသာခံနေရာမှ ကိုမြင့်သူက မှတ်ချက်ချသည်။

မုတ္တမဆီမှ လေပြေငယ်တစင်းက ရွက်ဖွင့်လျက် ဤမှာဘက်သို့ ကူးလာနေသည်၊ ဘီလူးကျွန်းဘက်မှ လှေကြီးများကလည်း ဇင်ယော်တောင်ရွက်ဖွင့်လျက် မြစ်ကိုဆန်တက်လာနေသည်။

သံလွင်မြစ်၏ မျက်နှာပြင်သည်သာ သင်ဖြူးခင်းသကဲ့သို့ တည်ငြိမ်မနေ၊ လေအတိုးဝယ် တချီတချီ လှိုင်းခေါင်းဖြူများ ပေါ်နေ၏။

"ဆရာ.... ဒီသီချင်း ရတယ်မဟုတ်လား၊ ကိုအောင်လင်း ဆိုတာလေ။ ဝင်ဆိုပါလား"

မေရီက ပြုံးရင်း သူ့အားတိုက်တွန်းသည်။

"အို–မေရီကလဲ ဘေးမှာလူတွေနဲ့ ရှက်စရာကြီး"

ကိုမြင့်သူက လေညှင်းခံရင်း လမ်းလျှောက်နေသူများအား လှည့်ကြည့်ရင်း ပြောသည်။

အဆိုနှင့်အတီးမှာမူ ဆက်လက်ထွက်ပေါ်နေသည်။

"ဆွေးသူကို ဖေးကူပါလှဲ့၊ လမ်းကြုံရင် ခေါ်စေချင်ရဲ့၊ ပြာရီလဲ့ ဆည်းဆာချမ်းဝယ် မျှော်လေလေ မေ့ကိုလွမ်းတယ်၊ ကမ်းဆိပ်က သာယာလှတယ်"

အိပ်တန်းတက်သော ဗျိုင်းများက မြစ်ပြင်ကိုဖြတ်လျက် ပျံနေကြသည်။ ပျံလွှားငှက်များကလည်း ရေပြင်ကို လျှပ်တိုက်ချည် အမြင့်ပျံချည်နှင့် မြူးတူးနေကြ၏။

မေရီက သီချင်းကို တိုးတိုးလိုက်ဆိုကြည့်သည်။

"ရွှေဟင်္သာမောင်...မယ်၊ တောင်ပံယှက်ပြီ၊ လည်ချောင်းမှီ၍ ချချီချစ်ကျွမ်း၊ အောင်တော်သံ ခွန်းတုံ့ လှယ်၊ နေညိုအိပ်တန်းထက်ဝယ်၊ တူနွဲ့စက်ကာ ပျော်နိုင်ပါပေတယ်"

သီချင်းသံက ရပ်သွားသော်လည်း တယောလေးမှာ ဆက်လက်ကြွေနွဲ့နေသည်။

"ဆရာ မော်လမြိုင်မှာ ပျော်ရဲ့လား"

"ပျော်ပါတယ်မေရီ၊ ဆရာက မေမြို့နဲ့ တောင်ကြီးသာ သာယာတယ်မှတ်တယ်၊ မော်လမြိုင်ကလဲ တမျိုးလှတာဘဲ"

"ဘုရားတွေကော ရောက်ဖူးပြီးဘီလား ဆရာ...."

"မနေ့ကညနေက ထောင်ထဲကပြန်ပြန်ချင်း ဆရာ့တပည့် မောင်ကျော်စိန်တို့၊ မောင်အုံးဖေတို့နဲ့ တောင်ရိုးပေါ်ကဘုရားတွေ ရောက်ဖူးကြသေးတယ်။ မဟာမြတ်မုနိတို့၊ ဦးဇိနတို့ပေါ့..."

"ဒါနဲ့တောင် ဆက်ပြီး မေရီတို့ဆီ ဆင်းမလာခဲ့ဘူး၊ ဦးဇိနဘုရားကနေဆင်းလာရင် မေရီတို့ ဗဿျူးလမ်းနဲ့ ဘာဝေးတော့တာမှတ်လို့"

မေရီက မျက်စောင်းထိုးရင်း ပြောသည်။

"ဆရာကတော့ လာချင်တာပေါ့ မေရီ။ ဒါပေမယ့် ဆရာရော ပါမောက္ခကိုရော၊ ဆရာတို့တပည့် ဂုဏ်ထူးတန်းဘက်နေတယ် သိမလားမဆိုနိုင်ဘူး၊ နီနီခင်ဆိုတာလေ ဒိုင်းဝကွင်းမှာနေတယ်၊ ထမင်းစား ဖိတ်ထားလို့....."

"အံမယ်.....။ ဆရာက မော်လမြိုင်လေတွေတောင် ရနေပါရောလား..."

"ဘာလဲမေရီ..."

"ဒိုင်းဝကွင်းလို့ ဒီကခေါ်ပေမယ့် တမြို့သားတွေက စာအတိုင်း ပီပီသသ ဒိုင်းဝန်ကွင်းလို့ ခေါ်တယ် မဟုတ်လား...."

ကိုမြင့်သူက ရယ်မောရင်း "ဗုံပြတ်သမားတွေဆီက တတ်တာပါ" ဟုဆိုသည်။

"ထောင်ထဲ တနေ့လုံး သွားသွားနေရတာ စိတ်မညစ်ဖူးလား ဆရာ...."

"စိတ်ညစ်စရာတွေ သနားစရာတွေလဲ တွေ့တာပေါ့၊ ဒါပေမယ့် ထောင်ပိုင်ဝန်ရော၊ ထောင်မှူးကြီးကပါ သဘောကောင်းကြပါတယ်၊ တယောက်က ထားဝယ်သား၊ တယောက်က ရခိုင်သား၊ နှစ်ဦးလုံး ဖော်ရွေကြတယ်...."

"နက်ဖြန် ဆရာ အိမ်လာအုံးမလား။ ဖေဖေကတောင် မေးနေသေးတယ်...."

"နက်ဖြန်က စနေနေ့မဟုတ်လား၊ ထောင်သားအားလုံး နေ့တဝက် အလုပ်နားခွင့်ရတော့ ဆရာတို့ စုံစမ်းစရာရှိတာ မနက်ပိုင်းမှာ အပြီးလုပ်ရမယ်။ ညနေပိုင်းတော့ လာနိုင်မယ်ထင်တယ်...."

"ထောင်သားတွေက နေ့တဝက်အနားရတယ်လား..."

"မေရီ မသိသေးဘူးလား၊ ဒီနေ့ဗမာပြည်မှာ ဒီမိုကရေစီအခွင့်အရေးကို ထောင်ထဲမှာအထိ လိုက်ပေးတယ်...."

နှစ်ဦးသား စကားပြတ်သွားကြသည်။

နေဝင်ခဲ့ပြီဖြစ်သဖြင့် မုတ္တမဘက်ကမ်းဆီမှ မီးရောင်တလက်လက်ကို စတင်မြင်ရသည်။

"ဆရာတို့ အင်္ဂါနေ့ပြန်မယ်မဟုတ်လား၊ တနင်္ဂနွေနေ့မှာ ကျိုက္ခမီဘက်သွားလည်ဘို့ မေရီ စဉ်းစားထားတယ်...."

မေရီက အဝေးသို့ငေးရင်း ပြောသည်။

"မေရီ ဘာတွေးနေတာလဲ..."

မေရီက ကဗျာကရာ ပြန်ပြုံးလိုက်သည်။

"ဘာမှမဟုတ်ပါဘူး ဆရာ...."

"ဘာမှမဟုတ်ပါဘူးသာ ဆိုတယ်၊ မေရီ့မျက်နှာက ညှိုးသွားပါလား...."

မေရီက ဟန်ဆောင်ပြုံးကို ရပ်ပစ်လိုက်သည်။ သက်ပြင်းကလေးကိုလည်း ရှူလိုက်သည်။

"ဆိုပါအုံးမေရီ...."

သူကသာ ဇွတ်မေးနေသည်။ မေရီက အသာပြုံးရင်းဆိုသည်။

"ဆရာ ဘယ်လိုမှ မအောင့်မေ့နဲ့နော်၊ တကယ်လို့ ခုနေများ မေရီ့မမကို ဆရာ ပြန်တွေ့ရင် ဘယ်နှယ်နေမလဲ...."

ဤအကြိမ်တွင်မူ ကိုမြင့်သူက ငိုင်ကျသွားသည်။

"ဟော ဆရာမဖြေနိုင်တော့ဘူး...."

သူက အသာပြုံးလိုက်၏။

“မေရီ့ကို ဆရာ တခါကပြောခဲ့တာ မှတ်မိသေးလား…”

“ဘာလဲဆရာ….”

“ဆရာဟာ ဟိုတုံးကမြင့်သူမဟုတ်တော့ဘူး ဆိုတာလေ၊ ပြီးတော့ မေရီဟာ ဆရာရဲ့ မွေးရန့် သယ်လာတဲ့ နှင်းဆီသစ်ဆိုတာ၊ ဆရာက ဥပါဒါန်ရဲ့ ကျေးကျွန် မဖြစ်ချင်ဘူး….”

မေရီ့မျက်နှာလေးက ပြန်ကြည်လင်လာသည်။

“မေရီ ဘာလို့ ဒီအမေးကို မေးရတာလဲ….”

မေရီက ရုတ်တရက်မဖြေ…၊ တစုံတခုအား ချီတုံချတုံဖြစ်နေဟန်ရှိသည်။

“ဆိုပါအုံးမေရီ…”

မေရီက သက်ပြင်းတချက် ထပ်ရှိုက်လိုက်သည်။

“ဒီနေ့ ဆရာ့ကို အိမ်လာဘို့ ပြောထားရက်နဲ့ ဆရာ့ရဲ့ဗိုလ်တဲဆီ မေရီဦးအောင်လာပြီး ဒီဘက် ခေါ်လာတာ ဆရာသိလား…”

“ဟင့်အင်း၊ ဘာပြုလို့လဲမေရီ….”

မေရီပြန်ဖြေလိုက်သောစကားမှာ သူဘယ်လိုမျှ မမြော်လင့်သောစကားဖြစ်သည်။

“မေရီမမ အိမ်ကိုပြန်ရောက်နေတယ်။ မနက်က လေယာဉ်ပျံနဲ့ ပါလာတာ….”

ကိုမြင့်သူက တုန်လှုပ်ချောက်ချားသွားသည်။ သူ့နားကိုပင်သူမယုံမိ၊ ဘာစကားမျှလည်း ရုတ်တရက် မပြန်နိုင်။

“ဆရာ… စိတ်ထိခိုက်သွားလား….”

မေရီက အမဲ့ကိုမလွှမ်းနိုင်သော အပြုံးလေးနှင့်မေးသည်။

သူက ဖြည်းညှင်းစွာခေါင်းကိုခါသည်။

"မေရီ ဘာလို့ ဒီအမေးကိုမေးရတာလဲ။ ဆရာထပ်ပြောရအုံးမယ်။ အသစ်တွေ့ကြရတဲ့ ဆရာနဲ့ မေရီဟာ အတိတ်က ဥပါဒါန်တွေ ကင်းကင်းရှင်းရှင်းနဲ့ သန့်စင်လွတ်လပ်တဲ့ ခင်မင်ပေါင်းဖွဲ့မှုကို တည်ဆောက်ရမယ်။ နားလည်ရဲ့လား မေရီ.."

မေရီက ဘာမျှပြန်မဖြေ။ မှောင်ရီပျိုး၍ ရေးရေးသာမြင်ရတော့သော မြစ်ပြင်ကို ငေးကြည့်နေသည်။

တယောရှင်နှင့် အဆိုသမားတို့က လွမ်းစမစဲသေး။ စောစောက သီချင်းကိုပင် ထပ်ကျော့နေသည်။

"ဆွေးသူကိုဖေးကူပါလို့၊ လမ်းကြုံရင်ခေါ်စေချင်ရဲ့။ ပြာ... ရီလဲ့ဆည်းဆာချမ်းဝယ်၊ မျှော်လေလေ မေ့ကိုလွမ်းတယ်...."

မေရီက ကိုမြင့်သူဘက် လှည့်လိုက်သည်။

"ဆရာ မန္တလေးကို တကယ်ပြောင်းမလို့လား..."

"ခန့်စာတောင်ရဘီ မရီ၊ ဒီကပြန်ရင် ဇွန်လကျောင်းဖွင့်အမီ သွားရတော့မယ်"

မေရီက သူ့အား စူးစူးစိုက်စိုက် ကြည့်နေသည်။ တည်ငြိမ်လွန်းသောသူ့အား အားမရ။

"ဆရာ တခါကပြောခဲ့တဲ့ အချိန်ဆိုတဲ့ပညာရှိကြီးက ဆရာ့ကို ဘာပြောလဲဆရာ"

မေရီ့အသံလေးမှာ တုန်နေသည်။

"မော်လမြိုင်ကျရင် မေရီ့ကို စကားတွေအများကြီး ပြောစရာရှိတယ်ဆို၊ ဟင်.... ဆရာ..."

သူက ပြည့်လျှမ်းသောရင်နှင့် မေရီ့အား ကြည့်လိုက်သည်။

အမှောင်သန်းခဲ့ပြီဖြစ်သဖြင့် ဖြော့ဖြော့သာရှိသော အလင်းရောင်ဝယ် ညှိုးငယ်သော မေရီ၏ မျက်နှာလေးကို ရေးရေးမြင်ရသည်။

သူက ပတ်ဝန်းကျင်ကို မေ့သွားသည်။ သူ့ဘဝကိုလည်း သတိမရတော့။ စောင့်စည်းခဲ့သမျှ သမာဓိတာရိုးမှာလည်း ကျိုးခဲ့လေပြီ။

သူ့လက်က ပြည့်ဖြိုးသော မေရီ၏ပခုံးလေးပေါ် ရောက်သွားသည်။ ရင်မှနှလုံးမှာလည်း လည်ချောင်းဆီ ခုန်လာသည်ထင်ရ၏။

ဤတခဏ....၊ ဤအခိုက်အတန့်၊ ဤစက္ကန့်ပိုင်းအတွင်းတွင်ပင် အစိုးမရသော ကံကြမ္မာက ဝင်ရောက်ပိုင်းဖြတ် နှောင့်ရှက်လိုက်သည်။

"မေရီ...."

ကိုမြင့်သူ၏ လက်များက ပခုံးထက်မှ ကွာကျသွားသည်။ မေရီမှာလည်း တုန်လှုပ်သွား၏။ ပြိုင်တူနောက်သို့ လှည့်ကြည့်လိုက်ကြသော မေရီနှင့် ကိုမြင့်သူက ဘယ်သို့မျှ မမြော်လင့်ခဲ့သော သဏ္ဌာန်တခုကို ရင်ဆိုင်မိလျက်သား ဖြစ်နေ၏။

မေဘယ်လ်လွင်က သူတို့နှစ်ဦးအား မတုန်မလှုပ်ကြည့်ရင်း ရပ်နေ၏။

× × × ×

အပြင်ဘက်တွင် မိုးတွေက သည်းနေ၏။ မိုးဦးဖြစ်သဖြင့် လျှပ်တလက်လက်ဝယ် ရိုက်ချုန်း မြည်ဟည်းလျက် မိုးကြိုးများထစ်နေသည်။ သည်းထန်သော လေဒဏ်ကြောင့် ယိမ်းယိုင်လှုပ်ရှားလျက် ရှိသော သစ်ပင်ကြီးငယ်များထံမှ တဝေါဝေါအသံများမှာလည်း ဆူညံနေ၏။

ကိုမြင့်သူကမူ သည်မိုးသည်လေနှင့် သည်လျှပ်စစ်မုန်တိုင်းတို့ထက်လွန်သော အင်အားတရပ်ကို ရင်ဆိုင်နေရသည်။ မိန်းမသားတဦး၏ မျက်ရည်ကူသော ထိုးစစ်ပင်တည်း။

"လွင်ပြောတာတွေကို မောင်နားမလည်ဘူး...၊ နားလဲမလယ်ပါရစေနဲ့ လွင်ရယ်၊ လွင်ဟာလွင့်အတွက် သာယာတဲ့ဘဝကိုဖန်တီးခဲ့ပြီးမှ ဘာ့ကြောင့် မောင်ရဲ့လွတ်လပ်ခွင့်ကို လာပိတ်ပင်နေရသလဲ"

ကိုမြင့်သူက နာကျည်းလှိုက်လှဲလှသော ဝေဒနာကို ချိုးနှိမ်ရင်း ပြောသည်။

သူ့ရှေ့ကုလားထိုင်တလုံးပေါ်တွင်မူ မေဘယ်လ်က မျက်ရည်ဝိုင်းသော မျက်လုံးများနှင့် သူ့အား ကြည့်ရင်း ထိုင်နေသည်။

ဗိုလ်တဲတခုလုံးမှာမူ စနေနေ့ဝက်ဖြစ်သဖြင့် ထွက်လည်နေကြ၍လော၊ မိုးအေးသဖြင့် ကွေးနေကြ၍ လောမသိ၊ လူသံဆိတ်ငြိမ်နေသည်။

ကိုမြင့်သူကမူ မေဘလယ်လ်အားမကြည့်၊ ခုတင်တိုင်တခုကို ဆုပ်ကိုင်ရပ်ရင်း လေမိုးထန်နေသော အပြင်ဘက်သို့ မျက်နှာလွှဲရင်း ပြောနေ၏။

"အခုလို မောင့်အခန်းထဲအထိ လွင်လိုက်လာတာကိုဘဲ မောင်အံ့သြမိတယ်။ မောင့်သိက္ခာတွေ... အဲဒါထက် လွင့်ရဲ့ဂုဏ်သရေတွေ.... ဘာဖြစ်သွားမလဲ.၊ ပြီးတော့ မေရီများ သိသွားရင် ဘယ့်နှယ် နေမလဲ"

မေဘယ်လ်၏ မျက်နှာသွယ်လေးမှာ မေ့လာသည်။ တုန်ယင်နေသော်လည်း ထိခိုက်သော မာနရှိန် လွှမ်းသောအသံနှင့် ပြန်ပြောသည်။

"မောင်တယောက် လွင့်ကို စိတ်နာနေမယ်ဆိုတာ လွင်တွေးမိခဲ့ပါတယ်။ နားလဲလယ်ပါတယ်။ ဒါပေမယ့် ဒီလောက် လွင့်အပေါ်မှာ စိမ်းစိမ်းကားကား ပြောလိမ့်မယ့် မောင့်ကိုတော့ လွင် မမြော်လင့်ခဲ့ဘူး"

မေဘယ်လ်က အံကြိတ်ရင်းပြောသည်။

"လွင်မှားခဲ့ပါတယ်၊ လွင်မိုက်ခဲ့ပါတယ်၊ လွင့်ကိုယ်ကိုရော မောင့်ကိုပါ လွင် မလှဲ့စားပါဘူး၊ ဒါပေမယ့် မောင်ရယ်၊ အခုလွင်ဟာ မောင့်လွတ်လပ်ခွင့်ကို လာပိတ်ပင်နေတာ မဟုတ်သလို လွင့်အတွက် သာယာသောဘဝကို လွင် ဖန်တီးခဲ့တာမဟုတ်ဖူးဆိုတာ ဖြစ်ခဲ့သမျှကို အသိဆုံး မောင်က ဒီလိုစွပ်စွဲလိုက်တော့ လွင့်အသဲမှာ ဆတ်ဆတ်ခါနာမိတယ် သိလားမောင်"

မေဘယ်လ်က ပြောရင်း မျက်ရည်ကျလာသည်။

"မောင်က လွင့်ဂုဏ်သရေကို ထဲ့ပြောတယ်။ ဒီဂုဏ်သရေတွေကို လွင်က ဘာလုပ်ရမှာလဲ၊ ဒီ ဂုဏ်သရေတွေကြောင့် လွင်က ဟန်ဆောင်ခဲ့ရတယ်။ အခု ဟန်ဆောင်ရတာကို လွင်မောဘီ။ မုန်းဘီ၊ ဒီလိုဆိုတော့ လွင့်ရဲ့လင်သားအပေါ် လွင် သစ္စာပျက်တယ်လို့တော့ မထင်လိုက်ပါနဲ့။ ဒါပေမယ့် မချစ်ပေမဲ့ ပေါင်းခဲ့ရတဲ့ လင်အပေါ် သစ္စာရှိတာတခြား၊ ချစ်ပေမဲ့ မပေါင်းရတဲ့ မောင့်ကို မမေ့ နိုင်တာက တခြားဘဲ..."

ကိုမြင့်သူက ရယ်လိုက်သည်။ သူ့ရယ်သံကြောင့် မေဘယ်လ်က ထိတ်လန့်သွားသည်။

"ရှိပါမောင်... ရှိနိုင်ပါတယ်။ မောင်ကတော့ ရှိနိုင်သူကိုး...."

ကိုမြင့်သူက အရယ်ရပ်လိုက်ပြီး မေဘယ်လ်အား အသာငေးကြည့်ရင်း "လွင်ဟာ အင်မတန်စိတ်ကူး ယဉ်သေးတာကိုနော်" ဟုဆို၏။

"လွင်က စိတ်ကူးယဉ်တယ်ဘဲ ဆိုပါတော့။ ဒါပေမယ့် လွင့်ထက်ပို စိတ်ကူးယဉ်နေတဲ့ မောင့်ကိုယ်ကို ကော မောင်သိရဲ့လား..."

"မောင်က ဘာတွေများ စိတ်ကူးယဉ်နေပါသလဲ..."

"ဩော်..."

မေဘယ်လ်က သက်ပြင်းရှိုက်၍ ခေါင်းလေးကို တဆတ်ဆတ်ညိတ်လိုက်သည်။

"လွင်နဲ့မောင် ဘာဖြစ်ကြသလဲ၊ အမှတ်ရသေးရဲ့လားမောင်...၊ ဟင်.."

သူက ပြုံးလိုက်ပြန်သည်။ ခုတင်တိုင်ကို ဆုပ်ကိုင်ထားသောလက်အား ဖြုတ်လိုက်ကာ ခုတင်ပေါ်၌ ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

"ဘာကြောင့် အဟောင်းတွေကို အသစ်ပြန်လုပ်ချင်သလဲ လွင်၊ မောင်က ကုန်လွန်ခဲ့တဲ့အချိန်တွေမှာ တစ္ဆေပမာ ချောက်တဲ့ အတိတ်ဆိုတာကို မေ့ပျောက်အောင်ကြိုးစားခဲ့တယ်၊ မေ့လဲမေ့ရလိမ့်မယ်။ လူ့ဘဝဆိုတာ မပျက်တော့မဲ့ ပိတ်ကားပေါ်က ဆီဆေးပန်းချီကားတချပ် မဟုတ်ဖူး။ ဒါဟာ မောင့်အမြင်ဘဲ..."

မဘေယ်လ်က မဲ့ပြုံးလေးပြုံးလိုက်သည်။

"မောင့်အမြင်ဟာ မှန်ပါတယ်။ လူ့ဘဝဟာ ပိတ်ကားပေါ်ရေးခြယ်ထားတဲ့ ဆီဆေးပန်းချီ မဟုတ်ပါဘူး။ ဒါပေမယ့် အသဲနှလုံးမှာ သွေးနဲ့ရေးထားရတဲ့ ဇာတ်လမ်းဆိုတာတော့ မောင်က လွင့်ကို ငြင်းအုံးမှာလား..."

သူကမဖြေ။ ကြုံလှဆုံလှာရသော ဘဝကံ၏ အဆင်မပြေမှုကိုသာ ယူကျုံးမရဖြစ်နေသည်။

အပြင်ဘက်တွင်မူ မိုးကသည်းတုံးဖြစ်သည်။ လေဖေ့သဖြင့် မိုးမြူမိုးစက်များက ပြူတင်းမှ တိုးဝင်လာနေ၏။

မဘေယ်လ်ကသာ ဆွေးမြေ့ရိပ်လွှမ်းသောလေသံဖြင့် တလုံးချင်းဆက်ပြောနေသည်။

"လွင်နဲ့မောင် ဘာဖြစ်ခဲ့ကြသလဲ၊ မောင်အမှတ်မရရင် လွင်ကဘဲ ပြန်ပြောရအုံးမယ်၊ လွင်မိုက်လို့ လွင်မှားလို့ လွင့်ကိုယ်ကို မချစ်တဲ့လူရဲ့လက်ထဲ မအပ်ခင်ကလေးမှာ လွင်ဘာလုပ်ခဲ့သလဲ။ မောင် ဂန့်ဂေါ်မြိုင်က လွင်တို့နေခဲ့ကြတဲ့ အိမ်ကလေးကို သတိရသေးလား"

ကိုမြင့်သူက သိသိသာသာ တုန်လှုပ်သွားသည်။ ထိတ်လန့်တကြားနှင့် မဘေယ်လ်အား လှည့်ကြည့်မိသည်။

"မောင်နဲ့ တသက်သာ ကွာဝေးရတော့မယ်ဆိုတာ သိတဲ့အချိန်မှာ လွင်က လွင့်အချစ်ဦး မောင့်ရဲ့ ရင်ခွင်မှာ တဘဝစာ အားရအောင်နေသွားမယ်ဆိုပြီး လွင်အဖြစ်နဲ့ လွင့်အကြံကို ဘာမှမသိသေးဘဲ အပျော်ကြီးပျော်နေတဲ့ မောင်နဲ့ ဂန့်ဂေါ်မြိုင်မှာ သွားနေခဲ့ကြတာလေ၊ မောင် ၇-ရက်ထဲပါမောင်နော်၊ ဒီ ၇-ရက်ဟာ လွင့်ဘဝတာမှာ အပျော်ဆုံးဖြစ်ခဲ့သလို ညညတွေကျတော့ မောင်အိပ်ပျော်နေတုန်း မောင့်မျက်နှာကိုကြည့်ပြီး လွင် ကျိတ်ကျိတ်ခိုးငိုခဲ့ရတဲ့ အဆင်းရဲဆုံးအချိန်လဲ ဖြစ်ခဲ့ပါတယ် မောင်..."

မဘေယ်လ်၏အသံက တိမ်ဝင်သွားသည်။ မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ပေါက်ကွဲထွက်လာသော ရင်နှလုံးအား မထိန်းချုပ်နိုင်ဘဲ ချုန်းပွဲချငိုပစ်လိုက်သည်။

ယောကျ်ားတန်မယ့် သူကပါ မျက်ရည်ပေါက်များကျမိသည်။ ကိုယ်လေးသိမ့်သိမ့်တုန်လျက် မရှက်ကြောက်နိုင်တော့ဘဲ တရှုတ်ရှုတ်ငိုနေသူ ချစ်သူအား ကွဲကြေအံ့သော ရင်နှလုံးနှင့် မချိတင်ကဲ ကြည့်နေမိသည်။

မေဘယ်လ်က အားရအောင်ငိုပြီးမှ သူ့အားမော့်ကြည့်လိုက်သည်။

သူကမူမလှုပ်၊ မျက်တောင်ကော့ရှည်ဝယ် မျက်ရည်ဥခိုတွဲလျက်နှင့် ငယ်ရုပ်မပျက်သေးသည့် တကြိမ်က သူရှုမဆုံးမက်မဆုံး ကြင်မဆုံးဖြစ်ခဲ့ရသော မေဘယ်လ်၏ ချောမောလှသည့် မျက်နှာလေးကိုသာ အငေးသားကြည့်နေမိသည်။

"လွင်နဲ့မောင်ရဲ့ တသက်မှာ ဘယ်လိုမှ ပျက်ပြယ်တော့မယ်မဟုတ်တဲ့ ဒီအဖြစ်ကြီးက ရှိနေရက်နဲ့ မေရီနဲ့မောင်က ယူမယ်များ ကြံသလားဟင်..၊ လွင်ရိပ်မိသလောက် မောင်တို့ဟာ ခရီးမလွန်သေးပါဘူး။ မောင်ဟာ ပညာရှိပါ။ လွင်ပြောတာတွေကို သေသေချာချာ စဉ်းစားစမ်းပါ"

သူက အဖြေမပေး၊ အမှတ်မထင် နာကျည်းသောအပြုံးကို ပြုံးနေမိသည်။

"မေရီကို မောင်က ယူလိုက်ပါဘီတဲ့။ တွေးကြည့်စမ်း မောင်။ လွင်တို့မှာ ဒီညီအမဘဲရှိတယ်။ ဒီဘဝမှာ လွင်တို့နှစ်ယောက်အိမ်ထောင်ဟာ ဘယ်လိုမှ ခွဲနေလို့မရဘူး။ တကြိမ်မဟုတ် တကြိမ်တော့ ဆုံကြရမှာဘဲ။ အတူနေလို့မှ မဖြစ်တဲ့ ဘဝကြီးပါလား။ တပါးသူလက်က လွင့်ကိုမောင် ကြည့်ရက်မလား။ သူ့လက်ကမောင့်ကိုရော လွင်က ဘယ်လိုရင်ဆိုင်ရမလဲ။ လွင်နဲ့မောင့်အကြောင်းကို ကောင်းကောင်းသိတဲ့ မေရီမှာရော ဘယ့်နှယ်နေမလဲ။ စဉ်းစားပါမောင်၊ ရှုပ်ထွေးစရာ အထင်မှားစရာတွေ ဖြစ်လာမယ့် လွင်တို့မောင်တို့ရဲ့ အိမ်ထောင်ရေးဟာ အဆင်ပြေ သာယာနိုင်ပါတော့မလား..."

သူ့ဦးခေါင်းက ကျိုးကျသွားသည်။ မေဘယ်လ် ပြောသည်တို့မှာ လက်တွေ့ဆန်၍ မှန်လွန်းနေသည်။

"ဒီတော့ လွင့်ကို သဘောထားသေးတယ်များ ဆိုမလား...။ မောင်.... တခြား တစိမ်းတရံဆံနဲ့ ရသွားရင် လွင် ဖြေနိုင်သေးတယ်။ လွင့်အချစ်ဆုံးညီမရဲ့ လက်မှာတော့ မောင့်ကို မကြည့်နိုင်ဘူး..."

သူက အံ့သြစွာနှင့် မေဘယ်လ်အား ကြည့်လိုက်သည်။ ထူးဆန်းလှသော မိန်းမသားတို့၏ သဘာဝပါတကား။

"ဒီတော့မောင်က လွင့်ကို မုန်းပါစေ။ ဒါပေမယ့် လွင်ကတော့ မောင်နဲ့မေရီ မရအောင် တားရမှာဘဲ၊ ဖြစ်သလိုနည်းနဲ့ တားရမှာဘဲ။ နောက်ဆုံး လွင်တို့ရဲ့အဖြစ်ကို လူကြီးတွေကို ဖွင့်ပြောပစ်လိုက်မယ်။

လွင့်ဖေဖေနဲ့ မေမေအကြောင်းကို လွင်ကောင်းကောင်းသိတယ်။ ဒီလို ရှုပ်ရှုပ်ထွေးထွေးမှန်းသိရင် ဘယ်နည်းနဲ့မှ သဘောတူမှာ မဟုတ်ဖူး…”

မေဘယ်လ်၏အသံမှာ ပိုင်နိုင်လှ၏။

ဒီတော့ မောင်ဘာလုပ်မလဲ။ မေရီ့ကို လူကြီးတွေသဘောမတူဘဲ ဖွတ်ယူမလား။ မောင့်ဂုဏ်သိက္ခာနဲ့ ဒါမဖြစ်နိုင်ဘူး။ မောင်ဟာ ဆရာတဦး။ မေရီက ကျောင်းသူတဦး”

သူက နေရာမှ ဝုန်းကနဲထလိုက်သည်။ သူ့မျက်နှာမှာ စိတ်ထိခိုက်ခြင်းပြင်းပြလှသဖြင့် နှစ်ပေါင်းများစွာ အိုမင်းကျသွားဟန် ပေါ်နေသည်။

“တော်ပါတော့… လွင်၊ တော်ပါတော့။ မောင်အရှုံးပေးပါဘီ”

သူက အရှုံးပမာ အော်လိုက်သည်။ နောက် ပြူတင်းဝမှ ထွက်ကာ အပြင်ဘက်အား မျှော်ကြည့်လိုက်၏။

မေဘယ်လ်က နေရာမှထသည်။ စိတ်ရောကိုယ်ပါ ပြောမိခဲ့သော်လည်း သူ့ဖြစ်ဟန်ကို မြင်ရပြန်တော့ မေဘယ်လ်၏ရင်မှာ မချိလှ။

သူက ပြန်လှည့်လာသည်။ သူ့မျက်နှာက တစုံတခုအား ဆုံးဖြတ်ပြီးသည့်ဟန် မုန်တိုင်းငြိမ်စပင်လယ်ပြင်ပမာ တည်ကြည်နေ၏။

“မောင်အရှုံးပေးပါဘီ၊ တခါကလိုဘဲ မောင်က ဒီလောကကို အရှုံးပေးပါဘီ၊ ဖြစ်ချင်တာလဲမဖြစ်၊ မဖြစ်ချင်တာလဲဖြစ်ပြီး ချစ်သူနဲ့လဲ ကွေကွင်းရ၊ မချစ်သူနဲ့လဲ ပေါင်းဖော်ရနဲ့ ကမောက်ကမ အစိုးမရတဲ့ လောကဓံသဘောကို မောင်နားလယ်ပါတယ်၊ ကွဲကြေပြီးတဲ့ မောင့်အသဲဟာလဲ ဒဏ်ရာသစ်ကြောင့် ပျက်ပြုန်းစရာ မကျန်တော့ပါဘူး။ မောင့်ချစ်သူခင်သူတွေကသာ သာယာသော လူ့ဘဝကို ဖန်တီးနိုင်ကြပါစေလို့ မောင်ဆုတောင်းတယ်။ သွားပေတော့လွင်။ မောင့်အတွက်လဲ မလွမ်းနဲ့တော့။ တခါက မောင့်အချစ်ဆုံးလွင့်ကို တခါကလိုဘဲ မောင်ခွင့်လွှတ်တယ်”

မေဘယ်လ်က အံလေးကြိတ်လိုက်သည်။ မျက်ရည်တို့မှာလည်း ဝဲကျလာ၏။

“လွင့်ကိုမောင် တကယ် ခွင့်လွှတ်သလား”

ကိုမြင့်သူက ဆွေးမြေ့စွာ ပြုံးလိုက်သည်။

“ချစ်ခြင်းဆိုတာ ခွင့်လွှတ်ခြင်းပါဘဲလွင်။ လွင့်ကိုမောင် အနူးအညွတ် ခွင့်လွှတ်သလို မောင်နဲ့လွင်ကိုလဲ မေရီတယောက်ဟာ ခွင့်လွှတ်နိုင်ပါစေလို့ မောင်ဆုတောင်းတယ်”

မေဘယ်လ်က မျက်ရည်ပေါက်များ စီးကျမလာမီ ချာကနဲလှည့်၍ ထွက်ပြေးသွားသည်။

တယောက်တည်း ကျန်ရစ်သော ကိုမြင့်သူက မတုန်မလှုပ် ရပ်ကျန်ရစ်၏။ သို့ရာတွင် ခဏမှာပင် မျက်နှာကို လက်ဝါးနှင့်အုပ်လျက် အားအင်အလုံး ကုန်ဆုံးလွင့်ပျောက်သွားသည့်လူပမာ ခုတင်ပေါ်သို့ လဲကျသွား၏။ ။

× × × × × × × ×

မိုးပေါက်များက လမ်းမပေါ်တွင် တဖြောက်ဖြောက်ကျနေ၏။

နွဲ့နွဲ့ စန္ဒယားခုံတွင်ထိုင်ရင်း မိုးဘွဲ့ပတ်ပျိုးတပုဒ်ကို အသာတီးခေါက်ရင်း လမ်းမဘက်ဆီသို့ မျှော် မျှော် ကြည့်နေသည်။

အနီးရှိ ပက်လက်ကုလားထိုင်တလုံးတွင် ငြိမ်းက စာအုပ်ကို ဖတ်နေ၍ ခပ်လှမ်းလှမ်းတထောင့်တွင်မူ ကိုရွှေမောင်နှင့် မောင်သက်တင်က ဆိတ်ငြိမ်စွာ ကျားကစားနေကြသည်။

ထိုအခိုက် အိမ်ရှေ့တွင် ကားတစီးထိုးဆိုက်၍ ကိုလှဝေက ဆင်းလာ၏။

"ဘယ့်နှယ်လဲ"

ကိုလှဝေ ကုလားထိုင်တလုံးတွင် ထိုင်မိလျှင်ထိုင်မိချင်း နွဲ့နွဲ့ကမေးသည်။

"နက်ဖြန် ၁၀–နာရီထွက်မယ့် လေယာဉ်ပျံနဲ့ဘဲ လိုက်ဖြစ်လိမ့်မယ်၊ မိုးတွင်းဆိုတော့ စီးမယ့်လူက သိပ်မရှိတော့ လက်မှတ်လဲ လွယ်လွယ်ရခဲ့ပါတယ်။ ဩော် နွဲ့တို့ လိုက်မပို့ကြပါနဲ့တော့တဲ့"

"အို..... ဘယ်ဖြစ်မလဲ မောင်ရယ်"

ကိုလှဝေက ဘာမျှမပြောဘဲ အနီးရှိစားပွဲပေါ်မှ ဆေးပေ့ါလိပ်တလိပ်အား ကောက်ယူမီးငြိဖွာနေသည်။

ကိုကိုမြင့်တယောက်ဟာ ကံကိုဆိုးတယ်နော်..."

နွဲ့နွဲ့က သက်ပြင်းချရင်း ဆိုသည်။ ကိုလှဝေက ဘာမျှပြန်မပြောဘဲ ဆေးလိပ်ငွေ့များ မျက်နှာကြက်ဆီ လွင့်တက်နေသည်ကို စူးစိုက်ကြည့်ရင်း တွေးနေသည်။

ငြိမ်းက စာအုပ်ပိတ်၍ ချထားလိုက်ပြီး ဝင်ပြော၏။

"အကိုကြီးဆီက တဆင့်ကြားရတဲ့အတိုင်းဆိုရင် ဆရာဦးမြင့်သူဟာ မေရီ့အပေါ် သိပ်ရက်စက်ရာ ကျတယ်"

"ဒီလိုလဲ မဟုတ်ဖူးလေ၊ အကိုကြီးသိရသလောက် ကိုမြင့်သူဟာ မေရီ့ကိုချစ်တယ်။ ဒါပေမယ့် လူကြီး အချစ်ဟာ ခလေးချစ်နဲ့တော့ ဘယ်တူမလဲလေ"

“ချစ်တာများ လူကြီးချစ် ခလေးချစ် ရှိသေးသလား အကိုကြီးရာ”

“သြော်… ရှိတာပေါ့ငြိမ်းရယ်၊ လူကြီးတယောက်အနေနဲ့ ဘယ်လောက်ချစ်ချစ် လောကကြီးမှာချည့်ဘဲ ဦးစားဘယ်ပေးနိုင်မလဲ…”

ငြိမ်းက နှာခေါင်းရှုံ့၍ ခေါင်းခါလိုက်သည်။

“လောကကြီးမှာ ချစ်ရင် ဘာမဆိုလုပ်ရဲရမယ်။ မလုပ်ရဲတာ အစွမ်းကုန်မချစ်သေးလို့၊ ဒါကတော့ ငြိမ်းဝါဒဘဲ…”

နွဲ့နွဲ့နှင့် ကိုလှဝေက ရယ်နေသည်။ ကျားဝိုင်းမှနေ၍ မောင်သက်တင်က “ငြိမ်းကို ထောက်ခံတယ်ဗျို့” ဟု လှမ်းအော်သည်။

ထိုစဉ်တွင် အိမ်ရှေ့၌ ကားတစီး ထိုးရပ်လာပြန်၏။ ကားကိုပြန်လွှတ်လိုက်ပြီး အိမ်ပေါ်သို့ မမြော်လင့်သူတဦးက ပြေးတက်လာသဖြင့် အားလုံးမှာ အာမေဋိတ်သံနှင့် ပြိုင်တူခေါ်လိုက်ကြသည်။

“မေရီ…”

မေရီက လှမ်းကြိုယူသော ငြိမ်း၏ရင်ခွင်တွင်းသို့ ပြေးဝင်လာကာ ကလေးငယ်ပမာ ချုန်းပွဲချငိုသည်။

အလိုက်သိသော ယောကျ်ား ၃–ယောက်က ဘာမျှမပြောဘဲ အတွင်းခန်းဆီသို့ ဝင်ပေးကြသည်။

“တိတ်ပါမေရီရယ်၊ ဘာဖြစ်လာတာလဲ၊ ငြိမ်းကိုပြောစမ်းပါအုံး”

မေရီကမဖြေ။ အားရအောင်သာ ငိုနေသည်။ ငြိမ်းက ကျောင်းဆောင်တွင် ရှိကြစဉ်က အဖြစ်လေးအား တွေး၍ ရင်တွင်း၌ ဆို့နင့်သွားသည်။

နွဲ့နွဲ့မှာလည်း မနေနိုင်။ မေရီ့ကျောကိုပွတ်ကာ ဝင်ချော့နေမိ၏။

အတန်ကြာမှ မေရီက အငိုရပ်သဖြင့် ငြိမ်းကတွဲကာ ၂–ယောက်ထိုင်ကုလားထိုင်ဆီသို့ ခေါ်ခဲ့သည်။

“အားရအောင်ငိုပြီးသော မေရီက မျက်နှာလေးကိုမော့ကာ အံလေးကြိတ်ရင်း ငြိမ်းတို့အား ပြန်ကြည့်၏။

နွဲ့နွဲ့ကမူ အရွယ်နှင့်မလိုက်အောင် စိတ်ဒုက္ခခံစားနေရသူကလေးအား စိတ်ထိခိုက်ခြင်းကြီးစွာနှင့် ငေးကြည့်နေမိ၏။

“မေရီ မော်လမြိုင်မှာဆို၊ ဘယ်တုန်းက ဒီရောက်လဲ...”

“အခုဘဲ လေယာဉ်ပျံနဲ့ ရောက်လာတာ...”

“ဟင်... ပစ္စည်းတွေကော”

“မပါဘူး၊ မေရီ အိမ်ကထွက်ပြေးလာတာ”

“အို....”

“မေရီ မော်လမြိုင်မှာလဲ မနေချင်ဘူး၊ ဘယ်မှာမှလဲ မနေချင်ဘူး။ အို မေရီ သေသွားရင်ကောင်းမှာ”

မေရီက ရှိုက်ရင်းဆိုသည်။

“နေပါအုံး မေရီ ဆရာ့ဆီကို ရောက်ပြီးဘီလား၊ နက်ဖြန်ဆရာ မန္တလေးသွားမလို့တဲ့”

မေရီက မဲ့ပြုံးကလေးပြုံးသည်။

“ဆရာ့ဆီ မေရီက ဘာပြုလို့သွားရမှာလဲ။ တခါတုန်းက ဆရာဟာ မေရီ့အချစ်ဆုံး လူတယောက် ဖြစ်ခဲ့ပေမယ့် အခု မေရီအမုန်းဆုံးလူ။ မေရီမတွေ့ချင်ဆုံးလူ”

“အို ဘာဖြစ်လို့လဲ မေရီရယ်”

“မေရီ့ကို ဆရာက တခါကချစ်ခဲ့ဘူးဟန်တူတယ်၊ ဒါပေမယ့် မေရီ့မမနဲ့လဲ ပြန်တွေ့ရော၊ မေရီ့ကို ရက်ရက်စက်စက် ပစ်ပြေးတယ်လေ၊ မေရီကဖြင့် ကျိုက္ကမီသွားလယ်ဘို့ အစီအစဉ်တွေလုပ်လို့၊ သူတည်းတဲ့ဆီ မနက်ကျ မေရီသွားခေါ်တော့ မရှိတော့ဘူးလေ၊ မေရီ ရင်ကျိုးခဲ့ရတယ်”

ပြောရင်းပင် မေရီက မျက်ရည်များ ကျလာပြန်၏။

ငြိမ်းက ဖြည်းညှင်းစွာ ခေါင်းကိုခါသည်။

"မဟုတ်ဖူးမေရီ၊ မေရီမှားနေဘီ၊ မေရီ ဆရာ့ကို တဖက်သတ်အထင်လွဲနေဘီ"

"မေရီ အထင်မလွဲဘူး။ မေရီ မှန်ကိုမှန်တယ်။ မေရီက ခံစားရသူပါ"

နွဲ့နွဲ့က မေရီ၏ကိုယ်လေးအား ပိုက်ပွေ့လျက် ရှင်းပြသည်။

"မေရီ အထင်လွဲနေတာပါ။ မမနွဲ့ ရှင်းပြမယ်။ မေရီ့ ဆရာက မော်လမြိုင်က ပြန်လာပြန်လာချင်း မောင်၊ အဲ မေရီ့အကိုကြီး ကိုလှဝေကို အကုန်ပြောပြတယ်၊ မေရီနားထောင်"

နွဲ့နွဲ့က ကိုလှဝေမှတဆင့် ကြားခဲ့ရသော ကိုမြင့်သူနှင့် မေဘယ်လ်တို့ တွေ့ပုံ၊ မေဘယ်လ်က တားမြစ်ပုံ၊ ကိုမြင့်သူ အဘယ်သို့ ရန်ကုန်ဆီ ပြန်ပြေးခဲ့ပုံတို့အား ရှင်းပြသည်။ မေရီက တွေတွေလေး နားထောင်နေ၏။ နွဲ့နွဲ့စကား ဆုံးသောအခါ မယုံကြည်နိုင်ဟန်နှင့် "မမနွဲ့ တကယ်ပြောနေတာလား" ဟု မေးသည်။

"အို တကယ်ပြောနေတာပေါ့"

မေရီ ငိုင်ကျသွား၏။ နွဲ့နွဲ့ကသာ ဆက်ရှင်းပြနေ၏။

"ကိုမြင့်သူအနေနဲ့ မေရီ့ကိုချစ်တာမှ တုန်နေအောင် ချစ်တယ်။ အခုဘယ်လောက်အထိ စိတ်ထိခိုက်တယ် မှတ်သလဲ၊ မောင်ကပြောတယ်၊ မနေ့ညက မသောက်စဖူး၊ အရက်တွေတောင် သောက်လို့တဲ့၊ ပြီးတော့ သူ့ကို မေရီချစ်ပြီး စိတ်ထိခိုက်နေမယ့်အစား အထင်လွဲမှုန်းပြီး စိတ်ဖြေနိုင်ပါစေတဲ့"

မေရီက ငြိမ်နေရာမှ ခေါင်းလေးပြန်မော့လာသည်။

"ဒီလိုဆို မေရီဘာလုပ်ရမလဲ"

နွဲ့နွဲ့က ဘာဖြေရမှန်းမသိသဖြင့် မေရီ့အားသာ ပြန်ငေးကြည့်နေ၏။

"ဆရာ မနက်ဖြန် တကယ်မန္တလေးကို သွားတော့မယ်ပေါ့"

"ဟုတ်တယ်…"

မေရီက နေရာမှ ထလိုက်သည်။

"နေအုံးမေရီ၊ ဒါဘယ်လဲ..."

"မေရီ ဆရာ့ဆီသွားမယ်၊ ချက်ခြင်းသွားမှ..."

နွဲ့နွဲ့က မျက်လုံးပြူးသွားသည်၊ ငြိမ်းကမူ တစုံတခုကို ဆုံးဖြတ်လိုက်ဟန်နှင့် နေရာမှထသည်။

"နေအုံးမေရီ။ ငြိမ်းအကြံရဘီ"

ထိုနောက် အခန်းတွင်းသို့လှမ်း၍ အော်ခေါ်သည်။

"ကိုရွှေမောင်...."

ကိုရွှေမောင်နှင့်မောင်သက်တင်တို့က အရင်ထွက်လာ၍ ကိုလှဝေက နောက်မှပါလာသည်။

"ကိုရွှေမောင်၊ အကိုကြီးဆီက ကားသော့ယူထားပြီး ငြိမ်းတို့ကို လိုက်ပို့စမ်းပါ၊ မေရီ ခဏနေအုံး ငြိမ်းအခုဘဲ လာခဲ့မယ်..."

ငြိမ်းက အခန်းတွင်းသို့ ပြေးဝင်သွားသည်။ မကြာမီပင် အပြေးအလွှား ပြန်ထွက်လာ၏။

"ငြိမ်းတို့ ဘယ်လဲ"

ကိုလှဝေက နားမလည်နိုင်သဖြင့် မေးသည်။

"အကိုကြီး အသာနေစမ်းပါ၊ လူကြီးတွေ တခါတခါ စိတ်ကူးမယဉ်အောင် ကြိုးစားလွန်းလို့ စိတ်ကူးယဉ်ယဉ်ကုန်တယ်၊ လာသွားမယ်။ သြော်– ကိုသက်တင်ပါ လိုက်ခဲ့စမ်းပါ"

ကိုလှဝေနှင့်နွဲ့နွဲ့တို့ ကြောင်ငေးကြည့်နေစဉ် သူတို့၄–ဦးက ကားနှင့် ထွက်ခွာသွားကြ၏။

"ဒီကလေးတွေ ဘာတွေရှောက်လုပ်မလို့လဲ"

"မသိဘူး၊ ကိုကိုမြင့်ဆီသွားတာ ဖြစ်မှာပေါ့"

ကိုလှဝေက ခေါင်းကို လေးပင်စွာ ခါလိုက်သည်။

"အားလုံးတော့ ခက်ကုန်လိမ့်မယ်။ ကိုမြင့်သူက စိတ်ကိုဆုံးဖြတ်ပြီးရင် ပြင်ခဲ့တယ်။ မေရီ့ကိုတွေ့ရင် မေရီ ပိုမုန်းသွားအောင် တမင်ပြောလွှတ်လိုက်မှာဘဲ"

× × × ×

အသံချဲ့စက်မှ မန္တလေး၊လွိုင်ကော်၊ လားရှိုး ခရီးသည်များအား ခေါ်သံထွက်ပေါ်လာသည်။

ကိုမြင့်သူက လိုက်ပို့ကြသော မိတ်ဆွေနှင့် တပည့်များအား လက်ဆွဲနှုတ်ဆက်လိုက်၏။

"ဆရာ၊ ကျွန်တော့်အိမ် မင်္ဂလာဈေးနားမှာ ရှိတယ်၊ အက်ဒရက်(စ်) အတိုင်းဘဲ သွားလယ်ပါ"

ဆင်းက မှာကြား၏။

"ကျွန်တော်လဲ အောင်ရင် မန္တလေးဆရာဖြစ်သင်ကောလိပ်ကို ရအောင် ကြံပြောင်းလာခဲ့မယ်"

အောင်ခင်မြင့်က ဆို၏။

"ကျွန်တော်တို့တော့ တောင်ပြုံးတက်ခဲ့ဦးမယ်ဆရာ မြော်နေ..."

မောင်ရှိန်၊ တင်ဦးမောင်နှင့် မြင်သန်းတို့က တယောက်တပေါက်ပြော၏။

ကိုလှဝေကမူ သူ့လက်အား ဆုပ်ယမ်းရင်း အဓိပ္ပာယ်ပြည့်ဝန်းစွာနှင့် စကားမဆိုဘဲ ပြုံးကြည့်နေ၏။

"ကဲ–နွဲ့ သွားမယ်..."

နွဲ့နွဲ့က စကားမပြန်နိုင်။ မျက်ရည်ဝိုင်းလျက်ကသာ အသာပြုံးနှုတ်ဆက်နိုင်သည်။

ကိုမြင့်သူက သက်ပြင်းရှိုက်လိုက်သည်။ ရန်ကုန်မြေနှင့် ဝေးရတော့မည်။ ရန်ကုန်မြေနှင့် ဝေးရခြင်းမှာ ဤချစ်လှစွာသော အပေါင်းအသင်းများနှင့် ခွဲ၍ တရပ်တမြေဝယ် တကိုယ်ထီးဘဝသစ်ကို ရှေးရှုရခြင်းပင် ဖြစ်တော့၏။ ဤဘဝသည်ပင် မိမိအတွက် အကောင်းဆုံးပေလားမသိ။ မိုးသက်လေက အသာအယာ တိုက်ခတ်လာ၏။ တိမ်စိုင်တို့မှာ ညိုမဲ၍ ပြိုဆင်းစပြုသည်။

ခရီးသည်များအနက် ရှေ့ဆုံးမှထွက်ခွာခဲ့သူ ကိုမြင့်သူက ပြည့်ဖြိုးမှိုင်းအုံသော မိုးပြင်အား ငေးမော့ကြည့်ရင်း လေယာဉ်ဆီ လျှောက်ခဲ့သည်။ မှိုင်းရိပ်ဆင်သော ကောင်းကင်ပြင်ဝယ် သူ့တသက်ဝယ် မေ့ရက်တော့မည်မဟုတ်သော မျက်နှာကလေးက ပေါ်နေသည်။

"မလွမ်းရစ်နဲ့မေရီ၊ ဆရာ့ကို မုန်းလိုက်တော့"

ပုလဲရည်မိုးပေါက်တို့ လောကမြေပြင်အား ချီးမြှောက်သည့် ပျိုးပေါက်သစ်ပင် မြသစ်လွင်ရာ နယုန်ကြွေမိုး ဝါဆိုဦးသည် တနှစ်လည်ပြန်သစ်လေ၍ ပတ်ဝန်းကျင်တဝိုက်မှာ စိမ်းလန်းတင့်တယ်နေ၏။

ဤ မုတ်သုန်ဦးတွင်ပင် ပျိုးနုသို့သန့်စင်တင့်ရှန်းသော မေရီအား တွေ့ခဲ့ရသည်။ ထိုမုတ်သုန်ဦးတွင်ပင် ပျိုးနုပင်ပမာ လန်းနိုင်လိမ့်ရှာမည် မဟုတ်တော့သော ချစ်လှစွာသည့် မေရီအား စွန့်ခွာပြေးခဲ့ရပေပြီ။

လေယာဉ်ထိုင်ခုံတွင် အသက်မဲ့သောစက်ရုပ်ပမာ ထိုင်မိသည်။ ပြူတင်းမှ မျှော်ကြည့်သော် လေထဲတွင် လက်များဝေ့ယမ်း နှုတ်ဆက်နေသော ကိုလှဝေတို့အသိုက်အား ကျဆင်းစမိုးမျှင်များကို ဖြတ်လျက် ရေးရေးမြင်ရသည်။ လေယာဉ်စက်သံက မြည်ဟည်းလာ၏။ ဆေးလိပ်မသောက်ရန် တားမြစ်သော မီးနီတန်းလေးက ပေါ်လာ၏။ ကိုမြင့်သူက နောက်ဆုံးအဖြစ် အပြင်သို့ငေးကြည့်လိုက်သည်။

မမြော်လင့်ဘဲ ကိုလှဝေတို့ အသိုက်အနီးတွင် ငြိမ်း ကိုရွှေမောင်နှင့် မောင်သက်တင်တို့၏ သဏ္ဌာန်များအား မြင်ရသည်။

ထိုအခိုက်တွင်ပင် ပြေ့ပျောင်းနူးညံ့သော လက်ကလေးတဖက်က သူ့လက်မောင်းပေါ်ကျလာသည်။ လှည့်ကြည့်မိသောအခါတွင်မူ သူက အံ့သြလွန်း၍ ကိုယ့်မျက်စိကိုယ်ပင် မယုံမိ။

"မေရီ...."

"ဆရာ...."

သူကပင် ဆွဲယူလိုက်လေလားမသိ၊ မေရီကပင် ယိမ်းဝင်လိုက်လေလားမသိ၊ သို့မဟုတ် တက်စလေယာဉ်၏ အရှိန်ကြောင့်ပင်လားမသိ၊ မေရီ့ကိုယ်တပိုင်းက သူနှင့်ယှဉ်လျက် လွတ်နေသောခုံတွင် ထိုင်မိ၍ ကျန်တပိုင်းက သူ့ရင်ခွင်တွင်းသို့ အလိုက်သင့်ကျလာသည်။

လေယာဉ်မှာ ငြိမ့်ကနဲမြောက်၍ မြေမှလွတ်ပေပြီ။

လေယာဉ်စီးဘူးဟန်မတူသူ နောက်တည့်တည့်မှ ဦးထုပ်ဖြူတစောင်းဆောင်းလျက် ဘာဘူကုလားကြီးတဦးက မတတ်တတတ်နှင့် ပတ်ထားသော အထိန်းခါးပတ်အား စမ်းလျက် အလုပ်များနေရာမှ ငြိမ်ရပ်သွားကာ မျက်လုံးကြီးပြူးလျက် သူတို့အား စိုက်ငေးကြည့်နေသည်။

လေယာဉ်မောင်းခန်းအနီး တိုင်ကိုကိုင်လျှက် ရပ်နေသူ လေယာဉ်မယ်က ပါးစပ်ကလေးဟ၊ လျှာလေး ထုတ်ကာ မျက်လုံးလေးပြူးသွားပြီးနောက် ကြည်နူးစွာပြုံး၍ မျက်နှာလွှဲသွားသည်။

အပြင်လေဟာဥ္ မိုးပေါက်များ ဖြတ်ခွင်းကျနေ၏။

အပ်ထားမိသော နှစ်ဦးသား၏ ပါးပြင်များဝယ် အမည်မဖော်နိုင်သော မျက်ရည်များက ရောစပ်ပေါင်း ဆုံ နေ၏။

လေယာဉ်က တိမ်ဖြူဖြူများအား ဖြတ်ကာ ခရီးနှင်နေပေပြီ။

မေရီက အသာရှုန်း ထထိုင်လိုက်သည်။

"မေရီ ဘယ့်နှယ်ရောက်လာလဲ..."

"ငြိမ်းက ဒါရိုက်တာလေ၊ ဆရာ့ကို ဒီလိုအကြပ်ကိုင်မှ ရမယ်တဲ့။ မေရီ လေယာဉ်ပျံကွင်း ရောက်ပေမယ့် ကားထဲကမဆင်းဘဲ တိတ်တိတ်လေးပုန်းနေတာ၊ လူတွေတက်တော့လဲ မိုးကာအင်္ကျီခြုံပြီး ဆရာမမြင်အောင် ကွယ်တက်လာတာ..."

သူက ချစ်စဖွယ်ရှင်းပြနေသော မေရီ့အား မက်မဆုံးသောအကြည့်နှင့် ငေးကြည့်နေမိသည်။

"မေရီ့ လူကြီးတွေ စိတ်ပူနေတော့မှာဘဲ..."

"ပူပစေ၊ မေရီ လောကကြီးမှာ တခြားဘယ်သူ့ကိုမှ မချစ်နိုင်ဘူး၊ ငြိမ်းကပြောတယ်၊ လောကကြီးမှာ ချစ်ရင် ဘာမဆိုလုပ်ရဲရမယ်တဲ့၊ အချစ်ဆိုတာ ပိုင်ဆိုင်ချင်တာတဲ့၊ ဆရာ မေရီ့ကို ချစ်ကဲ့လား..."

"ဩော်– မေရီရယ်..."

"ဟင် လာပြန်ပြီတခါ၊ မေရီမေးတာကို ဖြေပါအုံးဆရာ"

"ဩော်– မေရီရယ် ချစ်တာပေါ့။ မေရီ့ကို ဆရာချစ်တာမှလေ အူထဲအသဲထဲကကိုတုန်ပြီး အသက်နဲ့ပုံ ကုန်ကုန်ချစ်တာ။ ကဲ–ကျေနပ်ပြီလား..."

မေရီက စကားဖြင့်မဖြေ။ စင်းလျက်ရှိသော ရှည်သွယ်ကော့ဖြူးသည့် မျက်တောင်များ ခြံရံသည့် မျက်လုံးပြာကြီးများ၏ ပြုံးရီလည်ရွှန်းခြင်းနှင့် ရင်မှနှစ်သိမ့်မှုကို ဖော်၏။

ငေးရသည်ကို မောဟန်တူသော ဘာဘူကုလားကြီးက တခေါခေါနှင့် အိပ်ပျော်နေပေပြီ။

ဦးခန်းတွင်းသို့ ဝင်သွားသော လေယာဉ်မယ်မှာလည်း ပေါ်မလာတော့။

မေရီနှင့် ကိုမြင့်သူက ပါးချင်းအပ်လျက် ဝေးလံသောအောက်ဆီဝယ် ကွေ့ကာလည်ကာ ရွေ့လျော ကျန်ရစ်သည့် ချောင်းမြောင်းသစ်ပင် လယ်မြေအထွေထွေတို့အား ငေးမောကြည့်ရင်း လိုက်ပါလာ သည်။

"ကြည့်စမ်း မေရီ၊ ခရီးနှင်လာတဲ့ လေယာဉ်ရဲ့ ဥပမာကို..."

ကိုမြင့်သူက မေရီ၏ပေါင်လေးအား ယုယစွာ အသာပုတ်ရင်း ပြောသည်။

"ရေမြေကိုဖြတ်၊ တောကိုကျော် တောင်ကိုလွှားနဲ့ နောက် ဘာတွေကို လွှန်ရအုံးမယ်မသိဘူး..."

ကိုမြင့်သူက အေးချမ်းစွာဆိုသည်။

"ဒီလိုဘဲလေ၊ ချစ်ခြင်းဆိုတာ ပိုင်လိုတာဖြစ်ပေမယ့် ပိုင်ဆိုင်ခြင်းဟာ ခရီးရဲ့အဆုံးမဟုတ်လေဘူး၊ လူ့ဘဝကို သမုဒ္ဒယချည်တိုင်နှောင်ပြီ၊ မဟီတောင်ကျယ်သရွေ့ နွဲလေ့ရာမှာ ဆရာ့ညီမလေး မေရီဟာ ပျော်ရာမှာ ရွှင်တတ်သလို၊ ငြိုငြင်ရာမှာ မပင်ပန်းဘဲ ထာဝစဉ်လန်းတဲ့စိတ်နဲ့ ဆရာနဲ့အတူ ချီလှမ်း နိုင်ပါစေလို့.... ချစ်လွန်းလို့ဘဲ ဆုတောင်းမိတယ် မေရီ..."

*ပြီးပါပြီ*

*တက္ကသိုလ်–ဘုန်းနိုင်*